http://www.dhammadownload.com




ကျေးဇူးတော်ရှင်

မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်

ဟောကြားတော်မူသော

# သစ္စာ(၄)ပါး

တရားတော်

အမှတ်စဉ် ၁၂

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်


မြန်ပွားရေးအဖွဲ့မှ

ကမ္ဘာအပြန့်ရှိ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင် စာတ်အစဉ်

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဖြဟွာ-သိကြား စသည်များက၊ ထင်ရှားပြပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှုမျှော်၊
(လက်ဝဲဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း၊

http://www.dhammadownload.com

http://www.dhammadownload.com

## ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့ မင်္ဂလာတိုက်တွင်

ဟောကြား–ဆုံးမတော်မူသော

## (ဝိပဿနာ လုပ်ငန်းစဉ်)

# ညအလုပ်ပေး တရားတော်

( အမှတ်စဉ် – ၁၂ )

≺ ဖိုန်—း—ရိုး—ေ—ဓ—ာ—င်—စ—ဥ္ (-က-) ≻

http://www.dhammadownload.com

မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်းမပြုရ။

**တတိယအကြိမ်။** **အုပ်ရေ ၁၀၀၀။**

**၁၉၇၃-ခု နိုဝင်ဘာလ။** **အဖိုး ၁၂-ကျပ်။**

**အဖွဲ့ကိုယ်စား ထုတ်ဝေဖြန့်ချိသူ**

ဦးအောင်ချိ....မှတ်ပုံတင်အမှတ်(မြဲ ၀၇၃၁)
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။
အမှတ်(၇၂)နတ်မောက်လမ်း ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဟိန်းစိုးစာပုံနှိပ်စက်၊ဦးအေးကို (၀၁၄၇၄)က
အမှတ်-၁၅၇၊ ၃၃-လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်ပါသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၇၄၄)

http://www.dhammadownload.com

# နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

## အမှာစကား

သစ္စာတရားသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ အရေးပါ အရာအရောက်ဆုံး တရားတော် ဖြစ်ပါသည်။ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူမှ သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ စသော ပုဂ္ဂိုလ်များသည်လည်း သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်ကြမှပင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ စသော အဆင့်သို့ တက်လှမ်းနိုင်ကြသည်။ သစ္စာလေးပါးကို ဤသို့ ထိုးထွင်း၍ သိတော်မူမှသာလျှင် ဘုရားရှင်သည်လည်း ဘုရားအဖြစ်ကို ဝန်ခံတော်မူ၍ လောကဓာတ် ၃-ပါး၌ ငါ ဘုရားဖြစ်တော်မူပြီဟု ကြွေးကြော်တော်မူသည်။

၄၅-ဝါပတ်လုံး ဘုရားရှင်တို့၏ ဓမ္မတာအတိုင်း ဒါနကထာ သီလကထာ, သဂ္ဂကထာ စသဖြင့် ဟောကြားတော်မူသော်လည်း နောက်ဆုံး သစ္စာတရားနှင့်သာအဆုံးသတ်၍ သစ္စာဆိုက်အောင် ဟောတော်မူသည်ချည်းသာ ဖြစ်သည်။ ဤမျှ အရေးပါသော တရားတော်ဖြစ်ချေသည်။

သစ္စာတရားသည် လမ်းဆုံးတရားဖြစ်သည်။ သစ္စာကို လျော်စွာ မသိခြင်းကြောင့် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာ

http://www.dhammadownload.com



တသိန်းတို့ ကာလပတ်လုံး သံသရာ၌ ကျင်လည်ခဲ့ရသည်။ သစ္စာ တရားကို ထိုးထွင်းသိမြင်တော်မူမှပင် ခပ်သိမ်းသော သိသင့် သိထိုက်သမျှတရားဟူ၍ သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ပြဆိုခဲ့သည့်အတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သစ္စသံယုတ်ပါဠိတော်၌ ရဟန်းတို့.... သစ္စာတရားကို ဟောတတ်, ပြောတတ်သောဆရာနှင့်တွေ့၍ တနေ့ကို နံနက် လှံအချက်ပေါင်း ၃၀၀–ညဉ့် လှံအချက်ပေါင်း ၃၀၀-အထိုးခံနိုင်ခဲ့သည်ရှိသော် အနှစ်တရာကြာမှ သစ္စာတရား ဟောနိုင်မည်ဆိုပြီး ဈေးကိုင်နေခဲ့လျှင် ခံသာ ခံလိုက်ဟု ဟောတော်မူပါသည်။

ထို့ပြင်လည်း သစ္စသံယုတ်ပါဠိတော်၌ပင် လူတယောက်သည် မင်းမောယင် သောက်ဖို့ ငါသည် သျှိသျှား(ဆီးဖြူ)ရွက်နှင့် ရေထုပ်လာသည်ဟုလည်းကောင်း၊ ငါသည် ဒိုင်း,မြှားမပါဘဲ အိမ်ကို မိုးခဲ့တယ်ကွဟုလည်းကောင်းဆိုလျှင် မယုံနှင့်ဟု ဟောတော်မူပါသည်၊ ဆိုလိုသည်မှာ သစ္စာမသိပဲ သောတာပန်ဖြစ်သည်၊ သကဒါဂါမိဖြစ်သည်၊ အနာဂါမိဖြစ်သည်၊ ဘုရားရဟန္တာဖြစ်သည်ဆိုလျှင် ယုံကြည်စရာမရှိ၊ မယုံကြည်နှင့်ဟု ဟောတော်မူသည်။

ဝင်းပြင်....သစ္စသံယုတ်ပါဠိတော်၌ပင်လျှင် များလှစွာသော ဥပမာ....ဥပမည်း တွေနှင့် ပြသ၍ ဟောတော်မူပြီးလျှင် .... ဤတရားကား.... ဆင်းရဲတည်း....၊ ဤတရားကား.... ဆင်းရဲဖြစ်ပေါ်ကြောင်း တရားတည်း၊ ဤတရားကား....ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်) တည်း၊ ဤတရားကား.... ဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်သော အကျင့်ဖြစ်သော အရိယာတို့၏တရားအမှန်တည်း....ဟူ၍၊ မဟာပထဝီအထုနှင့် လက်သည်းဖျားတော်

http://www.dhammadownload.com



ပေါ်၌ တင်ထားအပ်သော မြေမှုန့်နှင့် ပြသတော်မူလျက် ထို လက်သည်းဖျားပေါ်၌ရှိသော မြေမှုန့်သည်ကား သစ္စာကို သိပြီးသော အရိယာ၏တပည့်ဖြစ်သောပုဂ္ဂိုလ်၏ ကုန်ဆုံး၍ ကြွင်းကျန်သော ဒုက္ခမျှသာတည်း၊ ကုန်ဆုံးပြီးသောဒုက္ခသည်ကား.... မဟာပထဝီမြေကြီး အထုမျှ ရှိသည်သာတည်း၊ ထို့ကြောင့် သစ္စာတရားကိုသိရန်အားထုတ်ကြရမည်ဟူ၍ဟောတော်မူသည်။

မှန်ပါ၏၊ သောတာပန်ပုဂ္ဂိုလ်၏ ကြွင်းကျန်သော ဒုက္ခသည် အလွန်အားဖြင့် ခုနစ်ဘဝသာတည်း၊ သောတာပန်ပုဂ္ဂိုလ်မျှဆိုလျှင်ပင် လက်သည်းဖျားပေါ်၌ တင်ထားအပ်သော မြေမှုန့်မျှလောက်သာ ကျန်တော့သည်ဖြစ်ရာ ဤအခြေမျှ ရောက်အောင် အားထုတ်သင့်တော့သည်သာတည်း။

ကျေးဇူးရှင် ဆရာတော် ဘုရားသည်လည်း ဝေနေယျတို့၏ သံသရာတလျှောက်လုံး၌ တွေ့ရမည့် ဆင်းရဲဘေး, ဒုက္ခဘေးတွေကို တကယ် မြင်တော်မူသဖြင့် အောက်ဆုံးအနေအားဖြင့် သောတာပန်လောက် ဖြစ်မှသာ မိမိ၏ တကာတကာမတွေ့ စိတ်ချရမည်ဟု နှလုံးပိုက်တော်မူ၍ သစ္စာတရား ပဋိစ္စသမုပ္ပါဒ် တရားတော်များကိုသာ ဖိ၍ ဟောတော်မူခြင်း ဖြစ်သည်၊ ဤသို့ဟောတော်မူရာ သစ္စာတရားတော်ကို စာအရှိ အဓိက ပြုတော်မမူပဲ၊ ခန္ဓာ၌ရှိသော သစ္စာကို ဉာဏ်နှင့် ဟပ်မိအောင် ဉာဏ်အိတ်ထဲ ထည့်သွင်းကာ သစ္စာဆိုတာသည် အခြားတပါး၌တမင်္ဂလာ ရှာနေရသည် မဟုတ်ပါကလား....၊ သစ္စာဆိုတာမိမိတို့ ခန္ဓာကြီးပါကလား....၊ မိမိသန္တာန်၌ ရှိတာပါကလား....။ ဇာတိတရား ရပြီးလျှင် ဒုက္ခသစ္စာဆိုတာ ပြေး၍ လွတ်နိုင်စရာ

http://www.dhammadownload.com



မရှိပါလား....၊ သားခင်,သမီးခင်,ဇနီးခင်,ပစ္စည်းဥစ္စာခင်ဆိုတာသည် ဒုက္ခဖြစ်ကြောင်း သမုဒယပါကလား....ဆိုတာ သစ္စာဉာဏ်အားဖြင့်လည်းကောင်း၊ဤခန္ဓာငါးပါးတပါးပါးက အမြဲမပြတ်ဖြစ်ခြင်း,ပျက်ခြင်းဆိုတဲ့မမွကန္နိပ်စက် နေတာပါကလား စသည်ဖြင့်လည်းကောင်း၊ ဒုက္ခသစ္စာကို သိအောင် သစ္စာဉာဏ်အပိုင်း၌ အမေးအဖြေအားဖြင့် ကွက်ကွက်ကွင်းကွင်း ပြသတော်မူသည်။

( အကျယ်ကို စာအုပ်အတွင်းမှာ ဖတ်ရှုကြပါကုန် )။

ဂုဏ်နောက် အကြောင်း တိုက်ဆိုင်တိုင်း–တိုက်ဆိုင်တိုင်း ခင်တာနှင့် တွယ်တာတာ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း သိသိနေခြင်းသည်လည်းကောင်း၊ဖြစ်ပေါ်၍ ပျက်စီးသွားတိုင်း,သွားတိုင်း သိသိနေခြင်းသည်လည်းကောင်း၊ ဘာဝေတဗ္ဗ ကိစ္စဖြစ်သော ကိစ္စဉာဏ်အားဖြင့် မဂ္ဂသစ္စာဟူ၍လည်းကောင်း၊ အလွန်တရာအဖိုးမဖြတ်နိုင်အောင်မိမိတို့အား (ဖတ်ကြားသူများအား) ကျေးဇူးပြုပေးနိုင်မည့် တရားတော်များကို ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနှင့်တမျိုး၊ ပဋ္ဌာန်းပုရေဇာတ ပစ္ဆာဇာတ နိဿယ ပစ္စည်းများအားဖြင့်တဖုံနားမလည်လည်အောင် ဟောကြားပြသတော်မူရာ၊ သစ္စာတရားတော်၏ အဆီအနှစ်ကို မိမိခန္ဓာဉာဏ်ရောက်နှလုံးသွင်းလိုသူများသည် ဤတရားစာအုပ်ကို သစ္စာခန်း၌ အပြန်ပြန် ဖတ်ရှုကြစေလိုသည်၊ မိမိဖတ်ရှုပြီး နားလည်သလိုမိမိချစ်ခင်သော သား, သမီး, ဇနီး စသည်တို့အားလည်း တဖန်ပြန်လည် ဟောကြားကြစေလိုပါသည်။

ဆရာတော်ကြီးသည် အဘယ့်ကြောင့် ဤအထက်တန်းတရားတော်တွေသာ ဟောတော်မူပါသနည်းဆိုပါလျှင် သံသရာရှည်လျားပုံကို တကယ်မြင်တော်မူသည်၊သံသရာရှည်သည်ဆိုသည်မှာ

http://www.dhammadownload.com



ဒုက္ခ ရှည်လျားခြင်းပင် ဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် မပြတ်တရစပ် လည်ပတ်ခြင်းဖြစ်ရာ ဤသစ္စာတရားကို ပဋိစ္စသမုပ္ပါဒ်နှင့် ဟပ်၍ ဟောတတ်, ပြောတတ်သည့် လမ်းညွှန်ကောင်းဖြစ်သော ဆရာများသည်လည်း တစထက်တစ ရှားပါး၍ လာခဲ့ရာ တကာတကာမတွေ့အား အလွန်ပင် ကရုဏာသက်တော်မူရှာသည်။

သောတာပန် အဆင့်အတန်း ရောက်ရန်မှာ တရားနာမှသာ ဖြစ်နိုင်သည်ဟု ကျမ်းဂန်များ၌ "ဒုဝေဟေတူ ဒုဝေပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပါဒါယ ပရတော ဃောသော သစ္စာနုသန္ဓိ အဇ္ဈတ္တဉ္စ ယောနိသော မနသိကာရော"....ဟု(ပေဋကောပဒေသ)မှာ လာရှိသည့်အတိုင်း သစ္စာတရားနာမှု ကင်း၍လည်း သောတာပန်, သကဒါဂါမ် မဖြစ်နိုင် သစ္စာတရား နှလုံးသွင်းမှုကင်း၍လည်း သောတာပန် သကဒါဂါမ်မဖြစ်နိုင်ဟု ဆိုသည့်အတိုင်း ဆရာတော်ကြီးသည် သစ္စာတရားကို ဖွင့်ဖွင့်ကြီးဖိ၍ ဟောကြားတော်မူခဲ့ပါသည်၊ "နားက တရားနာ, ဉာဏ်က ခန္ဓာကိုယ်လှည့်ကြ"ရန် မကြာခဏ သတိပေးတော်မူသည်။

သစ္စာတရားဆိုတာသည် တမင်လာလိုက်ရှာနေရဦးမှာလားဟူ၍ မေးလိုက မေးစရာရှိသည်၊ မဟုတ်ပါ။ ဆရာတော်သည် တကာတကာမတို့ ခန္ဓာသည်သစ္စာပဲ၊ အခြားတပါးမှာ လိုက်ရှာပြီးနေရမှာမဟုတ်ဟု သင်ကြား ပြသတော်မူသည်၊ ယထာဘူတ အားဖြင့် ဟုတ်တိုင်းမှန်စွာ မိမိခန္ဓာအရှိကို ဉာဏ်ဖြင့် (ပညာမျက်စိဖြင့်) မြင်အောင် သိအောင် ကြိုးစားအားထုတ်ခဲ့သော် ခန္ဓာကပင် ဒီဖြစ်ပေါ်ပြီး ပျက်စီးနေတာတွေကို ပြမည် တွေ့ရှိ

http://www.dhammadownload.com



မည်ဖြစ်သည်၊ ဒါတွေသည် ဒုက္ခသစ္စာတွေပဲ….ဒုက္ခသစ္စာတွေပဲဟု မပြောသော်လည်း ပြောဘိသကဲ့သို့ သန္ဒိဋ္ဌိကော=ကိုယ်တိုင် သိမြင်နိုင်ပါလိမ့်မည်။

ဤသို့ သန္ဒိဋ္ဌိကော ကိုယ်တိုင် သိမြင်နိုင်သောအခါ ဝိဇ္ဇာ ဥဒပါဒိ–ဟုခေါ်သည်၊ ဝိဇ္ဇာဉာဏ် ရရှိသည်ဆိုသည်၊ အဝိဇ္ဇာဆို သည် မောဟပိတ်ဖုံး၍ မသိမလိမ္မာခြင်းသည် အဝိဇ္ဇာဟု ခေါ် သည်၊ အဘယ်ကို မသိမလိမ္မာခြင်းကို ခေါ်ပါသနည်းဆိုသော်–

(၁) ဆင်းရဲအမှန်ကိုဆင်းရဲအမှန်ဟူ၍မသိခြင်း(ဒုက္ခသစ္စာ)။
(၂) ဆင်းရဲဖြစ်ကြောင်း အမှန်ကိုမသိခြင်း(သမုဒယသစ္စာ)။
(၃) ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်းအကျင့် အမှန် ကို မသိခြင်း (မဂ္ဂသစ္စာ)။
(၄) ဆင်းရဲချုပ်ရာအမှန် (နိဗ္ဗာန်)ကို မသိခြင်း (နိရောဓ သစ္စာ)။

ဤသို့ သစ္စာလေးပါး အမှန်တရားကို မသိမမြင်ခြင်းသည် အဝိဇ္ဇာခေါ်သည်။

ပါဠိတော်၌ ခန္ဓာငါးပါးကို အနိစ္စအားဖြင့် သိသောသူ ရှုသောသူသည် အဝိဇ္ဇာဟူသော အမှောင်တရားတို့ပယ်၍၊ ဝိဇ္ဇာ တည်းဟူသော အလင်း ပေါ်ပေါက်အံ့ဟု ဟောတော်မူသည်။

ရူပံ ဘိက္ခဝေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ… ဝေဒနံ သညံ သင်္ခါရံ ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ဆိုလိုရင်းမှာ ခန္ဓာငါးပါး တပါးပါးကို အနိစ္စအားဖြင့် လည်းကောင်း ဒုက္ခအားဖြင့်လည်းကောင်း အနတ္တအားဖြင့်

http://www.dhammadownload.com



လည်းကောင်း ရှုသောပုဂ္ဂိုလ် မြင်သောပုဂ္ဂိုလ်သည် အဝိဇ္ဇာ အမှောင်ပျောက်၍၊ ဝိဇ္ဇာဉာဏ်ရောက်အံ့....(ဝါ) ဝိဇ္ဇာဥဒပါဒိ ဉာဏံဥဒပါဒိ ဖြစ်အံ့ဆိုသည်။

အတိုချုံးရသော် ဝိပဿနာအလုပ်ကို မြတ်စွာဘုရားနှစ်သက်တော်မူ၍ ဤမျှ ဟောကြားတော်မူခြင်း ဖြစ်သည်။

ထို့ကြောင့်သစ္စာကိုသိချင်လျှင် ဝိပဿနာရှုရမည်၊မူလဋီကာ၌လည်း သစ္စာသိသောဉာဏ်သည် ဝိပဿနာဉာဏ်"သစ္စာနုလောမိက ဉာဏန္တိ ဝိပဿနာဉာဏံ"ဟု ဖွင့်ပြတော်မူရာ၊ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ပရိယတ် ပဋိပတ် ပဋိဝေဓ ဟူ၍ သာသနာတော်သုံးရပ်ရှိရာ ဂန္ထဓုရတည်းဟူသော ပရိယတ် အခြေခံပြီးလျှင် ဝိပဿနာတည်းဟူသော ပဋိပတ်လုပ်ငန်းဖြင့် သစ္စာသို့ အစဉ်လိုက်သော အနုဗောဓဉာဏ်ရင့်ပြီးလျှင် ပဋိဝေဓ ဉာဏ်သို့ ဆိုက်ရောက်အောင်ကျင့်သုံးနိုင်ရန် ဆရာတော်ကြီးသည် စိတ်၏ ပင်ပန်းခြင်း, နွမ်းနယ်ခြင်းကို ဂရုပြုတော်မမူပဲ တကာ တကာမတွေ့ကို ကယ်တင်ရလျှင်ပြီးရော...ဆိုသည့် သဘောဖြင့် ရောဂါဝေဒနာကို လျစ်လျူရှုပြီးတကြိမ် ဟောတော်မူလျှင် အချိန်တနာရီကြာမျှ နားမလည်မချင်း ဟောတော်မူရာ နေ့စဉ် နှစ်ကြိမ် သုံးကြိမ် ဤသို့ ဟောတော်မူရာ ခန္ဓာကိုယ် အတ္တဘော ကြီး ဖရိုဖရဲကျဲတော်မူသည်အထိ တရားဟောပျက်တော်မမူချေ။

ထို့ကြောင့် စာဖတ်ပရိသတ်တို့အား သတိပေးတောင်းပန်လိုသည်မှာဆရာတော်ကြီး ဤမျှအပင်ပန်းခံကာ တကာတကာမတွေ့ အကျိုးကို ခန္ဓာဝန်ချတော်မူသည်အထိ သည်ပိုးရွက်ဆောင်ကာ....ဟောကြားတော်မူခဲ့သော အတက်တန်းတရား၊ ခန္ဓာ ဉာဏ်ရောက်တရား၊ သစ္စာဆိုက်သောတရား၊ ပဋိစ္စသမုပ္ပါဒ်ပြတ်

http://www.dhammadownload.com



သောတရေးများကို မိမိတို့ဉာဏ်အိတ်ထဲရောက်အောင်အများဆုံး တင်းပြည့်ကျပ်ပြည့် အမြတ်ထုတ်တော်မူကြပါကုန်....။

သစ္စာတရားတော်သည် မိမိတို့ အတွင်းစိတ်ခေတ် ဖြူစင်နေသည့်အခါ၌သာ ခန္ဓာဉာဏ်ရောက်နိုင်သည်၊ မိမိတို့ သန္တာန်၌ လောဘစိတ် ဒေါသစိတ် မောဟစိတ် ဣဿာ မစ္ဆရိယ ထိန မိဒ္ဓ ဆိုတဲ့ တရားတွေ တောထနေသည့်အခါ၌ ဖတ်ကြားရန်မသင့်သေးချေ၊ ဆိုင်းထားပါဦး.... ဆေးရောင်ဆိုးသည့် အထည်အဝတ်များကဲ့သို့ပင် ချေးညှော်တွေကို လက်ဦးပထမချွတ်ရပါသေးသည်၊ ချွတ်၍ဖြူစင်နေသည့်အခါ၌သာ ဆိုးရည်ကဝင်နိုင်မည် စွဲနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့သန္တာန်၌ စိတ်သည်တည်ကြည်နေသည့်အခါ၊ငြိမ်သက်သည့်အခါ၊သန့်ရှင်းသည့်အခါ၊သိမ်မွေ့သည့်အခါ၊ နူးညံ့သည့်အခါ၊ ပြုပြင်ခြင်းငှာ သင့်လျော်သည့်အခါ....စသည်ဖြင့်အချိန်ကောင်း အခါကောင်း၌ ဤစာအုပ်ပါ သစ္စာတရားများကို ဖတ်ကြားကြစေလိုပါသည်။

 သို့မှသာ ဆိုးရည်ဝင်၍အထည်၌ နှစ်သက်ရာ အရောင်စွဲသလို မိမိတို့သန္တာန်၌ သစ္စာတရား ခန္ဓာဉာဏ်ရောက်ဖြစ်ပေလိမ့်မည်ဟု မေတ္တာရှေ့ထား၍ သတိပေးခြင်းပြုပါသည်။

အတွင်းပါ စာသား တရားသား အဆိုအနှစ်များကို အစွမ်းကုန် ညှစ်ထုတ်၍ မိမိတို့ဉာဏ်အိတ်ထဲ၌ ထည့်နိုင်ကြပါစေကုန်သတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၁၂–နတ်မောက်လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အပေါင်းအသင်း မလွဲစေကြနဲ့ ညအလုပ်ပေးတရားတော်။ | ၁ |
| ၂။ | သမ္မာဒိဋ္ဌိနှစ်မျိုး ။ | ၄၅ |
| ၃။ | ဝိပဿနာအလုပ်မလုပ်ယင် နိဗ္ဗာန်မရှိ ။ | ၉၁ |
| ၄။ | သစ္စာသိဖို့ အရေးအကြီးဆုံး ။ | ၁၃၄ |
| ၅။ | သစ္စာမသိတာ ကြောက်စရာအကောင်းဆုံး ။ | ၁၈၃ |
| ၆။ | ပုဂ္ဂိုလ်လေးမျိုးဖြင့် ဝေဖန်ဟောကြားခြင်း ။ | ၂၂၉ |
| ၇။ | ယနေ့ အရေးကြီးဆုံးတရား ။ | ၂၆၃ |
| ၈။ | သစ္စာဉာဏ်အကြောင်း ။ | ၃၀၈ |
| ၉။ | ကိစ္စဉာဏ် ပိဋ္ဌနဋ္ဌသဘော ။ | ၃၅၅ |
| ၁၀။ | ကိစ္စဉာဏ် သင်္ခတဋ္ဌသဘော ။ | ၄၀၀ |
| ၁၁။ | ကိစ္စဉာဏ် သန္တာပဋ္ဌသဘော ။ | ၄၄၈ |
| ၁၂။ | မဟာပစ္စဝေက္ခဏာ ၇ ချက် ။ | ၄၇၅ |

http://www.dhammadownload.com

http://www.dhammadownload.com

# စိတ္တာနုပဿနာ ရှုနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံစိတ်<br>၄။ စားစိတ်<br>၅။ ယားနာကောင်းစိတ် | အပြင်ဧည့်သည် ၅ ယောက် |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ်<br>၆။ တွေးတောစိတ် | အတွင်းဧည့်သည် ၆ ယောက် |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကိုသွင်းသောစိတ် | အိမ်သည်စိတ် ၂ ခု |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည်မပေါ်ပါက အပြင်ဧည့်သည်ပေါ်လျှင် အပြင်ဧည့်သည်
အတွင်းဧည့်သည်ပေါ်လျှင်အတွင်းဧည့်သည်ပေါ်ရာကိုရှုပါ၊
ဧည့်သည်မပေါ်ပါက အိမ်သည်ကို အမြဲရှုပါ။

http://www.dhammadownload.com

http://www.dhammadownload.com

(၁) ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်။
(၂) ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်။
(၃) ရုပ်နာမ်အားလုံး ဖြစ်ပျက်သည်း ချုပ်ဆုံးနိဗ္ဗာန်မှတ်။
(၄) ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။
(၅) သူတော်ဆည်းကပ် မြတ်တရားနာ လျှော်စွာပြုကျင့်
မဂ်ဖို့ခွင့် ရလင့်ကေနိုသာ။

http://www.dhammadownload.com

http://www.dhammadownload.com

**နမောတဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**(အပေါင်းအသင်းမလွဲကြစေနဲ့)**

# ညအလုပ်ပေးတရားတော်

( ၂၂ - ၆ - ၆၁ )

....ဝဝ....

ဘာ့ကြောင့်တုံး ဆိုတော့ နောက်ဘဝ ကိုဝ.... ဒုက္ခသစ္စာ လာဦးမှာပဲ ...(လာမှာပါဘုရား) ဇာတိ ဇရာ မရဏ လွတ်ပါ့ မလား ... (မလွတ်ပါဘုရား)။

ဇာတိ ဇရာ မရဏ မလွတ်တော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကော ...(မလွတ်ပါဘုရား) မလွတ်တော့ ဒီကုသိုလ်ကို ဒုက္ခရောက်တဲ့ ကုသိုလ်ကို ကောင်းတယ်လို့ ဆရာဘုန်းကြီးက ချီးမွမ်းပြီး မဟောနိုင်ပါဘူး ...(မှန်ပါ)။

ဒါဖြင့် ဒီကုသိုလ်သည်ကားလို့ ဆိုယင်ဖြင့် ဒုက္ခရောက်တဲ့ ကုသိုလ်ရှိတယ်၊ ဒုက္ခလွတ်တဲ့ ကုသိုလ်ကော....(ရှိပါတယ်ဘုရား)

http://www.dhammadownload.com



ဩော်....ကုသိုလ်ကလဲနှစ်မျိုး (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အကုသိုလ်ကလဲအပါယ်ရောက်တဲ့အကုသိုလ် အပါယ်မရောက်တဲ့ အကုသိုလ်ရှိတယ်... (မှန်ပါ)သဘောပါကြပလား (ပါပါပြီ ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေမှာရှိတဲ့ ဒီနှစ်မျိုးကို ကုသိုလ်လဲ စိုးရိမ်ရတဲ့ကုသိုလ် ရှိပြီးသကာလနေတော့ ကုသိုလ်လဲ မောင်နိုင်တို့... ခဏခဏပြောလို့ သိပါပြီ (မှန်ပါ) ဦးဘရှင်းတို့လဲ နားလည်ထားပါပြီ... (မှန်ပါ)။

ကုသိုလ်ပေမယ့်လဲ ကိုဝ .. ဒုက္ခရောက်တဲ့ ကုသိုလ်က ရှိသေးတာကိုး... (မှန်ပါ) အကုသိုလ်လဲ ရှိတာပဲ၊ အပါယ်ရောက်တဲ့ အကုသိုလ်၊ အပါယ်မရောက်တဲ့ အကုသိုလ် ရှိတာပဲ။

ကုသိုလ်ကလဲ နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်, နိဗ္ဗာန်ရောက်တဲ့ ကုသိုလ် ဘယ်နှစ်မျိုး ရှိသတုံး .. (နှစ်မျိုးရှိပါတယ်ဘုရား)

နှစ်မျိုး ရှိတယ်လို့မှတ်ထားတော့ ဒီနေ့ပြောရမှာသည် အားလုံး ဒကာဒကာမတွေ နားကြီးကြီးနဲ့ထောင်ပြီးရှင်းရှင်းကလေး မှတ်ပါနော်....(မှန်ပါ)။

ရှင်းရှင်းကလေးမှတ်ပါနော်။ဒီဥစ္စာက သာမညဲ ဆိုလို့ရှိယင် ကိုဝ... ဒီဥစ္စာ ဖော်နိုင်ဖို့တောင် မလွယ်ဘူး.... (မလွယ်ပါ ဘုရား)။

မလွယ်ဘူး၊ ဖော်နိုင်ဖို့ကို မလွယ်ဘူး....။ ဦးလှိုင်လဲ သေသေချာချာမှတ်စမ်းပါ၊ အဝေးကြီးကလာကြရတယ်နော်၊ဒါ့ကြောင့် အဖိုးတန် ရတနာတွေကိုပဲ ဒကာဒကာမတွေကို ဩော်.... တို့

http://www.dhammadownload.com



အနုသသိ ဆေးရှိတယ်ဆိုတဲ့အတိုင်း လုပ်ရမှာပဲဆိုတဲ့ဥစ္စာ နည်းမရှိ တော့လဲ ရကြောက်စရာမဟုတ်တာကိုလဲ ကြောက်၊ ကြောက်စရာ ဟုတ်တာကိုလဲ မကြောက်....(မှန်ပါ့)။

ဦးဘရှင်း ဒီလိုကော မဖြစ်တတ်ဘူးလား.... (ဖြစ်တတ်ပါ တယ်ဘုရား)ကြောက်စရာ ဟုတ်တာကျတော့ မကြောက်ပြန်ဘူး။ ကြောက်စရာမဟုတ်တာကျတော့လဲ....(ကြောက်ပါတယ်ဘုရား) အဲဒီတော့ ကိုဝ .. ဒါ...သိမှု လို-လို့ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ကိုပေါ် ဘယ်လို မှတ်ကြမယ်.... (သိမှု လို လို့ပါဘုရား) နောက်က ဒကာ ဒကာမတွေကော....(သိမှု လို လို့ပါဘုရား)။

သိမှုလိုတယ်တဲ့၊ ခွဲခြမ်းဝေဖန်တတ်တဲ့ ဆရာကောင်း သမား ကောင်းကို မတွေ့သေးသမျှ ကာလပတ်လုံးဟာဖြင့် မိဘရိုးရာနဲ့ပဲ သက်ကြီးစကား သက်ငယ်ကြားဆိုပြီးသကာလ ဒကာကြီး လှိုင်း ဒါနဲ့ အချိန်ကုန်သွားကြတာပဲ ..(မှန်ပါ့)။

အဲဒါကျတော့ ကိုယ့်လက်ထက်မှ ထိုးထွင်းပေးမယ့် ခေါင်း ဆောင်ကောင်းက မရှိတော့ ကိုဝရေ.... မကြောက်သင့်တာ ကြောက်၊ ကြောက်သင့်တာမကြောက် ဒီလိုမဖြစ်ကြဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲဒါကလေးတွေကို ယနေ့ သေသေချာချာ ပြောပါ့မယ်၊ ဒကာ့ဒကာမတို့ နားကြီးကြီးနဲ့သာ ဘယ်မှ အာရုံမသွားပဲနဲ့ နားထောင်ပြီးသကာလ ဩော်.... ဒီလိုလုပ်ယင် ဒီလိုဖြစ်တယ် ဆိုတာကလေးဟာ ဦးဘရှင်း ရှင်းတော့မယ်....(မှန်ပါ့)။

အဲဒီတော့ကိုတဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောခဲ့ ပါမယ်ကွာ....တဲ့၊ မင်းတို့ကို အကုသိုလ်လဲ ခုနက ပြောခဲ့တဲ့

http://www.dhammadownload.com



အတိုင်း အပါယ်ကျတာလဲရှိတယ်၊မကျတာလဲရှိတယ်၊ကုသိုလ်လဲ ဒုက္ခရောက်တဲ့ကုသိုလ်လဲရှိတယ်၊ ဒုက္ခလွတ်တဲ့ကုသိုလ်လဲ.... (ရှိပါတယ်ဘုရား) အဲဒါ အပေါင်းအသင်း လွဲနေလို့ဖြစ်ပါတယ်ကွာ....တဲ့....(မှန်ပါ)။

ဒကာဒကာမတို့ ဘာလွဲနေလို့ပါလိမ့်.... (အပေါင်းအသင်းလွဲနေလို့ပါဘုရား)။

အပေါင်းအသင်းဆိုတာက လူ လူချင်း ပေါင်းသင်းတာ၊ ယောကျ်ားနဲ့ မိန်းမ ပေါင်းတာ၊ ဒကာကြီး လိုချင်....ဒါကို မဆိုလိုပါဘူး၊ ကိုယ့်အတွင်းမှာ ပရမတ်နဲ့ ပေါင်းသင်းတာကို ဆိုမယ်ကွ... တဲ့၊ ငါဘုရားကနေ့တဲ့....(မှန်ပါ)။

ကဲ....ဒါဖြင့် ဘာနဲ့ပေါင်းသင်းရမှာတုံးလို့ မေးတဲ့အခါကျတော့ သဒ္ဓါဒုတိယာ ပုရိသဿဟောတိ၊ သဒ္ဓါတရားနဲ့ပေါင်းပေးကွ တဲ့ ...(မှန်ပါ)။

သဒ္ဓါတရားဆိုတော့ ဒကာဒကာမတွေက ဘာမှတ်လိုက်သတုံးဆိုတော့ သဒ္ဓါတရားကိုတော့ သဒ္ဓါတရားဆိုတာ ဩဘယ်သူက တယ်သဒ္ဓါတရားကောင်းတာပဲဆိုတော့ လှူမှုတန်းမှုကိုမှတ်နေတယ်....(မှန်ပါ) မဟုတ်ဘူး....၊အခုပေါင်းရမယ့်သဒ္ဓါတရားက ဒါ မဟုတ်ပါဘူးတဲ့၊ ဒကာဒကာမတို့ လေးလေးစားစား မှတ်ပါနော်....(မှန်ပါ)။

ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ မြတ်စွာဘုရားအပေါ်၌ လည်းကောင်း၊ တရားအပေါ်၌ လည်းကောင်း ယုံကြည်မှုကို ဒါ...သဒ္ဓါဆိုပါတယ်....(မှန်ပါ) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဘုရား သဗ္ဗညုတဉာဏ်တော်နဲ့ ဟောထားတာကိုယုံကြည်မှု (မှန်ပါ)။

တရားက လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးနိုင်တယ်ဆိုတာကိုရွေးပြီးသကာလ ယုံကြည်ဖို့....(မှန်ပါ)မောင်နိုင်ရှင်းပလား... (ရှင်းပါပြီ)။

ဒါဖြင့် ပေးဖို့ လှူဖို့ ကမ်းဖို့ကို သဒ္ဓါတရားကောင်းတယ်လို့ ကိုဝတို့က တချက်တည်းယူထားတာကိုး၊ သဒ္ဓါဆိုတာက ဒါမှမဟုတ်ပဲ....(မှန်ပါ) ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ယုံကြည်မှု (မှန်ပါ)။

တရားတော်၏ ကိလေသာသတ်တဲ့ ဂုဏ်စွမ်းရည်သတ္တိကို ယုံကြည်မှု....(မှန်ပါ) မောင်နိုင် သဘောကျပလား(ကျပါပြီ)။

ဒါဖြင့် သဒ္ဓါသည် ပေးကမ်းတာလား ယုံကြည်မှုလား.... (ယုံကြည်မှုပါဘုရား)။

အဲဒါ အယှင်ပေါင်းရမယ်ဟေ့....သဒ္ဓါနဲ့ အယှင်ပေါင်းပါတဲ့....(မှန်ပါ)။

ဒကာကြီးလှိုင်...ဘာနဲ့ပေါင်းရမလဲ (သဒ္ဓါနဲ့အယှင်ပေါင်းရပါမယ်ဘုရား)။

သဒ္ဓါနဲ့ပေါင်းတော့ သဒ္ဓါဆိုတာဟာ ဘယ်လိုစွမ်းရည်သတ္တိရှိပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက မေးတော့ ဘုရားက သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟောထားတာ၊ သဗ္ဗညုတ ဉာဏ်တော်ကြီးဟာ အကုန်သိတယ်ဆိုတာ ယုံကြည်တယ်....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

http://www.dhammadownload.com



သဗ္ဗညုတ ဉာဏ်တော်ကြီးဟာ... (အကုန်သိပါတယ်ဘုရား) အကုန်သိတယ်ဆိုတာ သူ့အပေါ် ယုံကြည်ရမယ်... (မှန်ပါ့)။

ပြီးတော့ သူဟောထားတဲ့တရားတွေဟာ အင်း ချမ်းသာ သုံးမျိုးကို ပေးနိုင်တယ်၊ တို့....ကျင့်ကြံယင် ချမ်းသာသုံးမျိုးကို ပေးနိုင်တယ်ဆိုတာ ယုံကြည်မှုပေါ့ဗျာ... (မှန်ပါ့)။

ဒါ....ဘယ်သူ့ကိစ္စတုံးမေးယင် ဒကာ ဒကာမတွေက ဘယ့် နှယ်ဖြေကြပါ့မလဲ၊ သဒ္ဓါ၏ကိစ္စ... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ်သူ့ကိစ္စပါလိမ့်.... (သဒ္ဓါ၏ကိစ္စပါဘုရား) သဒ္ဓါကိစ္စ ဆိုတာဖြင့် ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါကိုဖြင့် ဒီတရား ကြပ်ကြပ်ပေါင်းပါနော်.... (မှန်ပါ့) ဘုရားအပေါ်၌, သဗ္ဗညုတဉာဏ်ပေါ်၌ ယုံကြည်မှု, တရား အပေါ်၌ ယုံကြည်မှု, အရိယာသံဃာတွေအပေါ်၌ ယုံကြည်မှု၊ ဒါပေါင်းထားပါ....(မှန်ပါ့) ဒါကို ပေါင်းထားလို့ရှိယင်တဲ့.... ဘုရားအပေါ်ကို မတုန်မလှုပ် ယုံကြည်လို့ရှိယင် မောင်နိုင်.... အပါယ်သွားတဲ့ တရားဟာ အကုန်ပယ်တယ်....(မှန်ပါ့)။

ဘုရားအပေါ်၌ မတုန်မလှုပ် ယုံကြည်ယင်....(အပါယ်သွား တဲ့တရား ပယ်ပါတယ်ဘုရား) လောဘတော့ ကျန်ရစ်တာပဲ၊ အပါယ်သွားမယ့် လောဘတော့ ကုန်တာပဲ....(မှန်ပါ့)။

ယုံကြည်မှုသဒ္ဓါကြောင့်....(မှန်ပါ့) ဒကာကြီးလို့ဋ ဒါဖြင့် အပေါင်းအသင်းဟာ တယ်အရေးကြီးပါကလား.... (ကြီးပါ တယ်ဘုရား)။

http://www.dhammadownload.com



ပစ္စုပ္ပန် လူ–လူချင်းပေါင်းတာ လူနဲ့ မိန်းမနဲ့ ပေါင်းတာ၊ သဒ္ဓါနဲ့ ပေါင်းဖို့ ဆိုသလား....(သဒ္ဓါနဲ့ ပေါင်းဖို့ ဆိုပါတယ် ဘုရား)။

အဲဒီတော့'သဒ္ဓါဒုတိယာ ပုရိသဿဟောတိ'သဒ္ဓါဒုတိယာ= သဒ္ဓါတည်းဟူသော တယောက်နဲ့၊ ပုရိသဿ – ယောကျ်ားမှာ သဒ္ဓါတည်းဟူသော အဖော်တယောက်နဲ့ ပေါင်းစမ်းပါတဲ့.... (မှန်ပါ့)။

ဒကာဒကာမတွေ ရိပ်မိပလား.... ( ရိပ်မိပါပြီ ) ဘာနဲ့ ပေါင်းရမှာတုံး.... (သဒ္ဓါနဲ့ ပေါင်းရမှာပါဘုရား)။

အဲ....သဒ္ဓါတည်းဟူသော အဖော်တယောက်နဲ့ ပေါင်းစမ်း ပါကွာ....တဲ့၊ မောင်နိုင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

နို့....ဒီ တယောက်မဲလား၊ ဘုရားဆိုတော့ သဒ္ဓါနဲ့ ပေါင်း လို့ရှိယင် 'ပညာစေနံ ပသာသတိ' သဒ္ဓါနဲ့ ပေါင်းပြီးသကာလ ယုံကြည်ပြီဆိုမှဖြင့် ကွာ....တဲ့....ပညာနဲ့ တခါပေါင်းပြီးသကာလ ခန္ဓာကိုယ် ကြည့်တာပေါ့တဲ့....(မှန်ပါ့)။

သဒ္ဓါနဲ့ ယုံကြည်ပြီး ဘုရားက ခန္ဓာကိုယ်ထဲမှာ ခန္ဓာငါး ပါး ရှိတယ်၊ အဖြစ် အပျက်မှတပါး ဘာမှမရှိဘူး....(မှန်ပါ့) ဘုရားက ဟောထားတယ်....(မှန်ပါ့)။

အဲဒါ မောင်နိုင်က ဘာလုပ်ရမလဲ.... ( ယုံကြည်ရပါမယ် ဘုရား) ယုံကြည်ပြီးတော့မှ ဒါ ကေန်ရှိ–တကယ်ရှိလို့ ဒကာ ဒကာမတွေက ယုံကြည်လိုက်စမ်းပါ....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ယုံကြည်ပြီးသကာလမှ ပညာနဲ့ တခါ ဆက်ပေါင်းလိုက်ပါ။ ကိုဝနဲ့ ပညာနဲ့ အဖော်လုပ်လိုက်....(မှန်ပါ့) ကိုပေါနဲ့ ပညာနဲ့ (အဖော်လုပ်ရပါမယ်ဘုရား)။

အဖော်လုပ်လိုက်တဲ့ အခါကျတော့ နဂိုက ယုံကြည်ထားတဲ့ သဒ္ဒါကလဲ ထက်သန်ပြန်၊ ပညာက ဆိုတာ 'ပညာစေနံ ပဿာ သတိ' ပညာစ=ပညာသည်ကား၊နေံ=ထိုယောက်ျားကို၊ ပဿာ သတိ=အမှန်သိမြင်အောင် ဆုံးမ၏၊ အင်း...သဒ္ဒါက နဂိုက ရှိမှန်းသိတာကို ယုံကြည်ထားတော့ ပညာနဲ့ ကြည့်လိုက်တဲ့အခါ ကျတော့ မောင်နိုင် ခန္ဓာတို့၏ ဖြစ်ပျက် တွေ့—မတွေ့ (တွေ့ပါ တယ်ဘုရား) နဂိုက မယုံကြည်ယင်တော့... (မတွေ့ပါဘုရား)။

ဒါဖြင့် ဒီလို နှစ်ယောက်နဲ့ ကိုပေါတို့ ကိုဝတို့က အဖော် လုပ်စမ်းပါ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ ဘယ်လူနဲ့ အဖော်လုပ်ရမှာတုံး...(သဒ္ဒါနဲ့ ပညာပါ)အေး....ဒါ သံယုတ်ပါဠိတော်ကြီးမှာသေသေချာချာ ကိုယ်တော်တိုင် မင်းတို့ အကုသိုလ်တွေ ကြောက်နေလို့ ရှိယင် အပေါင်းလွဲလို့သာ ကြောက်တာပါကွာ၊ ရှင်းပလား ...(ရှင်း ပါပြီဘုရား) အပေါင်းမလွဲလို့ ရှိယင်ဖြင့် မင်းတို့သည်ကားလို့ ဆိုယင် အကုသိုလ်တိုင်း ကြောက်ရမယ်လို့ ငါဘုရားလဲမဟော ပါဘူး....(မှန်ပါ့)။

အပါယ်သွားတဲ့ အကုသိုလ်တော့ ကြောက်ရမှာပေါ့ဗျာ....၊ အပါယ်မသွားတဲ့ အကုသိုလ်က ရှိနေတယ်....၊ မရှိဘူးလား— (ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲ ဒါဖြင့်'သဒ္ဓါဒုတိယာ ပုရိသဿဟောတိ ပညာစေနံ ပသာသတိ'တဲ့ သဒ္ဓါဘည်းဟူသော တရားနဲ့ ရှေးဦးစွာ ပေါင်းပြီး ပညာနဲ့ တခါပြန်ပြီးသကာလ ဒကာဒကာမတွေက တွဲပေါင်းလိုက်ပါ (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ အဖော်နှစ်ယောက် ထားပေး....(မှန်ပါ ဘုရား)။

ဒကာကြီး လှိုင် အဖော် ဘယ်နှစ်ယောက်ထားရမလဲ.... (နှစ်ယောက် ထားရပါမယ်ဘုရား)သဒ္ဓါရယ်,ပညာရယ် အဖော်လုပ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

"သဒ္ဓါဒုတိယာ ပုရိသဿဟောတိ-ပညာစေနံ ပသာသတိ" သဒ္ဓါတည်းဟူသော မိတ်ဆွေကောင်းတယောက်, ပညာတည်းဟူသော အဖော်ကောင်းတယောက် ဒီနှစ်ယောက်နဲ့ ကိုဝတို့က ပေါင်း, ကိုပေါ်တို့က ပေါင်းနော် .. (မှန်ပါ့)။

သဒ္ဓါက ယုံကြည်နော်... (မှန်ပါ့) ဘုရားက သူကိုယ်တိုင်သိပြီး မင်းတို့မှာ ခန္ဓာငါးပါးရှိတယ်။ အဲဒီ ခန္ဓာငါးပါးဟာ ဖြစ်ပြီး ပျက်နေတာကွ။ ဝေဒနာကြည့်လဲ ဖြစ်ပျက်ပဲ မင်းတွေ့မယ်။ သညာကြည့်လဲ ဖြစ်ပျက်ပဲ ဆိုတော့ သဒ္ဓါက အဟုတ်ယုံထားလိုက်....(မှန်ပါ့)။

အဟုတ်ယုံပြီး သကာလ သူကတော့ ယုံတတ်တာပဲ ရှိတယ်။ မြင်တတ်တာတော့ မပါဘူး....(မှန်ပါ့)။

ဒကာကြီးလှိုင် ယုံတတ်တာတော့....(ရှိပါတယ်ဘုရား) မြင်တတ်တာတော့....(မပါ ပါဘုရား)။

http://www.dhammadownload.com



မြင်တတ်တာတော့ ပညာစေနံ ပဿာသတိကိုး။ ပညာစေနံ ပဿာသတိ=ပညာက ထိုယောကျ်ားကိုလဲ လိမ္မာအောင် ဆုံးမ၏။ သဒ္ဓါယုံကြည်တဲ့ တရားတွေကိုလဲ သိ၏။ သဒ္ဓါက ခန္ဓာငါး ပါးထဲမှာ ဖြစ်ပျက်ပဲ ရှိတယ်။ ခန္ဓာထဲမှာ ငါးပါး, ငါးပါး ဟာ ဖြစ်ပျက်ပဲ ရှိတယ်ဆိုပြီးသကာလ ပညာကနေပြီး မောင် နိုင်က ကြည့်ပေးပါ။ ပညာနဲ့ ကြည့်ပေးပါနော်....(မှန်ပါ့)။

"နိဗ္ဗာနာဘိရတော မစ္စော" အဲဒါဟာကွာ....တဲ့ ဒီ နှစ်ခု ပေါင်းမိလို့ ရှိယင်ဖြင့် ဒီသတ္တဝါဟာတဲ့ နိဗ္ဗာန်မြင်ပါလိမ့်မယ် တဲ့....(မှန်ပါ့)နိဗ္ဗာနာဘိရတော=နိဗ္ဗာန်၌ မွေ့လျော်တဲ့ ပုဂ္ဂိုလ် တဦးတယောက် ဖြစ်လာတယ်ကွတဲ့ ...သူတို့ နှစ်ခုနဲ့ ပေါင်းလိုက် တာ....(မှန်ပါ့)။

ပထမ နိဗ္ဗာန်နဲ့ ဦးဘကလေး အပေါင်းအသင်းဖြစ်လာတယ် (မှန်ပါ့) သဒ္ဓါပညာနဲ့ ပေါင်းလိုက်တာနဲ့ပဲ ဒကာ ဒကာမတို့ ပထမ နိဗ္ဗာန် မြင်လာတယ်....(မှန်ပါ့)။

အဲဒီကျတော့ ဘယ်လိုဟောသလဲ....'သဗ္ဗဒုက္ခာ ပမုစ္စတိ-တဲ့၊ ကွာ....မင်း အပါယ်ဒုက္ခလောက် မဆိုပါနဲ့ အလုံးစုံ ဒုက္ခတောင် ရှင်းပါတယ်။ ဒီနှစ်ယောက်သာ ပေါင်းကြည့်စမ်းပါတဲ့ ..၊ ရိုပ်မိ ပလား (ရိပ်မိပါပြီဘုရား)။

ဘယ်နှစ်ယောက်ပေါင်းရမှာတုံး.... (နှစ်ယောက်ပေါင်းရမှာ ပါဘုရား) နှစ်ယောက်ပေါင်းလိုက်စမ်းပါတဲ့....။

ကဲ... ဒါဖြင့် ဒကာ ဒကာမတို့ ဘာနဲ့ ပေါင်းရမယ်... (သဒ္ဓါနဲ့ ပညာနဲ့ ပေါင်းရပါမယ်ဘုရား)။

http://www.dhammadownload.com



ရှေးဦးစွာ ဘယ်သူ့ကို လက်ကိုင်ထားရမလဲ....(သဒ္ဓါ လက်ကိုင်ထားရပါမယ်ဘုရား)အဲ....သဒ္ဓါလက်ကိုင်ထားပြီး ဘယ်သူ့ကို အဖော်ပြုန်လုပ်ရမယ်.... (ပညာကို အဖော်ပြုန်လုပ်ရပါမယ်ဘုရား)။

ကဲ သဒ္ဓါက ခန္ဓာငါးပါးရှိတယ် ယုံကြည်နော်....(မှန်ပါ့) ဒီခန္ဓာငါးပါးဟာ အနိစ္စမှ တပါး(ဝါ)ဖြစ်ပျက်မှုတပါး ဘာမှ မရှိဘူးလို့ မမြင်ပဲနဲ့ ယုံကြည်ထားလိုက် မောင်နိုင် (မှန်ပါ့) ဘုရားဟောမို့ ၊ ဘုရား အပေါ်မှာ တခါတည်း မတုံန်မလှုပ် ယုံကြည်ထားလိုက်စမ်းပါ (မှန်ပါ့) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

မတုန်မလှုပ် ယုံကြည်ပြီး သကာလ ထားလိုက်တဲ့ အခါကျတော့ အဲဒီ ယုံကြည်တဲ့နောက်ကနေပြီး သကာလ မောင်နိုင်.... ပညာကို တခါအဖော်လုပ်လိုက် .. (မှန်ပါ့) သဘောပါကြလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့အဖော်လုပ်မယ်... (ပညာ အဖော်လုပ်ရပါမယ်ဘုရား) ပညာ အဖော်လုပ်လိုက်တဲ့ အခါကျတော့ ယုံကြည်ပြီးသား လူလဲ ဖြစ်ပြန် ပညာကလဲ့ အရှိကို သိပြန်ဆိုတော့ ကိုပေါ်တို့, ကိုဝတို့ ဖြစ်ပျက်မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

တွေ့ကတည်းကိုကတဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်တွေ့ပြီကွာ.... တဲ့ .. (မှန်ပါ့)။

မောင်နိုင် ဘာတွေ့တာတုံး....(ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကိုယ်တွေ့တာပါဘုရား)။

http://www.dhammadownload.com



ကိုယ့်ပင္စရွိစ္စသမုပ္ပါဒ် ကိုယ်တွေ့ပြီဆိုတော့ အင်း ... လောဘကလေး ဖြစ်လာလဲ လောဘကို ဘုရားက မင်းတို့ ဝမ်းထဲမှာ ခန္ဓာထဲမှာ အဲဒါ သင်္ခါရက္ခန္ဓာပဲဟေ့ ...၊ အဲဒီ သင်္ခါရက္ခန္ဓာကို သဒ္ဒါက ယုံကြည်ထားတယ်။ သင်္ခါရက္ခန္ဓာရှိတယ်ဆိုတာ ခန္ဓာ ငါးပါးကို သင်္ခါရက္ခန္ဓာ အပါအဝင်ပေါ့လေ....(မှန်ပါ့)ရှိတယ် ဆိုတာ ယုံကြည်မထားဘူးလား .. (ယုံကြည်ပါတယ်ဘုရား)။

ယုံကြည်ထားတော့ ဒကာ ဒကာမတွေက ကျောက်ကလေး ဝယ်ချင်တဲ့ လောဘကလေး ဖြစ်လာတယ်။ မသိပေဘူးလား.... (သိပါတယ်ဘုရား)။

သိလာတဲ့အခါကျတော့ လောဘဖြစ်နေတုန်း သိတာလား၊ လောဘချုပ်ပြီးမှ သိတာလား....(လောဘချုပ်ပြီးမှ သိတာပါ ဘုရား)။

ဟာ....ဒါဖြင့် ကိုဝ....ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်.... (မှန်ပါ့ဘုရား)။

ဘယ်လို ကိုက်ပါလိမ့်.... (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပါတယ် ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့ သွား ကိုက်လိုက်တဲ့အခါကျတော့ ခုနကလောဘသည် နဂိုက ကျုပ် တို့ကို နှိပ်စက်မလို့ လာတာပဲ....(မှန်ပါ့) သို့သော် ကျုပ်တို့က သူ့ကို လောဘ မယူတော့ဘူး။ဘုရားအပေါ် ယုံကြည်လိုက်တယ် (မှန်ပါ့) လောဘဟာ နာမည်သာ လောဘ၊ ကျုပ်တို့ ကြည့် တော့ ဖြစ်ပျက်....(မှန်ပါ့) ကျုပ်တို့ကြည့်တော့ အနိစ္စသွားဖြစ် တယ်....။

http://www.dhammadownload.com



ကိုယ်တိုင်ကြည့်လိုက်တော့ ဘာဖြစ်ကြသလဲ....(အနိစ္စဖြစ်ပါတယ်ဘုရား)။

ကိုယ်တိုင်ကြည့်လိုက်တော့ အနိစ္စဖြစ်သွားတော့ အနိစ္စကဖြင့် ကိုဝ .... အပါယ်မပို့ဘူးနော်.... (မပို့ပါဘုရား) လောဘသက်သက်အတိုင်း နေရလို့ရှိယင်....(ပို့ပါတယ်ဘုရား)။

ဒါဖြင့် လောဘပေမယ့် ကြောက်စရာ ရှိရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် အရှင်ဘုရား....တပည့်တော်တို့ သဒ္ဓါယုံကြည်ချက်ကမင်းတို့ သန္တာန် ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ လောဘ ပေါ်လိမ့်မယ်ကွာ၊ တဏှာပေါ်လိမ့်မယ်။ ဉပါဒါန်ပေါ်လိမ့်မယ်။ ကံပေါ်လိမ့်မယ် ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကလဲ ရှိလျက် မဟုတ်လား.... (ရှိလျက်ပါဘုရား) ယုံကော ယုံကြည်ရဲ့လား.... (ယုံကြည်ပါတယ်ဘုရား) ဒီ အစဉ်အတိုင်းကော မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီတော့ လာတဲ့ အခါကျတော့.... ဒကာ ဒကာမတွေက လောဘ လာတယ်၊ အင်း....ဒါ ဘုရားဟောတော်မူတဲ့အတိုင်း၊ ဘုရားယုံကြည်တဲ့အတိုင်း မင်းတို့ ခန္ဓာတခု ပေါ်ပြီတဲ့.... ဝိညာဏက္ခန္ဓာဆိုတဲ့ လောဘစိတ်ပေါ်သတဲ့.... ထားလိုက်ပါတော့... မောင်နိုင်နော်....(မှန်ပါ့) ဆိုတော့ ယုံကြည်တဲ့အတွက်ကော.... ဘုရားဟော ယုံကြည်တဲ့အတွက် ပေါ်တာကိုကော ကျုပ်တို့ မသိဘူးလား.... (သိပါတယ်ဘုရား)။

http://www.dhammadownload.com



ရှိတာ ပေါ်တာပဲလို့ မယုံကြည်ပေဘူးလား....(ယုံကြည်ပါတယ် ဘုရား) ယုံကြည်တဲ့အချိန်ကျလို့ ရှိယင် ပညာနဲ့ တခါ ပြန်ပေါင်းလိုက်....ဦးဘရှင်းက....(မှန်ပါ)။

ပညာနဲ့ ပြန်ပေါင်းလိုက်တဲ့ အခါကျတော့ကိုတဲ့ ပညာနဲ့ ကြည့်လိုက်တာပေါ့ (မှန်ပါ)ခုနက ပေါ်တဲ့ လောဘကို ကြည့်လိုက်တော့ ပညာ ပေါ်နေတော့ လောဘ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

မရှိတော့ ပညာနဲ့ ဘာနဲ့ သွားတွေ့သတုံးဆိုတော့ မရှိတာနဲ့ ပညာနဲ့ သွားတွေ့တယ်....(မှန်ပါ)။

ဒကာကြီး လှိုင်.... (မရှိတာနဲ့ ပညာနဲ့ သွားတွေ့ပါတယ် ဘုရား)။

မရှိတာနဲ့ ပညာနဲ့ သွားတွေ့တယ်၊ မရှိတာက အနိစ္စ၊ ပညာက မဂ္ဂ သွားဖြစ်တယ်....(မှန်ပါ) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

မရှိတာက....(အနိစ္စပါဘုရား) ပညာက....(မဂ္ဂပါ ဘုရား)။

ဒါဖြင့် ဒီလောဘသည်၊ ကဲ....ကိုဝတို့ပဲ ခင်ဗျားတို့ ခံတင်ပါ့မယ် လူကြီးပိုင်းကို....။ အပါယ်ပို့ပါဦးမလား.... (မပို့ပါ ဘုရား)။

လောဘ အဖြစ်နဲ့ ဆိုယင်....(မှန်ပါ) ကျုပ်တို့က လောဘ အဖြစ်နဲ့ သူ့ကို မြင်သလားတဲ့၊ ပညာနဲ့ ပေါင်းလိုက်တဲ့အခါ ကျတော့ အနိစ္စအဖြစ်နဲ့ သွားမြင်သလား .. (အနိစ္စအဖြစ်နဲ့ သွားမြင်ပါတယ်) သေချာပလား.... (သေချာပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဘုရားကလဲ မဟောဘူးလားလို့ မေးတဲ့အခါ ကျတော့ သရာဂံ ဝါ စိတ္တံသရာဂံစိတ္တန္တိ ပဇာနာတိ = မင်း သိအောင်လုပ်တဲ့....(မှန်ပါ့) အဲဒီ ပါဠိတော်နဲ့ကော ကိုပေါ်.... ကိုဝ....ကိုက်ရဲ့လား....(ကိုက်ပါတယ်ဘုရား)။

သရာဂံ ဝါ စိတ္တံ = လောဘစိတ်ကို၊ သရာဂံစိတ္တန္တိ = လောဘစိတ် ဟူ၍၊ ပဇာနာတိ = မင်းသိအောင် လုပ်တဲ့.... (မှန်ပါ့) မင်းပညာနဲ့ သိအောင်လုပ်။

သိအောင် လုပ်လိုက်တော့ မောင်နိုင် .. လောဘစိတ် သိတာ လား....၊ ပညာပေါ်လာတဲ့အချိန် အနိစ္စသိတာလား....(အနိစ္စ သိတာပါ ဘုရား)။

ဒါဖြင့် ကိုပေါ်က ဆုံးဖြတ်ချက်ချ၊ ကိုဝတို့က လူကြီးတွေ ဆုံးဖြတ်ချက်ချကြ၊ အနိစ္စကဖြင့် ကျုပ်တို့ကို ဘယ်နည်းနဲ့မှ.... အပါယ်ပို့ပါ့မလား....(မပို့ပါဘုရား) လောဘ ဖြစ်ခဲ့သော်.... (ပို့မှာပါဘုရား)။

ဒီတော့ ကျုပ်တို့မှာ သဒ္ဓါ–ပညာ နှစ်ခုနဲ့ ပေါင်းလိုက်တဲ့ အတွက် ဒီ လောဘဟာ အပါယ်ကျတဲ့ လောဘလို့ ဆိုကြ မလား....(မဆိုနိုင်ပါဘုရား) အင်း....နိဗ္ဗာန်ပို့တဲ့ လောဘ မဆို နိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့မှာ အပေါင်းအသင်းမှားလို့သာ သဒ္ဓါ ပညာနဲ့ မပေါင်းမိလို့သာ လောဘက နေပြီးသကာလ လောဘ က တဏှာ ထားပါတော့၊ တဏှာက နေပြီး ဥပါဒါန် ကျေးဇူး ပြုတယ်....(မှန်ပါ့)ကျုပ်တို့က သဒ္ဓါ ပညာနဲ့ မပေါင်းမိပဲကိုး ... (မှန်ပါ့)။

http://www.dhammadownload.com



ဥပါဒါန် ကျေးဇူးပြုလိုက်တော့ ဥပါဒါန်ကနေ ကံကို ကျေးဇူးပြုလိုက်တယ်... (မှန်ပါ့) ကံက နေပြီး ကျေးဇူးပြုလိုက်တော့ ကမ္မဘဝပစ္စယာ ဇာတိဆိုပြီး အပါယ် ဇာတိကြီး ပေါ်ပေါ်လာတယ်... (မှန်ပါ့)။

ဒါ ဘယ့်နှယ်ကြောင့် ဒကာဒကာမတွေ ဒီဥစ္စာ ဖြစ်ပေါ်လာရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ယနေ့ အဖြေထွက်ပါပြီ (ထွက်ပါပြီဘုရား)အင်း....အပေါင်းလဲ့လို့....(မှန်ပါ့၊အပေါင်းလွဲလို့ပါ ဘုရား) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

အင်း....ယခုတော့ဖြင့် ဆရာဘုန်းကြီးက ဒါနှစ်ခုကို မင်းတို့ ရှေးဦးစွာ ပေါင်းပါလို့ဆိုတဲ့ အပေါင်းလွဲတဲ့အတွက် ရန်သူက မိတ်ဆွေဖြစ်ပြီး ရှက်ဆောင်သွားတယ်....(မှန်ပါ့)။

ဘယ်လိုပါလိမ့်....(ရန်သူကမိတ်ဆွေဖြစ်ပြီး ရှက်ဆောင်သွားပါတယ်ဘုရား) ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဘယ်ပါဠိတော်မှာ လာသတုံးလို့ မေးတဲ့အခါကျတော့.... သံယုတ်ပါဠိတော်က–သဒ္ဓါဒုတိယာ ပုရိသဿ ဟောတိ=သဒ္ဓါတည်းဟူသော အဖော်တယောက်နဲ့ မင်းတို့ နေစမ်းပါကွ .. တဲ့၊ ပညာစေနံ ပသာသတိ....တဲ့၊ အဲဒီ ပညာနဲ့ ဒီ သဒ္ဓါနဲ့ ပေါင်းပြီး သကာလ ပညာနဲ့ မင်းတို့ ကြည့်ကြည့်ပေးလိုက်စမ်းပါ .. တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလိုဆိုယင် နိဗ္ဗာနာဘိရတော မစ္စော....တဲ့၊ နိဗ္ဗာန်၌မွေ့လျော်တဲ့ မစ္စဆိုတဲ့ ပုဂ္ဂိုလ်တယောက် လာဖြစ်တယ်ကွာ....တဲ့၊ ဟုတ်လား....(မှန်ပါ့)။

http://www.dhammadownload.com



သဗ္ဗဒုက္ခာ ပမုစ္စတိ....တဲ့၊ မင်းအဲဒီ လောဘကြောင့်ကိုပဲ လောဘ ဖြစ်ပျက်ကိုသိလို့ နိဗ္ဗာန်ရောက်သွားတယ်....(မှန်ပါ့)။

ကဲ....လောဘအတိုင်း ကြောက်ရမှာလား....(မကြောက်ရပါ ဘုရား) လောဘ, လောဘအတိုင်းထားယင်တော့ ကြောက်ကြ (မှန်ပါ့)။

ဒကာဒကာမတို့ ဘယ်လိုဆိုပါ့မယ်....(လောဘကို လောဘ အတိုင်းထားယင် ကြောက်ရမှာပါဘုရား)။

ဟာ....ဒီလောဘကို ပညာနဲ့ပေါင်းပြီး ကြည့်လိုက်တဲ့အခါ ကျတော့.... (ကြောက်ဖို့မလိုပါဘုရား) ကြောက်စရာ မရှိတဲ့ အပြင် ခင်ဗျားတို့ အကျိုးကို ရွက်ဆောင်သွားမယ် ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

. ဘယ့်နှယ်တုံး....(တပည့်တော်တို့အကျိုးကို ရွက်ဆောင်သွား ပါမယ်ဘုရား) ခင်ဗျားတို့ကို နိဗ္ဗာန်ရဖို့ မဂ်ပေါ်ပေးတယ်.... (မှန်ပါ့)။

ကိုထွန်းလှိုင်ကြီးတို့ ကြပ်ကြပ်သတိထားပေးပါ....ကြားတယ် မဟုတ်လား....(မှန်ပါ့)။

အေး....ဒါဖြင့် လောဘကို လောဘအတိုင်း မထားနဲ့လို့ ကိုဝတို့၊ ကိုပေါ်တို့ကို သတိပေးလိုက်ပါတယ်....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် အဲဒီလိုဖြစ်ပြီးသကာလ အင်း ဒေါသ ကလေးဟာလဲဦးဘရှင်းတို့ကကြောက်ချင်ကြောက်မှာပဲ၊ ဒေါသ ဟာက္ခာ....ပစ္စုပ္ပန်လဲကောင်းကျိုးမပေးဘူး၊ သံသရာလဲကောင်း ကျိုးမပေးဘူး ဆိုတာတော့ သက်ကြီးစကား သက်ငယ်ကြားနဲ့

http://www.dhammadownload.com



အာရုံပဲ ခင်ဗျားတို့ ကြောက်လန့်နေကြတဲ့တရားပဲ.... (မှန်ပါ့ဘုရား)။

ဦးဘာကလေး....ကြောက်လန့်နေတဲ့ တရားပဲလို့ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

အဲဒီ မလွဲတာကို ဘုန်းကြီးက သဒ္ဓါနဲ့ ပေါင်းဟော့၊ မင်းသန္တာန် ဘုရားက ဟောထားတယ်၊ မင်းတို့ခန္ဓာထဲမှာ ဒေါသဆိုတဲ့ ဝိညာဏက္ခန္ဓာလဲ ပေါ်လာမှာပဲ....(မှန်ပါ့)။

ဘုရားကို ယုံယုံကြည်ကြည်နဲ့ ဟာ....မင်းတို့ ခန္ဓာထဲမှာဖြင့် ဒီ ဝိညာဏက္ခန္ဓာဟာ ပေါ်မှာပဲ၊ ဒေါသ ဝိညာဏက္ခန္ဓာ ပေါ်မှာပဲဆိုတာကော ယုံကြည်ရဲ့မဟုတ်လား.... (ယုံကြည်ပါတယ်ဘုရား)။

ပေါ်ကော မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား) အကြောင်းတိုက်ဆိုင်ယင် ပေါ်တာပဲ၊ ဒေါသတာ.. (မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့အထဲ ခန္ဓာပေါ်လိမ့်မယ် ဆိုတဲ့ အတိုင်း အကြောင်းတိုက်ဆိုင်တော့ ပေါ်လာတာပဲ.. (မှန်ပါ့)။

ကဲ....ဒါဖြင့် ယုံကြည်လို့ ပေါ်လာပြီ....(မှန်ပါ့) ပညာနဲ့ ပေါင်းလိုက် ဦးဘရှင်း....(မှန်ပါ့) သူ ပေါ်လာပြီးသည့်နောက် ပညာနဲ့ တခါ ပြန်ပေါင်းလိုက်စမ်းဗျာ....(မှန်ပါ့)ဘယ့်နှယ်ဖြစ်သွားသလဲ....(အနိစ္စဖြစ်သွားပါတယ်ဘုရား)။

သူ ဒေါသက ကျုပ်တို့ သန္တာန် ရောက်သွားကတည်းက သူက အနိစ္စရောက်သွားပြီ....(မှန်ပါ့) မရောက်သေးဘူးလား.... (ရောက်ပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ ဒေါသက ဖြစ်ပျက်၊ ပညာက မင်.... (မှန်ပါ့) ပို့ဦးမလား... မောင်နိုင်....(မပို့ပါဘုရား)ကိုဝ....ပို့ဦးမလား.... (မပို့ပါဘုရား)သေချာပလား....(သေချာပါပြီဘုရား)။

ဪ.. ဒါဖြင့် ဘယ်နှယ်ကြောင့် ဒီရန်သူနှစ်ယောက် ဒကာ ဒကာမတို့ မိတ်ဆွေအဖြစ်နဲ့ ရှက်ဆောင်ပေးပါလိမ့်မလဲလို့.... မေးဖို့မလိုဘူးလား(လိုပါတယ်ဘုရား)တပည့်တော်တို့ အပေါင်း တည့်သွားလို့ပါဘုရား....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဘာတဲ့တုံး....(အပေါင်းတည့်သွားလို့ပါဘုရား)။

ဒါဖြင့် အပေါင်းအသင်း သိပ်အရေးကြီးပါကလား....(ကြီး ပါတယ်ဘုရား)ဉပါဒါန်နဲ့ ပေါင်းယင် ခက်ပြီ....(မှန်ပါ့) ကံနဲ့ ပေါင်းယင် ခက်မယ်.. (ခက်ပါတယ်ဘုရား)အခုတော့ ဉာဏ်နဲ့ ပေါင်းလိုက်တာ....(မှန်ပါ့)။

ကိုဝ....ဘယ်သူနဲ့ ပေါင်းသတုံး... (ဉာဏ်နဲ့ ပေါင်းလိုက်ပါ တယ်ဘုရား)။

ဉာဏ်ပညာနဲ့ ပေါင်းလိုက်တဲ့ အတွက် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာတဲ့ ရန်သူသည်ပင် ကိုယ့်အကျိုးဆောင်တဲ့ပုဂ္ဂိုလ် သွားဖြစ်တယ်....(မှန်ပါ့)။

လောဘ, ဒေါသဟာ ဘာတုံး နဂိုက....(ရန်သူပါဘုရား)။

ရန်သူပဲတဲ့၊ ရန်သူသည်ပင်လျှင် ယခု ကျုပ်တို့က သဒ္ဒါ ပညာနဲ့ ပေါင်းလိုက်တဲ့အတွက်တဲ့ ကိုပေါ်....ကျုပ်တို့၏ မိတ် ဆွေဖြစ်ပြီး သူက,နေ မင်ဉာဏ်ပေါ်အောင် ကျေးဇူးပြုတယ်.... (မှန်ပါ့)ကျေးဇူးမပြုဘူးလား....(ပြုပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် အကုသိုလ်တိုင်း ကြောက်ရမှာလား....၊ အပေါင်းအသင်းတည့်ဖို့သာ အရေးကြီးသလား.... ( အပေါင်းအသင်းတည့်ဖို့သာ အရေးကြီးပါတယ်ဘုရား)။

သြော်....ဒါဖြင့် တို့သည်ကားလို့ ဆိုလို့ရှိယင် သိပ်ပြီးအဖိုးတန်ပါပေါ့လား....ဆိုတဲ့ စကားဟာ ဒကာကြီးလှိုင် ကွာ....ငါ တရားအားထုတ်နေတာ အကုသိုလ်က ဝင်လွန်းလို့ ကြာတော့ စိတ်ကို ပျက်လာတယ်၊ တရားတောင် အားမထုတ်ချင်ဘူး....၊ အကုသိုလ်က ဝင်လွန်းလို့တဲ့....။

လောဘက ဝင်လာကွာ....ဒေါသကဝင်လာကွာ....ခက်လိုက်တဲ့ဖြစ်ခြင်း၊ ကိုယ်က တရားအားထုတ်နေတယ်၊မဟုတ်တာတွေချည်း ဝင်နေတယ်....၊ ကိုဝ....ဒီလိုညည်းပြီး ထ,ပြေးတဲ့ ပုဂ္ဂိုလ်များကော တွေ့ဖူးရဲ့လား....(တွေ့ဖူးပါတယ်ဘုရား)။

ဒီလို ပြေးရမှာလားတဲ့၊ သဒ္ဓါ,ပညာနဲ့ ပေါင်းရမှာလား....(သဒ္ဓါ,ပညာနဲ့ ပေါင်းရမှာပါဘုရား)။

ဘုရားက မင်းတို့သန္တာန် မဂ်နဲ့ မပယ်သေးသ၍ ကာလပတ်သုံး ဒီလောဘ,ဒေါသ,မောဟတွေက လာမှာပဲဆိုတာ ခင်ဗျားတို့က ယုံကြည်ထားလိုက်....(မှန်ပါ့) ယုံကြည်ထားတဲ့အတိုင်းခကာ ကိုယ်ခန္ဓာထဲ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲ ပေါ်လာတဲ့ အခါကျတော့ ဘာနဲ့ ပေါင်းရမလဲ....(သဒ္ဓါ,ပညာနဲ့ပေါင်းရပါမယ်ဘုရား) ပညာနဲ့ တခါ ပေါင်းပေးလိုက်တဲ့အခါကျတော့ သဒ္ဓါနဲ့ယုံကြည်ပြီး ဟ....ပေါ်လာပြီဆိုတာ သဒ္ဓါက ယုံကြည်လိုက်....(မှန်ပါ့) ပညာနဲ့ ပေါင်းပြီးသကာလ ကျုပ်တို့က ကိုယ့်သန္တာန် ဒါကို ပညာနဲ့ ငါ ကြည့်

http://www.dhammadownload.com



ဦးမယ်ဆိုတဲ့ အချိန်ကျတော့ ကိုဝ .. ဖြစ်ပျက် ဖြစ်သွားရော....(မှန်ပါ့)ကိုယ်ကြည့်တာက မဂ်ဖြစ်သွားတယ်....(မှန်ပါ့)။

ဒါဖြင့် ကိုပေါ်တို့....ကိုဝတို့ ကြောက်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိပါဘူး၊ သဘောပါကြလား....(ပါ–ပါပြီ)။

ကဲ....ဘယ့်နှယ်ကြောင့် ဒါလောက်တောင် ခရီးပေါက်သွားပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေးလို့ရှိယင်'သဒ္ဓါဒုတိယာ ပုရိသဿ ဟောတိ'နဲ့ ပေါင်းလိုက်လို့ဘုရား....(မှန်ပါ့) ပညာစေနံ ပဿတိ....ဆိုတဲ့အတိုင်း ပညာစ=ပညာသည်၊ နံ=ထိုယောကျ်ားကို၊ ပဿတိ=အမှန်မြင်အောင်ဆုံးမ၏....ဆိုတော့ အပေါင်းက တပည့်တော်တို့က တည့်သွားတယ်ဘုရား....ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ "သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ"အဲဒါရှုကွ၊ ဒါ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ကောယနေ့ာယံ ဘိက္ခဝေ မဂ္ဂေါ=နိဗ္ဗာန် ကေန်ရောက်တယ်လို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဒေါသစိတ်ကို ရှုနိုင်လို့ရှိယင်လဲ နိဗ္ဗာန် ကေန်ရောက်တယ်လို့ မဟောဘူးလား... (ဟောပါတယ်ဘုရား)။

ကဲ.. ဒါဖြင့် အပေါင်းအသင်းကလေး ပြောင်းလိုက်ရုံပဲ....(မှန်ပါ့) ဒေါသ နောက်က, နေပြီး ကျုပ်တို့က သောကနဲ့ မပေါင်းဖို့၊ ပရိဒေဝနဲ့ မပေါင်းဖို့....(မှန်ပါ့) ဒုက္ခဒေါမနဿနဲ့ (မပေါင်းဖို့ပါဘုရား)။

အဲ... အပေါင်းကလေး ပြင်လိုက်ယင် ပြီးတာပဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါ တရားဆန်းနေတာလားတဲ့၊ သတိပဋ္ဌာန်ထဲမှာလဲ ပါပြီး သွားလား....(သတိပဋ္ဌာန်ထဲ ပါပြီးသွားပါဘုရား)။

တရားဆန်းတယ်လို့ မယူပါနဲ့.... တဲ့၊ မင်းတို့ ဘုန်းကြီးက တရားခပ်ဆန်းဆန်း ဟောတတ်တယ်၊ ဒီလို မယူနဲ့တဲ့၊ သူ့ ပါဠိတော်နဲ့ တန်းဟောတာ....(မှန်ပါ့)သဘောပါပါလား ...(ပါပါ ပြီဘုရား)။

သူ့ ပါဠိတော်နဲ့ တန်းပြီးသကာလ ဟောလိုက်တော့ ကဲ.... ဒါဖြင့် ရန်သူတွေသည် ဦးဘရှင်း ဘာလာရှက်ဆောင်ကြသတုံး (မိတ်ဆွေအဖြစ် ရှက်ဆောင်ပါတယ်ဘုရား)။

မိတ်ဆွေအဖြစ်နဲ့ ရှက်ဆောင်တော့ သူတို့က မဂ်ပေါ်အောင် ရှက်ဆောင်တဲ့အတွက် မဂ်ဆိုတာ "ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ" ကိလေသေ=ကိလေသာတို့ကို၊ မာရေန္တော=သတ်လျက်၊ ဂစ္ဆတိ=နိဗ္ဗာန်သို့ သွားတတ်၏.. ဆိုတော့ မော်င်နိုင်.... အပါယ်သွားသေးရဲ့လား....(မသွားပါဘုရား) မဂ်ပညာနဲ့ သွား ပေါင်းတယ်....(မှန်ပါ့)။

နောက်က ဒကာ ဒကာမတွေ ပေါင်းတတ်ကြပလား .... (ပေါင်းတတ်ပါပြီ) ဘာနဲ့ ပေါင်းကြမယ်.... (သဒ္ဓါနဲ့, ပညာနဲ့ ပေါင်းရပါမယ်ဘုရား)။

သဒ္ဓါ,ပညာနဲ့ ပေါင်းစမ်းပါဆိုတာ ယနေ့ အပေါင်းအသင်း ပြင်ပေးပါတယ်....(မှန်ပါ့)တကာကြီးလှိုင်....ပေါင်းတတ်ပလား (ပေါင်းတတ်ပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အေး....ပေါ်လာတာ ပေါ်မှန်းသိလို့ရှိယင် အို....ပေါ်လိမ့်မယ်လို့ ဘုရားက ဟောထားတာပဲ.... (မှန်ပါ့) ဒါက သဒ္ဓါနဲ့ ယုံကြည်လိုက်ပါ....(မှန်ပါ့)။

ပြီးတော့မှ သဒ္ဓါနဲ့ယုံကြည်ပြီးတော့မှ ဘုန်းကြီးတို့ ဒကာဒကာမတွေက အင်း.... ပညာနဲ့ ကြည့်လိုက်စမ်းပါ.... (မှန်ပါ့) ကြည့်လိုက်တော့ ဘာတွေ့သလဲ....(အနိစ္စ တွေ့ပါတယ်) အနိစ္စ တွေ့တာပဲ, ဖြစ်ပျက် တွေ့တာပဲ၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီလိုတွေ့သွားတဲ့အခါကျတော့ကိုတဲ့ ခင်ဗျားတို့ ကျုပ်တို့ကို ပဋိစ္စသမုပ္ပါဒ် တန်းမလို့ လာတဲ့ တဏှာ,,ဥပါဒါန်, ကံဆိုတော့ သူက ဥပါဒါန်ကျေးဇူးပြုနိုင်သေးသလား....၊မင်ကျေးဇူးပြုရမယ်....(မင်ကျေးဇူးပြုရပါမယ်ဘုရား)။

တခါတည်း ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်....(မှန်ပါ့)မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)ပြတ်သွားကတည်းက ကမ္မဘဝပစ္စယာ ဇာတိ ဆိုတာ လာသေးသလား.... (မလာပါဘုရား)။

ဟာ....ဒါဖြင့် ဦးဘရှင်းတို့ ဘယ်လို ဆောက်တည်လို့ ဖြစ်သွားပါလိမ့်မလဲဆိုတော့ အဖြေထွက်ကြပလား.... (ထွက်ပါပြီ) ဘယ်လိုကြောင့်ပါလိမ့်.... (အပေါင်းအသင်းတည့်လို့ပါဘုရား) အပေါင်းအသင်း တည့်သွားတယ်၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)အပေါင်းအသင်းတည့်သွားတဲ့အတွက် သိပ်ကျေးဇူးများတယ်....(မှန်ပါ့)။

ကဲ....ကိုထွန်းလှိုင်ကြီး နေရာကျပြီနော်....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါ တပည့်တော် ဘယ်အချိန်ရှုရမှာတုံးလို့ မမေးကြနဲ့..... (မှန်ပါ့) ကိုဝ....မေးဖို့လိုသေးသလား....(မလိုပါဘုရား)။

ဟ....ပေါ်တဲ့အချိန်ပေါ့ကွ.... (မှန်ပါ့) ဆိုနိုင်ပြီမဟုတ်လား (ဆိုနိုင်ပါပြီဘုရား) နောက်က ဒကာဒကာမတွေ ဘယ်အချိန် ရှုရမှာလဲ....(ပေါ်တဲ့အချိန် ရှုရမှာပါဘုရား)။

အဲ....ပေါ်တဲ့အချိန် ရှုလိုက်ပြီး ပေါ်တဲ့အချိန် သဒ္ဒါ,ပညာနဲ့ ပေါင်းလိုက် ပြီးတာပါပဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ဒီလို အပေါင်းအသင်း တည့်တဲ့ ပုဂ္ဂိုလ်ကျတော့ ကိုတဲ့ "နိဗ္ဗာနာဘိရတော မစ္စော"တဲ့၊ နိဗ္ဗာန်၌ မွေ့လျော်တဲ့ သတ္တဝါကွတဲ့....(မှန်ပါ့)။

ဒီ အပေါင်းအသင်း တည့်အောင် ပေါင်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့ မွေ့လျော်တဲ့ပုဂ္ဂိုလ်ဆိုတော့ နိဗ္ဗာန်နဲ့ မွေ့လျော်တော့ ဘာဖြစ်သတုံးဆို....အို.... "သဗ္ဗဒုက္ခာ ပမုစ္စတိ"တဲ့၊ အလုံးစုံ ဒုက္ခ တွေမှ လွတ်တာပေါ့ကွတဲ့....(မှန်ပါ့)။

အဲဒါ အပေါင်းအသင်း တည့်တဲ့အတွက် မောင်နိုင်....ဘယ် လောက် ကျေးဇူးများသလဲ.... (များပါတယ်ဘုရား) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တနေ့ကို အထူးအထူးချည့်ပဲ ဦးဘရှင်း... မှတ်နေရတယ်....(မှန်ပါ့) အထူး အထူးသာ မှတ်တယ် ကျုပ်တို့ ဖြစ်ပျက်ထဲ ဝင်တာချည်းပဲ..... (မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘယ်လိုပဲ ဘုန်းကြီးက ကျမ်းတွေ အမျိုးမျိုးကြည့်ပြောပြီး သံကာလ နေပြောသော်လဲ တို့လုပ်ထားတာနဲ့ ကိုက်တယ်သာ မှတ်... (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (လုပ်ထားတာနဲ့ကိုက်ပါတယ်ဘုရား) မကိုက်တာ ပါသေးရဲ့လား....(မပါ—ပါဘုရား)မပါပါဘူးတဲ့....။ ပို့ပြီး အားရှိတာပဲ ထူးတယ်....(မှန်ပါ)။

ကိုဝ....ဘယ့်နှယ်တုံး.... (ပို့ပြီး အားရှိတာပဲ ထူးပါတယ် ဘုရား)။

အားရှိတာပဲ ထူးတယ်ဆိုတော့ ပါဠိတော်လဲ အခုဟာက သံယုတ်ပါဠိတော်က....ဒီလို ပေါင်းလို့ သူ ဟောတော့ ကျုပ်တို့က....သံယုတ်ပါဠိတော်တော့ ဒကာဒကာမတွေက မကြားဖူးဘူး၊ ဘုန်းကြီးက ခေါင်းဆောင်ပြောလို့ အခု ဒီနေ့ညကျမှပဲ ကြားကြရတယ် ထားပါတော့.... (မှန်ပါ) မဟုတ်ဘူးလား.... ဒီနေ့မှပဲ ကြားကြရတယ် ထားပါတော့။

သတိပဋ္ဌာန်ကတော့ များသောအားဖြင့် တွေ့ဖူး ကြုံဖူး များတော့ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ" အင်း ဒါနဲ့လဲ အကိုက်သားပဲ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ် ဘုရား)။

လောဘစိတ် ပေါ်လာယင်....လောဘစိတ်ကို ဖြစ်ပျက်ရှုဆိုတာ မပါဘူးလား.... (ပါပါတယ်)ဒေါသစိတ် လာယင်ကော.... (ဒေါသစိတ် ဖြစ်ပျက်ရှုရပါမယ်) သူ့ပါဠိတော်က မလာဘူးလား.... (လာပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ ကျုပ်တို့က ဒါ ယုံယုံကြည်ကြည်နဲ့ ခန္ဓာကိုယ်ထဲ မပေါ်ဘူးလို့ ဆိုရမှာလား...၊ပေါ်တာကို ယုံကြည်ရမှာလား.... (ပေါ်တာကို ယုံကြည်ရမှာပါဘုရား)။

ပေါ်တာ သူ့ မင်္ဂနဲ့ မပယ်သေးသရွေ့ ပေါ်မယ်ဆိုတာ ယုံကြည်ထားလိုက်....(မှန်ပါ့)ယုံကြည်ပြီးသကာလ ယုံကြည်တော့ ပေါ်တာ သိတယ် ဟုတ်လား....(မှန်ပါ့) ပညာနဲ့ ပေါင်းလိုက်တော့ ပျက်တာ သိတယ်....(မှန်ပါ့)။

ယုံကြည်တော့ကော(ပေါ်လာတာသိတယ်) ပညာနဲ့ ပေါင်းလိုက်တော့ (ပျက်တာသိပါတယ်ဘုရား)။

ဒါဖြင့် ယုံကြည်တော့ ပေါ်တာ သိတယ်ဆိုတော့ အဖြစ်ကို သိတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ပညာနဲ့ ပေါင်းလိုက်တော့.... (အပျက်သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သိတာ (မှန်ပါ့) သဒ္ဓါက ဖြစ်ပေါ်တာ သိတာကိုး....(မှန်ပါ့) ပညာက ...(ပျက်တာ သိပါတယ်ဘုရား)။

ပျက်တာသိတော့ ကျုပ်တို့ ဟောနေကျ တရားထဲပဲ ဖြစ်ပျက် မြင်တာပဲ... (မှန်ပါ့) မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

ဘာမြင်တာပါလိမ့်....(ဖြစ်ပျက် မြင်တာပါဘုရား)။

ဖြစ်ပျက်ပဲ မြင်တော့ ဩော်....ဒီ ကိစ္စဟာ ဘုန်းကြီးက ကျမ်းအမျိုးမျိုးတွေကို နိုင်နင်းပြီးပြောဌာသော်လဲ တို့လုပ်တဲ့ အလုပ်ကို ထောက်ခံချက် အကြီးအကျယ်ပေးတာမှတပါး ဘာမှ မပါဘူး....(မှန်ပါ့)ဒီလို ဆုံးဖြတ်ချက်ချလိုက်ယင် တည့်တယ် (မှန်ပါ့) မတည့်သေးဘူးလား....(တည့်ပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲ.... ဒါဖြင့် ဒကာဒကာမတွေ အားရှိကြပလားလို့ မေးလိုက်ပါတယ် (အားရှိပါတယ်ဘုရား)။

လောဘဖြစ်မှာလဲ မကြောက်ပါနဲ့၊ ဒေါသ ဖြစ်မှာကော.... (မကြောက်ပါဘုရား) အပေါင်းအသင်းလွဲမှာကို.... (ကြောက်ပါတယ်ဘုရား)။

အေး ဒါ မှတ်ရမှာ ဒကာဒကာမတို့၊ ကို၀.... သဘောပါပလား....(ပါ-ပါပြီဘုရား) လောဘဖြစ်မှာကိုလဲ...(မကြောက်ပါဘုရား)မဂ်နဲ့ မပယ်ရသေးယင် ဖြစ်မှာပဲ....(မှန်ပါ)။

မဂ်နဲ့ မပယ်သေးသရွေ့ အကြောင်းတိုက်ဆိုင်ယင် လောဘဖြစ်မှာပဲ....(မှန်ပါ) ဒေါသကော....(ဖြစ်မှာပါပဲဘုရား)။

သို့သော်.. သူတို့သည်ကားလို့ ဆိုလို့ရှိယင် ကျုပ်တို့က မဂ်နဲ့ မပယ်ရသေးလို့ ဖြစ်ငြားသော်လဲ ကျုပ်တို့က ဥပါဒါန်နဲ့ မပေါင်းနဲ့၊ သောကနဲ့ မပေါင်းနဲ့.... (မှန်ပါ) ပညာနဲ့ ပေါင်းချလိုက်.. (မှန်ပါဘုရား)။

သဒ္ဓါ, ပညာနဲ့ ပေါင်းချလိုက်တဲ့အခါကျတော့ သဒ္ဓါက အဖြစ်ကို သိတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား) ပညာက....(အပျက်ကို သိပါတယ်ဘုရား)။

ဒါဖြင့် သူတို့နှစ်ခုသည် ဘာကို သိသတုံးမေးယင်း.... (ဖြစ်ပျက် သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က အနိစ္စ....ဟုတ်လား....(မှန်ပါ) သဒ္ဓါ, ပညာတွေက မဂ္ဂဖြစ်သွားတော့ မဂ်ဆိုတာ ဘာလုပ်ပါလိမ့်မတုံး ဆိုတော့ ရှင်းလို့....တဏှာနောက်က ဥပါဒါန် ကဲ လာ

http://www.dhammadownload.com



သေးသလား....(မလာပါဘုရား)အဲဒီ ကိလေသာတွေဖြတ်တယ်
ကွ..(မှန်ပါ)။

ဒေါ်သနောက်က သောက, ပရိဒေဝ, ကိလေသာတွေ လာ
သေးသလား....(မလာပါဘုရား) အဲဒီကိလေသာတွေဖြတ်တယ်
ကွ....(မှန်ပါ) ဟော.... မဂ်သတ္တိကော မပေါ်သေးဘူးလား....
(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မောင်နိုင်... ဒီ အလုပ်ဟာဖြင့် အကုသိုလ် ဖြစ်ယင်
တို့ အပါယ်သွားရတော့မယ်ဆိုတဲ့ စကားဟာ ဒီနေ့က စပြီး
သကာလ သဒ္ဒါ, ပညာနဲ့ပေါင်းတဲ့ပုဂ္ဂိုလ် မသွားရဘူး (မှန်ပါ)
မပေါင်းတဲ့ပုဂ္ဂိုလ်ဖြင့်....(သွားရပါမယ်ဘုရား)။

ဒီလို ခွဲခြားသိတော့ သိပ် အဖိုးတန်ပါကလားဆိုတာ ပေါ်
လာတယ်....(ပေါ်လာပါတယ်ဘုရား) ဒီလို ခွဲခြားမသိတော့
ကြောက်စရာမဟုတ်လဲ ကြောက်တယ်....(မှန်ပါ) ကြောက်စရာ
ဟုတ်တာလဲ မကြောက်....(မှန်ပါ)။

ဒကာကြီးလှိုင် ဒါဆရာသမားတာဝန်တွေ အကြီးအကျယ်
လိုတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကဲ....ခုတော့ဖြင့်ဆရာဘုန်းကြီးကသံယုတ်ပါဠိတော်ကြည့်ပြီး
ပြောတာလား သတိပဋ္ဌာန်ပါဠိတော်နဲ့ကိုက်ကဲ့လား.... (ကိုက်ပါ
တယ်ဘုရား)အနိစ္စာဝတ သင်္ခါရာနဲ့ကော(ကိုက်ပါတယ်ဘုရား)
ကိုက်တယ်....၊ "ယဒါ ပညာယ ပဿတိ" ဆိုတာနဲ့ကော....
(ကိုက်ပါတယ်ဘုရား)။

---

တကိုယအကြိမ်

http://www.dhammadownload.com



“သဗ္ဗေသင်္ခါရာ အနိစ္စာ ...”ရှေ့နားပေါ်တာက အနိစ္စ....၊ “ယဒါ ပညာယ ပဿတိ”ဆိုတာ ပညာနဲ့ပေါင်း ပြောနေတာ (မှန်ပါ့)။

မောင်နိုင် ... အဲဒီ ပါဠိကတော.... (ပညာနဲ့ ပေါင်းလို့ပြော တာပါ)ကဲ....တထပ်တည်းမနေဘူးလား....(နေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အကုသိုလ်ဖြစ်မှာ ကျုပ်တို့ ကြောက်ရမှာ လား၊အပေါင်းအသင်းလွဲတာကြောက်ရတာလား....(အပေါင်း အသင်းလွဲမှာ ကြောက်ရတာပါဘုရား)။

အို....တယ်အဖိုးတန်ပါလား.... ဒကာဒကာမတို့၊ မမေ့ကြ စမ်းပါနဲ့၊ ဒီဥစ္စာ ခဲခဲယဉ်းယဉ်း သိရတဲ့ အသိပါ....(မှန်ပါ့)။

ဒကာကြီးလှိုင် လွယ်လွယ်နဲ့သိတာ ဟုတ်ကဲ့လား....(မဟုတ် ပါဘုရား)။

ရှေးတုန်းကတော့ ဒကာကြီးလှိုင်တို့ ပေါင်းသင်းဆက်ဆံနေ တာက တဏှာလာလို့ရှိယင် ဥပါဒါန်နဲ့ ပေါင်းလိုက်တာပဲ.... (မှန်ပါ့) ဥပါဒါန်နဲ့ ပေါင်းပြီး **ကံနဲ့** ပေါင်းချလိုက်တယ်.... (မှန်ပါ့)။

**ကံနဲ့** ပေါင်းတော့ ကမ္မဘဝပစ္စယာ ဇာတိ ဆိုပြီးသကာလ သေသည်၏ အခြားမဲ့၌ အပါယ်ဇာတိသာ ရ,ရသွားတယ်.... (မှန်ပါ့)

အဲဒါ မောင်နိုင်က ဘယ့်နှယ်ကြောင့် ဖြစ်သွားပါလိမ့်မလဲ လို့ နောက်က ဒကာဒကာမတွေက မေးယင် ဘယ့်နှယ် ဖြေ ကြမလဲ(အပေါင်းအသင်းလွဲလို့ပါဘုရား) အပေါင်းအသင်းလွဲ တယ်၊သဒ္ဓါ,ပညာနဲ့ မပေါင်းမိဘူး....(မှန်ပါ့)မဟုတ်ဘူးလား....

---

**တတိယအကြိမ်**

http://www.dhammadownload.com



(မှန်ပါ့) ဉပါဒါန် ကံတွေနဲ့....(ပေါင်းမိပါတယ်)သောက ပရိဒေဝတွေနဲ့....(ပေါင်းမိသွားပါတယ်ဘုရား)။

ဒါဖြင့် နောက်က ဒကာဒကာမတွေ အားလုံး အရင်းအချာတွေ ဖြစ်နေတော့ ဩော်....တို့ အပေါင်းအသင်းလွဲတာ သည်ကားဒို့ ဆိုလို့ရှိယင်ဖြင့်....တဲ့ အပေါင်းအသင်းလွဲယင်ပဋိစ္စသမုပ္ပါဒ်က တန်းမြဲတိုင်း တန်းသွားမယ်.... (မှန်ပါ့)အပေါင်းအသင်း မလွဲလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်....( မှန်ပါ့ ) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒကာဒကာမတွေ အင်မတန်မှ ကျေးဇူးများတယ်ဆိုတာ အခု ရှေ့ပိုင်းမှာပြောတာနဲ့ပဲ မောင်နိုင်.... သဘောပေါက်တဲ့ တရားပါ.... (မှန်ပါ့) ကိုဝ သဘောပေါက်ပလား.... (သဘောပေါက်ပါပြီဘုရား)။

သဘောပေါက်ပြီဆိုတော့ ဒါချီးမြှောက်ပြောတာ မဟုတ်ပါဘူး ဒကာဒကာမတို့ ပြင်ပြီး ပေါင်းလိုက်ယင် ပြီးသွားတာပဲ.... (မှန်ပါ့) ပြင်ပြီး ပေါင်းလိုက်တော့ မဂ်ရသွားတယ် (မှန်ပါ့ဘုရား)။

မောင်နိုင်....ဘယ့်နှယ်တုံး (ပြင်ပြီး ပေါင်းလိုက်ယင် မဂ်ရသွားပါတယ်ဘုရား) နောက်က ဒကာဒကာမတွေ ကျေကျေနပ်နပ် သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဒါ ပါဠိတော်နဲ့ကော (ကိုက်ပါတယ်ဘုရား)။

အေး....ပါဠိတော် ဆိုတာက သတိပဋ္ဌာန်ပါဠိတော်နဲ့ ကိုက်တယ်ပြောတာ(မှန်ပါ့)သံယုတ်ပါဠိတော်က သူကခပ်ဆန်းဆန်း

http://www.dhammadownload.com



ပြောထားတော့ မောင်နိုင်က ဖြုန်းကနဲ အင်း....ဒီဟာ တမျိုးပါကလားလို့ ထင်ချင် ထင်နေမယ်နော်... (မှန်ပါ့)။

ကိုင်း... ဒါဖြင့် အပါယ် သွားတတ်တဲ့ အကုသိုလ်သည်ပင်လျှင် အပါယ်မသွားတာကလေးကို ရှေ့တဆင့် တိုးပါနော်.... (မှန်ပါ့)။

ရှေ့တဆင့်တိုးလိုက်တော့ ဥပမာ လောဘစိတ်ကလေး ဖြစ်တယ်၊ သဒ္ဓါက ယုံကြည်တယ်၊ ဩော်....မပယ်သေးယင် ဒီဥစ္စာဖြစ်ရမှာပဲ....သူလဲ ခန္ဓာကိုး၊ ခန္ဓာမို့ ခန္ဓာ ပေါ်တာပေါ့.... (မှန်ပါ့)မပေါ်လာဘူးလား... (ပေါ်လာပါတယ်ဘုရား)။

ခန္ဓာမို့ ခန္ဓာပေါ်တယ်၊ လောဘ ခန္ဓာကလေး ပေါ်လာတာပဲ၊ ဒါဖြင့် ဒါကို မောင်နိုင်က ယုံကြည်ပလား....(ယုံကြည်ပါတယ်ဘုရား)။

ဘယ်လို ယုံကြည်သတုံး....၊ မဂ်နဲ့ မပယ်သေးယင်....ပေါ်ရမှာပဲ....(မှန်ပါ့)။

မဂ်နဲ့ မပယ်သေးယင်... (ပေါ်ရမှာပါပဲဘုရား) ပေါ်ရမှာပဲ၊ ဒါ ယုံကြည်တာပဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ပညာနဲ့ ပေါင်းလိုက်ပါ ဦးဘရှင်းက၊ ပညာနဲ့ပေါင်းလိုက်တော့ လောဘဟာ လောဘအဖြစ်နဲ့ မြင်သလား....အနိစ္စအဖြစ်နဲ့ မြင်သလား....(အနိစ္စအဖြစ်နဲ့ မြင်ပါတယ်ဘုရား)။

ဒါဖြင့် ပညာနဲ့ ပေါင်းလိုက်တဲ့အခါကျတော့ သူက လောဘ အဖြစ်နဲ့ အမှုထမ်းယင် ဥပါဒါန်ကို ကျေးဇူးပြုမယ်.... (မှန်ပါ့) အနိစ္စအဖြစ်နဲ့ အမှုထမ်းတဲ့အတွက် ပညာကို သွားပြီး

http://www.dhammadownload.com



ကျေးဇူးပြုတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

အနိစ္စအဖြစ်နဲ့ အမှုထမ်းတဲ့အတွက်....(ပညာသွားပြီး ကျေးဇူးပြုပါတယ်ဘုရား)။

ပညာသွားပြီး ကျေးဇူးပြုလိုက်တယ်....၊သူသာ အနိစ္စ မမြင်ယင် ဟိုက ပညာက မပေါ်နိုင်ဘူး ...(မှန်ပါ) ပေါ်ပါ့မလား (မပေါ်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အနိစ္စနဲ့ မဂ်နဲ့ ဆက်သွားတယ် ... (မှန်ပါ) တဏှာနဲ့ ဥပါဒါန်နဲ့ မဆက်ဘူး ..၊ဆက်သေးသလား (မဆက်ပါဘုရား)။

ဒါနဲ့ ခင်ဗျားတို့ ရ,ထားတာက တဏှာပစ္စယာ ဥပါဒါန်၊ သဘောကျပလား(ကျပါပြီဘုရား)အခုဟာကတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ အနိစ္စနဲ့ ပညာနဲ့ သွားဆက်တယ်.... (မှန်ပါ) မကွာဘူးလား....(ကွာပါတယ်ဘုရား)။

ဟာ....ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး.... (အပေါ်င်းအသင်း တည့်လို့ပါဘုရား) အပေါင်းအသင်း မှန်သွားလို့.... (မှန်ပါ) ဆိုနိုင်ကြပလား....(ဆိုနိုင်ပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒီ တလုံးဟာ အင်မတန် အရေးကြီးပါကလားဆိုတာ ဦးဘရှင်....တွေးမှ အရေးကြီးမှန်း သိတယ် ... (မှန်ပါ)။

အပေါင်းအသင်း တည့်ဖို့နဲ့ အပေါင်းအသင်းမှန်ဖို့ ဒကာဒကာမတို့ အလွန် အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကဲ....အပေါင်း အသင်း မှန်သွားတော့ အနိစ္စနဲ့ ပညာနဲ့ သွားတွေ့တယ် (မှန်ပါ)အနိစ္စနဲ့ပညာနဲ့ သွားတွေ့တော့ အနိစ္စ မြင်တဲ့အခါကျတော့ အင်း....ဒါ ငါ ထင်သေးရဲ့လား....အနိစ္စပဲ ထင်တော့သလား.... (အနိစ္စပဲ ထင်ပါတော့တယ်ဘုရား)။

ငါထင်ယင်သာ ဒိဋ္ဌိက အပါယ်ပို့မယ်၊ သဘောကျပလား (ကျပါပြီ)အခုတော့ ငါ မထင်တဲ့အတွက်....အနိစ္စမို့ အနိစ္စပဲ သိသွားတဲ့ အတွက် ဒိဋ္ဌိက ပြုတ်သွားတယ်... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ကဲ....ဒါဖြင့် လောဘနဲ့ ဒိဋ္ဌိဟာ အမြဲတမ်း တွဲလျက်ဖြစ်ပြီး သကာလ နေကြောသော်လဲ အပေါင်းအသင်းမှန်သွားတဲ့အတွက် လောဘကလဲ ပြိတ္တာဘုံ မပေးနိုင်ဘူး၊ ဒိဋ္ဌိကလဲ အပါယ်မကျနိုင် ဘူး....(မှန်ပါ)။

လောဘက ပြိတ္တာဘက် သွားတယ်.... (မှန်ပါ) ဒိဋ္ဌိက.... (အပါယ်သွားပါတယ်ဘုရား)။

အပါယ် သွားတယ်ဆိုတော့ ဒကာ ဒကာမတွေ အင်း.... ဒါဖြင့် လောဘဖြစ်လဲ မကြောက်နဲ့ကွ၊ အပေါင်းအသင်းသာ တည့်အောင် ပေါင်းလိုက်...(မှန်ပါ) ဒီတော့ ဦးဘလေးတို့.... ကျေနပ်ပလား(ကျေနပ်ပါပြီ) ဒိဋ္ဌိပါ ပြုတ်သွားတာကော မြင် လိုက်ပလား....(မြင်လိုက်ပါပြီဘုရား)။

ဖြစ်ပျက် မြင်လိုက်ကတည်းကိုက ခိုင်တယ်,မြဲတယ် ကိုဝ ယူ သေးသလား... (မယူတော့ပါဘုရား) ခိုင်တယ်,မြဲတယ် ယူတာ က ဘယ်သူက ယူတာတုံး....(ဒိဋ္ဌိက ယူတာပါဘုရား)။

---

တတိယအကြိမ်

< ဟိ—န်—း—စို—း ဓော—ာ—င်—စ—ဉ် (—၃—) >

http://www.dhammadownload.com



ကဲ....သူမှ မလာတော့ ကိုဝတို့က ငါ့ကွာ....ခက်လိုက်တာ ဒါတွေကလဲ....လို့ ဆိုစရာ လိုသေးသလား....(မလိုပါဘုရား)။

မလိုတော့ပါဘူးတဲ့၊ အပေါင်းအသင်း တည့်သွားပါပြီ.... ဒကာဒကာမတို့နော်....(မှန်ပါ့)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ဟာဘာပုဂ္ဂိုလ်တုံး....“နိဗ္ဗာနာဘိရတော မစ္စော”ပဲကွ....တဲ့ ဘုရားက၊ နိဗ္ဗာနာဘိရတော=နိဗ္ဗာန်၌ မွေ့လျော်သော၊ မစ္စော=သတ္တဝါ ဖြစ်သွားတယ်တဲ့.... (မှန်ပါ့)။

ဒီ သတ္တဝါဖြစ်သွားတော့ ဘာဖြစ်သတုံးတဲ့....၊ “သဗ္ဗဒုက္ခာပမုစ္စတိ” ပေါ့ကွာ .. ဒုက္ခအကုန်ချုပ်တာပေါ့တဲ့....၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မောင်နိုင်ရေ .. အပေါင်း အသင်း တည့်ဖို့ တယ်အရေးကြီးပါကလား....(ကြီးပါတယ်ဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ပထမရှေးဦးစွာ သဒ္ဓါ၊ပညာနဲ့ ဘယ်တရားလာလာ၊ ခန္ဓာကိုယ်ထဲ ဘာနဲ့ပေါ်လာလာ သဒ္ဓါ၊ပညာကိုသာ ပေါင်းမိအောင် ပေါင်းလို့ ရှိယင်ဖြင့် ဘယ် အကုသိုလ်မှ မကြောက်နဲ့တော့.... (မှန်ပါ့) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

သဒ္ဓါ၊ ပညာသာ ပေါင်းမိလို့ရှိယင် (ဘယ်အကုသိုလ်မှ ကြောက်စရာမလိုပါဘုရား)။

ဘယ်အကုသိုလ်မှ မကြောက်နဲ့တော့၊အကုသိုလ်ဟူသရွေ့က အနိစ္စချည်း သွားဖြစ်ရမယ်(မှန်ပါ့) မဖြစ်ပါနဲ့ဆိုလို့ရရဲ့လား....

---

တတိယအကြိမ်

http://www.dhammadownload.com



(မရပါဘုရား) မရတော့ဘူး ဆိုတာ ကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကဲ ဒါဖြင့် အကုသိုလ်ဆိုကြောက်ရတာချည်းလား၊အပေါင်းအသင်း လွဲမှာသာ ကြောက်ရတာချည်းလား(အပေါင်းအသင်းလွဲမှာသာကြောက်ရတာချည်းပါဘုရား)ရှင်းကြပလား(ရှင်းပါပြီဘုရား)။

အကုသိုလ်ဆိုယင် ရှေးကတော့ ဘယ့်နှယ်တုံး....(ကြောက်ရတာချည်းပါဘုရား)။

အခုတော့ဖြင့် အဲဒီ့ အကုသိုလ်ကိုမကြောက်နဲ့.... (မှန်ပါ့) အပေါင်းအသင်းမှားမှာသာ (ကြောက်ရပါတယ်ဘုရား)။

အပေါင်းအသင်း တည့်လို့ရှိယင် သူက ရန်သူက မိတ်ဆွေလုပ်လိမ့်မယ်ဟေ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ သူတို့ကလဲ မောင်နိုင်က အကြောင်း တိုက်ဆိုင်အာရုံနဲ့ တိုက်ဆိုင်လာတဲ့အခါ ကိုယ်ဝယ်ချင်တဲ့ ကျောက်နဲ့တွေ့နေတဲ့အခါ ကိုယ့်မှာလဲ အထုပ်ကလေးက မပြည့်သေးတဲ့အခါကျတော့ လောဘဖြစ်မှာပဲ....(မှန်ပါ့) မဖြစ်ပါနဲ့ ဆိုလို့ (မရပါဘုရား)။

မရဘူး ၊ အဲ....မရတော့ မောင်နိုင်က ဘာနဲ့ ပေါင်းမယ် သဒ္ဓါ,ပညာနဲ့ ပေါင်းလိုက်....(မှန်ပါ့)။

သဒ္ဓါက ဩော်....မပယ်သေးလို့ ပေါ်နေတာကိုး(မှန်ပါ့) မယုံကြည်ဘူးလား....(ယုံကြည်ပါတယ်)မဂ်နဲ့ မပယ်သေးတော့ သူလာနေဦးမှာပဲ... (မှန်ပါ့) ဒါ ယုံကြည်ပလား... ၊မယုံကြည်ဘူးလား....(ယုံကြည်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲ....ယုံကြည်တဲ့သဒ္ဓါနဲ့ ပေါင်းပြီးသကာလ ပညာနဲ့ တခါ ဆက်ပေါင်းလိုက်....(မှန်ပါ့)။

ဒကာကြီးလှိုင်....ပညာနဲ့ ဆက်ပေါင်းလိုက်တော့ ဘာဖြစ်သွားသလဲ....(မဂ္ဂဖြစ်သွားပါတယ်) အနိစ္စကို မြင်သွားတယ်....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

အနိစ္စ မြင်သွားတော့ ယုံကြည်တဲ့ သဒ္ဓါနဲ့ ပညာနဲ့ ပေါင်းလိုက်တာ မောင်နိုင်ရေ....မဂ်ဉာဏ်တောင် ရလိုက်သေးတယ်...(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်....(မဂ်ဉာဏ်တောင် ရလိုက်ပါသေးတယ် ဘုရား)။

မဂ်ဉာဏ်တောင် ရလိုက်သေးတယ်ဆိုတော့ ကျုပ်တို့မှာတဲ့....အင်မတန်မှ ဝမ်းသာစရာ ကောင်းပါတယ်....(မှန်ပါ့)။

အင်မတန်မှ ဝမ်းသာစရာကောင်းတယ်၊ ဒါဟာ အပေါင်းအသင်းတည့်လို့ ဆိုတဲ့ အဓိပ္ပာယ် ရှင်းပလား.... (ရှင်းပါပြီ)။

ကောင်းပြီ.... ဒါဖြင့် ဒီလိုချည်းပဲ ဒကာ ဒကာမ တွေက ဘာမှ မကြောက်နဲ့၊ ဟာ....တပည့်တော် ဝိတက်တွေများလွန်းလို့ ရှုမဖြစ်ဘူးဆိုလို့ရှိယင်လဲ သဒ္ဓါ၊ပညာနဲ့ ပေါင်းလိုက်....(မှန်ပါ့ ဒီဝိတက်ကိုပဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက် ရှုလိုက်။

ဟာ ...ဒီနေ့တော့ ဘုရား....တပည့်တော် အိမ်ကိုက စိတ်မချမ်းသာ, လက်မချမ်းသာနဲ့ လာခဲ့ရတဲ့အတွက် အားထုတ်ရပေမယ့်လဲ မဖြောင့်ဘူး....၊ ဟ....ဘာကြောင့် မဖြောင့်တာတုံး

http://www.dhammadownload.com



မချမ်းသာတာတွေ ပေါ်နေလို့....၊ အဲဒီ မချမ်းသာတာ ရှု.... (မှန်ပါ့)။

မချမ်းသာတာ စိတ်ဒုက္ခတွေ ဒေါမနဿစိတ်တွေပဲ (မှန်ပါ့)၊ အဲဒီ မချမ်းသာတာတွေကို သဒ္ဓါ၊ ပညာနဲ့ ပေါင်းလိုက်.... (မှန်ပါ့)။

ဩော်....မချမ်းသာတာလဲ မင်္ဂနဲ့ မပယ်သေးတော့ မချမ်းသာတဲ့စိတ်တွေ ပေါ်သေးတာပဲ....(ပေါ်ပါတယ်ဘုရား) သဒ္ဓါ ပညာနဲ့ ပေါင်းလိုက်တော့ မချမ်းသာတဲ့ စိတ်ဟာ ဘာဖြစ်သွားသလဲ... (ဖြစ်ပျက် ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်နဲ့ မင်္ဂနဲ့ မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

အဲဒီတော့ မချမ်းသာတာလဲ ခင်ဗျားတို့ မိတ်ဆွေဖြစ်သွားမှာပဲ... (မှန်ပါ့) ချမ်းသာတဲ့စိတ်ကလဲ.... (မိတ်ဆွေဖြစ်သွားမှာပါပဲဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ အရေးအကြီးဆုံး အချက် ဒီနေ့ ဟောတာသည် သဒ္ဓါပညာနဲ့ ပေါင်းဖို့ပဲ ပါဠိတော်က အရေးကြီးတယ်....(မှန်ပါ့)။

ဒကာကြီးလိုင် ဘာအရေးကြီးသတုံး (သဒ္ဓါ၊ပညာနဲ့ပေါင်းဖို့ အရေးကြီးပါတယ်ဘုရား)။

ဒကာ ဒကာမတို့ တရားများသလား.... နည်းနည်းကလေး ရှိသေးသလား.... (နည်းနည်း ရှိပါသေးတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နည်းနည်းကလေးရှိသေးတယ်။ နာရီကသာစေ့လို့နေတာ။ ဒီနှစ်လုံးပဲ ပြောနေတယ်.... (မှန်ပါ့)။ ဒီ့ပြင် မပါသေးဘူး.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် သဒ္ဓါပညာနဲ့ ပေါင်းလိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့်....တဲ့ ခင်ဗျားတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်ပြီလို့ မှတ်လိုက်....(မှန်ပါ့)။

ဘာတဲ့တုံး....(ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်ပါပြီဘုရား)။

ရှေ့က ဖြစ်ပျက်ကိုး၊ နောက်က အမှန်မြင်တဲ့ သမ္မာဒိဋ္ဌိ.... (မှန်ပါ့)သမ္မာဒိဋ္ဌိမဂ္ဂင်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ သဒ္ဓါပညာနဲ့ ပေါင်းလိုက်တာ ကိုဝရေ....နေရာကျသွားပြီတဲ့၊ ဘာဖြစ်သွားသတုံး ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်သွားပြီ....(မှန်ပါ့) ဒါက ရှေ့တိုးမှတ်ဖို့။

သဒ္ဓါ, ပညာနဲ့ ပေါင်းလိုက်တာ ဘာဖြစ်သွားသတုံး.... (ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သွားပါပြီဘုရား)။

ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သွားပြီတဲ့၊ ဘာလို့တုံးဆိုတော့.... လာသရွေ့ကို သူသည် သဒ္ဓါနဲ့ ပေါင်းပြီး ပညာနဲ့ ရှုပြီတဲ့.... (မှန်ပါ့) မရှုသေးဘူးလား.... (ရှုပါပြီဘုရား)။

ရှုလိုက်တော့ ရှေ့ပိုင်းက ဖြစ်ပျက်, နောက်ပိုင်းက မဂ် ဆိုတော့ ကိုဝ....ဝိပဿနာ သမ္မာဒိဋ္ဌိ.... (မှန်ပါ့) သဘောကျ ပလား (ကျပါပြီဘုရား)။

ရှေ့က ရှုစရာကိုးဗျ။ နောက်က အမြင်ကိုးဗျ.... (မှန်ပါ့) အဲ....ရှုစရာနဲ့ အမြင်နဲ့ ပေါင်းလိုက်တော့ သူက ဝိပဿနာ၊ သူက အမှန်မြင်သို့ သမ္မာဒိဋ္ဌိဆိုတော့ ဝိဿနာ သမ္မာဒိဋ္ဌိ....

http://www.dhammadownload.com



(မှန်ပါ့) ရှင်းပလား....( ရှင်းပါပြီ ) ပေါ်ကြပလား.... ဒကာ ဒကာမတို့....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် စိတ်ပျက်လဲရှု...(မှန်ပါ့ဘုရား)ပျော်နေလဲ.... (ရှုရပါမယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ပျင်းနေလဲ....(ရှုရပါမယ်ဘုရား)ပျင်းယင် ပျင်းစိတ် ရှုပေါ့ (မှန်ပါ့)။

ပျင်းတာ ကိုဝ.... တခြားတရားလို့ ကိုပေါ်က မှတ်မနေနဲ့ အလိုမကျလို့ ပျင်းတယ်....(မှန်ပါ့) ဒေါသ အနုစားလို့ မှတ် လိုက်ပါ....(မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်.... (ဒေါသ အနုစားပါဘုရား) ဒါဖြင့် ဒါကလေး ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

အဲ....ဖြစ်ပျက် ရှုလိုက်တော့ ခြော်....အလိုမကျဆိုတာ ပျင်း စိတ်ကို....ဒေါသ၊ဒေါသဆိုတာ အနာဂါမ်မှ ပယ်နိုင်တာ၊အနာ ဂါမ် မဟုတ်သေးတော့ ပေါ်တာပဲလို့ ယုံကြည်လိုက် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနာဂါမ် မဟုတ်သေးတော့ (ပေါ်တာပဲဘုရား) အဲဒါ ဘယ်သူ့ သတ္တိပါလိမ့်....သဒ္ဒါသတ္တိနော်.... (မှန်ပါ့) ယုံကြည် တယ် မဟုတ်လား....(မှန်ပါ့)။

မဂ်နဲ့ မပယ်သေးတော့ ဘာတဲ့.... (ပေါ်မှာပါပဲ ဘုရား) ဒါက ဘယ်သူ့သတ္တိတုံး....(သဒ္ဒါ သတ္တိပါဘုရား)။

ဒါ ယုံကြည်တာပေါ့ မောင်နိုင်ရ....(မှန်ပါ့)ခြော်....မဂ်နဲ့ မပယ်သေးတော့ ပေါ်ရမှာပဲ ဒီတရားရှိရမှာပဲဆိုတာ မသေ ချာဘူးလား....(သေချာပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကဲ....ဒါဖြင့် ပညာနဲ့ ပေါင်းလိုက် မောင်နိုင်.... ဘယ့်နှယ်တုံး....(အနိစ္စဖြစ်သွားတယ်)ဖြစ်ပျက်ဖြစ်သွားတယ်။သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားမကိုက်ဘူးလား.... (ကိုက်ပါတယ်ဘုရား)။

အဲ....ကိုက်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့ ဝိပဿနာ မဂ်သွားဖြစ်တယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာမဂ်တဲ့....(ဝိပဿနာမဂ် သွားဖြစ်ပါတယ်ဘုရား)။

ကဲ ဒါဖြင့် ကျုပ်တို့က ဘယ်ဟာ လာလာ သဒ္ဓါ၊ ပညာဖြင့် လက်မလွှတ်ပါဘူး ပေါင်းသင်းပါ့မယ်လို့ ဆိုလို့ ရှိယင် ဒီသဒ္ဓါဟာ သဒ္ဓိန္ဒြေ သွားဖြစ်မယ်။ သဒ္ဓါရိုးရိုး မဟုတ်တော့ဘူး....(မှန်ပါ့)။

လာတိုင်း ပေါင်းလို့ရှိယင် မောင်နိုင်....သဒ္ဓိန္ဒြေ.... (ဖြစ်ပါတယ်ဘုရား) သဒ္ဓိန္ဒြေဆိုတာ အစိုးရတယ်။ ဒီ့ပြင် တရားတွေပေါ်မှာ အကုန်အစိုးရတယ်....(မှန်ပါ့)။

ပညာကလဲ ဘာဖြစ်မယ်....(ပညိန္ဒြေ ဖြစ်ပါတယ်) ပညိန္ဒြေဖြစ်မယ်။ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကြပ်ကြပ်ရှုပေး၊ လာသမျှကို သူတို့ နှစ်ခုနှင့်သာ ပေါင်း....(မှန်ပါ့) ပေါင်းလို့ ရင့်ကျက်လာတဲ့အခါ သဒ္ဓါက ဘာဖြစ်သတုံး....(သဒ္ဓိန္ဒြေ ဖြစ်ပါတယ်) ရှင်းပြီနော်.... (ရှင်းပါပြီ) ပညာက....(ပညိန္ဒြေ ဖြစ်ပါတယ်ဘုရား)။

ကိုင်း....ဒီ့ထက် ရင့်တော့မယ် ခင်ဗျားတို့ လာတိုင်းရှု၊ လာတိုင်းရှု၊ လာတိုင်းရှု၊ ဒီ့ထက် ရင့်တော့မယ်ဆိုတော့ သဒ္ဓါကလဲ

http://www.dhammadownload.com



သဒ္ဒါမဂ္ဂင် သွားဖြစ်တယ်။ ဗောဓိပက္ခိယထဲ သွားဝင်တာပဲ.... (မှန်ပါ့) ပညာကလဲ ပညာမဂ္ဂင် သွားဖြစ်တော့ အဲဒီမှာ အပါယ်လေးပါး တံခါးပိတ်တယ် (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ပညာကလဲ ပညာမဂ္ဂင် သွားဖြစ်တော့ ဘာတုံး.... (အပါယ်လေးပါး တံခါးပိတ်ပါတယ်ဘုရား)။

မဂ်စစ် သွားဖြစ်တယ်....(မှန်ပါ့) မဂ္ဂင်ကျအောင်တိုက်သွားတော့ မဂ်မစစ်သေးဘူးလား... (စစ်ပါတယ်) ဝိပဿနာမဂ် ဟုတ်သေးရဲ့လား....(မဟုတ်ပါဘူးဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မှတ်ပါတဲ့ သဒ္ဒါက သဒ္ဓိန္ဒြေ–သဒ္ဒါ ဗိုလ်နော်....(မှန်ပါ့)သဒ္ဒါ မဂ္ဂင်၊ ရိပ်မိပလား....(မှန်ပါ့) မဂ္ဂင် ရှစ်ပါးအာဆိုတာ သူကလဲ ပါရသေးတယ်.... (မှန်ပါ့) မပါယင် မပြီးဘူး။ သူက သဟဇာတ အဖြစ်နဲ့ ပါရတယ်။ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် လုပ်စ,မှာ သဒ္ဒါလို့ မှတ်ပါနော်.... (မှန်ပါ့) နည်းနည်းကလေး ရှုပါများလာတော့ သဒ္ဓိန္ဒြေ၊ သဘောကျပလား (ကျပါပြီ) တော်တော် ရင့်လာတော့ သဒ္ဒါဗိုလ် သွားဖြစ်တယ် ရှင်းပလား....(ရှင်းပါပြီ) နောက် ဒီ့ထက်ရင့်လာတော့ သဒ္ဒါ မဂ္ဂင်....(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အဲဒီကျတော့ လမ်းမဆုံးသေးဘူးလား (ဆုံးပါပြီဘုရား) ဆုံးပြီဆိုတော့ အဲ့ဒါ ခင်ဗျားတို့ ဩော်....ပထမ ရှုစ,တော့သဒ္ဒါပဲ လာမှာပဲ.... (မှန်ပါ့) နောက်ကျတော့ ဘာဖြစ်လာမလဲ.... (သဒ္ဓိန္ဒြေဖြစ်လာပါမယ်ဘုရား)။

## တတိယအကြိမ်

http://www.dhammadownload.com



သဒ္ဓိန္ဒြေဆိုတော့ ဝီရိယိန္ဒြေဆိုတော့ သူ အစိုးရလာပြီကွ....တဲ့— (မှန်ပါ) ဒီ့ပြင်တရားတွေကို သူ တော်တော်နိုင်လာပြီ(မှန်ပါ) နောက်ကျတော့ သူဖြစ်လာပြီ(မှန်ပါ) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဝီရိယိန္ဒြေက အစိတ်အပိုင်းသာ ဆိုရတယ်၊ ဗိုလ်ဆိုတော့ ခေါင်းဆောင်ဖြစ်လာတယ်....(မှန်ပါ)။

နောက်ကျတော့ ဘာဖြစ်မတုံး....မဂ်ဖြစ်တယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား) ဗောဓိပက္ခိယ အသင်းအပင်းမဂ္ဂင်မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဖြစ်သွားတဲ့အခါကျတော့ ခင်ဗျားတို့ အပါယ်လေးပါး ကျပါဦးမလား....(မကျပါဘုရား)။

မကျတော့ဘူးဆိုတော့ ဒါဖြင့် တို့ ဘယ်နှယ်ကြောင့် ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး မရသေးပါလိမ့်မတုံးဆိုတော့ အို သဒ္ဓါရှိးရှိးကညံ့သေးတယ်ကွာ....(မှန်ပါ) ဝီရိယိန္ဒြေဖြစ်အောင်ပွားလိုက်ဦးမယ်ဆိုပြီး ပွားလိုက်ဦးပေါ့ဗျာ ...(မှန်ပါ) ဝီရိယိန္ဒြေက ဗိုလ်ဖြစ်အောင် လုပ်လိုက်ဦးဆိုတော့ကော.... (ပွားလိုက်ဦး) ဗိုလ်ကမဂ္ဂင်ဖြစ်အောင်လုပ်လိုက်ဦးဆိုတော့ ...(ပွားလိုက်ပါဦးဘုရား)။

ပွားပါများယင် အစဉ်အတိုင်းတက်တာပဲ....(မှန်ပါ) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား) ပွားပါများယင်—(အစဉ်အတိုင်းတက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီထဲမှာ ဒကာဒကာမတွေ အားလုံးပဲ သတိပေးလိုက်ပါတယ်၊ ငါ ဘယ်နှယ်ကြောင့် ဒုက္ခမချုပ်သေးပါလိမ့်

http://www.dhammadownload.com



မတုံးဆိုတော့ သြော်...သူတို့ တက်စရာ ကျန်နေသေးလို့ .... (မှန်ပါ)။

ပညာကလဲ ရှေးဦးစွာ ပညာတမျိုး၊ ပညိန္ဒြေတမျိုး၊ ပညာဗိုလ်ကော...(ဘမျိုးပါဘုရား)ပညာမဂ္ဂင်.... (တမျိုးပါဘုရား) ဒါဖြင့် သူလဲ တက်စရာလေးဆင့်တက်....(မှန်ပါ)။

ပညာရှိုးရှိုးက ဖြစ်ပျက်ပဲမြင်တယ်....(မှန်ပါ) ပညိန္ဒြေဆိုတော့ ဒီပြင်တရားတွေကို ကန့်ကွက်ပြီး သူ့ချည်း သေသေချာချာ မြင်အောင်လုပ်မယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ) ကိလေသာတွေ တွန်းလှန်နိုင်တဲ့ အခြေအနေပေါ့လေ.... (မှန်ပါ)။

ပညာဗိုလ်ဆိုတော့ အနားကိုမသိကြနဲ့ဟေ့–ဆိုတဲ့အဓိပ္ပာယ် မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) ပညာမဂ္ဂင်ကျတော့ သူက မင်းတို့ကို အမြစ်နဲ့တကွ ဖြုတ်ပြီဆိုတာ မလာပေဘူးလား (လာပါတယ်ဘုရား)။

သြော်.... ဒါဖြင့် ကျုပ်တို့ ဘယ့်နှယ်ကြောင့် နိဗ္ဗာန်မရသေးပါလိမ့်မတုံး၊ ပုက္ခုချုပ်တဲ့ နိဗ္ဗာန်ကြီး မမြင်ရသေးပါလိမ့်မတုံး.... ဆိုတော့ ပညာယင်လဲ နုလို့၊ ဣန္ဒြေမထိုက်သေးလို့ ... (မှန်ပါဘုရား)။

ဣန္ဒြေထိုက်ပြီး ဘာထိုက်ရမလဲ....(ဗိုလ်ထိုက်ရပါမယ်) ဗိုလ်ထိုက်ပြီး ဘာထိုက်ရမလဲ .... (မဂ္ဂင်ထိုက်ရပါမယ်) အဲ....မဂ္ဂင်ထိုက်ယင် ပြီးတာပဲ....(မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



ဒီလိုဆိုတော့ ကျုပ်တို့၏ လုံ့လပယောဂစွမ်းရည်အပေါ်မှာ အကုန်ရှိတော့တယ်ဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အခုရေတွင်းတူး အခု ရေသောက်ချင်လို့တော့ မြေထဲကတူးတာ မြေမှုန်တွေရှိဦးမှာပဲ....(မှန်ပါ့)။

နည်းနည်း ကြာကြာကလေး စောင့်ပြီးသကာလ ရေတိမ်သွားတဲ့အခါကျတော့ တနေ့ထက်တနေ့ ကြည်လိုက်မယ်ဆိုတာ ပြောစရာ လိုသေးသလား....(မလိုပါဘုရား)။

ဒုတိယနေ့ သွားကြည့်တဲ့အခါ နောက်ရိပ်ကလေး ရှိသေးတယ်၊ တတိယနေ့ သွားကြည့်တဲ့အခါ မနေ့ကထက် ကြည်လာပြီ၊ စတုတ္ထနေ့ သွားကြည့်တဲ့အခါကျတော့ ဟာ ...အကြည်တန်းကုန်ပြီဟေ့....မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ အခု ရေ တွင်း တူး လို့ အခု ရေကြည်တော့ မသောက်ရဘူး....၊ဒါကလေးတွေရင့်ရင့်–ရင့်ရင့်လာမှ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သွားတရားဟောမည်လို့ စိတ်ကူးလိုက်တဲ့အခါ ဣန္ဒြေတွေ ရင့်–မရင့် ကြည့်တယ်(မှန်ပါ့)ပညာပဲ ရှိသေးသလား ပညိန္ဒြေထိုက်ပလား .. ဗိုလ်ထိုက်ပလား....မဂ္ဂင်ကျအောင် ထိုက်လှပလား....အဲဒါ သွားချိန်တာပဲ .. (မှန်ပါ့)....ဝေနေယျဗ္ဗောသယာဆိုတာ ဒါပဲ....(မှန်ပါ့)။

သတ္တဝါတွေ ချိန်တယ်ဆိုတာ သဘောပါပလား....(ပါပါပြီဘုရား) အဲဒီလိုချိန်ပြီးသကာလ မဂ္ဂင်ထိုက်ခါနီးမှ သွားကူလိုက်တာပဲ....(မှန်ပါ့)သွားလဲကူလိုက်ရော မောင်နိုင် သောတာပန်လဲ

http://www.dhammadownload.com



တည်ရောဆိုကြပါစို့....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ ဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

၀........၀

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( သမ္မာဒိဋ္ဌိ နှစ်မျိုး )

# ညအလုပ်ပေးတရားတော်

( ၂၃ - ၆ - ၆၁ )

....၀၀....

သမ္မာဒိဋ္ဌိနှစ်ခုကိုတဲ့ ဒကာဒကာမတွေ နားလည်အောင် ရှင်းပြမယ်နော်....သမ္မာဒိဋ္ဌိ ဘယ့်နှယ်ကြောင့် ရှင်းရပါလိမ့်မလဲ လို့ ဒကာဒကာမတွေက မေးကြလို့ရှိယင် သမ္မာက–မှန်ကန်တာ၊ ဖြောင့်မတ်တာ၊ ဒိဋ္ဌိက–မြင်တာဆိုတော့ သြော်....မျက်စိနှစ်ကွင်း အလင်းရတဲ့တရားပါလား မှတ်ရမယ်... (မှန်ပါ့)။

သမ္မာဒိဋ္ဌိကို ဒကာဒကာမတို့ နှစ်မျိုးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ်လို့ မှတ်ထားပါနော်..,။

သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးဟောပါလိမ့်....(နှစ်မျိုးဟောပါတယ် ဘုရား)။

သမ္မာက–မှန်ကန်တာ၊ ဖြောင့်မတ်တာ၊ ဒိဋ္ဌိက–မြင်တာ၊ သြော်....ဒါဖြင့် အမှန်မြင်နှစ်မျိုးကို ယနေ့ ထူးထူး ခြားခြား သိရမှာပါကလားလို့ မောင်နိုင်တို့ မှတ်ရမယ်နော်....(မှန်ပါ့)။

http://www.dhammadownload.com



အမှန်မြင်က ဒကာဒကာမတို့ နှစ်မျိုးရှိတယ်တဲ့ ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ .. ကိုင်း....ဒါဖြင့် အမှန်မြင်ဆိုတာက ဖြစ်ပျက်သင်္ခါရမြင်တာ တမျိုး, နိဗ္ဗာန်မြင်တာကတမျိုး၊ နှစ်မျိုးရှိတယ်လို့ မှတ်ကြစမ်းပါ....(မှန်ပါ)။

ဖြစ်ပျက်သင်္ခါရမြင်တာက... (တမျိုးပါ) နိဗ္ဗာန် မြင်တာက (တမျိုးပါဘုရား)ဩော်....ဒါဖြင့်အမှန်မြင်ဘယ်နှစ်မျိုးရှိပါလိမ့် (နှစ်မျိုးရှိပါတယ်ဘုရား)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်က ဒကာ ဒကာမတွေ မှတ်ထားပါ နိဗ္ဗာန်မမြင်ဘူး....(မှန်ပါ) နိဗ္ဗာန်မြင်တဲ့ဉာဏ်က ဒကာဒကာမတို့ ဖြစ်ပျက်ကို မမြင်ဘူး .. (မှန်ပါ) ဒါဖြင့် အမြင် ဘယ်နှစ်မျိုးပါလိမ့် (နှစ်မျိုးပါဘုရား)။

မှတ်ထားပါတဲ့ ဒီဥစ္စာ၊ ဩော်....ငါတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် အပါယ်လေးပါး တံခါးပိတ်အလုပ်လုပ်ပြီး သကာလ နေကြတာ အမြင်နှစ်ခုကို ထူးထူးခြားခြား ခွဲခြားဝေဖန်ပြီး သတိထားမှသာလျှင် တို့သည်ကား ၁–နံပါတ်အမြင် ၂–နံပါတ် အမြင်ဆိုတဲ့ အမြင်နှစ်ခုရှိတာကို အလုပ်သမားတွေ အတွက်မှာ ဖြင့် မောင်နိုင် အရေးတကြီးမှတ်ရမယ် (မှန်ပါ)။

၁–နံပါတ်အမြင်နဲ့ ၂–နံပါတ် အမြင် ဒကာ ဒကာမတို့ အမြင် ဘယ်နှစ်မျိုးပါလိမ့်....( နှစ်မျိုးပါဘုရား ) နှစ်မျိုးလို့ မှတ်ထားပါနော်....(မှန်ပါ)။

ခန္ဓာကို ဉာဏ်စိုက်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့ ခန္ဓာက ဝေဒနာက္ခန္ဓာကပဲ ဒကာဒကာမတွေ ပြောပြော ဝိညာဏက္ခန္ဓာ ဆိုတဲ့ စိတ်ကပဲပြောပြော ပြောချင်တာပြောတဲ့ ဒကာဒကာမ

http://www.dhammadownload.com



တွေအမြင်တော့ဖြင့် ဖြစ်ပျက်အနိစ္စ မြင်မှာပါပဲ....(မှန်ပါ့)။ ဝေဒနာမတွေ့ပါဘူး၊ စိတ်မတွေ့ပါဘူး၊ ရှုဖန်များလာတဲ့အခါ ကျတော့ ဝေဒနာရယ်လို့ ရှုလိုက် ဖြစ်ပြီးပျက်တဲ့ အနိစ္စ,ဒုက္ခ, အနတ္တာတွေတွေ့လိုက်၊ စိတ်ကယ်လို့ ရှုလိုက်ပြန်လဲ မောင်နိုင် ဘာတွေ့သလဲ... (ဖြစ်ပျက်အနိစ္စပဲ တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက်ပဲ တွေ့တယ်ဆိုတော့ ဩော်... ဒါသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် သင်္ခါရဒုက္ခမြင်တာကိုး... (မှန်ပါ့)။

ဘာမြင်ပါလိမ့်....( သင်္ခါရဒုက္ခပါဘုရား ) သင်္ခါရဒုက္ခမြင် တာတဲ့ ဒကာဒကာမတို့နော်....သင်္ခါရဒုက္ခကို မြင်နေပြီ၊ ဒီ အမြင်သည်ကားလို့ ဆိုလို့ရှိယင်လဲ မှတ်လိုက် ဦးဘရှင်းတို့က သာသနာတွင်းမို့မြင်တာ....(မှန်ပါ့)။

အမြင်တော့ အမြင်မှန်ပဲ သူလဲ.... (မှန်ပါ့) အမြင်တော့ အမြင်မှန်ပဲလို့ ကိုဝတို့လဲမှတ်စမ်းပါ၊ဒီနေရာဖြစ်ဒီနေရာပျောက် သွားတာကလေးမြင်လိုက်လို့ ရှိယင်ဖြင့် ဉာဏ်မြင်နော်(မှန်ပါ့) မနောဒွါရနဲ့ မြင်တာလို့ မှတ်ထားစမ်းပါ.. (မှန်ပါ့)။

မနောဒွါရနဲ့မြင်တာ၊ အဲဒီတော့ ဒီနေရာယားတယ်၊ ဒီနေရာ ကလေးပဲ ပျောက်သွားထယ်။ ဒီနေရာ နာတယ်... ဒီနေရာ ကလေးပဲ ပျောက်သွားတယ်၊ အင်း....ဒါသည်ကားလို့ ဆိုယင် သင်္ခါရဒုက္ခမြင်တာလို့ မောင်နိုင် မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘာမြင်တာပါလိမ့်....( သင်္ခါရဒုက္ခမြင်တာပါဘုရား)သင်္ခါရ ဆိုတာက မှန်တယ်တဲ့၊ ဒုက္ခဆိုတာကလဲ မှန်ပါတယ်တဲ့နော်.... (မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



သင်္ခါရဆိုတာက သူများ ပြုပြင်လို့ အကြောင်းတရားက ပြုပြင်လိုက်လို့ ယားတယ်ဆိုလို့ရှိယင် ပိုးကောင်ကလေးတက်လို့လဲ ယားတတ်တယ်၊ ချွေးဆိုတာ ထွက်ချင်လို့လဲယားတတ်တယ်၊ မိတ်ကလေး ပေါက်လို့လဲ ယားတတ်တယ်.. ဆိုတော့ မောင်နိုင်....တခုခုနဲ့ ထိခိုက်တာတော့ အထင်အရှား....(ထင်ရှားပါတယ်ဘုရား) တခုခုက ပြုပြင်လို့ ပေါ်လာသောကြောင့် သူ့ကို ယားတဲ့ သဘောကလေးဟာ သင်္ခါရလို့ မှတ်ပါ... (မှန်ပါ)။

သူဟာ ဘာတုံးဆိုတော့ ခန္ဓာထဲမှာပေါ်တဲ့ ဝေဒနာက္ခန္ဓာ ဖြစ်နေသောကြောင့် ခန္ဓာက ဒုက္ခသစ္စာ သူ့ကိုက ဒုက္ခသစ္စာ (မှန်ပါ)။

ယားတာကလေးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ယားတာကလေးဟာ ဒုက္ခသစ္စာဆိုတော့ ဪ...သင်္ခါရဒုက္ခဆိုတာမောင်နိုင် ပေါင်းမိပလား... (မှန်ပါ့ပေါင်းမိပါပြီဘုရား) သင်္ခါရဆိုတာက သူ့ကိုမပြုပြင်ပဲနဲ့ ဦးဘရှင်း ပေါ်ပါ့မလား (မပေါ်ပါဘုရား)။

ဒါဖြင့် ပြုပြင်လို့ ပေါ်လာသောကြောင့် သူ့ကိုဘာခေါ်ကြမယ် (သင်္ခါရပါဘုရား) သင်္ခါရလို့ ခေါ်တယ်၊ သို့သော် သူလဲ ဘာခန္ဓာတုံးမေးတော့ ဝေဒနာက္ခန္ဓာပဲ...(မှန်ပါ)။

ဝေဒနာက္ခန္ဓာကိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒကာဒကာမတွေ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ဒီခန္ဓာထဲက ဘယ်ခန္ဓာပေါ်ပေါ် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဩော်....ဒါဖြင့် ဒကာဒကာမတွေ ရှင်းရှင်းကလေး နားထဲမှာထောင်ပါ၊ ဩော်....သင်္ခါရဒုက္ခပါကလား၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဘာတဲ့တုံး....(သင်္ခါရတရားပါဘုရား) သင်္ခါရဒုက္ခ၊ ပြုပြင်လို့ ပေါ်လာသောကြောင့် သင်္ခါရနော်...(မှန်ပါ့) ပေါ်တဲ့ခဏ္ဍာက ဒုက္ခသစ္စာဖြစ်လေသောကြောင့် ဒုက္ခပဲ (မှန်ပါ့)ဒါဖြင့် သင်္ခါရဒုက္ခ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်...သင်္ခါရဒုက္ခဆိုတာ သင်္ခါရဆိုတာကသူတပါး ပြုပြင်လို့ပေါ်တဲ့ ယားမှုကလေး ဒကာကြီးလိုင် .... (မှန်ပါ့) ဒုက္ခဆိုတာက ခန္ဓာပေါ်လာလို့ ဒုက္ခသစ္စာ... (မှန်ပါ့)ဒါဖြင့် သင်္ခါရဒုက္ခ၊ သစ္စာနောက်မှ ပိုတ်လိုက်တာပေါ့နော်....(မှန်ပါ့)။

ဘာဒုက္ခတဲ့တုံး .... (သင်္ခါရဒုက္ခပါ ဘုရား) ဒါဖြင့် ဒကာဒကာမတွေ ရှုခိုင်းပြီးသကာလနေတော့ ဦးဘရှင်း ကြိုးစားရှုစမ်းပါ၊ ဒကာကြီးလိုင် ကြိုးစားရှုစမ်းပါ၊ကိုဝတို့ ကြိုးစားရှုစမ်းပါလို့ ဘုန်းကြီး ရောက်တိုင်း အိမ်ဆွမ်းစားရောက်တဲ့အခါကျတော့ လုပ်ကြရဲ့လားဟေ့ .... နှလုံးသွင်းကြရဲ့လား ဟေ့ .... သင်္ခါရဒုက္ခ အကြည့်ခိုင်းတာ....(မှန်ပါ့)။

ကိုပေါ် ဘာအကြည့်ခိုင်းတာတုံး.... (သင်္ခါရဒုက္ခ အကြည့်ခိုင်းတာပါဘုရား)။

သင်္ခါရက သူများပြုပြင်လို့ ပေါ်လာတဲ့ဝေဒနာ၊ စိတ်ဖြင့်လဲ သူမ္ပ ပြုပြင်လာလို့ ပေါ်လာတဲ့စိတ်....(မှန်ပါ့)ရှင်းပြီနော်(ရှင်းပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ သူများပြုပြင်လို့ ပေါ်လာသောကြောင့် သူ့ကို သင်္ခါရလို့ပဲ ခေါ်လိုက်၊ ပေါ်တဲ့တရားကလေးကို....(မှန်ပါ)၊ ခန္ဓာဖြစ်နေသောကြောင့် သူ့ကို ဘာသစ္စာဖွဲ့မလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒါဖြင့် နှစ်ခုပေါင်းလိုက်တဲ့အခါကျတော့ သင်္ခါရဒုက္ခ (မှန်ပါ) ဒုက္ခသစ္စာ ထည့်ချင်လဲထည့်၊ မထည့်ချင်လဲ တိုတိုပြောချင်တော့ သင်္ခါရဒုက္ခ ... (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာဒုက္ခတုံး.... (သင်္ခါရဒုက္ခပါဘုရား ) အဲဒီ သင်္ခါရဒုက္ခမြင်တာဟာ မင်္ဂ၏ ရှေ့ပြေးမြင်တာလို့ မှတ်လိုက်စမ်းပါ(မှန်ပါ)၊ လောကုတ္တရာမဂ်၏ ရှေ့ပြေးမြင်တာ။

သူမြင်ယင် ဒကာဒကာမတွေက ဩော်....ငါဖြင့် တသံသရာလုံး နောက်က ဆိုးခဲ့တောခဲ့တဲ့ ကံတွေကိုလဲ ဖြတ်တော့မှာပဲ.... သူလာလို့ရှိယင် .. (မှန်ပါ) ဒီဘ၀ မသိမလိမ်မာလို့ မိုက်ထားတဲ့....အကုသိုလ် ကြွေးတွေကိုလဲ အင်း....သင်္ခါရဒုက္ခ သိတဲ့ ဉာဏ်က ရှေ့ပြေးလာပြီ၊ ဒီကြွေးတွေ အကုန်ပြေပြီးသ ကာလအပါယ်တော့ဖြင့် ခန္ဓာနဲ့မဆပ်ရတော့ဘူးလို့မှတ်ပါ....(မှန်ပါ)၊ ဒါ....ရှေ့ပြေးမင်္ဂလို့ခေါ်တယ်....(မှန်ပါ)။

ဒကာဒကာမတို့ ဘယ်လိုခေါ်ကြမယ်.... (ရှေ့ပြေးမင်္ဂလို့ခေါ်ပါတယ်ဘုရား)။

ဦးဝရေ....သင်္ခါရဒုက္ခမြင်ယင် ဘာတဲ့တုံး....(ရှေ့ပြေးမင်္ဂပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲ...စာလိုသုံးတော့ ပုရေစာရိက သမ္မာဒိဋ္ဌိ၊ မဟာစတ္တာလီ သသုတ်မှာလာပါတယ်၊ လုပ်လဲလုပ်ကြပါ၊လုပ်တဲ့စခန်းချည်းပဲ ရှင်းအောင်ပြောနေတယ်လို့ ဦးဘရှင်း သေသေချာချာမှတ်ပါ (မှန်ပါ့) ဒီ့ပြင်တရား ပါသေးလား....(မပါပါဘုရား)။

မပါပါဘူးတဲ့၊ အလုပ်စခန်းမှာ ရှင်းဖို့ပဲ အရေးကြီးနေတော့ ဒီ့ပြင်တရားက ကိုဝတ္ထို...ကိုပေါ်တိုက သေသေချာချာ မှတ်ပါ။ ဒီဟာလုပ်ဖို့ အခြံအရံတရားချည်းပဲမှတ်ပါ (မှန်ပါ့)။

ဒါနတရား ဘုန်းကြီး ဟောတတ်ပါတယ်တဲ့၊ ဟောလိုက်ယင်လဲ အင်မတန် ကျေးဇူးများအောင်ပဲ ဟောတတ်ပါတယ် သို့သော်လဲ သူ့ကိုတွေ့ဖို့ အခြံအရံတရား....(မှန်ပါ့)။

သီလတရားကို ဟောလိုက်ပြန်လို့ ရှိယင်လဲ အင်မတန်ပဲ သီလဆောက်တည်ချင်လောက်အောင် ဘုန်းကြီးတို့ ဟောတတ် ပြောတတ်, ဆိုတတ်ပါတယ်။ သီလကျေးဇူးကိုလဲ များအောင် ပြောတတ်ပါတယ်။ သို့သော်လဲ ဒီဟာမြင်ဖို့ အခြံအရံတရား (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

သမထတရားတွေ ဟောလိုက်မယ်ဆိုလို့ ရှိယင်လဲ ဟောတတ်တာပဲတဲ့၊ ဒကာဒကာမတွေ နားလည်မှုကို ပြောတတ်ပါတယ်။ ဆိုတတ်ပါတယ်။ သို့သော်လဲတဲ့ ဒီဖြစ်ပျက်မြင်မှု၏ အခါ ရဒုက္ခ မြင်မှု၏ အခြံအရံပဲ ရှိသေးတယ်.... (မှန်ပါ့) ကျေနပ်ကြပလား (ကျေနပ်ပါပြီ)။

ဩော်.... ဒီ့ပြင်ဟာတွေက အခြံအရံ အားပေးမှုလောက် ရှိတာပါကလား၊ တကယ်မှုန်းဝင် အစစ်ကဖြင့် လျှပ်ပိုင့်,လှည်း

http://www.dhammadownload.com



ပြိုင်မှာ မှန်းဝင်ပြီး ပန်းဆွတ်တဲ့ဥစ္စာကဖြင့် သင်္ခါရဒုက္ခ စ,တွေ့မှပဲ....(မှန်ပါ) ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သင်္ခါရဒုက္ခ ဆိုတဲ့ဥစ္စာ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်ဆို့ စားစရာမရှိပဲနဲ့ ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ဒါဖြင့် သူ့ကိုတဲ့ စားချင်တဲ့စိတ်ကလေးဟာ ခန္ဓာပဲမဟုတ်လားကွ.. (မှန်ပါ) စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာပဲ မဟုတ်လား....(မှန်ပါ) သူက စားစရာအာရုံကြောင့် ပေါ်လာသောကြောင့် သူ့ကို သင်္ခါရလို့ကော မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား)။

စားစရာ အာရုံက ပြုပြင်လိုက်လို့ ပေါ်လာတာ.... (မှန်ပါ) ညှော်နံ့လို့ ထမင်းဆာလာတယ်။ ဥပမာ ညှော်တည်းဟူသော အကြောင်းကြောင့် ဆာလောင်မွတ်သိပ်တဲ့ လောဘစိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို အာတရားကလေးခေါ်မယ်။ ဒီစိတ်ကလေးကို (သင်္ခါရ တရားပါဘုရား) သင်္ခါရတရားလို့ မြှော....(မှန်ပါ) သို့သော် သူက ခန္ဓာဖြစ်နေသောကြောင့် ခန္ဓာဆိုလို့ ရှိယင်ဖြင့် ဘာသစ္စာဖွဲ့ကြမယ်....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒီစားချင်တဲ့ စိတ်ကလေးကို နှစ်ခုပေါင်းလိုက်တော့ (သင်္ခါရ ဒုက္ခသစ္စာပါဘုရား) သင်္ခါရ ဒုက္ခသစ္စာလို့ ခေါ်ချင်ခေါ်၊ သင်္ခါရဒုက္ခလို့ တိုတိုသုံးချင်သုံး.... (မှန်ပါ)။

ဒကာကြီးလှိုင် ကလေးတွေသင်သလို သင်နေတာနော်.... (မှန်ပါ)ကလေးတွေသင်သလို သင်ပြီးသကာလ ကြော်....သင်္ခါရ

http://www.dhammadownload.com



ဒုက္ခပဲ။ ဒါဖြင့် ခန္ဓာထဲပေါ်လေသမျှ ကိုဝတို့ ကိုပေါ်တို့က မှတ်လိုက် သင်္ခါရ ဒုက္ခချည်းပဲ....(မှန်ပါ)။

ခန္ဓာထဲ ဘာပေါ်ပေါ်.... (သင်္ခါရ ဒုက္ခပါဘုရား) သင်္ခါရ ဒုက္ခချည်းလို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ)။

အဲဒီ ဒုက္ခကို ခင်ဗျားတို့ ဆရာဘုန်းကြီးက မြင်ပလား .... ဒါကလေးဟာ အခုယားလာတယ်၊ စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ အင်း....ဒါကလေးတွေ ဘာကလေးပါလိမ့်မတုံး လို့ ခင်ဗျားတို့ အလုပ်ခွင်ကျတော့ တွေးလိုက်တာပေါ့၊အလုပ် ခွင် မရောက်လို့ရှိယင်လဲ ထိုင်ယင်းထမင်းစားတော့မယ်၊ ထိုင် ယင်း သင်္ခါရဒုက္ခ ပေါ်ပဟလို့ သိလိုက်တာပေါ့....(မှန်ပါ)။

အဲဒီလို သင်္ခါရဒုက္ခကို ကျုပ်တို့နဂိုက မသိခဲ့ဘူး၊ အခုတော့ သင်္ခါရဒုက္ခ ပေါ်လာယင်လဲ နောက်က အသိဉာဏ်ကလေးက မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

အဲဒီ့ သမ္မာဒိဋ္ဌိသည် လောကုတ္တရာမဂ် ပေါ်မလို့ ရှေ့ပြေး အမြင်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) လောကုတ္တရာမဂ် ပေါ် မလို့....(ရှေ့ပြေးအမြင်ပါဘုရား)။

သြော်....ရှေ့ပြေးအမြင်၊ ဒါ...အင်မတန် အရေးကြီးပါက လား၊ လောကုတ္တရာ သောတာပတ္တိမဂ် ပေါ်တော့မလို့ သော တာပန်ဖြစ်တော့မလို့ ရှေ့ပြေးအမြင်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါဘုရား)ကိုပေါ်....သဘောပလား....(သဘောပါပြီ)။

အင်း....သင်္ခါရဒုက္ခမြင်ယင် မဂ်၏ ရှေ့ပြေးအမြင်လို့ မှတ် လိုက်....(မှန်ပါ) သောတာပန် တည်တော့မည့်ပုဂ္ဂိုလ်၏ ရှေ့ ပြေးအမြင်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



သင်္ခါရဒုက္ခ မြင်လို့ရှိယင် ဘယ့်နှယ်ဆိုကြမယ်....(ရှေ့ပြေး အမြင်ပါ)ဘယ်သူ၏ ရှေ့ပြေးတုံးမေးတော့....(သောတာပတ္တိ မဂ်၏ ရှေ့ပြေးပါ)သောတာပတ္တိမဂ်၏ ရှေ့နားကမြင်တဲ့အမြင် လို့ ကိုဝ....ရှင်းထားလိုက်....(မှန်ပါ)။

ဒါဖြင့် သောတာပတ္တိမဂ်ရှေ့နားမှာသောတာပတ္တိမဂ်တော့ မဟုတ်သေးဘူးတဲ့၊ သမ္မာဒိဋ္ဌိတော့ သမ္မာဒိဋ္ဌိပဲနော်....ရှေ့ပြေး သမ္မာဒိဋ္ဌိ .. (မှန်ပါ)မောင်နိုင် ရှင်းပလား....(ရှင်းပါပြီ)။

နောက်က ဒကာဒကာမတွေ ဘာတဲ့....(ရှေ့ပြေးသမ္မာဒိဋ္ဌိ ပါဘုရား)ရှေ့ပြေးသမ္မာဒိဋ္ဌိ။

ဒါဖြင့် ဒီအမြင်ရလို့ရှိယင် ဘုန်းကြီးများက ချီးမြှောက် ပြောတယ်လို့မယူနဲ့၊ ဘုရားဟောတာ အမှန်ကို ပြောနေတဲ့ အတွက် ဒီအမြင်နဲ့သေယင်လဲ အပါယ်မသွားဘူး.... (မှန်ပါ)။

ဒီအမြင်နဲ့သေယင်လဲ... (အပါယ်မသွားပါဘုရား) အပါယ် မသွားပဲနဲ့ သုဂတိသွားပြီး ရောက်ရောက်ချင်း ခုနက မဂ်စစ် အမြင်လာတာပဲ....(မှန်ပါ) ဒီတော့ ဒီအမြင်လဲ သေးသေး သိမ်သိမ်အမြင်လို့ အားလုံး ဒကာ ဒကာမတွေက မယူပဲနဲ့ တယ်ကောင်းတဲ့ အမြင်မှန်ပါကလား....(မှန်ပါ)။

အဲဒီတော့ ခန္ဓာကိုယ်ကို ဒကာဒကာမတွေ စောင့်ကြည့် လိုက်တဲ့အခါကျတော့ ကိုဝတို့ .. ကိုပေါ်တို့ အင်း .. ယားလာ လို့ရှိယင်လဲ သင်္ခါရဒုက္ခပေါ်ပဟာလို့သာ နှလုံးသွင်းလိုက်ဟုတ် လား... (မှန်ပါ) နာလာယင်ကော....(သင်္ခါရဒုက္ခပေါ်ပဟာပါ) စားချင်တဲ့စိတ်ကလေး ပေါ်လာယင်....(သင်္ခါရဒုက္ခ ပေါ်တာ

http://www.dhammadownload.com



ပါဘုရား) အိပ်ချင်တဲ့စိတ်ကလေးပေါ်လာယင်....(သင်္ခါရဒုက္ခ ပေါ်တာပါ)။

ပေါ်သရွေ့ ဘယ့်နှယ်ဆိုကြမလဲ....(သင်္ခါရဒုက္ခပေါ်တာပါ ဘုရား)။

အင်း....ခန္ဓာထဲက တောင့်တင်းလာလဲ သင်္ခါရဒုက္ခ၊ မူးဝေ လာတယ်ဆိုတာကော....(သင်္ခါရဒုက္ခပါဘုရား)။

အဲဒီ့ သင်္ခါရဒုက္ခက ရှေ့ကမြင်တဲ့ဉာဏ်ကလေးက ခြေဉ်.... သင်္ခါရဒုက္ခလို့ ပြောတာက မြင်တဲ့ဉာဏ်....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ)အဲဒီ့ အမြင်ဆိုလို့ ရှိယင်ဖြင့် သစ္စာနုလောမိကဉာဏ် လဲ ဖြစ်ပါပြီ မောင်နိုင်ရာ....(မှန်ပါ့) မဂ်၏ ရှေ့ပြေးဉာဏ်လဲ (ဖြစ်ပါတယ်ဘုရား)။

ဖြစ်ပါပြီ... လို့ သေသေချာချာမှတ်ပါ၊ ဒီအမြင်ဟာဘယ် လောက်ကြီးကျယ်တဲ့အမြင်မှန်ဉာဏ်လဲလို့ ဦးဘရှင်းက မေးလို့ ရှိယင်ဖြင့် သံသရာဖြတ်တဲ့အမြင်....(မှန်ပါ့) မှတ်မိကြပလား.... (မှတ်မိပါပြီ)။

ဘာအမြင်ပါလိမ့်(သံသရာဖြတ်တဲ့အမြင်ပါဘုရား) သံသရာ ဖြတ်တဲ့အမြင်ဆိုတော့ သံသရာရှေ့ သွားရမည့် ဒုက္ခစက်ရဟတ် ကြီးကို ဖြတ်တဲ့အမြင်... (မှန်ပါ့)။

သံသရာရှေ့သွားရမည့် ဒုက္ခစက်ရဟတ်ကို....(ဖြတ်တဲ့အမြင် ပါဘုရား)။

ဖြတ်တဲ့အမြင်ဆိုတော့ ဒီအမြင်ကို ကိုဝတို့က သေးသေး သိမ်သိမ် သာမညကုသိုလ်ကလေးလို့ ယူမလား....အကြီးအကျယ် ကုသိုလ်လို့ ယူမလား.... (အကြီးအကျယ် ကုသိုလ်ပါဘုရား)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



သေသေချာချာ မှတ်ကြပါ ဒကာဒကာမတို့ နားမလည်လည်အောင်ကို ပြောနေတယ်နော်....(မှန်ပါ)။

ဩော်....ဒီအမြင်သည် ဝိပဿနာအမြင်ဆိုလဲ ဟုတ်ပါ၏။ ရှေ့ပြေး သမ္မာဒိဋ္ဌိအမြင်ဆိုလဲ ဟုတ်ပါ၏။ သစ္စာနုလောမိကဉာဏ်ဆိုလဲ ဟုတ်ပါ၏လို့ပဲ သုံးချက်ဆုံးဖြတ်ချက်ချ...(မှန်ပါ) ဒါ...နာမည်သာ တပ်ထားတာ ပြောင်းနေတာ အတူတူပဲ....(မှန်ပါ)။

မဂ်၏ရှေ့ပြေးအမြင်ဆိုယင်ကော.... (ဟုတ်ပါတယ်ဘုရား) ဟုတ်တာပဲတဲ့။ ကဲ.... ဒါဖြင့် ဒကာဒကာမတွေ ဝိပဿနာအမြင်ဆိုယင်ကော....( ဟုတ်ပါတယ်ဘုရား )ဟုတ်နေပြီနော်... (မှန်ပါဘုရား)။

ကောင်းပြီ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အမြင် ဆိုယင်ကော.... (ဟုတ်ပါတယ်ဘုရား)။

ကောင်းပြီတဲ့၊ အင်မတန် ဒီအမြင် သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အဖိုးတန်တဲ့အမြင်ဆိုတာ တရားတပွဲလုံးကပဲ ဆုံးဖြတ်ချက်ချပါ (မှန်ပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒီအမြင်ရှိတဲ့ပုဂ္ဂိုလ်ကိုသာလျှင် ချွတ်တာဗျ...(မှန်ပါ) ဒီအမြင်မပါတဲ့ ပုဂ္ဂိုလ်ကို....(မချွတ်ပါဘုရား)။

ဒါက သံသရာများ ရှည်နေကြတဲ့ပုဂ္ဂိုလ်ဖြစ်လို့ရှိယင်လဲ ဒီအမြင်သူဘယ်တုန်းကမြင်ဖူးပါလိမ့်မလဲဆိုပြီးသကာလဒီအမြင်ကို မြတ်စွာဘုရားက "ဒိဗ္ဗစက္ခုနဲ့ စေတောပရိယ" အဘိညာဏ်နဲ့ တခါတည်း တွေးရရှာတယ်၊ သူ ဘယ်တုန်းကများ ဒီအမြင်

http://www.dhammadownload.com



ကလေး တခါမြင်ဖူးပါလိမ့် မတုံး....လို့ တာ....ဘယ်တုန်းက မြင်ဖူးတယ်ဆိုတော့မှ အဲဒီ့ အမြင်ကလေးရှိတဲ့ပုဂ္ဂိုလ်ဆီကျတော့ မြန်မြန် ကြွတာပဲ....(မှန်ပါ့)နောက် မဂ်ပေါ်ဖို့ရာ သူကူတော့ မှာကိုး....(မှန်ပါ့) လောကုတ္တရာမဂ်ပေါ်ဖို့ ကူတော့မယ်၊ ရှင်း ကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်ဟာ ဘုရားကမချွတ်မနေရတဲ့အမြင်(မှန်ပါ့) ကိုယ့်ဟာကိုယ်သဲ ကျွတ်နိုင်တဲ့အမြင်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီအမြင်သည် (ဘုရား မချွတ်မနေရတဲ့အမြင်ပါ) ဘုရားက ဒီအမြင်ရှိတဲ့ပုဂ္ဂိုလ်ကို မချွတ်မနေနိုင်ဘူး....(မှန်ပါ့) သဘောပါ ပလား....(ပါပါပြီ) ကိုယ့်ဟာကိုယ်လဲ ကျွတ်တမ်းဝင်မည့်အမြင် ဆိုယင်ကော....(မလွဲပါဘုရား)။

အဲဒီလိုဆိုတာ ဘုန်းကြီး သက်သေသာဓက ပြပါမယ်တဲ့ ခင်ဗျားတို့ ဂါထာကလေးတဂါထာကို စူဠပန်....ဆိုတဲ့ ရဟန်း ဟာ သူ့အစ်ကိုက ဂါထာကလေး တဂါထာတည်း၊ တဂါထာ ဆိုတာ အက္ခရာ ရှစ်လေးလီပါပဲတဲ့၊ ၃၂–လုံးရှိတယ်၊အဲဒါတာဝါ တွင်းကျက်တာ မရဘူးတဲ့၊ စာကလေး ၃၂–လုံးကို။

ကိုဝ....ဘယ်လောက် ဉာဏ်ထိုင်းသတုံး.... (ထိုင်းပါတယ် ဘုရား)စူဠပန်ဟာ သိပ်ဉာဏ်ထိုင်းတယ်တဲ့....။

သို့သော်လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ၊သူ့အစ်ကို ကတော့ မင်း လူထွက်ပါတော့ကွာ သာသနာတော်မှာနေလို့ အလကားပါပဲ၊ မင်းလိုလူဟာ သာသနာ ကြီးပွားမှာမဟုတ် ပါဘူး၊ထွက်ရပ်လမ်းလဲ ပေါက်မှာမဟုတ်ပါဘူး၊ သွားတော့

http://www.dhammadownload.com



ဆိုတော့ သူမှိုင်ပြီး ငိုနေတယ်၊ သာသနာတော်မှာလဲ ပျော်ရှ၊ သူ့ဉာဏ်ကလဲ မထိုးထွင်းနိုင်တော့ ဦးဘရှင်း အစ်ကို့ ဩဇာ အာဏာကို ကြောက်ပြီးသကာလ သူ့စိတ်ထဲမှာ အင်မတန် ဆုတ်နစ်တဲ့စိတ် ဖြစ်နေတယ် (မှန်ပါ့)။

သို့သော်....ဘုရားကကြည့်တယ်၊ ဒီအမြင်ကလေးများ ပါရဲ့ လားလို့ ကြည့်လိုက်ပါတယ်၊ ကြည့်လိုက်တဲ့ အခါကျတော့.... ဟို....ဘဝများစွာ သံသရာက ဆင်ပေါ်မှာ ဆင်စီးပြီး သူ ရှင် ဘုရင်ဖြစ်စဉ် အခါတုန်းက ပိတ်ဖြူကလေးနဲ့ မောင်နိုင်မျက်နှာ သုတ်လိုက်တဲ့အခါကျတော့ နဂိုအဖြူကလေးဟာ ချွေးနဲ့ထိသွား တဲ့အခါကျတော့ ညိုရောင်မည်းရောင်ကလေးတော့မလာပေဘူး လား....(လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီ အဖြူကလေးဟာလဲ အမြဲတမ်းမဟုတ် ဘူး၊ အဖြူကလေးဟာလဲ အဖြူပျက်သွားတာပဲလို့ ဆိုတာ တချက်တည်း ထင်ဖူးတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒါ ဘဝများစွာ တသံသရာလုံး ကို၀ ဒီတချက်ထင်ဖူး တယ်....(မှန်ပါ့ဘုရား)။

အဖြူကလေးဟာ ညိုမည်းကလေးဖြစ်သွားတယ်၊ မမြဲလို့ပဲ ဆိုတာကလေး....သခါရ ဒုက္ခကလေး တချက် မြင်ဖူးတယ်.... (မှန်ပါ့)။

အဲဒီကျတော့မှ အဲဒီတုန်းကဟာ တွေးပြီးသကာလ ဩော်.... သူ့အစ်ကိုကလဲ အထွက်ခိုင်းနေပြီ၊ သူကလဲ ဉာဏ်လေးလိုက်တာ

http://www.dhammadownload.com



လွန်လို့... (မှန်ပါ)ဟိုကလဲ စရိုက်မသိလို့ ဖြစ်နေတာ.... (မှန်ပါ ဘုရား)။

စရိုက်မသိတော့ ဘာပေးရမှန်း မသိဘူး....(မှန်ပါ) ဒီစာပဲ အကျက်ခိုင်းနေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲ.... ကွာ.. မင်း ကြာလှတယ်၊ မင်း လူလဲ မထွက်နဲ့၊ မင့် အစ်ကိုက အထွက်ခိုင်းပေမယ့် ငါက မထွက်ရဘူးလို့ပြော....ဆိုပြီးသကာလ ဘုရားက ပိတ်ဖြူကလေး တန်ခိုးနဲ့ ဖန်ဆင်းပြီးသကာလ ဒါက လေးကို လက်နဲ့ လှိမ့်နေကွာ ။

ပိတ်ဖြူကလေး ဟို....ကျုပ်တို့ ဗိုင်းတောင့်ကလေးလိုပေါ့ ဗျာနော်....၊ ရက်ဖောက်ကလေးလိုပေါ့၊ ကိုဝ... ဒီလို ပွတ်ပြီး လှိမ့်နေတော့ သူ့ နဂိုထင်ဖူးတာကလေးက ဒီမှာ ကျေးဇူးပြု ထားတယ်....(မှန်ပါ)။

နဂိုက အဖြူကလေး၊ အခု ဘာဖြစ်သွားသတုံး....(ညိုမည်း သွားပါတယ်)ညိုမည်းသွားတဲ့ အဓိပ္ပာယ်ကလေး မရောက်ဘူး လား....(ရောက်ပါတယ်ဘုရား)။

အဲဒီတွင်မှ အဲဒီကနေပြီးသြော်....ဒီ ဗဟိဒ္ဓပစ္စည်းလဲ ဒီလိုပဲ၊ ခန္ဓာထဲမှာလဲ ဘယ်တရားမဆို ဒီလိုဖြစ်ပြီး ဒီလိုဖောက်ပြန် ပျက်စီးတာချည်းပဲဆိုတာ သင်္ခါရဒုက္ခ သွားတွေ့လိုက်တယ်.... (မှန်ပါ)အဲဒီ အချိန်ကျမှ သူ့ သောတာပန်၊ သကဒါဂါမ်၊ အနာ ဂါမ် ရဟန္တာဖြစ်တယ်....(မှန်ပါ)။

ကိုင်း.. ဘုရားက ဒီလိုပုဂ္ဂိုလ်မှ ကိုဝ၏ လည်ဟောရတာ.... (မှန်ပါ) ဒီ သင်္ခါရဒုက္ခ တကြိမ်မှ မမြင်ဖူးတဲ့ ပုဂ္ဂိုလ်ကျတော့

http://www.dhammadownload.com



ဘုရားဉာဏ်ထဲမှာလဲ မပေါ်လာဘူး....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော် ဒါဖြင့် တို့ သခ်ါရဒုက္ခ မမြင်သေးလို့ ရှိယင်ဖြင့် လူဖြစ်ကျိုးကို မနပ်သေးဘူး....(မှန်ပါ့) သာသနာတွင်း တရားလဲ ဉာဏ်ထဲ မရောက်သေးဘူး....(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် အရေးတကြီး ပြောနေပါတယ် ဆိုတာကိုလဲ ခင်ဗျားတို့ မှတ်ကြစမ်းပါ....(မှန်ပါ့)။

ခန္ဓာထဲ သခ်ါရဒုက္ခတချက်ကို မမြင်ဖူးတဲ့ ပုဂ္ဂိုလ် ဘုရားလဲ တွေ့လဲ မတွေ့ဘူးလို့ ကိုပေါ်မှတ်လိုက်... (မှန်ပါ့)ရှောင်သွားရမှာပဲ...။

ဘုရားနဲ့ တွေ့ပေမယ့်လဲ ဘုရားက သူ့ကို ဘာမှ နှုတ်ဆက်မယ်လဲ မဟုတ်ဘူး၊ တရားထူးသွားပေးလိမ့်မယ်လို့လဲ မျှော်ကိုးရည်ရွယ်ချက်မရှိဘူးတဲ့(မှန်ပါ့)ဘာ့ကြောင့်တုံးဆိုတော့ သူ့မှာ ဥပနိဿယဆိုတဲ့ အားကြီးသော သခ်ါရဒုက္ခမြင်တဲ့ တချက် မရှိဘူးတဲ့... (မှန်ပါ့)မရှိတဲ့ ပုဂ္ဂိုလ်ကျတော့လဲ သွားလဲ မသွားဘူး (မှန်ပါ့)တွေ့ပြန်လဲ အများထဲ ဩော်....ဘုရားက တွေ့တဲ့ပုဂ္ဂိုလ် ကြည်ညိုရုံပဲ တတ်နိုင်တယ်.... (မှန်ပါ့) မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရအောင် သူ ထိုးထွင်းမလာဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဒီ အမြင်ကလေးဟာ အလွန်အရေးကြီးတဲ့.... အမြင်ဖြင့် တို့ မရ,ရအောင် လုပ်ထားမယ်ဆိုတာ တရားတပွဲလုံး

http://www.dhammadownload.com



ဆုံးဖြတ်ချက် ချကြပါ.... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီ ဘုရား)။

ကဲ... ဒကာ ဒကာမတို့ ဒီ အမြင်ကလေး ဘယ် လောက် အဖိုးတန်တယ်ဆိုတာ (တန်ပါတယ်ဘုရား) မဂ်၏ ရှေ့ပြေး အမြင်....(မှန်ပါ့) သမ္မာဒိဋ္ဌိ....(အမြင်ပါဘုရား)ဝိပဿနာကော (အမြင်ပါဘုရား) ကိုင်း ...ကိုဝ ...ကျေနပ်ပလား (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် ဒီ အမြင် မရှိတဲ့ ပုဂ္ဂိုလ် ဒီဘဝ နိဗ္ဗာန်ဝင် အသား ထားစမ်းပါဦး၊ ဘုရားနဲ့ တွေ့တဲ့အခါတောင်မှ ဒီအမြင် မပါတဲ့ ပုဂ္ဂိုလ်ကို ဘုရားသည် ရှောင်ကွင်းသွားတယ် .. (မှန်ပါ့)။

ဒကာ ဒကာမတို့ ကိုယ်ကျိုး မနည်းဘူးလား.... (နည်းပါ တယ်ဘုရား) ဒီအမြင် မပါယင်လေ....(ရှောင်ကွင်းသွားပါတယ် ဘုရား)။

အဲဒီတော့ အခု ဘုန်းကြီးဟောမှာက ဒီဒကာဒကာမတွေ ဒီ အမြင်လဲ မြင်အောင်လုပ်ကြပါ။ လုပ်တဲ့ ပုဂ္ဂိုလ်လဲ လုပ်နေ ကြတဲ့ ပုဂ္ဂိုလ်တွေလဲ မြင်နေကြပါပြီ။မလုပ်သေးတဲ့ ပုဂ္ဂိုလ်ကလဲ ဒီအမြင်တော့ ရအောင်လုပ်ပါ။ ဒီအမြင်ဟာ မဂ်ရတော့မည့် အမြင်ဟေ့... (မှန်ပါ့) ဘုရားချွတ်နိုင်တဲ့ အမြင်ဟေ့....ဘုရားနဲ့ တွေ့လဲပေါ့လေ....(မှန်ပါ့)။

ဟာ.... ကိုယ့်ဟာကိုယ် ဆက်ကြိုးစားမယ်ဆိုလို့ ရှိယင်လဲ ဒီဘဝပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမည့် အမြင်ဟေ့....လို့ ဒကာ ကြီးလှိုင် သေသေချာချာ မှတ်ဗျ....(မှန်ပါ့)အားတော့ မလျှော့ ကြနဲ့ .. (မှန်ပါ့)။

တကိုယအကြိမ်

http://www.dhammadownload.com



ဘာအကြောင်းတုံးလို့ မေးတဲ့အခါကျတော့ ဥပရိပဏ္ဏာသ ပါဠိတော် မဟာစတ္တာလီသသုတ်မှာ လာပါတယ်။ "ပုရေစာရိက သမ္မာဒိဋ္ဌိ" ကွ....တဲ့၊ ပုရေကရှေ့၊ စာရိကက ကျင့်တာ၊ သမ္မာဒိဋ္ဌိ က အမှန်အကန်မြင်တာ၊ သဘောကျပလား....(ကျပါပြီ)။

အဲ....မဂ်၏ ရှေ့ပြေး မြင်တဲ့ အမြင်ပါကွာတဲ့.... ဒီအမြင်ကို သေးသေးသိမ်သိမ်လို့ မမှတ်ပါနဲ့။ လောကုတ္တရာမဂ် ကပ်နေပြီ တဲ့....(မှန်ပါ)။

ကဲ....ဒကာဒကာမတို့ ဘယ်လောက် အားရှိစရာ ကောင်း သတုံး....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီ အမြင်ကလေးမှ မရလို့ရှိယင်ဖြင့် မသေနဲ့ဦး ဆို တာတောင် ပြောဖို့ ဝတ္တရားရှိတယ်....(မှန်ပါဘုရား)။

ဒီအမြင့် မရသေးယင် (မသေနဲ့ဦး) မသေပါနဲ့ဦး ဆိုတာ တောင် ပြောဖို့ဝတ္တရား ရှိပါတယ်တဲ့။ ဒီအမြင်ရလို့ သေယင် ဒုတိယဘဝ နတ်ပြည် ရောက်ပြီးသကာလ နည်းပြည်ရောက်မှန်း မသိခင် မဂ်က အယင်ပေါ်မယ်....(မှန်ပါ) ဒါလောက်ကျေးဇူး များမယ်...(မှန်ပါ)။

ဟာ....ဒါဖြင့် နက်ဖြန် ဘုရားပွင့်မယ်ဆိုလို့ ရှိယင်လဲ ဒီအမြင် ရှိပြီးသား ပုဂ္ဂိုလ်ဟာ ဉာဏ်ထဲလာထင်တယ် (မှန်ပါ) သူ့ကို အယင်ချွတ်ရမယ်။ နို့မဟုတ်ယင် ဉာဏ်ထဲကို မထင်လာဘူး.... (မှန်ပါ)။

ဉာဏ်ဆိုတာက ကိုဝ... မှတ်ထားနော်....အင်မတန်ကြီးကျယ် တဲ့ မှန်ကြီးကို ဒီကနေ ထောင်လိုက်လို့ရှိယင်ဖြင့် အမြင့်ကနေ ထောင်လိုက်လို့ရှိယင်ဖြင့် လေယာဉ်ပျံပေါ်က ပြဒါးသုတ်တဲ့ မှန်

http://www.dhammadownload.com



ကြီး ပြမယ်ဆို ဒီမြို့ဟာ တမြို့လုံး အိမ်တွေဟာ မပါတဲ့ အိမ်ရှိဖို့ အတော်ခဲယဉ်းတယ်။ သဘောကျပလား.... (ကျပါပြီဘုရား)။

လေယာဉ်ပျံပေါ်က–နေသာ ရိုက်စမ်းပါ၊ ဒီမြို့မှာရှိတဲ့ လူတွေလဲ မပါတဲ့ လူဟာ အတော်ရှားမယ် (ရှားပါတယ်) အိမ်တွေကော....(ပါပါတယ်ဘုရား)။

အဲ....ဘုရားဉာဏ်ထဲမှာ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ဟာ ဒီလေယာဉ်ပျံမှန်ကြီးလိုပဲ ချိန်ထားတယ်.... (မှန်ပါ့) ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ် ဒီထဲ အရိပ်လာဝင်တယ်....(မှန်ပါ့)။

အဲဒီ သွားထင်တယ်....(မှန်ပါ့) သဗ္ဗညုတဉာဏ်မြင်ပြီးတဲ့ ပုဂ္ဂိုလ်မှ ဒီထဲ သွားထင်တယ်။ သူ့ဉာဏ်မှန်တော်ကြီးထဲမှာ သွားထင်တယ် .(မှန်ပါ့)။

အဲဒီ ပုဂ္ဂိုလ်ဆီကိုဖြင့် တခါတည်း ဆွမ်းမစားရချင် နေပေစေ သွားလိုက်တာပဲ။ ကိုယ်တော်ကြီး နေမကောင်းဘူးဆိုယင် နေမကောင်းပေမယ့် ငါနေမကောင်းတာ အရေးမကြီးဘူး။ သူကျွတ်တမ်းဝင်ဖို့ အရေးကြီးတယ်....(မှန်ပါ့)။

သူ....နေမကောင်းလို့ ပရိနိဗ္ဗာန်စံသွဲ သူ့မှာ ဘယ်လမ်းမှ သွားစရာမှ မရှိတော့ပဲ၊ နိဗ္ဗာန်စခန်းသာ ရှိတော့တာကိုး.... (မှန်ပါ့) သူ့ကို ငဲ့စရာ ရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဒါဖြင့် ဒီဉာဏ်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ဟာဖြင့် သူ့ဉာဏ်ဝမှာလာထင်လာတယ်ဆိုတာ မောင်နိုင်ဝ်.. ကျေနပ်ပလား ... (ကျေနပ်ပါပြီဘုရား) စူဠပန်ထောက်....(မှန်ပါ့)။

စူဠပန်ထောက်တော့ သူ့အစ်ကိုသိုဖြင့် ဒိဂါထာ မရတာနဲ့ လူထွက်တော့ မင်း အလကားပဲ။ သာသနာဘောင်မှာ ကျေးဇူး

http://www.dhammadownload.com



မများဘူးဆိုပြီး နှင်လို့.... မျက်ရည်တွေ ကျနေတယ်။ ဟိုက ဒီအမြင်မှန်း မသိဘူး... (မှန်ပါ့)။

ဘုရားတော့ ဒီ သဗ္ဗညုတ ဉာဏ်တော်ကြီးက ဉာဏ်မှန်တော်ကြီးက ရှိနေတော့ ကိုဝ... စူဠပန် အရိပ်ကို လာထင်တယ် (မှန်ပါ့)။

ဟ....ဒီကောင် ဒီလို ပေးလိုက်ယင် ခဏကလေးနဲ့ ရမယ်ဆိုတာ ဒါကလေး ပွတ်ပြီး ဖြူတာ, မည်းတာနဲ့ပဲ ခန္ဓာဉာဏ်လှည့်တော့ ဪ....ဒီခန္ဓာထဲလဲ ဒီလိုဟာချည်းပါကလား.... သင်္ခါရဒုက္ခချည်းပါလားဆိုပြီး သင်္ခါရဒုက္ခ ကြည့်ဖန်များတော့ ဆုံးသွားတယ်၊ ဆုံးသွားတော့နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် မဂ်၏ရှေ့ပြေး သမ္မာဒိဋ္ဌိဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို သာမညဆိုလို့ရှိယင် အဖိုးမတန်တဲ့ တရားဆိုလို့ ရှိယင်လဲ အခု နာရီဝက်တိုင်တိုင် ကိုဝ....အပင်ပန်းခံမပြောပါဘူး .. (မှန်ပါ့)ဒီဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကိုသောင်တို့ ပေါ်ပလား (ပေါ်ပါပြီ) ကိုဖူးညိုကြီး ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာလုပ်ကြမလဲ–သင်္ခါရဒုက္ခမြင်အောင်ကြည့်ရမယ်– (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) နို့....ခန္ဓာကိုယ်တကိုယ်လုံးမှာပေါ်လေသရွေ့,ရှိလေသရွေ့ ဟာဘာတွေတုံးမေးကြယင် (သင်္ခါရဒုက္ခတွေပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဩော်....ခင်ဗျားတို့က ဆရာကောင်း မရတော့ ကြောင်တောင်ကွယ် ဖြစ်နေလို့သာ သင်္ခါရဒုက္ခ မတွေ့တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဆရာကောင်း မတွေ့တော့ ကြောင်တောင်ကွယ် ဖြစ်နေတော့ မင်းဖြည်းဖြည်းမှ နိဗ္ဗာန်ရမှာပေါ့ကွာဆိုပြီးသင်္ခါရဒုက္ခကို ထိုးမပြင်ဘူး....(မှန်ပါ့) မင်းဟာ တစ,တစ လုပ်ရမှာပဲ ဆိုတဲ့ ဆရာနဲ့ သွားတွေ့မယ်ဆိုတော့ ကိုဝ....သွားရောပေါ့....(မှန်ပါ့ဘုရား)။

သင်္ခါရဒုက္ခဟာ ရှိတာလား.... မရှိတာလား... (ရှိတာပါဘုရား)။

နို့....သင်္ခါရဒုက္ခ မြင်လို့ရှိယင်လဲ ဘုရားရှိယင်လဲ ဘုရားဉာဏ်တော်ထဲမှာ ဒီပုဂ္ဂိုလ် အယင်ချွတ်ရမယ်....(မှန်ပါ့) ဘုရားမရှိတဲ့ အခါကျလို့ရှိယင် သာသနာအတွင်းရှိနေယင် သင်္ခါရဒုက္ခ ကနေပြီး ဆက်အားထုတ်တော့ သင်္ခါရဒုက္ခ မြင်တဲ့မဂ် ပြီးတော့ကို နိဗ္ဗာန်မြင်တဲ့ မဂ် လာတာပဲ....(မှန်ပါ့) သင်္ခါရဒုက္ခ မြင်တဲ့ သမ္မာဒိဋ္ဌိပြီးတော့....(နိဗ္ဗာန်မြင်တဲ့သမ္မာဒိဋ္ဌိလာပါတယ်) သမ္မာဒိဋ္ဌိနဲ့ မဂ်ဟာ အတူတူပဲ....။

ကဲ....ဦးဘဲရှင်း ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ထမင်းမစားရချင် နေပါစေ။ သိန်းတန်ကျောက်, သောင်းတန်ကျောက် မရချင် နေပါစေ၊ ဒကာဒကာမတို့ ဘာအရေးကြီးရမလဲ....(သင်္ခါရဒုက္ခ မြင်ဖို့ အရေးကြီးပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲ....သင်္ခါရဒုက္ခ မြင်ဖို့ရာဖြင့် အင်မတန် အရေးကြီးတယ် ဆိုတာ မှတ်ပါ။ သင်္ခါရဒုက္ခ မမြင်တဲ့ ပုဂ္ဂိုလ်များ အတွက်မှာ ဘုန်းကြီး ပြောပါ့မယ်၊ခင်ဗျားတို့ ဆုတောင်းနေတာတွေကြား ပါတယ်၊ ခမတ္တေယျ ဘုရားပွင့်တဲ့ အခါကျလို့ရှိယင် လက် ဦးစွာ ဖူးတွေ့ရပါလို၏ တချို့ပါတယ်....( မှန်ပါ့ )မပါဘူး လား....(ပါပါတယ်ဘုရား)။

သင်္ခါရဒုက္ခ မမြင်ရပဲနဲ့ တွေ့လို့ရှိယင်လဲ တွေ့ရုံပဲတဲ့ ကျွတ် တမ်းမဝင်ဘူး ...(မှန်ပါ့)။

သင်္ခါရဒုက္ခကိုယ်က မမြင်ပဲနဲ့ နေလို့ရှိယင်.... (ကျွတ်တမ်း မဝင်နိုင်ပါဘုရား)။

ကျွတ်တမ်း မဝင်နိုင်ဘူးဆိုတော့ မရှုံးဘူးလား....(ရှုံးပါ တယ်ဘုရား) မတွေ့ဘူးလားဆိုတော့ တွေ့ချင်လဲ တွေ့မယ်.... (မှန်ပါ့)တွေ့ပြီးသကာလ တခါ တွေ့ကျိုးနပ်မနပ်ဝေဖန်ဦး.... (မနပ်ပါဘုရား)မနပ်ဘူးဆိုတာ နောက်က ဒကာဒကာမတွေ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ဩော်....ဘုန်းကြီးက ဒီနေ့ဘာ အဓိကထားပြီး သကာလ လိုရင်း ပြောနေပါလိမ့်မတုံး ဆိုတာကော တရားတပွဲ လုံး ရိပ်မိပါပြီ....(ရိပ်မိပါပြီ)ဘာ မြင်စေချင်တာတုံး....(သင်္ခါရ ဒုက္ခ မြင်စေချင်တာပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

သင်္ခါရဒုက္ခ မြင်ဖို့ပဲ အရေးကြီးတယ်၊ ဘယ်နှယ်ကြောင့် ဆရာဘုန်းကြီး ဒါလောက်တောင်သယ်ယူ ပို့ဆောင်ပြီးသကာလ ဒီ ဒကာဒကာမတွေ အရေးတကြီး ဒီ စကားလုံး သုံးပါလိမ့် မတုံးဆိုတော့ ဘုရားနဲ့တွေ့လဲ သူမှ ကျွတ်နိုင်တာ.... (မှန်ပါ့)

http://www.dhammadownload.com



အခု သာသနာတွင်းမှာလဲ သူမှ လောကုတ္တရာမဂ်ကို ရောက်အောင် ကျေးဇူးပြုနိုင်တယ်ဆိုတော့ သူ့အတွက်ဟာ ဘယ်နှယ်ဆိုကြမလဲ....(အရေးကြီးပါတယ်ဘုရား)။

အကြီးတကာ့ အကြီးဆုံးမှာ ခင်ဗျားတို့ ဥပမာ လုပ်နေတဲ့ ကျောက်တွေ, သံတွေ မရချင် ကိစ္စမရှိဘူး၊ ထမင်းတော့ မငတ်ပါဘူး ကိုဝရေ....(မှန်ပါ့)သခ်ါရဒုက္ခမတွေ့လိုက်တာကဖြင့်ဒုက္ခပင်လယ်ဝေလိမ့်မယ်....(မှန်ပါ့)မဝေပေဘူးလား....(ဝေပါတယ်ဘုရား)။

သခ်ါရဒုက္ခမြင်တဲ့ဉာဏ်သည် သံသရာ့ပဋိစ္စသမုပ္ပါဒ်–နောက်လာမည့် ပဋိစ္စသမုပ္ပါဒ်လဲ သူ ဖြတ်တယ်....(မှန်ပါ့) မဖြတ်ဘူးလား....(ဖြတ်ပါတယ်ဘုရား)။

အဲဒီတော့ သခ်ါရဒုက္ခသည်ကားလို့ဆိုယင် သခ်ါရဒုက္ခမြင်တဲ့သမ္မာဒိဋ္ဌိသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကိုဝ အရေးတကြီးပဲ အိမ်ရောက်ကျယင် လုပ်ဖြစ်အောင်လုပ်ပါ....(မှန်ပါ့)။

တချက်မြင်မြင်, နှစ်ချက်မြင်မြင်, များများမြင်မြင် မြင်လေကောင်းလေပဲ....(မှန်ပါ့) များများမြင်ယင်တော့ဖြင့် တကယ့်လောကုတ္တရာမဂ် လာတော့မလို့သာ မှတ်ပေတော့....(မှန်ပါ့) မောင်နိုင်....ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ ဒါ သခ်ါရဒုက္ခ မြင်တဲ့သမ္မာဒိဋ္ဌိသည် မဂ်၏ ရှေ့ပြေး သမ္မာဒိဋ္ဌိ၊ လောကုတ္တရာ မဂ်၏ ရှေ့ပြေး သမ္မာဒိဋ္ဌိ....(မှန်ပါ့) ရှင်းကြပြီနော်.... (ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကောင်းပြီ ဒါဖြင့် တပည့်တော်တို့ကလဲ အားလဲ ထုတ်ပါ ပြီဘုရား....ဒီသင်္ခါရဒုက္ခတွေလဲ ဟိုနေရာမှာ ဖြစ်လိုက် ပျက်လိုက် ဒီနေရာမှာ ဖြစ်လိုက်ပျက်လိုက်၊ ဝေဒနာကလေးတွေရှုလဲ ဖြစ် ပျက် တွေ့ပါတယ်ဘုရား၊စိတ်တွေရှုလဲ ဖြစ်ပျက်ပဲ တွေ့ပါတယ်၊ အဲဒါ သင်္ခါရဒုက္ခတွေဖြင့် တပည့်တော်တို့ တွေ့လှပါပြီလို့ ဆိုလို့ရှိယင် ဒါဟာသင်္ခါရဒုက္ခ တွေ့လှပါပြီလို့ ကိုယ့်ဉာဏ်နဲ့ ကိုယ် ပြောလာကြလို့ရှိယင်ဖြင့်....တဲ့ ဒကာဒကာမတို့ သင်္ခါရ ဒုက္ခ ပြီးလို့ရှိယင် အသင်္ခတသုခ ကူးတော့မယ်....(မှန်ပါ့)။

မှတ်မိပလား....(မှတ်မိပါပြီ)သင်္ခါရဒုက္ခပြီးယင်....(အသင်္ခတ သုခ ကူးတော့ပါမယ်ဘုရား)။

ဩော်....ဒါဖြင့် သူ့ကို ဆုံးအောင်လိုက်၊ သင်္ခါရဒုက္ခတွေ တွေ့တာကို လာသရွေ့သာ သင်္ခါရဒုက္ခပဲ၊သင်္ခါရဒုက္ခပဲ၊ဖြစ်ပျက် ပဲ၊ ဖြစ်ပျက်ပဲလို့ ဆိုချင်ဆို ဒီလိုရှုလို့ရှိယင်ဖြင့် မောင်နိုင်.... သင်္ခါရဒုက္ခ ဆုံးသွားလိမ့်မယ်....(မှန်ပါ့) မဆုံးပေဘူးလား.... (ဆုံးပါတယ်ဘုရား)

အဲ....သင်္ခါရဒုက္ခ ဆုံးလို့ရှိယင်ဖြင့် ရှေ့မဂ် ရှေ့ပြေးသမ္မာ ဒိဋ္ဌိကိစ္စ ကိုဝတို့, ကိုပေါ်တို့ ကုန်ပေါ့.... (ကုန်ပါတယ်ဘုရား) သူလဲ ကုန်ရောတဲ့ ဒကာဒကာမတွေ မဂ်သမ္မာဒိဋ္ဌိ လာတာပဲ.... (မှန်ပါ့)။

သင်္ခါရဒုက္ခလဲ ဆုံးပါရော မဂ်သမ္မာဒိဋ္ဌိ ဝင်လာတယ်၊မဂ် သမ္မာဒိဋ္ဌိက ဘာနဲ့သွားတွေ့သတုံးဆိုတော့ မောင်နိုင် အသင်္ခတ သုခနဲ့ သွားတွေ့တယ်....(မှန်ပါ့) အသင်္ခတ ဆိုတာက နိဗ္ဗာန်။

http://www.dhammadownload.com



ဘယ်သူမှ မပြုပြင်ဘူး သုခ ဆိုတာက ချမ်းသာတာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် သင်္ခါရဒုက္ခ ဆုံးလို့ရှိယင် အသင်္ခတသုခနဲ့ တွေ့ပါသိမ့်မယ်... (မှန်ပါ့)မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

သင်္ခါရဒုက္ခဆုံးယင်.... (အသင်္ခတသုခနဲ့ တွေ့မှာပါဘုရား)။

ကဲ....အားလုံး ဒကာဒကာမတွေ့ လူငယ်တွေရော့ လူကြီးတွေရော ဩော်....နိဗ္ဗာန်ဟာ သင်္ခါရဒုက္ခတွေယင် အနီးကလေးပါကလား.... (မှန်ပါ့) မဂ်ဉာဏ် ရဖို့ရာကော.... (နီးပါတယ်ဘုရား)။

နီးပါတယ်ဆိုတဲ့ ဥစ္စာ အခု မဟာစတ္တာလီသသုတ်က သေသေချာချာ ပြတယ်....(မှန်ပါ့)။

ဥပရိပဏ္ဏာသပါဠိတော်မဟာစတ္တာလီသသုတ်က သေသေချာချာ ပြသောကြောင့်တဲ့... ဒကာဒကာမတို့ ဒီဥစ္စာ လေးလေးစားစားနဲ့ သင်္ခါရဒုက္ခ ရှာဖြစ်အောင် ရှာမှသာလျှင် သင်္ခါရဒုက္ခမြင်တဲ့ ဝိပဿနာ မဂ် လာပြီးမှသာလျှင် အသင်္ခတသုခမြင်တဲ့ လောကုတ္တရာမဂ် လာပါလိမ့်မယ်လို့ ကိုယ်ပေါ်တို့ ကိုဝတ်မှတ်....(မှန်ပါ့)။

ဒါဖြင့် ရှေ့ သမ္မာဒိဋ္ဌိ ပြီးလို့ရှိယင်ဖြင့် သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ ပြီးလို့ရှိယင်ဖြင့် အသင်္ခတသုခဆိုတဲ့.... နိဗ္ဗာန်မြင်တဲ့ သမ္မာဒိဋ္ဌိပဲ လာဖို့ရှိတယ်.... (မှန်ပါ့) ဒီ့ထက် နီးတာတော့.... (မရှိပါဘုရား)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ကို ခပ်နီးနီးနဲ့ တပည့်တော်တို့ဘုရား.... အပါယ်လေးပါး တံခါးပိတ်တဲ့ နိဗ္ဗာန် ဒုက္ခခပ်သိမ်းကင်းငြိမ်း

http://www.dhammadownload.com



တဲ့ နိဗ္ဗာန် ကိလေသာ အပူခေတ်, အလောင်ခေတ်တို့ ငြိမ်းသတ်တဲ့ နိဗ္ဗာန်ကြီးကိုဖြင့် တပည့်တော်တို့ ဘာလုပ်လုပ် တောင်းပြီး သကာလ နေကြတဲ့ ပုဂ္ဂိုလ်ဖြစ်တာ တောင်းပင် တောင်းငြား သော်လဲ သင်္ခါရဒုက္ခ မတွေ့သေးယင် မနီးသေးလို့မှတ်(မှန်ပါ့) ကိုဝ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

သင်္ခါရဒုက္ခ တွေ့မှသာလျှင် အသင်္ခတသုခ ကူးမှာကိုးဗျ.... (မှန်ပါ့)သူ့မှ မတွေ့သေးပဲနဲ့ ကျုပ် ရောက်ချင်လှချည်ရဲ့လို့ ဆိုလို့တော့ဖြင့်.... (မရပါဘုရား) မရနိုင်ဘူးဆိုတဲ့ ဥစ္စာကော ကိုထွန်းလှိုင်တို့ ကျေကျေနပ်နပ် မှတ်ပါ....(မှန်ပါ့)။

ကျေကျေနပ်နပ် မှတ်ကြစမ်းပါ ဒကာဒကာမတို့ ယနေ့ နှစ်လုံးပဲ ပြောမှာပဲ.... (မှန်ပါ့) သင်္ခါရဒုက္ခ မြင်တာရယ်....၊ အသင်္ခတသုခ မြင်တာရယ် ဒီ နှစ်ခုကိုပဲ ပြတယ်....(မှန်ပါ့)။

ဒါဖြင့် သင်္ခါရဒုက္ခမြင်တာက ဝိပဿနာ၊ အသင်္ခတသုခမြင် တာက မဂ်ဉာဏ်၊ ဝိပဿနာမဂ်ဉာဏ်နဲ့ လောကုတ္တရာ မဂ်ဉာဏ် အကူးအဆက်ပြတာပဲ(မှန်ပါ့)ရှင်းကြပလား(ရှင်းပါပြီဘုရား)၊

ဒါဖြင့် ဒကာဒကာမတို့ သင်္ခါရဒုက္ခတွေ မျှားမျှားတွေ့ လို့ရှိယင်ဖြင့် ခင်ဗျားတို့ လက်ခမောင်းသာ ခတ်ပါတော့.... (မှန်ပါ့ဘုရား)။

သင်္ခါရဒုက္ခ မျှားမျှားတွေ့ယင်.... (လက်ခမောင်းခတ်ပါ) လက်ခမောင်း ခတ်တော့တဲ့ ငါ ဒီဘဝတော့ဖြင့် အပါယ် လေးပါး တံခါးပိတ်တဲ့ သောတာပန်တော့ဖြင့် တည်တော့ မှာပဲ....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒကာကြီးလိုင်....သင်္ခါရဒုက္ခ များများတွေ့ယင်.... (သောတာပန် တည်တော့မှာပါဘုရား)။

မတည်မရှိပါဘူး (မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ ပုရေစာရိက ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိတဲ့၊ သမ္မာဒိဋ္ဌိ နှစ်မျိုးပြတယ် .. (မှန်ပါ့)။

ပုရေစာရိက သမ္မာဒိဋ္ဌိဆိုတာ ရှေးဦးစွာ ကျင့်ရမည့် သမ္မာဒိဋ္ဌိ....(မှန်ပါ့) မဂ္ဂ သမ္မာဒိဋ္ဌိဆိုတာက ပုရေစာရိက သမ္မာဒိဋ္ဌိ ရှေ့ပိုင်း ကျင့်ပြီးမှ ပေါ်လာမည့် သမ္မာဒိဋ္ဌိ၊ မောင်နိုင်. ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း....ရှေ့ပြေး သမ္မာဒိဋ္ဌိ.... ဒကာဒကာမတို့.... နော်.... (မှန်ပါ့) သူ ဆုံးတဲ့အခါကျလို့ရှိယင်ဖြင့် သောတာပတ္တိမဂ် သမ္မာဒိဋ္ဌိ၊ သောတာပတ္တိမဂ်ဟာ သမ္မာဒိဋ္ဌိပဲ မောင်နိုင်ရေ.... (မှန်ပါ့)မဂ်လို့ ခေါ်ချင်လဲခေါ်၊ သမ္မာဒိဋ္ဌိလို့ကော... (ခေါ်နိုင်ပါတယ်ဘုရား)။

ခေါ်နိုင်တာပဲဆိုတော့ ကိုဝရေ....သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိပြီးယင် မဂ်သမ္မာဒိဋ္ဌိ လာတယ်လို့ ဆုံးဖြတ်ချက်ချ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှေ့ပြေး သမ္မာဒိဋ္ဌိ လာပြီးယင် သင်္ခါရဒုက္ခမြင်တဲ့သမ္မာဒိဋ္ဌိ လာပြီးယင်....(မဂ္ဂသမ္မာဒိဋ္ဌိ လာပါတယ်) မဂ် သမ္မာဒိဋ္ဌိလာတာပဲဆိုတာ မဟာစတ္တာလီသသုတ်မှာ သေသေချာချာ လာတယ် (မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ ဒီ တရားတွေက ရှေးက ဟောလဲ မဟောကြ၊ ပြောလဲ မပြောကြလို့သာ နိဗ္ဗာန်အဝေးကြီးပါကွာ....တဲ့၊ဦးဘ ရှင်းတို့ ကြားမှာပေါ့....(ကြားပါတယ်ဘုရား)။

အခု သေသေချာချာ ဘုရား ဟောတော်မူတဲ့ ကျမ်းဂန်နဲ့ ဘုရား ဟောတာကို ထောက်ပြီးသကာလ ရှင်းပေးနေတော့ .. ဩော် .. သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ တိုကို ဆရာဘုန်းကြီးကလဲ ပြောထားတယ်၊ တို့ သန္တာန် ဖြစ်ပျက်တာ အဲဒါ သင်္ခါရဒုက္ခပဲ၊ အဲဒါ မြင်အောင် ကြည့်လို့ရှိယင်ဖြင့် ရှေ့ပြေး သမ္မာဒိဋ္ဌိ သေချာပြီ....(မှန်ပါ့)နောက်က မဂ်သမ္မာဒိဋ္ဌိ လိုက်ရုံပဲရှိတော့တယ် (မှန်ပါ့)။

လောကုတ္တရာမဂ် သမ္မာဒိဋ္ဌိ.... (လိုက်ရုံပဲ ရှိပါတော့တယ် ဘုရား)။

လိုက်ရုံပဲ ရှိတော့တယ်ဆိုတော့ မောင်နိုင်တို့က ဩော်.... အဝေးကြီးလို့ ဆိုမလားတဲ့... မသွားတတ်လို့ ဝေးနေတာလို့ ဆိုမလား....(မသွားတတ်လို့ဝေးနေပါတယ်ဘုရား)။

မသွားတတ်လို့ ဝေးနေတာလို့ ခင်ဗျားတို့ ခေါင်းဆောင် က ဝေးနေတော့ နောက်လိုက်က ပျင်းလာတာပေါ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အခုတော့ ခေါင်းဆောင်က နီးပါတယ်လို့ဆိုတာ ဘုရား ဟောနဲ့ သေသေချာချာ ပြောတယ်၊ ပြီးတော့လဲ ကိုယ်တိုင်လဲ လုပ်ကြည့်ပါ အနီးကလေးဆိုတာ ပြောပါလိမ့်မယ်....(မှန်ပါ့ ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒကာကြီးလှိုင် ... ကိုယ်တိုင်လုပ်ကြည့်ယင် .... ( ပြောပါလိမ့်မယ်ဘုရား)အနီးကလေးလို့.. ကိုယ့်ဉာဏ်ကကို–ပြောပါလိမ့်မယ် (မှန်ပါ့)။

အဲဒါကြောင့် တို့က ဉာဏ်လေးတယ် ခက်တယ်....၊ အို... ဉာဏ်လေးတာ ယားတာမှ မသိဘူးလား....လို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ .. (သိပါတယ်ဘုရား)နာတာမှမသိဘူးလား .... (သိပါတယ်ဘုရား)ဝမ်းသာတာမှ မသိဘူးလား....(သိပါတယ်ဘုရား)။

အဲဒီတော့ ဝမ်းသာတာကလေးဟာလဲ စဉ်းစားလိုက်တာပေါ့၊ဝမ်းသာတာကလေးဟာလဲ ဝမ်းသာပြီး ပျောက်သွားတာပဲလို့. ဉာဏ်နဲ့ ဘယ်အခြေအနေကျအောင် ခင်ဗျားတို့ နောက်ကနေ စောင့်ပြီး ကြည့်လိုက်လို့ရှိယင် သူ့အခြေအနေ စောင့်ကြည့်လိုက်လို့ရှိယင် ဝမ်းသာတဲ့ သောမနဿ ဝေဒနာကလေးဟာလဲ ကိုဝ ဖြစ်ပြီး ပျောက်တာပဲ....(မှန်ပါ့)။

ဝမ်းသာတာ ကိုယ်ဝမ်းသာတာမှ ခင်ဗျားတို့က ဆက်ပြီး သကာလ သမ္မာဒိဋ္ဌိနောက်က မလိုက်တော့ မသိတာပေါ့.... (မှန်ပါ့)အခုတော့ ဝမ်းသာလဲ နောက်က သမ္မာဒိဋ္ဌိလိုက်ပါ.... (မှန်ပါ့)ဝမ်းနည်းလဲ....(သမ္မာဒိဋ္ဌိလိုက်ပါဘုရား)။

အင်း....ဝမ်းသာလဲ သမ္မာဒိဋ္ဌိလိုက်ဆိုတာ သောမနဿ ဝေဒနာ ဖြစ်ပျက်မြင်အောင် ပြောတာ.... (မှန်ပါ့) ဝမ်းနည်းလဲ သမ္မာဒိဋ္ဌိလိုက်ဆိုတော့ ဒေါမနဿဝေဒနာဖြစ်လဲ.... (လိုက်ပေးရပါမယ်) လိုက်တော့ ဒေါမနဿဝေဒနာ တွေ့သလား....ဖြစ်

http://www.dhammadownload.com



ပျက်ပဲ တွေ့မလား....(ဖြစ်ပျက်ပဲ တွေ့ပါမယ်ဘုရား) ဒါဖြင့် သင်္ခါရဒုက္ခ တွေ့တာပဲ....(မှန်ပါ)။

ဒကာဒကာမတို့ ဘာတွေ့မလဲ....(သင်္ခါရဒုက္ခ တွေ့ပါမယ်) သင်္ခါရဒုက္ခပဲ တွေ့တယ် ဆိုတော့ ကျုပ်တို့ အတွက်မှာဖြင့် ဒါလောက်တော့ဖြင့် ဝမ်းသာတာနဲ့ ဝမ်းနည်းတာ ကိုဝ.... ကလေးတောင် သိပါတယ်... (မှန်ပါ)၊

ကျုပ် ဝမ်းသာလိုက်တာဗျာ ပြောတာ၊ ကျုပ်ဒီဟာကြား ရတာဗျာ....ဝမ်းနည်းလိုက်တာလို့တော့ ပြောတာ... (မှန်ပါ) ပြော်သာပြောတာ သမ္မာဒိဋ္ဌိက နောက်က မလိုက်တတ်ဘူး.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အခုတော့လိုက်တတ်ကြပလား....(လိုက်တတ်ပါပြီ) ဝမ်းသာ တာကလေးကိုလဲ ရှိသေးသလား မရှိသေးသလားဆိုပြီး ကြည့် လိုက်ဘာပေါ့.... (မှန်ပါ)....ကြည့်လိုက်တော့ ဘာတွေ့သလဲ.... (မရှိတာ တွေ့ပါတယ်ဘုရား)။

မရှိတော့ ဩော်....သင်္ခါရဒုက္ခကလေးဟာလဲ ဒုက္ခ ရောက် သွားတာပဲဆိုဘာဟာ မောင်နိုင် သူများပြောလား ကိုယ့်ရှေ့ မှောက်မှာလား(ကိုယ့်ရှေ့မှောက်မှာပါ)။

ကိုယ့်ရှေ့မှောက်မှာ ဖြစ်နေတော့ ကိုပေါ်တို့ ကိုဝတို့က ဝိပဿနာတယ်ခက်သကိုးဘုရာ့....လို့ဆိုမလားတဲ့၊ ရှိတာမသိဘူး လို့သာ ပြောကြပါတော့....(မှန်ပါ)ခက်တာတော့ဖြင့် (မခက် ပါဘုရား) .. ခက်တာတော့ဖြင့် မခက်ပါဘူးဆိုတာ ဆုံးဖြတ် ချက်ချကြပါ....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ပုရေစာရိက သမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ၊ ပုရေစာရိက သမ္မာဒိဋ္ဌိ တွေဘူမကသင်္ခါရေ အနိစ္စတော ပဿတိဝိမံသတိ တွေဘူမက သင်္ခါရတို့ကို ပရိဝိမံသတိ = သုံးသပ်ပါသတဲ့၊ ခြောက်ရှေ့ပြေးသမ္မာဒိဋ္ဌိက ဒီသင်္ခါရဒုက္ခကို သုံးသပ်တာပဲတဲ့ မောင်နိုင်....(မှန်ပါ)။

သူဖြစ်ပျက်မြင်တာပဲတဲ့၊ သုံးသပ်တာဆိုတာ စာလိုသုံးတာ ဒကာဒကာမတွေ နားလည်မှုနဲ့ဆိုတော့ ကိုယ့်သန္တာန်ပေါ်တဲ့ သင်္ခါရဒုက္ခကိုဖြစ်ပျက်မြင်တာပဲ... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူမြင်ပြီးတော့ကိုတဲ့ ဘာမြင်မှာတုံးဆိုတော့ အို.... သူမြင်ပြီးယင် မဂ်သမ္မာဒိဋ္ဌိလိုက်ပါလိမ့်မယ်က....လောကုတ္တရာမဂ် သမ္မာဒိဋ္ဌိ ချက်ချင်းလိုက်မယ်တဲ့....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပါဠိက ဘယ်လိုဆိုသတုံးဆိုတော့ မဂ္ဂသမ္မာဒိဋ္ဌိပရိဝိမံသန ပရိယောသာနေ....တဲ့ အဲဒီသင်္ခါရဒုက္ခကိုအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ အဲဒီ သင်္ခါရဒုက္ခ မမြင်ပဲ ဖြစ်သွားလိမ့်မယ်တဲ့၊ ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်လိုဖြစ်သွားမယ်... (သင်္ခါရဒုက္ခ မမြင်ပဲ ဖြစ်သွားလိမ့်မယ်ဘုရား)။

သင်္ခါရဒုက္ခမမြင်ပဲ ဖြစ်သွားလိမ့်မယ်....အားထုတ်ယင်းမတ္တနဲ့ မမြင်ပဲဖြစ်သွားလိမ့်မယ်.... (မှန်ပါ) မမြင်တာက အဝိဇ္ဇာဝင်လို့လဲ မဟုတ်ဘူး၊ ရှုလျက်နဲ့ ပျောက်သွားတယ် .... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘာပျောက်မလဲ .... (ရှုလျက်နဲ့ ပျောက်သွားပါလိမ့်မယ်) အဲ ရှုလျက်နဲ့ ပျောက်သွားတော့ကိုတဲ့ သင်္ခါရဒုက္ခ ဆုံးသွားတယ် (မှန်ပါ့)။

မဂ္ဂသမ္မာဒိဋ္ဌိ ပန ပရိဝိမံသနပရိယောသာနေ=သူသည်ကားလို့ဆိုယင် သုံးသပ်လိုက်တာတဲ့၊ သင်္ခါရဒုက္ခ၊ ဟော....သင်္ခါရဒုက္ခ၊ ဟော....သင်္ခါရဒုက္ခ၊ ဟော....သင်္ခါရဒုက္ခနဲ့ သူဖြစ်ပျက်တွေ ရှုနေတာပေါ့လေ....(မှန်ပါ့) ရှုယင်းမတ္တနဲ့ မောင်နိုင်ရေ.... ပရိယောသာနေ .. တဲ့ ဆုံးသွားတယ်တဲ့....(မှန်ပါ့)။

ဆုံးသွားတော့ ဘာဖြစ်သတုံးဆိုတော့ မဂ္ဂသမ္မာဒိဋ္ဌိဟောတိ၊ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တယ်တဲ့ .. (မှန်ပါ့)။

သူဆုံးသွားလို့ရှိယင် .... (မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား) ကဲတခါတည်း သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဖြစ်သွားတယ် (မှန်ပါ့) ကြားသလား....ဒကာဒကာမတို့....(မကြားပါဘုရား)။

မကြားဘူးဆိုတော့ သူက ရှေ့ပြေးပြီး နောက်လိုက် ကိုဝ.... မလိုက်ပါနဲ့ဆိုလို့ ရမလား(မရပါဘုရား) သူ့အစဉ်အတိုင်းကိုးနော်....(မှန်ပါ့ဘုရား)။

သူ့အစဉ်အတိုင်းဆိုတော့ ခင်ဗျားတို့ ဘုန်းကြီးကိုး ပြမယ်တဲ့၊ ခင်ဗျားတို့ ရှင်းလင်းအောင်နော်၊အနန္တရပစ္စယော–အခြားမရှိမူ၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း၊ မလာဘူးလား....(လာပါတယ်)။

နောက်က ဒကာဒကာမတွေ ဘာတဲ့တုံး (အနန္တရပစ္စယော အခြားမရှိမူ၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း)။

—တတိယအကြိမ်

http://www.dhammadownload.com



ဩော်....အခြားမရှိဘူးတဲ့၊ ခုနကသင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ ပြီးလို့ရှိယင်ကွာတဲ့ မဂ်သမ္မာဒိဋ္ဌိ တခါတည်း ပေါ်ရမယ်တဲ့.... (မှန်ပါ့)။

သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိက အနန္တရပစ္စည်း အကြောင်း ပါကွာတဲ့၊ မဂ်သမ္မာဒိဋ္ဌိက အကျိုးပါတဲ့၊ အခြားကို မရှိပါဘူး တဲ့၊ မင်းတို့ ပွားသာပွားပါတဲ့....(မှန်ပါ့)။

ဒီလိုဆိုတော့ ဒကာ ဒကာမတွေ အားငယ်စရာ ပါသေး လား....(မပါပါဘုရား)မလုပ်ဖြစ်မှာပဲ စိုးရိမ်ရတယ်။ အားငယ် စရာ ဘာမှမပါဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒီနေ့ ဟောနေတဲ့ တရားမှာ နှစ်လုံးတည်းနဲ့ပဲ တနာရီစေ့မှာပါပဲ။ မဂ် သမ္မာဒိဋ္ဌိ အခု ရောက်လာပါပြီတဲ့၊ မဂ် သမ္မာဒိဋ္ဌိက မောင်နိုင် ဘယ်အချိန် ပေါ်ပါ့လိမ့်မတုံး၊ ဆုံးတဲ့အချိန်ပေါ်တယ်....(မှန်ပါ့)။

မဂ် သမ္မာဒိဋ္ဌိ ဘယ်အချိန်ပေါ်သတုံး.... (သင်္ခါရဒုက္ခဆုံးတဲ့ အချိန် ပေါ်ပါတယ်ဘုရား) အဲဒါက စာလိုပြောတဲ့စကားနော် (မှန်ပါ့) ဒကာဒကာမတွေ သိလုံးနဲ့ ပြောဖို့ စကားကတော့ ခင်ဗျားတို့ ဖြစ်ပျက်ဆုံးသွားတာ၊ ဖြစ်ပျက် ဆုံးလို့ရှိယင်ဖြင့် မဂ်ဉာဏ်ပေါ်တာပဲ မှတ်လိုက်ဆိုတာနဲ့ အတူတူပဲ.... (မှန်ပါ့) မဂ်ဉာဏ် ပေါ်တာပဲဆိုတာနဲ့.... (အတူတူပါဘုရား) အဲဒီတော့ ကိုယ်က သင်္ခါရဒုက္ခကလေးကို လိုက်နေဖို့ရာဟာ မောင်နိုင်.... အရေးကြီးတယ်....(မှန်ပါ့)။

သင်္ခါရဒုက္ခအဆုံးမှာ သင်္ခါရဒုက္ခကိုမြင်တဲ့ သမ္မာဒိဋ္ဌိအဆုံး မှာ မောင်နိုင် မဂ်သမ္မာဒိဋ္ဌိ လာမလား.... (လာပါတယ်ဘုရား)

http://www.dhammadownload.com



လာရမယ်တဲ့၊ မလာမရှိနဲ့လို့ ဒီဥစ္စာ၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် နီးသလား....ဝေးသလားဆိုတာပဲ အကဲခတ်ပါတော့....(နီးပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ရှေ့ပြေးက သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ....(မှန်ပါ့) သူဆုံးသွားယင် အသင်္ခတသုခကိုမြင်တဲ့ သမ္မာဒိဋ္ဌိလိုက်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အသင်္ခတ သုခကိုမြင်တဲ့.... (သမ္မာဒိဋ္ဌိလိုက်ပါမယ်)သမ္မာဒိဋ္ဌိလိုက်မယ်ဆိုတော့ သြော်....နိဗ္ဗာန်ဟာ ရှေ့က မြင်ကောင်းတာကို မမြင်ယင်သာဝေးတာ....(မှန်ပါ့)မြင်ကောင်းတာကိုမှန်မှန်ကန်ကန် မြင်ရလို့ရှိယင်ဖြင့် ကိုဝ–နီးပြီ....(မှန်ပါ့)ကိုပေါ် ဘယ့်နှယ်ဆိုမလဲ....(နီးပါပြီဘုရား)။

ဒါဖြင့် ရှေ့ပိုင်းမှာ ဆရာမကူယင် မရဘူး(မှန်ပါ့) နောက်ပိုင်းကူဖို့ မလိုဘူး.... (မှန်ပါ့) နောက်ပိုင်းတော့ သူ့သမ္မာဒိဋ္ဌိချင်းဆက်ပြီးကျေးဇူးပြုသွားတယ်၊အနန္တရပစ္စယောကိုး(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေရော နှလုံးသွင်းမည့် ပုဂ္ဂိုလ်တွေရော သြော် ဒီ သမ္မာဒိဋ္ဌိနှစ်ခုဟာကြောင့် ငါတို့သည် ကူးဖြစ်အောင် ကူးမှာပဲ။ တခုက တခု ကူးဖြစ်အောင် လုပ်မှာပဲ ဆိုတဲ့ဥစ္စာကို ဆုံးဖြတ်ချက်ချ... (မှန်ပါ့)။

ဦးဘရှင်း ဒါမရယင် မသေနဲ့ဦးဗျာ.... (မှန်ပါ့) ကိုဝ....တော်ပါ့မလား....(မတော်ပါဘုရား)မတော်သေးဘူးတဲ့၊ ဒါမရလို့ မင်္ဂ သမ္မာဒိဋ္ဌိကို မရဘူးဘုရား.... တပည့်တော် ရှေ့ပိုင်း

http://www.dhammadownload.com



သမ္မာဒိဋ္ဌိနဲ့ သေရတယ်ဆိုတော့ တဘဝ ပဋိသန္ဓေနေဦးမယ်.... (မှန်ပါ့) မနေရပေဘူးလား....(နေရပါတယ်ဘုရား)။

တဘဝ ပဋိသန္ဓေနေတော့ နေရတဲ့ပဋိသန္ဓေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒုက္ခဆိုတာဟာ မတွေ့တာ အကောင်းဆုံးပါပဲ.... (မှန်ပါ့) တခါတွေ့လဲ မကောင်းပါဘူး .. (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အဖန်ဖန်တွေ့မယ်ဆိုတော့ ဆိုဖွယ်ရာမရှိအောင်ပဲ အရုပ်ဆိုးပါတယ်။ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ....ဒကာ ဒကာမတွေ ဒီလို မတွေ့ချင်ဘူးဆိုတော့ သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိဆုံးအောင် လိုက်လိုက်ပါလို့ဆိုတာကိုပေါ်တို့ ကိုဝတို့ ဘုန်းကြီးက မေတ္တာရှေ့ထားပြီးတော့ လုပ်ဖြစ်အောင် လုပ်ပါလို့ ပြောလိုက်တယ်(မှန်ပါ့) မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား) ရှင်းပြီးနော်....ဒကာဒကာမတို့....(ရှင်းပါပြီ)။

အဲဒီတော့ ကဲ .. ပုရေစာရိက သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက်မြင်တာပါပဲ။ အဲဒီ ဖြစ်ပျက်ဆုံးအောင်လိုက်နေ မင့်သမ္မာဒိဋ္ဌိနဲ့နော် (မှန်ပါ့) ဆုံးအောင်လိုက်တဲ့အခါကျတော့ မောင်နိုင် ဆုံးလဲဆုံးရော သင်္ခါရဒုက္ခတွေလဲ မမြင်တော့ဘူးဆိုလို့ ရှိယင်ဖြင့် အသင်္ခတသုခကို မြင်တဲ့ မဂ်သမ္မာဒိဋ္ဌိပေါ်တာပဲ.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ပေါ်တဲ့အချိန်မှာ ဘယ်လိုများ တပည့်တော်တို့ ထူးထူးခြားခြား ခန္ဓာကိုယ်ထဲမှာ ဖြစ်တတ်ပါသတုံးဆိုတော့ သူကပဲပြော

http://www.dhammadownload.com



တယ်။ သူကပဲပြောတယ်တဲ့၊ ဘယ်လိုပြောသတုံး ဆိုလို့ရှိယင်ဖြင့် မဂ္ဂသမ္မာဒိဋ္ဌိ ပန ပရိ ဝိမံသန ပရိယောသာနေ၊ သင်္ခါရဒုက္ခ ဆုံးတဲ့အခါကာလ၌၊ တေဘူမက ဝဋ္ဋံ၊ တေဘူမကဝဋ္ဋဆိုတဲ့မင်း တို့အခု ဖြစ်ပျက်တွေဟာ ဝိပါကဝဋ္ဋတွေပါပဲ။ နောက်က ပဋိ သန္ဓေ ဆုတောင်းထားလို့ အကျိုးပေးနေတာ....(မှန်ပါ)။

ဖြစ်ပျက် ဖြစ်ပျက် ခန္ဓာကိုယ်ကြီးမှာ အနိစ္စ ခန္ဓာကိုယ်ကြီး ရထားတာကဝဋ္ဋခန္ဓာကြီးရထားတာ(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီဝဋ္ဋတွေဟာတဲ့ ဖြစ်ပျက်တွေ မမြင်တော့ဘူးဆိုတဲ့ ဥစ္စာ ဝဋ္ဋတွေ ကျွတ်သွားတာ၊သဘောပါလား .. (ပါပါတယ်)ဝိပါက ဝဋ္ဋတွေ ကျွတ်သွားတာ....(မှန်ပါ)။

ဒကာဒကာမတွေ ဘာတဲ့တုံး....(ဝိပါကဝဋ္ဋတွေ ကျွတ်သွား တာပါဘုရား)။

ဝိပါကဝဋ္ဋတွေ ကျွတ်သွားတာပါကွာတဲ့ ဒီဥစ္စာ၊ ကြည့်လေ ကျုပ်တို့နောက်ဘဝက ကိလေသာဝဋ္ဋကြောင့် ကမ္မဝဋ္ဋကြောင့် ဒီဘဝ ရုပ်နာမ်ပေါ်လာတော့ ဝိပါက ဝဋ္ဋကြီးပေါ်နေတယ်.... (မှန်ပါ) ရုပ်နာမ်ကြည့်လိုက်တော့လဲ ဖြစ်ပျက်တွေမဟုတ်လား (မှန်ပါ)။

ဒါဖြင့် သူ့ကို ဘာဝဋ္ဋလို့ ဆိုကြမလဲ(ဝိပါကဝဋ္ဋပါဘုရား) အဲဒီ သူ့ကိုပဲ မမြင်တော့ပါဘူးဆိုတော့ ကိုယ့်ဝဋ္ဋကျွတ်သွား တာဗျ....(မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



သူ့ကို မမြင်တော့ဘူးဆိုတော့ (ကိုယ်ဝဋ်ကျွတ်သွားတာပါ ဘုရား) အဲ....ဝဋ်ကျွတ်သွားတယ်ဆိုတဲ့ အခိုပ္ပာယ်ကော ဒကာ ဒကာမတွေ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဝိပါကဝဋ် ကျွတ်သွားတာ....(မှန်ပါ့) ပထမ ဝိပါကဝဋ်နဲ့ သမ္မာဒိဋ္ဌိနဲ့ တွေ့နေတာ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ကိုယ့်ဝဋ် ကိုယ်သိပြီ။ သဘောပါကြပလား (ပါပါတယ် ဘုရား)။

အင်း....မတွေ့တော့ဘူးဆိုတော့ ကိုပေါ်တို့ကိုဝတို့ကဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဝိပါကဝဋ် ကျွတ်သွားတာပါဘုရား)။

ဝိပါက ဝဋ်ကျွတ်သွားဟာဆိုတော့ ဝိပါကဝဋ်ကျွတ်သွားတဲ့ အကြောင်းကို ကိုယ့်ခန္ဓာကိုယ်ကြီး ဖြစ်ပျက် ဒုက္ခသစ္စာတည်း ဟူသော ဒုက္ခဝဋ်ကြီးမှ ကျွတ်သွားတယ်.. ကျွတ်သွားတဲ့အခါ ကျတော့ အသင်္ခတဘက်ကို ကူးသွားပါတယ်တဲ့၊ နိဗ္ဗာန်ဘက်ကို (မှန်ပါ့) ကူးသွားတော့ နိဗ္ဗာန် မြင်ရော ဆိုကြပါစို့....၊ လောကုတ္တရာမဂ် ပေါ်လာတာကိုးဗျ....(မှန်ပါ့)။

မဂ် သမ္မာဒိဋ္ဌိ ပေါ်လာပြီ မောင်နိုင်ရ....(မှန်ပါ့) မပေါ် သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒါ နိဗ္ဗာန်မြင်ရပြီတဲ့၊ ဩော် .. ဒုက္ခချုပ်တာ နိဗ္ဗာန်ဆိုတဲ့ ဥစ္စာ ဟုတ်ပြီဆိုပြီး တခါတည်း တေဘူမက ဝဋ္ဋ ဝူပသမယ မာနာ ဒိဝဋ်တွေကို ငြိမ်းစေတယ်ကွ. တဲ့ မဂ်သမ္မာဒိဋ္ဌိဝင်လာ တာ ဒိ..ဋ်တွေ တခါတည်း ငြိမ်းသွားတယ်ကွ.. တဲ့ ဒိဝဋ်တွေ မမြင်ရ..တော့ဘူး မောင်နိုင်....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ဒီ....ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို ဘာတဲ့....(မမြင်ရပါဘုရား) သင်္ခါရဒုက္ခ သစ္စာကြီးကော....(မမြင်ရပါဘုရား)။

သင်္ခါရဒုက္ခနဲ့ ဖြစ်ပျက်ဒုက္ခသစ္စာဆိုတာ အတူတူပဲ (မှန်ပါ) အဲဒါ မမြင်ရတော့ဘူးကွ... တဲ့၊ မမြင်ရတော့ ခန္ဓာကိုယ်ထဲမျာ ဘယ်လိုများ ဖြစ်တတ်ပါလိမ့်မတုံး.... ဆိုတော့ သီတုဒကဿဋ္ဌ သဟာယံ အာသိဉ္စမာနာဝိယဟောတိ၊ သီတုဒကဿဋ္ဌသဟာယံ= ရေအိုးတထောင်နဲ့ လောင်းဘိသကဲ့သို့၊ သဘောကျပလား... (ကျပါပြီ)။

ခန္ဓာကိုယ်ထဲမှာ ရေအိုးတထောင်နဲ့လောင်းလိုက်တဲ့အခါမှာ ဥပမာပေါ့လေ... (မှန်ပါ) အင်မတန် နေပူတုန်း လာတဲ့အခါ စိမ့်တဲ့ရေအိုးနဲ့ လောင်းလိုက်တဲ့အခါ ရေတွေနဲ့ လောင်းလိုက် တဲ့အခါ အေးသွားသလိုပေါ့လေ၊ ခန္ဓာကိုယ်ထဲမှာ အေးတာပဲ ကျန်ရစ်တော့တယ်....(မှန်ပါ) ငြိမ်းအေးတာပဲ ကျန်တော့တယ် စာကလာတာ... (မှန်ပါ)။

မဂ် သမ္မာဒိဋ္ဌိ ပေါ်လာယင် ဘာတဲ့တုံး.... (ငြိမ်းအေးတာပဲ ကျန်ပါတယ်ဘုရား)။

ငြိမ်းအေးတာပဲ ကျန်တယ် ဆိုတာကို အဋ္ဌကထာဆရာက ဥပမာပြစရာ မရှိတာနဲ့ အလွန်ပူတဲ့နေပူထဲက လာပြီးသကာလ ညသိပ်ရေဆိုတဲ့ ကျုပ်တို့ စိမ့်အိုးပေါ့ဗျာ....(မှန်ပါ)ရေစိမ့်နေ တာ အောက်ဆီမှာတော့ စိမ့်တဲ့အိုးဟာ....အေးတာကိုးကိုဝရ.... (မှန်ပါ)။

http://www.dhammadownload.com



အဲဒီ့ အိုးတထောင်နဲ့ လောင်းလိုက်တဲ့ အခါကျလို့ရှိယင် သူ့မှာ အကျေနပ်ကြီး ကျေနပ်သွားတဲ့ သဘောမျိုး မရှိဘူး လား....(ရှိပါတယ်ဘုရား)။

ဒီမှာလာတဲ့ မဂ် သမ္မာဒိဋ္ဌိ ကူးသွားတဲ့အခါ ကျလို့ရှိယင် ဒီအတိုင်းပဲ စိတ်ထဲမှာ ဝန်ကျသလို ဖြစ်သွားတယ်၊ အေးတာ ကတော့ မဟုတ်ဘူး....(မှန်ပါ့) ရေအေးသလို အေးတာမဟုတ် ဘူး၊ ဥပမာ ပြလိုက်တာ....(မှန်ပါ့) သဘောကျပလား....(ကျ ပါပြီဘုရား)။

တခါတည်း ခန္ဓာကိုယ်ကြီးထဲမှာ ပေါ့ပေါ့ပါးပါးနဲ့ဝန်ထုပ် ကြီးများ ကျသွားသလို ချမ်းသာပေပေါ့.... အေးပေပေါ့ဆိုတဲ့ ညစ္စာ သူများမပြောပဲကို မနေနိုင်လောက်အောင် ကိုယ့်ဝမ်းထဲ မှာဝမ်းမြောက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) အဲဒါကျတော့လို့ရှိယင် မှတ်ပေတော့တဲ့ မဂ် သမ္မာဒိဋ္ဌိပေါ် တာပဲ....(မှန်ပါ့)။

ဒကာ ဒကာမတွေ ဘယ်လိုမှတ်ကြမယ်....( မဂ် သမ္မာဒိဋ္ဌိ ပေါ်တာပါဘုရား) မဂ် သမ္မာဒိဋ္ဌိပေါ်တာ သေချာပလား.... (သေချာပါပြီ)။

ဩော်....ဒါဖြင့် မဂ် သမ္မာဒိဋ္ဌိ ပေါ်လာတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့ ဖြစ်ပျက်လဲ မမြင်ပဲနဲ့ ခန္ဓာထဲမှာ တခါ တည်း ချမ်းသာသွားတာပဲ ရှိတာပဲ....(မှန်ပါ့)။

ဖြစ်ပျက် မမြင်ပဲနဲ့ဘာတုံး....(ခန္ဓာထဲမှာ ချမ်းသာသွားပါ တယ်ဘုရား)။

http://www.dhammadownload.com



ချမ်းသာသွားတာကို ရေအိုးပေါင်းတထောင်နဲ့ လောင်းပြီး သကာလ အပူထဲကလာတဲ့လူ ရေအိုးတထောင် လောင်းလို့ အေးဘိသကဲ့သို့....ဆိုတာက သူ....ဥပမာပြတာ....(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ နိဗ္ဗာန်မြင်တဲ့ဉာဏ် ချမ်းသာပုံက ဦးဘရှင်းရေ့ ပြောစရာ အတုမရှိဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါ ပြီဘုရား)။

ပြောစရာ....(အတုမရှိပါဘုရား) ပြောစရာ အတုမရှိပါဘူး တဲ့၊ အင်မတန် ချမ်းသာတာကို မိမိသမ္မာဒိဋ္ဌိက မြင်လိုက်တဲ့ အတွက် ဝဋ္ဋကျွတ်ပေါ့ဟေ့... အေးပေတော့ဟေ့၊တသံသရာလုံး ကိလေသာကလဲ ဒိဋ္ဌိ ကိလေသာ ဝိစိကိစ္ဆာကိလေသာ ဒီကိလေ သာတွေကလဲ နဂိုက ပူလောင်နေတာကိုး....(မှန်ပါ့)။

ငါ့သား....ငါ့သမီး....ငါ့မြေး....ငါ့မြစ်နဲ့ ဒီလိုဟာတွေကလဲ ရှုပ်နေတယ်....(မှန်ပါ့) နက်ဖြန်စားဖို့ ဘယ့်နှယ်လုပ်မတုံး .... သန်ဘက်ခါဘယ့်နှယ်တုံး၊ ရှေ့နှစ် ဘယ့်နှယ်လုပ်မတုံး၊ အိုတော့ ဘယ့်နှယ်လုပ်မတုံး.... ဆိုတဲ့ ဝိစိကိစ္ဆာ၊ ဘယ့်နှယ်လုပ်မတုံး.... ဝိစိကိစ္ဆာတွေကလဲ ရှုပ်နေတာ....(မှန်ပါ့)မရှုပ်ဘူးလား.... (ရှုပ် ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှုပ်ပြီး သကာလနေတဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေ ငါ့သား ငါ့သမီးလဲပူတ် ငါ့ကိုယ်လဲပူတ်၊ နက်ဖြန်သန်ဘက် သယ်လိုဖြစ် မှန်းမသိဘူး၊ အဲဒီတော့ ခက်သေးတယ်ဆိုတဲ့ ဝိစိကိစ္ဆာတွေကလဲ ငါသေလဲ ဘာဖြစ်မှန်းမသိဘူးဆိုတဲ့ ဝိစိကိစ္ဆာတွေ ဒါတွေဟာ တခါတည်း ဒီအပူတွေက အကုန်ငြိမ်းသွားတယ်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အပူခေါက်တွေက မောင်နိုင် ဘယ့်နှယ်နေသလဲ ... (ငြိမ်းသွားပါတယ်ဘုရား)။

အဲဒါ သူတို့ငြိမ်းလို့ အေးတဲ့သဘောပြောတာ.... (မှန်ပါ့) စင်စစ်တကယ် ရေအေးသလို အေးသွားတဲ့ သဘောကိုပြောတာမဟုတ်ဘူး....(မှန်ပါ့) ဒီနှစ်ခု မရှိတဲ့အတွက် စိတ်ထဲမှာ စိတ်ချလက်ချ ဖြစ်သွားတာကိုဆိုတယ်(မှန်ပါ့) သဘောပါကြပလား (ပါပါပြီ)။

ဘယ်လိုဖြစ်သွားတာပါလိမ့် (စိတ်ချလက်ချဖြစ်သွားတာပါဘုရား)စိတ်ချလက်ချ၊ ဖြစ်သွားတာက ငါ....အပါယ်မကျတော့ဘူးဆိုတာ သူ့ဟာသူသိတယ် ...(မှန်ပါ့)စိတ်ချလက်ချဖြစ်သွားတယ်....(မှန်ပါ့)။

ငါတော့ဖြင့် အခု ဆရာသမားတွေကလဲ ဟောထားတယ်၊ ငါ့အမြင်ကလဲ ဒီအတိုင်းပဲ၊ ငါတော့ဖြင့် စတုဟာပါယေဟိစ ဝိပ္ပမုတ္တော....ပဲ၊ အပါယ်လေးပါးမှ လွတ်ပေပြီ၊ ဘာ့ကြောင့်တုံး....ငါသည် အမြင်မှန်ကို မြင်ရပြီ၊ အသခ်တသုခ မြင်ရပြီ မဟုတ်လား....(မှန်ပါ့) အပါယ်လေးပါးဖြင့် ကိုယ့်အတွက်ဖြင့် စိတ်အေးပေါ့ဆိုတဲ့ ဘဝင်အေးသွားတာကိုဆိုတာပါ (မှန်ပါ့) စင်စစ်ရေလောင်းသလို အေးတာတော့ မဟုတ်ပါဘူး (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အဲဒီတော့ ဒကာဒကာမတွေ ဒီဥစ္စာလုပ်ထိုက် မလုပ်ထိုက် စဉ်းစားကြ....(လုပ်ထိုက်ပါတယ်ဘုရား)။

လုပ်ထိုက်တော့ကိုတဲ့ မဂ်သမ္မာဒိဋ္ဌိက ဆုတောင်းနဲ့ပေါ်တာလား.... ခုနက ရှေ့ပြေး သမ္မာဒိဋ္ဌိက ကျေးဇူးပြုမှ ပေါ်တာ

http://www.dhammadownload.com



လား....(ရှေ့ပြေးသမ္မာဒိဋ္ဌိက ကျေးဇူးပြုမှ ပေါ်တာပါဘုရား) ဒါဖြင့် ကိုဝတ္တိုက အချောင် လိုချင်လို့ မရဘူး.... (မှန်ပါ့) သင်္ခါရဒုက္ခတွေအောင်ရှာနိုင်တဲ့ ဉာဏ်ရမှပဲ၊ အသင်တသုခရမှာပဲ....(မှန်ပါ့) နို့မဟုတ်လို့ရှိယင်ဖြင့်....(မရပါဘုရား)။

ပန်းတွေ တဆုပ်ကြီးနဲ့ ဆုတောင်းလို့လဲ.... (မရပါဘုရား) မရနိုင်ဘူး....မရနိုင်ဘူး၊ ဒါလုပ်ယူယင်တော့ ရမှာပဲ (မှန်ပါ့)။

မောင်နိုင် ပေါ်ပလား.... (ပေါ်ပါပြီ)ရေတွေ အမျိုးမျိုး လဲနေလို့လဲ.... (မရပါဘုရား) မရနိုင်သေးဘူး၊ နိဗ္ဗာန် ရ—ရပါ လို၏ ဆိုပေမယ့်လဲ သူ့တော့ လုပ်ရဦးတော့မှာပဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သူ့တော့ဖြင့် မလုပ်လို့ရှိယင် မဖြစ်တဲ့ အထဲ အပါ အဝင်ကတော့ဖြင့် ဒကာဒကာမတွေက အကုန်ဆုံးဖြတ်ချက်ချ (မှန်ပါ့) မချလို့ရှိယင် တော်ပါ့မလား.... (မတော်ပါဘုရား)။

ကိုင်း .. ဒါဖြင့် ရှေ့ပြေး သမ္မာဒိဋ္ဌိ၊ နောက်လိုက် သမ္မာဒိဋ္ဌိ ကွဲကြပလား.... (ကွဲပါပြီဘုရား)။

ရှေ့ပြေးသမ္မာဒိဋ္ဌိက ဘာကို မြင်သတုံး.... ( သင်္ခါရဒုက္ခကို မြင်ပါတယ်) အဲ....ဖြစ်ပျက်ဆိုတဲ့ သင်္ခါရဒုက္ခကို မြင်တယ်.... (မှန်ပါ့) နောက် ဖြစ်ပျက် အမြင်တဲ့ သမ္မာဒိဋ္ဌိကတော့ ဘာ မြင်သတုံး....(မဂ်စခန်းမြင်ပါတယ်)အဲ....နိဗ္ဗာန်မြင်တယ်ဆိုလိုက် ပါတော့....(မှန်ပါ့)ဉာဏ်ကတော့ မဂ်ဉာဏ်ပေါ့လေ....(မှန်ပါ့) မြင်တော့ ဘာမြင်သတုံး....(နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲ....တခု တခုတော့မြင်ကြတာပေါ့ဗျာ....(မှန်ပါ့)ရှေ့ပြေး သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက်မြင်တယ်၊ နောက်လာမည့် သမ္မာဒိဋ္ဌိက....(နိဗ္ဗာန် မြင်ပါတယ်ဘုရား)။

နိဗ္ဗာန်မြင်တယ်ဆိုတော့ ကိုယ်မြင်တာကို ကိုယ်အကဲခတ်ချင်တော့ ဘဝင်အေးတာကို ဖြစ်ပျက်လဲမမြင်ဘူး၊ ဘဝင်ထဲမှာလဲ စိတ်ထဲမှာ ဝန်ကျူးသွားတဲ့ အမြင်ရောက်လို့ရှိယင်ဖြင့် ဒါသည် ဒကာဒကာမတို့ သောတာပန် တည်တာပဲလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့)။

သောတာပန်တည်ဖို့ရာဝေးသေးလား.... (မဝေးပါဘုရား)။

ဒါကြောင့် အခုတရားတနာရီစာ ရှိသေးတယ် ကိုဝနှစ်လုံးတည်းပြောတာ....(မှန်ပါ့)နားမလည်စရာကော ရှိသေးသလား (မရှိပါဘုရား)။

နားမလည်စရာလဲမရှိဘူး၊ ဩော်....ကိုယ့်ဟာကိုယ်လဲ ရှေ့ပြေး မျှားမျှားတွေအောင်လုပ်ဖို့....(မှန်ပါ့) ရှေ့ပြေးအဆုံးမှာလဲ နောက်လိုက် လောကုတ္တရာ မဂ်က လိုက်ဖို့ရာလဲ အဆင်သင့်ပဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပါရမီတွေ ဘာတွေလျှောက်ပြီး တွေးမနေပါနဲ့ ဟုတ်လား (မှန်ပါ့ဘုရား) အခါကာလတွေ တွေးမနေပါနဲ့၊ ရှေ့ပြေးတွေ့ယင် ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နောက်လိုက် မဂ်ဟာ အနန္တရပစ္စည်းလို့ ဟောထားသဖြင့် မောင်နိုင်က ဘာမှ ဆင်ခြေလဲစရာမလိုဘူး....(မလိုပါဘုရား)။

အနန္တရပစ္စယော....အခြားမရှိမှု၍ ကျေးဇူးပြုတယ်....(မှန်ပါ့ဘုရား)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



ရှေ့ပြေးသမ္မာဒိဋ္ဌိက နောက်သမ္မာဒိဋ္ဌိကို.... (အခြားမရှိ ကျေးဇူးပြုပါတယ်ဘုရား)။

ဒါ ဘုရားဟောချည်းပဲ ကိုဝရဲ....၊ ခင်ဗျားတို့လဲ ညရွတ် ချင်လဲ ရွတ်နေတဲ့လူတွေပါ....(မှန်ပါ့ဘုရား)ကိုပေါ်တို့ကော.... (ရွတ်ပါတယ်ဘုရား)။

ရွတ်ပေမယ့်ခင်ဗျား ငရွတ်ရှိတာကိုး (မှန်ပါ့)ခင်ဗျားဥစ္စာက ရှေ့ပြေးသမ္မာဒိဋ္ဌိတော့ မလုပ်ပဲနဲ့ သူ့ဟာသူ အင်း....အနန္တရ ပစ္စယော အခြားမရှိဘူးတဲ့ဟေ့....၊ ဘယ်သူနဲ့ ဘယ်သူတုံး....၊ မပြောတတ်ပါဘူး၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲ... ကိုယ်လုပ်နေတဲ့အခါကျတော့ ငါ... ဖြစ်ပျက်ကိုမြင်ပြီး ဆို....ဟာ....ရှေ့ပြေးသမ္မာဒိဋ္ဌိရပြီ၊ အနန္တရပစ္စည်းရပြီ (မှန်ပါ့) ဒီပစ္စည်းသည်ကားလို့ဆိုရှိယင်များများရလို့ရှိယင်ဖြင့်“အနန္တရ ပစ္စုပ္ပန်”ဆိုတဲ့ မဂ်သမ္မာဒိဋ္ဌိ မောင်နိုင် လာမှာလား.. လာမှာ ပါဘုရား)။

ဒါဖြင့် အနန္တရပစ္စည်းဟာ အခြားမရှိဘူးဆိုသဖြင့် သူ့ကို များများ ရှေ့ပိုင်းမှာလုပ်လိုက်လို့ရှိယင် နောက် မဂ်ဉာဏ်ဟာ လာရမှာပဲ... (မှန်ပါ့)။

ဘာ့ကြောင့်တုံး ရှေ့သမ္မာဒိဋ္ဌိပြီးယင်.. (နောက် သမ္မာဒိဋ္ဌိ လာရပါမယ်)နောက် သမ္မာဒိဋ္ဌိဆိုက်မယ်ဆိုတာ မသေချာသေး ဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ဆုတောင်းအလုပ်လားတဲ့ အစဉ်အတိုင်း လုပ်ရ မည့် အလုပ်လား....(အစဉ်အတိုင်းလုပ်ရမည့် အလုပ်ပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဆုတောင်းမပါဘူး ဒီအထဲမှာ....(မှန်ပါ့) အစဉ်အတိုင်းသာ လုပ်လို့ဆိုတာ သတိပေးလိုက်တယ် ...(မှန်ပါ့)။

အဲဒီတော့ ဝေဒနာကြိုက်လို့ရှိယင် ဝေဒနာကို သင်္ခါရဒုက္ခ မြင်အောင်ကြည့်ကြ.... (မှန်ပါ့) စိတ်ကြိုက်လို့ရှိယင် စိတ်၏ သင်္ခါရဒုက္ခကို (မြင်အောင်ကြည့်ရပါမယ်ဘုရား)။

အဲဒီ့မြင်တဲ့ ဒုက္ခအဆုံးမှာ ဒီမြင်တဲ့ဒုက္ခတွေ ဆုံးသွားလို့ ရှိယင် နိဗ္ဗာန်တွေ့မှာပဲ....(မှန်ပါ့) မတွေ့ ပေဘူးလား....တွေ့ပါ တယ်)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....၀၀....

---

တတိယအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( ဝိပဿနာအလုပ် မလုပ်ယင် နိဗ္ဗာန်မရှိ )

# ညအလုပ်ပေးတရားတော်

( ၂၄ - ၆ - ၆၁ )

....oo....

ဒကာဒကာမတွေ အလိုရှိနေတဲ့ နိဗ္ဗာန်ဆိုတဲ့ တရားဟာ ဘယ်နေရာမှာ ရှိပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့်တဲ့... မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ဘယ်နေရာမှ မရှိဘူးလို့....အောက်မေ့ထား ကြပါ။

ဝိပဿနပအလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်များ....(ဘယ်နေရာမှ မရှိပါဘုရား) ဘယ်နေရာမှ နိဗ္ဗာန်မရှိဘူးလို့ မှတ်ပါတဲ့....။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အားလုံးပဲ မှတ်ကြပါ၊ ယခုပစ္စုပ္ပန်ကာလမှာလဲ ရှိတာမဟုတ်ဘူး အလုပ်တဲ့ ပုဂ္ဂိုလ်မှာ၊ အတိတ်ကာလကလဲ ရှိနှင့်နေတဲ့ နိဗ္ဗာန်မဟုတ်ဘူး၊ အနာဂတ်ကာလက စောင့်ဆိုင်းနေတဲ့ နိဗ္ဗာန်မဟုတ်ဘူးလို့.... မှတ်ထားကြပါ (မှန်ပါ့) နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ် ပါတယ်၊ ရှင်းကြပလား....(ရှင်းပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နိဗ္ဗာန်ဟာ ရှိတော့ရှိတယ်....၊ မလုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ ကာလသုံးပါး လွတ်နေတယ်....(မှန်ပါ့)မောင်နိုင်... ရှင်းပလား (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်သည် အခု ပစ္စုပ္ပန်ကာလမှာ ရှိပါသလား....ဆိုယင် မလုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ.... (မရှိပါဘုရား) မရှိဘူးလို့ မှတ်ပါတဲ့....။

အတိတ်က သူရှိနေခဲ့သလားလို့ မေးပြန်တော့လဲ....(မရှိပါဘုရား)။

အနာဂတ်မှာ သူ့ကို စောင့်နေသလားလို့ မေးပြန်ယင်.... (မရှိပါဘုရား)။

မရှိဘူးတဲ့၊ ဒါကြောင့် နိဗ္ဗာန်သည်ကားဆိုယင်ဖြင့် ကာလဝိမုတ်တဲ့၊ ကာလသုံးပါးမှ လွတ်သောကြောင့် ကာလဝိမုတ်လို့.... ဒကာကြီးလှိုင်.... မှတ်ထားလိုက်စမ်းပါ .... ( မှန်လှပါဘုရား)။

ဒါဖြင့် နိဗ္ဗာန် မရှိဘူးလားလို့....မေးပြန်တော့လဲ လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ ရှိတယ်....(မှန်ပါ့)။

ဒီစကားကို ကိုဝတ္တိ့ကိုပေါ်တို့ သုံးရတာက သုံးချင်လို့ သုံးရတာ မဟုတ်ဘူးနော်....(မှန်ပါ့) မိလိန္ဒမင်းကြီးက မေးလို့ နိဗ္ဗာန်ဟာ ဘုရား....ရှိနိုင့်တယ်ဆိုလို့ ရှိယင်လဲ ရှေးက လူတွေတွေ့နိုင်ဖို့တယ်ကောင်းပါတယ်၊ ရှိဆဲဆိုလို့ ရှိယင်လဲ ယခု ပုဂ္ဂိုလ်တွေ မြင်ဖို့ ယှဉ်ဖို့ သိပ်ကောင်းပါတယ်၊ စောင့်နေတယ် ဆိုလို့ ရှိယင်လဲ တပည့်တော်တို့ ဘယ်အချိန်သွားသွား သူ ရှိမှာပဲ ဆိုပြီးသကာလ နေလဲ ရတာပဲတဲ့....။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ နိဗ္ဗာန်ဟာ ဘယ်လိုနေပါသတုံး၊ ဘယ်လိုအရှိနဲ့ ရှိပါသတုံးဆိုတော့ ဒကာကြီးလှိုင်....ဘယ်ကာလမှာမှ မရှိဘူး လို့ အရှင်နာဂသိန်က ဖြေလိုက်တယ်နော် (မှန်ပါ)။

နောက်က ဒကာဒကာမတွေ ဘယ်ကာလရှိသလဲ..(ဘယ် ကာလမှာမှ မရှိပါဘူးဘုရား)။

အတိတ်ကာလမှာလဲ မရှိပါဘူး....(မှန်ပါ)ပစ္စုပ္ပန်ကာလမှာ လဲ....(မရှိပါဘုရား)။အနာဂတ်ကာလမှာ....(မရှိပါဘုရား)။

ဒါနဲ့ မိလိန္ဒမင်းကြီးက ဆင်ခြေတက်တယ်၊ ဒါဖြင့် အရှင် ဘုရား....မေးရတာ နိဗ္ဗာန်မရှိဘူးလို့ ဆိုလို့ရှိယင် ဒီလိုပဲ ယူရ တော့မှာပဲလားဆိုတော့ ဒီလိုလဲ မဟုတ်ဘူး ဒကာကြီးရ....၊ နိဗ္ဗာန်မရှိဘူး မဟုတ်ဘူး၊ "အတ္ထိဘိက္ခဝေ အဘူတံ အဇာတံ"ဆို တဲ့ ဥဒါန်းပါဠိတော်မှာ ဘုရားက နိဗ္ဗာန်ရှိတယ်လို့မဲ ဟော ထားတယ်၊ နိဗ္ဗာန်ဟာ ရှိတော့ရှိတယ်....(မှန်ပါ)။

သို့သော်....ဘယ်ကာလမှာ ရှိသတုံး....မေးတဲ့အခါကျတော့ ကာလသုံးပါးမှ လွတ်နေတော့ကာ မောင်နိုင်....မရှိဘူးလို့ ဆို ရမည့်အမေးဟာ မေးသင့်တာပဲ....(မှန်ပါ) မမေးသင့်ဘူးလား (မေးသင့်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေက မှတ်ရတယ်၊ ဝါးနှစ်ခုကို ပွတ်တာပေါ့တဲ့၊ မပွတ်ခင်က ပထမဝါးထဲမှာလဲ မီးမပါဘူး.... (မှန်ပါ) ဒုတိယ ဝါးထဲမှာကော....(မပါပါဘုရား)။

သို့သော်....ဒကာဒကာမတွေက တကယ်တမ်း ပွတ်လိုက်တဲ့ အခါကျတော့ အင်း....ဘယ်က,လာတဲ့မီးတုံးဆိုလို့ရှိယင်ဖြင့်—

---

တတိယအကြိမ်

http://www.dhammadownload.com



ဝါးထဲကထွက်တဲ့ မီးပဲ ဆိုရမှာပဲ (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်က လာတဲ့ မီးတုံးဆိုလို့ ရှိယင် .... (ဝါးထဲက ထွက်တဲ့ မီးပါဘုရား)။

အယင်က ရှိနှင့်သလား....မေးပြန်တယ်....(မရှိနှင့်ပါဘုရား)။

ရှေးက ရှိနှင့်ခဲ့သလားဆိုတော့ မရှိဘူးတဲ့၊ ခုနက မပွတ်ခင် တုန်းက ရှိဆဲလားလို့ မေးယင် ...(မရှိပါဘုရား)နောက်ရှိလတ္တံ့ လားလို့ မေးပြန်ယင်ကော (မရှိပါဘုရား)။

ရှိလတ္တံ့လားလို့ မေးပြန်တော့ ရှိလတ္တံ့လဲ မဟုတ်ဘူး၊ ဒါဖြင့် ကျေနပ်ကြပါတော့ နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ် ပါတယ်ဆိုတာ ဒကာဒကာမတွေ မှတ်ထားကြပါ .... (မှန်ပါ့ ဘုရား)။

နိဗ္ဗာန် ဘယ်ကာလ ရှိသတုံး.... (ဘယ်ကာလမှာမှ မရှိပါ ဘုရား) ဘယ်ကာလမှ မရှိဘူးဆိုတာ ဒကာဒကာမတွေ သေ သေချာချာ မှတ်ထားပါ....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်မရှိရတော့ဘူးလား ဆိုတော့ ဝိပဿနာဉာဏ်နဲ့ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ တရားနဲ့ ဒီက ဉာဏ်နဲ့ ပွတ်ပေး ရမယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ အာရုံတရားနဲ့ ဒီက ဉာဏ်နဲ့ပွတ် ပေးတဲ့ ...၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ တရားသုံးခုနဲ့ ဉာဏ်နဲ့ ပွတ်ပေး ရပါမယ်ဘုရား) ဉာဏ်နဲ့ ပွတ်ပေးလိုက်တဲ့အခါကျတော့....ကိုတဲ့

http://www.dhammadownload.com



ဝါးနှစ်လုံးပွတ်သလိုပဲ ဒီအထဲက နိဗ္ဗာန်ထွက်လာတယ်(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်ကာလ ရှိသတုံးဆိုတဲ့စကား ဘယ်ကာလမှမရှိဘူး.... (မှန်ပါ) ပွတ်နိုင်တဲ့ ပုဂ္ဂိုလ် မှာဖြင့်.... (ရှိပါတယ်ဘုရား)။

ဒါဖြင့် လုပ်တဲ့ ပုဂ္ဂိုလ်မှာ ရှိတယ်....(မှန်ပါ)မလုပ်တဲ့ပုဂ္ဂိုလ်မှာ....(မရှိပါဘုရား)။

ကိုပေါ် ကျေနပ်ပလား....(ကျေနပ်ပါပြီ) ကိုဝကော ကျေနပ်ပလား (ကျေနပ်ပါပြီ) နောက်က ဒကာဒကာမတွေ.... (ကျေနပ်ပါပြီဘုရား)။

ဒါ...ဘုန်းကြီးက တန်ဆာဆင်ပြီးပြောတာ မဟုတ်ပါဘူး ဆိုတာကိုလဲ ရှင်းရှင်းပဲ မှတ်ပါ.... (မှန်ပါ) အရှင်နာဂသိန်ကို မိလိန္ဒမင်းကြီးက မေးလို့ ဖြေရခြင်း ဖြစ်ပါတယ် ဆိုတော့.... ဒါဖြင့် အရှင်ဘုရား....နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ်နေတော့ ဘယ်ရှိတော့မတုံးလို့ဆိုတော့ ဒကာကြီး ရှိတယ်၊ ဝါးနှစ်လုံး ပွတ်ကြည့်တာပေါ့၊ နဂိုက ဒီဝါးထဲမှာ ရှေးကတော့ မီးရှိဖူးသလား....ယခုလဲ မတိုက်ခင်က ရှိသလား (မရှိပါဘုရား) နောင်လဲ သေပြီးတော့ ရှိသေးသလား....(မရှိပါဘုရား)။

မပါဘူးတဲ့၊ နို့....ဘယ်လိုလုပ်တဲ့အခါကျမှ ရှိလာသတုံး.... ဆိုတော့ ပွတ်တိုက်တဲ့ပုဂ္ဂိုလ်၏ လုံ့လပယောဂ အားစိုက်လာတဲ့ အခါကျတော့မှ သူ့ မီးထွက်လာတယ်.. (မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီအတိုင်းပဲတဲ့ ဘုန်းကြီးတို့ ဒုက္ခ ဒုက္ခမတွေ ဟာလဲ ခန္ဓာ၏ဖြစ်ပျက်နဲ့ ကိုယ့်ဉာဏ် မင်္ဂနဲ့ ကြပ်ကြပ် ပွတ်ပေးပါ.... (မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ ဒီအခိုပ္ပာယ်ဟာ ဒုက္ခဒုက္ခမ တို့ အင်မတန် အဖိုးတန်လှန်းလို့ ကိုပေါ်တို့ ကိုဝတ္တိုဂရုစိုက် ပြောနေတယ်....(မှန်ပါ့)။

နို့မဟုတ်လို့ ရှိယင်ခင်ဗျားတို့ကနိဗ္ဗာန်ဟာဆုတောင်းပါရမီ အလုပ်ပဲလို့ ထင်ချင်ထင်နေမယ်၊ မပွတ်တော့ဘူး....(မှန်ပါ့)။

ဆုတောင်း ပါရမီ အလုပ်ပဲလို့ ထင်ချင်နေကြ လိမ့်မယ် မထင်ပေဘူးလား....(ထင်ပါတယ်ဘုရား) ဆုတောင်းတဲ့ ပုဂ္ဂိုလ် ရမှာပဲဟေ့....ပါရမီရှိတဲ့ပုဂ္ဂိုလ်ရမှာပဲဟေ့....။

မဟုတ်ဘူးကွတဲ့ ဒုက္ခ ဒုက္ခမတွေကနော် (မှန်ပါ့) အနိစ္စဆိုတဲ့ ခန္ဓာနဲ့ ဝေဒနာက္ခန္ဓာနဲ့ဖြစ်ဖြစ် ဝိညာဏက္ခန္ဓာနဲ့ ဖြစ်ဖြစ်ဒုက္ခဒုက္ခမတို့ ဉာဏ်နဲ့သာ ပွတ်ပေးပါ၊ ဦးဘရှင်း.... ရိပ်မိပလား....(ရိပ်မိပါပြီ)။

အနိစ္စနဲ့ ဉာဏ်နဲ့ ပွတ်ပေး၊ ဒုက္ခနဲ့ဉာဏ်နဲ့ပွတ်ပေး၊ အနတ္တနဲ့ ဉာဏ်နဲ့ပွတ်ပေးပါ....(မှန်ပါ့)ပွတ်ပေးတဲ့ အခါကျလို့ ရှိယင်ဖြင့် တဲ့.... ဒီမီးနဲ့ တူတဲ့ နိဗ္ဗာန်ဟာတဲ့ အနိစ္စ အဆုံးမှာ နိစ္စ နိဗ္ဗာန် ပေါ်လာတယ်..(မှန်ပါ့) ဒုက္ခအဆုံးမှာ သုခနိဗ္ဗာန် ပေါ်လာ တာပဲ၊ အနတ္တအဆုံးမှာ အနတ္တနိဗ္ဗာန်ဆိုတာ ပေါ်လာတာပဲ ဆိုတာ ကိုပေါ်တို့ ကျေနပ်လိုက်ပါ....(မှန်ပါ့)။

ဥပမာနဲ့ ဥပမေယျနဲ့ကော ကိုက်ရဲ့လား.... (ကိုက်ပါတယ် ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ နားလည်မှုရှိ-မရှိကို ဘုန်းကြီးကပဲမေးပြီး၊ နိဗ္ဗာန်ဟာ ဘယ်ကာလရှိသတုံး (ဘယ်ကာလမှ မရှိပါဘုရား)။

ကဲ....ဒါဖြင့် ဘယ်ကာလမှ မရှိဘူးဆိုတဲ့တရားဟာ မောင်နိုင် အတော်ဆန်းတဲ့တရား... (ဆန်းပါတယ်ဘုရား) မဟုတ်ဘူးလား (မှန်ပါ့)။

မင်းတို့မိုးကုတ်မြို့မှာ ကျောက်ရှိတယ်ဆိုတဲ့ဥစ္စာ အင်း....ဒီနေရာအယင်ကမရှိဘူးကွာ၊ ခုရှိတယ်ဆိုတူးကြည့်တဲ့အခါကျတော့ သူဖြုန်းစတို့ ဘာတို့နဲ့တွေ့တဲ့ အခါကျတော့ သူရှိနှင့် နေတာကေန့်ပဲ (မှန်ပါ့)။

ဒီတော့ ထူးတဲ့ပုဂ္ဂိုလ်၏ ကံနဲ့ ဒီနေရာ တူးရှင်းချမိ့ဆေးမိ့ ကြောမိတဲ့အခါ မကြုံသေးလို့သာ ရှိနှင့်သာ သေချာတယ်.... (မှန်ပါ့)။

အဲဒီလို ကျောက်ရှိသလို ဒကာဒကာမတွေ နိဗ္ဗာန်ကရှိနှင့် တာလားလို့ မေးယင် ဘယ့်နှယ်ပြောကြမယ်.... (မရှိပါဘုရား) ရှိနှင့်ယင် အတိတ်ဖြစ်ရမယ်.. (မှန်ပါ့)။

ရှိနှင့်ယင် ဘယ့်နှယ်ပြောကြမယ်.... (အတိတ်ဖြစ်ပါတယ်) အတိတ် ဖြစ်ရမယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါ့ကြောင့်နိဗ္ဗာန်သည် ဘယ်ကာလမှာ ရှိပါလိမ့် (ဘယ်ကာလမှာမှ မရှိပါဘုရား)။

ဟုတ်ပြီတဲ့...၊ မိလိန္ဒမင်းကြီးက မေးတယ်၊ ဒါဖြင့်ဘုရား.... ကာလသုံးပါးမှ လွတ်တဲ့တရားဖြင့် မရှိတော့ဘူးလို့ အရှင်ဘုရား

http://www.dhammadownload.com



ဆိုချင်တာပဲ၊ တပည့်တော်အရဆိုယင် ဟာ....ဒကာကြီး ဒီလိုလဲ နိဗ္ဗာန်ဟာ အတ္ထိဘိက္ခဝေ....လို့ ဆိုထားတယ်၊ နိဗ္ဗာန်ဟာရှိတယ်လို့ ပြောတယ်၊ ရှိတယ်ဒကာကြီးရ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်ဟာ ဘာတဲ့တုံး....( ရှိပါတယ်ဘုရား )ရှိတာတော့ သေချာတယ်နော်....(မှန်ပါ့)။

အဲဒီတော့ ကျုပ် ဥပမာပြမယ်ဆိုပြီး....ဝါးနှစ်လုံးကိုင်တာပဲ နော်၊ ဝါးနှစ်လုံးကိုင်ပြီး အခုလို ဗယ်ဘက်ဝါးထဲမှာလဲ မီး မပါ....ညာဘက်ဝါးထဲမှာရော....(မီးမပါပါဘုရား)။

စမ်းကြည့်ယင် အအေးတွေပဲ ဒကာဒကာမတို့နော်(မှန်ပါ့) ပွတ်ပါများလာတော့ ဒီအထဲကပဲ မီးထွက်တာပဲ.... (မှန်ပါ့) ဝါးနှစ်လုံးထဲကပဲ ဘာဖြစ်လာသတုံး.... ( မီးဖြစ်လာပါတယ် ဘုရား)။

မီးဖြစ်လာတော့ ကိုပေါ်တို့ ကိုဝတို့မေးပြီး၊နဂိုကရှိနှင့်တာ လား(မရှိပါဘုရား)နဂိုကရှိနှင့်ယင် သူ့ ဝါးရုံကြီးထဲမှာ သူ့ဟာ သူတောက်နေဖို့ ကောင်းတယ်....(မှန်ပါ့)မဟုတ်ဘူးလား၊ အခု တော့ပွတ်ပါများလို့မီးထွက်တယ်(မှန်ပါ့) သဘောပါကြပလား (ပါပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ အင်း....တို့လဲ ဘာနဲ့ဘာ ပွတ်တိုက်ရမှာပါလိမ့်မလဲဆိုတဲ့ အဖြေ ထွက်လာလိမ့် မယ်.... (ထွက်ပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးကပဲ တန်ဆာဆင်ပြီး ပေးလိုက်တယ်၊ ဒကာဒကာမတို့ ခန္ဓာ၏ အနိစ္စတရားနဲ့ ရှုကြည့်တဲ့၊ မဂ္ဂတရားနဲ့

---

http://www.dhammadownload.com



ကြပ်ကြပ်တိုက်ပေးပါ.... ( မှန်ပါ့ ) မပေါ်သေးဘူးလား....
(ပေါ်ပါပြီဘုရား)။

အဲဒီလို တိုက်ပေးလိုက်လို့ ရှိယင်ဖြင့်တဲ့....မီးနဲ့တူတဲ့ နိဗ္ဗာန်ဟာ ဒကာဒကာမတို့ ပေါ်လာတာပဲ... (မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ရ, ထိုက်တယ် .... (မှန်ပါ့) အားမထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ.... (မရထိုက်ပါ)မရဘူးဆိုတာ သဘောပလား....(သဘောပါပြီဘုရား)။

ဪ....ဒါဖြင့် နိဗ္ဗာန်မရှိဘူးလား...ရှိသလားလို့ မေးယင် (ရှိပါတယ်ဘုရား) ရှိတယ်၊ သဘောကျပလား....(မှန်ပါ့)။

ဘယ်ကာလမှာရှိသတုံး.... (ဘယ်ကာလမှာမှ မရှိပါဘုရား)။

ဒါဖြင့် ဘယ်ကာလမှ မလို့ရှိယင် ဘယ်လိုလုပ်မှ နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ပေါ်ထွန်းလာပါလိမ့် မလဲလို့ မေးလို့ရှိယင်လဲ ဒကာဒကာမတို့ ဘယ်လိုပြောကြမယ် (အားထုတ်မှ ပေါ်လာမှာပါ)။

ဆို .. ဆို....ဆို၊ ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးရမယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးရမယ်....(မှန်ပါ့) ဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်ပေးရပါမယ်။

တိုက်ပေးရမယ် ဆိုလို့ရှိယင်ဖြင့် ဒါဟာ နိဗ္ဗာန်မရမရှိဘူး ဒကာကြီးတို့၊ ကာလသုံးပါးတော့ လွတ်တာ အမှန်ပဲဆိုတော့ အားလုံး ဒကာဒကာမတွေ တော်တော် နက်နဲတဲ့စကား (နက်နဲပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဉာဏ်နဲ့တွေးကြည့်မှနေ၁်(မှန်ပါ့) ဒါဖြင့် ဆုတောင်းသမား တို့၏ အလုပ်မဟုတ်သေးဘူးဗျ… (မှန်ပါ့)။

သူက ပွတ်တိုက်တဲ့အလုပ်မှ မလုပ်ပဲ.... ( မှန်ပါ့ဘုရား ) ဆုတောင်းသမား၏အလုပ်လို့ ဒကာဒကာမတွေက ဆိုမလား (မဆိုပါဘုရား)။

မဆိုကြပါနဲ့တဲ့၊ ဆုတောင်းသမား အလုပ်ရယ်လို့ မဆိုကြ ပါနဲ့၊ ပါးစပ်အလုပ်မပါဘူး၊ မနောထဲကဉာဏ်နဲ့ ခန္ဓာနဲ့ တိုက် တိုက်ပေးရမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့်ဝစီကံနဲ့ဆုတောင်းလို့တော့ဖြင့် ဝေးသောအကြောင်း သာဖြစ်မယ်ဆိုတာ ကိုပေါက မှတ်လိုက်....(မှန်ပါ့)။

ဝစီကံနဲ့ဆုတောင်းယင်....(ဝေးသောအကြောင်းသာဖြစ်ပါ မယ်ဘုရား)။

ဝေးသောအကြောင်း၊ အင်မတန် ဝေးပါတယ်.... (မှန်ပါ့ ဘုရား)။

မနောကံနဲ့ ပွတ်တိုက်နေလို့ရှိယင်ဖြင့် (အင်မတန်နီးပါတယ် ဘုရား)။

အင်မတန် နီးတယ်ဆိုယင်ဖြင့် ခဏပဲ အားစိုက်လိုက်ယင် ဒီးပွင့်လာတာပဲ....(မှန်ပါ့)။

ဒကာဒကာမတွေ ခင်ဗျားတို့ ဒါ....ဆရာကောင်း သမား ကောင်းနဲ့ ကြုံလို့လည်းကောင်း၊ ခင်ဗျားတို့ကလဲ ဆက်နာလို့ လည်းကောင်း ဒီအခွဲပွာယ်မျိုးသိရတယ်....(မှန်ပါ့)။

http://www.dhammadownload.com



နို့မဟုတ်လို့ရှိယင် ကိုဝ.... ဒီအစိပ္ပာယ်ကြားဖို့ကို ခဲယဉ်းတယ်....(ခဲယဉ်းပါတယ်ဘုရား)။

ဒီအတိုင်းပဲ တို့ ထုံးစံအတိုင်းကွာ.... လျှတန်း ပေးကမ်းပြီးသကာလ ဝဋ္ဋကျွတ်ရာ နိဗ္ဗာန်ဆုတောင်းလို့ရှိယင် တောင်းပါများပြည့် ပေါ့ကွာ....နည်းရောင်း များရောင်းတောင်းပြည့်ဆိုသလိုပေါ့ ဒီကို လမ်းဆုံး နေလိမ့်မယ် ဆိုတဲ့သဘော သက်ရောက်တယ်....(မှန်ပါ့) မသက်ရောက်ဘူးလား.... (သက်ရောက်ပါတယ်ဘုရား)။

ဒါဖြင့် အလုပ်စခန်း ပါရဲ့လား....(မပါပါဘုရား)။

မပါတော့ကို ဦးဘကလေးတို့က ဩဘ်–အခုသေသေချာချာမိလိန္ဒမင်းကြီး ရှင်နာဂသိန်မေးတော့မှ ကာလသုံးပါး လွတ်တဲ့တရား နိဗ္ဗာန်ပဲ....(မှန်ပါ့)။

ကာလဝိမုတ် ကာလသုံးပါး လွတ်တဲ့တရား နိဗ္ဗာန်တဲ့၊ မရှိဘူးလားဆိုတော့လဲ ရှိသတဲ့၊ ဘုရားက "အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ"ဆိုပြီးတော့ ဥဒါန်းပါဠိတော်မှာ ဟောထားလို့ရှိတာလဲ ကေန်ပဲတဲ့ ...(မှန်ပါ့)။

သို့သော် လူတိုင်းမှာရှိသလားလို့ တခါ ဝေဖန်ပြန်တော့ (မရှိပါဘုရား)။

မရှိဘူးတဲ့၊ လူတိုင်းမှာလဲ မရှိဘူး၊ ဘယ်လို ပုဂ္ဂိုလ်မှာရှိပါလိမ့်မတုံးဆိုတော့ ခုနက အနိစ္စနဲ့ မဂ္ဂတိုက်နေတဲ့ ပုဂ္ဂိုလ်မှာရှိတယ်... (မှန်ပါ့)ပေါ်ကြပလား(ပေါ်ပါပြီ)။

အနိစ္စနဲ့ မဂ္ဂနဲ့.... ( တိုက်နေတဲ့ ပုဂ္ဂိုလ်မှာ ရှိပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



သြော်....ဒါဖြင့် ဟိုက အနိစ္စဖြင့်ဒီကမဂ္ဂနဲ့ သွားသွားပြီးတိုက် (မှန်ပါ)။

ဉာဏ်နဲ့ သွားသွားတွေ့ရမယ်....ဆိုတာပေါ့လေ.... (မှန်ပါ ဘုရား)။

အဲဒီလို တွေ့တဲ့ ပုဂ္ဂိုလ် ကျလို့ရှိယင်ဖြင့်....တဲ့ မောင်နိုင်ရေ ဝါးနှစ်လုံးပွတ်လို့ မီးထွက်လာသလို နိဗ္ဗာန်တည်း ဟူသော တရားဟာ တခါတည်း ပေါ်လာတယ်....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ)။

နိဗ္ဗာန်တရားသည် ဒကာ ဒကာမတို့.... ယနေ့ ပြောတဲ့ အဓိပ္ပာယ်သည် တမျိုးပဲ၊ ခါတိုင်း ဝိပဿနာ ပြောနေတယ်.... ဒီနေ့တော့ နိဗ္ဗာန်ကို ပြောတယ်ဆိုတာဖြင့် ရှင်းသွားပြီ....(ရှင်း ပါပြီ)ရှင်းကြပလား....(မှန်ပါ)။

နောက်က ဒကာဒကာမတွေ နိဗ္ဗာန် ဘယ်လိုလုပ်ယင်ထွက် မယ်....(ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်ပေးယင် ထွက်ပါတယ်ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တိုက်ယူရမယ်....(မှန်ပါ) သဘောကျ ပလား....(ကျပါပြီ)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့အခါကျလို့ရှိယင်ဖြင့် တဲ့ ခန္ဓာက ဖြစ်ပျက် ဉာဏ်က မဂ်နဲ့သာ မခွဲနဲ့....(မှန်ပါ)။

ဦးဘကလေး ခန္ဓာဖြစ်ပျက်နဲ့ ဉာဏ်မဂ်ကို.... ( မခွဲရပါ ဘုရား)။

မခွဲကြပါနဲ့ဆိုတာ ဒကာဒကာမတွေ သတိပေးတယ်နော်— (မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ ခန္ဓာဖြစ်ပျက်နဲ့ ဉာဏ်မင်္ဂနဲ့ မခွဲကြလို့ ရှိယင်ဖြင့် တဲ့၊ ခန္ဓာဖြစ်ပျက်ကလဲ ဆုံးပါရော မီးပွင့်တာနဲ့ တပြိုင်နက်တည်း နိဗ္ဗာန်ဟာ ပေါ်လာတာပဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

သြော်....ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့ ရှေးနိဗ္ဗာန်နဲ့တော့ အတော်ကွာသွားတယ်....(ကွာပါတယ်ဘုရား) ဒါ....မိလိန္ဒပဉှာ မှာလာတယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

ဘယ်မှာ လာပါလိမ့် .... (မိလိန္ဒပဉှာမှာ လာပါတယ် ဘုရား)။

မိလိန္ဒပဉှာမှာလာတယ်၊ဖြေတဲ့ပုဂ္ဂိုလ်ကလဲ ရဟန္တာ၊သဘော ကျပလား....(ကျပါတယ်)။

မေးတဲ့ ပုဂ္ဂိုလ်ကလဲ ရဟန္တာဖြစ်အောင်ကို မေးတာပဲ.... (မှန်ပါ့)။

သူလဲ နောက်ရဟန္တာ ဖြစ်တာပဲ။ ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမကို အထူးတိုက် တွန်းစရာဟော့....ဝိပဿနာအလုပ်များ လုပ်ကြဟော့....လို့ ဘုန်း ကြီးက တိုက်တွန်းတာ မစောင့်နဲ့တော့.... (မှန်ပါ့) သူ့ လုပ်မှ ရမှာပဲ.... ဆိုတာသာ ဆုံးဖြတ်ချက် ချလိုက်တော့.... (မှန်ပါ့ ဘုရား)။

ဝါးနှစ်လုံး မပွတ်ပဲနဲ့ မီးထွက်လိမ့်မယ်ဆိုတဲ့ သဘောဖြင့် ဘယ်အခါ ကာလမှ ဒကာဒကာမတွေက စိတ်ကူးမယဉ်လိုက် ပါနဲ့....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝါးနှစ်လုံး တိုက်လိုက်တဲ့ အခါကျတော့ဖြင့် ပွတ်ပါများ မီးထွက်လာသလို ဒကာဒကာမတို့ ဒီမှာလဲ အနိစ္စနဲ့ မဂ္ဂနဲ့ ကြပ်ကြပ်တိုက်ပေးပါ။ ဉာဏ်လဲ လက္ခဏာရေးသုံးပါးနဲ့ တိုက်တိုက်တိုက်တိုက်ပေးတဲ့ အခါကျလို့ရှိယင်ဖြင့်....တဲ့ ဘယ့်နှယ်ကြောင့် နိဗ္ဗာန်ပေါ်လာပါလိမ့်မလဲလို့ မောင်နိုင်က မေးစရာရှိတယ်နော် (မှန်ပါ့)။

ပေါ်ရမယ်တဲ့၊ ခုနတုန်းကတော့ဖြင့် အနိစ္စနဲ့ မဂ္ဂနဲ့ မတိုက်ယင် ကိလေသာက ရှိနေတာ...(မှန်ပါ့)။

အနိစ္စနဲ့ မဂ္ဂနဲ့ မတိုက်ယင်.... (ကိလေသာက ရှိနေပါတယ်ဘုရား)။

ကိလေသာ ရှိနေတုန်းကို ဘယ်မှာသာလျှင် နိဗ္ဗာန်က မီးနဲ့တူတဲ့ နိဗ္ဗာန်က ထွက်နိုင်ပါ့မလား .... (မထွက် နိုင်ပါဘုရား) တိုက်ပါများတော့ ကိလေသာတွေက ပါးပါး.... ပါးပါးပြီး ဝိပဿနာဉာဏ်က ပါးပါး.... ပါးပါးပြီးမသွားလား.... (သွားပါတယ်ဘုရား)။

အဲ... ဝိပဿနာဉာဏ်က ပါးပါး.... ပါးပါးသွားလို့ ကိလေသာဝေးတဲ့အချိန်ကျတော့ ခုနက နိဗ္ဗာန်တည်းဟူသော မီးဟာ ဒကာဒကာမတို့ ထွက်လာတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်....ဒါဖြင့် တို့သည် ဘယ့်နှယ်ကြောင့်လုပ်တာလဲ တော်တော်ကလေးကြာပြီ။ ဘယ့်နှယ်ကြောင့် ဒီနိဗ္ဗာန်တည်းဟူသော

http://www.dhammadownload.com



မီးသည် မပွင့်လာ မထွက်လာသေးပါလိမ့်မလဲလို့ မေးလို့ရှိယင် ဖြင့် ကိလေသာမဝေးသေး ပွတ်တိုက်မှု နွေးသေးလို့....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ကိလေသာက.... (မဝေးသေးလို့ပါဘုရား) ပွတ်တိုက်မှုက.... (နွေးသေးလို့ပါဘုရား)ပွတ်တိုက်မှုကလဲနွေးနေတယ်... (မှန်ပါ့ ဘုရား)။

မောင်နိုင် ဒီဥစ္စာ တော်တော် အရေးကြီးတဲ့စကား....(ကြီး ပါတယ်ဘုရား) နောက်က ဒကာဒကာမတွေ.... (အရေးကြီး ပါတယ်ဘုရား)။

အရေးကြီးပါတယ်ဆိုတော့ သြော်.... ဒါဟာ အခု ဆရာ သမားကလဲ ဆုံးမ လို့ တို နားထဲ ကြားရတယ်။ တို့ ပင်ကို သဘော ကြားဖူးနားဝ ရှိသသရွေ့နဲ့ တို့ပင်ကိုသဘော ကြား ဖူးနားဝ ရှိသရွေ့ တို့အထင်နဲ့ ဆိုလို့ရှိယင် ဒါအမျှားကြီး ကွာ သွားမယ်... (မှန်ပါ့)။

ကိုဝ....ကွာ—မကွာ စဉ်းစားစမ်းပါ... (ကွာပါတယ်ဘုရား) သေသေချာချာ ကွာသွားတာပဲတဲ့... ၊ အနိစ္စနဲ့ မဂ်နဲ့ မကိုက်ယင် ရကိုမရဘူး.... (မှန်ပါ့)။

မောင်နိုင်....(မရပါဘုရား) မရနိုင်ဘူးတဲ့၊ ဘာ့ကြောင့် မရ နိုင်သတုံးလို့ မေးတဲ့အခါကျတော့မှ ဒကာဒကာမတို့ ကိလေ သာကို မဂ်ကမှ ဖြတ်တာ.... (မှန်ပါ့) ရှေ့က အနိစ္စ၊ မြင်တာ က မဂ္ဂ....(မှန်ပါ့)။

ရှေ့က အနိစ္စ မြင်တာက....(မဂ္ဂပါဘုရား) အဲ....မဂ္ဂဆိုတော့ ပဋိစ္စသမုပ္ပါဒ် အတန်းကြီးဟာ တန်းလို့ကို ရသေးရဲ့လား....

http://www.dhammadownload.com



(မရပါဘုရား) ရှုစရာသာ ပေါ်လာတော့တယ်။ ရှုပ်စရာမပေါ် လာဘူး....(မှန်ပါ့) ရှုပ်စရာ ကိလေသာက လာသေးရဲ့လား.... (မလာပါဘုရား)။

အဲ....ရှုစရာသာ ပေါ်လာ၍ ကန့်ကွက် ရှုပ်ထွေးတဲ့ ကိလေသာက လာခွင့်မရတော့ ကိလေသာက ဝေးသွားတယ်(မှန်ပါ့) မဝေးဘူးလား.... (ဝေးပါတယ်ဘုရား)။

အဲ....ကိလေသာ ဝေးတဲ့အခါကျတော့ ဖြစ်ပျက် အဆုံးမှာ မီးတိုက်ပါများလို့ အဆုံးမှာ တခါတည်းမီးထွက်လာတော့တာပဲ ဆိုတော့ ဒကာဒကာမတို့ ကျေကျေ နပ်နပ်နဲ့ပဲ သဘောကျဖို့ ကောင်းပါတယ်.... (ကျပါတယ်ဘုရား) သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဒါဖျောက်မပစ်ပါနဲ့တဲ့ ဖျောက်ပစ်လိုက်လို့ရှိယင် အင်း.... ဒီနေ့တော့ဖြင့် တော်လောက်ပြီဆိုပြီး ဝိပဿနာအလုပ်က ထချင် ထ,ပစ်လိုက်တယ်.... (မှန်ပါ့) မီးမှ မထွက်သေးပဲ.... (မှန်ပါ့ ဘုရား)။

အဲဒီတော့ မီးထွက်လိမ့်မယ် သိနေလို့ရှိယင်လဲ နိဗ္ဗာန်ပေါ် လာလိမ့်မယ် သိနေလို့ရှိယင် ကြပ်ကြပ်သာ ဒကာ ဒကာမတွေ က ကြိုးစားပြီး ရှုပေးပါ...(မှန်ပါ့)သဘောပါပလား....(ပါပါ ပြီဘုရား)။

ကြပ်ကြပ် ရှုပေးလိုက်တဲ့ အခါကျလို့ရှိယင် နိဗ္ဗာန်တည်း ဟူသော မီးဟာ ဘယ့်နှယ်တုံး.... (ထွက်ရပါမယ်) ထွက်ရမယ်၊ ကိလေသာဝေးလို့ ထွက်ရမယ်။သဘောကျပလား....(ကျပါပြီ ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ ဝါးဟာ နဂိုက နှစ်လုံးကိုင်ထားတော့ ဗယ်ဘက်က တလုံးဟာလဲ အအေးပဲ မဟုတ်လား....၊ ညာဘက်က အလုံးဟာကော....(အအေးပါဘုရား)။

အဲဒီ့ အအေးတွေ ပျောက်ပျောက်, ပျောက်ပျောက်ပြီး သကာလသွားမှသာလျှင်တဲ့ အပူဓာတ်တွေက တဖြည်းဖြည်းချင်း ရင့်ကျက်လာမယ် မဟုတ်လား....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ရင့်ကျက်ပါများတော့မှ မီးထွက်မယ်ဆိုတာကော.... (သေချာပါတယ်ဘုရား) အင်မတန် မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒကာကြီးလှိုင် မလျော့နဲ့နော် .... (မှန်ပါ့) ငါးပွတ်သော ယောကျ်ားဆိုတာ ဒီက လာတာ .... (မှန်ပါ့) မီးပွတ်သော ယောကျ်ားလို့လဲ ရေးကြတယ်.... (မှန်ပါ့) အခုတော့ ဝါးပွတ်သော ယောကျ်ားလို့သာ မှတ်လိုက်ပေတော့....(မှန်ပါ့)။

ကိုင်း....ဒကာဒကာမတွေ ဩော်... တို့နိဗ္ဗာန် ဘယ်လိုလုပ်ပြီးသကာလ ရောက်အောင် သွားရမှာပါလိမ့်မတုံးဆိုတဲ့ သွားလမ်းတော့ ကိုပေါ်တို့....ကိုဝတို့ ယနေ့ ပေါ်ပြီနော်....ပေါ်ပါပြီဘုရား)။

ငါ ပါရမီမရှိလို့လားဆိုတဲ့ စကားကိုလဲ .... မသုံးပါနဲ့.... (မှန်ပါ့)မီးပွတ်တာ နည်းနေသေးလို့ မထွက်သေးတာသာလျှင် ကေန်ထားပါ....(မှန်ပါ့)။

ဒကာကြီးလှိုင် ရှင်းပြီနော်(ရှင်းပါပြီဘုရား) အဲ....ဒို့ဟိတ်တို့ အဟိတ်တို့ ကျတော့လဲ.... ဘယ်တွက်နိုင်ပါ့မတုံး ပေါ့ဗျာ .... ဒီမှာတော့ ဒကာဒကာမတွေက ဝိပဿနာဉာဏ် နားလည်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ဒါတွေ တီဟိတ်တွေက ပုံပြီးသကာလ နေတော့ တိဟိတ်ပင် ဖြစ်ငြားသော်လဲ ကိုပေါ်၊ ကိုဝတို့ကမှတ်၊ မပွတ်တိုက်လို့ရှိယင် မီးမထွက်ဘူး....(မှန်ပါ့)သဘောပါလား.... (ပါပါပြီ) ငါ တိဟိတ်ပဲဆိုပြီး အိပ်နေလို့ကော(မရပါဘုရား)။ မရနိုင်ဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဟန်ကလေး ပန်ကလေးနဲ့ တချီတပွဲတော့ဖြင့် မနေပဲနဲ့ ဟန်ပန်တွေ အကုန်သိမ်းပြီးသကာလ မီးထွက်အောင် တိုက်မယ်ဟဲ့....ဆိုတဲ့ ဝီရိယ အဓိပတိထား၊ ဆန္ဒ အဓိပတိထား ယင် ရပါလိမ့်မယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဘာ အဓိပတိထားရမလဲ....(ဝီရိယနဲ့ဆန္ဒ အဓိပတိထားရပါ မယ်ဘုရား)။

ဝီရိယနဲ့ဆန္ဒ၊ ဆန္ဒကလဲ နိဗ္ဗာန်တည်းဟူသောမီးကို မထွက် ထွက်အောင်၊ မရ–ရအောင် လုပ်မဟ... ဆိုတဲ့ ဆန္ဒပြင်းပြလို့ရှိယင် လဲ ဆန္ဒိဒ္ဓိပ္ပါဒ် သွား ဖြစ်တယ်....(မှန်ပါ့)သဘောကျပလား..... (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ဆန္ဒိဒ္ဓိပ္ပါဒ် ဖြစ်သွား ပြန်တော့လဲ ဝီရိယကလဲ ဝီရိယ အဓိပတိဖြစ်လို့ ဟိုကလဲ ဣဒ္ဓိပ္ပါဒ် ဖြစ်သွားတဲ့ အခါကျ တော့ ဒကာဒကာမတို့ မှတ်လိုက်တာပေါ့ မရ၊ မရှိပါဘူး.... ဆိုတာ ပေါ်လာပါတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဘယ်ကာလမှာ ရှိပါလိမ့်....(ဘယ်ကာ လမှာမှ မရှိပါဘူးဘုရား) ဘယ်ကာလမှာမှ မရှိဘူး။

---

တတိယအကြိမ်

http://www.dhammadownload.com



နို့....မရှိဘူးလားဆိုတော့....(ရှိပါတယ်ဘုရား)။

ဘယ်လိုပုဂ္ဂိုလ်မှာ ရှိပါလိမ့်မလဲဆိုတော့ ခန္ဓာနဲ့ ဉာဏ်နဲ့ မျှားမျှားတိုက်တဲ့ ပုဂ္ဂိုလ်မှာ ရှိတာပဲ....(မှန်ပါ)ခန္ဓာနဲ့ ဉာဏ်နဲ့ မျှားမျှားမတိုက်တဲ့ ပုဂ္ဂိုလ်မှာ....(မရှိပါဘုရား) မရှိဘူးတဲ့....။

ဒါဖြင့် သားရေး, သမီးရေး, စီးပွားရေး အရေးကြီးနေတဲ့ ပုဂ္ဂိုလ် ကျတော့ ကိုယ့်ခန္ဓာနဲ့ .... ဉာဏ်နဲ့မှ မတိုက်တော့ပဲ .... (မှန်ပါ)သားသမီး ခန္ဓာနဲ့သာ ကိုယ့်တဏှာတွေနဲ့ သွားတိုက်တယ်....(မှန်ပါ) ကိုယ့်ဒေါသနဲ့ သွားတိုက်တယ်.... (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

အဲဒီတော့ ခန္ဓာနဲ့ဉာဏ်နဲ့ ဟိုက်ပါသေးရဲ့လား... (မဟုတ်ပါဘုရား)။

စီးပွားရေးသမားတွေ အလုံးစုံ အကုန် လောဘ, ဒေါသတွေနဲ့နေတဲ့ ပုဂ္ဂိုလ်ကျတော့ သားရေး,သမီးရေး, စီးပွားရေးနဲ့သာ တဏှာနဲ့ သွားတိုက်, ဒေါသနဲ့ သွားတိုက်၊ သားအာရုံနဲ့ ဒေါသနဲ့၊ သမီးအာရုံနဲ့ ဒေါသနဲ့ သွားတိုက်လို့ ဘယ်နိဗ္ဗာန် ထွက်လိမ့်မတုံး....(မှန်ပါ)။

ကိုပေါ် ထွက်ပါ့မလား.... (မထွက်ပါဘုရား) ကဲ....ဦးဘကလေး ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရှိသလား... မရှိဘူးလား....ဒကာ ဒကာမတို့ (ရှိပါတယ်ဘုရား) ဘယ်လိုပုဂ္ဂိုလ် ရှိပါလိမ့်မတုံး.... ( ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့ပုဂ္ဂိုလ် ရှိပါတယ်ဘုရား)။

အဲ....သေချာသွားပြီ၊ ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်တဲ့ ပုဂ္ဂိုလ်မှာဖြင့် မီးနဲ့တူတဲ့ နိဗ္ဗာန်သည် ကောက်ထွက်လာပါလိမ့်မယ် ဆိုတာ လုပ်

http://www.dhammadownload.com



ပါ....(မှန်ပါ့) ခန္ဓာနဲ့ဉာဏ်နဲ့ တိုက်ပါများတော့ ကြည့်စမ်းပါလား...တဲ့ ပထမ ဖြစ်ပျက်ဆိုတော့ ဥဒယဗ္ဗနဲ့ ဉာဏ်နဲ့သွားတိုက်တယ်....(မှန်ပါ့)မတိုက်ဘူးလား .. (တိုက်ပါတယ်ဘုရား)။

တော်တော်ကြာကျလို့ ရှိယင်ဖြင့်ရှုဖန်များလာတော့အင်း.....ဖြစ်ပျက်တောင် မဖောက်တော့ဘူး၊ အပျက်နဲ့ ဉာဏ်နဲ့ သွားတိုက်တယ်–(မှန်ပါ့)ရင့်မလာဘူးလား.... (ရင့်ပါတယ်ဘုရား)။

ဥဒယဗ္ဗယ ဘင်္ဂ နောက်ကျတော့ ဒီ ဖြစ်ပျက်တွေက ဘေးထင်ပြီးသကာလ ဉာဏ်နဲ့ မတိုက်မိဘူးလား.... (တိုက်မိပါတယ်ဘုရား)။

ဒီလိုအစဉ်အတိုင်း တက်သွားတာကွာ....တဲ့ တိုက်ပါများတော့၊ နောက်ကျတော့ အာဒီနဝဆိုတဲ့ ဒီ ဖြစ်ပျက် တွေဟာကိုယ့်အပြစ် သင့်နေတာပဲဆိုပြီးတော့ ဉာဏ်နဲ့သွားသွားမတိုက်ဘူးလား....(တိုက်ပါတယ်ဘုရား) အဲဒါ အာဒီနဝ ဉာဏ်နဲ့လဲခန္ဓာနဲ့ပဲ သွားတိုက်တာပဲ....(မှန်ပါ့)မတိုက်ဘူးလား.... (တိုက်ပါတယ်ဘုရား)။

အင်း....နောက်ကျတော့ နိဗ္ဗိန္ဒဉာဏ်ဆိုတော့ ဒီဖြစ်ပျက်တွေကို ဒီဉာဏ်နဲ့ သွားတိုက်တာပဲတဲ့၊ ငြီးငွေ့တဲ့ ဉာဏ်နဲ့ သွားတိုက်တယ် .. (မှန်ပါ့)မတိုက်ဘူးလား....(တိုက်ပါတယ်ဘုရား)။

အဲ....ဒီကျလာလို့ရှိယင် ဒကာဒကာမတွေက မပေါ့နဲ့တော့ ခြေ....ဗလဝ အားကြီးတဲ့ ဝိပဿနာဖြစ်ပြီ.... (မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မယ်.... (ဗလဝ ဝိပဿနာ ဖြစ်ပါပြီဘုရား)

---

တတိယအကြိမ်

http://www.dhammadownload.com



ဗလ၀ ဝိပဿနာဆိုတာ မှတ်လိုက်စမ်းပါ ဝိပဿနာမှာဖြင့် ရင့်ကျက်ပြီဟော့.....၊မိုးထွက်ဖို့ကပ်နေပြီ... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ငြီးငွေ့လာလို့ရှိယင်ဖြင့်... (မိုးထွက်ဖို့နီးပါပြီ) နိဗ္ဗာန်တည်းဟူသော မိုးထွက်ဖို့....(ကပ်နေပါပြီဘုရား)။

အေး....နိဗ္ဗာန်တည်းဟူသော မိုးထွက်ဖို့ဟာ အနီးကလေးကျန်တော့တယ်ဆိုပြီး ဒကာဒကာမတွေ နောက်မဆုတ်လိုက်ပါနဲ့.... (မှန်ပါ့) ဖြစ်ပျက်တွေများ မုန်းနေတဲ့ အချိန်ကျယင် မောင်နိုင်....နောက်ဆုတ်လိုက်လို့ တော်ပါ့မလား....(မတော်ပါဘုရား) မိုးထွက်ဖို့ ဘယ့်နှယ်နေသလဲ... (နီးပါပြီဘုရား)။

နိဗ္ဗာန်တည်းဟူသော မိုးထွက်ဖို့....(နီးပါပြီဘုရား) နီးပြီဆိုတာ သေသေချာချာ လုပ်ပါနော်....(မှန်ပါ့)။

အဲဒီတော့ နိဗ္ဗာန် တစ,တစလို့ လုပ်တဲ့ ပုဂ္ဂိုလ်က ခုနကဆန္ဒ ဝီရိယလျော့တဲ့ ပုဂ္ဂိုလ်ဆီ ရောက်တယ် ... (မှန်ပါ့) ပြင်းပြင်းထန်ထန် လုပ်လိုက်မယ်ဆိုလို့ရှိယင် မောင်နိုင်....မရပေဘူးလား....(ရပါတယ်ဘုရား)။

အေး....ဒါကြောင့် အို....ကျုပ်တို့ တော့ဖြင့် တဖြည်းဖြည်းတော့ဖြင့် ရအောင် လုပ်ရမှာပဲဆိုတဲ့ ဥစ္စာကို မိုးတိုက်တာ ဝါးနှစ်လုံး တိုက်နေတဲ့ဥစ္စာ ဦးဘရှင်းရေ....ခပ်အေးအေး တယောထိုးသလို တိုက်နေလို့ မဖြစ်ဘူး....(မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ခပ်ပြင်းပြင်း တိုက်ယင် ခပ်ပြင်းပြင်း မီးထွက်လာမယ်ဆိုတာ မသေချာဘူးလား... (သေချာပါတယ်) အေး .. ဒါတွေ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် မီး ပူပူ–ပူပူလာတဲ့ ဥစ္စာ မေခင်နိုင်....ပထမဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်လို့ ဥဒယဗ္ဗယ ဉာဏ်ကိုပဲ ထက်လာတယ် (မှန်ပါ့) နောက်တော့ တိုက်ပါ များတော့ ဘင်္ဂ–အပျက်တွေချည်း မြင်တဲ့ ဉာဏ်နဲ့ကော.... (တိုက်ပါတယ်) ဒါမီးပူလာတာလား....မပူလာတာလား....(ပူလာတာပါဘုရား)။

ခုနက ဥဒယဗ္ဗယထက် ဘင်္ဂက ပူလာတယ်....(မှန်ပါ့) ဘင်္ဂထက် ဘယကကော....(ပူပါတယ်ဘုရား)ဘယထက် အာဒီနဝကကော....(ပူပါတယ်)အာဒီနဝထက် နိဗ္ဗိန္ဒကကော....(ပူပါတယ်ဘုရား)။

ကဲ....နိဗ္ဗိန္ဒပြီးတော့ မဂ်လာတော့မှာပဲ ဆိုတော့ အပူအစွမ်းကုန်ရှိလို့ရှိယင် တောက်ရုံပဲ ရှိတော့တယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

နိဗ္ဗိန္ဒဉာဏ်ပြီးတော့ ဘာဉာဏ်လာမတုံး.... (မဂ်ဉာဏ် လာပါမယ်)မဂ်ဉာဏ်ပဲလာပါတယ်၊ ဒီကြားဟာတွေက ကျော်လိုက်ပါတော့တဲ့၊ ဒါနိဗ္ဗိန္ဒထဲ အကုန် ဝင်လာတာတွေ(မှန်ပါ့)။

ဒကာကြီးလှိုင်....ရိပ်မိပြီလား....(ရိပ်မိပါပြီဘုရား) သဘောပါကြလား.... (ပါပါပြီဘုရား)။

အင်မတန် အဖိုးတန်တဲ့ နေ့ပါကလားဆိုတဲ့ ဥစ္စာ ကိုပေါ်တို့ ကိုဝတို့....နေ၁်....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ဆုတောင်း သမားတို့၏ အလုပ် မဟုတ်ဘူး၊ စာကြည့်ပြီး အပြောသမားတို့၏....(အလုပ်မဟုတ်ပါဘုရား)။

အလုပ်မဟုတ်ဘူးဆိုတာကော ဒကာဒကာမတို့ အခု မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသိန် အမေးအဖြေ ထောက်လိုက်သဖြင့်လဲ အရှင်းကြီး ရှင်းသွားပါပြီ မရှင်းသေးဘူးလား.... (ရှင်းပါပြီဘုရား)။

ဒါကြောင့်ဟော့....ဝိပဿနာ ကြိုးစားကြ၊ ကြိုးစားကြ၊ ကြပ်ကြပ်ရှုကြပါ၊ ကြပ်ကြပ်မှတ်ကြပါ ဆိုတာကို ကိုဝ....တိုက်တွန်းသင့်.... မတိုက်တွန်းသင့် .... (တိုက်တွန်းသင့်ပါတယ် ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ကို ခပ်နွေးနွေးနဲ့ ခပ်ပျင်းပျင်း လုပ်နေလို့ရှိယင် မီးဟာ နွေးနွေးမှုပဲ ထွက်မှာပဲ....(မှန်ပါ့)။

ခပ်သုတ်သုတ်ကလေး လုပ်ကြမယ်ဆိုလို့ ရှိယင်တော့ (ခပ်သုတ်သုတ် မီးထွက်ပါမယ်ဘုရား)။

ခပ်သုတ်သုတ် မီးထွက်လာမှာပဲ မီးနဲ့တူတဲ့ နိဗ္ဗာန်ထွက်လာလိမ့်မယ်ဆိုတာ ငြင်းစရာ လိုသေးလာလား.... (မလိုပါဘုရား) သေချာကြပလား....(သေချာပါပြီ)။

အဲဒီမှာ မိလိန္ဒပဉ္စာကို အကိုးအကားထားပြီး သီဟိုဠ်ကျွန်းကပြုတဲ့ နာမရူပ ပရိစ္ဆေဒကျမ်းဆိုတာရှိတယ်၊ သင်္ဂြိုဟ်ဆရာရေးတဲ့ ကျမ်းပါပဲ....(မှန်ပါ့) သူက ဘယ်လို ရေးလိုက်သတုံး....ဆိုတော့....

"ပရိပက္ကာ ကမေနေဝံ၊ ပရိဘာဝိတ ဘာဝနာ"။

---

တတိယအကြိမ်

http://www.dhammadownload.com



ပရိပက္ကာ ကမေနေဝံ....တဲ့ အစဉ်အတိုင်းသာ တိုက်သွားစမ်းပါကွာ....တဲ့၊ ဝါးကို ဒီနေရာကလေးချည်း အစဉ်အတိုင်း တိုက်တိုက်သွားစမ်းပါ၊ ထပ်ထပ်....ထပ်ထပ် တိုက်သွားစမ်းပါ ဆိုတာပဲနော်....(မှန်ပါ့)။

နောက်ကျတော့ ဘယ်နှယ်ဖြစ်မလဲ ပရိစ္စဇန္တိသခ်ါရေ....တဲ့ ပရိစ္စဇန္တိ သခ်ါရေဆိုတာ ဉာဏ်က နောက်ကျတော့ကွာ....တဲ့ ဖြစ်ပျက်ကိုပဲ၊ အစတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ချည်း တိုက်နေတာပဲ နောက်ကျတော့ ဉာဏ်က ဖြစ်ပျက်နဲ့ မတိုက်တော့ဘူးဟေ့ ... ပရိစ္စဇန္တိ သခ်ါရေ....သခ်ါရတရား စွန့်သွားတယ်....တဲ့ ဖြစ်ပျက်စွန့်တယ်....(မှန်ပါ့)ပက္ခန္ဒတိ အသခ်တေ–အသခ်တ....ဆိုတဲ့ဘက်ကို တခါတည်း ဉာဏ်က ပြေးသွားတယ်....(မှန်ပါ့)။

ပထမတော့ သခ်တဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်နေတာပဲ (မှန်ပါ့ဘုရား)။

နောက်ကျတော့ မောင်နိုင် ဒီဉာဏ်က ဘယ်ဘက်ပြေးသွားသတုံး....(အသခ်တဘက် ပြေးသွားပါတယ်ဘုရား)။

အသခ်တဘက်ပြေးသွားတယ် ဒကာဒကာမတို့ ပထမသခ်တအနိစ္စနဲ့ ဉာဏ်နဲ့ ကိုဝ....တိုက်နေတယ်....(မှန်ပါ့)။

နောက် တိုက်ပါများတော့ ဒီဉာဏ်က ဘယ်ဘက်ပြေးသလဲ (အသခ်တဘက် ပြေးပါတယ်)။

အဲဒါကြောင့်.... "ပရိပက္ကာ ကမေနေဝံ၊ ပရိဘာဝိတဘာဝနာ "တဲ့ ပရိဘာဝိတ ဘာဝနာဆိုတာ ကြပ်ကြပ်ကလေးကို ပွား[illegible]မ်းပါကွာ....တဲ့ သဘောကျပလား....(ကျပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



အစဉ်အတိုင်း ဉာဏ်တွေတက်လာပါလိမ့်မယ်တဲ့နော်(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဉာဏ်တက်ပေးလို့လဲ မရဘူး၊ ဆရာက ဉာဏ်တဘက်ဘက်ပေးလို့လဲ မရဘူး....(မှန်ပါ့)။

ဉာဏ်ဆိုတာမျိုးဟာက အစဉ်အတိုင်းသူ့ဟာသူ ဝိပဿနာဉာဏ်ဆိုဘာက မောင်နိုင် ဖြစ်ပျက်နဲ့မဂ်နဲ့ တခါတည်းတိုက်ပါမျှားလို့ အမြင်ပြောင်းသွားတာ....(မှန်ပါ့)။

သူ့ကို ဆရာက တက်ပေးလို့ ရရဲ့လား.... ( မရပါဘုရား)။

ကိုယ့်ဟာကိုယ် တိုက်ပါမျှားတာနဲ့ ဘာဖြစ်သွားသလဲ....(တိုက်ပါမျှားယင် ပြောင်းသွားပါတယ်)။

ပြောင်းပုံကလေးကဘာတဲ့ (အမြင်ပြောင်းပါတယ်)ပထမဖြစ်ပျက်မြင်တယ်၊ နောက် အပျက်ချည်းမြင်တယ်.... (မှန်ပါ့ဘုရား)။

အမြင် ဘယ့်နှယ် နေကြသလဲ..... (ပြောင်း သွား ပါတယ်ဘုရား)။

အေး....ဒါကြောင့် အဲဒါ အကြောင်းရင်းခံပြီး နာမရူပပရိစ္ဆေဒကျမ်းက ပရိပက္ကာ ကမေနေဝ၊ ရင့်ကျက်တဲ့ **အစဉ်ရှိ** သဟော့တဲ့....(မှန်ပါ့)။

ဧဝံ....ဤသို့၊ ကမေန အစဉ်သဖြင့်၊ ပရိပက္ကာ....ရင့်ကျက်ခြင်းသည်၊ ဟောတိ=ဖြစ်၏။ အစဉ်အတိုင်း ရင့်ကျက်သတဲ့၊ သဘောပါပါလား....(ပါပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ပထမ ဖြစ်ပျက်နဲ့ တိုက်တယ်။ နောက်ကျတော့ အပျက်နဲ့လာ တိုက်တယ်။ အပျက်နဲ့ မဂ်နဲ့ မတိုက်ဘူးလား.... (တိုက်ပါတယ်ဘုရား)။

ဥဒယဗ္ဗယ ဘင်္ဂ.... နောက် ခုနက ဖြစ်ပျက်နဲ့ပဲ ခန္ဓာ ဖြစ်ပျက်ကိုပဲ ဘေးထင်တဲ့ဉာဏ်နဲ့ သွားမတိုက်ဘူးလား.... (တိုက်ပါတယ်ဘုရား)။

ဒီလို အစဉ်အတိုင်း တိုက်သွားတာပဲကွာ....တဲ့၊ ပေါ်ကြလား....(ပေါ်ပါပြီ)။

အဲဒီတော့ ဘယ်လိုတုံးလို့ မေးတဲ့အခါကျတော့ ပရိဘာဝိတ ဘာဝနာ....တဲ့၊ မင်းတို့ ပွားသာပေးတဲ့၊ မင်းတို့က ဘယ်ဉာဏ်ရောက်ရပါလို၏။ ဘယ်ဉာဏ်ရောက်ရပါလို၏ဆိုတာ မင်းတို့ တာဝန်မဟုတ်ဘူးတဲ့....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်ဉာဏ် ရောက်ရပါလို၏။ ဘယ်ဉာဏ် ရောက်ရပါလို၏ ဆိုတာ ယောဂီပုဂ္ဂိုလ်၏တာဝန် မဟုတ်ပါဘူး....တဲ့.... (မှန်ပါ့ဘုရား)။

ယောဂီပုဂ္ဂိုလ်အလုပ်က ဒိဝါးနှစ်လုံးတိုက်တဲ့ဥစ္စာ နည်းနည်းပူရာက အလတ်စားပူဖို့၊ အလတ်စားကနေပြီး အထက်စားပူဖို့၊ ဒါ...တိုက်တဲ့အလုပ်က ကိုယ့်တာဝန်၊ ပူဖို့အလုပ်က ဝါးနှစ်လုံး၏တာဝန်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အဲဒီလိုမှတ်ပြီးသကာလထားလိုက်တော့မှ ဩော်....ဝိပဿနာ အလုပ်ဆိုတာသည်ကားလို့ဆိုယင် ဖြစ်ပျက်နဲ့ မဂ်နဲ့ တိုက်နေဖို့ အလုပ်တခုဟာ တို့တာဝန်ပဲ၊ ဉာဏ်စဉ် တက်တာကတော့ဖြင့်

http://www.dhammadownload.com



တိုက်ပါများလို့ အမြင်ပြောင်းတာပဲ....(မှန်ပါ့) မှတ်မိကြပလား (မှတ်မိပါပြီ)။

တိုက်ပါများလို့.... (အမြင်ပြောင်းတာပါဘုရား) အမြင်ပြောင်းတာကို ဉာဏ်တက်တယ်ခေါ်တာ(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ)။

အမြင်ပြောင်းတာကို.... ( ဉာဏ်တက်တယ် ခေါ်ပါတယ် ဘုရား)။

ဉာဏ်တက်တယ်လို့ခေါ်တယ်ဆိုတော့ဖြင့် ဩော်....ငါ့ဟာ ဉာဏ်ရောက်ပြီ.... ငါ့ဟာဉာဏ်ရောက်ပြီလို့ ဆရာကလဲ မပြော နိုင်ဘူး သဘောကျပလား....(ကျပါပြီ)အလုပ်က ပြောသွားမယ် (မှန်ပါ့ဘုရား)။

ကိုဝ....ဘယ်သူက ပြောမတုံး.... (အလုပ်က ပြောပါတယ် ဘုရား) တိုက်ပါများတာနဲ့ အလုပ်က ပြောသွားတာပဲ .... (မှန်ပါ့ဘုရား)။

ဦးဘကလေး....ကောင်းကောင်းကျေနပ်ပလား.... (ကျေနပ် ပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် "ပရိပက္ကာကမေနေဝံ၊ ပရိဘာဝိတဘာဝနာ" တဲ့ ခင်ဗျားတို့ တာဝန်ကဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ ပွားနေဖို့ပါပဲ တဲ့....(မှန်ပါ့)။

သူ့ဟာသူ အစဉ်အတိုင်း အမြင်ပြောင်းပါလိမ့်မယ် (မှန်ပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နောက်ကျတော့ အမြင်ပြောင်းသွားတော့ ဘယ်လိုဖြစ်မလဲ လို့ မေးတဲ့အခါကျတော့ သင်္ခါရတွေ မမြင်ပဲနဲ့ သင်္ခါရမရှိတဲ့ ဘက်ကို မြင်လိမ့်ဦးမယ်ကွ....တဲ့။

မောင်နိုင် သင်္ခါရမမြင်ပဲနဲ့ .... (သင်္ခါရမရှိတဲ့ဘက် မြင်ပါ လိမ့်မယ်ဘုရား)။

အဲ....ခုနက ဥဒ္ဒယဗ္ဗယ – ဘင်္ဂ – ဘယ.... ဆိုတဲ့ ရုပ်နာမ် ဓမ္မ တွေကို မမြင်ပဲနဲ့ ရုပ်နာမ်ဓမ္မတွေ မရှိတဲ့နိဗ္ဗာန်သွားမြင်မှာပဲတဲ့ (မှန်ပါ့) တိုက်ပါမျှားဖို့ပဲ အရေးကြီးပါတယ် .... (မှန်ပါ့ ဘုရား)။

ဒကာဒကာမတို့.... ရှုပါမျှားဖို့ပဲ .... (အရေးကြီးပါတယ် ဘုရား) အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

အဲဒီတော့ အင်မတန် ဒကာဒကာမတွေ ကံထူး, ဘုန်းထူး လို့ ကိုဝ....ကြားရတာနော်....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ မိဘရိုးရာနဲ့မျှား ဆုံးနေကြ ဦးမယ်ဆိုလို့ရှိယင်ဖြင့် ဘာကလေးလှူလဲ နိဗ္ဗာန်ရရပါလို၏။ ဘာကလေးတန်းလဲ နိဗ္ဗာန်ရရပါလို၏။ ဒါနဲ့သာ ခေါင်းထဲဝင် သွားတာပဲ....(မှန်ပါ့) ဦးဘရှင်း ရှေးကပုဂ္ဂိုလ်တွေ မျှားသော အားဖြင့်.... (ဒီအတိုင်းပါဘုရား) ဒီအတိုင်း ဒါနဲ့ပဲ ခေါင်းထဲ ဝင်သွားကြတာပဲ ကိုဝတို့....ဒါ....ဘုန်းကြီးက စကားကြီးပြော တာ မဟုတ်ပါဘူး.... (မှန်ပါ့ဘုရား) ဒီ....ပွတ်တိုက်နေတဲ့ပုဂ္ဂိုလ် ဟာ ကိုဝ....ရှာမှရှားလိမ့်မယ်....(ရှားပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် အဲဒီ ပုဂ္ဂိုလ်တွေ အခု ဘယ်လိုများ နေရှာပါလိမ့် မတုံး၊ နိဗ္ဗာန်များရောက်နေလေရော့လား....သူတို့ လုပ်သွားတာ တွေ နည်းတာတွေမဟုတ်ဘူး။ အို....အလုပ်စစ် ပါမသွားသေး ဘူးပြောတာ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ) အလုပ်စစ် ဖြင့်... (ပါမသွားသေးပါဘုရား)။

မပါသေးပါဘူး ဆိုတဲ့ဥစ္စာသည် ဝေးသောအကြောင်းသာ ပါသွား၍ နီးသောအကြောင်းက....(မပါပါဘုရား) မပါသေး တော့ နောက်ဘဝကျတော့လဲ ကိုဝ....ဝေးသောအကြောင်းက သူစမှာပဲ ...(မှန်ပါ့ဘုရား)။

အဲဒီတော့ ငါလုပ်နေတာ ကြာလှပြီ....မရသေးဘူးလို့.... ညည်း လုံးတွေ ဒကာဒကာမတို့ အားလျော့လုံးတွေ ဆုတ်နစ်တဲ့ အသံတွေ မထုတ်လိုက်ပါနဲ့....(မှန်ပါ့ဘုရား)။

မီးထွက်ချိန် မရောက်သေးလို့ ဒကာကြီးလှိုင် ဘာဖြစ်တာ တုံး....(မရသေးပါ)မထွက်သေးတာ၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲ .. ဒီအတိုင်းမှတ်လို့ ရှိယင်ဖြင့် မလုပ်သေးတဲ့ ဒကာဒကာမ တွေလဲ ကြိုးစား လိုက်စမ်းပါ.... (မှန်ပါ့) လုပ်ပြီးသား ဒကာဒကာမတွေလဲ တတ်နိုင်အောင် ကြိုးစားပေါ့.... (မှန်ပါ့ ဘုရား) မကြိုးစားရပေဘူးလား.... (ကြိုးစားပါမယ်) ကြိုးစား ရမှာပဲဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါကြောင့် နာမရူပ ပရိစ္ဆေဒကျမ်းမှာတဲ့ ဒကာဒကာမတို့ ပရိပက္ကာကမေနေဝံ....ဆိုတာ အစဉ်အတိုင်းသာ လုပ်ပါ။

တတိယအကြိမ်

http://www.dhammadownload.com



အစဉ်အတိုင်း ဘယ်လိုလုပ်ရမှာလဲ.... ပရိဘာဝိတဘာဝနာ ပွားသာပွားပေ....တဲ့ အစဉ်အတိုင်းဆိုတာ ဒါပါပဲတဲ့။ ပွားတော့ ဘာဖြစ်မှာတုံးဆိုတော့ ပရိစ္စဇန္တီ သခ်ါရေ....တဲ့၊သခ်ါရ တရားတွေ စွန့်ပစ်ပါတယ်ကွ....တဲ့။

"ပက္ခန္ဒတိ အသခ်တေ"တဲ့....၊ အဲဒီ မင်းရှုနေတဲ့ ဉာဏ်က နိဗ္ဗာန်ဘက် ပြေးသွားတာပဲကွ....တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)အဲဒါ နာမရူပ ပရိစ္ဆေဒကျမ်းမှာ လာတယ်နော်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါဖြင့် တပည့်တော်တို့ ဘယ်ဟာ ရှေ့ထားပြီး ဘယ်ဟာ နောက်ထားရမှာတုံးလို့ မေးတဲ့အခါကျတော့ သူက တခါ ဘယ်ကနေကူးပြီး ရေးပြန်သတုံးဆိုတော့မှ ဒကာဒကာ မတို့ မဟာဝဂ္ဂသံယုတ်ပါဠိတော်က ဟာကို သူက ဂါထာစီးပြီး သကာလ ထားတယ်၊ စင်စစ်တော့ မဟာဝဂ္ဂသံယုတ်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာနော်....(မှန်ပါ့)။

ဘယ်လို ဟောသတုံးဆိုလို့ ရှိယင်ဖြင့်တဲ့ ဒကာဒကာမတို့ နေထွက်တော့မယ်ဆိုတဲ့ နိမိတ်ဟာ ဘာမြင်သဖြင့် သိရပါလိမ့်မတုံးဆိုတော့ အရုဏ်တက်တာ မြင်သဖြင့် သိရတယ်....(မှန်ပါ့ဘုရား)။

နေထွက်တော့မယ်ဆိုတဲ့ ပုဗ္ဗနိမိတ်ဟာ ဘာပါလိမ့်(အရုဏ်တက်ပါတယ်) အရုဏ်တက်တယ်။

အရုဏ်တက်တော့ နီလာတယ်၊ အရုဏ်တွေ နီလာပြီဆိုမှဖြင့် ကိုဝရေ....ဘာဖြစ်မလို့ ထင်သတုံး....(နေထွက်တော့မလို့ပါဘုရား)။

http://www.dhammadownload.com



ဩော်....နေထွက်မည့် ပုဗ္ဗနိမိတ်သည် အရုဏ်တက်ကပြပါ ကလား....(မှန်ပါဘုရား)။

နေထွက်မည့် ပုဗ္ဗနိမိတ်သည်.... (အရုဏ်တက်က ပြပါတယ် ဘုရား)။

အရုဏ်တက်တဲ့ နေ့ဟာဖြင့် နေထွက်တော့မှာပဲ ဆိုတာ ဘယ်သူ့ မေးစရာ လိုသေးသလဲ....(မလိုပါဘုရား)။

အဲ....ဒီအတိုင်းပါပဲကွာ....တဲ့။

"ဥဂ္ဂစ္ဆတိ ယထာဒိစ္စော၊ ပုရေကွိတ္တာ ရုဏံတထာ"

အဲ....နေထွက်တော့မယ်ဆိုတော့ အရုဏ်တက်တာဟာရှေ့ သွားသလိုပဲတဲ့။ ဝိပဿနံ ပုရေကွိတ္တာ–ဝိပဿနာကို မင်းတို့ ရှုနေလို့ရှိယင် အရုဏ်တက်တာကွတဲ့ (မှန်ပါ)။

ကိုဝ....ဘာတဲ့....( အရုဏ် တက်တာပါတဲ့ဘုရား) ဟို....မဂ် တည်းဟူသော နေထွက်တော့မယ်... (မှန်ပါ) နိဗ္ဗာန်တည်းဟူ သော အရုဏ်ပေါ်တော့မလို့....(မှန်ပါ) ရှင်းကြပလား... (ရှင်းပါပြီ)။

"ဥဂ္ဂစ္ဆတိ ယထာဒိစ္စော၊ ပုရေကွိတ္တာ ရုဏံတထာ၊ဝိပဿနံ ပုရေကွိတ္တာ"ဝိပဿနာကို ရှေ့သွားကလေးလုပ်ပေးစမ်းပါကွာ တဲ့၊ သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာ ရှေ့သွားလုပ်ပါပြီတဲ့ တပည့်တော်တို့ နေ့တိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်ရှုနေတာပဲလို့ ဦးဘရှင်းကပဲ ပြောပြော အားလုံးတရားနာတဲ့ ဒကာဒကာမတွေက တပည့် တော်တို့လဲ လုပ်နေတာပါဘုရား ဝိပဿနာရှေ့ထားပြီး လုပ်

http://www.dhammadownload.com



တာပါပဲ၊ သဘောကျပလား....(ကျပါပြီ)ဝိပဿနာ ရှေ့ထား ပြီးသာ လုပ်ပါတဲ့....။

ဒကာဒကာမတို့ ဘာကိုရှေ့ထားလုပ်ရမလဲ.... (ဝိပဿနာ ရှေ့ထားလုပ်ရပါမယ်ဘုရား)။

ဝိပဿနာသာ ရှေ့ထားပြီးသကာလ လုပ်ပါတဲ့....၊ ကဲ.... ဒါဖြင့်....

ဥဂ္ဂဋ္ဌတိ ယထာဒိစ္စော၊ ပုရေကျွိတ္တာ ရျဏံတထာ။
ဝိပဿံနံ ပုရေကျွိတ္တာ၊ မဂ္ဂဓမ္မော ပဝတ္တတိ။ ။

ကွာ...မင်းဝိပဿနာသာ ရှေ့ထားလုပ်လို့ရှိယင် မဂ်ဉာဏ် သေသေချာချာ လာမယ်ကွာ....တဲ့....(မှန်ပါ့) ငါ ဒီ့ပြင်ဟာ မပြောလိုဘူးတဲ့....(မှန်ပါ့) သဘောကျပလား..(ကျပါပြီ)။

အရှုဏ်တက်တဲ့ အလုပ်ရှိလို့ရှိယင်ဖြင့် နေထွက်တဲ့ အလုပ် နောက်ကလိုက်မှာပဲ... (မှန်ပါ့) ဒီမှာလဲ ဝိပဿနာတည်းဟူ သော အရှုဏ်တက်တဲ့အလုပ်သာ လုပ်နေပါတဲ့.... (မှန်ပါ့)မဂ် ဉာဏ်တည်းဟူသော နေဟာ မုချ ထွက်ပါလိမ့်မယ်လို့တာဝန် ခံပါတယ်....(မှန်ပါ့)။

ဒီဟာကတော့ မိလိန္ဒပဥှာ မဟုတ်ဘူးတဲ့၊ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဘုရားကိုယ်တော်တိုင် ဟောတာ....(မှန်ပါ့)။

အဲဒါကို နာမရူပ ပရိစ္ဆေဒကျမ်းဆရာက သူက ကြည့်ပြီး ဂါထာစီထားလို့ ဘုန်းကြီးက ဒီဂါထာလေးကို ပြောဆိုခြင်း ဖြစ်ပါတယ်....(မှန်ပါ့) စင်စစ် ဘုရားဟောလို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



အရှက်တကွဲတခါ နောက်က ဒကာဒကာမတွေ ဘာဖြစ်ဖို့ပါလိမ့်.....(နေထွက်ဖို့ပါဘုရား)

ဝိပဿနာ ရှေ့ထားယင် ဘာနေထွက်မယ် ထင်ကြသတုံး....(မဂ်နေထွက်ပါမယ်) မဂ်ဉာဏ်တည်းဟူသော နေဟာ တခါတည်း ထွက်လာမယ်ဆိုတဲ့ ဥစ္စာဖြင့် ကိုပေါ်,ကိုဝ....သံသယမရှိလိုက်ပါနဲ့ (မှန်ပါ့)သဘောကျ၊လား....(ကျပါပြီဘုရား)။

ဒါဖြင့် သူ့အဓိပ္ပာယ်ကို ကျုပ်တို့က သေသေချာချာ ကြည့်တော့ ခြော်....နိဗ္ဗာန် ရချင်ယင် ဘယ်သူ့ ရှေ့ထားရမှာပါလိမ့်မတုံးဆိုတဲ့ အဓိပ္ပာယ် သူက ပါလာမယ်....(မှန်ပါ့)။

ဒကာဒကာမတို့....(ဝိပဿနာရှေ့ထားရပါမယ်) ဝိပဿနာရှေ့ထားတဲ့ (မှန်ပါ့)။

ကိုဝ ဘာတဲ့တုံး....(ဝိပဿနာ ရှေ့ထားရပါမယ်ဘုရား)။

ဝိပဿနံ ပုရေက္ခိတ္တာကိုး၊ ဝိပဿနံ=ဝိပဿနာကို၊ ပုရေက္ခိတ္တာ = ရှေ့သွားပြုမှ သာလျှင်၊ မဂ္ဂေ မေ္ဗာ=မဂ်ဉာဏ်သည်၊ ပဝတ္တတိ=ဖြစ်၏၊ ဒကာဒကာမတို့ ဝိပဿနာ ရှေ့သွားရှိမှ မဂ်ဉာဏ် လာတာတဲ့ ...(မှန်ပါ့)။

ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်တဲ့ ပုဂ္ဂိုလ်အပေါင်းဟာ အိပ်နေလို့မရဘူး(မရပါဘုရား) ဒီ့ပြင်အလုပ်တွေလျှောက်လုပ်နေလို့ရှိယင်လဲ ဝေးသော အကြောင်းတွေသာ ဖြစ်စရာရှိတယ် (မှန်ပါ့) သူ့ ဝိပဿနာ ရှေ့သွားရှိမှ ရမယ်ဆိုတဲ့ ဥစ္စာ ယနေ့ဆုံးဖြတ်ချက်ချပေးလိုက်တယ်....(မှန်ပါ့ဘုရား)ကိုပေါ်....ရှင်းပြီ (မှန်ပါ့ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နောက်က ဒကာဒကာမတွေ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန် အာရုံပြုချင်ယင် ဘယ်သူ့ကို ရှေ့သွားလုပ်ရမလဲ.... (ဝိပဿနာ ရှေ့သွားလုပ်ရပါမယ်ဘုရား)။

ဝိပဿနာ ရှေ့သွားလုပ်ရမယ်ဆိုတော့ ဒီထဲမှာ အရှယ်ကြီး တွေလဲ ပါတယ်၊ အရွယ်လတ်တွေလဲပါတယ်၊အရွယ်ငယ်တွေလဲ ပါပြီးနေတော့ အရွယ်ကို ဘုရားက မဆိုလို....(မှန်ပါ့) ဝိပဿနာ ရှေ့သွားရှိတဲ့ပုဂ္ဂိုလ် မဂ်ဉာဏ်ရမယ်—(မှန်ပါ့)သဘောကျပလား. (ကျပါပြီဘုရား)။

ငါတို့ ကြီးပြီ မရဘူးလို့လဲ ဆုံးဖြတ်ချက်မချနဲ့၊ ဝိပဿနာ ရှေ့သွားကလေးသာလုပ်ပေး... (မှန်ပါ့)မဂ်ဉာဏ် ရမှာပဲဆိုတာ ကေန်ပဲ (မှန်ပါ့)သဘောပါကြလား ... (ပါပါတယ်ဘုရား)။

"ဝိပဿနံ ပုရေကျွိတွာ၊ မဂ္ဂမမ္ဘော ပဝတ္တတိ" ဒကာဒကာ မတို့ ဒီဥစ္စာကဘုရားသခင်ကိုယ်တော်မြတ်ကြီး မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ သေသေချာချာ ဟောသည်ဖြစ်သေသောကြောင့် ဝိပဿနာသာ ရှေ့သွားထားကြလို့ရှိယင်ဖြင့် မင်းတို့မဂ်မရဘူး လို့ ငါ ဘယ်တော့မှ မဟောဖူးဘူး.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဝိပဿနာ ရှေ့သွားရှိယင် မဂ်ဉာဏ် နောက်က လိုက်မှာပဲ တဲ့....(မှန်ပါ့)မလိုက်ပါနဲ့ ဆိုလို့.... (မရပါ) မရနိုင်ဘူးဆိုတာ ကော ဒကာဒကာမတွေ လေးလေးစားစားကြီး သဘောကျ ပလား .. (ကျပါပြီ)။

ကိုင်း....ဒါဖြင့် ဒီ ဒကာဒကာမတွေမှာ အင်မတန်မှ အဖိုး တန်တဲ့စကားနှစ်ခွန်းကို ယနေ့ ကြားရပါပြီ....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



နိဗ္ဗာန်ဟာ ကာလသုံးပါး ဘယ်ကာလပါလိမ့်.... (ဘယ်ကာလမှ မဟုတ်ပါဘုရား)။

နို့....မရှိဘူးလား....ရှိသလား....( ရှိပါတယ် ဘုရား )ဘယ်လိုပုဂ္ဂိုလ် ရှိပါလိမ့်..., (ခန္ဓာနဲ့ဉာဏ်နဲ့တိုက်တဲ့ပုဂ္ဂိုလ်မှာ ရှိပါတယ်ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တိုက်နေတဲ့ပုဂ္ဂိုလ်မှာ ရှိတယ်၊အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မှာ ရှိတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

လုပ်ပါများလာတော့ ခန္ဓာစွန့်ပြီးသကာလ နိဗ္ဗာန်ဘက်ကိုဉာဏ်ပြေးတယ်၊ ဒါကလေးလဲ မှတ်လိုက်စမ်းပါ(မှန်ပါ့)လုပ်ပါများလာတော့....(ခန္ဓာစွန့်ပြီး နိဗ္ဗာန်ဘက် ဉာဏ်ပြေးပါတယ်ဘုရား)။

ခန္ဓာစွန့်ပြီးသကာလ ဉာဏ်သည် အယင်တော့ ဉာဏ်သည်ခန္ဓာဘက်ချည်းလှည့်နေတယ်.... (မှန်ပါ့) နောက် လုပ်ပါများလာတော့ ဒီဉာဏ်က ခန္ဓာစွန့်ပြီးသကာလ ခန္ဓာမရှိတဲ့ နိဗ္ဗာန်ဘက် ပြေးပါတယ်....(မှန်ပါ့) ဒါ....ဒီပါဠိတော်ပဲ၊ သဘောပါကြလား....(ပါပါတယ်)ခန္ဓာစွန့်ပြီးသကာလ ခန္ဓာမရှိတဲ့နိဗ္ဗာန်ဘက်ကို....(ပြေးပါတယ်ဘုရား)ပြေးတယ်ဆိုတာ သေချာပလား(သေချာပါပြီ)ရှင်းပြီနော် - (ရှင်းပါပြီ)။

အေး....ဒါဖြင့် ဘာရှေ့သွားထားမှ ဘာရမယ်ဆိုတာကောတခါ နောက် ဆုံးဖြတ်ချက်ကလေး ကြည့်လိုက်ပါဦး(ဝိပဿနာရှေ့သွားထားမှ နိဗ္ဗာန်ရမှာပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဝိပဿနာမဂ် ရှေ့သွားရှိမှ လောကုတ္တရာမဂ် နောက်လိုက်မယ်..(မှန်ပါ)ဝိပဿနာမဂ် ရှေ့သွားမရှိခဲ့သော်(လောကုတ္တရာမဂ် နောက်ကမလိုက်ပါဘုရား)။

လောကုတ္တရာမဂ်ဘယ်တော့မှမလိုက်နိုင်သောကြောင့် ဒကာဒကာမတွေတဲ့ ဝိပဿနာမဂ်ကိုဖြင့် ဘယ်အခါကာလမှ စွန့်လို့မရပါဘူး....(မှန်ပါ)ကိုဝ....ရပါ့မလား (မရပါဘုရား)။

ဝိပဿနံပုရေကွိတ္ဝာဝိပဿနံ=ဝိပဿနာမဂ်ကို၊ ပုရေကွိတွာရှေ့သွားထား၍၊ သူ့ပါဠိကနေ် .... (မှန်ပါ) ...ပြီးတော့မှဘာလာမတုံး၊ "မဂ္ဂေမ္မောပဝတ္တတိ"ပြီးတော့မှမဂ်ဉာဏ်လာတာဟေ့...တဲ့ ဝိပဿနာ ရှေ့သွားလုပ်ထားတဲ့ ပုဂ္ဂိုလ်မှ မဂ်ဉာဏ်လာပါတယ်....(မှန်ပါ)ကျေနပ်ပလား.. (ကျေနပ်ပါပြီ)။

ကျေနပ်တော့ကိုတဲ့ ဒကာ ဒကာမတို့ မီး ပွတ် သောယောကျ်ားကိုတခါပြန်ပြီးကြည့်လိုက်တဲ့အခါကျတော့ နွေးနွေးပွတ်လို့ ထွက်တာလား အားစိုက်ပြီးသကာလ ခပ်သုတ်သုတ်ကလေးအလုပ်လုပ်လို့ ထွက်တာလား.... (ခပ်သုတ်သုတ်ကလေးအလုပ်လုပ်လို့ ထွက်ပါတယ်)ကိုပေါ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အားစိုက်ပြီး ခပ်သုတ်သုတ် လုပ်လိုက်တဲ့အတွက် ဘာဖြစ်သွားပါလိမ့် (မီးထွက်ပါတယ် ဘုရား) အဲ...ဒီမှာလဲ ခန္ဓာနဲ့ဉာဏ်ဟာ အားစိုက်ပြီးသာ စိုက်ပေးပါ၊တော်တော်ကြာကျလို့ရှိယင် နိဗ္ဗာန်တည်းဟူသော မီးသည်ကားလှုံဆိုယင် ထွက်ပါစေသတည်းလို့လဲ မတောင်းတရဘူး.. (မှန်ပါ) မထွက်ပါစေနဲ့

http://www.dhammadownload.com



လို့လဲ မကန့်ကွက်ရဘူး၊ သူ့ဟာသူပဲ ထွက်လာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒါ .... ပါရမီ လိုသေးသလား .... ( မလိုပါ ဘုရား)။

အေး .. ဘုရားဖြစ်ချင်ယင် ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ရလိမ့်မယ်၊ ဟုတ်လား–(မှန်ပါ့) လေးသင်္ချေနဲ့ကမ္ဘာတသိန်း လုပ်ရလိမ့်မယ်၊ တစ်သင်္ချေနဲ့ကမ္ဘာတသိန်း၊ လက်ဝဲရံ လက်ယာရံ ဖြစ်ချင်လို့ရှိယင်နော်....(မှန်ပါ့) အဲ....ဒီ့ပြင် အသီတိ ရှစ်ကျိပ် ဖြစ်ချင်လို့ရှိယင် ကမ္ဘာတသိန်း လုပ်ရလိမ့်မယ်၊ ဟာ....တပည့်တော်တို့ဖြစ် ဘုရား....၊ အခုရ အခုယူမယ်ဆိုတဲ့ သာဝကပါရမီများမှာတော့ ဝိပဿနာရှေ့သွားရှိယင် နောက်က မဂ်လိုက်ပေးယင် ရပါတယ်ကွ ဆိုတာတော့ သာဝက ပါရမီဉာဏ်တွေကို ဟောနေတာ (မှန်ပါ့)ပေါ်လာကြပလား ...(ပေါ်လာပါပြီ)။

ဘာတွေ ဟောတာပါလိမ့်.... (သာဝကပါရမီ ဉာဏ်တွေ ဟောတာပါ)။

အခုရယင် အခုနိဗ္ဗာန်ယူမည့် ဆုကြီးပန်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရ ပြီးရောဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက်ဖြင့် ကိုပေါ် ကိုဝတို့.... ဝိပဿနာရှေ့သွားရှိယင် နောက်က လောကုတ္တရာမဂ် လိုက်မယ်၊ (မှန်ပါ့) ဒကာကြီးလှိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ပူစရာ, ပင်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား) ဘာမှ ပူစရာ ပင်စရာ မရှိဘူး ဆိုတာဖြင့် သေသေချာချာ မှတ်ဘာပေါ့... (မှန်ပါ့ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ဝိပဿနာမဂ်ရှေ့သွားရှိတော့ ကို နောက်က လောကုတ္တရာမဂ် လိုက်လာတယ်ဆိုတာ မောင်နိုင် ရှင်းသွားပြီ (ရှင်းသွားပါပြီဘုရား)။

ဟုတ်တယ်တဲ့ ဟိုပုဂ္ဂိုလ် ကြည့်ပါလားတဲ့၊ မုဆိုး တသက်လုံး လုပ်လာတဲ့ ပုဂ္ဂိုလ်ဟာ သွားပြီး ရဟန္တာကျောင်းမှာ ရေရှာ တော့ ရေအိုး သူခတ်သည်နဲ့ တပြိုင်နက် ရေပျောက်တာ.... (မှန်ပါ့) ခင်ဗျားတို့ အယင်မပြောဖူးဘူးလား.... (ပြောဖူးပါ တယ် ဘုရား) သူ့နာမည်က မိလက္ခတိဿလို့ခေါ်တယ်နော်.... (မှန်ပါ့)။

သူ့နာမည်ကဘာတဲ့....(မိလက္ခတိဿပါဘုရား)အဲ မိလက္ခ တိဿ....။

ဒါနဲ့ပဲ သူရေပျောက်တာနဲ့ပဲ....ရဟန်းတွေ ကဲ့ရဲ့ပြီးသကာလ နေတော့ ရဟန်းတွေက ထကြည့်တဲ့အခါ ရေအပြည့်တွေ့တယ် သူသွားခတ်လို့ရှိယင် ရေရှာလို့ မတွေ့ဘူး....(မှန်ပါ့)။

လူစင်စစ်ကနေပြီးသကာလ တခါတည်း အကုသိုလ်ကံတွေ ဟာ ပဥ္စမဇော အကျိုးပေးနေတယ်ဆိုတာ ကိုပေါ်....မပေါ် သေးဘူးလား....(ပေါ်ပါတယ်ဘုရား) အကုသိုလ်က များတာ ကိုးဗျ၊ တသက်လုံးလုပ်လာတာ (မှန်ပါ့)။

ဒါနဲ့ ရဟန်းက ထကြည့်တော့ ရဟန်းတွေဟာ သူများ ဆွမ်းတွေ၊ ကွမ်းတွေ စားပြီး ရေမှမခတ်၊ ကိုယ့်ကျောင်းကိုယ် ရေကလေးမှ သေနာသေနဝတ်တောင်မှ မပြည့်စုံဘူးလို့ သူက တောင် ကဲ့ရဲ့သေးတယ်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီမှာ ရဟန္တာက ထ,ကြည့်တဲ့အခါ ရေအပြည့်ရှိတော့.... ဒကာ လာခဲ့....လာခဲ့ ဆိုပြီး ဒီရေခွက်နဲ့ သူခတ်တဲ့ အိုးကပဲ.... ကော်ခတ်ပြီး ပေးလိုက်တာ ဦးဘရှင်း ဝအောင် သောက်ရရှာတယ်....(မှန်ပါ့) အဲဒီမှာ သူ သံဝေဂ ရရှာတယ်၊ မရဘူးလား.... (ရပါတယ်ဘုရား)

ဟာ.... လူစင်စစ်က လူ့ပြိတ္တာ ဖြစ်နေပါပေါ့လား ဆိုပြီး သကာလ အရှင်ဘုရား....ဒီလိုဝဋ်တွေ ဒါလောက်တောင်ဆိုးရွားနေတဲ့ အကျိုးပေးတွေ သေလဲ ဒီပုဂ္ဂိုလ်ဟာ အဝီစိမှ တပါးဘယ်မှ သွားစရာမရှိလောက်အောင်ပဲ ဆိုးရွားနေပြီ၊ ပစ္စုပ္ပန်မှာတောင် ရေပျောက်နေပြီ။ သဘောကျပလား.... (ကျပါပြီ)။

ပစ္စုပ္ပန်မှာတောင်.... (ရေပျောက်နေပါတယ်ဘုရား)။

အဲဒီတော့ ကယ်မည့်တရား၊ ယူမည့်တရား ရှိသေးသလားဆိုတော့ ဒကာကြီး ဝိပဿနာ ရှေ့သွားရှိယင် မဂ်ရတယ်လို့ ... အဲဒီ ရဟန္တာက ဟောပြီ ...(မှန်ပါ့) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဝိပဿနာရှေ့သွားရှိယင်....(မဂ်ရပါတယ်ဘုရား)။

ဟာ... ဒါဖြင့် ကယ်မည့်,ယူမည့်တရား ရှိပါသေးသလား.... ဘုရားဆိုပြီး တခါတည်း သူ့စိတ်ထဲ တက်ကြွပြီး အိမ်မပြန်တော့ဘူး။ သူ့လေးတွေ, မြားတွေ, ညှတ်ကွင်းတွေ, ဘာတွေ မောင်းနှိုင်....အကုန်စွန့်တာပဲ။ မစွန့်ဘူးလား .. (စွန့်ပါတယ်ဘုရား)။

စွန့်လိုက်ပြီး သကာလ အရှင်ဘုရား ...သက်န်းသာ ဝတ်တော့ဘုရား....ကိုရင်ကြီးဝတ်တော့၊ တပည့်တော် ဒီဥစ္စာ တပည့်တော်အကြောင်း တပည့်တော် ကောင်းကောင်းသိပြီ။ အရှင်ဘုရား

http://www.dhammadownload.com



ကလဲ ကာကွယ်တဲ့ ဆေးရှိတယ်လို့ ဆိုထားတယ်။ တပည့်တော် ကြိုးစားပါတော့မယ်ဆိုပြီး ကြိုးစားတော့၊ ကြိုးစားရင်း မတွန့် သူလုပ်ထားတဲ့ အကုသိုလ်တွေချည်း စိတ်ထဲမှာ ပေါ်နေတယ်.... (မှန်ပါ့) ကုက္ကုစ္စတွေ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

အရှင်ဘုရား... တပည့်တော် အပြစ်နဲ့ပဲ တပည့်တော် ရှိပါစေတော့ တရားအဒွေးထုတ်တာ တရားမမြင်ဘူးဘုရား ၊ တပည့်တော် သတ်ဖြတ်ထားတဲ့ ဥစ္စာတွေသာ လာလာပြီး ပေါ်နေတယ်။ ဒါကြောင့် တပည့်တော် လူထွက်ပါရစေဆိုတော့ မထွက်နဲ့ဦးဆိုပြီး သကာလ မောင်နိုင် သဖန်းသားတွေ အခုတ်မခိုင်းဘူးလား....(ခိုင်းပါတယ်ဘုရား) အစေးတွေနဲ့....(မှန်ပါ့)။

အဲ....လှည်းတစီးတိုက် နှစ်စီးတိုက် ပုံပြီးသကာလ တနေ့က ပြောခဲ့သလိုပေါ့.... အစိုတွေကို မီးခြစ်နဲ့ မီးရှို့ခိုင်းတယ်.... (မှန်ပါ့) လောင်ပါ့မလား.... (မလောင်ပါဘုရား)။

မလောင်တော့မှ သူ့ဆရာ ရဟန္တာကို သွားပြောတယ်၊အရှင်ဘုရား....အရှင်ဘုရားပေးတဲ့မီးခြစ်နဲ့ မီးကပ်နဲ့ရှို့တာပဲ၊ မလောင်ဘူးဘုရာ့။

အေး...အေး.... ငါလာခဲ့မယ်ဆိုပြီး ရဟန္တာက လိုက်သွားပြီး မြေကြီး နှစ်ခြမ်းခွဲပြီးသကာလ အောက်အဝီစိ ပြပေးတာ.... (မှန်ပါ့) မောင်နိုင်....အောက်အဝီစိပြတယ်။

ပြလိုက်တော့ ကိုရင်ကြီး လူထွက်ချင်တဲ့ ကိုရင်ကြီး ကြည့်စမ်းဆိုတော့ အို....ကြည့်ဝံ့စရာမရှိဘူး.... (မှန်ပါ့) တခါတည်း မုန့်ညက်အထောင်းသလို စိနေတာပဲ ခံနေရတာတွေ။

ကတိယအကြိမ်

http://www.dhammadownload.com



အဲဒီတွင်မှ ရဟန္တာက ကိုယ်တိုင် သူ့ရှေ့တွင်သွားပြီး ငရဲမီးကလေး ပိုးစုန်းကြူးလောက် သွားပြီးယူတာ၊ ပိုးစုန်းကြူးကောင်ကလေးလောက်ယူတာ။

အဲဒါကလေးကို သူ့ရှေ့တွင် ခုနက သူတနေ့လုံး ရှို့နေတဲ့ထင်းပုံထဲ ထည့်လိုက်တာပဲ မောင်နိုင်ရ.... (မှန်ပါ့) ရောက်တာနဲ့ ပျာကျတာနဲ့ တခါတည်း၊ ငရဲမီး ဘယ်လောက် ပြင်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ငရဲရောက်မယ် ဆိုလို့ရှိယင် ဒီခန္ဓာတွေဟာ သဖန်းသားလောက် ကျုပ်တို့မမာသေးပါဘူး.... (မှန်ပါ့)။

အစေးလဲ မထွက်သေးပါဘူး .... (မှန်ပါ့) ဘယ်လောက် လောင်ကောင်းမယ်ဆိုတာ ဒကာဒကာမတွေ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ကြောက်စရာ အင်မတန် ကောင်းပါတယ်ဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ သာမည်ကလေး မယူပါနဲ့၊ ကိုပေါ်တို့ကနေ၁်....(မှန်ပါ့)။

ငရဲမီး ပိုးစုန်းကြူးလောက်က လှည်း သုံးစီး တိုက်လောက် ထင်းစည်းကို ကျသည်နဲ့တပြိုင်နက်တည်း ပြောင်အောင် လောင်နိုင်တယ်။ ပျာကျအောင်လောင်နိုင်တယ်ဆိုတော့ နည်းနည်းပူတဲ့မီးလား၊ ကျုပ်တို့ အခု ဒီ အလက်ထရိတ်မီး (လျှပ်စစ်မီး)တွေဟာ ဒီဂရီ နှစ်ရာကျော်ယင် ရွှေအရည်ပျော်တယ်လို့ အနောက်နိုင်ငံများက ရေးကြပ်ကြတယ်နေ၁်.... ဒီလောက် ဘယ်ကမလဲ (မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီဂရီ နှစ်ရာ ဘယ်ကမလဲ၊ တသောင်းလဲမကဘူး။ တသိန်းလဲ မကဘူး။ အပူချိန်ဟာ သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ....ဒါဆိုတော့ သူ့ကို အစီစိလဲပြုပြန်၊ ရေမီးပူပုံလဲပြတယ်၊ မောင်နိုင် ကြောက်သွားပြီ၊ မကြောက်ဘူးလား....(ကြောက်ပါတယ်ဘုရား)။

ကြောက်သွားတော့မှ အရှင်ဘုရား....ဒီလိုဆိုယင် မဖြစ်တော့ဘူးဘုရား၊ တပည့်တော် မထွက်တော့ဘူးဘုရား....ကယ်နိုင်တယ်ဆိုယင် မထွက်တော့ဘူးဘုရာ့။

ဟ....ကယ်နိုင်တယ်ကွဆိုပြီး ဖြစ်ပျက်နဲ့ မဂ်နဲ့ ဝိပဿနာရှေ့သွားလုပ်ခိုင်းတယ်။ ရိပ်မိကြပလား....ဒကာဒကာမတို့.... (ရိပ်မိပါပြီ)။

ဝိပဿနာ ရှေ့သွားလုပ်တော့ သူ့စိတ်ထဲမှာ အကြောက်ကလဲသန် ငရဲမီးပြတာကလဲ ရှင်းရှင်းလင်းလင်း၊ ဟိုမှာ အစီစိဆိုတာကလဲ မျက်စောင်းမှ မထိုးဝံ့အောင် ကြောက်နေတော့ မောင်နိုင် ခြေထောက်တွေကို အဝတ်ကြိုးနဲ့ ရေဆွတ်ပြီးသကာလ ကုံအိတ်နဲ့ စွပ်တယ်။ ခြေအေးယင် မငိုက်အောင်လို့....(မှန်ပါ့)။

အပေါ်မှာတော့ အဝတ်ကို ကရွတ်ခွေကြီးလုပ်ပြီး ရေဆွတ်ပြီး ခေါင်းပေါ်တင် တစက်စက်ကျအောင်လုပ်တယ်။ လုပ်ပြီးတော့မှ တခါတည်း အိပ်ချင်တဲ့စိတ် အကုန်ပျောက်ပြီးသကာလ ဝိပဿနာနဲ့ မဂ်နဲ့ချည်း တိုက်ပေးတယ်။ တညတည်း အားထုတ်တယ် ဒကာဒကာမတို့ မနက်ကျတော့ အနာဂါမ်တည်နေတယ် (မှန်ပါ့)။

http://www.dhammadownload.com



အဲဒီတွင်မှ သူက ထခါတည်း အနာဂါမ်တည်တော့ သူ့ဟာ သူ သိပြီး သကာလတဲ့ ဒကာဒကာမတို့ သူ့ကိုယ်တိုင်ကိုပဲ ခုနက ရောက်ရမှာလဲ သေချာပြီးသား မောင်နိုင်.... ငရဲကို.... (မှန်ပါ့) ဝိပဿနာ ရှေ့သွားနဲ့ မဂ်သုံးတန် ပေါ်လာလိုက်တာ ရောက်သေးရဲ့လား....(မရောက်ပါဘုရား)။

တမဂ်တည်း ပေါ်ပါတဲ့၊ သူ့မှာတော့ ကြိုးစားလွန်းလို့ မဂ်သုံးတန် ဆက်ပေါ်သွားတာကို.... (မှန်ပါ့) တမဂ်တည်း ပေါ်တောင်မှ ခုနကနေရာ မရောက်ပါဘူး....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် ကယ်မယ့်လူ ယူမယ့်လူဟာ ဒါပဲ၊ ခင်ဗျားတို့ ကျုပ်တို့မှာရှိတယ်... (မှန်ပါ့)ဒီ့ပြင်ဖြင့်....(မရှိပါဘုရား)။

ဒါဖြင့် ဝိပဿနာ ရှေ့သွားဟာ ဘယ်လောက် အရေးကြီး တယ်ဆိုတာ ဒကာဒကာမတွေ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့်ဘာလုပ်ကြမယ်.... (ဝိပဿနာအလုပ်–လုပ်ကြပါမယ် ဘုရား)။

ဝိပဿနာသာလုပ်နေ၊ မဂ်တည်းဟူသောနေ ထွက်ပါစေလို့ ဆုတောင်းရသလား....ဉာဏ်နဲ့ လုပ်ရသလား....(ဉာဏ်နဲ့လုပ်ရပါ တယ်)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....oo....

တထိုလအကြိမ်

http://www.dhammadownload.com

**ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ**
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( သစ္စာသိဖို့ အရေးအကြီးဆုံး )

# ညအလုပ်ပေးတရားတော်

( ၂၅ - ၆ - ၆၁ )

....၀၀....

ဒကာဒကာမတွေ သစ္စာသိအောင် လုပ်ပါဆိုတဲ့စကားဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အရေးအကြီးဆုံးပြောဆိုတဲ့ စကားလို့ မှတ်ထားကြပါ။

သစ္စာသိအောင် လုပ်ပါဆိုတဲ့စကားဟာ အရေးအကြီးဆုံး ပြောတဲ့စကား....(မှန်ပါ့)။

ဒါန ပြုကြပါဆိုတဲ့စကားဟာ အရေး အကြီးဆုံး ပြောတဲ့ စကားမဟုတ်ဘူး၊ သီလ ဆောက်တည်ပါဆိုတဲ့ စကားဟာလဲ ဒီလောက် အရေးမကြီးလှဘူး၊ သမထ ကြိုးစားပါဆိုတဲ့စကား ဟာလဲ ဒီလောက် အရေးမကြီးလှဘူး၊ သစ္စာသိအောင်လုပ်ပါ ဆိုတဲ့စကားသာ အရေးအကြီးဆုံးစကားလို့ ဘုရားကိုယ်တော် မြတ်ကြီး ပြောတဲ့အထဲမှာဖြင့် ဒီဟာကို လေးစားစွာနဲ့ မှတ်ရ တော့မယ်....(မှန်ပါ့)။

http://www.dhammadownload.com



ဦးဘရှင်း ဘာသိဖို့လဲ (သစ္စာသိဖို့ပါဘုရား) သစ္စာသိဖို့နော် ဒကာဒကာမတို့ သစ္စာဖြင့် သိအောင် လုပ်ပါလို့ ဆိုတဲ့ဥစ္စာ အင်မတန် အရေးတကြီး မှာတယ်နော်....(မှန်ပါ့)။

သစ္စာဟာတဲ့....ဒီ့ပြင်တရားက သစ္စာလို့ မလာဘူး၊ ဒါန သစ္စာလို့ မလာဘူး၊ သီလသစ္စာလို့ မလာဘူး၊ ကိုဝ....လာရဲ့ လား(မလာပါ)သမထသစ္စာလို့ လာရဲ့လား....(မလာပါဘုရား) ဝိပဿနာကျတော့ သစ္စာလို့လာတယ်... (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားကိုး အစစ်ကို ရှာကြပါဆိုတဲ့ဥစ္စာကိုလဲ ဆရာကောင်း၊ သမားကောင်း မို့ သာသနာတွင်းတရားနဲ့ လမ်းညွှန်ပေးနေတယ်ဆိုတာမှတ်ပါ (မှန်ပါ့)။

ဆရာသမားလဲ ကောင်းမှနော်(မှန်ပါ့)သာသနာတွင်းနားနဲ့ လဲ ထောင်မှ၊ ဆရာသမားကလဲ သာသနာတွင်းတရား ဟောပါ ဦးမှ၊ ဒကာကြီးလှိုင်....အရေးကြီးပုံက....(မှန်ပါ့)။

ဆရာသမားကလဲ ဘာတရား ဟောရမလဲ....(သာသနာတွင်း တရား ဟောရပါမယ်)သာသနာတွင်းတရားပဲ ဟောပါဦးမှ....၊ ဟ....ပေးကြဟ....၊ကမ်းကြဟ၊လှူကြဟာဆိုတာ သာသနာပတရား တွေနော်....(မှန်ပါ့)။

သီလဆောက်တည်ကြဟ....ဆိုတာ....(သာသနာပတရားပါ) အို....သာသနာပတရားတွေ...၊ တိရစ္ဆာန်တွေတောင် စောင့်နေ တာ ရှိနေတာ သာသနာပမှာ၊မောင်နိုင်....မရှိဘူးလား.... (ရှိပါ တယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ ဒီလောက်အရေးမကြီးပါဘူးလို့ဆိုတာ သေသေချာချာ မှတ်တော့ သစ္စာသိအောင် လုပ်ပါလို့ဆိုတာ အရေးအကြီးဆုံးစကား....(မှန်ပါ့)။

ဒါဖြင့် သစ္စာသိအောင် ဘုန်းကြီးများကလဲ ပြောပါ့မယ်၊ ဒကာဒကာမတွေကလဲ သစ္စာထောင်တတ်တဲ့ နားနဲ့ ထောင်ပေးပါဆိုတာကိုလဲ ဦးဘရှင်း....အထူးပဲ ဘုန်းကြီးများက ရှေ့ထားပြီး တောင်းပန်တယ်နော်....(မှန်ပါ့)။

ဒကာကြီးလှိုင်...အရေးကြီးတာ ကြီးသလို ပြောနေတယ် မှတ်ပါ....(မှန်ပါ့)။

တရားချိုးနေတယ်လို့ ဒီလိုမယူလိုက်ပါနဲ့၊ သစ္စာမသိယင် သောတာပန်လဲ မဖြစ်ဘူး၊ သကဒါဂါမ်, အနာဂါမ်,ရဟန္တာ, ဘုရား,ပစ္စေကဗုဒ္ဓါ....(ဘယ်သူမှထွက်ရပ်လမ်းပုဂ္ဂိုလ်ဟူသရွေ့) ဖြစ်ကို မဖြစ်ဘူးဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ကိုပေါ....မှတ်မိပလား.... ( မှတ်မိပါပြီ ) သစ္စာမသိယင် သောတာပန်လဲ....(မဖြစ်ပါဘုရား) သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ဘုရား....(မဖြစ်ပါဘုရား) ပစ္စေက ဗုဒ္ဓါ.... (မဖြစ်ပါဘုရား) မဖြစ်ဘူး၊ ဘယ်သူမှ ဘာမှ မဖြစ်တော့ဘူး....။

ဒါဖြင့် ဘယ်သူမှ ဘာမှမဖြစ်လို့ရှိယင်ဖြင့် နိဗ္ဗာန်ဘယ်သူမှ မရဘူးလို့ဦးဘရှင်း .. ကန့်ကွက်လိုက်တော့(မှန်ပါ့)သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကိုး....(မှန်ပါ့)။

ဒကာဒကာမတို့ ဘယ်အထဲမှာ နိဗ္ဗာန်ပါသတုံး... (သစ္စာထဲမှာ ပါပါတယ်) သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကို သိနေတော့

http://www.dhammadownload.com



ကြောင် ဒါဖြင့် တို့သည် ဒုက္ခခပ်သိမ်းငြိမ်းတာ နိဗ္ဗာန်၊ ကိလေသာ သိမ်းတာ နိဗ္ဗာန်ဆိုတာဟာ သစ္စာထဲမှာပဲပါတယ်၊ ဒီ့ပြင်နေရာမှာ မပါဘူး၊ အဲဒီတော့ တို့သစ္စာ မသိသ၍ ကာလပတ်လုံး နိဗ္ဗာန် မရောက်ဘူးဆိုတဲ့ စကားတလုံးကို ကို၀....သေသေချာချာ မှတ်လိုက်စမ်းပါ. (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သစ္စာမသိယင် သူ့သန္တာန်မှာ နိဗ္ဗာန် မရှိဘူးသာမှတ်လိုက် (မှန်ပါ့) အားထုတ်နေတဲ့ ပုဂ္ဂိုလ်သန္တာန် သူတို့ လုပ်ချင်တာ လုပ်နေတဲ့ သဘောတွေ လုပ်နေပြီး သစ္စာမသိလို့ရှိယင်ဖြင့် သူ့သန္တာန်မှာဖြင့် နိဗ္ဗာန်မရှိဘူး.... (မှန်ပါ့) သစ္စာသိယင် နိဗ္ဗာန်ရှိတယ်....(မှန်ပါ့)။

သစ္စာမသိယင်... (နိဗ္ဗာန်မရှိပါဘုရား) နိဗ္ဗာန် မရှိဘူးဆိုတာ သေသေချာချာ မှတ်ပါ.. (မှတ်ပါမယ်ဘုရား)။

အဲဒီတော့ ဘယ့်နှယ်ကြောင့် ဒီဆရာဘုန်းကြီးက ဒီလောက်တောင် အရေးတကြီး ဒကာ ဒကာမတွေ သစ္စာ မသိယင်.... နိဗ္ဗာန် မသိဘူး၊ သူတို့ တောင်းသာနေတာ ရမှာလဲ မဟုတ်ပါဘူး၊ သူတို့သန္တာန်မှာ သစ္စာမသိလို့ သူတို့ဝမ်းထဲမှာလဲ နိဗ္ဗာန်ရှိဖို့ ဝတ္တရားမရှိဘူး... (မှန်ပါ့) ဦးဘရှင်း....ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

သစ္စာဟာတဲ့....ဒကာဒကာမတို့ "နိဗ္ဗာနန္တိခန္ဓပဋိဗဒ္ဓမေဝ" နိဗ္ဗာနန္တိ=နိဗ္ဗာန်ဟူသည်ကား၊ ခန္ဓပဋိဗဒ္ဓမေဝ=ခန္ဓာနဲ့စပ်လျက်ရှိသည်သာလျှင်တည်း ခန္ဓာနဲ့စပ်နေတယ်တဲ့... (မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ဒကာ ဒကာမတို့ နိဗ္ဗာန်ဟာ ဘာနဲ့စပ်နေသလဲ.... (ခန္ဓာနဲ့ စပ်နေပါတယ်ဘုရား)။

ခန္ဓာနဲ့ စပ်နေတယ်ဆိုတော့ ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာနဲ့ စပ်နေတာက နိရောဓသစ္စာ....(မှန်ပါ့) ဆိုတော့ ခန္ဓာမသိလို့ ရှိယင်ဖြင့် ခန္ဓာဒုက္ခသစ္စာမှ မသိလို့ရှိယင်ဖြင့် သူသည် ခန္ဓာနဲ့ စပ်နေတဲ့ နိဗ္ဗာန်ကို ရောက်နိုင်စရာ, တွေ့နိုင်စရာကော....(မရှိပါဘုရား)။

ဒါကြောင့် အားလုံးအရေးတကြီး ပြောနေတဲ့ တရားလို့ ခင်ဗျားတို့က လေးလေးစားစားမှတ်ပါ.... (မှန်ပါ့) သာမည ပြောဆိုလို့ရတဲ့ တရားမဟုတ်လို့ အခုသေသေချာချာ တရားကို နားစိုက်အောင်လို့ပဲ ရှင်းရှင်းလင်းလင်း ပြောနေပါတယ်၊ ဆိုတာ မှတ်လိုက်စမ်းပါ... (မှန်ပါ့) သစ္စာ မသိတဲ့ ပုဂ္ဂိုလ် သူတို့မှာ နိဗ္ဗာန်မရှိဘူး....(မှန်ပါ့)။

သစ္စာ မသိတဲ့ ပုဂ္ဂိုလ်.... (သူတို့မှာ နိဗ္ဗာန်မရှိပါဘုရား) "နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ"နိဗ္ဗာနမ္ပိ = နိဗ္ဗာန်ဟူသည်ကား....၊ ခန္ဓပဋိဗဒ္ဓမေဝ=ခန္ဓာနဲ့ တစပ်တည်းစပ်လျက် နေတော့သည် သာလျှင်တည်း....၊ဒီလိုပါဠိတော်တွေက ရှိပြီးသကာလနေသော ကြောင့် "အဉ္ဈေခန္ဓာ အဉ္ဈံနိဗ္ဗာနမ္ပိ နပဟောမိ ဝတ္တာဗ္ဗေ"နိဗ္ဗာန် နဲ့ ခန္ဓာဟာ တခြားစီလို့ မယူနဲ့ကွာလို့ဆိုတာ၊ ကထာဝတ္ထု ပါဠိတော်က လာတာလို့မှတ်လိုက်....(မှန်ပါ့)။

ကထာဝတ္ထု ပါဠိတော်ဆိုတာ ကြားဖူး ကြပါလိမ့်မယ်.... (မှန်ပါ့)မောင်နိုင် အဘိဓမ္မာ ခုနစ်ကျမ်းထဲမှာ ကထာဝတ္ထု မပါဘူးလား....(ပါပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု ယမိုက်, ပဋ္ဌာန်းဆိုပြီးသကာလဦးဘရှင်း .. အဘိဓမ္မာခုနစ်ကျမ်း ရှိတဲ့ အထဲ ကထာဝတ္ထုမှာ လာတယ်....(မှန်ပါ့)။

ဒါဖြင့် သစ္စာ မသိယင် နိဗ္ဗာန် မရှိ .. (မှန်ပါ့ဘုရား) သစ္စာ မသိတဲ့ ပုဂ္ဂိုလ် .. (နိဗ္ဗာန်မရှိပါဘုရား) သူတို့သန္တာန်မှာနိဗ္ဗာန်မရှိ ဘူးဆိုတာ ဒကာ ဒကာမတွေ သေသေ ချာချာ မှတ်ပါ.... (မှန်ပါ့)။

ဒါဖြင့် သစ္စာသိမှ နိဗ္ဗာန်ရှိတယ်.... (မှန်ပါ့) သစ္စာသိမှ.... (နိဗ္ဗာန်ရှိပါတယ်ဘုရား) နိဗ္ဗာန်ရှိတယ်ဆိုကာ လေးလေးစား စားကလေး မှတ်လိုက်မှ ဩော်....ဒါဖြင့် နိဗ္ဗာန်ဘယ်သူနဲ့စပ်နေ သတုံး ဆိုတော့ ဘယ်နှယ်ဖြေကြမလဲ.... (ခန္ဓာနဲ့ စပ်နေပါ တယ်ဘုရား)။

ခန္ဓာနဲ့ စပ်နေလို့ ဆိုတော့ ခန္ဓာ တွေ့အောင်ရှာပြီးတော့မှ နိဗ္ဗာန်တွေ့မယ်(မှန်ပါ့)။

ကိုဝ ခန္ဓာ တွေ့ပြီးတော့မှ .. ( နိဗ္ဗာန် တွေ့ပါတယ် ဘုရား)။

ခန္ဓာကဒုက္ခသစ္စာကိုး....၊ အဲဒီ ဒုက္ခသစ္စာ တွေ့ပြီးတော့မှ နိဗ္ဗာန် နိရောဓသစ္စာ သွားတွေ့မယ်... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒုက္ခသစ္စာ မတွေ့ပဲနဲ့ နိရောဓသစ္စာ နိဗ္ဗာန် တွေ့လိမ့်မယ် လို့ ဘယ်တော့မှ မအောက်မေ့နဲ့....(မှန်ပါ့) ဘာ့ကြောင့်တုံး သူတို့က တစပ်တည်းနေတာ....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



တစပ်တည်းနေတော့ ဥပမာ မိုးကုတ် ကသဲနဲ့ကြပ်ပြင်တစပ်တည်းနေတယ်ဆိုတော့ ကသဲမှမတွေ့သေးတဲ့ ပုဂ္ဂိုလ်ဟာ ကြပ်ပြင်တွေ့ချင်လို့တော့ ဒီက မိုးကုတ်သားကတော့ အတော်ခဲယဉ်းတယ်(မှန်ပါ့)။

ဘာဖြစ်လို့တုံး .. တစပ်တည်း နေတာ၊ ကသဲတွေ့ပြီးမှ ကြပ်ပြင်ကို (တွေ့ရပါမယ်) တွေ့ရမယ်ဆိုတော့ ထို့အတူပဲတဲ့ ခန္ဓာအယင်တွေ့ပြီးမှခန္ဓာချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကိုဒုတိယတွေ့မယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ခန္ဓာတွေ့ပြီးမှ ....( ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန် တွေ့ရပါမယ်ဘုရား)။

ဩော်... ဒါဖြင့် နိဗ္ဗာန် ရှာလို့ရှိယင်ဖြင့် ဒကာဒကာမတို့ ခန္ဓာအယင် တွေ့အောင်ဖမ်း....(မှန်ပါ့)။

နိဗ္ဗာန်ရှာယင်.... ( ခန္ဓာအယင်တွေ့အောင် ဖမ်းရပါမယ်ဘုရား)။

ခန္ဓာအယင် တွေ့အောင်ဖမ်းရမယ် ဆိုတဲ့စကားဖြင့် လေးလေးစားစားပဲ ကိုပေါ်တို့.... ကိုစတို့.... မှတ်ရတော့မှာပဲ.... (မှန်ပါ့) မဟုတ်ဘူးလား .. (မှန်ပါ့)။

ကျုပ်တို့က ... အိုဘေး .. နာဘေး ...သေဘေး ကြောက်တဲ့ ပုဂ္ဂိုလ်တွေ အပါယ်ဘေးတွေ ကြောက်တဲ့ ပုဂ္ဂိုလ်တွေ ဆင်းရဲဟူသရွေ့လဲ ဒီအထဲ မကြောက်တဲ့ပုဂ္ဂိုလ် မပါကြဘူး ...(မှန်ပါ့)။

ဒါဖြင့် ဆင်းရဲဇာတ်သိမ်းချင်လို့ ရှိယင်လဲ ခန္ဓာတွေ့မှနိဗ္ဗာန်တွေ့မယ်၊ နိဗ္ဗာန်တွေ့မှလဲ ဆင်းရဲဇာတ်က သိမ်းမယ်....(မှန်ပါ့)

http://www.dhammadownload.com



နို့ မဟုတ်လို့ရှိယင် ဆင်းရဲဇာတ်သိမ်းနိုင်ကြမလား .. (မသိမ်းနိုင်ကြပါဘုရား)။

မသိမ်းနိုင်ဘူးဆိုတော့ ဩော်....ဒါဖြင့် ရှေးဦးမှာဒုက္ခသစ္စာတွေအောင် ရှာရမှာပဲ.... (မှန်ပါ့ဘုရား) ဒကာဒကာမတို့ ဘာတွေအောင် ရှာရမလဲ....(ဒုက္ခသစ္စာ တွေ့အောင်ရှာရပါမယ်ဘုရား)။

ဒုက္ခသစ္စာ တွေ့အောင်ရှာရမယ်၊ ဒုက္ခသစ္စာကခန္ဓာ၊ အဲဒီ ဒုက္ခသစ္စာနဲ့ တစပ်တည်းနေတာက နိရောဓသစ္စာ ....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာနဲ့ တစပ်တည်းနေတာက... (နိရောဓ သစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာတည်းဟူသော ကသဲ မတွေ့ပဲနဲ့ နိရောဓသစ္စာတည်းဟူသော ကြပ်ပြင်တွေ့ချင်လို့.... (မဖြစ်နိုင်ပါဘုရား) မိုးကုတ်သားမှာ မဖြစ်နိုင်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ ...မိုးကုတ်က သွားတယ်ဆိုယင်ဖြင့် ဒါ .. အစဉ်အတိုင်းတွေ့မှာပဲ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ သေသေချာချာပဲ သစ္စာသိအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောရှာတယ်၊ မင်းတို့က္ခာ....တဲ့ ဆရာကောင်း သမားကောင်းရှာပြီး ဒီသစ္စာတွေ့အောင်ဖြင့် ရှာဖြစ်အောင် ရှာပါတဲ့၊ မင်းတို့ဒုက္ခတွေဟာ သစ္စာတွေ့ပြီးလို့ရှိယင်လဲ အင်မတန်ချမ်းသာ သွားပါလိမ့်မယ်တဲ့

http://www.dhammadownload.com



(မှန်ပါ့)သစ္စာမတွေ့သေးဘူးဆိုလို့ရှိယင်လဲ မင်းတို့ အတွက်ဟာ ဖြင့် ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ့်နှယ် နည်းနှင့်မှ မတတ်နိုင်ဘူးတဲ့၊ သဘောကျပလား ...(ကျပါပြီ)။

ဘုရားကို ကိုးကွယ်ကြ ဆည်းကပ်ကြတယ် ဆိုငြားသော်လဲ ငါဘုရား ကိုးကွယ်ဆည်းကပ်ယင် မင်းတို့ သုဂတိတော့ ရောက် ပါတယ်ကွာ... တဲ့၊ နိဗ္ဗာန်တော့ဖြင့် ငါမပို့နိုင်ဘူးတဲ့ (မှန်ပါ့) သစ္စာသိမှပဲ မင်းတို့ နိဗ္ဗာန်ရောက်မယ် .. တဲ့ ... (မှန်ပါ့)ရှင်းကြ ပလား .. (ရှင်းပါပြီ)။

ဘုရား....ကိုးကွယ်ဆည်းကပ်ယင် ဘယ်ရောက်မယ်....(သုဂတိ ရောက်ပါမယ်) သုဂတိပဲ ရောက်မယ်လို့ ဒကာ ဒကာမတွေက မှတ်ပါ(မှန်ပါ့)အဲဒါတွေဟာ ပဏ္ဍာသပါဠိတော် အလဂဒ္ဒူပမ သုတ်မှာ ကိုယ်တော်တိုင်ဟောတယ်....(မှန်ပါ့)။

ငါ့ကိုးကွယ်ဆည်းကပ်ယင် သုဂတိပဲကွ ၊ ရှင်းပလား..... (ရှင်းပါပြီ) သစ္စာသိယင် နိဗ္ဗာန်ကွ ..ဆိုတော့ ရှင်းမနေဘူး လား .. (ရှင်းပါတယ်ဘုရား)။

သစ္စာသိယင်....(နိဗ္ဗာန်ပါဘုရား) သစ္စာသိယင် နိဗ္ဗာန်ကွ.... လို့ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော်.... ဘုရားလဲ ကိုးကွယ်ရမှာပဲ၊ သို့သော်....ဘုရား ကိုးကွယ်မှုထက် သစ္စာသိမှုက အရေးကြီးတယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘုရား ကိုးကွယ်မှုထက် .. (သစ္စာသိမှုက အရေးကြီးပါတယ် ဘုရား) ဝက္ကလိ....နှင့်ပစ်တာဟာ ဘုရား ကိုးကွယ် လွန်းလို့ကို

http://www.dhammadownload.com



နှင်ပစ်တာ သစ္စာမသိမှုစိုးလို့ .... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပြောကြပါစို့တဲ့....၊ မင်းတို့ သစ္စာမသိမှုများ ငါ စိုးရိမ်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ကွာ....၊ ငါ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ချိန်ကြည့်တယ်ကွ....တဲ့၊ သဗ္ဗညုတဉာဏ်ချိန်ခွင်ကြီးနဲ့ ချိန်ကြည့်တယ်တဲ့၊ ၁၃–မိုင်ပတ်လည်ရေကန်ကြီး၊ အောက်အနက်ကလဲ ၁၃–မိုင်ဆိုတော့ ကိုယ့်ပေါ....နည်းတဲ့ ရေကန် မဟုတ်ဘူး....(မှန်ပါ့)။

အဲဒါ **နားခမ်းနဲ့ညီနေအောင်** ရေတွေထည့်ပါတဲ့ (မှန်ပါ့) ရေတွေ ထည့်ပါ၊ရေတွေ ထည့်ပြီးသကာလ ကျုပ်တို့ မြက်ဖျားကလေးနဲ့ သွားတို့လိုက်၊ ပြင်ဘက် သွားခါလိုက်၊ အဲဒီ့ ရေ သွားတိုက်လိုက်,ပြင်ဘက်သွားခါလိုက် ခုနစ်ခါ ခါလိုက်ပါတဲ့.... ခုနစ်ခါ ခါတဲ့ရေနဲ့ အတွင်းရှိတဲ့ရေနဲ့ ကိုဝ....ဘယ်သူက များပါမလဲ....(အတွင်းရှိတဲ့ရေကများပါတယ်) နှိုင်းချိန်လို့တောင်မှ ပြောစရာရှိရဲ့လား....(မရှိပါဘုရား)။

အဲ .... <u>သစ္စာ သိပြီးတော့ ခုနစ်ခါ ခါတဲ့ ရေလောက်ပဲ မင်းတို့မှာ ဒုက္ခကျန်တော့တယ်တဲ့၊</u> သစ္စာမသိသေးယင် ခုနက ရေကန်ထဲမှာရှိတဲ့ သမန်းမြက်ဖျားမှာ ပါတဲ့ ရေတွေလောက် ဒုက္ခတွေဟာ မင်းတို့ဟာချည်းပဲမှတ်....(မှန်ပါ့)။

ကဲ....ဘယ်လောက် အရေးတကြီး ဟောသလဲ.... (ကြီးပါတယ်ဘုရား) နောက်က ဒကာဒကာမတွေ ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာအရေးတကြီးဟောပါလိမ့်....(သစ္စာလေးပါး အရေးတကြီး ဟောပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ငါ့သစ္စာ မသိလို့လဲ သူများပါးစပ်ထဲမှာ ခန္ဓာ ပျက်ပြီး လမ်းဆုံးခဲ့ရတယ်ကွာ... တဲ့... ။

အပါယ်လေးပါးလဲ လမ်းဆုံးခဲ့တဲ့အပြင် သူများပါးစပ်ထဲမှာ ငါးဖြစ်လို့ ဖားဖြစ်လို့ သူများပါးစပ်ထဲ သေခဲ့ရတဲ့ ဘဝတွေလဲ ငါကိုယ်တိုင် သဗ္ဗညုတ ဉာဏ်နဲ့ ဂဏန်းတွက်ကြည့်တယ် မရဘူးဟေ့ တဲ့....၊ အသေများလွန်းလို့....(မှန်ပါ့)။

ဒကာဒကာမတို့ ဘယ်လောက် ဒုက္ခကြီးကျယ်တယ်ဆိုတာ ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာသိမှတုံး....(သစ္စာသိမှပါဘုရား)သစ္စာ သိလိုက်တော့လဲ သေတာပန် တည်တယ်ဆို ခုနက ပြင်ဘက်ခါတဲ့.... ရေခုနစ်မှုန်လောက်သာ ဒကာဒကာမတို့ ရှိတော့တယ်တဲ့ .... (မှန်ပါ့)အတွင်းရေမှုန်တွေလောက်ရှိတဲ့ ဒုက္ခတွေ ကုန်ပြီကွာ.... တဲ့ .. (မှန်ပါ့)။

ဒါငါ သဗ္ဗညုတဉာဏ်တော်နဲ့ ချိန်တာပါတဲ့....၊ သူများ ပြောသံကြားနဲ့ ငါ ပြောတယ်လို့လဲ မင်းတို့က အယူမရှိပါနဲ့ တဲ့ ..၊ပိတ်လိုက်သေးတယ်(မှန်ပါ့)ငါကိုယ်တိုင် သိပြီးသကာလ ရှင်းလင်းတဲ့အလုပ်ပါကွာဆိုတော့ ဦးဘရှင်းက ယုံမှားသံသယ ရှိသေးသလား .. (မရှိပါဘုရား) ကိုဝတို့ကော....(မရှိပါဘုရား) ကိုပေါ်....(မရှိပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘာအရေးကြီးနေသလဲ... (သစ္စာသိဖို့ အရေးကြီးပါတယ်ဘုရား)။

---

## တတိယအကြိမ်

http://www.dhammadownload.com



အဲဒါ ခင်ဗျားတို့ ဩဘာ...တရားနဲ့ တရားနဲ့ ဆိုပြီးသကာလ နေကြပြားသော်လဲ ကျုပ်တို့ တရားမှာ အောင်တော့ နေတာပါ့ပဲ ဆိုတာ မပြီးသေးဘူး၊ ကိုဝ....ကျုပ်တို့ တရားသဖြင့် လုပ်နေတာပဲဆိုရုံနဲ့ ပြီးပါ့မလား....(မပြီးပါဘုရား)။

မပြီးသေးဘူးတဲ့....၊ တရားသဖြင့် လုပ်နေတယ် ဆိုတာ သူ ဘာပြောသတုံးလို့ ဒကာဒကာမတွေက ဘုန်းကြီး မေးလို့ ရှိယင် ကျုပ် သီလပျက်မှာစိုးလို့ သီလ လုံခြုံအောင် လုပ်နေတယ် ပြောတာ....(မှန်ပါ့)။

ကျုပ်တို့ သီလပျက်မှာစိုးလို့ ကျုပ် သီလ လုံခြုံအောင် လုပ်နေတယ်လို့ ပြောတာ၊ စဉ်းစားကြည့်ပါ၊ ဒီအသံပဲထွက်ပါတယ် (မှန်ပါ့)။

ကျုပ် တရားသဖြင့် ရောင်းဝယ်ဖောက်ကားစားနေပါတယ် ဆိုတာ ကိုဝ ဘာပြောတယ်ထင်သတုံး (မှန်ပါ့ သီလလုံခြုံ အောင် ထိန်းသိမ်းထားပါဘုရား) သီလစကား ပြောနေတာ၊ ရှင်းကြပလား (ရှင်းပါပြီ)။

မောင်နိုင်... ဘာစကားပြောနေတာလဲ.... (သီလစကားပြော နေတာပါ) သစ္စာပါပလား....(မပါပါဘုရား)။

ဒကာဒကာမတွေ ဒါပဲ တချို့ ဒကာဒကာမတွေက ဂုဏ် ယူပြီးသကာလ နေကြတယ်။

ကျုပ်တို့ ကောင်းသောရောင်းခြင်း၊ ကောင်းသောဝယ်ခြင်း ပဲ....၊ မဟုတ်တာလဲ မပြောဘူးတဲ့.... သီလပဲ ပြောတာပဲ.... (မှန်ပါ့)။

တတိယအကြိမ်

< ယိ–နိ–း–စို–း–ေ–ဝ–စ–ငြ–စ–ဦ (–၁၀–) >

http://www.dhammadownload.com



မဟုတ်တာ မပြောဘူးဆိုတော့ မုသားမပြောဘူးပြောတာ၊ သီလပဲ မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ မဟုတ်တာလဲ မပြောပါဘူး.. တဲ့၊ ကျုပ်တို့သည် ကားလို့ဆိုယင်ဖြင့် အပြစ်လွတ်အောင် နေတာပါပဲဆိုတော့ သင့်နေတဲ့အပြစ်ကို မသိဘူး....(မှန်ပါ့)။

သီလပြစ်တော့ လွတ်ပါရဲ့၊ သစ္စာမသိတဲ့ အဝိဇ္ဇာအပြစ်က သင့်နေတယ်....(မှန်ပါ့) သီလပြစ်တော့... (သိပါတယ်ဘုရား) မစ္စာမသိတဲ့ အဝိဇ္ဇာအပြစ်တော့....(မသိပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာပြစ်သင့်တာ မသိလို့ရှိယင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာကကိုပေါ်–နေပါ့မလား(မနေပါဘုရား)သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့နောက်ပဋိသန္ဓေတွေကကော.... (မနေပါဘုရား)။

အဲဒီ ပဋိသန္ဓေတွေ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) အဲဒီဒုက္ခတွေနဲ့တော့ သူ လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က အားလုံးယဉ်ကျေးနေတဲ့ ဒကာ ဒကာမတွေအပေါ်မှာ ထူးခြားစွာ ဟောပြန်တယ်လို့ ကိုဝ.... မှတ်ပေတော့....(မှန်ပါ့)။

နို့မို့ ကိုယ့်ဟာကလေးနဲ့ကိုယ် တင်းတိမ်နေတော့ သူသီလနဲ့ တင်းတိမ်နေတာလဲ... (မှန်ပါ့) အဝိဇ္ဇာ ဝိဇ္ဇာဖြစ်အောင်သူ လုပ်ပလား.... (မလုပ်သေးပါဘုရား) အဝိဇ္ဇာ ဝိဇ္ဇာဖြစ်မှ သစ္စာ သိမှာကိုး... (မှန်ပါ့)။

အဲဒီတော့ လိုနေတာကို ကိုပေါ်တို့ ကိုဝတို့က မသိတော့ တော်ပြီ ကျုပ်တို့တော့ဖြင့် သူများ လိုတော့ဖြင့် အပါယ်သွား

http://www.dhammadownload.com



ကြောင်းတော့ ကျုပ်တို့မရှိပါဘူး၊ ဘာဖြစ်လို့တုံး.... ကောင်းသော ရောင်းခြင်း၊ ကောင်းသောဝယ်ခြင်းပဲ သူတပါးလဲ စားသာအောင် ကိုယ်လဲစားသာအောင် မုသားလဲမသုံးပါဘူး၊ ဒီလိုနဲ့ပဲ ကျုပ်ဖြင့် သားတွေသမီးတွေကျွေး၊ ဒါနဲ့ပဲ လှူဒါန်းလာခဲ့တာပဲ။

အံမာ သူ့ဟာနဲ့သူတော့ ကိုဝ....ဟုတ်နေတာ.... (မှန်ပါ့) ဘာနဲ့ ဟုတ်နေတာတုံး.... (သီလနဲ့ ဟုတ်နေတာပါ) ဒါဖြင့် သစ္စာကျတော့ သူဘယ့်နှယ်နေသတုံး....(မရှိပါဘုရား)မရှိတော့ သစ္စာမသိတာက ဘယ်သူပါလိမ့်....(အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် သူ့မှာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ—ဆိုတဲ့ဥစ္စာက သူ့မှာ အကြိမ်ပေါင်းတနေ့ဘယ်လောက်တုံး....(မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်တော့ ဒီအပြစ်ကလွတ်မှာလား....မလွတ်ဘူးလား .. (မလွတ်ပါဘုရား)။

ဒါဖြင့် ဩော်.... ဒကာ ဒကာမတို့ မသိတဲ့လူပြောတော့ မသိသလိုနဲ့ပဲ မသိတဲ့လူက အင်း....သူတော်လိုက်တာလို့ ချီးမွမ်းရတော့မလိုလိုပဲ ...(မှန်ပါ့) သဘောကျပလား..., (ကျပါပြီ)။

မသိတဲ့လူက သူက သီလ အသားယူပြီး ပြောနေတာကိုး.... (မှန်ပါ့) သီလအသားယူပြီး ပြောနေတော့ ဒီကလဲ ဒီလောက်မှ မရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကိုဝရေ....တော်ပေသကွာ....အံမာတော်ပေသကွာလို့တောင် ခပ်ဗျားတို့က လက်ခုပ်တီးပေးတယ်.... (မှန်ပါ့)။

တော်သလား....(မတော်ပါဘုရား) ဘာလိုနေသတုံး(သစ္စာမသိပါဘုရား)သစ္စာမသိတာကဘယ်သူတုံး (အဝိဇ္ဇာပါဘုရား)

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် အဝိဇ္ဇာကရှိနေတော့ အဝိဇ္ဇာက သူတင်လား....လို့ မေးတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ....(မှန်ပါ့) သင်္ခါရ ပစ္စယာ....(ဝိညာဏံပါဘုရား)ကဲ....သွားလိုက်ပါတော့ ဇာတိ ဇရာ မရဏ မရဘူးလား....(ရပါတယ်ဘုရား)။

အဲဒါ ဆုံးသွားလိုက်တော့ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ၊ ဒုက္ခဖြစ်ကြောင်းပဲ သူလုပ်နေတယ်တဲ့....(မှန်ပါ့) ပေါ်ကြလား (ပေါ်ပါပြီ) ဘာဖြစ်ကြောင်းတဲ့တုံး.... (ဒုက္ခဖြစ်ကြောင်းပါဘုရား)တနေ့ ဘယ်နှစ်ကြိမ်တုံးမေးတော့ သူမသိတဲ့အချိန်က....(မရေတွက်နိုင်ပါဘုရား)။

လုံးဝမှ မပါပဲ....(မှန်ပါ့) လုံးဝမပါတော့ ခန္ဓာကဘယ်လိုပြောနေနေ သူဒုက္ခသစ္စာလို့ သိသေးရဲ့လား....(မသိပါဘုရား) မသိတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာပေါင်း တနေ့အကြိမ် ဘယ်လောက်ရှိမလဲ....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် သွားရော.... (မှန်ပါ့) ကိုဝ....အပါယ်သာတွန်းချလိုက်တော့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

သီလ တန်ခိုးကြောင့်နတ်ပြည်ရောက်၊အဝိဇ္ဇာတန်ခိုးကြောင့် အပါယ်သွား.... ဆိုတော့.... လွတ်ရေး ကျွတ်ရေး မြင်သေးရဲ့လား....(မမြင်ပါဘုရား)သူ့ သီလနဲ့ သူဖြစ်တဲ့ အဝိဇ္ဇာနဲ့ ကိုပေါ်က ချိန်ကြည့်စမ်း၊ မျှရဲ့လား....(မမျှပါဘုရား) မမျှဘူးဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အေး....ဒါကြောင့် အခါကောင်းအခွင့်ကောင်း ကြုံတုန်းကို ခင်ဗျားတို့က ခုနက ၁၃-မိုင်ပတ်လည်ရှိတဲ့ရေကန်ကြီးထဲမှာရှိတဲ့ ရေကလေး သမန်းမြက်ဖျားနဲ့တို့ တခုတမှုန် တခုတမှုန် ဆိုသင်

http://www.dhammadownload.com



ဒီထဲမှာ အမှန်ပေါင်း ရေတွက်နိုင်ကြပါ့မလား....(မရေတွက်နိုင်ပါ ဘုရား)။

အဲဒီ့ ဒုက္ခတွေဟာ ခင်ဗျားတို့ ဝိဇ္ဇာမဖြစ်သေးသရွေ့ ကာလပတ်လုံး အကုန်ရှိတယ် ...(မှန်ပါ့)။

သစ္စာမသိသေးသရွေ့ ကာလပတ်လုံး....(အကုန်ရှိပါတယ်)၊ ဒါဖြင့် ဒုက္ခပေါင်းအရေအတွက် ဘယ်လောက်ပါလိမ့်...(မရေတွက်နိုင်ပါဘုရား) ကိုင်း.... ဒကာဒကာမတို့ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ် ခုနကပြောတဲ့စကား ပြန်နိဂုံးချုပ်လိုက် နိဗ္ဗာန်မရှိဘူး.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) သစ္စာမသိတဲ့ပုဂ္ဂိုလ်မှာ.... (နိဗ္ဗာန် မရှိပါဘုရား)၊ နိဗ္ဗာန်မရှိဘူးဆိုတော့ အားလုံး ဒကာဒကာမတွေ ကျေနပ်ကြပလား....(ကျေနပ်ပါပြီ) ရှင်းပလား... (ရှင်းပါပြီ)။

အေး....ဒါကြောင့် ကဲ....ဒါဖြင့် ပြောကြပါစို့၊ သစ္စာသိအောင်နော်.... သစ္စာသိအောင် ပြောကြပါစို့ ဒကာဒကာမတို့၊ သစ္စာမသိလို့ရှိယင် ဒုက္ခအနန္တကြီးက ကျန်နေလို့ ကိုဝ.... မဟောထိုက်ဘူးလား.... ဟောထိုက်သလား.... (ဟောထိုက်ပါတယ်ဘုရား)မဟောလို့ရှိယင် ဖြစ်ကို ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား)။

မဖြစ်တော့ဘူးဆိုတဲ့ တရားပါပဲ၊ ဒကာ ဒကာမတို့ မဟောယင် လုံးဝကို မဖြစ်တဲ့တရားလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)၊ ဦးဘကလေး ဟောရမယ်....(မှန်ပါ့)။

ဇေတဝန်အကျော်

http://www.dhammadownload.com



ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာများ ဟောနိုင်တဲ့ ဆရာသမားများ တွေ့ယင်ကွာ .. တဲ့ မင်းကအသက် တရာ ရှည်ပါလိမ့်မယ်၊ တနေ့ကို မနက်လုံအချက်သုံးရာထိုးလိမ့် မယ်၊ နေ့လယ်သုံးရာထိုး၊ ညနေသုံးရာထိုး၊ အဲ ...ကိုးဆယ့်ကိုးနှစ် ကျော်မှ တရာပြည့်ခါနီးမှ သစ္စာပြောမယ်ဆိုယင်ဖြင့်တဲ့ ရက် ပေါင်းများစွာ ပြောတာတွေခံသာခံလိုက် (မှန်ပါ)။

ခုနက ရေမှုန်ဒုက္ခနဲ့စာတော့ ဒီလုံထိုးချက်က ဖြစ်လောက် ရဲ့လား.... (မဖြစ်လောက်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ သစ္စာသိအောင်ပြောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ကြုံလို့ ရှိယင်ဖြင့် လုံအချက် တနေ့ကို ကိုးရာ–ကိုးရာ အထိုးခံ၊ အသက်တရာပြည့်ယင် နောက်ဆုံးဘိတ် သေခါနီးရက် မှာ သစ္စာသိအောင်ခံလိုက်ကွ ဆိုတော့ ကိုဝ ဒါအရေးတကြီး ပြောတဲ့စကားဟုတ်–မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ အရေးကြီးတဲ့ စကားမှ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား) ဘယ်သူကပြောတာတုံး (ဘုရားကပြောတာပါဘုရား) သစ္စာသံယုတ်မှာ ဘုရားကပြော တယ်....(မှန်ပါ) သစ္စာသံယုတ်မှာ ဘုရားက ပြောတယ်ဆိုတော့ ဒကာဒကာမတွေ အလွန်ရိုပ်မိဖို့ ကောင်းသွားပြီ.... (မှန်ပါ ဘုရား)။

အဲဒါကြောင့်ခင်ဗျားတို့ကျောက်အရောင်းအဝယ်နဲ့၊ခင်ဗျား တို့တွင်းနဲ့ ခင်ဗျားတို့အကျိုးပေးနေတာကလေးတွေကိုဘုန်းကြီး များသည် ဝမ်းသာပါတယ်၊ တိုက်တွေတည်, ကားတွေဝယ်ကြ

http://www.dhammadownload.com



အမျိုးမျိုးအဖုံဖုံ ဝမ်းသာခြင်းသော်လဲ စိတ်မချရတဲ့ ဝမ်းသာလုံးတွေ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ.... ( စိတ်မချရတဲ့ ဝမ်းသာလုံးတွေပါ ) ဩော်....ယနေ့ သဌေးကြီး၊ နက်ဖြန်ခွေးကြီးကိုး....(မှန်ပါ့)ဒီလို ဖြစ်သွားမှာ စိုးရိမ်ရတယ်....(မှန်ပါ့)ယနေ့ သဌေးကြီး နက်ဖြန် ခွေးဆိုတော့ ကိုဝ.... ကောင်းသေးရဲ့လား.... (မကောင်းပါ ဘုရား)။

တောဒေယျ ပုဏ္ဏားကြီးဟာ ယနေ့ သဌေးကြီးပဲ .... (မှန်ပါ့) မြေထဲမှာ ကုဋေလေးဆယ်မြှုပ်နိုင်တယ်၊သုံးဖို့အပေါ် မှာ နေ့တိုင်းသုံးဖို့ ကုဋေလေးဆယ်ပုံထားတယ်။ မောင်နိုင် နက်ဖြန် ခွေးကြီးသွားဖြစ်တယ်....(မှန်ပါ့ဘုရား)။

သစ္စာမသိတော့ ဘယ်လောက်ကြောက်စရာကောင်းသတုံး.... (ကောင်းပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ကျန်းမာချမ်းသာမှုနဲ့နေတာကိုလဲ ဘုန်းကြီးများက အင်မတန်ဝမ်းသာတယ်။ဘာ့ကြောင့်ဝမ်းသာ သတုံးဆိုလို့ရှိယင်ဖြင့်တဲ့၊ ဩော်.... ဒီဒကာဒကာမတွေ ပုဗ္ဗေစ ကတပုညတာ–ရှေးကပြုလုပ်ခဲ့ဖူးတဲ့ ကောင်းမှုအထူးရှိပါပေတယ် လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ရှေးကပြုဖူးတဲ့ ကောင်းမှုထူး ရှိပါပေတယ်.... (မှန်ပါ့) ရှိပေမယ့် အဟောင်းစားသွားဖြစ်တယ်... (မှန်ပါ့) အသစ်ဒုက္ခ လွတ်ရေးကို မရှာဘူး.... (မှန်ပါ့) မရှာတာက သစ္စာမသိတော့ မရှာဘူး (မှန်ပါ့) ဒီလိုဆိုတော့ တိုလိုသေးတယ်ဆိုတာ ပေါ် ပလား (ပေါ်ပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဟောပါတော့မယ်တဲ့၊ သစ္စာဟောဖို့ရာ အကြောင်းကို ခင်ဗျားတို့က သာမညပုဂ္ဂိုလ်ကလဲ မဟောနိုင်၊ ခင်ဗျားတို့ကလဲ သာမညနားနဲ့ကလဲ မထောင်နိုင်၊ ဘယ့်နှယ်ကြောင့်တုံး အရေးကြီးမှန်းမသိတော့ ခက်တာယ်....၊ မှန်ပါ့) အခုတော့ သူ့ထက်အရေးကြီးတာရှိသေးသလား... (မရှိပါဘူးဘုရား) မရှိဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ... ဒါဖြင့် သစ္စာပြောပါတော့မယ်ဆိုတော့ ဒကာဒကာမတို့ သစ္စာဆိုတာ တခြားမှတ်မနေနဲ့နော်.... (မှန်ပါ့) ဘာတုံးမေးလို့ရှိယင် ခင်ဗျားတို့၏ ခန္ဓာငါးပါး တပါးပါးသည် သစ္စာပဲ... (မှန်ပါ့)။

ခန္ဓာငါးပါး–တပါးပါးသည်....(သစ္စာမပါဘုရား) ဒါ ဒုက္ခသစ္စာနော်....(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါး တပါးပါးသည်.... (ဒုက္ခသစ္စာပါ) သြော်.... ဒါဖြင့် ခန္ဓာငါးပါး–တပါးပါးကို တို့ ပိုင်ပိုင်နိုင်နိုင်သိလို့ရှိယင်ဖြင့် သူ့ ခန္ဓာ၏ အကြောင်း ကောင်းကောင်း သိလို့ ရှိယင် ခန္ဓာ၏ ဖြစ်ပုံ ကောင်းကောင်း သိလို့ ရှိယင်ဖြင့် ခန္ဓာ၏ အနေအထားကို ကောင်းကောင်းသိလို့ ရှိယင် သစ္စာသိတာပါပဲ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာ၏ အနေအထား ကောင်းကောင်းသိယင်.... (သစ္စာသိပါတယ်ဘုရား) သစ္စာသိတာပါပဲဆိုတာသဘောကျပလား.... (ကျပါပြီဘုရား)။

အခုတော့ ဒကာ ဒကာမတွေသိတဲ့ သစ္စာက ဘယ်လိုနေသတုံး၊ ယားတယ်ဆိုလို့ ရှိယင်ဖြင့်၊ ယားတယ်ဆိုလို့ ရှိယင်ဖြင့်

http://www.dhammadownload.com



ယားလိုက်တာတဲ့၊ ဒုက္ခသစ္စာရယ်လို့တော့ မသိဘူး.... (မှန်ပါ့ဘုရား)။

သိပြန်တော့လဲ ယားလိုက်တာ၊ စိတ်များ ပျက်ပါပေါ့။ ဒေါမနဿနဲ့ လာနေတယ်....(မှန်ပါ့)ဒေါမနဿက သိတာမျိုး ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဒေါမနဿက သိတာမျိုးမဟုတ်ဘူး။ဒေါမနဿက စိတ်ပျက်တယ်။ ယားလို့ စိတ်ပျက်တယ်....(မှန်ပါ့) ယားလို့ ဉာဏ်နဲ့ သိတာ ဒုက္ခသစ္စာရယ်လို့ သိတာဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား) ဒါဖြင့် အင်မတန်မကွာခြားမနေဘူးလား... (ကွာခြားနေပါတယ်ဘုရား)။

အေး ဒါကြောင့် အိမ်မှာလဲ ဒကာဒကာမတွေ တွေးကြပါဆိုတဲ့ဥစ္စာ ရှင်အာနန္ဒာများ ဒကာကြီးလို့င်.... မှာလိုက်တာလေ၊မင်းအမျိုး,မင်းအနွယ်,မင်းကြည်ညိုမင်းဝတ်ပြုနေတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊မင်းသနားတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊အလုံးစုံကွာ....တဲ့ မင်းသနားလို့ ရှိယင်ဖြင့် ဒီ့ပြင်အမွေ ဘာမှမပေးနဲ့၊ ဒီသစ္စာသိဖို့အမွေကလေးတလုံးသာပေး.... (မှန်ပါ့) ဒါ သူတို့ ဒုက္ခကျွတ်သွားလိမ့်မယ်။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ရှင်အာနန္ဒာ မှာကတည်းက ကိုဝ....သေချာပြီ.... (သေချာပါပြီဘုရား) မသေချာသေးဘူးလား....(သေချာပါပြီဘုရား)။

ထတိယအကြိမ်

http://www.dhammadownload.com



အဲဒါ အဖိုးတန်ဆရာက ပြောနေလို့ အဖိုးတန်တယ်လို့ မအောက်မေ့ပါနဲ့၊ ဒါပါဠိတော်ချည်းပဲလို့ မှတ်လိုက် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာတွေပါလိမ့်....(ပါဠိတော်တွေပါဘုရား) ပါဠိမှာ ရှိးရိုး မဟုတ်ပါဘူး၊ တော်–ပါလာသေးတယ်နော်....(မှန်ပါ့) ကိုယ်တော်တိုင်ဟောတာ....(မှန်ပါ့)။

ဒီ့ပြင်ဟာတော့ ပါဠိလို့ သုံးတယ်။ ဒီဟာကျတော့ တော်, ပါလာတယ်။ သဘောကျပလား.... (ကျပါတယ်ဘုရား)။

တော်, ပါလာတာက ဘယ်သူတုံး .... (ဘုရားသုံးတာပါ ဘုရား)ကိုယ်တော်တိုင် ဟောတာ၊ ဟာ....ဒါက ပါဠိပါဠိသား တွေပဲဆိုတာက သူကိုယ်တိုင် ဟောတာ မဟုတ်ပါဘူး။ ရှင်းပလား....(မှန်ပါ့) သာဝကတွေ ဟောတာ ဖြစ်နေတယ်။

အဲဒီတော့ ဒကာဒကာမတို့ ဒါ ပါဠိတော်ဆိုတော့ ရိုပ်မိပြီ....(မှန်ပါ့)ကိုင်း....ဒါဖြင့် သစ္စာရှာကြစို့....(မှန်ပါ့)။

သစ္စာရှာကြစို့ဆိုတော့ လွယ်ပါတယ်။ ဒကာ ဒကာမတို့၊ သစ္စာရှာချင်တော့ လွယ်ပါတယ်။ စာကရေးတဲ့သစ္စာကို မလိုချင်၊ ခန္ဓာထဲ အခုပေါ်တဲ့ သစ္စာကို လိုချင်သည်၊ ဒါလဲ မှတ်ကြပါဦး....(မှန်ပါ့)။

စာကရေးတဲ့ သစ္စာကို မလိုချင်ပါဘူးနော်....(မှန်ပါ့)စာက ရေးတဲ့ သစ္စာကို... (မလိုချင်ပါဘုရား) ခန္ဓာက အခုပြောတဲ့ သစ္စာကို.... (လိုချင်ပါတယ်ဘုရား) ဒီ ရောက်ရမယ်ဆိုတာကော သဘောပါပလား....(ပါပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



စာမှာ ပါသားပဲလို့ ဆိုလို့ရှိယင် ဒီ ဒကာ ဒကာမတွေ နိဗ္ဗာန် မရောက်ပါဘူး... (မှန်ပါ)။

ဘာဖြစ်လို့တုံးဆိုလို့ရှိယင် စာသိက ကိုဝ....သညာ(မှန်ပါ) ကိုယ့်ခန္ဓာထဲ ကိုယ်သိတာက ပညာ....(မှန်ပါ) သညာနဲ့ ပညာ ကွာခြားတယ်....(ကွာပါတယ်ဘုရား)။

သညာနဲ့ ပညာ.... (ကွာခြားသွားပါတယ်) ရှင်းပလား.... (ရှင်းပါပြီ) သညာက ပဋိစ္စသမုပ္ပါဒ်မဖြတ်ဘူး....(မှန်ပါ)ပညာ က ပဋိစ္စသမုပ္ပါဒ်ဖြတ်တယ်....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါ ပြီ ဘုရား)။

သညာက.... (ပဋိစ္စသမုပ္ပါဒ် မဖြတ်ပါဘုရား) အဲ....ဒုက္ခကို မဖြတ်နိုင်ဘူး .. (မှန်ပါ) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒုက္ခပဲ....(မှန်ပါ ဘုရား)။

ပညာကတော့....(ဖြတ်နိုင်ပါတယ်ဘုရား) ဖြတ်နိုင်တယ် ဆို တော့ ကိုဝ....စာသမားကို ခင်ဗျားတို့က အားကိုးမနေနဲ့ဦး.... (မှန်ပါ)။

ရှေးကတော့ အို... သူက စာဖတ်တတ်တယ်၊ သူက တော်ပြီ၊ စာဆို သူက တော်တော် မွေနှောက်ထားတာ၊ အင်း .. ခန္ဓာမွှေ နှောက်တယ်လို့ ပါရဲ့လား....(မပါ-ပါဘုရား) စာ မွှေနှောက် ထားတာလို့ ပြောနေတယ်....(မှန်ပါ)။

အဲဒီကတည်းက ရှိတဲ့ဆီ ရှာတာလား....၊ မှတ်တမ်းထဲ ရှာ နေတာလား....(မှတ်တမ်းထဲ ရှာနေတာပါဘုရား)။

## တတိယအကြိမ်

http://www.dhammadownload.com



မှတ်တမ်းထဲ ရှာလို့ရှိယင်ဖြင့် စာရင်းစာအုပ်ထဲမှာ ငွေမရှိ သလိုပဲ အဲဒီထဲ သွားမရှာနဲ့.... (မှန်ပါ့) ကိုယ်ထားတဲ့ မီးခံ သေတ္တာထဲမှာ ဖြစ်စေ၊ တခြားသော သားရေအိတ်ထဲမှာဖြစ်စေ ရှာယင်တော့ငွေတွေ့မယ်....(မှန်ပါ့)။

မှတ်တမ်းထဲ သွားရှာလို့ရှိယင်ဖြင့် ငွေစက္ကူနံပါတ်တောင် မပါဘူး....(မှန်ပါ့) ပါပါ့မလား.... (မပါပါဘုရား).... ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် စာသမားလဲ အားကိုးလို့ မရသေးဘူး၊ ခန္ဓာဉာဏ် ရောက်တဲ့ ပုဂ္ဂိုလ် အရေးကြီးတယ်....(မှန်ပါ့)။

ကိုပေါ်... ဘာ အရေးကြီးသတုံး.... ( ခန္ဓာဉာဏ်ရောက်တဲ့ ပုဂ္ဂိုလ် အရေးကြီးပါတယ်ဘုရား)။

ခန္ဓာဉာဏ်ရောက်တဲ့ပုဂ္ဂိုလ်အရေးကြီးတယ်ဆိုတာလဲပေါ်ကြ ပလား....(ပေါ်ပါပြီ)ကဲ....ဒါဖြင့် ခန္ဓာထဲ ရှာကြစို့....(မှန်ပါ့ ဘုရား)။

ဒကာဒကာမတို့ ဘယ်အထဲရှာကြမယ် ... (ခန္ဓာထဲ ရှာရပါ မယ်ဘုရား)။

ခန္ဓာထဲ ရှာတော့မယ်ဆိုတော့ လွယ်ပါတယ်တဲ့၊ အခု ဆရာ ကောင်း၊သမားကောင်း လမ်းညွှန်ကောင်းနဲ့ တွေ့နေတာ၊ကိုဝ ဒါ မခဲယဉ်းပါဘူး....(မှန်ပါ့)။

ဒကာဒကာမတို့ အခု ဘုန်းကြီးပြောတဲ့ အသံကို ကြားရဲ့ လားလို့ မေးလို့ရှိယင်ဖြင့် ဘယ့်နှယ်ဖြေပါ့မလဲ.... (ကြားပါ တယ် ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါဟာ နားထဲမှာ ကြားစိတ်ကလေးပေါ်တာ....(မှန်ပါ ဘုရား)။

နားထဲမှာ...(ကြားစိတ်ကလေး ပေါ်ပါတယ်ဘုရား) နား ထိုင်းဆိုယင်ပေါ်ပါ့မလား....(မပေါ်ပါဘုရား) ဝမ်းထဲကတည်း က နားပင်းလာတဲ့ပုဂ္ဂိုလ် (မပေါ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးအသံနဲ့ သူ့မှာကြားတတ်တဲ့ ရုပ်နဲ့ တိုက် ဆိုင်တာနဲ့ နားထဲမှာ အမွှေးနု ပေါက်ရာမှာ ကြားစိတ်ကလေး ပေါ်တယ်....(မှန်ပါ)။

ဒကာဒကာမတို့ ဒီကြားစိတ်ကလေး ပေါ်တာ သိသွား ပလား....(သိသွားပါပြီဘုရား)။

အဲဒီ ကြားစိတ်ကလေးဟာ ဒကာဒကာမတို့ ခြောက်.... ကြားစိတ်ကလေး ကြည့်တာပေါ့တဲ့ ကြားစိတ်ကလေးကို ဒါ ကိုယ့်ခန္ဓာပဲလို့လဲ မှတ်လိုက်....(မှန်ပါ)ဝိညာဏက္ခန္ဓာ... (မှန်ပါ ဘုရား)။

ကြားစိတ်ကလေးကို ဘာခန္ဓာ ဖွဲ့မလဲ.... (ဝိညာဏက္ခန္ဓာပါ ဘုရား) ဝိညာဏက္ခန္ဓာ။

ကြားတိုင်း ကြားတိုင်း ကြားစိတ်ကလေးဟာ နားထဲပေါ် တယ်၊ ပေါ်တိုင်း ပေါ်တိုင်း သူ့ကို ဘာဆိုကြမလဲ....(ဝိညာ ဏက္ခန္ဓာပါဘုရား)။

ဒီ ဝိညာဏက္ခန္ဓာက အခုကြားတဲ့ ပုဂ္ဂိုလ်သန္တာန် ပေါ်တဲ့ ခန္ဓာ.... (မှန်ပါ) တခြားသော ပုဂ္ဂိုလ်သန္တာန်ပေါ်တာ ဟုတ် သေးရဲ့လား....(မဟုတ်ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဒီ ခန္ဓာကလေးဟာ သူ့ခန္ဓာပဲ ဆိုကြစို့ ဆိုတော့၊ ကြားတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာပဲ..(မှန်ပါ့) ဆိုနိုင်ကြရဲ့လား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီ့ ကြားတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာထဲမှာ ဒါ ဝိညာဏက္ခန္ဓာဆိုတာဟာ ဒကာဒကာမတို့ ခန္ဓာပဲဆိုတာ သိသွားပြီ...(မှန်ပါ့) ခန္ဓာသည် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့်ငါ့သန္တာန် ဒုက္ခသစ္စာကလေး ပေါ်ပြီလို့ ဒီကစ သိလိုက်....(မှန်ပါ့)။

ဘာသစ္စာ ပေါ်လာသတုံး....(ဒုက္ခသစ္စာ ပေါ်လာပါတယ်ဘုရား)။

ကဲ..ကိုဝ....ခက်သလားဗျာ....(မခက်ပါဘုရား) နားလည်ပါးလည်အောင် ပြောတတ်တဲ့ ဆရာသမားနဲ့ ကြုံပြန်တော့လဲ ဩော်....သစ္စာဆိုတာ အခုကြားတဲ့စိတ်ကလေးဆိုတာပါကလား (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သစ္စာဆိုတာ ဘာပါလိမ့်....(အခုကြားတဲ့စိတ်ကလေးဆိုတာပါဘုရား)။

ကြားတဲ့ စိတ်ကလေး ဆိုတာပဲ ဒကာဒကာမတို့ နော်....၊ အဲဒီ့ ကြားတဲ့စိတ်ကလေး ကြားပြီးသကာလ ကြားတဲ့စိတ်ကလေးက ကြားပြီးတော့ ချုပ်သွားတာပဲ....(မှန်ပါ့)။

ကြားပြီး ဒကာ ဒကာမတွေက ဩော်.... ဒါကလေးဟာ ငါ့သားကလေးက ခေါ်လို့ ကြားတာပဲဆိုပြီး ကြားစိတ်ကလေးဆိုပြီးသကာလ သားလေးအသံ ကြားတဲ့ ကြားစိတ်

http://www.dhammadownload.com



ကလေးပေါ်ပြီးသကာလ ဟိုကကင့်တဲ့ အသံကလေးကြားတော့ ကြားစိတ်ကလေး ပေါ်ပါတယ်နော်....(မှန်ပါ့)။

ကြားတော့ ကလေးကလေးဆီကို သွားချင်တဲ့စိတ်ကလေး ကော မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)အင်း....ဘယ့်နှယ် ကြောင့် သွားချင်ပါလိမ့်မတုံး ဆိုတော့ ကိုယ် မွေးထားတဲ့ သားကလေးမို့ ကိုယ်ခင်တယ်၊ မလာဘူးလား....(လာပါတယ် ဘုရား)။

ကြားစိတ်ကလေးမရှိဘူး၊ ခင်စိတ်ကလေးနဲ့ ဒကာဒကာမ တွေမှာ ဖြစ်နေတယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ် ဘုရား)။

ဒီ ခင်တဲ့စိတ်ကလေးက ဘာသစ္စာတုံးလို့ မေးပြန်တော့.... ( ဒုက္ခသစ္စာပါဘုရား ) သူလဲ ခင်ဗျားတို့ သန္တာန်ပေါ်တော့ ဝိညာဏက္ခန္ဓာပဲကိုး....(မှန်ပါ့) ဒါဖြင့် သူဘာသစ္စာတုံး....(ဒုက္ခ သစ္စာပါဘုရား)။

ထားဦး....ထားဦး....ဒုက္ခသစ္စာလို့ပဲ သိသိ သွား....(မှန်ပါ့ ဘုရား)။

ကဲ ...တခါသွားပါဦး၊ ကြားပြီးသည်၏ အခြားမဲ့၌ အို.... ကြားကာမျှနေသလား....တဲ့ စွဲစွဲလမ်းလမ်းပဲ ရှိသလား... လို့ မေးယင်....(စွဲစွဲလမ်းလမ်းရှိပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ကြားစိတ်ကလေး တဏှာ ချုပ်ပြီးသကာလ ကိုဝ... ကိုပေါ်... ဥပါဒါန် စိတ်ဖြစ်တယ်... (မှန်ပါ့) ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒုက္ခသစ္စာပဲ မှတ်ထားလိုက်တာပေါ့၊ ဟာ....တိုသန္တာန်မှာ ကြွားစ,ကလဲ ဒုက္ခသစ္စာ၊ ကြွားလို့ ခင်တဲ့ စိတ်ကလေးကလဲ ဒုက္ခသစ္စာ၊ စွဲလမ်းတဲ့ စိတ်ကလေးကကော....(ဒုက္ခသစ္စာပါ)ဒုက္ခသစ္စာတွေ ဆက်ဖြစ်သွားတာပဲ .. (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အင်း....ဒါဖြင့် သွားဦးမှပဲ ဆိုပြီးသကာလ နှုတ်က ပြောလိုက်တယ်၊ ကလေးငိုနေတယ် သွားဦးမှပဲလို့ မထသေးပါဘူး ကိုဝ....၊ သွားဦးမှပဲ ဆိုတာကလေးကော မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ပြောတာ စေတနာပါလို့ပြောတာ.... (မှန်ပါ့) စေထနာ မပါယင်ကော....(မပြောပါဘုရား)။

အဲဒါကလေးက ဘာတုံးမေးတော့ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ဝစီကံကလေးလာဖြစ်တယ်....(မှန်ပါ့)။

ဒါ....ဘာပါလိမ့်....ဝစီကံနေဉ်....(မှန်ပါ့) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အင်း... ကြည့်စမ်း....မောင်နိုင်....၊ ကြွားစ,က စ,ပြီးတော့ ဘာသစ္စာတွေတန်းသလဲ—(ဒုက္ခသစ္စာတွေတန်းပါတယ်ဘုရား)။

ဩြဉ်...ဒါ ဒုက္ခသစ္စာတွေချည်း တန်းနေပြီဆိုတာ သေချာပလား ...(သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် ကြွားစိတ်ကလဲ ဒုက္ခသစ္စာ၊ ကြွားလို့ ခင်တာကလေးကလဲ....(ဒုက္ခသစ္စာပါ) ကြွားလို့ စွဲလမ်းတာကလေးကော....(ဒုက္ခသစ္စာပါ) ဒါဖြင့် ကြွားလို့ သွားဦးမှာပဲလို့ပြောတဲ့ ဝစီကံကလေးဟာကော....(ဒုက္ခသစ္စာပါ)ဒုက္ခသစ္စာပဲ။

---

တတိယအကြိမ်

http://www.dhammadownload.com



ဟုတ်တယ်–မဟုတ်တယ်ဘုန်းကြီးကတခါရှင်းပြီးပြပါဦးမယ် ဒါဒုက္ခသစ္စာပဲဆိုတဲ့ဥစ္စာ၊ သေသေချာချာ ရှင်းပြတဲ့အခါကျ တော့ဖြင့် သောတဋ္ဌပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိသောတဝိညာဏံဆိုတဲ့ ကြားစိတ်ကလေး မောင်နိုင် မပေါ်ဘူးလား....(ပေါ်ပါတယ် ဘုရား)။

အင်း....ကြားပြီးသည်၏ အခြားမဲ့၌ တိဏ္ဏံ သင်္ဂတိဖဿော ဖဿပစ္စယာ ဝေဒနာတွေတော့ ကျော်လိုက်ပါတော့ ဝေဒနာ ပစ္စယာတဏှာဆိုတဲ့ခင်စိတ်ကလေးကော(ပေါ်ပါတယ်)တဏှာ ပစ္စယာဥပါဒါန်ဆိုတာကော (ပေါ်ပါတယ်ဘုရား)ဘာသစ္စာ ကလေးတွေချည်း လျှောက်ဖြစ်နေသလဲ.... (ဒုက္ခသစ္စာတွေချည်း လျှောက်ဖြစ်နေပါတယ်ဘုရား)။

ဥပါဒါန်ပစ္စယာကမ္မဘဝေါ–မပေါ်ဘူးလား(ပေါ်ပါတယ် ဘုရား) သွားဦးမှပဲဆိုတဲ့ ဝစီကံကလေး မလာဘူးလား....(လာ ပါတယ်)တော်တော်ကြာကျတော့ အင်း.. ထ,ကိုသွားတာပဲဆို တော့ကာယကံကလေးကော....(လာပါတယ်ဘုရား)ရှင်းပလား (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့လဲ ဒါ မကိုက်သေးဘူးလား— (ကိုက်ပါတယ်ဘုရား)။

ကဲ....ပဋိစ္စသမုပ္ပါဒ်ကို ဦးဘရှင်းက ဖြစ်စေ၊ ကိုပေါ်က ဖြစ် စေ အဆုံးရှတ်လိုက်စမ်းပါတဲ့ အလယ်ကဟာတွေ ကျုပ်တို့ပြော နေယင် ရှည်နေမှာစိုးလို့၊ အဆုံးရှတ်လိုက်တော့ ကိုပေါ်.... ဘာတွေ့သလဲ .. (ဒုက္ခက္ခန္ဓာ တွေ့ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဟော....ဒုက္ခက္ခန္ဓာသတဲ့ ဒုက္ခအစုကြီးကွ....ဆိုတော့ ဒုက္ခသစ္စာ လို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

နောက်ကဖြစ်ခဲ့တာဟူသရွေ့ ဘာချည်းပဲတုန်း....(ဒုက္ခချည်း ပါဘုရား)ဒုက္ခသစ္စာချည်းပဲဆိုတာ ဘုရားကပဲ တာဝန်မခံဘူး လား....(ခံပါတယ်ဘုရား)။

ဒါ....ဘုရားဟောလို့ သိရတာလား....တဲ့ ခင်ဗျားတို့ ဖြစ်စဉ် ကို ဘုရားက လက်ညှိုးထိုးတာလား.... (ဖြစ်စဉ်လက်ညှိုးထိုးတာ ပါဘုရား)။

အဲ....ဘုရားက ဟောတာမဟုတ်ဘူး၊ ခင်ဗျားတို့ ဖြစ်စဉ်ကို လက်ညှိုးထိုးပြတာ....(မှန်ပါ့)....ဘုရားဟောလို့ သိရပေသည်.... (မှန်ပါ့)ရှိတာကတော့....(ဒုက္ခသစ္စာပါဘုရား)။

ဒီဒကာဒကာမတွေ သန္တာန်မှာရှိတယ် ... (မှန်ပါ့)ဘုရားက လက်ညှိုးထိုးဖော်ရတယ် –(မှန်ပါ့)သဘောကျပလား....(ကျပါ ပြီဘုရား)။

ရှိတဲ့ ဒုက္ခသစ္စာက ခင်ဗျားတို့ဆီမှာ.... (မှန်ပါ့) ဘုရားက ဘာပြောဖော်ရသတုံးဆိုတော့ ဟောဒါ ဒုက္ခသစ္စာအတန်းကြီး ကွာလို့....ကျုပ်တို့က သစ္စာမသိတဲ့ပုဂ္ဂိုလ်မို့ ဒုက္ခက္ခန္ဓာ သမုဒယောဟောတိဆိုပြီး ပြောရှာတယ်....(မှန်ပါ့) ဒုက္ခတွေဖြစ်နေ ပြီဟေ့ တပုံကြီးပဲ၊ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ပြောတော့....အခု.... တရားနာရတာ ဒကာဒကာမတွေ .... ဩော်... ဒုက္ခသစ္စာဆိုတာ ရှားသလား–ပေါသလားပြောစမ်း.... (ပေါပါတယ်ဘုရား)။

---

ကတိယအကြိမ်

http://www.dhammadownload.com



ပေါ်ပြီးသကာလ မသိပဲ ဖြစ်နေတယ်.... (မှန်ပါ့) ကျုပ်တို့ ဒီ ဂေါ်ကြိုး မပေါ်ခင်က ဂေါ်ကြိုးတွေဟာ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ရောင်းစားရမှန်း သိရဲ့လား.... (မသိပါ ဘုရား)။

ပေါ်ပြီး မသိပဲ ဖြစ်နေတယ်.... (မှန်ပါ့) အခု သိလာတော့ ရှားတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဖေါ်ပြီး မသိတုန်းကတော့ ဒါတွေဟာ ကျုပ်တို့ အလကား ပဲ ကြောင်ကျောက်တွေ ဘာလုပ်ဖို့တုံး၊ အနီထဲလဲကြောင်ထိုး လာယင် အလကားပဲ။ အပြာထဲလဲ ကြောင်ထိုးလာယင် ဦးဘ ရှင်း အလကားပဲ။ ပေါ်ပင် ပေါ်ငြားသော်လဲ အဖိုးတန်မှန်း မသိတော့....(မှန်ပါ့ မသိခဲ့ပါဘုရား)။

ဒီမှာလဲ ခန္ဓာထဲမှာ သစ္စာတွေတော့ ပေါ်ပါရဲ့၊ သစ္စာ သိတဲ့ဉာဏ်က နောက်က မလိုက်တော့ အဖိုးတန်သေးရဲ့လား.... (မတန်ပါဘုရား)။

ဒါဖြင့် သူ့ဟာသူ ဖြစ်နေတဲ့ ဒုက္ခသစ္စာ....(မှန်ပါ့)ခင်ဗျား တို့ ဉာဏ်ဝရောက်တဲ့ ဒုက္ခသစ္စာလို့ ဆိုလို့ရရဲ့လား.... (မရပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှေ့က ဒုက္ခသစ္စာ သိခဲ့ရဲ့လားလို့ မေး တော့ မသိခဲ့ပါဘူး....(မှန်ပါ့)။

သိပါရဲ့ဘုရား .. ခွေးကိုက်တဲ့အခါ နာတာသိတယ် (မှန်ပါ့) ထမင်းစားမကောင်းယင် မကောင်းတာ သိတယ်.... (မှန်ပါ့) အဲဒါ ဒေါသသိကွ၊ ဉာဏ်သိ မဟုတ်ဘူး....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါ ဘာသိပါလိမ့်....(ဒေါသသိပါဘုရား)အရေးကြီးတာက ဘာသိ အရေးကြီးသလဲ....(ဉာဏ်သိအရေးကြီးပါတယ်)ဉာဏ်သိကမှ ပဋိစ္စသမုပ္ပါဒ် ဖြစ်မှာကိုး....(မှန်ပါ့)။

ဉာဏ်သိကမှ ဖြတ်မှာ ဖြစ်နေတော့ ဉာဏ်သိက ဒုက္ခဖြတ်တယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဉာဏ်သိက ဒုက္ခဖြတ်ကြပါစို့ ဆိုတော့ ဒကာ ဒကာမတွေ ကလေး ကလေးက ကိုယ့်သားသမီးကလေးက အော်လိုက်တယ်။ ငိုသံကလေးနဲ့ အော်လိုက်တယ်။ ကြားစိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အင်း....ကြားစိတ်ကလေး ပေါ်တာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ပေါ်ယင် ဒုက္ခသစ္စာလို့ နောက်က သိပေး....(မှန်ပါ့)။

ပေါ်ယင်....(ဒုက္ခသစ္စာလို့ သိပေးရပါမယ်ဘုရား)ဒုက္ခသစ္စာနော်....၊ ဒုက္ခသစ္စာလို့ဆိုတော့ ဒု–က စက်ဆုပ်စရာ၊ ခ–ကအသုံးမကျတာ၊ သစ္စာက မှန်တာ၊မောင်နိုင်....မှတ်မိပလား....(မှန်ပါ့ဘုရား)။

ဒု–ကစက်ဆုပ်စရာနော်....၊ခ–က အသုံးမကျတာ၊သစ္စာက....(မှန်တာပါဘုရား) ဒု–က ဘာတဲ့ ... (စက်ဆုပ်စရာပါ)ခ–က....(အသုံးမကျတာပါ) သစ္စာက....(မှန်တာပါဘုရား)။

ဒါဖြင့် စက်ဆုပ်စရာ၊ အသုံးမကျတာ၊ အမှန်ပေါ်တာ....(မှန်ပါ့) ကြားစိတ်ကလေးဟာ....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကြွားစိတ်ကလေးဟာ ဘာတဲ့....(စက်ဆုပ်စရာ, အသုံးမကျ တာ, အမှန်ပါဘုရား)။

အမှန်ပေါ်တာကို ဘယ်နည်းကြောင့် သူ့ကို စက်ဆုပ်စရာ အသုံးမကျတာ, အမှန်ပါပဲလို့ ကျုပ်တို့က နောက်က သိရမှာတုံးလို့ မေးတဲ့အခါကျလို့. ရှိယင်ဖြင့်တဲ့ သူဟာ အာရုံဒွါရ တိုက်ဆိုင်တာနဲ့ ပေါ်လိုက်တာ....(မှန်ပါ့)။

ဦးဘရှင်း ပေါ်ပြီးတော့ကို သူသည် သူ့မှာလဲဖြစ်ပြီး ပျက်သွားတယ်....(မှန်ပါ့)မွေးပြီး သေသွားတယ်....(မှန်ပါ့)အသုဘကလေးပေါ်လာတယ်(မှန်ပါ့)ရှင်းပလား။ (ရှင်းပါပြီဘုရား)။

ဘာကလေး ပေါ်လာသလဲ....(အသုဘကလေးပေါ်လာပါတယ်) အသုဘကို ဘာသစ္စာ ဖွဲ့မလဲ.... (ဒုက္ခသစ္စာဖွဲ့ပါမယ်). ကျုပ်တို့အိမ် အသုဘတွေ့ပြီဗျာ.... ဒုက္ခပဲဆိုတာ လူတိုင်းပြောတယ်.... (မှန်ပါ့ဘုရား)။

ကျုပ်တို့အိမ် အသုဘတွေ့ပြီ ဒုက္ခပဲလို့ လူတိုင်း မပြောဘူးလား.... (ပြောပါတယ်ဘုရား) ဒီလိုဟာတော့ ပြောပါတယ်။ သာမကတွေ ထင်ရှားတာတွေကျတော့ ကိုဝတို့က အလွန်ပြောပါတယ်....(မှန်ပါ့)။

တကယ် အစ ပျောက်သေတဲ့ ကြွားစိတ်ကလေးကို အသုဘ ဒုက္ခသစ္စာလို့ တခါမှ မပြောဘူး... (မှန်ပါ့) ပြောကြရဲ့လား.... (မပြောပါဘုရား)။

မပြောပဲ ဖြစ်ပြီးသကာလ နေတော့ အဲဒါ မသိလို့ပဲဆိုတာ သေချာသွားပြီ.... (သေချာပါပြီ) ဒါဖြင့် မသိတာက အဝိဇ္ဇာ....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



မသိတာက.... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုပြီး ကိုပေါက ဒုက္ခက္ခန္ဓသသွား လိုက်.... (မှန်ပါ) အကုန် ဒုက္ခအစုကြီး ဖြစ်ကြောင်းတွေသာ ခင်ဗျားတို့ ကြိုးစားနေတယ်တဲ့၊ ဒုက္ခသစ္စာသိတဲ့ မဂ္ဂသစ္စာပေါ် ရဲ့လား....(မပေါ်ပါဘုရား)။

ကိုင်း.... ဒါဖြင့် ဒီကရှေ့ ဒကာဒကာမတွေက ကြားစိတ် ကလေး ပေါ်လာလို့ရှိယင် ပေါ်တဲ့စိတ်ကလေးသည် ဒုက္ခ သစ္စာလို့ နောက်က ကိုဝတ္တိက ဉာဏ်နဲ့သိပေး....(မှန်ပါ)။

ဘာဖြစ်လို့တုံးလို့ မေးတော့ အသုဘာကလေးကိုး(မှန်ပါ) အသုဘာဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပဲဆိုတာ ဆင်းရဲတာ အမှန်...(မှန်ပါ) ဘယ်သူ သေတာတုံးကွ....(မိမိသေတာပါ) မိမိသေတာ။

ဒကာဒကာမတို့ ခင်ဗျားတို့က သူများသေမှ ဒုက္ခရောက် တာ.... (မှန်ပါ) မိမိသေတဲ့ ဒုက္ခကို မိမိ မသိဘူး.... (မှန်ပါ ဘုရား)။

ဟိုက အသုဘာက သူများသေတဲ့ ဒုက္ခက မောင်နိုင် ငွေကုန် ရုံပဲ....(မှန်ပါ) အခု ဟာက ကိုယ့်ခန္ဓာ ပျောက်တာ.... (မှန်ပါ ဘုရား)။

ဘယ်လိုဆိုကြပါမယ်.... (ကိုယ့်ခန္ဓာ ပျောက်တာပါ) ကိုယ့် ခန္ဓာ ပျောက်တာဆိုတာ သေချာကြပလား.... (သေချာပါပြီ ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ကဲ .. ဘာပျောက်သတုံး....(ကိုယ့်ခန္ဓာပျောက်တာပါ)ကိုယ့်ခန္ဓာဒုက္ခရောက်တယ်....(မှန်ပါ့)ဘာခန္ဓာတဲ့....ဝိညာဏက္ခန္ဓာ....(မှန်ပါ့ဘုရား)။

ဒီ ဝိညာဏက္ခန္ဓာကြီး ကိုဝ....ဘာဖြစ်သွားသတုံး.. ( ဒုက္ခရောက်သွားပါတယ်ဘုရား)။

ဒုက္ခရောက်သွားတယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်) ဒါဖြင့် သူ့ကိုဘာသစ္စာဖွဲ့ကြမလဲ...(ဒုက္ခသစ္စာဖွဲ့ရပါမယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ကိုယ့်အသေဒုက္ခတော့ ကိုယ်မသိဘူး၊ သူများသေတော့ ဩော်...အိမ်သားတယောက်ယောက်ဖေါက်ပြန်ပြီး သေလိုက်လို့ရှိယင် ဒုက္ခပဲ၊ ကျုပ်တို့ အကုသိုလ်ဝင်ပြီထင်တယ်၊ ဒီလို ပြောချင်ပြောတာ....(မှန်ပါ့)ကိုယ်သေတဲ့ ဒုက္ခကျတော့ကို ကိုပေါ်တို့က ရှုမိရဲ့လား....(မရှုမိပါဘုရား)။

မရှုမိတော့ ခင်ဗျားတို့သည် အသုသကိုဘာ သိ၍ ဒုက္ခသစ္စာမသိဘူး... (မှန်ပါ့)သဲဘောကျပလား....(ကျပါပြီဘုရား)။

အခုဟောတဲ့ တရားက အသုဘလဲသိ၊ ဒုက္ခသစ္စာကော ....(သိပါတယ်ဘုရား)နှစ်ချက်သိ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီကဲ့သို့ သိနေတော့ ဩော်... ကိုယ့်သန္တာန်မှာကြားစိတ်ကလေးသည် ဒုက္ခသစ္စာပဲလို့ နောက်က သိလိုက်တယ်၊ သိလိုက်တော့ကို ဒကာဒကာမတို့ သိသည်နှဲ့ တပြိုင်နက်တည်းခုနက ကြားလို့ ခင်တာကလေးဟာလဲ လိုက်သေးရဲ့လား ....

http://www.dhammadownload.com



(မလိုက်ပါဘုရား)ခွင်လို့ စွဲလမ်းတာကလေး ဟာကော(မလိုက်ပါဘုရား)စွဲလမ်းလို့ သွားမယ်၊လာမယ်ပြောတဲ့ ဝစီကံ ကမ္မဘဝကော....(မလိုက်ပါဘုရား)။

ဒါဖြင့် ကမ္မဘဝမှ မလိုက်ပဲနဲ့ စုတေမနေ သေလွန်သည်၏အခြားမဲ့၌ ကမ္မဘဝပစ္စယာ ဇာတိ လိုက်လို့ကော.... (မရပါ) ဇရာ, မရဏ လိုက်လို့ကော....(မရပါ) သောက,ပရိဒေဝ,ဒုက္ခ ဒေါမနဿလိုက်လို့ကော....(မရပါ)ဟာ....ဒါဖြင့် ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ....(မှန်ပါ)။

ကိုပေါ....မှတ်စမ်း....(ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိပါဘုရား)မဂ်ကဝင်ပြီး ကြားတာကို ဒုက္ခသစ္စာသိတဲ့ သဘောကနေပြီး လာလတ္တံ့ဒုက္ခတွေ အကုန်ချုပ်အောင် မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒီတော့ ပါဠိတော်ရွတ်ပါ၊ ဘုန်းကြီးက ဟောနေတယ်လို့ မယူကြပါနဲ့....နော်....(မှန်ပါ) ဘာတဲ့တုံး....(ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိပါဘုရား)။

ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ ကဲ....ဦးဘရှင်း မလာဘူးလား... (လာပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ ဖြစ်ပါလိမ့်မတုံး၊ ခုနတုန်းကတော့ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိနဲ့....(မှန်ပါ)အခုတော့ ကိုဝ ဒုက္ခက္ခန္ဓဿ နိယောဓော

http://www.dhammadownload.com



ဟောတိ၊ ချုပ်သွားပြီလို့ မပြောဘူးလား.... (ပြောပါတယ် ဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ သစ္စာသိလိုက်လို့.... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဘာဖြစ်လို့ပါလိမ့်.... (သစ္စာသိလိုက်လို့ပါဘုရား)။

သစ္စာသိလိုက်တော့ ပါဠိရွတ်ကြည့်လိုက်ပါ၊ ဘာတဲ့တုံး.... ဒကာ ဒကာမတို့ .... ( ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိပါ ဘုရား)။

ဒုက္ခက္ခန္ဓဿ=နောင်လာလတ္တံ့ ဒုက္ခအစုကြီး၏၊ နိရောဓော= ဒိဋ္ဌိပုဂ္ဂိုလ်သန္တာန်၌ မရှိခြင်းသည်(ဝါ) ချုပ်ပျောက်ခြင်းသည်၊ ဟောတိ=ဖြစ်၏....ဆိုတော့ နောက်ဘဝတွေရော, ယခုဘဝတွေ ရော, နောက်လာလတ္တံ့ ဒုက္ခတွေရော ကိုဝ....ရှိသေးသလား.... (မရှိပါဘုရား)။

ဒါ....ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့မှ ကြားစိတ် ကို ဒုက္ခသစ္စာလို့ တပည့်တော်တို့က နောက်က အသိလိုက်..... လိုက်လို့ဘုရား... (မှန်ပါ့)ဒကာကြီးလျှိုင် ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

ကြားစိတ်ကို ဘာလိုက်—လိုက်လို့လဲ....(နောက်က မဂ်လိုက် လိုက်လို့ပါ) ဒုက္ခသစ္စာလို့ အသိကလေး လိုက်—လိုက်တယ်.... (မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ)ဒါ မဗ္ဗာနုပဿနာသတိပဋ္ဌာန် လို့ခေါ်သည်....(မှန်ပါ့)။

---

တစ်ဆိယအကြိမ်

http://www.dhammadownload.com



သတိပဋ္ဌာန်ထဲ သွင်းယင် ဘာတဲ့.... (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုငြားသော်လဲ ဖြစ်ပျက်ပါပဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း ...ကြားစိတ်ကလေးဟာ ဖြစ်ပြီး ပျက်သွားတယ်လို့ သိလိုက်တာ ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲ... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဖြစ်တာလဲ.... (ဒုက္ခပါပဲဘုရား)....ပျက်တာလဲ.... (ဒုက္ခပါပဲဘုရား)။

ဘာကြောင့်တုံးလို့ ဆရာဘုန်းကြီးက ဒီဥစ္စာ—ဒီ ဖြစ်ဒုက္ခ, ပျက်ဒုက္ခလို့ ကြားစိတ်ကလေးကို ဖြစ်တာလဲ ဒုက္ခပဲ, ပျက်သွားတာလဲ ဒုက္ခပဲလို့ ဟောသတုံးဆိုတော့ အို... ဓမ္မစကြာရတဲ့ ပုဂ္ဂိုလ်ကျတော့ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ ဆိုတော့ မင်းတို့ သန္တာ်ထဲ ခန္ဓာတွေ ဘယ်ခန္ဓာပေါ်ပေါ် ဒုက္ခသစ္စာလို့ ....ဟောထားတယ်....(မှန်ပါ့ဘုရား)။

ပေါ်လဲ ဒုက္ခသစ္စာပဲ....(မှန်ပါ့)ပျက်လဲ.... (ဒုက္ခသစ္စာပါပဲဘုရား)။

အဲဒါကလေးကို ဒကာဒကာမတို့က ဒီ....ကြားစိတ်ကလေးကို ပေါ်သည်နှင့် တပြိုင်နက်တည်း ဩော် .. ဒုက္ခသစ္စာပဲလို့.... သူ့ဆီကို ဉာဏ်လှည့်ပြီး ရှုလိုက်စမ်းပါ....(မှန်ပါ့)။

ရှုလိုက်သည်နှဲ့ တပြိုင်နက်တည်း ဦးဘရှင်း.... ဒုက္ခက္ခန္ဓာသနိရောဓော ဟောတိ....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ဒကာကြီးလှိုင်....ဘာတဲ့....(ဒုက္ခက္ခန္ဓာ နိရောဓောဟောတိ ပါဘုရား)။

နောက်က ဒကာဒကာမတွေ ခင်ဗျားတို့ စာသာရွတ်နေတယ် ကိုယ့်ဒုက္ခ ကိုယ်မသိမ်းတတ်ဘူး....(မှန်ပါ့) အခုတော့ဖြင့် ဘယ့်နှယ်တုံး....(သိမ်းတတ်ပါပြီဘုရား)။

ဟာ....ကြားတဲ့ စိတ်ကလေးကို ဒုက္ခသစ္စာလို့ သိလိုက်ပါတယ်တဲ့....၊ ဒါဖြင့် ကြားတဲ့စိတ်က ဒုက္ခသစ္စာ၊သိလိုက်တာက ဝိဇ္ဇာဥဒပါဒိ၊ ဝိဇ္ဇာဖြစ်သွားပြီကွတဲ့....(မှန်ပါ့) အာလောကော ဥဒပါဒိ,ဉာဏံ ဥဒပါဒိ ဖြစ်သွားပြီကွတဲ့....(မှန်ပါ့) သဘောကျပလား (ကျပါတယ်ဘုရား)။

ဝိဇ္ဇာဉာဏ်တွေ မရသေးဘူးလား.... (ရပါပြီဘုရား) ဝိဇ္ဇာဉာဏ်လဲ ရပါရော ကိုပေါ်ရေ....ရတဲ့ အကျိုး ဘာခံစားရသတုံးလို့ မေးတဲ့အခါကျတော့ လာလတ္တံ့ ခင်ဗျားတို့ ပူထားတဲ့....ကံတွေက ကမ္မဘဝပစ္စယာ ဇာတိ,ကမ္မဘဝပစ္စယာ ဇာတိနဲ့ဇာတိ ဇရာ, မရဏ, သောက, ပရိဒေဝနဲ့ ဦးဘရှင်းတပုံကြီး၊နောက်က လာမှာတွေ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါတွေဟာ ဒီက ဖြစ်ပျက်က ကြားစိတ်ကလေးက ဒုက္ခသစ္စာ၊ သိလိုက်တာကလေးက မဂ္ဂသစ္စာ၊ဝိဇ္ဇာမဂ္ဂသစ္စာကလေးဖြစ်သွားတော့ ကိုဝ....,မဖြတ်လိုက်ဘူးလား....(ဖြတ်လိုက်ပါတယ်ဘုရား)။

ဖြတ်လိုက်တော့ကို ခင်ဗျားတို့ ဘယ်သူမှ ကျုပ်သေယင်....ဘယ်သွားမှာတုံးလို့ မေးမနေနဲ့နော်.... (မှန်ပါ့) ဒုက္ခက္ခန္ဓာ

http://www.dhammadownload.com



နိရောဓော ဟောတီလို့ ဘုရားက ဟောလိုက်တယ်.... (မှန်ပါ့ဘုရား)။

မောင်ရှိုင်....မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ချုပ်သွားတာတုံး....လို့....၊ ကြားစိတ်ကလေးကို တပည့်တော်တို့က ဒုက္ခသစ္စာလို့ သိလိုက်လို့ပါဘုရား၊ သိလိုက်တာကလေးက ဝိဇ္ဇာမဂ် မဖြစ်ဘူးလား ...(ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ ဝိဇ္ဇာမဂ်ကလေးလာတော့ ဟိုဘက်က ဘာတွေချုပ်သွားသတုံး....(ဒုက္ခတွေချုပ်သွားပါတယ်)ဒုက္ခတွေ အကုန်မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့်.... သစ္စာသိတော့ကို ဒုက္ခချုပ်တယ်ဆိုတော့ ဒကာဒကာမတို့ သစ္စာသိလိုက်တော့ မသိတဲ့ ပုဂ္ဂိုလ်မှာ ဟိုဘက်လာမယ့် ဒုက္ခပေါင်း တနေ့–တနေ့ ရေတွက်နိုင်ကြရဲ့လား....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ၁၃–မိုင်ပတ်လည်ကန်ထဲမှာရှိတဲ့ ရေမှုန်တွေလို ဒုက္ခတွေဟာ နောက်က လုပ်ထားတဲ့ဒုက္ခတွေ အခုလုပ်ထားတဲ့ ဒုက္ခတွေဟာ သစ္စာသိလိုက်တော့ ဒီ ဒုက္ခတွေ ရှိသေးရဲ့လား... (မရှိတော့ပါဘုရား)။

ဩော်... ဒါဖြင့် ဒကာဒကာမတို့ သစ္စာသိတဲ့ တန်ခိုးဟာ တယ်ကြီးမားပါကလား....(မှန်ပါ) ကိုဝ....ဆိုထိုက်ပလား (ဆိုထိုက်ပါတယ်)နောက်က ဒကာဒကာမတွေ....(ဆိုထိုက်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ခင်ဗျားတို့က ဤကား.... ဒုက္ခသစ္စာ, ဤကား.... သမုဒယသစ္စာသာ ခင်ဗျားတို့က ရနေတာကိုး....(မှန်ပါ့)ကိုယ့်သန္တာန်ပေါ်တာတော့ သိမှ မသိပဲကိုး....(မှန်ပါ့) ဒါကြောင့် လေးလေးစားစားနဲ့ အပင်ပန်းခံပြီး ပြောနေတယ်ဆိုတာ မောင်နိုင်ရိပ်မိဖို့ ကောင်းပါပြီ....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် ကြားစိတ်ကလေး ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါ) သိလုံးကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဒီ မဂ္ဂသစ္စာက ဘာများ လုပ်လိုက်သတုံးလို့ မမေးဘူးလား....(မေးပါတယ်ဘုရား)မေးလိုက်တော့ သူ မလာလို့ရှိယင် တဏှာ, ဥပါဒါန်, ကံ လာမယ်.... (မှန်ပါ့)မလာပေဘူးလား....(လာပါတယ်)ကံလာလို့ရှိယင် ဟိုဘက် ဇာတိ, ဇရာ, မရဏလာမယ်....(မှန်ပါ့)။

ဒါဖြင့် တဏှာ,ဥပါဒါန်က ကိလေသဝဋ်....(မှန်ပါ့)ကံက....(ကမ္မဝဋ်ပါ) ဟိုဘက် ဇာတိ,ဇရာ,မရဏတွေက....(ဝိပါကဝဋ်ပါ) ဝဋ်သုံးပါး ကျွတ်သွားတယ်....(မှန်ပါ့)။

ဘယ်လို ဆိုကြမယ်....(ဝဋ်သုံးပါးကျွတ်သွားပါတယ်)။

ဝဋ်သုံးပါး ကျွတ်သွားတယ်ဆိုတော့ ခင်ဗျားတို့က ဘုရားရှေ့ သွားပြီးသကာလ ဝဋ်ကြီး မြန်မြန်ကျွတ်ပါရစေဘုရား....ဆိုတော့မဂ်ကလဲ မပါဘူး၊ဒီတော့ ဘုရားမတတ်နိုင်ဘူး(မှန်ပါ့)။

မဂ်မပါတော့ တတ်နိုင်ပါ့မလား....(မတတ်နိုင်ပါ ဘုရား) ဖြစ်တာက ကျုပ်တို့သန္တာန်မှာ....(မှန်ပါ့)ဘုရားကို ဖြတ်ပေးပါ ခိုင်းလို့ ရပါ့မလား....(မရပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



မရဘူးဆိုတော့ သစ္စာသိတဲ့ ကိုယ့်ဝိဇ္ဇာမဂ္ဂင်နဲ့ ကိုယ့်ဟာကိုယ်ဖြတ်ရတယ်(မှန်ပါ့)ရှင်းပလား…ဒကာကြီးလိုင်…. (မှန်ပါ့ဘုရား)။

ဘုရားသွားပြီး ပူဆာလို့ ရှိယင်ဖြင့် ဘုရား နားငြီးရုံပဲရှိမယ်….(မှန်ပါ့)သဘောကျပလား….(ကျပါပြီ)ကိုယ့်ဟာကိုယ်ဖြစ်မှသာလျှင်…. (ရပါတယ်) ပေါ်ကြပလား…. (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကြားစိတ်ကလေးက ဘာသစ္စာတုံး….(ဒုက္ခသစ္စာပါဘုရား) သိတာကလေးက… (မဂ္ဂသစ္စာပါ) ဝိဇ္ဇာမှ ဟုတ်ရဲ့လား….(ဟုတ်ပါတယ်ဘုရား)။

ဝိဇ္ဇာဆိုလို့ရှိယင်ဖြင့် ဒကာဒကာမတို့ အဝိဇ္ဇာ နိရောဓသင်္ခါရ နိရောဓောလဲ ဖြစ်ပါတယ်….(မှန်ပါ့)ဟိုဘက်က လာလတ္တံ့ ဝိညာဏ နိရောဓောကော….( ဖြစ်ပါတယ်ဘုရား ) ဒုက္ခက္ခန္ဓသ နိရောဓောကော .. (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ကိုဝ….သက်သေခံ လုံလောက်ရဲ့လား….(လုံလောက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကယ်မယ့်ယူမယ့်လူ ဘယ်သူပါလိမ့်…. မတုံးလို့ ခမေးတဲ့အခါကျတော့ သစ္စာသိတဲ့ ဉာဏ်ပဲ ဘုရာ့…. (မှန်ပါ့)။

ဦးဘကလေး ဘာတုံး…. (သစ္စာသိတဲ့ ဉာဏ်ပါ သစ္စာသိတဲ့ ဉာဏ်ပဲလို့ မဆိုနိုင်ဘူးလား….(ဆိုနိုင်ပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဩော်....ဒါဖြင့် သစ္စာသိတော့ ဒကာဒကာမတို့ နောက် လာလတ္တံ့ ဒုက္ခတွေ ဘယ်နှယ် နေကြသတုံး....(ချုပ်သွားပါ တယ်ဘုရား) ရှေးက မိုက်မဲထားလို့ ပေးစရာ ဒုက္ခရောကော.... (ပြတ်ပါတယ်ဘုရား) ချုပ်တယ်၊ ရှေ့ နောက် ပြတ်တာ မောင်နိုင်ရ....(မှန်ပါ့)။

အတိတ်ကံတွေကလဲ....(ဖြတ်ပါတယ်ဘုရား)အနာဂတ် လာ လတ္တံ့တွေကော....(ဖြတ်ပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီ)ရှင်းပြီနော်....(မှန်ပါ့)။

အဲဒီတော့ကို အတိတ်ကံတွေက အကျိုးပေးချင်ပြန်တယ်.... တပည့်တော်တို့ဘုရား....၊ယခုဘဝ ကံတွေသာ တပည့်တော်တို့က တဏှာတွေသာ ဖြစ်တယ်၊ အတိတ်ဘဝက တဏှာတွေ, ကံတွေ တော့ဖြင့် တပည့်တော်တို့က မဖြတ်နိုင်ဘူးလို့ ထင်ချင်လဲထင် နေကြမယ်....(မှန်ပါ့)။

အတိတ်ဘဝက မူးခဲ့, မိုက်ခဲ့တာတွေလေ .. ကိုဂ... မရှိပေဘူး လား (ရှိပါတယ်ဘုရား) အပရာ ပရိယ ဝေဒနိယကံဆိုတာ လူတိုင်းရှိတယ်–(မှန်ပါ့)သဘောကျပလား–(ကျပါပြီဘုရား)။

ဟော့.... ရှိချင် ရှိပစေကွ....။ ဘုန်းကြီးကပဲ ဟောတယ်၊ ဘုရားကလဲ ဟောတယ်၊ ဘယ်လိုဟောသတုံးဆိုတော့ မောင်နိုင် ကဲ.... ကြားစိတ် ကလေးကို သိလိုက်တော့ သူ့ နောက်က အသိကလေး မလိုက်–လိုက်ဘူးလား.... (လိုက်–လိုက်ပါတယ်) လိုက်တဲ့အခါကျတော့ မဂ္ဂသစ္စာကလေးက မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



သူ့နောက်က ထုံးစံအတိုင်း လိုက်မယ့်၊ မသိလို့ လိုက်မယ့် တဏှာ, ဥပါဒါန် လာသေးရဲ့လား....(မလာပါ) ကံကော ... (မလာပါ) ကံမလာတော့ ခန္ဓာ လာသေးရဲ့လား .. (မလာပါ ဘုရား)။

ခန္ဓာ မလာယင် ခန္ဓာ ပျောက်တဲ့အတွက် ခန္ဓာ မပေါ်တဲ့ အတွက် အတိတ်ကံတွေကလဲ ဒကာဒကာမတို့ ခန္ဓာရှိမှ လိုက် အကျိုးပေးတယ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ ဘုရား)။

ပစ္စုပ္ပန် ကံကလဲ မပေါ်လို့ ခန္ဓာမလုပ်တော့ဘူး.... (မှန်ပါ့ ဘုရား)။

ပစ္စုပ္ပန် ခန္ဓာကလဲ....(မပေါ်လို့ ခန္ဓာမလုပ်တော့ပါဘုရား) ကံမပေါ်လို့ ခန္ဓာလုပ်သေးရဲ့လား.... (မလုပ်ပါဘုရား)။

နို့ ခန္ဓာရှိမှလဲ နောက်အတိတ်ကံတွေကလဲ လိုက် အကျိုး ပေးမှာကိုး—(မှန်ပါ့)ပေးနိုင်သေးရဲ့လား—(မပေးနိုင်ပါဘုရား)။

ဒါဖြင့် ရှေ့က ပြေးမည့်လူ ရှိမှ နောက်က လိုက်မယ်.... (မှန်ပါ့) ပြေးမည့်လူ ဇာတ်သိမ်းလိုက်လို့ရှိယင် နောက်က လိုက်တာတွေဟာလဲ လိုက်နိုင်သေးရဲ့လား.... ( မလိုက်နိုင်ပါ ဘုရား)။

ဒါဖြင့် ကိုဝ....ပြေးမည့်ခန္ဓာပေါ်မှ နောက်ကလိုက်မယ်— (မှန်ပါ့)။

ဒါဖြင့်အတိတ်ကံတွေကော မဖြတ်ဘူးလား....(ဖြတ်ပါတယ် ဘုရား) ပစ္စုပ္ပန်ကံတွေကော....(ဖြတ်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက် ဒုက္ခသစ္စာကို သိတဲ့ မဂ်ဉာဏ်သည် အတိတ်ကံတွေကိုလဲ တားမြစ်နိုင်တယ်....(မှန်ပါ) ပစ္စုပ္ပန်ကံတွေကိုလဲ အကျိုးမပေးအောင် ကန့်ကွက်ပါတယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ဒီ ကံတွေက အကျိုး ပေးယင် ဘာသစ္စာတွေ လာမယ်ထင်ကြသလဲ....(ဒုက္ခသစ္စာတွေ ပါဘုရား)။

ဒါဖြင့် အတိတ်က ကံတွေက အကျိုးပေးမည့် ဒုက္ခသစ္စာကို လဲ ယခု သစ္စာသိတဲ့ ဉာဏ်က ဖြတ်လိုက်တယ် (မှန်ပါ့).... သဘောကျပလား....(ကျပါပြီ) နောက် လာသတ္တဲ့ ကံတွေလဲ သစ္စာသိလို့ မပေါ်လာတော့ဘူး ... (မှန်ပါ့) ပေါ်လာသေးရဲ့ လား....(မပေါ်လာပါဘုရား)။

မပေါ်လာတော့ ကိုပေါ်က စဉ်းစား....ကိုဝက စဉ်းစား.... ခြောက် အတိတ်ကံတွေလဲ ကြောက်စရာမလိုတော့ပါကလား.... (မှန်ပါ့) ယခုအခါ ကံတွေကော....(ကြောက်စရာမလိုတော့ပါ ဘုရား)။

လာကို လာသေးရဲ့လား....(မလာပါ) ဘာက ဖြတ်လိုက် သလဲ.... (မဂ်က ဖြတ်လိုက်ပါတယ်) မဂ်က ဖြတ်တယ်၊ သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီ မဂ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက .... ဒီ...သစ္စာသိတဲ့ မဂ်လာမှကွာ....ခုနက ၁၃–မိုင်ပတ်လည်၊အနက် ၁၃–မိုင်ရှိတဲ့ရေမှုန်ထက်များတဲ့ ဒုက္ခတွေဟာ အတိတ်ဒုက္ခတွေ

http://www.dhammadownload.com



ဟာလဲ အကုန် ခန်းရမယ်တဲ့(မှန်ပါ့) ပစ္စုပ္ပန်လဲ ကျုပ်တို့က ဒီကန်ထဲမှာ ရေမှုန်တွေ ပြန်ထည့်သေးရဲ့လား .... (မထည့်ပါ ဘုရား)။

ဒါဖြင့် ဒီ ရေကန်သည် အတိတ်ကဟာလဲ ခန်း၊ နောက်ကလဲ ရေသစ် မလောင်းတော့ဘူး ဆိုလို့ ရှိယင် ဖြင့် ကန်ဟာ ဟောင်းလောင်းကြီး ဖြစ်ရုံပဲရှိတယ်... (မှန်ပါ့)ဒုက္ခတွေ အကုန် ကုန်သွားတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာတွေကုန်ပါလိမ့်....(ဒုက္ခတွေ ကုန်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခကုန်ချင်ယင်... သစ္စာသိအောင်လုပ် .... (မှန်ပါ့) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ဒုက္ခကုန်ချင်ယင်....(သစ္စာသိအောင်လုပ်ရပါမယ်)သစ္စာ သိအောင် လုပ်မှုမှ တပါး တခြားသော နည်းမှာဖြင့် ကိုဝ.... ဘုန်းကြီး ပိဋကတ်သုံးပုံ အလုံးစုံအကုန် ဘုရားသခင်ကိုယ်တော် မြတ်ကြီးဟောတာ အကုန် မွှေနှောက်ရှာတာ ဒါပဲ ရှိတယ်.... (မှန်ပါ့)သစ္စာသိမှပဲ....(မှန်ပါ့)သစ္စာမသိလို့ ရှိယင် ဒီ့ပြင်ဟာ ယောင်ဝါးဝါးချည်းမှတ်.... (မှန်ပါ့) သဘောပါကြပလား.... (ပါပါပြီဘုရား)။

သစ္စာမသိသေးယင်ဒီ့ပြင်ဟာတွေ....(ယောင်ဝါးဝါးချည်း ပါဘုရား)ယောင်ဝါးတွေပဲဆိုတော့သစ္စာသိမှ ဝိဇ္ဇာဖြစ်တာကိုး (မှန်ပါ့)။

ကိုဝ....ဘယ့်နှယ်ဆိုကြမလဲ.... (သစ္စာသိမှ ဝိဇ္ဇာဖြစ်တာပါ ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



သစ္စာမသိတဲ့ ပုဂ္ဂိုလ် အဝိဇ္ဇာ....(မှန်ပါ) သစ္စာ သိတော့....(ဝိဇ္ဇာပါဘုရား)။

ကဲ....ဒါဖြင့် မဂ်ဝိဇ္ဇာ မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲ....မဂ်လဲခေါ်, ဝိဇ္ဇာလဲ ခေါ်ဆိုတော့ ဒုက္ခဒုက္ခတွေက ဒီကြားစိတ်ကလေး ပေါ်လဲ သိနေ....(မှန်ပါ) ဩော်....ဒုက္ခသစ္စာလို့ ရှုလိုက်၊ ဒါဒုက္ခသစ္စာပဲလို့ ပွားလိုက်၊ သဘောကျပလား....(ကျပါပြီဘုရား)။

နံ့စိတ်ကလေးပေါ်လဲ.... ( ဒုက္ခသစ္စာပါဘုရား ) စားစိတ်ကလေးပေါ်လဲ-(ဒုက္ခသစ္စာပါဘုရား)ယားစိတ်,ယံစိတ်ကလေးပေါ်လဲ....(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာ ပွားပွားနေလိုက်စမ်းပါ... (မှန်ပါ)။

ပွားနေလိုက်တော့ အတိတ်ကံတွေကော မဂ်က.... (ဖြတ်ပါတယ်ဘုရား) ပစ္စုပ္ပန်ကံတွေ လာခွင့်ပေးသေး သလား....(မပေးပါဘုရား)။

မပေးတော့ အင်း....ဟင်....အတိတ် ဝဋ်ကြွေးတွေလဲ ပြေပေါ့ဟ....(မှန်ပါ) ဝဋ်သစ်တွေလဲ မလာဘူးဟ....(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ....(ဝဋ်ကြွေးတွေလဲ ပြေပါတယ်ဘုရား ဝဋ်သစ်တွေလဲ မလာပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ဝဋ်ကျွတ်သွားတဲ့ ပုဂ္ဂိုလ်ဆိုရမယ်....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒကာကြီးလှိုင်....ဘယ့်နှယ်ဆိုမလဲ(ဝဋ်ကျွတ်သွားတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဝဋ်ကျွတ်သွားတဲ့ ပုဂ္ဂိုလ် ဆိုထိုက် မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တပည့်တော်ဖြင့် ဝဋ်ဘဝ တိုတိုနဲ့ နိဗ္ဗာန် ရောက်ရပါလို၏ဘုရား....ဆိုတာ ဝဋ်ကျွတ်ပါရစေဘုရား.... ပြောတာ.... (မှန်ပါ့ဘုရား) မောင်နိုင်....ဝဋ်တိုတိုနဲ့ နိဗ္ဗာန် ရောက်ရ ပါလို၏လို့....ဘုရားရှေ့မှာ လုပ်နေကြတာ ဘာပါလိမ့်....(ဝဋ်ကျွတ်ပါရစေ ပြောတာပါ) ကျွတ်ရဲ့လား....(မကျွတ်ပါဘုရား)။

ဘာ့ကြောင့်တုံး....ကိုယ့် ပဋိစ္စသမုပ္ပါဒ်မှ ကိုယ်မဖြတ်ပဲနဲ့....ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကြောင့် ကိုယ့်ဝဋ် ဖြစ်နေတာကို ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဉာဏ်နဲ့မဖြတ်ပဲနဲ့ဘုရား....ဖြတ်ပေးပါ ခိုင်းလို့တော့ဖြင့် မရဘူးကွ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကြောင့် ဘုရားက ငါဘုရား ကြည်ညိုလို့ရှိယင် သုဂတိရောက်ရုံပဲ၊ နိဗ္ဗာန် ရောက်ချင်လို့ရှိယင်ဖြင့် သစ္စာ သိအောင်လုပ်တဲ့(မှန်ပါ့)မပေါ်ကြသေးဘူးလား.... (ပေါ်ပါပြီဘုရား)။

နိဗ္ဗာန် ရောက်ချင်ယင်တော့... (သစ္စာသိအောင် လုပ်ရပါမယ်) ကဲ....ကိုဝ....ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်သန္တာန်မှာ ပေါ်လာသရွေ့ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



ကဲ....ဒါဖြင့် အခုဟာ စိတ်တွေချည်းပဲရှု၊ လာသမျှ စိတ်ကို ဖမ်းရှုနေတယ်....( မှန်ပါ )ရှုစိတ်ကလေးလာလဲ ရှုပဲ၊ရှိက်စိတ် ကလေးလာလဲ....(ရှုရပါမယ်) စားချင်တဲ့ စိတ်ကလေး လာလဲ (ရှုရပါမယ် )အိပ်ချင်တဲ့ စိတ်ကလေးလာလဲ.... (ရှုရပါမယ် ဘုရား)။

အင်း....အကုန်ဒုက္ခသစ္စာချည်း ရှုပေးလိုက်စမ်းပါ... (မှန်ပါ) ရှုတိုင်း, ရှုတိုင်း အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုညာဏ်က မဂ္ဂသစ္စာ ဖြစ်လာပါတယ်....(မှန်ပါ)။

အရှုခံရတာက....(ဒုက္ခသစ္စာပါ) ရှုညာဏ်က....(မဂ္ဂသစ္စာပါ ဘုရား)။

ဒါဖြင့် ဒီ မဂ္ဂသစ္စာတလုံးသည် ဦး,ပဲ့ ထမ်းသလိုပဲ....။ အတိတ်ကံတွေကို ဖြတ်တောက်ပေးတာလဲ သူပဲ....( မှန်ပါ ) အနာဂတ်ကံတွေ မလာအောင် ကန့်ကွက်တာလဲ ....(သူပါပဲ ဘုရား)။

သူပဲလို့ ဆိုသဖြင့် ကျုပ်တို့မှာ ဘြော်.... ဒီဘဝကတော့ဖြင့် တို့ကောင်းကောင်းမွန်မွန် စားကာ,သောက်ကာနဲ့ နေကြတာပဲ။ အတိတ်ကံတွေကများ မတော်လို့ နှိပ်စက်လိုက်ယင်ဖြင့် အင်း.... ဒီအိမ်ပေါ်က ဆင်းချင် ဆင်းရမယ်ဆိုတာ စိုးရိမ် နေရတယ်.... (မှန်ပါ) မစိုးရိမ်ရဘူးလား....(စိုးရိမ်ရပါတယ်ဘုရား)။

နောက်လဲ ဘာဖြစ်ဦးမယ် မသိသေးပါဘူးလေ....ဆိုတဲ့ ကြောက်လုံးကော မလာဘူးလား... (လာပါတယ်ဘုရား)။

အဲဒါ ဝိဇ္ဇာမဖြစ်သရွေ့ ကာလပတ်လုံး လိုသေးတယ် မှတ် ပါ....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒီ ကြောက်လုံးနှစ်ခု လာမှာပဲ.... (မှန်ပါ) အိမ်ပေါ်ကပဲ ဖြုန်းကနဲများဥပဒ္ဒဝေကြကံများက ဖြတ်ချလိုက်ယင်အခက်ကြီး ပဲ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း ဒီဘဝလဲ ကိုယ်က မူးမိုက်ထားတာတွေ ဖြစ်နေတော့ ဒီ ကံတွေကလဲ ကြောက်စရာပဲ....ဒါ အမြဲတမ်း စိုးရိမ်ရတယ် (မှန်ပါ)။

အတိတ်အတွက်လဲလုံမ်းပြီးတော့....(စိုးရိမ်ရပါတယ်)ပစ္စုပ္ပန် အတွက်လဲ... (စိုးရိမ်ရပါတယ်ဘုရား)။

အဲ....မစိုးရိမ်ချင်လို့ရှိယင် ဘာလုပ်ကြမယ် ....( သစ္စာသိ အောင်လုပ်ရပါမယ်)၊သစ္စာသိအောင် လုပ်ပစ်လိုက်ပါ.. မှန်ပါ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ....( ဒုက္ခသစ္စာပါ )သိလုံး ကလေးက.... (မဂ္ဂသစ္စာပါ) အတိတ်ကံ ပြတ်တာလဲဘယ်သူ့ ကြောင့်....(မဂ်ကြောင့်ပါ) ပစ္စုပ္ပန်ကံတွေ မလာတာလဲ ..(မဂ် ကြောင့်ပါဘုရား)။

ဒါဖြင့် မဂ်သည် ဒကာ ဒကာမတို့၏ အားကိုးရာ အစစ် အမှန်ဖြစ်တော့တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....oo....

တတိယအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( သစ္စာမသိတာ ကြောက်စရာအကောင်းဆုံး )

# ညအလုပ်ပေးတရားတော်

( ၂၆ - ၆ - ၆၁ )

....၀၀....

ဒကာဒကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြင်နဲ့ ပြောတာ ကြောက်စရာအကောင်းဆုံး ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့မှ မနေ့ကလဲ ပြောခဲ့တယ် မောင်နိုင်တို့ကို.... သစ္စာမသိတာ ကြောက်စရာ အကောင်းဆုံး....(မှန်ပါ့)။

ဘာကြောက်စရာအကောင်းဆုံးလဲ....(သစ္စာမသိတာကြောက်စရာအကောင်းဆုံးပါ) သစ္စာမသိတာ ကြောက်စရာ အကောင်းဆုံးလို့ သေသေချာချာ မှတ်ထားကြပါ....(မှန်ပါ့)။

ဘာဖြစ်လို့လဲဆိုတော့ သစ္စာမသိတော့ ဦးဘရှင်း မေးလိုက်ယင်ပဲ ရှင်းပါတယ်။ အခု ဒီဘဝက နောက် လူပြန်ဖြစ်ချင်တဲ့ လူတယောက်ပဲ အကဲခတ်တာပေါ့....(မှန်ပါ့)။

http://www.dhammadownload.com



လူပြန်ဖြစ်ချင်တဲ့ လူတယောက် အကဲခတ်တော့ လူပြန်ဖြစ်တယ်ဆိုတော့ မောင်နိုင်....လူ၏ အစ ဇာတိက လာမှာ....(မှန်ပါ့ဘုရား)။

လူ၏ အစ.... (ဇာတိက,ပါဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ပြောဦး....ဒါဖြင့် လူပြန်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ သစ္စာသိလို့လား....မသိလို့လား.... (မသိလို့ပါဘုရား) မသိလို့ဆိုတဲ့ သဘောမပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် လူပြန်ဖြစ်ချင်တော့ ပဋိသန္ဓေ နေချင်သေးလို့....၊ ဦးဘရှင်... လွဲသလား....(မလွဲပါ)အိုချင်သေးလို့ဆိုယင်....(မလွဲပါ)သေချင်သေးလို့ဆိုယင်....(မလွဲပါ)အပါယ်ရောက်ချင်သေးလို့ဆိုယင်.... (မလွဲပါဘုရား)။
ဒါ ဘာကြောင့်ပါလိမ့် မောင်နိုင်....အကဲခတ်စမ်း....(သစ္စာမသိသေးလို့ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူ အစိုးရိမ်ဆုံး, သူ အကြောင့်ကြဆုံးဟာ သစ္စာမသိမှာကို အစိုးရိမ်ဆုံးပဲ....(မှန်ပါ)။

သစ္စာမသိယင် သံသရာရှည်တယ်။ သဘောကျပလား.... (ကျပါပြီ)သစ္စာသိတော့ သံသရာဆုံးတယ်... (မှန်ပါ) ကိုဝ.... သစ္စာမသိတော့....(သံသရာ ရှည်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါအခု ဘုန်းကြီးပြောနေတဲ့ ဟိုဘဝ, ဒီဘဝ ဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာ ခင်ဗျားတို့ ရှေ့တွင်ပဲ ဘုရားဖူးသွားတဲ့အခါ ကြား နေကြမှာပါပဲ၊ တောင်းလိုက်တဲ့ဆုတွေကလဲ ဘုရားတန်ခိုးကြီး ရှေ့မှာဆိုယင် မောင်နိုင်....ပုံလို့ပေါ့ကွာ....(မှန်ပါ့)။

ဒါတွေ ကိုဝ . ကိုပေါ်တို့က စဉ်းစားစမ်း၊ သူတို့ ဘုံဘဝ တွေတောင်းနေတာ ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးလို့ ခင်ဗျား တို့ တွေးကြည့်ယင် အခုတော့ ဆရာကောင်းတပည့်ဖြစ်လို့ သိ ပါပြီ.... (မှန်ပါ့) ဘာမသိလို့ပါလိမ့်.... (သစ္စာမသိလို့ပါ ဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့သူဟာ ဒုက္ခကို တောင်းယူနေသလား ဟုတ်လား၊ သုခကို တောင်းယူနေသလား....လို့ ခင်ဗျားတို့ပဲ ဝေဖန်ပါတော့....(ဒုက္ခကို တောင်းယူနေပါတယ်)ကိုဝ....ကျေ နပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကိုယ်ကိုယ်တိုင် အမှားတွေကိုလဲ ဒကာဒကာမတွေ ပြင် ဖြစ်အောင် ပြင်ပါ... (မှန်ပါ့) သူတပါး မှားတာသိလို့ရှိယင် လဲ နားထောင်မည့် ပုဂ္ဂိုလ်ဆို ပြင်ပေးပါ.... (မှန်ပါ့) ဒီ သစ္စာ မသိမှုဟာ အရှုပ်အဆိုးဆုံးပဲဆိုတာ သေချာကြပလား .. (သေ ချာပါပြီဘုရား)။

သစ္စာမသိတဲ့ ပုဂ္ဂိုလ်သည် အရှုပ်အဆိုးဆုံးပဲ ဆိုတော့ သူ ဇာတိချည်း စ,တောင်းတယ်....(မှန်ပါ့)ဇာတိကို သူ ဒုက္ခသစ္စာ လို့ကော သိရဲ့လား (မသိပါဘုရား)။

နောက်က ဒကာဒကာမတွေ သူ ဇာတိကို ဒုက္ခသစ္စာလို့ မသိတော့ လူဖြစ်ရပါလိုး၏။ နတ်ဖြစ်ရပါလို၏။အကြိမ်ကြိမ်ဖြစ်

http://www.dhammadownload.com



ရပါလို့၏ ဆိုတော့ ကဲ... သစ္စာသိတဲ့ ပုဂ္ဂိုလ်နားနဲ့ ထောင်ကြည့်တော့ ကိုပေါ်တို့က ဩ်...ဒုက္ခအကြိမ်ကြိမ် ဖြစ်ရပါလို့၏ သူဆိုနေတာကိုး....(မှန်ပါ့ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့....(ဒုက္ခအကြိမ်ကြိမ် ဖြစ်ရပါလို့၏ပါဘုရား)။

ဒုက္ခအကြိမ်ကြိမ် ဖြစ်ရပါလို့၏ ဆိုတော့ ကဲ ...ဒီထဲမှာလူကြီးတွေလဲပါတော့ တောင်းကောင်း–မတောင်းကောင်း အကဲခတ်စမ်း (မတောင်းကောင်းပါဘုရား) ဒုက္ခဆိုတာ ရှောင်းကွင်းရမည့်အလုပ်....(မှန်ပါ့)။

ဒုက္ခဆိုတာ....(ရှောင်ကွင်းရမည့်အလုပ်ပါဘုရား)။

ရှောင်ကွင်းရမည့်အလုပ်ကို ဒကာဒကာမတွေက ဒုက္ခကိုပဲ မရ–အရ တောင်းယူနေကြတယ်ဆိုတော့ ကိုဝ ဒီ့ထက်လွဲရှိသေးရှဲလား....(မရှိပါဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတွေ အဆိုးဆုံးတရားဟာ ဘယ်တရားပါလိမ့် .(သစ္စာမသိမှုပါဘုရား)။

ဒါဖြင့် နောက်က ဒကာဒကာမတွေ လေးလေးစားစားနဲ့ သေသေချာချာမှတ်ပါ။ သစ္စာဖြင့် ငါမသိ–သိအောင်လုပ်မဟဲ့ ဆိုတဲ့ စိတ်ကိုဖြင့် မွေးဖြစ်အောင် မွေးပါဆိုတာ သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် သစ္စာမသိယင် ဘာဖြစ်မလဲကွာလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့်ကွာ....တဲ့ သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ အကန်းလမ်းသွားတယ်လို့သာ မှတ်လိုက်ပါတော့....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ(အကန်းလမ်းသွားပါတယ်ဘုရား)။

ကန်းလဲ ကန်းပြန် လမ်းလဲ သွားပြန်ဆိုတော့ မြေနဲ့တွေလဲ မြေကလာကိုက်မှာမဟုတ်ဘူး၊ သူကတိုးမှာ ... (မှန်ပါ့) ခလုတ်တွေတွေ့ပြန်တော့လဲ ခလုတ်ကလာတိုက်တာလား သူကတိုးတာလား....(သူကတိုးတာပါဘုရား)။

ကဲ ...ရန်သူတွေထဲ သွားပြန်ရော ရန်သူက မလာတောင် သူက မျက်လုံးမမြင်တော့ အရမ်းသွား မသွားပေဘူးလား.... (သွားပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်သူအဆိုးဆုံးတုံး....(သစ္စာမသိတာအဆိုးဆုံးပါဘုရား)။

ခင်ဗျားတို့အိမ်များ သားတွက်သမီးတွက် ပူမည့်ကြံလို့ရှိယင်ဖြင့် ...သူတို့အတွက် ခက်တယ်ဆိုလို့ရှိယင် ဒါ သစ္စာမသိလို့သာ မှတ်ပေတော့ ... (မှန်ပါ့) ကိုယ့်အတွက်ခက်တာ တွေးရမယ်....(မှန်ပါ့) သူများအတွက် ခက်မနေကြပါနဲ့ဆိုတာ ဒကာဒကာမတွေ သတိပေးလိုက်တယ်.... မှန်ပါ့)။

ဘယ်သူ့အတွက် ခက်ရမလဲ.... (ကိုယ့်အတွက် ခက်ရပါမယ်ဘုရား)။

ကိုယ့်အတွက် သစ္စာမသိယင်....(ခက်ပါတယ်ဘုရား) ခက်တယ်လို့ ဒီလိုအမှန်ယူပါလို့ ဦးဘကလေးတို့ သတိပေးလိုက်တယ်....(မှန်ပါ့)။

ဒီသားတွေ သမီးတွေကလဲ မသုံးတတ် မဖြုန်းတတ် မရှာတတ် မဖွေတတ်နဲ့ သူတို့အတွက် ခက်ပါသေးတယ်လို့သာ ကိုဝတို့က ညည်းလေ့ရှိတယ်နော်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကိုယ့်အတွက် သစ္စာမသိသေးလို့ ဉာဏ်နဲ့ သစ္စာကို ကောင်းကောင်းမွန်မွန် မရှင်းသေးလို့ ခက်သေးတယ်လို့များ ညည်းဖူးကြရဲ့လား.... (မညည်းဖူးပါဘုရား) မောင်နိုင် သိပ်လွဲနေပြီ.... (မှန်ပါ့)မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

အဲဒီတော့ကာတဲ့ သစ္စာမသိယင် မင်းတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဟိုပဋိသန္ဓေလဲ ဒုက္ခသစ္စာလဲသူယူဖြစ်မှာလဲ... (မှန်ပါ့) ဒီပဋိသန္ဓေတွေကိုလဲဒုက္ခသစ္စာမှန်းမသိလို့ယူဖြစ်မှာပဲ.... (မှန်ပါ့) မယူဖြစ်ပေဘူးလား....(ယူဖြစ်ပါတယ်ဘုရား)။

အဲဒီ ပဋိသန္ဓေယူမိလို့ရှိယင်ဖြင့် အိုဘေး,နာဘေး,သေဘေး စိုးရိမ်သောက ဗျာပါရဘေး,အပါယ်ဘေးတွေ လွတ်ပါ့မလား (မလွတ်ပါဘုရား)။

ဒါဘယ်နှယ်ကြောင့် မလွတ်ပါလိမ့်.... (သစ္စာ မသိလို့ပါဘုရား) သစ္စာမသိလို့ဆိုတာ သဘောပါကြပလား .. (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တောင်ကြီးတခုပေါ်တက်သွားတယ်၊ ရဟန်းတပါး ခေါ်သွားတယ်၊ ရဟန်းတပါးခေါ်ပြီး တောင်ကြီးပေါ် တက်သွားပြီးတဲ့အခါကျတော့ တောင်ထိပ်ရောက်ကြတယ်၊ တောင်ထိပ်ရောက်ပြီး အောက်လှည့်ကြည့်လိုက်တော့ တောင်က တခြမ်းကပြိုနေတယ်၊အရှင်ဘုရား.... ဒီချောက်ကြီး သိပ်ကြောက်စရာကောင်းပါကလားလို့ ရဟန်းကဘုရားကိုလျှောက်တယ် . (မှန်ပါ့)။

http://www.dhammadownload.com



ဟာ....ရဟန်း ရဟန်း....မင်းအမြင် မလွဲပါနဲ့ကွာ၊ ဒီတောင်ပေါ်က မင်း ခြေချော်လက်ချော် ကျသွားလို့ရှိယင် တခါသေပါကွာ... မကြောက်ပါနဲ့၊ သစ္စာမသိလို့ သေရမည့်အသေမျိုးသာ ကြောက်စမ်းပါ...(မှန်ပါ့)အကြိမ်အရေအတွက်မရှိဘူးတဲ့၊ သဘောပါကြပလား ... (ပါပါပြီဘုရား)။

ဘာမသိလို့ သေတဲ့အသေမျိုးလဲ....( သစ္စာမသိလို့ သေတဲ့အသေပါ)။

သစ္စာမသိလို့ သေတဲ့အသေမျိုးသာ မင်းကြောက်စမ်းပါဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် သစ္စာသံယုတ်မှာဟောတယ်လို့ ကိုပေါ်....ကိုဝတ္ထုမှတ်လိုက်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ကြောက်စရာ ကောင်းလိုက်တာ ဆိုတဲ့ဥစ္စာချောက်ကြီးမြင်လို့ကျယင် အရိုးတခြား အသားတခြားသွားမှာမြင်လို့ သူကြောက်တာပဲတဲ့၊ ကြောက်ပင်ကြောက်ငြားသော်လည်း ဒါ မကြောက်ပါနဲ့ တခါသေပါကွတဲ့၊ မှောင်နိုင် မဟောဘူးလား....(ဟောပါတယ်ဘုရား)။

သစ္စာမသိမည့် အသေကဖြင့်....( ကြောက်စရာ ကောင်းပါတယ်) မရေတွက်နိုင်ဘူး.... (မှန်ပါ့)။

အဲဒါကြောင့် ဒီဘဝကို အားလုံး ဒကာ ဒကာမတွေ အကြောင်းညီညွတ်ဦးတော့ ကြုံကြဆုံကြပြီးသကာလ ဘုန်းကြီးကလဲ စေတနာကောင်း၊ ခင်ဗျားတို့ကလဲ ကိုယ့်ဇာတ်ကိုယ်သိမ်းအောင် သစ္စာသိအောင်လုပ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ခင်ဗျားတို့ကလဲ ကိုယ့်ဇာတ်ကိုယ် သိမ်းအောင်....(လုပ်ရမှာ ပါဘုရား)။

သစ္စာသိအောင် လုပ်ရမယ်၊ ကိုယ့်ဇာတ်ဆိုတာက ဘာတုံး ဆိုတော့ ယခု ရ,ထားတဲ့ဒုက္ခသစ္စာ.... (မှန်ပါ့) နောက်လာမှာ တွေ့ကကော....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီဇာတ်ကိုဖြင့် ဒကာဒကာမတွေ အသိတလုံးပိုင်ယင် သိမ်းတာပါပဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာပိုင်ယင်တုံး....(အသိတလုံးပိုင်ယင်သိမ်းပါတယ်ဘုရား)။ အသိတလုံးပိုင်ယင် သိမ်းတာပါပဲဆိုတာ ဒကာဒကာမတို့ ကျေကျေနပ်နပ် သဘောကျပလား....(ကျပါပြီ)။

အိမ်မျှား မောင်နိုင်ရေ သားကလေးအတွက် မလိမ်မာလို့ စိုးရိမ်ရတယ်၊ သမီးအတွက်မလိမ်မာလို့စိုးရိမ်တယ်ဆိုယင်ငါမှားပြီဟေ့၊ ကိုယ့်ဟာကိုယ်ဆုံးမကြပါ....(မှန်ပါ့)။

ငါမှားပြီ၊ ငါမှားပြီဆိုတဲ့ဥစ္စာ လူကြီးဆိုတော့ကို ကိုဝ....သူ ပြောချင်တာ ပြောတာနော် (မှန်ပါ့)။

ဘယ်သူက မလိမ်မာသေးဘူး၊ ဘယ်သူက ငယ်သေးတယ်လို့ ဆိုပြီးသကာလ ခင်ဗျားတို့စိုးရိမ်နေကြလို့ရှိယင်ဖြင့် အဲဒါအလွဲ စိုးရိမ်တာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကိုယ့်ကိုယ်စိုးရိမ်းပါ၊ ငါသစ္စာမသိသေးလို့ နိဗ္ဗာန်မျက် မှောက်မပြုနိုင်သေးဘူး၊ငါ့မှာဒုက္ခတွေပင်လယ်ဝေအောင် ကျန် သေးတယ်၊ ငါ့အတွက်စိုးရိမ်တယ်ဆိုပြီး ချက်ချင်းပြောင်းပါ.... (မှန်ပါ့)။

---

တကိုယအကြိမ်

http://www.dhammadownload.com



ဘယ်ဘက်လှည့်သတုံး.... (ကိုယ့်ဘက်လှည့်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ဘုန်းကြီးတို့ ပြောနေတာပဲ။ စိုးရိမ်တဲ့ပုဂ္ဂိုလ်က သေခါနီး၊ အစိုးရိမ်ခံရတဲ့ပုဂ္ဂိုလ်က သေခါဝေးလို့ပြောတယ်.... (မှန်ပါ့) မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

ကိုဝ....ကြီးတဲ့ပုဂ္ဂိုလ်ကသေခါနီးနေ၁်...(မှန်ပါ့)ခင်ဗျားတို့ စိုးရိမ်တဲ့ ကလေးတွေက....(သေခါဝေးပါဘုရား)။

ဒါဖြင့် သေခါနီးက သေခါဝေးစိုးရိမ်တာသည် ဘယ်သူ့ပို မိုက်သတုံး....(သေခါနီးက ပိုမိုက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအတိုင်းပြောတော့ မခံချင်ဘူး။မင်းက သေခါနီးမှ မိုက်တာလားလို့ ဆိုလို့ရှိယင် မခံချင်ပေဘူး.... (မှန်ပါ့)။

သေသေချာချာစဉ်းစားကြည့်လိုက်တဲ့အခါကျတော့ကိုယ်က သစ္စာမသိသေး၊ ဟိုပုဂ္ဂိုလ်တွေက အသာထားပါဦး၊ စားရေး, သောက်ရေး, နေရေး, ထိုင်ရေး, ပညာရေး မပြည့်စုံသေးလို့ ပူမယ် ဆွေးမယ်ကြံလို့ရှိယင် ဘုန်းကြီးပြောတဲ့ဆီကို လှည့်လိုက်ပါ....(မှန်ပါ့)။

မင်း သစ္စာသိအောင်လုပ်နေ၊ မင်းသစ္စာသိမှ မင်းအရေးပြီးမှာ၊ ဟိုဟာတွေအတွက်ကို မင်းစိုးရိမ်မနေနဲ့၊ မင်းအတွက်မင်း စိုးရိမ်ပြီးသကာလ မင်းသစ္စာသိအောင် လုပ်ပါလို့ ကိုယ့်ကိုယ် ကိုယ်ပြင်လိုက်စမ်းပါ...(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါ သားနဲ့–သမီးနဲ့ ရန်တိုက်တာ မဟုတ်ပါဘူး။ အမှန်ပြော နေတာ....(မှန်ပါ့)။

သားနဲ့–သမီးနဲ့ ရန်တိုက်တာလား ကို၀ အမှန်ပြောတာလား (အမှန်ပြောတာပါဘုရား)။

ဘာ့ကြောင့် ပြောရပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ဦးဘရှင်းရေ....သေခါနီးက သေခါ၀ေးအတွက် စိုးရိမ်တယ်.... (မှန်ပါ့)။

ဘာစိုးရိမ်ရတာပါလိမ့်....(သေခါနီးက သေခါ၀ေးအတွက် စိုးရိမ်ပါတယ်ဘုရား)။

အင်း....သေခါနီးက သေခါ၀ေးအတွက်စိုးရိမ်တယ်ဆိုတော့ စည်းကမ်းကျ–မကျ....(မကျပါဘုံရား)။

သေခါနီးက ကိုယ့်အသေ လွတ်ဖို့ရာကိုသာ ဂရုစိုက်ရမယ် (မှန်ပါ့)ဟိုသေခါ၀ေးက ဝေးသေးတာပဲ၊ သူ့ဂရုစိုက်စရာလိုရဲ့ လား....(မလိုပါဘုရား)။

မလိုဘူးဆိုတော့ အဲ... သစ္စာဉာဏ်နဲ့ ပြောလိုက်တော့ ခင်ဗျား တို့ ပြောနေတာတွေဟာ ကိုပေါ် အပိုချည်းပဲ....(မှန်ပါ့ဘုရား)။

မောင်နိုင်ငံ ပိုလား–မပိုဘူးလား (ပိုပါတယ်ဘုရား)နောက်က ဒကာဒကာမတွေ သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ပူမယ်, ဆွေးမယ်, စိုးရိမ်မယ်, ကြောင့်ကြမယ်,ကြံတိုင်း, ကြံ တိုင်း ဟ....မင်းက ဘယ်သူ့အတွက် ပူတာတုံး မေးတာပေါ့.... မောင်နိုင်ငံရ....(မှန်ပါ့) ကိုယ့်ကိုယ် ကိုယ်မေးပါနော်....။

---

တတိယအကြိမ်

http://www.dhammadownload.com



ကိုယ့်ကိုယ် ကိုယ်မေးတော့ အဖြေ ဘယ်လိုထွက်လာသတုံး၊ သေခါနီးက သေခါဝေးအတွက်ကို ဒါလောက်နကြောင့်ကြ နေဖို့ မလိုဘူး....(မှန်ပါ့)သေခါနီးသည်ကားလို့ ဆိုယင် နောင် မသေရတဲ့ နည်းကိုသာလျှင် ငါ သစ္စာသိဖို့ အရေးကိုသာလျှင် အလိုကြီး လိုတော့တယ်ဆိုတာသေ့သေချာချာမှတ်ပါ....(မှန်ပါ့ ဘုရား)။

သူ့မသိသေးယင် ခင်ဗျားတို့ ကုသိုလ် ပြုရာမှာလဲ အလွဲပဲ သူ့မသိသေးယင်....(မှန်ပါ့)။

ကုသိုလ်ပြုတာလဲ.... (အလွဲပါဘုရား) အကုသိုလ်ဆိုတာတွေ လွဲတယ်လို့ ဆိုစရာ မလိုဘူး ပင်ကို လွဲနေလို့နော်.... (မှန်ပါ့ ဘုရား)။

ကုသိုလ်ပြုတာတောင်မှ ဘယ့်နှယ်တဲ့.... (အလွဲပါဘုရား)။

ဘယ့်နှယ် ကိုဝ....ရာ ဘုံဘဝ လိုချင်တော့ ဒုက္ခသစ္စာဆု တောင်းမယူဘူးလား....(ယူပါတယ်ဘုရား)။

ကုသိုလ်လဲ ပြုတာပဲ၊ ကုသိုလ်မပြုပဲနဲ့ သူ တောင်းတာ လား–ကုသိုလ်ပြုပြီးမှ တောင်းတာလား(ကုသိုလ်ပြုပြီးမှတောင်း တာပါဘုရား)။

ဒါဖြင့် ဒီ ကုသိုလ်ကို ဒကာ ဒကာမတွေက ဒုက္ခရောက် မည့် ကုသိုလ်ကို အကောင်းကုသိုလ်ဆိုကြမလား....အဆိုးကုသိုလ် ဆိုကြမလား....(အဆိုးကုသိုလ်ပါဘုရား)။

အဲဒါ ပြင်မိအောင် ပြင်စမ်းပါဆိုတာကို အတင်း ပြောတာ ပဲ....(မှန်ပါ့) မပြင်မိမှာကို ကိုဝ...စိုးရိမ်ထိုက်....မစိုးရိမ်ထိုက်.... (စိုးရိမ်ထိုက်ပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အင်မတန် စိုးရိမ်ထိုက်တယ်....၊ ငွေကုန်ပြီး နောက်ဘဝ လူ့ပန်းမှာ....(မှန်ပါ့)။

ငွေကုန်ပြီးတော့....(လူ့ပန်းမှာပါဘုရား) လူ့ပန်းမှာ ဆိုလို့ ရှိယင်ဖြင့်တဲ့....နောက်ဘဝ အသေကကော လွတ်ပါ့မလား ... (မလွတ်ပါဘုရား)။

ဒါဖြင့် သူ့ ငွေထိုးပြီးတော့ စက်ရှင်အမှု အထ မြောက်အောင် လုပ်စမ်းပါဆိုတဲ့ ပုဂ္ဂိုလ်နဲ့ တူ... မတူ (တူပါတယ်ဘုရား)။

သူက စက်ရှင်မှု ဖြစ်နေတယ်၊ ငွေလဲ သူ ထိုးတယ်၊ ကျုပ်ကိုလဲ သတ်ဖြစ်အောင် သတ်ပါဆိုတာနဲ့ ဘယ့်နှယ်နေသတုံး.... (တူတူပါပဲဘုရား)။

ဒါဖြင့် အလှူပေးတာက ငွေထိုးတာ....(မှန်ပါ့)ဟိုဘဝ သေရတာက စက်ရှင်မှုကို ကိုယ်ကိုယ်တိုင် ကျချင်လို့ တောင်းပန်တာနဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။

အဲဒါကြောင့် ဒီအရေးဟာ စကားကြီးကြီးပြောတာလား.... အလုပ်က ဒီအတိုင်း ဖြစ်နေတာလား....အကဲခတ်.... (အလုပ်က ဒီအတိုင်း ဖြစ်နေပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီအရေးဟာ သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေး.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘာမသိလို့တုံး.... (သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးပါဘုရား)။

---

ကတိယအကြိမ်

http://www.dhammadownload.com



သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးဆိုတဲ့ ဥစ္စာ ဦးဘဲရှင်း.... ကျေနပ်ပလား....(ကျေနပ်ပါပြီ) ဒကာကြီးလှိုင်....ပေါ်ပလား ဗျာ....(ပေါ်ပါပြီဘုရား)။

ဒီအရေးဟာ ဘာအရေးပါလိမ့်....(သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးပါဘုရား)။

သစ္စာမသိတော့ စက်ရှင်မှု လွှတ်ဖို့ရာတောင်မှ စက်ရှင်မှု ငွေထိုးပြီးသကာလ ကိုယ့်ကိုယ် သတ်ပေးပါလို့ ခိုင်းတာနဲ့.... ကိုဝ... တူ–မတူ....(တူပါတယ်ဘုရား)။

နောက်ဘဝ နတ်ဖြစ်ရပါလို၏၊ ဒီသား၊ ဒီသမီးနဲ့မခွဲရပါလို၏ ...ဆိုလို့ရှိယင် နောက်ဘဝလဲ သေခြင်းဆိုး သေရပါလို၏.... ပါ–မပါ (ပါပါတယ်ဘုရား)ပါတယ်ဆိုတာကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒါ ဘာမသိလို့ သူ ဒီ အဓိပ္ပာယ်ချည်း သဘော ကျနေပါလိမ့်မတုံးလို့ အကဲခတ်ကြည့်စမ်း.... (သစ္စာမသိလို့ပါ ဘုရား)။

ကဲ ...ဒါဖြင့် ကိုပေါ်တို့၊ ကိုဝတို့....အရေးအကြီးဆုံးစကား ပေါ်ပြီ ..(ပေါ်ပါပြီဘုရား)မပေါ်သေးဘူးလား....(ပေါ်ပါပြီ ဘုရား)။

ဒကာကြီးလှိုင်....ပေါ်ပလား–(ပေါ်ပါပြီဘုရား)တရားနာ နေကြတယ်ဆိုငြားသော်လဲ ဘယ်ဟာ အရေးကြီးပါလိမ့်မတုံးဆို တာလဲ ကိုယ့်ဟာကိုယ်လဲ သိကြပါ....(မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



သစ္စာသိဖို့ကိုပဲ ဆရာဘုန်းကြီးက အရေးတကြီး ဟောနေတာယ်....(မှန်ပါ) သစ္စာသိတာနဲ့ တပြိုင်နက်တည်းလဲ နိဗ္ဗာန်ရောက်တာပဲ ...(မှန်ပါ)။

သစ္စာမသိသေးတဲ့ အလုပ်ဟူသရွေ့ကိုလဲ ခင်ဗျားတို့ကပဲ ဆုံးဖြတ်ချက်ချပါတော့ နိဗ္ဗာန်ရောက်ပါ့မလား.... (မရောက်ပါ) မရောက်နိုင်ဘူးဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာကြီးလှိုင်ရေ....ဒီနေ့ အရေးကြီးကြီးပြောတာကောသိပလား....(သိပါပြီ)ဘာသိရမလဲ....(သစ္စာသိရမယ်ပြောတာပါ)သစ္စာသိရမယ် ဆိုတဲ့ဥစ္စာ။

ကိုင်း....ဒါဖြင့် သစ္စာသိရမယ်ဆိုတော့ သစ္စာရှိတာကိုအယင်ပြောရလိမ့်မယ်....(မှန်ပါ)။

ဒကာဒကာမတို့ သစ္စာသိအောင်ဆိုတော့ သစ္စာရှိတာကိုအယင်ပြောမှ အသိက နောက်က လိုက်ရမယ်....(မှန်ပါ)။

ဒါဖြင့် အရှိပြောမှသာလျှင် အသိနောက်ကလိုက်မှာဖြစ်လေသောကြောင့် ဒကာဒကာမတို့ ယခု ခန္ဓာကြီးဟာဖြင့် ဒုက္ခသစ္စာလို့ပဲ မှတ်လိုက်ပါ....(မှန်ပါ) ယခု ခန္ဓာကြီးဟာဖြင့်....(ဒုက္ခသစ္စာပါဘုရား)။

ယခု ခန္ဓာကြီးဟာဖြင့် ဒုက္ခသစ္စာပဲ၊ ဒါဖြင့် လုံးပြောလိုက်တော့ မောင်နိုင်.... ရှင်းမသွားဘူးလား.... (ရှင်းသွားပါတယ်ဘုရား)။

အဲဒီတော့ ယခု ခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုတော့ ခန္ဓာထဲက ဘာပဲ ပေါ်လာ....ပေါ်လာ မောင်နိုင်က ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဒုက္ခသစ္စာပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဝေဒနာ ပေါ်လာလဲ....(ဒုက္ခသစ္စာပါ) စိတ်ပေါ်လာလဲ....(ဒုက္ခသစ္စာပါ)ပူတဲ့၊အေးတဲ့ ရုပ်တွေပေါ်လာလဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဘာဖြစ်လို့တုံး မေးတော့ ပင်ကိုက ဒုက္ခသစ္စာမို့ ပေါ်ပေါက်လာလဲ ဒုက္ခသစ္စာပဲ ပေါ်ပေါက်ရတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပင်ကိုက... (ဒုက္ခသစ္စာမို့) သူ့ထဲ ထူးထူးခြားခြား ပေါ်လာယင်....(ဒုက္ခသစ္စာပါပဲဘုရား)။

အဲဒါကို ခင်ဗျားတို့က ပဌမ အပေါင်းသိထားတော့ .... အပေါင်း သိထားလိုက်တာက ဒကာဒကာမတို့ သစ္စာဉာဏ် ခေါ်ပါတယ်....(မှန်ပါ့)။

နောက် အစိတ်ကလေးတွေပေါ်လာတော့ ဥပမာ—ဝေဒနာဝိပဿနာရှုမည့် ပုဂ္ဂိုလ်ဆိုယင် ဝေဒနာတွေပေါ်လို့....၊ စိတ်ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဆိုယင် စိတ်တွေပေါ်တဲ့အခါ ဉာဏ်ထဲမှာ မဖမ်းမိပေဘူးလား....(ဖမ်းမိပါတယ်ဘုရား)။

ဖမ်းမိတာက ဩော်....ဒီဥစ္စာသည် သစ္စာကို ရိုးရိုးအပေါင်းသိမဟုတ်ပဲနဲ့ ခန္ဓာကိုယ်ထဲမှာ အစိတ်ပါ သိရတဲ့အတွက်တဲ့.... ဒီဥစ္စာက ဩော်....သူတို့ နှိပ်စက်နေတာကိုးလို့ သိရတယ်....(မှန်ပါ့ဘုရား)။

ဒါကိစ္စဉာဏ်ကျအောင်တက်သွားတယ်....(မှန်ပါ့)အပေါင်းသိတာက သစ္စာဉာဏ်၊ဒီထဲပေါ်တဲ့ အစိတ်ကလေးတွေ သိတာက (ကိစ္စဉာဏ်ပါဘုရား)။

http://www.dhammadownload.com



ဒါ သေသေချာချာချာမှတ်ပါ၊ ဒါ သေသေချာ မှတ်ပါ ဦးဘရှင်း၊ အပေါင်းကြီးဟာ ဘာတဲ့....(သစ္စာဉာဏ်ပါဘုရား) ဒုက္ခသစ္စာလို့ မသိဘူးလား....(သိပါတယ်ဘုရား)။

အပေါင်းကြီးက.... (ဒုက္ခသစ္စာလို့ သိပါတယ်ဘုရား) ခန္ဓာငါးပါး အပေါင်းကြီး သိတာက.... ( သစ္စဉာဏ်ပါဘုရား ) သစ္စဉာဏ်....။

နောက်က ဒကာဒကာမတွေ ပေါ့ပေါ့ဆဆ အေးစက်စက် မနာပါနဲ့နော်....၊မှတ်မှတ်သားသားနဲ့ ဒါချက်ချင်း ကိစ္စပြီးမည့် တရား ဖြစ်နေလို့ လေးလေးစားစား ပြောနေတယ်.... (မှန်ပါ့ ဘုရား)။

ခန္ဓာငါးပါးကြီးဟာ အပေါင်းသိတာကဘာတဲ့တုံး....) သစ္စဉာဏ်ပါ ဘုရား)။

ဒီထဲကနေ ဝေဒနာကလေးတွေ ထိုးကျပြီး သင်္ကာလ ထွက်လာတယ်၊ သုခ, ဒုက္ခ, သောမနဿတွေ ကိုဝ.... မလာဘူးလား (လာပါတယ်ဘုရား)စိတ်ကလေးတွေကလဲ ဘုန်းကြီးပြောထားတဲ့ ဆယ့်နှစ်မျိုးတို့, ဆယ့်လေးမျိုးတို့ မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါကလေးတွေ လာတိုင်း.... လာတိုင်း ဉာဏ်နဲ့ တည့်မိတာက သစ္စာသိတဲ့ ကိစ္စကြီး....(မှန်ပါ့) အယင်က အပေါင်းသိတဲ့ သစ္စဉာဏ်....(မှန်ပါ့) သသော ကျပလား.... ( ကျပါပြီ ဘုရား။

တတိယအကြိမ်

http://www.dhammadownload.com



ဒီလိုပေါ်တိုင်း, ပေါ်တိုင်း ဖြစ်ပျက်မှုကို သိတာက ဘာတဲ့....(ကိစ္စဉာဏ်ပါဘုရား) ဒါဖြင့်သစ္စဉာဏ်,ကိစ္စဉာဏ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

တခါ သစ္စဉာဏ်နဲ့ကိစ္စဉာဏ်ပြီးယင်တခါတည်းမှတ်ကြ ဒကာဒကာမတို့ ကတဉာဏ်ဆိုလို့ရှိယင် သောတာပန် တည်တာပဲ (မှန်ပါ့)။

ဒီနေ့ ဉာဏ်သုံးမျိုးနဲ့ တမျိုးဟောတယ်လို့ မှတ်ရမယ်နော် (မှန်ပါ့) အပေါင်းသိတာက ခန္ဓာ ငါးပါးကြီးဟာ ဒကာဒကာမတွေ အပေါင်းသိထားတာက ဘာတဲ့.... (သစ္စဉာဏ်ပါဘုရား)။

သစ္စာတော့မသိဘူးလား....(သိပါတယ်ဘုရား)ခန္ဓာငါးပါးအပေါင်းဟာ ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါ)အဲ....အပေါင်းသိတာက သစ္စဉာဏ်....(မှန်ပါ့)။

တခါ သတိပဋ္ဌာန်လေးပါးထဲက တပါးပါးကို ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်ကလေးရှုပြီးသကာလ နေတာကတဲ့ ဒကာဒကာမတို့ ကိစ္စဉာဏ်....(မှန်ပါ့)။

ဒီဖြစ်ပျက်ကို တကာတကာမတွေက ဆုံးအောင်လိုက်လို့ဆုံးသွားလို့ရှိယင် ကတဉာဏ်....(မှန်ပါ့)သဘောပါကြလား....(ပါ–ပါပြီဘုရား)။

ခန္ဓာငါးပါး အပေါင်းကြီး သိနေတာ.... (သစ္စဉာဏ်ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီထဲက သတိပဋ္ဌာန်လေးပါထဲက–ဘယ်ပါးပါးစိတ်ဖြင့်စိတ်ဖြစ်ပျက်ကလေးတွေဟာ ဩော်....ဒါကလေးတွေ ဒုက္ခသစ္စာ ပိဋ္ဌနဋ္ဌော သင်္ခတဋ္ဌော ဆိုတဲ့အတိုင်း သူတို့ နှိပ်စက်နေတာပဲ၊ ဒီဖြစ်ပျက်ကလေးဟာ နှိပ်စက်နေတာပဲလို့ သိပြန်တော့ ဘာဉာဏ်တဲ့တုံး (ကိစ္စဉာဏ်ပါဘုရား)။

ဒါဖြင့် ဒီဖြစ်ပျက်ကလေးတွေကို တကာတကာမတွေက သိပြီး သကာလနေတော့ဖြစ်ပျက်တွေဟာ အင်း.. နှိပ်စက်တဲ့တရားတွေမို့ နှိပ်စက်နေတာပဲလို့ အမှန်အကန်သိသိ သိသိသွားတဲ့အခါကျတော့ ဒီဟာတွေ ဒိုခန္ဓာကြီးဖြင့် မလိုချင်တော့ပါဘူး ဆိုတဲ့အခါကျတော့ဖြက်ကနဲ ချုပ်သွားတယ်....(မှန်ပါ့)ချုပ်ပြီးမှ ပေါ်လာတဲ့ဉာဏ်ကို မောင်နိုင် ဘာဉာဏ် ခေါ်မလဲ....(ကတဉာဏ်ပါဘုရား)။

ကတဉာဏ်ခေါ်တယ်၊ ဟာ....ငါသောတာပန် တည်ပြီလို့ သိတဲ့ဉာဏ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါသောတာပန်တည်ပြီလို့ သိတဲ့ဉာဏ် ဘာဉာဏ် ခေါ်ကြမလဲ....( ကတဉာဏ်ခေါ်ပါတယ်ဘုရား ) သုံးခေါက်ပြောမယ် တကာတကာမတို့ ဒီဉာဏ်တွေ မဟောသေးလို့နော်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အလုပ်ကို အတိုနဲ့တက်တာလို့မှတ်ပါ.... (မှန်ပါ့) ကိုဝ ဘာနဲ့တက်သလဲ....(အတိုနဲ့တက်တာပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဓမ္မာနုပဿနာနဲ့ တက်တာ၊ ဦးဘကလေး ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒါဖြင့် ဒကာဒကာမတို့ ဉာဏ်သုံးဆင့်တော့ဖြင့် ဆရာဘုန်းကြီးက ဟောထားပြီ၊ ကဲ... ဘုရား... တပည့်တော်တို့ အပေါင်းသိတဲ့ဉာဏ်က သစ္စဉာဏ်၊ ဒီထဲက ဖြစ်ပျက်သိတဲ့ဉာဏ်က ကိစ္စဉာဏ်၊ ဖြစ်ပျက်အဆုံးကို သိတဲ့ဉာဏ်က ကတဉာဏ်ဆိုတာ တော့ဖြင့် ယုံမှားသံသယမရှိပဲနဲ့ပဲ ရှင်းလိုက်ပါပြီ....(မှန်ပါ့)။

ဒါဖြင့် လိုရင်းကိုပြောပါတော့မယ်၊ဉာဏ်သုံးဆင့်ကို ဒကာ ဒကာမတွေ ကိစ္စဉာဏ်ဟာ အလုပ်လုပ်ရမည့်ဉာဏ်.... (မှန်ပါ့) သစ္စဉာဏ်က သိရမည့်ဉာဏ်... (မှန်ပါ့ဘုရား)။

ကိစ္စဉာဏ်က... (အလုပ်လုပ်ရမည့်ဉာဏ်ပါဘုရား)။

ကတဉာဏ်က ဝမ်းမြောက်ရမည့်ဉာဏ်... (မှန်ပါ့)။

ဒါသေသေချာချာမှတ်ပါ၊ သစ္စဉာဏ်က.... (သိရမည့်ဉာဏ် ပါ)ကိစ္စဉာဏ်က....(အလုပ် လုပ်ရမည့်ဉာဏ်ပါ)ကတဉာဏ်က.... (ဝမ်းမြောက်ရမည့်ဉာဏ်ပါဘုရား)။

ဝမ်းမြောက်ရမည့်ဉာဏ်ဆိုတာကိစ္စပြီးပြီလို့သိတာ....(မှန်ပါ့ ဘုရား)။

ကိစ္စပြီးပြီလို့ သိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ကိစ္စပြီးပြီး—ပြီးသွားပြီ ဟေ့... ဆိုတဲ့ ဝမ်းမြောက်မှုမလာဘူးလား.... (လာပါတယ်)။

အဲဒီတော့ ဝမ်းမြောက်ရမည့် ဉာဏ်က ဘာဉာဏ်တဲ့ .... (ကတဉာဏ်ပါဘုရား) ကတဉာဏ်ဆိုတာ သေချာပလား .... (သေချာပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကောင်းပြီ.... ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာ ဒါ ဘယ်မှာလာပါလိမ့်မတုံးလို့ ကိုဝတို့က မေးလို့ရှိယင်ဖြင့် ဓမ္မစကြာမှာ လာတယ်လို့မှတ်ပါ....(မှန်ပါ့ဘုရား)။

ဘုရားတိုင်း မစွန့်တဲ့ ဓမ္မစကြာမှာ လာတယ်လို့ မှတ်ပါ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားတိုင်းမစွန့်တဲ့ ... (ဓမ္မစကြာမှာလာပါတယ်)ဓမ္မစကြာ မှာ လာတယ်ဆိုတော့ သူ့ ဟောလိုက်တော့ ကောဏ္ဍညနဲ့တကွ ဗြဟ္မာပေါင်း ရှစ်သောင်းလေးထောင်တွေအကုန်ကျွတ်ကြတယ် (မှန်ပါ့)။

အကုန်လုံး တခါတည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရကုန်ကြတယ် ဆိုတော့ ဩော်....ဒါ အရေးအကြီးဆုံးပဲဆိုတာ ကိုဝ... မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တခေါက် ပြန်ပြောတယ်။ သစ္စဉာဏ်က ဒကာဒကာမတို့ သိရမည့်ဉာဏ်—မပါဘူးလား.... (ပါပါတယ် ဘုရား)။

အေး ...ဒါကြောင့် နောက်က ဒကာဒကာမတွေ ခန္ဓာကိုယ် က အစိုးမရပဲနဲ့ အလုပ်လုပ်ပြီး ဟောတဲ့ ပုဂ္ဂိုလ်ကလဲ သူ့ခန္ဓာ က အနတ္တ၊ နာတဲ့ပုဂ္ဂိုလ်တွေကလဲ အနတ္တ၊ အနတ္တ—အနတ္တချင်း ကိုဝ ရိုင်းပင်းကူညီနေတာ.... (မှန်ပါ့) ဖျောက်မပစ်ပါနဲ့ဆိုတာ ကိုလဲ သေသေချာချာ သတိပေးလိုက်ပါတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကဲ… ဒါဖြင့် ကိစ္စညက်ပြောပါတော့မယ်တဲ့၊ သူ့ဝတ္ထုထုတ်လိုက်ဦးမယ် ဒကာဒကာမတို့။

ကုရုတိုင်းမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သီတင်းသုံးပါတယ်တဲ့၊ အဲဒီမှာကပိလဝတ်ပြည်ဆိုတာရှိတယ်၊ ရှိပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆွမ်းခံသွားမလို့ဆိုပြီး စောလှပါသေးတယ်လေ ဆိုပြီးသကာလ ခဏနေပြီး သကာလနောက်မှပဲ ကဲ.. အချိန်ရောက်ပြီဆိုပြီး သွားလိုက်တယ်၊ ကပိလဝတ်ပြည်ထဲ တပါးတည်းပဲကြွတယ်….(မှန်ပါ့)။

ကြွပြီးသကာလဆွမ်းတွေဘာတွေယူခဲ့ပြီးသကာလ တခုသောတော ထဲဥသျှစ်ပင်အောက်မှာ ယူသွားပြီး ဆွမ်းဘုဉ်းပေးပြီးသကာလ နေ့သန့်စင် ဒီနေရာမှာပဲ ဖလသမာပတ် ဝင်စားနေတော့မယ်ဆိုပြီးသကာလ ကိုယ်တော်မြတ်ကြီး သီတင်းသုံးနေတယ်….(မှန်ပါ့)။

သီတင်းသုံးပြီးသကာလ နေတော့ ဒဏ္ဍပါဏိဆိုတဲ့ ပုဂ္ဂိုလ်က ရွှေတုတ်ကောက်ကြီးနဲ့ ဘုရားလဲ ဝတ်မချဘူး၊ သစ်ပင်အောက်လာပြီးတော့တုတ်ကောက်ကိုမေးထောက်ပြီးသကာလ သြော်…ရှင်ကြီးဂေါတမ ဒီရောက်နေသကိုးလို့ သူကနှုတ်ဆက်တယ်။

ရှင်ကြီးဂေါတမ အယူပြောစမ်းပါ၊ ဝါဒလဲပြောစမ်းပါ၊ ရှင်ကြီးဂေါတမယူတဲ့ အယူလဲ ပြောစမ်းပါ၊ သူများကိုပေးတဲ့ ဝါဒကိုလဲ သိချင်ပါတယ်၊ ဒါမေးတာပဲနော်….(မှန်ပါ့)။

မေးတဲ့အခါကျတော့ ဘုရားကရိပ်မိတယ်၊ သူက ဒေဝဒတ်နဲ့ အမျိုးလဲတော်တတ်၊ အမျိုးတော်ပြီး သူကကျွတ်တမ်းဝင်မှာလဲ

http://www.dhammadownload.com



မဟုတ်ဘူးတဲ့—ဘုရားက၊ သို့သော်လဲ ငါ့ဝါဒရှိတာတော့ အကုန်ပြောလိုက်မှပဲ၊ ပြီးတော့ ဘုရားလဲ စိတ်ဆိုးနေတဲ့ပုဂ္ဂိုလ်။

ဒေဝဒတ်ကိုလဲ သံဃာအပေါင်းကကြည်ထားလို့တကြောင်း ဒေဝဒတ်ကို တရားဟောတိုင်း ဟောတိုင်း အပါယ်သွားမည့် ပုဂ္ဂိုလ်ပဲ၊ ဘယ်သူကယ်လို့မှ မရတော့ဘူး၊ သူက သံဃာသင်းခွဲ သွေးစိမ်းတည်အောင် လုပ်ထားတာကိုး ... (မှန်ပါ့) အဲဒါတွေ ဟောလဲ သူက မကြိုက်ဘူး။

ပြီးတော့....ဒီ ရာဟုလာကလေးကို အတင်းသက်နံဝတ်ပေး တာလဲ သူကမကြိုက်ဘူး၊ မကြိုက်တာက စကြဝတေးမင်း လောင်းကို တခါတည်း စကြဝတေးရတနာတွေ ဖျက်ပစ်တဲ့ ပုဂ္ဂိုလ်ဆိုပြီး သူက လောကီသမား ဖြစ်နေတာကိုး (မှန်ပါ့)။

အဲဒီလို မကြိုက်တာနဲ့တွေ့လို့သာ စကားပြောလိုက်ရတယ်။ ရှင်ကြီးဂေါတမ ဘယ်အယူရှိသတုံး၊ ရှင်ကြီးဂေါတမ ဝါဒက ဘယ်လိုဝါဒလဲ....တဲ့။

သူ့ဝါဒကကွာ—တဲ့၊ ဘယ်သူနဲ့မှရန်မဖြစ်တဲ့ဝါဒ၊ရှင်းပလား (ရှင်းပါပြီ)။

သူ့ဝါဒကဘာတဲ့....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဝါဒစစ်—ဝါဒမှန် ကဖြင့် ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒလို့ ကိုဝ....မှတ်ထားလိုက် စမ်းပါ....(မှန်ပါ့ဘုရား)။

ကိုပေါ်....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါ) ....နောက်က တကာတကာမတွေ....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နို့....ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒဆိုပြီးသကာလ ဘေးက ဘုရားမှာရန်သူတွေပေါလှချည်ကလား၊တိတ္ထိတွေကလဲတပုံကြီး၊ ဒေဝဒတ်တို့လို အဇာတသတ်တို့လိုဟာတွေ ရန်သူတွေက ပေါလိုက်တာ၊ မာဂန်နတ်ကြီးကလဲ စစ်လာတိုက်လိုက်တာ မေဘင်နိုင်ဟာင် (မှန်ပါ့)။

သူတပါးနဲ့ ရန်မဖြစ်ဘူးဆိုပြီးသကာလ ရန်ဖြစ်ရမည့်ပုဂ္ဂိုလ်တွေနဲ့ကို ခဏခဏ ရန်ပွဲမတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

သို့သော်လဲတဲ့ ဘုရားသခင်ဝါဒကတော့ ဘယ်သူနဲ့မှရန်မဖြစ်တဲ့ဝါဒလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)ဒီဝါဒ ကိုမကြိုက်တဲ့လူက လာပြီးစစ်တိုက်တာ ... (မှန်ပါ့) ဝါဒကတော့အမှန်ပဲ—(မှန်ပါ့)။

သူက ဘယ်လိုဟောလေ့ရှိသတုံး၊သူတပါးက ဒါရှေးဘုရားတွေက ဒုက္ခသစ္စာလို့ ရှေးပညာရှိဘုရားတွေက ဒုက္ခသစ္စာပဲ ဟောလို့ရှိယင် သူဒုက္ခသစ္စာပဲ ပိုမဟောဘူး....(မှန်ပါ့)။

ဒီ ဒုက္ခသစ္စာမှာလဲဟော့....သစ္စာသိမှု သစ္စဉာဏ်၊ဖြစ်ပျက်သိမှုကိစ္စဉာဏ်၊ ဖြစ်ပျက်တွေဆုံးသွားယင် ကတဉာဏ်ပဲ ဆိုတာလဲ ရှေးဘုရားတွေလဲ ဒီလိုပဲဟောတယ်....(မှန်ပါ့)သူကော....(ဒီလိုပဲဟောပါတယ်ဘုရား)။

အဲဒီတော့ ပညာရှိနဲ့တော့ သူရန်ဖြစ်တယ်လို့ သူရှိရဲ့လား(မရှိပါဘုရား)။

မကြိုက်တဲ့ပုဂ္ဂိုလ်က ဒီဟာ နားမလည်တဲ့ ပုဂ္ဂိုလ်ကတော့ သူ့ကို ရန်ဖြစ်တယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ဘုရားသည် သူကရန်ဖြစ်တာလား....တပါးသော ပုဂ္ဂိုလ်

http://www.dhammadownload.com



က ရန်ဖြစ်တာလား....(တပါးသောပုဂ္ဂိုလ်ကလာရန်ဖြစ်တာပါ ဘုရား။

ဒါကြောင့် သူ့ဝါဒကတော့ ရန်မဖြစ်ပါဘူးတဲ့၊ ပညာရှိတွေ အကုန်လက်ခံနိုင်တဲ့ ဝါဒပါ....(မှန်ပါ့) ပညာ မဲ့တွေက သူ့ကို ဘယ်တုံးကမှ မကြားဖူးဘူးဆိုပြီးသကာလ ဘဲ့တိုက်ကြတာတော့ ငါမတတ်နိုင်ဘူးတဲ့....(မှန်ပါ့)။

ဘုရားဝါဒ ရှင်းကြပလား(ရှင်းပါပြီဘုရား) ဘာတဲ့တုံး.... (သူတပါးနဲ့ ရန်မဖြစ်တဲ့ ဝါဒပါဘုရား)။

ဘယ်ပုဂ္ဂိုလ်နဲ့မှ ရန်မဖြစ်တဲ့ဝါဒဟာ ဘုရားဝါဒ....(မှန်ပါ့) တကာကြီးလှိုင်........ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဘယ်ပုဂ္ဂိုလ်နဲ့မှရန်မဖြစ်တဲ့ဝါဒဟာ....(ဘုရားဝါဒပါဘုရား) ဘုရားဝါဒလို့ မှတ်ကြစမ်းပါနော်....(မှန်ပါ့)။

အဲဒီတော့ကို ခင်ဗျားတို့ အထဲမှာလဲ သြော်....ရှေးရှေး အင်မတန် ကျသွားတဲ့ ပုဂ္ဂိုလ်နဲ့ဆို ကိုဝ... အတော် ခက်တယ် နော်....(မှန်ပါ့)။

မင်းတို့ဟာကွာ... ဝိပဿနာအလုပ်၊ ဝိပဿနာအလုပ်နဲ့ တဲ့ အနိစ္စ,ဒုက္ခ, အနတ္တ ပုတီးစိပ်နေတာလဲဒီအတိုင်း ပါပဲကွလို့.... ဆိုလိုရှိယင် သူ့ဟာ မြင်စိတ်မဟုတ်ဘူး၊ ရလို့စိပ်နေတဲ့စိတ်နဲ့ ကျုပ်တို့က ပုတီးမပါပဲနဲ့ ဉာဏ်နဲ့ စိပ်နေတဲ့ စိတ်နဲ့ ကိုဝ.... ဘယ်ဟာက မှန်ပါ့မလဲ....( ဉာဏ်နဲ့ စိပ်နေတာက မှန်ပါတယ် ဘုရား)။

---

## တတိယအကြိမ်

http://www.dhammadownload.com



မင်းတို့ လက်ထက်မှာကွာ....ကိုင်ရတာနဲ့ ပြုရတာနဲ့ ရှုရတာနဲ့ ပွားရတာနဲ့ တို့ဒီလိုလာခဲ့တာပါပဲ။ တို့ ဆရာကြီးတွေလဲ ဒီလိုပဲ ဆိုလို့ရှိယင် အဲဒီလူနဲ့ ခင်ဗျားတို့ ရန်ဖြစ်လိမ့်မယ်.... (မှန်ပါ့) မဖြစ်ရပေဘူးလား.... (ဖြစ်ရပါတယ်ဘုရား)။

သို့သော်....ခင်ဗျားတို့က ဖြစ်တာလား....သူတို့က မကြိုက်လို့ ဖြစ်တာလား....(သူတို့က ကြိုက်လို့ ဖြစ်တာပါဘုရား)။

အဲဒီလိုပဲတဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဝါဒဟာလဲ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒ၊ ပညာရှိလက်ခံတဲ့ဝါဒ၊ ဘုရားအစဉ်အဆက်သုံးတဲ့ဝါဒဟာငါ့ဝါဒပဲ၊ သို့သော်.. ငါမကြားဖူးတဲ့ ပုဂ္ဂိုလ် မသိဖူးတဲ့ပုဂ္ဂိုလ်တွေကဖြင့် ဒါရန်ဖြစ်မှာပဲကွာ....၊ ငါ့ဝါဒကတော့ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒ၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘုရားဝါဒဟာ ဘာပါလိမ့်.... (ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒပါဘုရား)ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒလို့ မှတ်လိုက်စမ်းပါနော်....(မှန်ပါ့)။

ဒါတွင်မကသေးဘူးကွ၊ ငါသည်တဲ့ သံသယ ဝိစိကိစ္ဆာကင်းပြီးသကာလ အလုံးစုံအပေါ်မှာတဲ့ တဏှာဖြတ်တဲ့ ပုဂ္ဂိုလ်တဦးတယောက်လို့လဲ မင်းမှတ်ပါတဲ့ ဒဏ္ဍာပါဏိကို ဘုရားကပြောနေတယ်....(မှန်ပါ့)။

အလုံးစုံ သံသယ ကင်းပြီးသကာလ တဏှာဖြတ်တဲ့ အလုပ်ဟာ ငါ့အလုပ်လို့ မှတ်ပါတဲ့....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘယ်သူနဲ့မှ ရန်မဖြစ်တာက သူ့ဝါဒ.... (မှန်ပါ့)သူ့အလုပ်က သံသယဝိစိကိစ္ဆာကင်းပြီး တဏှာဖြတ်တဲ့ အလုပ်ဟာဖြင့် ဒါ သူ့လုပ်ငန်းစဉ်....(မှန်ပါ့)။

ဝါဒက ဘာတဲ့တုံး....(ဘယ်သူနဲ့မှရန်မဖြစ်တဲ့ဝါဒပါ)ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒဖြင့်....ဒါသူ့ဝါဒ ... (မှန်ပါ့)အလုပ်စဉ် ပြောစမ်းပါဆိုတော့ သံသယမရှိပဲနဲ့ တဏှာဖြတ်တဲ့ဝါဒ (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ပြောပြီးသကာလ ဒဏ္ဍပါဏိကလဲ မေ့ာင်နိုင်ရ.... နားထောင်ပြီး ပြန်သွားတာပဲ....(မှန်ပါ့)။

ဩော်....ဒီဝါဒကိုး ဒီအကျင့်ကိုးဆိုပြီးသကာလ ဒီလိုဟောလေ့ရှိသကိုးဆိုပြီးသကာလ ပြန်သွားတာပဲ... (မှန်ပါ့)။

ပြန်သွားတော့ ကျောင်းပြန်ရောက်လာတဲ့အခါ ရဟန်းတပါးက အရှင်ဘုရား....ဒီနေ့ ဘယ်ကြွပါတုံးဘုရား....၊ငါဘယ်ကြွတယ်ကွ၊ ဘာနဲ့တွေ့ပါသတုံးဘုရာ့၊ဒဏ္ဍပါဏိနဲ့ တွေ့သကွာ။ ဘာပြောခဲ့ ပါသတုံး....၊ ငါ့ဝါဒနဲ့ အလုပ်စဉ် ပြောခဲ့တယ်ဟေ့၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘာပြောခဲ့သတုံး.... ( ဝါဒနဲ့ အလုပ်စဉ် ပြောခဲ့ပါတယ်ဘုရား)။

ဝါဒနဲ့ အလုပ်စဉ် ပြောခဲ့တယ် ဆိုတဲ့ဉစ္စာ ပြောတော့ ဒါဖြင့် ဘုရားတပည့်တော်များ သိပါရစေတဲ့....။

ဩော်....ငါ့ဝါဒဟာကွာ....ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒ....၊ သံသယ မရှိပဲနဲ့ ကိလေသာသတ်တဲ့ အလုပ်စဉ်ကွ....(မှန်ပါ့)။

http://www.dhammadownload.com



ဘယ်သူနဲ့မှ ရန်မဖြစ်တာ ငါ့ဝါဒ၊ သံသယတွေ သတ်ပြီး သကာလ ကိလေသာဖယ်ရှားတဲ့ အလုပ်ဟာ ငါ့အလုပ်စဉ်ကွ.... ဆိုတော့ ဦးဘရှင်း ဒီ ရဟန်းကလဲ ဗဟုသုတနည်းတော့.... ဒီလောက်ကလေးနဲ့ သူ နားလည်ပါ့မလား....(မလည်ပါ)။

မလည်ဘူးနော်....(မှန်ပါ) မလည်တော့ ဘုရားသခင်ကိုယ် တော်မြတ်ကြီးကလဲ ဒါကလေးပြောပြီး ကိုပေါ်....ကျောင်း ခန်းထဲ ကြွသွားတယ်....(မှန်ပါ)အရှင်ဘုရား ဒါကလေး ဆက် ပြောမပါဦးလို့ လိုက်တောင်းပန်လို့လဲ ရပါ့မလား.... (မရပါ ဘုရား)။

မရတော့ တရားနာတဲ့ ရဟန်းကော, ဘေးက အပေါင်း အဖော်တွေကော သူတို့ စိတ်ကူးကြတယ်၊ ဩော်....ဘုရားကလဲ တရားကို တိုတိုဟောသွားတယ်၊ အကျယ်မဟောပဲနဲ့ အကျဉ်းပဲ ဟောသွားတယ်၊ ဝါဒလဲ ပြောသွားတယ်၊ အလုပ်စဉ်လဲ ပြောသွားတယ်၊ ဘယ်သူ့ မေးရပါမတုံးလို့ သူတို့ လိုက်ရှာ တော့ အရှင်မဟာကစ္စည်းကို သူတို့ သတိရတယ်... (မှန်ပါ)။

အရှင်မဟာကစ္စည်းက ဘုရားအကျဉ်းဟောတာကိုသူချဲ့နိုင် တဲ့သတ္တိ ရှိတယ်၊ ဘုရားကလဲ သူ့ကို ချီးမွမ်းတယ်....(မှန်ပါ) ဒီတော့ သူ့ဆီသွားကြစို့ဆိုပြီး အရှင်မဟာကစ္စည်းဆီ သွား ကြတယ်....(မှန်ပါ)။

သွားကြပြီး အရှင်မဟာကစ္စည်းထံလျှောက်တယ်၊ အရှင် ဘုရားဒဏ္ဍပါဏိဟောခဲ့တယ် တရား....တပည့်တော်တို့ ဟော တာလဲ အင်မတန်မှ ကျဉ်းနေပါတတ်။

ဘာတုံးကွ....ဘယ်လိုဟောသတုံး ဘုရားက....တဲ့။

---

တတိယအကြိမ်

< ဒီ-နှ-း-စို-း-ေ-ခ-ာ-င်-စ-ဉ် (-၁၄-) >

http://www.dhammadownload.com



သူ့ဝါဒက ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒလို့ ဟောပါတယ်၊ သူ့မှာ သံသယမရှိပဲနဲ့ ကိလေသာကိုသတ်တဲ့အလုပ်ဟာ သူ့အလုပ်ပါပဲလို့လဲ ဟောတယ်၊ အဲဒါ တပည့်တော်တို့က ကျဉ်းလွန်းလို့ ဘာမှနားမလည်ဘူးဆိုတော့ ဖြစ်ပျက်ရှုပါ၊ဘယ်လိုလုပ်ပါဆိုတာ ဦးဘရှင်း ပါသေးလား (မပါပါဘုရား)။

မပါတော့ ရှေးကလဲနားမလည်ဘူး....(မှန်ပါ့) ဒကာကြီးလှိုင် ရှေးကလဲ နားမလည်ဘူး ...(မှန်ပါ့)။

သြော်....မင်းတို့ကလဲကွာ အနှစ်ရှိတဲ့သစ်ပင်ဆီကအနှစ်မရှိတဲ့သစ်ပင်ဆီလာပြီး အနှစ်တောင်းသလို ဖြစ်နေပါပေါ့လားလို့ အရှင်မဟာကစ္စည်းက ပြောလိုက်တယ်....(မှန်ပါ့)။

ဘုရားက အနှစ်ရှိတာကိုး.... (မှန်ပါ့) သူတို့က ဘုရားနှင့်စာတော့ အနှစ်က ဒီလောက်ပြည့်စုံတာမဟုတ်တော့—မဟုတ်ပါဘူးဘုရားတဲ့၊ အနှစ်ရှိတဲ့ဆီက အနှစ်မရှိတဲ့ဆီ လာပြီးသကာလ တရားတောင်းတယ်လို့ ဒီလို အယူမရှိပါနဲ့၊ အရှင် ဘုရားကို ဘုရားကလဲ ချီးမွမ်းပါတယ်၊ ဘုရားအကျဉ်းဟောထားသို့ ရှိယင် အရှင်ဘုရားချဲ့နိုင်တယ်ဆိုတဲ့ဥစ္စာ သတင်းက အင်မတန်မွှေးပါတယ်၊ ဒါ့ကြောင့် တပည့်တော်များ လာရပါတယ်ဆိုတော့.... မင်းတို့ တကယ်နာချင်သလား....တဲ့၊ တကယ် နာချင်ပါတယ် ဆိုတော့ ဒါဖြင့် ငါ့သစ္စာဟောမယ်ဆိုပြီး သစ္စာဟောတာပဲ.... (မှန်ပါ့)။

ကဲ.... တကာတကာမတို့ သူဟောတဲ့သစ္စာ ဒီ လို မှတ် ကြ ပေတော့နော်....(မှန်ပါ့) ခင်ဗျားတို့ အလုပ်စဉ်ပေးတော့မယ်။

တတိယအကြိမ်

http://www.dhammadownload.com



အလုပ်စဉ် ပေးတော့မယ်ဆိုတော့ တကာတကာမတို့မြင်စိတ် ကလေးပေါ်တယ်တဲ့နော်....(မှန်ပါ)။

အဆင်းကြည့်တော့မြင်စိတ်ကလေးမပေါ်ဘူးလား....(ပေါ် ပါတယ်ဘုရား)လူ့သေမှာပေါ်သလား-လူရှင်မှာပေါ်သလား..... (လူရှင်မှာ ပေါ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် လူရှင်ဖြင့် မျက်လုံးရုပ်ကလေးကလဲ–ပသာဒ ရုပ်ကလေးကလဲ ကြည့်သေးလို့ ဟိုဘက်က အဆင်းကလဲရှိ လို့ပေါ့ ခမောင်နိုင်ရာ... (မှန်ပါ)။

ဒါဖြင့် ဒီက မျက်လုံးအကြည်ရုပ်နဲ့ ဟိုက အဆင်းနဲ့ နှစ်ခု တိုက်တဲ့အခါကျတော့ ကြားထဲမှာ မျက်လုံးအကြည်ပေါ်မှာ မြင်တဲ့စိတ်ကလေး ဖြတ်ကနဲပေါ်တယ်.... (မှန်ပါ) မပေါ်ဘူး လား .. (ပေါ်ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဆင်းနဲ့ မျက်လုံးအကြည်နဲ့ပေါင်းပြီးတော့ ကြား ထဲမှာ အလယ်မှာ ဘာပေါ်သတုံး.... (မြင်စိတ်ပေါ်ပါတယ် ဘုရား)။

မြင်စိတ်ပေါ်တယ်ဆိုတာ ဘုန်းကြီး ခဏခဏဟောတယ်.... (မှန်ပါ)စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံဆိုတဲ့ ဉစ္စာ ပေါ်သွားပြီဆိုကြပါစို့(မှန်ပါ)။

မြင်စိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါပြီဘုရား) စက္ခု ဝိညာဏံဆိုတာ မြင်စိတ်ပါပဲ။

အဲဒီတော့ တကာတကာမတွေ ဘယ်အခါမြင်မြင် ဩော်.... ဒီနှစ်ကြောင်းကြောင့် မြင်စိတ်ကလေးပေါ်တာကိုမှတ်လိုက်တာ ပေါ့ . (မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီ မြင်တော့ကိုတဲ့....ဒါထားပါဦးကွာတဲ့၊ မြင်ပြီးသကာလ ဘာလုပ်ကြသတုံးဆိုတော့ မြင်ပြီးသကာလ တွေ့တယ်ကွာ...တဲ့ ဖဿ ဖြစ်ပါတယ်၊ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

ကျုပ်မျက်လုံးထဲ တွေ့တယ်လို့ မပြောဘူးလား...(ပြောပါတယ်ဘုရား) ဖဿပစ္စယာ ဝေဒနာလာပါတယ်ကွာတဲ့နော်.... (မှန်ပါ့) ။

ဖဿပစ္စယာ....(ဝေဒနာလာပါတယ်ဘုရား)။

ခုနက တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ...(ဝေဒနာပါဘုရား)။

ဝေဒနာ လာပြီးသကာလ ဝေဒနာတင် ခံစားတာမဟုတ်ဘူး မှတ်သေးတယ်ကွာတဲ့၊ ဒါကလေးဟာ နီလာပဲ၊ ဒါကလေးဟာ ကောင်းတယ်ဆိုတဲ့....ဒီကျောက်ကလေးဟာ ကောင်းတယ်ဆိုတဲ့ ဝေဒနာက အယဉ်လာတယ်....(မှန်ပါ့) ပြီးတော့ .. အနီကောင်းကလေးဟေ့၊အပြာကောင်းကလေးဟေ့ ဆိုတဲ့ သညာနောက်က လိုက်လာတယ်....(မှန်ပါ့)မလိုက်လာဘူးလား.... (လိုက်လာပါတယ်ဘုရား)။

အဲဒီ လိုက်လာပြီးတော့မှ တကာတကာမတွေက အင်း.... ဘယ်လိုတယ်ရမယ်၊ ချွန်းဘယ်ဘက်ထားရမယ်–ဟုတ်လား၊အစရှိသည်နဲ့ အမျိုးမျိုးအဖုံဖုံ မကြံကြဘူးလား.... (ကြံပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ မြင်ပြီးတော့ တွေ့တယ်၊ တွေ့ပြီးတော့ ခံစားတယ်၊ ခံစားပြီးသကာလ မှတ်တယ်၊ မှတ်ပြီး

http://www.dhammadownload.com



သကာလမှ ကြံတာကိုး....(မှန်ပါ့)မလာဘူးလား (လာပါတယ် ဘုရား)။

ဒါကလေးမှတ်ထားစမ်းပါ တကာတကာမတို့။

အဆင်းနဲ့ မျက်လုံးအကြည်နဲ့ တိုက်ပြီးတော့ ကျောက်ကလေးမြင်စိတ်မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)အဆင်းဟာ ကျောက်ပဲနေဒ်....။

အဲဒီ့ အဆင်းပေါ်လာပြီး သူတို့သုံးခု ပေါင်းမိတဲ့ အခါ ဖဿမလာဘူးလား (လာပါတယ်ဘုရား)တွေ့ထိတဲ့ဖဿလာပါတယ်၊ ဒါကလေးဖြင့် တွေ့ပြီး ကျောက်ကလေးတွေ့ပြီဆိုတာ လာပါတယ် .. (မှန်ပါ့)။

လာပြီးသကာလ ကောင်းလိုက်တာဟေ့ မကောင်းဃင်လဲ မကောင်းဘူးဟေ့ဆိုတဲ့ ဝေဒနာမလာဘူးလား....(လာပါတယ် ဘုရား)။

ဝေဒနာလာပြီးသကာလ ဒီဥစ္စာကလေးကိုဖြင့်....တဲ့၊သညာကလဲမှတ်ပါတယ်၊ မမှတ်သေးဘူးလား....(မှတ်ပါတယ်ဘုရား)။

ခံစားတဲ့ဝေဒနာကို ဒါ အနီကောင်းကလေးလို့မှတ် အပြာကောင်းကလေးလို့မှတ်တဲ့ သဘောမလာဘူးလား.... (လာပါတယ်ဘုရား)။

ပြီးတော့မှ ဒါကလေး ထောင်ကြည့်ပြီးသကာလ ကြံလိုးလာတယ်ကွာ တဲ့(မှန်ပါ့)မလာလား....(လာပါတယ်ဘုရား)။

ကြံလိုးလာပါတယ်တဲ့၊ ကြံပြီးသကာလ အစြံတည့်တဲ့အခါ ကျတော့မှ တဏှာ၊မာန၊ဒိဋ္ဌိလာတယ်....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



မောင်နိုင်....အကြံတည့်သွားတော့ (တဏှာ,မာန,ဒိဋ္ဌိလာပါ ဘယ်)မကြံပဲနဲ့ ဝယ်တဲ့ ပုဂ္ဂိုလ်များ ရှိပါ့မလား....(မရှိပါဘုရား) အဲဒါ ကျောက်ကုန်သည် ဟောနေတယ်လို့ မယူနဲ့၊ ဘုရား ဟောစဉ်....(မှန်ပါ)။

ပထမရှေ့ဦးစွာ ကျောက်ကလေးနဲ့ မျက်လုံးအကြည်နဲ့တွေ့တဲ့ အခါ ကျောက်မြင်တဲ့ စိတ်ကလေးပေါ်တယ်၊ မြင်ပြီးတွေ့ တယ်၊ တွေ့ပြီးခံစားတယ်၊ ခံစားပြီးတော့မှတ်တယ်၊ မှတ်ပြီး သကာလမှ ကြံလုံးမထုတ်ဘူးလား....(ထုတ်ပါတယ်)။

ကြံလုံးထုတ်ပြီးတော့မှ ဝယ်မယ်–မဝယ်မယ်ဆိုတဲ့– ဝယ်ချင် တဲ့ စိတ် တဏှာယင်လဲလာလိမ့်မယ်၊ ဒါကလေး ငါကြိုက်တယ် ဆိုတော့ဒိဋ္ဌိကော....(လာပါတယ်)သဘောကျပလား(မှန်ပါ)။ အဲဒီတော့ ဒီကျောက်မျိုးဟာ ငါပဲဝယ်နိုင်တယ် ဆိုတဲ့ မာနကကော ...(လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာ,မာန, ဒိဋ္ဌိ တခုခုတော့ မလိုက်ပေဘူးလား ... (လိုက်ပါတယ်ဘုရား)။

ဒါဖြင့်တဲ့ တဏှာ,မာန, ဒိဋ္ဌိ လိုက်လာတော့ တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာဇာတိ ပဋိစ္စသမုပ္ပါဒ် မတန်းသေးဘူးလား.... (တန်းပါတယ်ဘုရား)။ အဲဒီတော့ကို ပထမ တကာတကာမတွေ့ ဒီလိုမှတ်ရမယ်တဲ့၊ ဒီကျအောင်တန်းသွားတော့ ကျုပ်တို့သည် ပစ္စုပ္ပန်ဘဝကအနာ ဂတ်ဘဝကျအောင်ပဲ အကျိုးအကြောင်း မဆက်ဘူးလား....

http://www.dhammadownload.com



( ဆက်ပါတယ်ဘုရား ) ကောင်းသေးရဲ့လား .. (မကောင်းပါဘုရား)။

မကောင်းတော့ဘူး ပပဉ္စလိုက်လာပြီ.... (မှန်ပါ့)ပပဉ္စလိုက်လာတော့ ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ကြံပြီးတော့ ဘာလိုက်သတုံး မောင်နိုင်.... (ပပဉ္စလိုက်ပါတယ်ဘုရား) တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ ပပဉ္စမလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)။

အကြံသာတည့်သွားလို့ရှိယင် တဏှာကဝယ်မယ်၊ မလာဘူးလား....(လာဝါတယ်ဘုရား)။

ဒိဋ္ဌိကလဲ ဒါကလေးဟာတော့ ငါ့မှာအစပ်ရှိတယ်၊ ငါ့အစပ်နဲ့ အတော်ပဲဆိုတော့ ငါကလေးဟာကလဲ သွင်းလာတယ် (မှန်ပါ့) ဒိဋ္ဌိကောမလာဘူးလား....(လာပါတယ်ဘုရား)။

မာနကလဲ ဒီဥစ္စာတော့ ဒီအဖိုးတော့ဖြင့် သူများမမီအောင်ပဲ ပေးမှပဲ ရမှာပဲဆိုပြီး မာနကလေး နည်းနည်းကလေး ကူပေးလိုက်တယ်.... (မှန်ပါ့) တခုခုတော့လာရမယ်ဗျာ၊ မလာပေဘူးလား ...(လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာ, မာန, ဒိဋ္ဌိတခုခုမလာဘူးလား....(လာပါတယ်ဘုရား) ဒါဖြင့် ကြံပြီးမှလာတာ၊ ရှင်းကြပလား....(ရှင်းပါပြီ)

အဲဒီလိုဆိုလို့ရှိယင် မောင်နိုင် သံသရာမဆက်သေးဘူးလားဆက်သလား....(ဆက်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဆက်သွားပြီဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) အဲဒီတော့ကွာတဲ့၊ ငါက တဏှာဖြတ်တဲ့ ဝါဒဆိုသောကြောင့်တဲ့ မင်းတို့ကို ငါသစ္စာပြောမယ်တဲ့၊ ဟော.... အဆင်းရုပ်ကလေး ကျောက်အဆင်း ရုပ်ကလေးဟာလဲ ဒုက္ခသစ္စာပဲ၊ သဘောကျ ပလား... (ကျပါပြီဘုရား)။

မြင်စိတ်ကလေးဟာကော... (ဒုက္ခသစ္စာပါပဲ) အကြည်ရုပ် ကလေးဟာကော....(ဒုက္ခသစ္စာပါပဲ) အဲဒါ ကြိုက်ရာ တခုခုကို တကာတကာမတွေ့ကတဲ့ – ပပဉ္စမလာခင် ဖြစ်ပျက်ရှုပါ(မှန်ပါ ဘုရား)။

ပပဉ္စမလာခင်....(ဖြစ်ပျက်ရှုရပါမယ့်ဘုရား)ဒါဖြင့် ဖြစ်ပျက် ရှုလိုက်တော့ကိုတဲ့ ပပဉ္စမသိမ်းဘူးလား... (သိမ်းသွားပါတယ် ဘုရား)။

ပပဉ္စသိမ်းတယ်နော်(မှန်ပါ)ပပဉ္စသိမ်းတယ်ဆိုတော့ တဏှာ သိမ်း,မာနသိမ်း,ဒိဋ္ဌိသိမ်း မကျဘူးလား.. (ကျပါတယ်ဘုရား)။

ဒါဖြင့် သူတို့သုံးခုကမှ သံသရာချဲ့တာကို ကျုပ်တို့က ဒီမြင် စိတ်ကလေးကြိုက်လို့ မြင်စိတ် ဖြစ်ပျက်ရှုလိုက်တယ်၊ အဆင်း ကြိုက်လို့ အဆင်းဖြစ်ပျက်ရှုလိုက်တယ်၊ တည့်တာရှုပေါ့ဗျာ.... (မှန်ပါ)။

အဆင်းရှုလို့ရှိယင် ကာယာနုပဿနာ၊ မြင်စိတ်ရှုလို့ရှိယင် စိတ္တာနုပဿနာ၊ အကြည်ရုပ်ကလေး ရှုလို့ရှိယင်လဲ ကာယာ နုပဿနာသတိပဋ္ဌာန် ရုပ်ရှုတာပဲ....(မှန်ပါ) ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါ တခုခုကို တကာတကာမတွေ့က ဘုန်းကြီးကတော့ ဒီနှစ်မှာ စိတ္တာနုပဿနာကို မှန်မှန်ကြီးပြောနေတဲ့အတွက် စိတ်သာရှု...(မှန်ပါ)မြင်စိတ် ဖြစ်ပျက်ရှုလိုက်တော့ တဏှာ မာနဒိဋ္ဌိ ဘယ့်နှယ်နေသလဲ,...(မလာပါဘုရား)မလာတာတော့ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

အဲဒီတော့ တဏှာ မာန ဒိဋ္ဌိ မလာတော့ ခြေ၌....ငါသည် နောက်ဘဝမျှား ဘယ့်နှယ်ဟာမျှား ဖြစ်ဦးမှာပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာလာသေးလား....(မလာပါဘုရား)။

ဟော....ဝိစိကိစ္ဆာသတ်တယ်။ ဝိစိကိစ္ဆာမသတ်ဘူးလား.... (သတ်ပါတယ်ဘုရား)။

ပဟဉ္စမှ မလာပဲ ကိုဝရ.... ဝိစိကိစ္ဆာ လာသေးရဲ့လား .... (မလာပါဘုရား)။

ငါနောက်ဘဝ ဘာမျှားဖြစ်မှာပါလိမ့်မတုံး....၊ အို....ဒီမြင်စိတ်ကလေးဟာ ဖြစ်ပျက် ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာလို့.... ခင်ဗျားတို့သန္တာန်မှာ ပေါ်လေသရွေ့ ဒုက္ခသစ္စာကိုး(မှန်ပါ)။

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါ) ဒါဖြင့် ကိစ္စဉာဏ်နဲ့ ရှုလိုက်....(မှန်ပါ)။

ကိစ္စဉာဏ်နဲ့ ပွားပေးလိုက်၊ မြင်စိတ်ပေါ်တိုင်း, ပေါ်တိုင်း ရှု၊ ကြားစိတ်ပေါ်တိုင်း–ပေါ်တိုင်း(ရှုရပါမယ်) အဲ... တနေ့က သင်တဲ့အတိုင်းပေါ့ဗျာ... (မှန်ပါ)။

အဲဒါတွေ ရှုပေးလိုက်တော့ ဘာဉာဏ်နဲ့ ရှုနေတာတုံး.... မောင်နိုင်....(ကိစ္စဉာဏ်နဲ့ ရှုနေတာပါ) ကိစ္စဉာဏ်နဲ့ ရှုနေတယ်၊ သဘောပါပလား....(ပါပါပြီဘုရား)။

http://www.dhammadownload.com



ကိစ္စဉာဏ်နဲ့ ရှုပြီး နေလိုက်တော့ ခုနက ကြံတုံးတို့, ပပဉ္စတို့ ဦးဘရှင်း လာသေးသလား....(မလာပါဘုရား)။

မလာတော့ ငါ့ဝါဒဟာ တဏှာဖြတ်တဲ့ဝါဒ ဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ တဏှာသည် အခုံ ဖြစ်ပျက် ရှုလိုက်ပါတယ်။ စိတ်ကလေး ဖြစ်ပျက် ရှုလိုက်တော့ ခုနက တဏှာလဲ မလာ၊ မာနလဲ မလာ၊ ဒိဋ္ဌိလဲ မလာဆိုတော့ ကိုဝ.. ဒါ သေချာသွားပြီ....(မှန်ပါ့) ပပဉ္စ မပြတ်ဘူးလား.... (ပြတ်ပါတယ်ဘုရား)။

ပပဉ္စပြတ်တယ်ဆိုယင် ပဋိစ္စသမုပ္ပါဒ်ကော....(ပြတ်ပါတယ်) ဒီ ပပဉ္စက ချုံလို့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ရတယ်....(မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ့၊ ပဋိစ္စသမုပ္ပါဒ် ရှည်တန်းထွက်တာသည် ဘယ်သူက တန်းအောင် လုပ်တာတုံး....(ပပဉ္စကလုပ်တာပါဘုရား)။

တဏှာ, မာန, ဒိဋ္ဌိ ဤသုံးခုက တန်းအောင်လုပ်တာ နှစ်ဘဝ ဆက်အောင် မောင်နိုင် .... မလုပ်ဘူးလား.... (လုပ်ပါတယ် ဘုရား)။

ဘဝများစွာဆက်အောင် ဘယ်သူက လုပ်ပါလိမ့်....(တဏှာ မာန, ဒိဋ္ဌိက လုပ်ပါတယ်ဘုရား)။

အေး....ပပဉ္စက လုပ်တယ်၊ ချုံးခေါ်တော့ ပပဉ္စ၊ ရှင်းပလား (မှန်ပါ့) အခု လာသေးရဲ့လား....(မလာပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



မလာတော့ကိုတဲ့ တကာတကာမတွေ ဒီတဏှာ, ဒီမာန, ဒီဒိဋ္ဌိဟာတဲ့ ဘယ်နားမှာ သေပါလိမ့်မတုံးလို့ မေးဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)။

ဟော....တကာတကာမတို့ ကျုပ်တို့က ကိစ္စဉာဏ်နဲ့ ဖြစ်ပျက်ဆိုတဲ့ မြင်စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်တော့ အဲဒီနေရာနားမှာ မဂ်က သတ်ပစ်လိုက်တယ်....(မှန်ပါ)။

မြင်စိတ်တည်းဟူသော ချည်တိုင်နားမှာ မဂ်က ဒီ တဏှာ, မာန, ဒိဋ္ဌိသတ်ပစ်လိုက်တယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မြင်စိတ်တည်းဟူသော ချည်တိုင်နားမှာ.... (မဂ်က သတ်ပစ်လိုက်ပါတယ်) မဂ်က သတ်လိုက်တယ်။ ဘယ်သူ့ သတ်လိုက်ပါလိမ့်....(တဏှာ,မာန,ဒိဋ္ဌိ သတ်လိုက်ပါတယ်ဘုရား)။

အဲ...ဒါကြောင့် တကာတကာမတွေ ခင်ဗျားတို့ စိတ်ခြေရင်းမှာ တဏှာ, မာန, ဒိဋ္ဌိ သေရတယ်.... (မှန်ပါ) ဘယ်သူက သေအောင် လုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တကာတကာမတွေ မှတ်ထားလိုက်စမ်းပါတဲ့ ဘယ်သူက သေအောင်လုပ်သတုံးဆိုတော့ ကိစ္စဉာဏ်က သတ်ပစ်လိုက်တယ်.... (မှန်ပါဘုရား)။

ဖြစ်ပျက်ကို သိတဲ့ ကိစ္စဉာဏ်က ဘာတုံး....(သတ်ပစ်လိုက်ပါတယ်ဘုရား) အဲ....ဖြစ်ပျက်ကို သိလို့ ကိစ္စဉာဏ်က သတ်လိုက်တယ်။ ရှင်းပလား....(ရှင်းပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ကြားစိတ်ကလေး လာလဲ ခုနက ပပဉ္စ မလာရအောင် ကြားစိတ်ကလေး ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)ဖြစ်ပျက်ရှုတော့ ဘာဉာဏ်ရသလဲ ..(ကိစ္စဉာဏ်ရပါတယ် ကိစ္စဉာဏ်ရတယ်နော်....(မှန်ပါ့)။

ကိစ္စဉာဏ် ရတယ်တဲ့၊ ကိစ္စဉာဏ်ဆိုတာ ဪ... ဘာဉာဏ်ပါလိမ့်-တုံး ဆိုလို့ရှိယင်ဖြင့် ပိဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော....၊ ဝိပရိဏာမဋ္ဌောဆိုတာ ဪ.... ဖောက်ပြန် ပျက်စီးသွားတာပဲကိုး....လို့ မသိလိုက်ဘူးလား.... (သိလိုက်ပါတယ်ဘုရား)။

မြင်စိတ်ကလေးဟာလေ....(မှန်ပါ့) ကြားစိတ်ကလေးကော (ဒီအတိုင်း ပျက်စီးပါတယ်) ဒီအတိုင်းပဲ ဖောက်ပြန် ပျက်စီးတာပဲ .. (မှန်ပါ့) ဒါ ကိစ္စဉာဏ်ပဲ(မှန်ပါ့)။

မဖောက်ပြန်ပဲနဲ့ ပျက်စီးတာ ဟုတ်ရဲ့လား.... (မဟုတ်ပါဘုရား) ဖြစ်လဲ ဖြစ်တယ်။ ဖြစ်ပြီးလဲ ချုပ်သွားတယ်....(မှန်ပါ့) မချုပ်ဘူးလား....(ချုပ်သွားပါတယ်ဘုရား)။

အဲဒီတော့ ဖောက်ပြန်ပျက်စီးတဲ့ ဒါကလေး သိလိုက်တဲ့အတွက် ကိုဝ... ဘယ်ဉာဏ်ရသတုံး.... (ကိစ္စဉာဏ် ရပါတယ်ဘုရား)။

ကြည့်....ဟို....ပါဠိတော် သွားကြည့်လိုက်၊ ပိဠနဋ္ဌော,သင်္ခတဋ္ဌော, သန္တာပဋ္ဌော,ဝိပရိဏာမဋ္ဌော....ကိစ္စမှာလာတယ်(မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား) ဝိပရိဏာမ ဖောက်ပြန် မသွားသေးဘူးလား....(ဖောက်ပြန်ပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဖေါက်ပြန်သွားတာကို ဉာဏ်က မသိလိုက်ဘူးလား (သိလိုက်ပါတယ်ဘုရား)။

အင်း ခုနက အရှင်ကလေး၊ အခု အသေဖြစ်ပြီ မရှိဘူး—(မှန်ပါ့) ကို၀....ကျေနပ်ပြီ....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒါ ဘာဉာဏ်နဲ့ ကြည့်လိုက်တာပါလိမ့် .... ( ကိစ္စဉာဏ်နဲ့ ကြည့်လိုက်တာပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်နဲ့ ခင်ဗျားတို့စိတ်တွေ လာတိုင်း လာတိုင်း မြင်စိတ်လာလာ.... ကြားစိတ်လာလာ.... ဝမ်းထဲလောဘစိတ်လာလာ ...ဒေါသစိတ်လာလာ....မောဟစိတ်လာလာ မောင်နိုင်က ကိစ္စဉာဏ်နဲ့ရှု (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဩော် .. ဖေါက်ပြန်တာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) အဲ....ဖေါက်ပြန်တာ သိတာက ဘာပါလိမ့်.... (ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ်ဆိုတဲ့ မဂ္ဂသစ္စာ .. (မှန်ပါ့) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ကိစ္စ ဉာဏ်ဆိုတဲ့....(မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဆိုတော့ တကာတကာမတွေ့ပပဉ္စသေ—မသေ(သေပါတယ်ဘုရား)ဒါဖြင့် ပပဉ္စသေတာသည် တကာတကမေတို့ ပပဉ္စဆိုတာက သူ့နာမည်ရင်းက ပပဉ္စလို့ပြောတာဟာ ကို၀ ....ချဲ့လို့ပြောတာ....(မှန်ပါ့)။

ဘာတွေချဲ့သတုံးလို့မေးတဲ့အခါ တဏှာလာယင်လဲဥပါဒါန်ကံ ဇာတိ ဇရာ မရဏ ချဲ့မှာပဲ.... (မှန်ပါ့) မာန လာယင်လဲ မာန ကာမုပါဒါန်နဲ့ တခါတည်း ကံနဲ့ မလာပေဘူးလား....

http://www.dhammadownload.com



(လာပါတယ်ဘုရား) ဇာတိ ဇရာ မရဏကျအောင် မခွဲပေဘူး လား.... (ခွဲပါတယ်ဘုရား)ဒိဋ္ဌိကလဲ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံနဲ့စပြီးသကာလ ကမ္မဘဝပစ္စယာ ဇာတိ ဇရာ မရဏ မခွဲပေဘူးလား....(ခွဲပါတယ်ဘုရား)။

အင်း....ဒါဟာ သူတို့ပပဉ္စဟာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မထွက်ဘူးလား .. (ထွက်ပါတယ်ဘုရား)။

အဲဒီ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးကို မဂ္ဂသစ္စာက မောင်နိုင်.... ဖြတ်....မဖြတ်....(ဖြတ်ပါတယ်ဘုရား) ဒါဖြင့် ငါသည် တဏှာ ဖြတ်တဲ့ ဝါဒဆိုတာ မမှန်သေးဘူးလား....(မှန်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေဒီလိုဖြတ်တဲ့ဝါဒကိုခင်ဗျားတို့က လိုက်မယ်ဆိုတော့ ပပဉ္စသေ...မသေ.... (သေပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စသေတယ်ဆိုတာသည် ပဋိစ္စသမုပ္ပါဒ် ပြတ်တာ (မှန်ပါ)။

တကာတကာမတို့ ပပဉ္စသေတာ ဘာခေါ်မယ်.... (ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်တာပဲဆိုတော့ ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါလိမ့်.... ( ကိုယ့် ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား) ကိစ္စညာဏ်ရတဲ့ပုဂ္ဂိုလ်၏ ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘယ်ပုဂ္ဂိုလ်မှာ ပြတ်ပါလိမ့်....(ကိစ္စဉာဏ်ရတဲ့ပုဂ္ဂိုလ်မှာပြတ်ပါတယ်ဘုရား) ခုနက ဖြစ်ပျက်ကို ဝိပရိဏာမကိစ္စကိုသိလိုက်တာကိုး....(မှန်ပါ့)။

သြော် ကိုယ့်ခန္ဓာထဲ ဘယ်စိတ်တွေဖြစ်ဖြစ် ဖောက်ပြန်တဲ့ ကိစ္စပဲရှိသကိုးဆိုတာဉာဏ်ကလေးနဲ့မသိဘူးလား.... (သိပါတယ်ဘုရား) အဲဒီတော့ ဒီဉာဏ်ဘာဉာဏ်ခေါ်ကြမယ်.... (ကိစ္စဉာဏ်ပါဘုရား)။

အဲဒီ့ ကိစ္စဉာဏ်နဲ့ တကာတကာမတွေက ဘယ်စိတ်ပေါ် လာလာဖောက်ပြန်ပျက်စီးပြန်ပြီ၊ဘယ်စိတ်ပေါ်လာလာဖောက်ပြန်ပျက်စီးပြန်ပြီလို့ သိတဲ့ဉာဏ် ဘာဉာဏ်တုံး.... (ကိစ္စဉာဏ်ပါဘုရား)။

ရှေ့က ဖောက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာကိစ္စဉာဏ်၊ သဘောပါပါလား ... (ပါပါပြီ)။

အဲဒီလိုချည်း တကာတကာမတွေက ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ပပဉ္စတွေ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စဆိုတာ ဘာပါလိမ့်မတုံး မေးတဲ့အခါကျတော့ သံသရာကို အိုဘေး၊နာဘေး၊သေဘေးတွေ ပွားအောင်အပါယ်ဘေးတွေကို မရောက်ရောက်အောင် ပို့တဲ့တရားလို့ ဆိုလို့ရှိယင် လွဲပါ့မလား... (မလွဲပါဘုရား) ဒါဖြင့် ပပဉ္စ ချုပ်—မချုပ် (ချုပ်ပါတယ်ဘုရား)။

---

http://www.dhammadownload.com



ဒါဖြင့် ဘုရားကဟောပြန်တယ်ကိုဝ....သေသေချာချာ မှတ်စမ်း..(မှန်ပါ့) ငါဘုရားသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ပပဉ္စနိရောဓေ နိဗ္ဗာန်လို့ ငါဟောတယ်ကွာ....တဲ့....(မှန်ပါ့)။

မောင်နိုင်..ဘာတဲ့.... (ပပဉ္စ နိရောဓေ နိဗ္ဗာန်ပါ ဘုရား) နောက်က တဏှာတကာမတွေဘာတဲ့..(ပပဉ္စနိရောဓေနိဗ္ဗာန်ပါဘုရား)။

ငါဟာ နိပ္ပပဉ္စကွ..တဲ့၊ နိပ္ပပဉ္စဆိုတာ ငါဟာတဲ့.... ဒီသုံးခုချုပ်သွားလို့ရှိယင် အဲဒီ့ချုပ်တဲ့နေရာ နိဗ္ဗာန်လို့ ငါဟောတယ် (မှန်ပါ့)။

တဏှာတကာမတို့ ခုနက ပပဉ္စမလာတော့ နိပ္ပပဉ္စဖြစ်တာပေါ့ (မှန်ပါ့)နိပ္ပပဉ္စဆိုတဲ့ဥစ္စာ ငါ....စာလို သုံးတာပါကွာတဲ့ နိဗ္ဗာန်ကို ဆိုတာပါ....(မှန်ပါ့)။

ကိုပေါ်....ဘာတဲ့....(နိဗ္ဗာန်ကို ဆိုတာပါ) နိပ္ပပဉ္စဆိုတော့ ပပဉ္စရှိနေယင်ပပဉ္စ....(မှန်ပါ့) ပပဉ္စမရှိလို့ရှိယင် နိပ္ပပဉ္စ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နိပ္ပပဉ္စဆိုတာ ဘာပါလိမ့်....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ပဲတဲ့ ပပဉ္စရှိတာကို ဆိုတယ်....(မှန်ပါ့)ပပဉ္စမရှိတာကို တဏှာတကာမတွေ ဘာခေါ်ကြမယ်....(နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကို တဏှာတကာမတွေသည် ဆုတောင်းလို့ရတာလား....ကိစ္စဉာဏ်ကြောင့်ရတာလား....(ကိစ္စဉာဏ်ကြောင့်ရတာပါဘုရား) ကဲ....ပပဉ္စချုပ်တာ တဏှာတကာမတွေ ပေါ်

http://www.dhammadownload.com



ကြပလား....(ပေါ်ပါပြီဘုရား) ဘယ်သူ့ကြောင့်ရပါလိမ့်(ကိစ္စဉာဏ်ကြောင့် ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စိတ်တွေလာတိုင်း, လာတိုင်း ဘယ်စိတ်လာလာ ခင်ဗျားတို့ စိတ္တာနုပဿနာ ရှုပေးလိုက်တာပေါ့.... (မှန်ပါ့)။

ရှုတော့ အရှုခံရတာက ဒုက္ခသစ္စာ မောင်နိုင်.... (မှန်ပါ့) ရှုတဲ့ဉာဏ်က ကိစ္စဉာဏ် မဂ္ဂသစ္စာ....(မှန်ပါ့)မဖြစ်သေးဘူးလား (ဖြစ်ပါပြီ) သေတာက နိပ္ပပဥ္စ၊ပပဉ္စမလာတော့ဘူး (မှန်ပါ့)။

ဒါဖြင့် ပပဉ္စနိရောတော နိဗ္ဗာန်..လို့ ဆိုချင်လဲဆို၊ နိပ္ပပဉ္စော နိဗ္ဗာန်လို့လဲ ဆိုချင်ဆိုပါတဲ့၊ သဘောကျပလား.... (ကျပါပြီဘုရား)။

နိပ္ပပဉ္စဆိုတဲ့ ပပဉ္စ မလာသောကြောင့်လဲ ဘာခေါ်ကြမလဲ (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ကိုပေါ်တို့ ကိုဝတို့က စဉ်းစား...တဲ့ နိဗ္ဗာန်သည်ကားလို့ဆိုယင် တကာတကာမတို့ ဩော်...အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတခုပါကလား....(မှန်ပါ့)။

ဘယ်လို ဆိုကြမယ်.... (အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတခုပါ ဘုရား)။

အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းတခု၊ ပါးစပ်နဲ့ လိုချင်တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းတခု မဟုတ်ဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘယ်သူမှ ပေးလို့ရတဲ့ ပစ္စည်းတခုလဲ.... (မဟုတ်ပါဘုရား) သူများ ပေးလို့ရတဲ့ ပစ္စည်းလဲ မဟုတ်ပါဘူး.... (မဟုတ်ပါဘုရား) သဘောပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း ဒါဖြင့် တရားနာလို့ ရတဲ့ ပစ္စည်းကော.... (မဟုတ်ပါဘုရား) အလုပ်လုပ်လို့ရတယ်.... (မှန်ပါ) သဘောကျပလား (ကျပါတယ်ဘုရား)။

ဘုရားပေးလို့ ရတဲ့ ပစ္စည်းကော.... ( မဟုတ်ပါဘုရား ) မဟုတ်ပါဘူးတဲ့၊ ဘုရားက နည်းပေးတာပဲရှိတယ်။ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အမျှပေးလို့ ရတဲ့ပစ္စည်းကော ...(မဟုတ်ပါဘုရား) ခင်ဗျားတို့....အမျှဗျို့.... အမျှဆိုတော့ တဝက်ပေးတာတွေ ဒါနဲ့ သီလတွေကျတော့ ရပါတယ်....(မှန်ပါ)။

တကာကြီးလှိုင်... ရတယ်နော်....(ရပါတယ်)ဒီဟာကျတော့ ဘယ်နှယ်တုံး.... (မရပါ) ပဋ္ဌချုပ်အောင်ဆိုတော့ ကိုယ့်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်ရလိမ့်မယ်....(မှန်ပါ)။

တကာတကာမတို့ ဘယ်လိုလုပ်ရမှာတုံး....(ကိုယ်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်ရပါမယ်) ကိုယ့်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်တော့ ခုနက ပဋ္ဌတွေ ဘယ့်နှယ်နေသတုံး....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပဋ္ဌနိရောဓောကို ဘယ့်နှယ်ဆိုမလဲ (နိဗ္ဗာန်ပါ) နိပ္ပပဉ္စောတိ နိဗ္ဗာန်–(မှန်ပါ)။

ကတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် နိဗ္ဗာန်ဟာ အင်း.... ဘာပါလိမ့်မတုံး မေးတဲ့အခါ ပပဉ္စ...မလာတာနိဗ္ဗာန်ပဲ.... (မှန်ပါ) တကာကြီးလှိုင်....ပေါ် ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အနီးလား.... အဝေးလားတဲ့ ရှုတဲ့နောက်မှာ သူ ချုပ်တာပဲ....(မှန်ပါ) ရှုတဲ့ ကိစ္စဉာဏ်လဲလာရော သူလဲ မချုပ် ဘူးလား .. (ချုပ်ပါတယ်ဘုရား)။

နောက်ကျတော့ ခင်ဗျားတို့ရှုတဲ့ ဝိပရိဏာမ ကိစ္စတွေကို ရှုလို့မရတော့ဘူး၊ ဝိပရိဏာမ ကိစ္စတွေကို မောင်နိုင်.... မမြင် တော့ဘူးဆိုယင် ကတဉာဏ် ဖြစ်သွားတယ်....(မှန်ပါ)။

ဝိပရိဏာမ ကိစ္စတွေကို မမြင်တော့ဘူးတဲ့ တကာတို့၊ ရှေ့မှာ ဖြစ်ပျက်, ဖြစ်ပျက်ဆိုတာတွေ မမြင်တော့ဘူး၊ ဘယ်စိတ်မှလဲ မလာတော့ဘူး၊ဖြစ်ပျက်တွေလဲမတွေ့တော့ဘူးဆိုတော့ ဒါသည် နိဗ္ဗာန်ပေါ်မလာဘူးလား ... (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ပေါ်လာတဲ့ အခါကျတော့ နိဗ္ဗာန်မြင်တဲ့ ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (ကတဉာဏ်ပါဘုရား) ရှင်းကြ ပလား....ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး အပေါင်း သိတဲ့ဉာဏ်က....(သစ္စဉာဏ် ပါဘုရား) ဖြစ်ပျက်ကလေးတွေသိတဲ့ဉာဏ်က....(ကိစ္စဉာဏ်ပါ) ကိစ္စဉာဏ်....။

ဖြစ်ပျက်တွေ ဆုံးအောင်ပဲ တကာ တကာမတွေ လိုက်ပြီး ရှုလိုက်တဲ့အခါကျတော့ ဟို....ပပဉ္စကလဲ ချုပ်၊ ရှေ့ကလဲ ဒုက္ခ

http://www.dhammadownload.com



မရှိတာ မသိရဘူးလား....(သိရပါတယ်) ဒါကို ဘာဉာဏ်ခေါ်ကြမယ်....(ကတဉာဏ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီဉာဏ်သုံးဉာဏ်နဲ့ တက်လဲ ဝိပဿနာမှာ ရပါတယ်....(မှန်ပါ)။

ဘယ်သူ တက်သတုံးလို့ မေးတဲ့အခါကျတော့ ပဉ္စဝဂ္ဂီ ငါးဦးနဲ့ ဖြဟ္မာပေါင်း ရှစ်သောင်း လေးထောင် ဒီဉာဏ်သုံးဉာဏ်နဲ့ တက်တယ်.... (မှန်ပါ) မောင်နိုင်.... ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ပဉ္စဝဂ္ဂီငါးဦးထဲ တပါးပဲ ဒီဉစ္စာ အယင်ဆုံး တက်တယ်နော်.... (မှန်ပါ) ဗြဟ္မာက ရှစ်သောင်းလေးထောင် ဒီဉာဏ်သုံးခုနဲ့ တက်တယ်....(မှန်ပါ)သဘောပါကြပလား....(ပါပါပြီဘုရား)။

ပထမ သစ္စဉာဏ်ကို သူ သိလိုက်တယ်.... (မှန်ပါ) နောက်ကိစ္စဉာဏ်နဲ့ ပွားလိုက်တယ်။ ပွားတာမှ ကိုဝ ... သိပ်ကြာတာမဟုတ်ဘူးနော်....တရားနာရင်း ပွားသွားတာ....(မှန်ပါ)။

တကာတကာမတို့ ဘယ်လိုပွားတာတုံး.... (တရားနာရင်းပွားတာပါဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....၀၀....

တတိယအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( ပုဂ္ဂိုလ်လေးမျိုးဖြင့် ဝေဖန် ပြောကြားခြင်း )

# ညအလုပ်ပေးတရားတော်

( ၂၇-၆-၆၁ )

....၀၀....

တကာတကာမတို့ ကိုယ့်ကိုယ်ပါးဖို့ အရေးကြီးတယ်ဆိုတာ မှတ်ရမယ်နော် .. (မှန်ပါ)။

ကိုယ့်ကိုယ်အတွက် ကိုယ်ပါးဖို့ အရေးကြီးတယ်... လို့.... ကိုပေါ်....ဘယ်သူ့အတွက် ပါးဖို့လဲ....(ကိုယ့်ကိုယ်အတွက်ပါး ဖို့ပါဘုရား)။

ကိုယ့်ကိုယ်အတွက် ပါးဖို့ အရေးကြီးတယ်ဆိုတာ တကာ တကာမတွေမှတ်ထားပါ....၊တကာကြီးလှိုင်–(မှတ်ထားပါတယ် ဘုရား)။

သားတွေ့သမီးတွေ့ဆွေတွေ့မျိုးတွေ ကျွေးဖို့ လုပ်အလယ် မှာ လည်လည်ပတ်ပတ်နဲ့ ရောင်းဝယ် ဖောက်ကားပြီးသကာလ ပါးတာက သူများအတွက် ပါးတာနော်....(မှန်ပါ)ကိုယ့်ကိုယ် အတွက် ပါးဖို့က ပိုမို အရေးမကြီးဘူးလား.... (ကြီးပါတယ် ဘုရား)။

http://www.dhammadownload.com



ကိုယ့်ကိုယ်အတွက် ပါးဖို့ကမှ၊ ကိုယ့်ကိလေသာပါးအောင် ဆိုတဲ့ အရေးကမှ ကိုယ့်ထွက်ရပ်လမ်း ချမ်းသာအရေးကိုဗျ .... (မှန်ပါ)။

လူပုံအလယ်မှာ သားတွေ့ သမီးတွေ ကျွေးဖို့ မွေးဖို့.... အရောင်းအဝယ် လည်လည်ပတ်ပတ်နဲ့ ပါးနပ်ပြီးသကာလ နေတဲ့သဘောက ဒါ အပါးစစ်လားလို့ မေးတဲ့အခါကျလို့ရှိယင် ဖြင့် ထူတာပါပဲလို့ တကာကြီးလှိုင်....အပြစ်တင်လိုက်... (မှန်ပါ ဘုရား)။

ပါးတာလား....ထူတာလား....(ထူတာပါဘုရား)။

သို့သော်လဲ ခင်ဗျားတို့ လောကမျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ပါးနပ်လို့ တော်ပါပေတယ်၊ ဒီသား, ဒီသမီးတွေ ဝအောင်, လှအောင် ကျွေးနိုင်, မွေးနိုင်ပါပေတယ်လို့ ကိုပေါ် တို့က မြှောက်ချင်လဲ မြှောက်တာ....(မှန်ပါ)။

အရေးကြီးတာက.... ကိုယ့်ကိုကိုယ် ပါးဖို့ အရေးကြီးပါ တယ်၊ သားတွေ သမီးတွေ, ဆွေတွေ, မျိုးတွေအတွက် ပါးဖို့ နပ်ဖို့ကို ဒါလောက် အရေးမကြီးပါဘူး....(မှန်ပါ)ဒီဟာတွေက ထူတဲ့ သဘောဖဲ သက်ရောက်ပါတယ်လို့ တကာကြီး လှိုင်.... ပြောလိုက်ပါတယ်....(မှန်ပါ)။

ကိုယ့်ကိုယ်အတွက် ကိလေသာ ပါးဖို့က.... (အရေးကြီးပါ တယ်ဘုရား) အရေးကြီးတယ်လို့ဆိုတာ မှတ်ပါနော်....(မှန်ပါ)

---

တတိယအကြိမ်

http://www.dhammadownload.com



ကောင်းပြီ–ဒါဖြင့် ဒါ ဘုန်းကြီးက ပြောတယ်လို့ တကာ တကာမတွေကမယူပါနဲ့နော်....(မှန်ပါ)သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ အရှင်သာရိပုတ္တရာကြီး.... သီတင်းသုံးပြီး.... နေတော့ ရဟန်းတွေကလဲ အရှင်သာရိပုတ္တရာ၏တရားနာချင်ကြ တယ်၊ အရှင်မောဂ္ဂလ္လာန်ကြီးကလဲ နာချင်တယ်။

ဒီကဲ့သို့ နာချင်ကြတာနဲ့ အရှင်သာရိပုတ္တရာကြီးက ကိုယ်ပေါ် တရားဟောတယ်နော်... (မှန်ပါ) ကွာ....တဲ့ လောကကြီးထဲမှာ လူလေးယောက်ရှိတယ်ဟေ့....လို့ စ,လိုက်တယ်နော် ....(မှန်ပါ ဘုရား)။

လောကကြီးထဲမှာ လူလေးယောက် ရှိတယ်လို့ ကိုမြင့်.... စ,လိုက်တယ်....(မှန်ပါ)လေးယောက် ဘယ်သူ့ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့ ကိလေသာ ရှိလျက်သားနဲ့ ကိလေသာ အညစ်အကြေး ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်တယောက်ဟေ့.... (မှန်ပါ ဘုရား)။

ဘာတဲ့တုံး တကာတကာမတို့....(ကိလေသာ အညစ်အကြေး ရှိလျက်သားနဲ့ ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်တယောက်ပါဘုရား)။

တကာကြီးလှိုင်မှတ်ထားနော်...,(မှန်ပါ) အရှင်သာရိပုတ္တရာ ကြီးက ဟောနေတယ်၊ တကာတကာမတို့ အရှင်သာရိပုတ္တရာ ဟောနေတာ နားထောင်ပါ... (မှန်ပါ) ကိလေသာ အညစ် အကြေး ရှိလျက်သားနဲ့ ရှိတယ်လို့ မသိတဲ့ ပုဂ္ဂိုလ်တယောက် ကွ....တဲ့...(မှန်ပါ)။

**ဦးတာကလေးမှတ်မိပြီ**....(မှတ်မိပါပြီဘုရား)ဒါက **၁–နံပါတ် ပုဂ္ဂိုလ်**....။

**တတိယအကြိမ်**

http://www.dhammadownload.com



၂–နံပါတ်ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေး ရှိလဲ ရှိပါ တယ်၊ ရှိတယ်လို့လဲ သူက သိတယ်၊ ခုနက ပုဂ္ဂိုလ်နဲ့သိမှု့မသိမှု ကွာသွားတယ်....(ကွာသွားပါတယ်ဘုရား)။

ဒုတိယပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေးရှိတာကို ရှိတယ် လို့ သူသိပါတယ် ....'(သိပါတယ်ဘုရား) သူ သိတယ် ဒုတိယ ပုဂ္ဂိုလ်က.... (မှန်ပါ့)ဘယ်နှစ်ယောက်ရှိသွားပြီလဲ–(နှစ်ယောက် ပါဘုရား)။

မှတ်မိပြီနော်....(မှန်ပါ့) နောက်က တကာတကာမတွေ ပထမ ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေးရှိတာကို ရှိတယ်လို့ မသိတဲ့ပုဂ္ဂိုလ်တယောက်....(မှန်ပါ့ဘုရား) နောက်ပုဂ္ဂိုလ်က ကိ လေသာ အညစ်အကြေးတွေရှိနေတာကို ရှိတယ်လို့ သူ့ဟာသူ သိတဲ့ ပုဂ္ဂိုလ်က တယောက်....(မှန်ပါ့)တကာကြီးလိုင် ဘယ်နှစ် ယောက် ရှိသွားပတုံး (နှစ်ယောက်ပါဘုရား)....လေးယောက် စေ့အောင် ပြောရမယ်။

နောက် တတိယ ပုဂ္ဂိုလ်ကတော့ ကိလေသာ မြူမှေးအညစ် အကြေး သူ့မှာမရှိဘူးတဲ့နော်–(မှန်ပါ့) မရှိပါဘူး၊အဲဒီတော့ မရှိတာကို သူကလဲ မရှိဘူးလို့ မသိပဲ ဖြစ်နေတယ်....(မှန်ပါ့) ဒါက ဘယ်ပုဂ္ဂိုလ်ပါလိမ့်....(တတိယပုဂ္ဂိုလ်ပါဘုရား)။

ကိလေသာ အညစ်အကြေး မရှိတဲ့ပုဂ္ဂိုလ်က သူ့ဟာသူမရှိ ဘူးလို့ ဟုတ်တိုင်းမှန်စွာ မသိပဲ ဖြစ်နေတယ်....(မှန်ပါ့)။

ဦးဘကလေး ဒီပုဂ္ဂိုလ်ဟာ ဘာပါလိမ့်....(တတိယပုဂ္ဂိုလ် ပါဘုရား) တတိယပုဂ္ဂိုလ်နော်....(မှန်ပါ့ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



တကာတကာမတွေ သေသေချာချာမှတ်ပါ၊ စတုတ္ထပုဂ္ဂိုလ်ကတော့ ကိလေသာ အညစ်အကြေးမရှိတာကို မရှိဘူးလို့ သိတယ်....(မှန်ပါ့)။

ဘယ်နှစ်ယောက်ရှိသွားပလဲ..., (လေးယောက်ရှိသွားပါပြီ)၊ လေးယောက်ရှိသွားပြီ တကာတကာမတို့ ။

လေးယောက်ရှိသွားပါပြီ သေသေချာချာမှတ်ပါ (မှန်ပါ့)၊ ပထမပုဂ္ဂိုလ် ပြန်ပြောပါဦးမယ် တကာကြီးလှိုင်....(မှန်ပါ့)။

(၁) ပထမ ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေးရှိတာကို ရှိတယ်လို့ မသိဘူး သူက... (မှန်ပါ့)။

(၂) ဒုတိယ ပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေးရှိတာကို ရှိတယ်လို့ သူ သိတယ် (မှန်ပါ့)။

(၃) တတိယပုဂ္ဂိုလ်က ကိလေသာ အညစ်အကြေး သူ့မှာ မရှိတာကိုတဲ့ မရှိဘူးလို့ သူ မသိပဲ ဖြစ်နေတယ်....(မှန်ပါ့)။

(၄) စတုတ္ထ ပုဂ္ဂိုလ်ကတော့ ကိလေသာ မြူမှုန် မရှိတာကို မရှိဘူးလို့ သိတယ်....(မှန်ပါ့) သဘောပေါက်ပလား....(ပါ–ပါပြီ) ဘယ်နှစ်ယောက်ပါလိမ့်....(လေးယောက်ပါဘုရား)။

အဲဒါအရှင်သာရိပုတ္တရာကြီးကဟောတော့အရှင်မောဂ္ဂလ္လာန်က မေးတယ်၊ အရှင်ဘုရား.. အရှင်ဘုရားက ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးလဲ ဖြစ်ပါတယ်၊ ပထမ ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ် ဒုတိယ

http://www.dhammadownload.com



ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်၊ တတိယ ပုဂ္ဂိုလ်၊ စတုတ္ထ ပုဂ္ဂိုလ်တို့က ဘယ်လို ပုဂ္ဂိုလ်တွေလဲ ဆိုတာကို တပည့်တော်များ ရှင်းလင်း ပြောပြပါဦးလို့ အရှင်မောဂ္ဂလ္လာန်ကြီးက တောင်းပန်တယ်နော် (မှန်ပါ)။

အရှင်သာရိပုတ္တရာကြီးက ဟောလို့ အရှင်မောဂ္ဂလ္လာန်က ... တောင်းပန်တယ်၊ မင်းတို့ သေသေချာချာ နားထောင် ငါ သေသေချာချာ ရှင်းပြမယ်၊ လောကကြီးထဲမှာ ဒီပုဂ္ဂိုလ်လေး ယောက်ရှိတယ် ...ကွ....တဲ့....(မှန်ပါ)။

လောကကြီးထဲ ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိသလဲ....(လေး ယောက် ရှိပါတယ်ဘုရား)။

ပထမပုဂ္ဂိုလ်ဟာကွာ....တဲ့ ကိလေသာ အညစ်အကြေးတွေ ရှိလျက်နဲ့ သူ့သည် ရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ဟာ ယုတ်တဲ့ ပုဂ္ဂိုလ် ဟေ့ တဲ့....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ကိလေသာမြူမှေး အညစ်အကြေးတွေ ရှိပါလျက်သားနဲ့ ရှိမှန်းမသိတဲ့ပုဂ္ဂိုလ်ဟာ....(ယုတ်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဒုတိယပုဂ္ဂိုလ်ကတော့ ကွာ....တဲ့ ကိလေသာမြူမှေး အညစ် အကြေးတွေ ရှိတာကို ရှိတယ်လို့ သိသောကြောင့် သူက မြတ် တဲ့ ပုဂ္ဂိုလ်....(မှန်ပါ)မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

အရှင်မောဂ္ဂလ္လာန်ကြီးက တောင်းပန်လို့ ဟောရပြန်ပါတယ် တကာတကာမတို့....(မှန်ပါ)။

တတိယ ပုဂ္ဂိုလ်ကတော့ ကိလေသာ ပါးရှားလို့ မရှိတဲ့.... ပုဂ္ဂိုလ်၊ ကိလေသာ ပါးပါးရှားရှားနေတဲ့ ပုဂ္ဂိုလ်ဟာ ပါးပါး

http://www.dhammadownload.com



ရှားရှား နေတယ်လို့ သူက မသိပဲ ဖြစ်နေတယ်.... (မှန်ပါ့) အဲဒါကြောင့် သူကလဲ ယုတ်တဲ့ပုဂ္ဂိုလ်ပဲ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

သူ့မှာ ကိလေသာတော့ နည်းတော့ နည်းပါတယ်(မှန်ပါ့) မရှိလောက်အောင် မဂ်နဲ့ ပယ်လောက်အောင်တော့ မဟုတ်ဘူးပေါ့ဗျာ ၊ ငုပ်နေတဲ့ ကိလေသာပဲတဲ့၊ သူ့မှာ မရှိပါဘူး၊ အနည်းငယ်လောက်သာ ရှိတာကို သူဟာ ရှိတယ်လို့ မသိပဲ ဖြစ်နေတယ် (မှန်ပါ့)သူလဲ ယုတ်တဲ့ပုဂ္ဂိုလ်ပဲ....(မှန်ပါ့) သူက တတိယမြောက် ပုဂ္ဂိုလ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

စတုတ္ထပုဂ္ဂိုလ်ကတော့ ကိလေသာ မရှိတာကို မရှိဘူးလို့ သိသောကြောင့် သူက မြတ်တဲ့ပုဂ္ဂိုလ်....(မှန်ပါ့)။

လေးယောက်ကို ချုံးလိုက်ပြန်တော့လဲ ယုတ်တဲ့ ပုဂ္ဂိုလ်က နှစ်ယောက်၊ မြတ်တဲ့ပုဂ္ဂိုလ်က (နှစ်ယောက်ပါဘုရား)။

ဒါ တကာတကာမတွေ ကိုယ်ဘယ်ထဲ ပါတယ်ဆိုတာ သိကြရတော့မယ် (မှန်ပါ့)တကာကြီးလှိုင်....ကိုယ် ဘယ်ထဲပါတယ်ဆိုတာ ဝေဖန်ရတော့မယ် ကျုပ်တို့....နော်(မှန်ပါ့) ဝေဖန်ရမယ်....။

ကိုမြင့်....ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ပါလိမ့်... (လေးယောက်ပါဘုရား)မြတ်တဲ့ ပုဂ္ဂိုလ်....(နှစ်ယောက်ပါဘုရား)ယုတ်တဲ့ ပုဂ္ဂိုလ်က....(နှစ်ယောက်ပါဘုရား)နှစ်ယောက်တဲ့...။

တကာတကာမတွေ သေသေချာချာ မှတ်ကြပါတဲ့ .... ဒါပြင်ဖို့ ဆင်ဖို့ ဟောတာပါပဲလို့ ဦးဘကလေး မှတ်ရလိမ့်မယ် (မှန်ပါ့ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကိုယ့်အနေ့၊ ကိုယ့်အထိုင်တွေ ပြင်ဖို့ ဆင်ဖို့ ဟောတာပဲ ဆိုတာ အရှင်သာရိပုတ္တရာကြီးဟောလို့ အရှင်မောဂ္ဂလ္လာန်က တောင်းပန်လို့ တခါနှစ်မျိုး ခွဲရပြန်တယ်ဆိုတာကော ကိုပေါ်က ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အေး....ဒီအတိုင်း မှတ်ထားပေါ့နော်....၊ ကဲ....ရှင်းပြမယ်.... ရှင်းပြမယ်... တကာ တကာမတို့ ပထမဆုံး ပုဂ္ဂိုလ်က အယုတ်ပုဂ္ဂိုလ်....(မှန်ပါ့) တတိယ ပုဂ္ဂိုလ်ဟာကော....(အယုတ်ပုဂ္ဂိုလ်ပါဘုရား) အဲ.... ဒုတိယနဲ့ စတုတ္ထသာလျှင် အမြတ်ပုဂ္ဂိုလ်.... (မှန်ပါ့)မှတ်မိပလား (မှတ်မိပါပြီဘုရား)။

သေသေချာချာ မှတ်ကြ တကာတကာမတို့၊ သေသေချာချာ မှတ်ပါ၊ နာကြီးကြီးနဲ့ ထောင်ပါ ဆိုတာကိုလဲ တကာကြီးလှိုင်... ပြောရတယ်....(မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ တစ်သခေျှနဲ့ကမ္ဘာတသိန်း အသားတွေ့အသွေးတွေ့အရိုးတွေလှူပြီးမှလက်ယာရံအရှင်သာရိပုတ္တရာ ဖြစ်လာတယ်၊ ဒီ ဉာဏ်ရဖို့ ကိုပေါ် လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

တစ်သခေျှနဲ့ ကမ္ဘာတသိန်းဖြည့်ဆည်းမှ ဒီဉာဏ်တွေ ရတယ် (မှန်ပါ့)။

ဦးဘကလေး လွယ်လွယ်တရားလို့ ဆိုလို့ ရပါ့မလား .... (မရပါဘုရား)။

ဟောနိုင်တဲ့ ပုဂ္ဂိုလ်ကလဲ တစ်သခေျှနဲ့ ကမ္ဘာတသိန်း ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့အသား၊အသွေးတွေလှူ၊အမျိုး..

http://www.dhammadownload.com



မျိုး, အဖုံဖုံ အကျင့်မျိုးစုံတွေကို ကျင့်၊ ဒီကျတော့မှ ဒီဉာဏ် ရလို့ ဟောနိုင်တယ်ဆိုတာ မှတ်ရမယ်နော်....(မှန်ပါ့)။

မေးတဲ့အရှင်မောဂ္ဂလ္လာန်ကြီးကလဲတစ်သချေ်နဲ့ကမ္ဘာတသိန်း သူ ကျင့်လို့သာလျှင် ဒီ အဓိပ္ပာယ်တွေကို မေးလဲ မေးရဲတယ်၊ နားထောင်တဲ့ အခါမှာလဲ နားလည်တယ်ဆိုတာ မှတ်ရမယ်.... (မှန်ပါ့)။

တကာကြီးလိုင်....လွယ်ကူရဲ့လားဗျာ....(မလွယ်ကူပါဘုရား) မလွယ်ကူဘူးဆိုတာ မှတ်လိုက်တာပေါ့ (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပထမပုဂ္ဂိုလ် ရှင်းပြပါမယ်နော်.... (မှန်ပါ့) ပထမပုဂ္ဂိုလ်ဟာ အယုတ်ပုဂ္ဂိုလ်နော်....(မှန်ပါ့)တတိယ ပုဂ္ဂိုလ် ကော ...(အယုတ်ပုဂ္ဂိုလ်ပါဘုရား) ဒုတိယ၊စတုတ္ထက....(အမြတ် ပုဂ္ဂိုလ်ပါဘုရား)။

ဒါကလေး မှတ်ထားလိုက်တော့ စောစောစီးစီး ကလေးက တကာတကာမတွေက အကျဉ်းချုံး မှတ်ထားတော့ ဘုန်းကြီး က တခါ အကျယ်ချဲ့ပြီး ပြောမယ်ဆိုတော့ ဦးဘကလေး ရှင်း သွားတာပေါ့....(မှန်ပါ့ဘုရား)။

ပထမပုဂ္ဂိုလ်က တကာတကာမတို့နော်... ကိလေသာ အညစ် အကြေး ရှိနေပါလျက်သားနဲ့ ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်....(မှန်ပါ့ ဘုရား)။

ရှိတာကို....(ရှိမှန်းမသိပါဘုရား) ရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ဆို တော့ အင်း....အညစ်အကြေးရှိတာကို ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ ဆေးချင်,ကြောချင်တဲ့စိတ် လာပါ့မလား.... (မလာပါဘုရား)။

http://www.dhammadownload.com



ဆေးချင်, ကြောချင်စိတ် မလာတဲ့အပြစ်မှာ သူလုပ်နေတဲ့ အလုပ်တွေကလဲ ရှိမှန်း မသိတော့ကို အညစ်အကြေး တွေပဲ ထပ်ပြီး မလုပ်ဖူးပေဘူးလား.... (လုပ်ပါတယ်ဘုရား) လောဘ ဒေါသ, မောဟ အလုပ်တွေပဲ မလုပ်ပေဘူးလား... (လုပ်ပါ တယ်ဘုရား)။

တကာကြီးလိုင်....နဂိုကလဲ အညစ်အကြေးက ရှိပြန်၊ ရှိမှန်း ကလဲ မသိပြန်ဆိုတော့ နောက်ထပ် ထပ်လုပ်နေတဲ့ ကိုယ့် အရောင်းအဝယ်အပြောအဆိုတွေက ဘာတွေပါလိမ့်....(အညစ် အကြေးတွေပါဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ် အညစ်အကြေး ရှိမှန်း မသိတော့ အညစ်အကြေးတွေပဲ ထပ်တင်အောင် ကြိုးစားနေ တယ်....(မှန်ပါ့) သဘောပါသလား....(ပါပါပြီဘုရား)။

အညစ်အကြေးကို နဂိုကလဲရှိ....(မှန်ပါ့) ရှိမှန်းက မသိတော့ အညစ်အကြေးတွေပဲ ထပ်ပြီးသကာလ သူ ရောင်းလိုက်, ဝယ် လိုက်, ပြောလိုက်၊ ရောင်းမှား, ဆိုမှား, ပြောမှားဲတွေ ကိုပေါ် မရှိပေဘူးလား... (ရှိပါတယ်ဘုရား)။

ဒါဖြင့် နဂိုကလဲ အညစ်အကြေးက ရှိလျက်နေ၁် (မှန်ပါ့) နောက်တခါ အညစ်အကြေးပဲ ထပ်တင်အောင် လုပ်ပြန်တယ် ဆိုတဲ့သဘော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ယုတ်တဲ့ပုဂ္ဂိုလ် ဆိုမလား....မြတ်တဲ့ ပုဂ္ဂိုလ် ဆိုမလား....(ယုတ်တဲ့ပုဂ္ဂိုလ်ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



တကာတကာမတို့တယောက်အတွက်ပေါ်လာပြီ.... (မှန်ပါ့ ဘုရား)ဦးဘကာလေး....တယောက်အတွက် ဘယ့်နှယ်တုံး ...ပေါ် လာပါပြီဘုရား)။

ကွာ....တဲ့ မင်းတို့နားလည်အောင် ငါ လောကီ ဥပမာနဲ့ ပြောပါမယ်၊ တကာကြီးလှိုင်....လောကီ ဥပမာနဲ့ ငါပြောမယ် ကွ....တဲ့။

လူတယောက်သည် ဈေးထဲက ရေသောက်ဖို့ ကြေးဖလား တခု ဝယ်လာခဲ့တယ်ကွာတဲ့၊ ကြေးပန်းထိမ်ဖိုကြေးခွက်ဆိုင်ကနေ ပြီး ကြေးဖလားတွေ ဝယ်လာတော့ ဟိုမှာ တိုက်ချွတ်ထားတာ မှ မဟုတ်တော့ အညစ်အကြေး, ကြေးညှိတွေ, ဘာတွေနဲ့ဝယ် ခဲ့ကြရတာပေါ့ဗျာ....(မှန်ပါ့)။

အိမ်ကျတော့လဲ ဆေးလား, ပွတ်လား, ချွတ်လား ကလဲ သုံးဆောင်ခြင်း အလုပ်ကလဲ ဟာ ချက်ချင်းပဲ သုံးဆောင် မယ်, ရေခပ်သောက်မယ်, ဘာလုပ်မယ်လို့ မလုပ်သေးဘူး၊ဒီလို သောက်ဖြစ်မယ် ဆိုယင်လဲ သူ့ဟာသူ ပွတ်ဦးမှာပေါ့ဗျာနေဘ် (မှန်ပါ့)။

အခုတော့ ဒီလိုလဲ မပွတ်ဘူး၊ အိမ်ကျတဲ့ အခါတော့လဲ ခုနက မြေတွေပေါ်မှာ ဖုန်တွေကြားထဲမှာ ထိုးချင်တဲ့ နေရာ, အညစ်အကြေးပေါတဲ့ နေရာ ထိုးထားလိုက်တယ်။

တကာကြီးလှိုင် ဘယ် ထိုးထားလိုက်ပါလိမ့်.... (အညစ် အကြေးပေါတဲ့နေရာ ထိုးထားလိုက်ပါမယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ကိုပေါ်... ညစ်သထက် ဘယ့်နှယ်တုံး....(ညစ်ပါတယ် ဘုရား) အဲဒီ ကြေးဖလားလို ဖြစ်သွားတယ်ကွာ တဲ့....(မှန်ပါ့ ဘုရား)။

ဈေးက ဝယ်ကုန်းကလဲ မစင်ကြယ်ခဲ့ဘူး....(မှန်ပါ့)ဒီကျလဲ သုံးဆောင်မှုကလဲ လုပ်သေးရဲ့လား....(မလုပ်ပါဘုရား)။

မလုပ်တော့ အညစ်အကြေးရှိတဲ့ နေရာမှာပဲ တော်ရာ ချောင်ထိုးထားလိုက်တော့ အညစ်အကြေးက ဈေးက တက်ချင် ချင်ကိုးဗျ .. (မှန်ပါ့)သူထိုးတဲ့ ချောင်ကလဲ အညစ်အကြေးတွေ ကလဲ ပေပါတိန့်....ဆိုတော့ သုံးလို့ စွဲလို့ကို ဖြစ်သေးရဲ့ လား....(မဖြစ်ပါဘုရား)။

အဲဒီလိုပဲကွာ....တဲ့ အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ်ဟာ အညစ် အကြေးရှိမှန်း မသိပြီဆိုမှဖြင့် အညစ်အကြေး စင်ကြယ်အောင် အားထုတ်မဟဲ့...ဆိုတဲ့ ဝိပဿနာ အလုပ်တွေ လုပ်ကို မလုပ် တော့ဘူးဟေ့တဲ့....(မှန်ပါ့) မိုက်သထက်သာ မိုက်သွားတော့ တာပဲ....(မှန်ပါ့)။

တကာကြီးလှိုင်.... ဘယ့်နှယ်တုံး.... (မိုက်သထက်သာ မိုက် သွားပါတယ်ဘုရား)။

နဂိုကလဲ ပုထုဇဉ် အညစ်အကြေးတွေနဲ့၊ ကိလေသာအညစ် အကြေးတွေနဲ့ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီ အညစ်အကြေးတွေနဲ့ ဥစ္စာကို ခုနက ကြေးဖလား ဝယ်လာပြီးသကာလ မသုံးဆောင်ပဲနဲ့ ဈေးဩှော်ပေါ်တဲ့ဆီ ဖုံ

http://www.dhammadownload.com



ထဲ, ဘာထဲပဲ ထားလိုက်တော့ သာပြီးတော့ ဘယ့်နှယ်ဖြစ်သွားသလဲ....( အညစ်အကြေး တက်ပါတယ်ဘုရား ) သာပြီး အညစ်အကြေး တက်လာတော့တယ်ဆိုတာ တကာကြီးလှိုင်.... ရိပ်မိပလား....( ရိပ်မိပါပြီ ) သုံးဖြစ်သေးရဲ့လား.... (မဖြစ်ပါ ဘုရား)။

ဝယ်တုန်းကလဲ အညစ်အကြေး ပါခဲ့တယ်....( မှန်ပါ့ ) နောက်ကျတော့ သုံးဆောင်ခြင်းကိုလဲ မလုပ်တော့ ပွတ်ခြင်း တိုက်ခြင်းကလဲ မလုပ်ဖြစ်တော့ဘူး....(မှန်ပါ့)အင်း....ချောင်ထဲ မှာပဲ ထိုးထားလိုက်တော့ ကြေးညှိတွေ ပိုမတက်ဘူးလား.... (တက်ပါတယ်ဘုရား) မှုတွေကော (တက်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့် တက်ပါလိမ့် မတုံးလှို့ တကာ တကာမတွေက မေးတဲ့အခါ အညစ်အကြေးရှိတာကို အညစ် အကြေးရှိတယ်လို့ မသိလို့....(မှန်ပါ့) ရှင်းပလား....ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာကြီးလှိုင်....မေးရတော့ ပုထုဇဉ်က ကိလေသာ ပေါများလို့ အညစ်အကြေး ရှိတယ်နေ၁်....(မှန်ပါ့) မွေး ကတည်းက တကာကြီးလှိုင်....ကိလေသာ အညစ်အကြေးပါ မလာဘူးလား....(ပါလာပါတယ်ဘုရား)။

အဲဒါ မသိတော့ တရားတည်းဟူသော ဝိပဿနာဉာဏ်တွေ နဲ့ ဆေးကြောမပစ်လိုက်တော့ဘူး..။ရောင်းမှု, ဝယ်မှု, သားရေး သမီးရေး, စီးပွားရေးနဲ့ပဲ အချိန်ကုန်တော့ နဂိုက အညစ် အကြေးပေါ်မှာ အညစ်အကြေးထပ်လာတယ်....(မှန်ပါ့)ရိပ်မိ ပလား.... (ရိပ်မိပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဈေးထဲက ဝယ်တုန်းကလဲ ကြေးဖလားက စင်စင်ကြယ်ကြယ် မဟုတ်ခဲ့… (မှန်ပါ့) အိမ်ကျတော့လဲ ပွတ်တိုက်ပြီး သုံးဆောင်တာ မဟုတ်တော့ တနေရာ ချောင်ထိုး ထားလိုက်ပြန်တော့ ပိုပြီးသကာလ ချေးတွေ, ထုတွေ တက်မလာဘူးလား….(တက်လာပါတယ်ဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတာ အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ဟာ အညစ်အကြေး စင်ကြယ်အောင် လုပ်ပါမယ်ဆိုပြီး သကာလ ကာယကံ, ဝစီကံ, မနောကံ အလုပ်တွေ လုပ်သေးရဲ့လား….(မလုပ်ပါဘုရား) မလုပ်တော့ သူသည် သေသည်၏ အခြားမဲ့၌ အပါယ်သွားတယ်ကွာ….တဲ့….(မှန်ပါ့)။

တယ်….သဘောပါတဲ့ ကိုယ်တော်ကြီးပါကလား….(မှန်ပါ့) တကာကြီးလှိုင်….သဘောပါသလား….( မှန်ပါ့ ) နောက်က တကာတကာမတွေ….(ပါပါတယ်ဘုရား)။

အဲ …ခင်ဗျားတို့ကို အခု ဘုန်းကြီးက တရားအားထုတ်ကြ တရားအားထုတ်ကြလို့ ပြောတာက ကိုယ်ပေါ် …နဂိုကလဲကိလေသာ အညစ်အကြေးတွေနဲ့ လာခဲ့တယ်….(မှန်ပါ့) ပစ်မထားပါနဲ့ဆိုတော့ ကိလေသာ အညစ်အကြေး တွေဟာ ပါးပါး…. ပါးပါး….ပါးပါးမသွားဘူးလား….(သွားပါတယ် ဘုရား)။

အဲဒါ အရောင်ထွက်ပြီးသကာလ လာတဲ့ ကြေးဖလားလို ဖြစ်လာအောင်လို့ ဉာဏ်ရောင်တွေ, ဘာတွေထွက်ပြီး ကလာလ လာအောင်လို့ အညစ်အကြေးရှိတာကိုဖြင့် တကာတကာမတို့ ချောင်ထိုးပြီးသကာလ သားရေး, သမီးရေး, စီးပွားရေးနဲ့အချိန် မကုန်လိုက်ပါနဲ့၊ ကုန်လိုက်လို့ ရှိယင်ဖြင့် အားထုတ်ချင်တဲ့စိတ်

http://www.dhammadownload.com



ဟာလဲ ရှိမှန်းမသိတော့ လာသေးရဲ့လား....(မလာပါ)ဒီ့ထက် ပိုမိုအားထုတ်ချင်တဲ့စိတ် လာသေးရဲ့လား.... (မလာပါဘုရား)။

မလာတဲ့အပြင် သူ့မှာ ဘာတွေ ဖြစ်နေသတုံးဆိုတော့.... မသိတဲ့အတွက် မသိတဲ့အလုပ်တွေပဲ ဦးဘကလေး ပိုမိုလုပ် တယ် (မှန်ပါ့) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒီတော့ နဂိုက အညစ်အကြေးပေါ်မှာ အညစ်အကြေး ဆင့်တဲ့ အခိပ္ပာယ် ရောက်–မရောက်....(ရောက်ပါတယ်ဘုရား)။

ဟာ....မောင်ခင်တို့ တော်–တော်သေးတယ်။မင်းတို့လုပ်ဖြစ် လို့.... (မှန်ပါ့) တော်–တော်သေး တကာတကာမတို့ လုပ်ဖြစ် ကြလို့ ... (မှန်ပါ့) မလုပ်ဖြစ်တဲ့ ပုဂ္ဂိုလ်များ ၁ နံပါတ် ပုဂ္ဂိုလ် ဖြစ်သွားတယ် (မှန်ပါ့)။

အညစ်အကြေးတွေ ပိုမိုပြီး တက်ပြီးသကာလ သေသည်၏ အခြားမဲ့၌ အပါယ်သာ သွားတာပဲကွ.... (မှန်ပါ့) ကိုမြင့်.... ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် လောကကြီးထဲမှာ တကာတကာမတွေက အတွေ့ အကြုံများတော့ အပေါင်းအသင်း ဆက်ဆံတွေ များကြတော့ အညစ်အကြေးရှိလျက်နဲ့ အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ် တွေ သိပ်များပါကလား.... (များပါတယ်ဘုရား)။

အညစ်အကြေးရှိလျက်နဲ့.... (အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်တွေ သိပ်များပါတယ်ဘုရား) သိပ်များတယ်ဆိုတာ ပေါ် လာကြပလား....(ပေါ်လာပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဈေးထဲက ဝယ်တုန်းကလဲ ကြေးဖလားက ဘယ့်နှယ်တုံး....(ကြေးညှိတွေ ပါပါတယ်ဘုရား)။

အိမ်ကျတော့လဲ သုံးဆောင်မှုအလုပ် မလုပ်တော့ကို ရေတို့ ဘာတို့ ခပ်မှု သောက်မှု မလုပ်ပဲနဲ့ ချောင်ထိုးထားလိုက်ပြန်တော့ ဈေးထဲက ဝယ်တာထက် ပိုမိုပြီး အညစ်အကြေးတွေ ထူလာပြန်တယ်....(ထူပါတယ်ဘုရား)။

တကာကြီးလှိုင် ဘယ့်နှယ် နေသတုံး.... (အညစ် အကြေး ပိုလာပါတယ်ဘုရား)။

အင်း....တကာကြီးလှိုင်တို့ စောင်းပြောနေတယ်လို့ မဆိုပါနဲ့....(မှန်ပါ့) မဆိုပါနဲ့တဲ့ အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ် အညစ်အကြေးပဲ ဆေးကြောရမည့် အလုပ်ကိုပဲ၊ ဒီအတိုင်းပဲ တို့သည်ကားလို့ဆိုလို့ ရှိယင်ဖြင့် ဒါနလဲ ထိုက်တန်သလောက် လုပ်ရပြီ၊ သီလလဲ ထိုက်တန်သလောက် လုပ်ရပြီ၊ ဘာလိုသေးသလဲ... ဆိုတဲ့ ဥစ္စာ ကိလေသာ အညစ်အကြေး သူ ဆေးမယ်လို့ ပြောတာက ဝိပဿနာ မဂ်ဉာဏ်တို့ကမှ သာလျှင် ဆေးနိုင်တာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ ခင်ဗျားတို့ အယင်တုန်းက ဒီ ဆရာသမားနဲ့ မတွေ့ခင် ရိုးရာနေတုန်းက အညစ် အကြေး ရှိလျက်နဲ့ အညစ်အကြေး ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ထဲ ခင်ဗျားတို့ ပါသွားတယ်....(ပါသွားပါတယ်ဘုရား)။

ဘယ်ထဲ ပါသွားပါလိမ့်....(အညစ်အကြေးရှိလျက်နဲ့ မသိတဲ့ ပုဂ္ဂိုလ်ထဲ ပါသွားပါတယ်ဘုရား)။

## တတိယအကြိမ်

http://www.dhammadownload.com



အညစ်အကြေးရှိလျက်နဲ့ ရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ထဲ ပါသွားတယ်....(မှန်ပါ့)အဲဒီ ပုဂ္ဂိုလ်မှာတဲ့ ရှင်သာရိပုတ္တရာက အညစ်အကြေး စင်ကြယ်အောင် လုပ်မယ်ဆိုတဲ့ လုံ့လဝီရိယဆန္ဒ ဘယ်တော့မှ မလာဘူးကွ....တဲ့....(မှန်ပါ့)လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ကိုတဲ့ အညစ်အကြေးပဲ ထပ်ပြီး တင်အောင်လုပ်တာပဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အညစ်အကြေးပဲ ထပ်တင်အောင် လုပ်လိုက်တဲ့ အတွက်တဲ့ သေသည်၏ အခြားမဲ့၌ အညစ် အကြေး တွေကြောင့်ပဲ .... မကောင်းသော စိတ်နဲ့ပဲ တကာကြီးလို့ပင်.... သေသွားရတယ်..... (မှန်ပါ့)။

ဒါ့ကြောင့် ငါ ၁–နံပါတ် ပုဂ္ဂိုလ်ကို ယုတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းလိုက်တယ်ကွာ....တဲ့ (မှန်ပါ့) တယ်ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးပါကလား.... (မှန်ပါ့) ဥပမာကော မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

အရှင်သာရိပုတ္တရာ ဟောနေတာတကာတကာမတို့....၊အဲဒါ ဒီ ကိုယ့် အတွက်က လာတော့မယ်.... ဒုတိယ ပုဂ္ဂိုလ်နေဉ် .... (မှန်ပါ့ဘုရား)။

ဒုတိယ ပုဂ္ဂိုလ်က တကာ တကာမတွေ ဘာတဲ့ ခုနက ဘုန်းကြီး သင်ထားတာ (အညစ်အကြေးလဲ ရှိတယ်၊ ရှိမှန်းလဲ သိပါတယ်ဘုရား)။

အညစ်အကြေးတော့ ရှိတယ်၊ ရှိမှန်း သိတယ်.... ( မှန်ပါ့ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အညစ်အကြေးတော့ ရှိတယ်တဲ့၊ ရှိမှန်း သိတယ်၊ ငါ့မှာ ပုထုဇဉ် ဖြစ်နေတော့ ကိလေသာတွေကလဲ မင်္ဂနဲ့ မပယ်ရသေးတော့ ရှိနေသေးတယ်။ အညစ်အကြေးရှိတယ်။ အဲဒီတော့ .... ဒီ အညစ်အကြေးကို ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်ကတော့ ဆေးမှပဲဟေ့ ....ကြောမှပဲဟေ့....၊ လုံ့လဝီရိယ လျှော့လို့ မတော်ဘူးဟေ့လို့....မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီလို ပုဂ္ဂိုလ်ကတော့ကို.... တဲ့ လုံ့လဝီရိယတွေ မလျှော့ပဲနဲ့ ဆေးကြောပြီးသကာလ လုပ်နေတဲ့အတွက် သေသည်၏အခြားမဲ့၌ သူက နိဗ္ဗာန်တို့ သုဂတိတို့ သွားတယ်ကွ....တဲ့.... (မှန်ပါ) ရှိတာကို ရှိမှန်းသိတော့ ဆေးကြောသကိုးကွ....တဲ့.... (မှန်ပါဘုရား)။

ဒုတိယ ပုဂ္ဂိုလ်ကို ဒါကြောင့် ငါကမြတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းလိုက်တယ်တဲ့.... (မှန်ပါ) ဘယ်ထဲ သွင်းလိုက်သလဲ.... (မြတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းပါတယ်ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့အခု ဒီတရားကို နာရတော့မှ ခြော်.... တို့သည်ကား အညစ်အကြေးကတော့ပင်ကိုကရှိလျက်ပဲတဲ့၊ မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်)။

ကိုမြင်.... အညစ်အကြေးကတော့ .... (ပင်ကိုရှိပါဘုရား)။

အဲဒါကို ဝိပဿနာအလုပ်တွေ လုပ်တဲ့အခါကျတော့ တကာတကာမတွေက ဘာလုပ်ကြတာပါလိမ့်.... (ဆေးကြောတာပါဘုရား) ဆေးကြောတယ်....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဆေးကြောတော့ စင်သေးတာပေါ့ဗျာ....(မှန်ပါ့) ဒီ ပုဂ္ဂိုလ်ကျတော့ အဋ္ဌကထာဆရာက ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ဟေ့ .... (မှန်ပါ့)။

ဒီကျအောင် လာလိုက်တယ် ဦးဘကလေး.... တယ်ကောင်းပါကလား ... (ကောင်းပါတယ်ဘုရား) ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်၊ ဘဗ္ဗပုဂ္ဂိုလ်ဟေ့လို့ တကာကြီးလှိုင် ဟောလိုက်တယ်....(မှန်လှပါဘုရား)။

အဲဒီတော့ တကာကြီးလှိုင်.... အားလျော့စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။

အညစ်အကြေးတော့ တကာကြီးလှိုင်.... ရှိတယ်၊ ရှိပေမယ့် အခု ဆေးကြောတဲ့ အလုပ်ဟာ တနေ့ကို အများကြီးလုပ်တယ် (မှန်ပါ့)လုပ်တဲ့အတွက် အရှင်သာရိပုတ္တရာက ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ကွ....တဲ့....(မှန်ပါ့)ဆေးဖော်ရတယ်....(မှန်ပါ့)။

လောကီဥပမာ.... ငါ ပြောမယ်ကွ....တဲ့၊ ဈေးထဲသွားပြီး သကာလ ...ဈေးထဲ ဖြစ်စေ, ပန်းထိမ်ဖို ဖြစ်စေ သွားပြီး ကြေးဖလားကြီးတခု ဝယ်လာခဲ့တယ်တဲ့၊ ဘယ်.... ဟိုက တိုက်ချွတ်ပေးတာ ဟုတ်မလဲ ဖိုထုတ်ပေါ့....ဟင်.... (မှန်ပါ့)။

အဲဒါ အိမ်ကျတဲ့အခါကျတော့ သုံးဆောင်တယ်ကွာ....တဲ့၊ သုံးဆောင်ပြီးသကာလ သူ စားသောက်ပြီးသကာလ ပွတ်တိုက်ပြီး သုံးဆောင်ပါတယ်....တဲ့၊ သုံးဆောင်ပြီး လုံခြုံတဲ့ နေရာ, အခိုးမသန်းနိုင်တဲ့ နေရာ ထားလိုက်တယ်ကွာ....တဲ့၊ ဒီတော့ ဒီ ကြေးဖလားဟာ ကောင်းသထက် မကောင်းဘူးလား .... (ကောင်းပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ထို့အတူပဲတဲ့၊ အခု တရားအားထုတ်တဲ့ တကာတကာမတွေ ကျတော့ ပင်ကိုကတော့ အညစ်အကြေး ပါခဲ့ကြတယ် ပုထုဇဉ် ဆိုတာ....(မှန်ပါ)။

အခုတခါ ဝိပဿနာဉာဏ်မဂ်ဉာဏ်တွေနဲ့ ဆေးပစ်လိုက်တဲ့ အခါကျတော့ တကာကြီးလျှိုင်....စင်ကြယ် မသွားဘူးလား .... (စင်ကြယ်ပါတယ်ဘုရား)။

အဲဒီလို စင်ကြယ်တဲ့ ဖလားကျလာတော့ အို...နိဗ္ဗာန် ဆိုတဲ့ နေရာဌာနကလဲ ကောင်းတဲ့ ပစ္စည်းမို့ လက်ခံတယ်....(မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဩော်.... ငါတို့သည်ကားလို့ ဆိုလို့ရှိယင် မြတ်တဲ့ ဒုတိယ ပုဂ္ဂိုလ်ထဲ ပါသေးလို့ တော်သေးတယ်ဆိုတော့ ကိုပေါ် .... တယ်...ဝမ်းသာစရာ ကောင်းပါကလား.... (ကောင်းပါတယ် ဘုရား)။

တကာတကာမတွေ ဒီနေ့ တရားမှာ ကိုယ့်အတွက် အလုပ် လုပ်နေတဲ့ ပုဂ္ဂိုလ်၊ အလုပ်ကို ထ မြောက်အောင် လုပ်နေတဲ့ ပုဂ္ဂိုလ်၊ မမြောက်သေးပေမယ့် ဆေးကြောနေတယ်၊ ဝိပဿနာ ဉာဏ် ဖြစ်ပျက်မြင်နေတာလဲ ဆေးကြောပြီး ပြောင်အောင်လုပ် နေတာပဲ.... (မှန်ပါ)မဟုတ်ဘူးလား.... (မှန်ပါ)။

အဲဒီတော့ ဒီပုဂ္ဂိုလ်တွေကို အရှင်သာရိပုတ္တရာက ဘယ်အထဲ ထည့်လိုက်ပါလိမ့်....(မြတ်တဲ့ ပုဂ္ဂိုလ်ထဲ ထည့်ပါတယ် ဘုရား)။

တကယ်အဖိုးတန်ပါကလား–(မှန်ပါ)အဖိုးတန်တယ်ဆိုတာ တကာတကာမတွေ ကြားကြတယ်မဟုတ်လား....(မှန်ပါ)အင်း

http://www.dhammadownload.com



တို့ သာမည ပုဂ္ဂိုလ် မဟုတ်ဘူးဆိုတာ ပေါ်လာတယ်....(မှန်ပါ ဘုရား)။

အညစ်အကြေးရှိတာ ရှိမှန်းသိတာနဲ့ ဘာလုပ်ကြသလဲ..... (ဆေးကြောရပါမယ်ဘုရား)။

အင်း....ဝိပဿနာဉာဏ်, မဂ်ဉာဏ်တွေနဲ့ ဆေးကြောလိုက်တဲ့ အခါကျတော့ ဝိပဿနာဉာဏ်လာလဲ ပဋိစ္စသမုပ္ပါဒ် အညစ်အကြေးတွေ ....ပျောက်တာပဲ (မှန်ပါ)....ဝိပဿနာ မလုပ်ပဲ နေယင် ကာမဝိတက်ဆိုတဲ့ ပစ္စည်းရလိုမှုတွေ၊ ဗျာပါဒဝိတက်ဆိုတဲ့စိတ်တိုမှုတွေ စိတ်သဘောမကျမှုတွေ၊ ဝိဟိံသဝိတက်ဆိုတဲ့....ဘယ်သူ့ချိုးလိုက်မယ်, ဘယ်သူ့ကို ဖွဲ့လိုက်မယ်, ဘယ်သူ့ကို ငွေနဲ့ဖိလိုက်မယ်..ဟုတ်လား အစရှိသည်နဲ့ မလာပေဘူးလား (လာပါတယ်ဘုရား)။

အခု ဒါတွေ ရှိသေးရဲ့လား....(မရှိပါ) မရှိတော့ ဘုန်းကြီးတို့တကာတကာမတွေမှာ အညစ်အကြေးရှိတာ အညစ်အကြေး ရှိမှန်း သိသောကြောင့် ဆေးကြောတဲ့ ပုဂ္ဂိုလ်တွေနဲ့ တူပါတယ် (မှန်ပါ)....ဒီ....ပုဂ္ဂိုလ်ကတော့ ဘဗ္ဗပုဂ္ဂိုလ်၊ ဘဗ္ဗပုဂ္ဂိုလ်ဆိုတာ ကျွတ်ရမည့် ပုဂ္ဂိုလ်ကွ....တဲ့....(မှန်ပါ)....ဆေးကြောသကိုးဗျ... (မှန်ပါ)တကာကြီးလှိုင် အားမလျှော့နဲ့....(မှန်ပါ)။

တကာကြီးလှိုင်....အခု ဘယ်ထဲ ရောက်နေသလဲ....(ဆေးကြောတဲ့အထဲ ရောက်နေပါတယ်ဘုရား).... ဒုတိယ ပုဂ္ဂိုလ်ထဲ ရောက်နေတယ်... (မှန်ပါ)။

နောက်က တကာတကာမတွေက ကိုယ့်ဟာကိုယ် အားရှိကြရဲ့လား....(ရှိပါတယ်ဘုရား)။

## တတိယအကြိမ်

http://www.dhammadownload.com



အေး....ဒါကြောင့် တကာတကာမတွေ့တဲ့ ရှိတာ ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်ဟာ မြတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းလိုက်တယ်ဆိုတော့ကို.... ဦးမူကြီး....တော်တော် ညဏ်ကြီးတာပဲဆိုတာ ပေါ်လာတယ်၊ အရှင်သာရိပုတ္တရာဟာလေ....(မှန်ပါ့ဘုရား)။

ဦးဘကလေး ဘယ်နှစ်ယောက်ကျန်သေးသတုံး(နှစ်ယောက်ကျန်ပါတယ်ဘုရား) နှစ်ယောက်ကျန်သေးတယ်။

ဒီနှစ်ယောက်အနက် တတိယမြောက် ပုဂ္ဂိုလ်ကတော့ ဘာတုံးလို့ မေးတော့....သူ့မှာ ကိလေသာကတော့ ပင်ကို မွေးကတည်းက တော်တော်ပါးရှားတဲ့ ပုဂ္ဂိုလ်ပဲတဲ့....၊ မဂ်နဲ့တော့ မပယ်ရသေးဘူးပေါ့ဗျာ .. (မှန်ပါ့).... ကိလေသာ နည်းပါးတဲ့ ပုဂ္ဂိုလ်....(မှန်ပါ့)။

သို့သော်....သူ့စိတ်ထဲ ငါ့မှာ နည်းပါးတယ်လို့ သူ မသိဘူး... (မှန်ပါ့) မသိတော့ သူက အာရုံတောထဲ လျှောက်သွားလိုက်တယ်၊ ခင်စရာ, မင်စရာ သုဘနိမိတ်တွေပေါ့ဗျာ....စာလိုသုံးတော့ တကာကြီးလှိုင်....(မှန်ပါ့)။

သူဘာ တင့်တယ်တဲ့ အထဲမှာ ကျောက်တွေပေါ်တဲ့ အထဲ သဘင်သည်ပေါ်တဲ့အထဲ, ဘိုင်စကုတ်ခေတ်ရှင်ပေါ်တဲ့ အထဲကို သူ လျှောက်သွားတော့ ခုနက နဂိုကမှ နည်းနည်းပါးပါးရှိတဲ့ ဥစ္စာ မဟုတ်တဲ့နေရာ သွားမိတော့ ကိလေလာတွေက ထကြွသောင်းကျန်းလာတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

နဂိုကတော့ သူ ကိလေသာအညစ်အကြေး ပါးရှားတယ်.... နော်....(မှန်ပါ့)ပါးရှားမှန်း သူက မသိတော့ကို မတော်တဲ့ နေ

http://www.dhammadownload.com



ရာ သွားလိုက်တယ်၊ သဘောကျပလား ...(မှန်ပါ့) သူ ကိလေ သာ ထ,ကြွမည့်နေရာ (မှန်ပါ့)....အပေါင်းအသင်း မှားမည့် နေရာ အပြောအဆို မှားမည့်နေရာ, ပျော်စရာ, ပါးစရာ မျှား မည့်နေရာ သွားမိတယ်....(မှန်ပါ့)။

သွားမိတော့ သူက သြော်....ငါ့မှာ ကိလေသာ ထ,တယ် လို့လဲ မသိတော့ကို တကာတကာမတွေ ဆေးမိ့ ကြောမိသေး ရဲ့လား ... (မဆေးမိ့မကြောမိပါ)အင်း....သူ့ကို ဘယ်ပုဂ္ဂိုလ် ထဲ့သွင်းကြမတုံး....(ယုတ်တဲ့ ပုဂ္ဂိုလ်ထဲ သွင်းရပါမယ်)ယုတ်တဲ့ ပုဂ္ဂိုလ်ထဲပဲ သွင်းလိုက်ပါ...(မှန်ပါ့)။

တကာကြီးလှိုင်....ဘယ်ပုဂ္ဂိုလ်တဲ့ ...(ယုတ်မာတဲ့....ပုဂ္ဂိုလ်ပါ ဘုရား)။

ငါ့ဥပမာ.... ပြပါဦးမယ်ကွာ ...ဆိုပြီး အရှင်သာရိပုတ္တရာက တကာတကာမတို့ ဥပမာ....ပြတယ်နော်....(မှန်ပါ့) .. ဥပမာ.... ဘယ်လို ပြလိုက်ပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့်ကွာ....တဲ့ ကြေး ဖလားတခု ဈေးထဲက ပြောင်ပြောင်စင်စင်ဟာပဲ ဝယ်လာခဲ့ပါ တယ်....တဲ့....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒီကျတော့ သူလဲ မသုံးဆောင်ဘူးတဲ့၊ ရေသောက်ခွက်လဲ မလုပ်,ဘာလဲမလုပ်အိမ်ကျတော့ချောင်ထဲထိုးထားတယ်၊အညစ် အကြေးရှိတဲ့ ချောင်တွေထဲ ထိုးထားလိုက်တော့ ဦးဘကလေး ဘယ့်နှယ်နေသတုံး....(အညစ်အကြေးဘက်ပါတယ်ဘုရား)။

ပိုပြီး အညစ်အကြေးတွေ မလာဘူးလား....(လာပါတယ်) နဂိုကတော့ အပြောင်.... (မှန်ပါ့) နေရာများတာနဲ့, အထား

http://www.dhammadownload.com



မှားတာနဲ့ ပွတ်တိုက်မှု မလုပ်ပဲနဲ့ အထားမှားတာနဲ့ အညစ်အကြေး ပိုထက်လာတယ် (မှန်ပါ့ဘုရား)။

နဂိုက ဈေးထဲကဝယ်တုန်းကတော့ ခပ်ပြောင်ပြောင်ကလေး၊ ဒီကျတော့ သုံးစွဲ သုံးဆောင်မှုကလဲ မဲလုပ်တော့ ကိုမြင့်ရေ… အညစ်အကြေးထဲ သူက ဟိုချောင့်ဒီချောင် သွားထိုးတားလိုက်တယ်….(မှန်ပါ့) ထိုးထားလိုက်တဲ့အတွက် အညစ်အကြေးတွေ ဘာဖြစ်လာသတုံး… (ပိုတက်လာပါတယ်ဘုရား)။

အဲဒီ ပုဂ္ဂိုလ်ကတော့လဲကွာ .. တဲ့ နဂိုကတော့ ကိလေသာက ပါးရှားပါရဲ့… (မှန်ပါ့) သို့သော်—သူသည်ကားလို့ ဆိုလို့ ရှိယင် ပါးရှားမှန်း မသိတော့ကို… တဲ့ ခုနက ပျော်စရာ, ပါးစရာ, မူးစရာ, ယစ်စရာရှိတဲ့အထဲ သူကသွားပစ်လာပစ်တာ များတယ် (မှန်ပါ့)။

အဲဒီတော့ သူ့မှာ ကိလေသာတွေ ပါးရှားနေတာ ကိလေသာတွေ ထကြွလာပြီလို့လဲ မသိတော့ကိုတဲ့ ကြေးဖလား အပြောင်ဝယ်ပြီး ချောင်ထိုးလိုက်တဲ့အခါ အညစ်အကြေးပိုသလို သူ့မှာလဲ ပိုလာတာ မသိသောကြောင့် တကာတကာမတို့…. ဝိပဿနာ အလုပ်တွေကော ….လုပ်ဖြစ်သေးရဲ့လား….(မလုပ်ဖြစ်ပါ)ဆေးကြောတဲ့အလုပ်တွေလေ (မလုပ်ဖြစ်ပါဘုရား)။

မလုပ်ဖြစ်တော့ ဒီပုဂ္ဂိုလ် မြတ်တဲ့ ပုဂ္ဂိုလ်လား ယုတ်တဲ့ ပုဂ္ဂိုလ်လား….(ယုတ်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

အဲ ယုတ်တဲ့ပုဂ္ဂိုလ်ထဲ သွင်းလိုက်ပပေါ့….(မှန်ပါ့)။

တကာကြီးလှိုင်….ပါရမီ ပါပြီးသား ပုဂ္ဂိုလ်တောင်မှ ဒီကျတော့ မကောင်းတဲ့ နေရာသွား, မကောင်းသူနဲ့ ပေါင်းပြီး

http://www.dhammadownload.com



မကောင်းတဲ့ အလုပ်တွေ လုပ်မိပြီဆိုမှဖြင့်....တဲ့ ကိုပေါ်ရေ.... အညစ်အကြေး ပြန်တင်တယ်....(မှန်ပါ့)။

နို့သော်....သူ့မှာက အညစ်အကြေး မရှိပါပါလျက်နဲ့ မရှိမှန်း မသိတဲ့ ပုဂ္ဂိုလ် ဖြစ်နေတယ်....(မှန်ပါ့)။

မရှိမှန်း မသိတော့ ခုနက ကြေးဖလား ဝယ်လာပြီးသကာလ ခပ်ပြောင်ပြောင်ကလေး ဝယ်လာပြီးသကာလ တော်တော်ကြာ သူက ချောင်ထိုးထားလိုက်တဲ့အခါကျတော့ ဝယ်သထက် ဆိုးသွားတာပေါ့...(မှန်ပါ့)။

တကာတကာမတွေ ဘယ့်နှယ်ဆိုကြမလဲ...( ဝယ်သထက် ဆိုးသွားပါတယ်ဘုရား)။

ဒီမှာလဲ တကာ တကာမတွေ ကိုယ့်လူ့ဘဝရတာ ကိုယ့်ဖြင့် ဒီဘဝမှာ ကိလေသာ ပါးရှားတယ် တော်သေးရဲ့ .. တော်သေးရဲ့ဆိုပြီး နေကြွားသော်လဲ ဝိပဿနာအလုပ် မလုပ်ပဲနဲ့.... ပေါင်းချင်တာနဲ့ ပေါင်း, သင်းချင်တာနဲ့ သင်း, စားချင်သလို စား, သွားချင်သလိုသွား ဆိုတော့ အညစ်အကြေးတွေ ဘယ့်နှယ်နေသတုံး....(ပိုတက်လာပါတယ်ဘုရား)။

ပိုတက်လာတော့ ဒီ ပုဂ္ဂိုလ်ကို တကာတကာမတွေကဘယ်ထဲ သွင်းကြမယ်....(ယုတ်တဲ့ပုဂ္ဂိုလ်ထဲ သွင်းကြပါမယ်)အယုတ်ထဲ သွင်းရမယ်....(မှန်ပါ့)။

ဒါ့ကြောင့်သူသည်၁ နံပါတ်နဲ့ ၃နံပါတ်နဲ့အတူတူပဲ (မှန်ပါ့)

တကာတကာမတွေ ဘာတဲ့....(၁–နံပါတ်နဲ့ ၃–နံပါတ်အတူတူပါပဲ) ၁–နံပါတ်နဲ့ ၃–နံပါတ် အတူတူပဲကွ....တဲ့.... (မှန်ပါ့ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကိုင်း..တကာတကာမတွေ့ အဲဒီတော့ ခင်ဗျားတို့ကို သတိပေးပါတယ်၊ ခင်ဗျားတို့က အညစ်အကြေးတွေ ရှိတာကိုလဲ ဆေးကြောတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်နော် (မှန်ပါ့)အညစ်အကြေးဟာ အခု ပါးပါပြီ၊ မပါးသေးဘူးလား....(ပါးပါပြီဘုရား)။

အညစ်အကြေး အယင်နဲ့စာယင် အခု အများကြီးပါးသွားပြီ....(ပါးပါပြီ)ပါးလာတဲ့ ဥစ္စာကို ခုနက အပေါင်းအသင်းများ, အနေအထိုင်များနဲ့ အပြောအဆိုများနဲ့ ဆိုယင်ဖြင့် ချောင်ထိုးထဲ ပြန်ရောက်လို့ရှိယင်လဲ တခါ ပြန်မိုက်သွားဦးမှာလဲ စိုးရသေးတယ်....(မှန်ပါ့)တကာကြီးလှိုင်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အေး....တတိယပုဂ္ဂိုလ် မဖြစ်ပါစေနဲ့ ဆိုတာကိုလဲ သတိပေးရပြန်တယ်....(မှန်ပါ့)ဦးမူ ပေးထိုက်....မပေးထိုက်....(ပေးထိုက်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခပ်ပြောင်ပြောင်ကလေး ဆေးထားတာ ဒီကျတော့ နေ့စဉ်ထာဝရ ပွတ်ခြင်း,သပ်ခြင်း အလုပ်ကို မလုပ်ပဲနဲ့ ချောင်ထဲထိုးထားလိုက်ပြန်တော့ အညစ်အကြေးက ဘယ့်နှယ်နေသလဲ....(ပိုတက်ပါတယ်ဘုရား)။

ပြန်တက်လာပြန်တော့ သူက ဘယ်ပုဂ္ဂိုလ်လဲလို့ မေးတဲ့အခါ ကျတော့မှ အညစ်အကြေး မရှိတာကို မရှိမှန်း မသိတဲ့ပုဂ္ဂိုလ်....(မှန်ပါ့) ဒါကြောင့် ပြန်တက်လာတယ်၊ တကာကြီးလှိုင် ....သဘောပါပလား....(ပါပါပြီဘုရား)။

အေး....ဒီထဲလဲ မရောက်စေနဲ့ ဆိုတာကိုလဲ သတိမပေးရဘူးလား....(ပေးရပါတယ်) နားကော လည်ကြရဲ့လား....(လည်ပါ

http://www.dhammadownload.com



တယ်ဘုရား) ဘယ်နှစ်ယောက်ရှိသွားပလဲ....(သုံးယောက်ရှိသွားပါပြီဘုရား) သုံးယောက် ရှိသွားပြီဆိုတာ ပေါ်ကြရဲ့လား....(ပေါ်ပါပြီဘုရား)။

စတုတ္ထပုဂ္ဂိုလ်ကတော့ တကာကြီးလိုင်....အညစ်အကြေး သူ့ကိုလေသာ ပါးရှားလို့ အညစ်အကြေးနည်းတဲ့ပုဂ္ဂိုလ် (မှန်ပါ့) အညစ်အကြေးမရှိတဲ့ ပုဂ္ဂိုလ်ပဲ....(မှန်ပါ့)။

အဲဒီတော့ သူက မရှိတာကို မရှိမှန်းသိတဲ့အတွက်တဲ့ သူက အာရုံ တောထဲ ခုနက ကောင်းတဲ့ အာရုံတွေ တင့်တယ်တဲ့ အာရုံထဲ သွားငြားသော်လဲ သူက လောဘမဖြစ်အောင်တဲ့....၊ ဒေါသ မဖြစ်အောင်တဲ့....၊ မောဟ မဖြစ်အောင် တဲ့....၊ ဣဿာ မဖြစ်အောင်တဲ့....၊မာန မဖြစ်အောင်တဲ့... ဆိုပြီး သူက အမြဲ ရှောင်နေတာပဲ....(မှန်ပါ့)။

နဂိုကလဲ သူက ကိလေသာ ပါးရှားတဲ့ပုဂ္ဂိုလ်... (မှန်ပါ့) အာရုံတွေထဲတော့ လူရယ်လို့ ဖြစ်လာတော့ မသွား–မလာလို့လဲ မဖြစ်ပဲကိုး....(မှန်ပါ့) သို့သော်လဲ တွေ့တဲ့အခါမှာ ဒီအာရုံတွေကို သူက တွန်းလှန်နိုင်တဲ့ အခြေအနေ ရှိတယ်....(မှန်ပါ့ဘုရား)။

ဒီ အာရုံတွေ တွေ့တဲ့အခါ သုဘနိမိတ်တွေ တွေ့တဲ့အခါကျလို့ရှိယင်လဲ ဒါတွေလဲ အနိစ္စပဲ ကိုယ့်စိတ်လဲ အနိစ္စပဲ အစရှိသည်နဲ့ ဝိပဿနာဉာဏ် မကင်းပဲနဲ့ သွားလေ့ရှိတယ်...(မှန်ပါ့ဘုရား)။

သူကတော့ ယခုဘဝလဲ နိဗ္ဗာန်ရနိုင်တယ်ကွ... တဲ့... (မှန်ပါ့) သေသည်၏ အခြားမဲ့၌လဲ သုဂတိကနေ နိဗ္ဗာန်ကူးနိုင်တယ်ကွာ

http://www.dhammadownload.com



လို့ အညစ်အကြေး မရှိတာကို မရှိမှန်း နည်းပါးတာကို နည်းပါးမှန်း သိပြီးသကာလ အညစ်အကြေးတောထဲ သွားတဲ့ အခါလဲ သူက ဆင်ဆင်ခြင်ခြင်နဲ့ သွားလေ့ရှိတယ်.... ( မှန်ပါ့ ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘယ်နှစ်ယောက် ရှိသွားပလဲ.... (လေးယောက်ရှိသွားပါပြီဘုရား)။

ကဲ .. ခင်ဗျားတို့အလှည့် ပေးရဦးမယ်နော် .. ကိုမြင့်တို့ အားလုံးပေါ့ဗျာ....(မှန်ပါ့) ၁–နံပါတ်ပုဂ္ဂိုလ်က ဘယ်လို ပုဂ္ဂိုလ်ပါလိမ့်....(အညစ်အကြေးတင်တဲ့ပုဂ္ဂိုလ်) ဟင်....(ယုတ်တဲ့ ပုဂ္ဂိုလ်ပါ) ယုတ်တဲ့ပုဂ္ဂိုလ်....(မှန်ပါ့) ၃–နံပါတ် ပုဂ္ဂိုလ်က....(ယုတ်တဲ့ ပုဂ္ဂိုလ်ပါပဲဘုရား)။

တကာတကာမတို့ ၂–နဲ့ ၄–ကတော့....(မြတ်တဲ့ ပုဂ္ဂိုလ်ပါ) ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

ကဲ....ဒါက အကျဉ်းချုံး ပြောတာပါ အရှင်မောဂ္ဂလ္လာန်က မေးလို့နော်....(မှန်ပါ့) အကျယ်ပြောကြပါဦးစို့ ဆိုတော့ မှတ်မိမှ ကောင်းတယ် တကာတကာမတို့နော်....(မှန်ပါ့)။

၁–နံပါတ် ပုဂ္ဂိုလ်က အကျယ်က အညစ်အကြေးရှိလျက်နဲ့ (အညစ်အကြေးရှိမှန်း မသိတဲ့ ပုဂ္ဂိုလ်ပါ)ရှိမှန်း မသိတဲ့ ပုဂ္ဂိုလ် (မှန်ပါ့)။

ဘယ်ကြေးဖလားနဲ့ တူပါလိမ့်....၊ ဈေးထဲက ဝယ်တုန်းကလဲ အညစ်အကြေးနဲ့၊ ဒီကျ ချောင်ထိုးထားလို့.... (အညစ်အကြေးထပ်ထင်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့်သူ့ကိုယုတ်တဲ့ ပုဂ္ဂိုလ်ထဲသွင်းလိုက်.... (မှန်ပါ့)ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်ထဲ သွင်းကြမယ်....(ယုတ်တဲ့ပုဂ္ဂိုလ်ထဲ သွင်းရပါမယ်) ယုတ်တဲ့ ပုဂ္ဂိုလ်ထဲသွင်းရမယ်ဆိုတာဖြင့် ဘာမှ သံသယမရှိပါနဲ့ (မှန်ပါ့) ဦးဘကလေး ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ဒုတိယ ပုဂ္ဂိုလ်က ဘာတဲ့ ၊ တကာတကာမတို့.... (အညစ်အကြေးရှိတာကို ရှိမှန်းသိပါတယ်) ရှိမှန်းသိတဲ့ပုဂ္ဂိုလ် (မှန်ပါ့ဘုရား)။

အညစ်အကြေးရှိလျက်နဲ့....(ရှိမှန်းသိတဲ့ပုဂ္ဂိုလ်) အဲဒီပုဂ္ဂိုလ် ကတော့ ကိုတဲ့ ဒီအညစ်အကြေးတွေကို ပြောင်အောင်ဆေးမှုပဲ နေ့တိုင်းကြိုးစားမှုပဲ အစရှိသည်နဲ့ သူပိုမိုပြီးသကာလ သူတော် ကောင်း ဝိပဿနာအလုပ်တွေမလုပ်ပေဘူးလား.... (လုပ်ပါတယ် ဘုရား)။

အဲဒီလုပ်တဲ့ ပုဂ္ဂိုလ်ကတော့....၊အင်း....ရှိတာတွေဟာ ပြောင် ပြီးသကာလ အသုံးချလို့ဖြစ်သလို....နော်၊ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ် ထဲ ပါဝင်သွားတယ်ကွာ....တဲ့....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး.... (ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ထဲ ပါဝင်သွားပါတယ်ဘုရား) ဘာဖြစ်လို့ပါလိမ့် သူက၊ အညစ် အကြေးရှိတာကို ရှိမှန်းသိတာနဲ့ သူက ပိုမိုအားထုတ်တယ်..., (မှန်ပါ့ဘုရား)။

ပိုမိုပြီး အားထုတ်တယ်၊ ဥပမာ.... လက်မောင်းမှာ ချေးပေ နေတယ်၊ ဒီ့ပြင်နေရာ ဒါလောက်မပေဘူးဆိုယင် တကာတကာ

http://www.dhammadownload.com



မတို့ ဆပ်ပြာနဲ့ ပွတ်ပွတ်၊ ကိုယ့်လက်နဲ့ကိုယ် ပွတ်ပွတ်၊ ဒီ့ပြင် နေရာထက် အဲဒီ့နေရာကို ထပ်ပြန်တလဲလဲ မပွတ်ပေဘူးလား.... (ပွတ်ပါတယ်ဘုရား) ဒီနေရာ ချေးများတဲ့ နေရာကိုး....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒီနေရာချည်း ထပ်ပွတ်ပါလိမ့်မလဲ မေးယင်တော့ အညစ်အကြေးရှိတာ ရှိမှန်းသိလို့ ....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

အညစ်အကြေးရှိတာကို....( ရှိမှန်းသိလို့ပါဘုရား )ရှိမှန်းသိလို့ တကာကြီးလှိုင်ရဲ့ ပိုပွတ်တယ်....( မှန်ပါ့ ) သဘောပါကြလား....(ပါပါတယ်ဘုရား)။

အဲ....အခု တရားအားထုတ်နေကြတဲ့ တကာတကာမတွေကတော့ဖြင့်တဲ့ အညစ်အကြေးရှိမှန်းကိုလဲ သိတယ်....( မှန်ပါ့ ) အညစ်အကြေး ပင်ကိုကလဲရှိတယ်၊ ရှိမှန်းကလဲ သိတဲ့အတွက် ကြိုးစားပြီးပွတ်ကြပါ၊ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ် သေသေချာချာ ဖြစ်ပါတယ်....(မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်လို့ ဒီမှာ အရှင်သာရိပုတ္တရာက ဆုံးဖြတ်ချက်ချပါတယ် (မှန်ပါ့ဘုရား)။

တကာကြီးလှိုင့် တယ်အဖိုးတန်ပါကလား.... (တန်ပါတယ်ဘုရား) ကိုင်းတကာတကာမတို့တတိယပုဂ္ဂိုလ်ပြောကြစမ်းပါဦး အညစ်အကြေးနည်းပါးတယ်၊ မရှိဘူး ဆိုပါတော့ဗျာ။ အညစ်အကြေးတော့ သူ့မှာ မရှိဘူး... (မရှိပါဘူး မရှိမှန်းလဲမသိပါ ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



မရှိမှုန်း သူကမသိပဲ ဖြစ်နေတယ်၊ သဘောကျပလား.... (ကျပါပြီဘုရား) မရှိမှုန်း မသိပဲ ဖြစ်နေတော့ သူက သွားချင်ရာသွား၊ စားချင်ရာစား နေချင်ရာ မနေပေဘူးလား (နေပါတယ်ဘုရား)။

နေတဲ့ အခါကျတော့ အညစ် အကြေးတွေ ဘယ့်နှယ်နေသလဲ... (ပိုတက်လာပါတယ်ဘုရား)။

ပိုမိုတက်လာတဲ့ အခါကျတော့ ဘယ်ကြေးဖလားနဲ့ တူနေသတုံး၊ ဈေးထဲက ဝယ်လာတုန်းက ဘယ့်နှယ်တုံး.... (ပြောင်ပါတယ်ဘုရား) ပြောင်တယ်၊ အိမ်ကျမှ ချောင်းထိုးတာနဲ့ ချေးတွေပိုတက်လာတယ်ဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အိမ်ပြန်တဲ့အခါမှာ ချေးတက်တယ်ဆိုတာ.... ဒါပြောတာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အိမ်ပြန်တဲ့အခါကျတော့...,(ချေးတက်ပါတယ်ဘုရား)ဒီမှာပြောင်ပြီးနေခြားသော်လဲ ဘာတုံး....(အိမ်ကျတော့ ချေးတက်ပါတယ်ဘုရား)။

အညစ်အကြေးတော့ ဒီမှာ မရှိမှုန်းသိသွားပဲ၊ ဒီနေ့တော့ ကုသိုလ်တွေ အများကြီးရပြီ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့ ကုသိုလ်တွေက အများကြီးရသွားပြီဆိုပြီးသကာလနေကြတာပဲ(မှန်ပါ)

သို့သော်လဲ အိမ်ကျတဲ့အခါကျတော့ ကြေးဖလားကို အဖြူကြီးကို အိမ်ကျတော့ မဆေးပဲနဲ့ ချောင်ထိုးလိုက်တော့ ဘာဖြစ်လာသတုံး.... ( အညစ်အကြေး ပိုတက်လာပါတယ်ဘုရား)

http://www.dhammadownload.com



ချေး ပိုတက်လာပြန်တယ် ဆိုတော့ ကောင်းသေးရဲ့လား .... (မကောင်းပါဘုရား)။

အဲဒါလို့ ကိုယ့်ကြေးဖလားကလေးလဲ ကိုယ်ကြပ်ကြပ် သတိထားကြပါလို့....(မှန်ပါ့) တကာကြီးလှိုင် ကိုယ့်ကြေးဖလားကို (ကိုယ်သတိထားရပါမယ်ဘုရား)။

နဂိုက ကြေးဖလားက တော်တော်ဖြူနေတယ်.... (မှန်ပါ့) တော်တော်ပြောင်နေတာ–(မှန်ပါ့)အိမ်ကျမှ ချောင်ထိုးလိုက်တဲ့ အခါကျတော့ ဘယ်နှယ်နေသလဲ....(အညစ်အကြေး ပိုတက်ပါတယ်ဘုရား)။

ပိုတက်လာတယ်၊ မတက်လာဘူးလား.... (တက်လာပါတယ်ဘုရား)။

ဒါ အညစ်အကြေးမရှိတာကို မရှိမှန်းမသိတဲ့ပုဂ္ဂိုလ်(မှန်ပါ့) ချောင်ထိုးတာကိုး....(မှန်ပါ့) ဒီလို မဖြစ်တတ်ဘူးလား.... (ဖြစ်တတ်ပါတယ်ဘုရား)။

အဲဒါကြောင့် အိမ်ကျလဲ တိုက်မြဲ–တိုက်ပေါ့နော်....(မှန်ပါ့) တကာကြီးလှိုင် တိုက်မြဲ တိုက်ရမယ်၊ ဝိပဿနာ လုပ်မြဲ–လုပ်ရမယ် ပြောတာပဲ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ကဲ... စတုတ္ထပုဂ္ဂိုလ်ပြောစမ်းပါဦး.... ဘာတဲ့တုံး.... (အညစ်အကြေးမရှိဘူး၊ မရှိမှန်းလဲ သိပါတယ်)။

အဲ....အညစ်အကြေးမရှိတာ မရှိမှန်းသိတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ ဘာကာတကာမတွေ့ ဈေးထဲက ကြေးဖလားက ဝယ်တုန်းက

http://www.dhammadownload.com



ဘာတုံး....၊ အဖြူပဲ၊ ဒီကျတော့လဲ ပြောင်အောင်လုပ်ပြီး သကာလ သူ သုံးစွဲတော့ကိုတဲ့ သူချေးထုတွေ တက်သေးရဲ့လား .... (မတက်ပါဘုရား)။

အဲဒါ ဘယ်ပုဂ္ဂိုလ်ပါလိမ့်ဗျာ.... (စတုတ္ထပုဂ္ဂိုလ်ပါဘုရား) အယုတ်ထဲကလား....၊ အမြတ်ထဲကလား .... (အမြတ်ထဲကပါ ဘုရား)။

အဲဒါကလဲ ဒီဘဝ ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်ပါ....(မှန်ပါ့) နောက်ဘဝကလဲ ကိလေသာ ပါးခဲ့တယ်နော်....(မှန်ပါ့)ဒီဘဝ ကျပြန်တော့လဲ ပွတ်တိုက်တဲ့ ဝိပဿနာ အလုပ်ကြီး ကလဲ များပြန်ဆိုတော့ ဘာမှ တကာကြီးလှိုင်တို့က ဒီ့ပြင်တွေးမနေနဲ့.... ဒီပုဂ္ဂိုလ်လေးယောက် ဒါ.... မူလပဏ္ဏာသ ပါဠိတော်မှာ ဟောပြန်လို့ ဒီနေ့ဟောပြန်တယ်ဆိုတာကိုလဲ တကာတကာမ တွေ သေသေချာချာ မှတ်ရမယ်နော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချထားရမှာကမြတ်တဲ့ပုဂ္ဂိုလ်က ဘယ်သူ ဘယ်သူပါလိမ့်....(၂–နံပါတ်နဲ့ ၄–နံပါတ်ပါဘုရား) ဒုတိယနဲ့ စတုတ္ထ....(မှန်ပါ့ဘုရား)။

ယုတ်တဲ့ပုဂ္ဂိုလ်က (၁–နံပါတ်နဲ့ ၃-နံပါတ်ပါဘုရား)ပထမနဲ့ တတိယဆိုတော့ တကာကြီးလှိုင် မှတ်မိပလား.... (မှတ်မိပါပြီ) နောက်က တကာတကာမတွေကော....(မှတ်မိပါပြီ)။

မှတ်မိတော့ ဘယ်အထဲ နေမယ်လို့ စိတ်ကူးကြသတုံး .... (ဒုတိယနဲ့ စတုတ္ထပါဘုရား)။

ဒုတိယနဲ့ စတုတ္ထနေမယ်လို့ စိတ်ကူးတယ်နော်.... (မှန်ပါ့) တော်တော်ကြာ လမ်းမှားပြီးသကာလ ပထမနဲ့တတိယထဲမပြေး

http://www.dhammadownload.com



လိုက်နဲ့ ဆိုတာကိုလဲ ပြောရသေးတယ်.... (မှန်ပါ့) မပြောရပေဘူးလား.... (ပြောရပါတယ်ဘုရား)ရှင်းကြပလား(ရှင်းပါပြီ)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....၀၀....

တတိယအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( ယနေ့ အရေးကြီးဆုံးတရား )

# ညအလုပ်ပေးတရားတော်

( ၂၀ - ၆ - ၆၁ )

....oo....

တကာတကာမတွေ အရေးကြီးဆုံးအလုပ်ဟာ မနေ့ကလဲ ပြောခဲ့တယ်နော်.... အရေးကြီးဆုံး အလုပ်ဟာ ဘာပါလိမ့် မလဲလို့ မေးလို့ရှိယင်ဖြင့်....တဲ့ သစ္စာသိဖို့ အရေးဟာ အကြီး ဆုံးပဲ။

မောင်နိုင်ဒါ....အရေးကြီးဆုံးပဲ....(မှန်ပါ့)ဘာသိဖို့ပါလိမ့်– (သစ္စာသိဖို့ အရေးကြီးပါတယ်ဘုရား) သစ္စာသိဖို့ အရေးဟာ အကြီးဆုံးပဲ။

ဒါဖြင့် ဘုရားတပည့်တော်တို့ ဒါနတွေ လုပ်နေတာလဲ ဘယ် အကျိုးငှာတုံး၊ သီလ ဆောက်တည်တာ ဘယ်အကျိုးငှာတုံး၊ သမထလုပ်နေတာ ဘယ်အကျိုးငှာတုံး၊ ဝိပဿနာ ဘာဝနာ တွေ လုပ်နေတာ ဘယ်အကျိုးငှာတုံး....လို့ မေးတော့ အို....ဒါ သစ္စာသိဖို့ အခြံအရံတွေဟော့....(မှန်ပါ့)။

http://www.dhammadownload.com



ဦးဘကလေး ဘာတဲ့တုံး.... (သစ္စာသိဖို့ အခြံအရံတွေပါ)။

သစ္စာသိဖို့ အခြံအရံတွေလုပ်ကြတယ်၊ သစ္စာမသိပဲနဲ့တော့ ကိစ္စမပြီးဘူး....(မှန်ပါ့)။

ဒါဖြင့် ဒါနဟာ ဘယ်သူ့ အခြံအရံတုံး.... (သစ္စာသိဖို့ အခြံအရံပါ) အကျိုးရှိတာပေါ့လေ... နော် .. (မှန်ပါ့) သစ္စာ သူမသိ....သိအောင် ဆရာသမားတွေက ကောင်းတဲ့ဆီ ရောက်အောင်ပို့၊ ဘုရားနဲ့တွေ့အောင်လုပ်....ဆိုတော့ ဩော်.... သူလဲ အခြံအရံပဲ၊ သစ္စာသိဖို့ အခြံအရံနော်....(မှန်ပါ့)။

မောင်နိုင်တို့က ဒီနေ့ ရှစ်ပါးသီလ ဆောက်တည်ပြန်တယ် ဦးဘရှင်းတို့က ဘာလုပ်ဖို့တုံးဗျ.... ဒါတွေ ထမင်းအငတ်ခံပြီး သကာလစောင့်တာဆိုတော့ ယနေ့သိသွားပြီ....(မှန်ပါ့)ဘယ်လို သိပါလိမ့်.... (သစ္စာသိဖို့ အခြံအရံတွေပါဘုရား) သစ္စာသိဖို့ အခြံအရံတွေဘုရား....မလုပ် မဖြစ်ဘူးဘုရာ့....။

တခါသွားပြန်ပြီတဲ့....သမထတွေမတည်ပြီးသကာလ တကာ တကာမတွေ လုပ်နေကြပြန်တာလဲ ဘယ်အကျိုးငှာပါလိမ့် .... (သစ္စာသိဖို့ အခြံအရံတွေပါ) ဩော်... သစ္စာ အခြံအရံတွေ ပါကလားဆိုတာတကာတကာမတွေပေါ် လာပြီနော်–(မှန်ပါ့)

တခါ ဘုန်းကြီးကလဲ ဖြစ်ပျက်တွေရှုခိုင်းနေတယ်၊ဝိပဿနာ အလုပ်ကြီးလုပ်ခိုင်းနေပြန်တယ်လို့ဆိုတာလဲ အားလုံး တကာ တကာမတွေ ဘယ်အကျိုးငှာပါလိမ့်.... (သစ္စာသိဖို့ပါဘုရား)။

ဩော်....ဒါဖြင့် သစ္စာချည်းသွားစိုက်တယ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်သွားဆိုက်ပါလိမ့် .... (သစ္စာချည်း သွားဆိုက်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဩော်.. ဒါဖြင့် မောင်နိုင် သစ္စာသိမှ နိဗ္ဗာန်ကို ပိုင်ပိုင်နိုင်နိုင်မိတာကိုး....(မှန်ပါ) သစ္စာမသိသေးယင်....(ပိုင်ပိုင်နိုင်နိုင်မမိသေးပါဘုရား)။

နိဗ္ဗာန် ပိုင်ပိုင်နိုင်နိုင် မမိသေးတော့တကာတကာ့မတို့ သစ္စာသိဖို့ အခြံအရံတွေဟာ ဘယ်လောက်များတယ် ဆိုတာဟာဖြင့် အခုပြောတဲ့အတိုင်း သိလောက်ပါပြီ.... (မှန်ပါ) ဒါဖြင့် လိုရင်းက ဘယ်သူပါလိမ့်မလဲဆိုတာ ကိုဝတို့ ကိုပေါ်တို့ ဘုန်းကြီးပြောဖို့ မလိုတော့ဘူး....(မှန်ပါ) သစ္စာ၏ အခြံအရံတွေ ဆိုတော့ သစ္စာသိတယ်ဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် သစ္စာသိဖို့ အရေးဟာ အကြီးဆုံးပဲ ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဥပမာပြတယ်၊ သစ္စာများသိအောင် လုပ်ပါကွာဆိုတဲ့ဥစ္စာ သစ္စာဟောတတ်တဲ့ဆရာနဲ့ တွေ့ဖို့ သစ္စာနာတတ်တဲ့နားလဲရှိဖို့ သစ္စာ ဒီအချိန် မကုန်ခင်ကလေး မိလိုက်ဖို့၊ မောင်နိုင် ဘယ်နှစ်ချက် ပါလိမ့်မလဲ ....(သုံးချက်ပါဘုရား)။

သစ္စာဟောတတ်တဲ့ဆရာနဲ့တွေ့ဖို့... (မှန်ပါ) သစ္စာထောင်တတ်တဲ့နားလဲ ကိုယ့်သန္တာန်ရှိဖို့...(မှန်ပါဘုရား)။

သစ္စာမကုန်ခင်ကလေးဆိုတာ ဒီသာသနာမကုန်ခင်ကလေး သာ သစ္စာရှိတာ....(မှန်ပါ) သာသနာကုန်ယင် ဒါန, သီလ, သမထတွေက လွှမ်းမိုးသွားတယ်....(မှန်ပါ)။

ဒါဖြင့် သစ္စာခေတ်ကလေး မိဖို့လဲ အရေးကြီးတာပဲ.... (မှန်ပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



တကာတကာမတွေ နားလည်ကြရဲ့လား .... (နားလည်ပါတယ်ဘုရား)။

အဲဒါကြောင့် သေသေချာချာ ဂရုစိုက်ပြီးသကာလ ဩော်–ဆရာဘုန်းကြီးသည် အရေးကြီးတာကို ကြီးလို့ ပြောတယ်ဆိုတဲ့ ဥစ္စာကို ကိုဝတို့က သေသေချာချာမှတ်ရမယ်....(မှန်ပါ့)အရေး မကြီးလို့ရှိယင် ဘုန်းကြီးကလဲ ဘယ်အပင်ပန်းခံမလဲ၊ ဒီတကာ တကာမတွေလဲ ဘုန်းကြီးဆီကို အလာမခိုင်းတော့ပါဘူး၊ အခု တော့ဖြင့် သစ္စာဟောတတ်တဲ့ ဆရာလဲရှိ သစ္စာထောင်တတ်တဲ့ နားလဲရှိ၊ သစ္စာကလေးကလဲ သာသနာတွင်း အချိန်မကုန်ခင် ကလေးကလဲ မိနေတော့ သုံးချက်ညီညွတ်ခြင်းကြောင့် တကာ တကာမတွေကို ဒီအချိန်ဖြင့် မလွဲစေနဲ့လို့ဆိုတာ တောင်းပန် လိုက်တယ် ...(မှန်ပါ့)။

ဒီအချိန် လွဲသွားလို့ ဝိပဿနာချည်း ကျန်နေရစ်ပြန်လဲ မစ္စာမဆိုက်လို့ရှိယင် မောင်နိုင် ကုသိုလ်ပဲရမယ်.... (မှန်ပါ့) သမထတွေလုပ်ပြန်လဲ ထို့အတူပဲ ကုသိုလ်ရ ဗြဟ္မာပြည်သွား ဒါနတွေ, သီလတွေ ဆောက်တည်ပြန်လဲ သုဂတိသွားဆိုတော့ သွားတာမကျေနပ်လို့ မဟုတ်ပါဘူး၊ ကိုပေါ်တို့ ကိုဝတို့နော် (မှန်ပါ့)သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ဟူသ၍ ဒုက္ခသစ္စာရှိတဲ့ဘက် ချည်း လှည့်တယ်....(မှန်ပါ့)။

သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ....(ဒုက္ခသစ္စာရှိတဲ့ဘက်ချည်း လှည့် ပါတယ်ဘုရား)။

ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါတဲ့၊ ရှာမှီးခြင်းလွဲနေလိုက်တဲ့ ဖြစ်ခြင်း၊ ဩော် .. ယောကျ်ားဆိုယင် ခင်ပွန်းမရှိမှု၊ ခင်ပွန်းမ

http://www.dhammadownload.com



ဆိုလို့ရှိယင်လဲ ယောကျ်ား အစောင့်အရှောက်ရှိမှ.... ဆိုတော့ ဒီမှာ ရှာမှီးခြင်းလွဲနေလိုက်တာ၊ ရှာရမှာက သစ္စာရှာရမှာ... (မှန်ပါ့ဘုရား) မဟုတ်တာကို အရှာကဲနေတယ် ဆိုယင်ကော လွဲမလား...(မလွဲပါဘုရား)။

ဒါ သစ္စာသာသနာရှိတုန်းမှာကို ကိုယ်ကိုယ်တိုင် လွဲနေကြတာကိုတာဝန်ခံကြပါပြီ... (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

တခါ သစ္စာရှိတုန်းမှာပဲ ဘုန်းကြီးတို့ တကာတကာမတွေ ဒါနတရား, သီလတရားကလေးနဲ့ပဲ အချိန်ကုန်ပြီး နေခဲ့ရတဲ့ အခါကာလကလဲ ကိုပေါ် မနည်းလှဘူး....(မှန်ပါ့ဘုရား)ကွယ် နေတယ်ဆိုတာ သိပလား... (သိပါပြီဘုရား)။

နို့ သစ္စာထဲမှာမှလဲ နိဗ္ဗာန်ကလဲပါတယ်....(မှန်ပါ့) နိဗ္ဗာန် ဘယ်ထဲပါသတုံး....(သစ္စာထဲမှာ ပါပါတယ်ဘုရား)။

သစ္စာထဲမှာပါတော့ နိရောဓသစ္စာကိုမသိ၊ ထိုကဲ့သို့ မသိတော့ တကာတကာမတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နိရောဓရှိရာကို သွားမလား... တဲ့၊နိရောဓ မရှိရာ သွားမလားဆိုတာလဲ မောင်နိုင်ပဲ ဝေဖန်ကြည့်ပါတော့.... (နိရောဓ မရှိရာ သွားပါတယ်ဘုရား)။

သစ္စာသိတဲ့ ပုဂ္ဂိုလ်ဟာ နိရောဓရှိရာသွားတယ်.... (မှန်ပါ့) သစ္စာမရှိတဲ့ပုဂ္ဂိုလ်ဟာတဲ့ နိရောဓရှိရာမသွားပဲနဲ့ ဒုက္ခရှိရာသွား တယ်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



တကာကြီးလှိုင် ရိပ်မိပလား.... (ရိပ်မိပါပြီ) သစ္စာမရှိတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်ရမသွား၊ ဒုက္ခရှိရာကိုသာသွားတယ် .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သစ္စာများဖြင့်ကွာ....တဲ့ ငါအင်မတန်ကြီးကျယ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ မင်းတို့ကိုချိန်လိုက်တဲ့ ဥစ္စာဟာ သစ္စာဟောတတ်တဲ့ ဆရာနဲ့ သစ္စာထောင်တတ်တဲ့ နားနဲ့ သစ္စာသာသနာ မကုန်ခင်ကလေး ကြုံဖို့ရာများ အလွန်ခဲယဉ်းတယ်....ဆိုတဲ့ဥစ္စာ ငါ.... ဥပမာ တခုပြောမယ် နားထောင်ကြည့်စမ်း....ဆိုပြီးသကာလ သံယုတ်ပါဠိတော်ကြီးများမှာလာတယ်နော်....(မှန်ပါ့)။

အနှစ်တရာမှတခါပေါ်တဲ့ပင်လယ်ထဲလိပ်ကန်းကြီးတကောင်ရှိတယ်တဲ့ မောင်နိုင်....(မှန်ပါ့) ဒီကနေ ရေဝတီမြစ်ကနေပြီး မျှောလိုက်လဲ ထွန်တုံးကြီး တခုကလဲ တပေါက်တည်းဖောက်ပြီး သကာလ မျှောလိုက်စမ်းပါတဲ့နော် . (မှန်ပါ့)။

ပင်လယ်ထဲ ရောက်သွားတော့ တောင်လေတိုက် မြောက်.... မြောက်လေတိုက် တောင်၊ အရှေ့လေ တိုက်ယင် အနောက်၊ အနောက်လေ တိုက်ယင် အရှေ့ကို ထွန်တုံး ပြန်လှည့်တယ်.... (မှန်ပါ့)။

အနှစ်တရာမှ တခါပေါ်တဲ့ လိပ်ကန်းကြီးကလဲ ဒီထွန်တုံးပေါက်ကို လျှိုမိဖို့ မောင်နိုင် ဘယ့်နှယ်နေသတုံး... (ခဲယဉ်းပါတယ်ဘုရား) သူကလဲ လိပ်ကန်းကိုး....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါငါဘုရားသခင်ကိုယ်တော်မြတ်ကြီးကဂျူမိမယ်ဆိုယင် လျှို့မိဖို့ သစ်တုံးကလဲမရွေး လိပ်ကန်းကလဲ မသေသေးယင် ကြုံချင်ကြုံဦးမယ်ကွာ....တဲ့။

ခုနက ပြောခဲ့တဲ့ သစ္စာဟောတတ်တဲ့ဆရာ၊ သစ္စာထောင် တတ်တဲ့နား သစ္စာသာသနာ မကုန်ခင် မိဖို့ရာဟာ ဒီ့ထက် ခဲယဉ်းတယ်....(မှန်ပါ့)။

ဒီလိုဆိုတော့ တကာကြီးလျှိုင် ဒါကလေး လွတ်ထွက်သွား ယင် သိပ်ဝမ်းနည်းစရာကောင်းပါကလား....(မှန်ပါ့)နောက်က တကာတကာမတွေ့ ဝမ်းနည်းလောက်အောင်ပဲဖြစ်တယ်ဆိုတာ ကော ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် သစ္စာရှိတုန်းကို သစ္စာသိဖို့ အရေးကို....ကိုဝ ကြိုးကြိုးစားစားနဲ့ပဲ နာလဲ—နာလို့၊ သိလဲ—သိအောင် လုပ်ဖို့ အရေးကြီးပါတယ်....(မှန်ပါ့ဘုရား)။

ပြီးတော့ ခင်ဗျားတို့မှာ ဒီ သုံးပါးညီနေတယ်ဆိုတာလဲ... မောင်နိုင် ပြောသံကြားလား၊ ကိုယ်တွေ့လား.... (ကိုယ်တွေ့ပါ ဘုရား)။

အဲဒီသုံးပါးညီနေတယ်ဆိုတာလဲ တကာတကာမတို့ ဟော တတ်တဲ့ပုဂ္ဂိုလ်နဲ့လဲတွေ့၊ ထောင်တတ်တဲ့ နားကလဲရှိ၊ သစ္စာ အချိန်မကုန်ခင်မိ နောက်နှစ်ထောင့်ငါးရာ လျော့လျော့ဆိုယင် ကိုဝ—ပျောက်ပြီဗျာ (မှန်ပါ့ဘုရား)ဒီတော့အချိန်ကလေးကော မမိလိုက်ဘူးလား....(မိပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီထဲမှာမှတခါ ခင်ဗျားတို့ကလဲ ဒီဆရာဟောနေတယ်၊ဟော တတ်တဲ့ပုဂ္ဂိုလ်ကလဲ ရှိပြန်တော့ ခင်ဗျားတို့ကလဲ အသေက မဦးနှင့်လို့ တခါတွေ့ပြန်တယ်.... (မှန်ပါ) အသေဦးသွားတဲ့ ပုဂ္ဂိုလ်တွေ ဒါန, သီလ, သမထနဲ့ မျောသွားတာတွေ ကိုဝ၊ ကိုပေါ်တို့ တပြုံကြီးရှိပါလိမ့်မယ်ဆိုတာကော ငြင်းဖို့လိုသေး သလား .. (မလိုပါဘုရား)။

ကဲ.... ခင်ဗျားတို့ကလဲ အသေမဦးလို့ အချိန်မိနေတယ်ဆို တော့ ဒီအချိန်ထက်ကောင်းတာ မောင်နိုင် ရှိသေးရဲ့လား (မရှိ ပါဘုရား)။

ဟာ....ဒါ....ဘုန်းကြီးက အရေးတကြီး ပြောနေလို့ တို့မှာ လွှမ်းဆွတ်နေရတဲ့တရားမျိုးလို့ ဒီလိုမယူပါနဲ့ ....( မှန်ပါ ) တကယ်လို့ အချိန်မိလို့တကယ် တကာတကာမတွေ့မှာ ထူးချွန် တဲ့ ပုဗ္ဗေစကလဲပါပြန်လို့ ယခုအချိန်ကြီးမှာ အကြုံကြီးကြုံတယ် ဆိုတာ ဦးဘရှင်း လေးစားစွာနဲ့ မှတ်လိုက်ပါ.... ( မှန်ပါ ) တကာတကာမတွေ လေးစားစွာနဲ့ မှတ်ရမယ်နော်....(မှန်ပါ)။

ကြည့်လေ....အခုပြောတော့ သစ္စာဟောတတ်တဲ့ ဆရာလဲရှိ ခင်ဗျားတို့မှာလဲ ထောင်တတ်တဲ့ နားကကော.... ( ရှိပါတယ် ဘုရား) တခါ သစ္စာသာသနာ မကွယ်ခင် အချိန်ကလေး ကကော....(ရှိပါတယ်)။

အချိန်ကလေးက မိလိုက်သေးတယ်....(မှန်ပါ) ကိုယ်ကလဲ မရဏ မင်းက မဦးသေးလို့တွေ့ရတယ် .. (မှန်ပါ) မရဏမင်းက ဦးသွားပြန်တော့....(မတွေ့ရပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



မတွေ့ရဘူးဆိုတော့ ဩော်.... ဒါဖြင့် တို့သည်ကားလို့ ဆိုယင်ဖြင့် လေးချက်မပြန်တာပဲ....(မှန်ပါ့)။

ဒါဖြင့်....ဒီတကာတကာမတွေ့က ဆုံးဖြတ်ချက်ချ၊ ဩော်.... တို့မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထိုက်တဲ့ ကံ, ဟာ ဒီလေးချက်ဆုံတာကိုး (မှန်ပါ့)။

မောင်နိုင် လေးလေး စားစား မှတ်ပါနော် .... (မှန်ပါ့) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထိုက်တဲ့ သစ္စာကို သိတတ်တဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထိုက်တဲ့ အဖြစ်ဟာ တို့ ဒီ့ထက်ကောင်းတာ မရှိတော့ဘူး....(မှန်ပါ့)။

ဒါ ကျော်ယင်လဲ လွတ်သွားမယ်.... (မှန်ပါ့) ဒီ ရှေးကလဲ လွတ်ခဲ့ပြီ.... (မှန်ပါ့) ဒီ.... ရှေးကလဲ ဒီ သစ္စာကို စ,ပြီးပြောဖို့ ဆိုဖို့ကို .. ကိုဝ အတော်ခဲယဉ်းတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့်... ရှေးက ခင်ဗျားတို့ ဘိုးဘွားတွေ သေခဲ့တာတွေလဲ အင်း.... သာသနာ သစ္စာအချိန်တော့ မိပါရဲ့၊ ဟောတတ်တဲ့ ဆရာနဲ့ မတွေ့ဘူး.... (မှန်ပါ့)မနာဘူးလားဗျာ.... (နာပါတယ် ဘုရား)။

နာတာမှ ဩော်.... သာမည နာသွားတာလား၊ လိုရင်း အချက် နာသွားတာလား.... (လိုရင်းအချက် နာသွားတာပါ ဘုရား)။

တကာကြီးလှိုင် ဒါ့ကြောင့် ခင်ဗျားမသေသေးနဲ့ဦးပြောတာဗျ....(မှန်ပါ့)အင်မတန် အရေးကြီးနေတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ရှင်းပလား....(ရှင်းပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါကြောင့်တဲ့ ခုနက လိပ်ကန်းထမ်းပိုးဆိုတဲ့ဥစ္စာ လိပ်ကန်းနဲ့ ထမ်းပိုး လျှိုမိဖို့ရာ မရှိဘူးတောင် ပြောဖို့ကောင်းတယ်...(မှန်ပါ့) သို့သော် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လျှိုချင် လျှိုပေဦးမယ်ကွာတဲ့....(မှန်ပါ့)။

ထွန်တုံးကြီးကလဲ မဆွေး လိပ်ကန်းကလဲ မသေသေးဆိုလို့ရှိယင်ဖြင့် အဲဒါ ကြုံချင် ကြုံလိမ့်ဦးမယ်။ မင်းတို့ အခုအထိ လေးပါးကြုံဖို့ရာကဖြင့် ငါမမြင်ဘူးပြောတာ....(မှန်ပါ့)။

စဉ်းစားကြည့်ပါ၊ ဘုရားသခင်၏ လောကီဆရာ အာဠာရဆိုတဲ့ ရသေ့ရှိတယ်ကိုဝ....၊ လောကီဈာန်တွေ သင်ပေးတာ အာကိဉ္စညာယတန ဈာန်ထိအောင်(မှန်ပါ့)နောက်တခါ ဥဒကတို့က နေဝသညာ နာသညာယတနဈာန်တို့ သမထ အကြီးအကျယ်တွေပေါ့လေ.... မောင်နိုင် အဲဒါတွေ သင်တဲ့ဆရာတွေဟာ ဘုရားမဖြစ်ခင် တွေ့လိုက်ရသေးတယ် .. (မှန်ပါ့)။

ဘုရားမဖြစ်ခင် တွေ့လိုက်တယ် ဦးဘရှင်း.... သူ့ဆရာတွေ မဟုတ်လားဗျာ....(မှန်ပါ့)။

နောက်တခါ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သူ.... သစ္စာဉာဏ် ကိစ္စဉာဏ် ကတဉာဏ်.... ဆိုတဲ့ သုံးဉာဏ်ကို သူရလိုက်တယ်.... (မှန်ပါ့)။

ရလိုက်တဲ့အခါကျတော့မှ ကိုင်း....ငါလဲ သစ္စာသိလို့ ဘုရားဖြစ်ပြီ၊ ဘယ်သူ့ ရှေးဦးစွာ ချွတ်ရပါ့မလဲဆိုတော့ ရှေးဦးစွာ အောက်ဈာန်သင်တဲ့ အာဠာရသွားပြီး သတိရတယ်။

တတိယအကြိမ်

http://www.dhammadownload.com



ဪ....ငါ့ဆရာအာဠာရ ရသေ့ရှိပါသေးကလားလို့ ဆိုပြီး ဆင်းစားလိုက်တဲ့အခါ အာဠာရကသေနှင့်တယ်၊ ခုနစ်ရက်ဦးတယ် (မှန်ပါ့)။

ကိုဝ....ခုနစ်ရက်တည်း ဦးတယ်၊ ဘုရားက သစ္စာဟောဖို့ ကြံတဲ့နေ့နှင့် အသေက ခုနစ်ရက်စောတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ မသေနှင့်သေးတာ ကောင်းတယ် ဆိုတဲ့စကားဟာ ကြီးကြီးပြောတာလားလို့ဆိုတော့ မှန်ပါပေ တယ်သာလိုက်ရမယ်....(မှန်ပါ့)။

ကိုဝ... မှန်တယ်ဆိုတာ လိုက်ရမယ်.. (မှန်ပါ့)။

အဖိုးတန်အောင် ပြောနေတာလား.... တန်သထက်တန်လို့ ပြောနေတာလားလဲ သတိထားပါဦး(တန်သထက် တန်နေတာ ပါဘုရား)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သွားပဟော့ ကမ္ဘာ ပေါင်း ခြောက်သောင်းတောင်သွားပဟာ၊ အရှုံးကြီး ရှုံးပြီလို့ သူ့ဆရာကို အရှုံးကြီး ရှုံးပြီလို့ ဓမ္မသံဝေဂ ဖြစ်တော်မူရှာ တယ် ကိုဝ....(မှန်ပါ့)။

သစ္စာ မသိလိုက်ရဘူးကွာ.... ကမ္ဘာပေါင်း ခြောက်သောင်း တောင် ဒုက္ခသစ္စာနဲ့ နေရစ်ပေတော့....(မှန်ပါ့)။

ကဲ....မောင်နိုင် ဘယ်လောက် နာသွားသလဲ....(နာပါတယ် ဘုရား) ဘာစော သွားလို့တုံး .... (အသေ စောသွားလို့ပါ ဘုရား)။

ဒါ....ခင်ဗျားတို့ အသေ မစောသေးဘူးဆိုတာလဲ ပေါ်ကြ ယလား....(ပေါ်ပါပြီ)။

---

တတိယအကြိမ်

‹ ဟိ—န်—း—ဒို—း—ခ—ေ—ာ—င်—စ—ဉ် (—၁ဂ—) ›

http://www.dhammadownload.com



ဒါ....အာဠှာရမှာ ကိုဝ....ခုနစ်ရက်တည်း အသေစောသွား တယ်....(မှန်ပါ)။

တခါ လိုက်ဟောမယ်လို့ ကြံပြန်တော့လဲ နာမ်မမွှသာရှိ၍ ထောင်ထတ်တဲ့နားက မရှိပြန်ဘူး အကြည်ရုပ်က မောင်နိုင်.... မရှိပြန်ဘူး....(မှန်ပါ)။

ပသာဒရုပ် မရှိဘူး။ အရူပဘုံရောက်သွားတာကိုး၊ အရူပဘုံ ဆိုတာ နာမ်သာရှိ၍ ကိုဝ....ရုပ်မရှိဘူး....(မှန်ပါဘုရား)နာမ်နဲ့ ရုပ်နဲ့ ပေါင်းပြီးတော့မှသာလျှင် အသံကို ကြားနိုင်တာကိုး.... (မှန်ပါ)။

အဲဒီလိုက်ဟောမလို့ ဆရာမို့ ကျေးဇူးဆပ်မလို့ စိတ်ကူးပြန် တော့လဲ ခုနက ပြောခဲ့တဲ့ ရုပ်ပြစ်ရှစ်ပါး ရောက်သွားတယ် (မှန်ပါ) သောတာပန် မတည်နိုင်တဲ့ အမိပ္ပာယ် ရောက်သွား တယ်....(မှန်ပါဘုရား)။

ကိုဝ....မနာဘူးလားဗျာ .. (နာပါတယ်ဘုရား)သိပ်နာသွား တယ်။

နောက်ဒီလိုတွေးလိုက်တော့ ကိုယ်တော်မြတ်ကြီးကလဲ သိပါ တယ်။ သူ့အနားရှိတဲ့နတ်တွေကလဲ လာလျှောက်တယ်။ ဘုရား ကတော့ဖြင့် သစ္စာဟောတော်မူချင်လို့ပဲ၊ ဒီပုဂ္ဂိုလ်ဟာ အတော် ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ပဲ၊ တိဟိတ်ကြီးတွေဗျ.... (မှန်ပါ)ကောင်း ကင်ပျံ မြေလျှိုးနိုင်တဲ့ တိဟိတ်ကြီးတွေ.... (မှန်ပါ) သစ္စာသာ သိလိုက်ရယင် ချက်ချင်းပြီးသွားမယ် သံသရာ စခန်းသတ်မယ် (မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



သို့သော် နောက်က တကာတကာမတွေ ဘာဖြစ်သွားတယ် ဆိုတာ သိကြပလား.... (သိပါပြီဘုရား) ဘာဖြစ်သွားသတုံး.... (အသေစောသွားပါတယ်)။

အသေစောသွားတယ်၊ များများစောသလားမေးလိုက်တော့ (ခုနစ်ရက်တည်း စောပါတယ်ဘုရား)။

အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟာဇာနိယော ခေါ် အာဠာရဆွေ၊အာဠာရကြီးဖြင့်ရှုံးပဟော့.... သေသေချာချာ သစ္စာသိထိုက်တဲ့ဉာဏ် ပါလျက်သားနဲ့ အသေစောလို့ ကွ ကမ္မာပပေါင်း ခြောက်သောင်းတောင် သွားပဟော့.... ရှုံးပဟော့....(မှန်ပါ)ကဲ....သမထကို အပြစ်တင်ချလိုက်တယ်.... (မှန်ပါ)ဘယ်လောက်များ နစ်နာသွားသတုံး .... (နစ်နာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ အသေမစောသေးတာလဲ ထည့်မဟောရပေဘူးလား....(ဟောရပါတယ်)။

မောင်နိုင် ဟောသင့်သလား.... (ဟောသင့်ပါတယ်ဘုရား) နောက်က တကာတကာမတွေ မဟောသင့်ဘူးလား....(ဟောသင့်ပါတယ်ဘုရား)။

ဒါ့ကြောင့်တဲ့ ခင်ဗျားတို့ ကိုယ့်ပါရမီဟာ သေးတယ်လို့ ကိုဝ မယူနဲ့နော် .... (မှန်ပါ)....မယူနဲ့၊ အခု ခုနစ်ရက် စောတာနဲ့ကမ္ဘာပေါင်း ခြောက်သောင်းတောင် တခါတည်း ဒုက္ခသစ္စာကြီးနဲ့နေတော့ အဲဒီကပြန်လာလဲ ကျွတ်လိမ့်မယ် ....လို့ ဘုရားက မမြင်သေးဘူး— ( မှန်ပါ ) .... ကမ္ဘာပေါင်းကလဲ

http://www.dhammadownload.com



ခြောက်သောင်းတောင်ဆိုတော့မောင်နိုင်ရာပျင်းစရာကြီးပေါ့.... (မှန်ပါဘုရား)။

အဲဒီက ပြန်တော့ ကျွတ်မှာလား....(မကျွတ်သေးပါဘုရား) တော်တော်ကြာ တိရစ္ဆာန်တွေ ဘာတွေ ဖြစ်ချင်ဖြစ်ဦးမှာ.... (မှန်ပါ)။

မနာဘူးလား....(နာပါတယ်ဘုရား) အဲဒီ....လောက်တောင် အနာကြီး နာနေလို့ တကာတကာမတွေ တရားချိုးနေတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့၏ ဘုန်းထူး ကံထူးတွေ ရှိကြောင်းကို ပေါ်သွားအောင်လို့ ပြောနေတာပါ.... (မှန်ပါ)မပျင်းကြပါနဲ့ ဆိုတာပြောတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ ကိုပေါ်ရေ....ဆက်ပြီးတွေးတယ်၊ သစ္စာသိမည့်ပုဂ္ဂိုလ် များ ဘယ်သူများရှိပါသေးသတုံးလို့၊ ဟာ ငါ့ဆရာတယောက် ရှိပါသေးကလား....အထက်ချွန်သင်တဲ့ ဥဒကဆိုတာ ရှိပါသေး ကလားဆိုတော့ ဘုရားကသစ္စာတရားဟောဖို့ကြံတော့ ဥဒကက ညကသေနှင့်ပြီ....(မှန်ပါ) ကဲ....မနာဘူးလား .... (နာပါတယ် ဘုရား) နည်းနည်းကလေး နာရီပိုင်း လွဲသွားတယ်....(မှန်ပါ ဘုရား)။

ဦးကကလေး ဘယ့်နှယ်နေသလဲ .... (နာရီပိုင်းကလေး လွဲ သွားပါတယ်ဘုရား)။

သွားပြန်ပက္ကာတဲ့ အရှုံးကြီး ရှုံးပဟ.... သစ္စာမသိလိုက်ရတဲ့ အတွက် အရှုံးကြီးရှုံးပြီကွလို့။

ဘယ့်နှယ် သမထသမား ကောင်းကင်ပျံ မြေလျှိုး ကမ္ဘာ ပေါ်င်း ရှစ်သောင်း....လေးထောင်တောင်.... နေရမှာ အရှုံး

http://www.dhammadownload.com



ကြီး ရှုံးပြီလို့ ပြောရသတုံး....ဆိုတော့ ဦးဘဲရှင်းက သွား ကြည့်လိုက်တာပေါ့....သူက ဘာသစ္စာ သွားရသတုံး.... (ဒုက္ခ သစ္စာ သွားရပါတယ်) ကဲ... မရှုံးသေးဘူးလား (ရှုံးပါတယ် ဘုရား)။

တကာတကာမတွေ ဝမ်းနည်းစရာပြောတဲ့စကား မဟုတ်ပါ ဘူး၊ ဝမ်းမြောက်စရာပြောတဲ့စကားပါနော်(မှန်ပါ)။

ဝမ်းမြောက်စရာ ဩော်....တို့မှာ ခုနက ဆရာဘုန်းကြီး ပြောတဲ့အတိုင်း ဟောတတ်တဲ့ ဆရာနဲ့လဲတွေ့၊ ထောင်တတ်စွဲ နားကလဲရှိ သစ္စာ သာသနာကလေးကလဲမီ အသေကလဲမစော၊ အကြုံကြီး ကြုံပါသေးကလားဆိုတာ လိပ်ကနီး ထမ်းပိုးထက် အဖိုးတန်ပြီ....(မှန်ပါ) သဘောပါကြလား....(ပါပါပြီ)။

အဲဒါကြောင့် နောက်ပိုင်းက ခဲခဲယဉ်းယဉ်းလာကြရတယ်၊ အားလုံး တကာတကာမတွေ ဩော်....တော်သေးရဲ့ တော် သေးရဲ့လို့ ကိုယ့်ဟာကိုယ် ရင်မပြီး ဝမ်းသာဖို့ သိပ်ကောင်း ပါတယ်... (မှန်ပါ)။

သိပ်ဝမ်းသာဖို့ ကောင်းပါတယ် တကာတကာမတို့ သစ္စာ သိယင် အကုန်ကိစ္စပြီးတယ်....(မှန်ပါ) မောင်နိုင် သစ္စာသိယင် (အကုန်ကိစ္စ ပြီးပါတယ်ဘုရား)။

သံသရာက မူးခဲ့၊ မိုက်ခဲ့၊ တေခဲ့၊ လေခဲ့ အပါယ်သွားစရာ တွေ အပရာပရိယ ဝေဒနီယကံတွေ ယခုဘဝမှာ မိုက်ရူးထား တာတွေ အကုန်အဟောသိကံဖြစ်.... သစ္စာသိယင်.... (မှန်ပါ)၊ ဒါတွေဟာ မလိုက်နိုင်တော့ဘူး....(မှန်ပါ)။

---

http://www.dhammadownload.com



မြဲဟာ့ပြည်သွားဖို့ ကံတွေဟာ ကျုပ်တို့မှာအမျိုးမျိုးရှိတယ် မောင်နိုင် ဒါတွေ ဘာဖြစ်ကုန်သလဲ.... (အဟောသိကံဖြစ်ကုန်ပါတယ်ဘုရား) အဝီစိသွားဖို့ ကံတွေကော.... (အဟောသိကံဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာသိတဲ့ ဉာဏ်ဟာဖြင့် ကိုဝရေ....ကျုပ်တို့ သိန်းကျောက် သောင်းကျောက် မကပါဘူး၊ အဖိုးတန်တယ် ဟင်.... (မှန်ပါ့)ကိုပေါ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ကျောက်ထဲ မောမနေနဲ့၊ သစ္စာသိအောင် လုပ်ပစ်လိုက်ပါဆိုတဲ့ ဥစ္စာ ခင်ဗျားတို့ အရှုံးကြီးရှုံးမှာစိုးလို့ (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

အရှုံးကြီး ရှုံးမှာစိုးလို့၊ သစ္စာမသိယင်ဖြင့် ဦးတိဿ သန်းဖြစ်တာ သစ္စာမသိလို့ သွားဖြစ်ကာ....(မှန်ပါ့)။

ဘုရားနဲ့ တကျောင်းတည်း ဇေတဝန်ကျောင်းနေပြီး သကာလ ဦးတိဿ ရဟန်းကြီး သန်းဖြစ်တာဟာ သစ္စာ သိပြီးယင် အပါယ်လေးပါး ကျစရာမရှိပဲ....(မှန်ပါ့ဘုရား)။

ဒါ....တိရစ္ဆာန်ဘုံ ရောက်သွားတယ်....(မှန်ပါ့).... မဆိုးရွားဘူးလား....(ဆိုးရွားပါတယ်ဘုရား)ဘာလိုသွားသလဲ.... (သစ္စာသိဖို့ လိုသွားပါတယ်ဘုရား)။

သီလ မဖြူစင်ဘူးလား မေးလိုက်တယ်.... (ဖြူစင်ပါတယ်ဘုရား) မတတ်နိုင်တာနဲ့ မောင်နိုင် သစ္စာသိတဲ့ဉာဏ် မရတာနဲ့ ကိုဝ....သန်းသွားဖြစ်ရတယ်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘယ့်နှယ်နေသတုံး....မဆိုးရွားဘူးလား.... (ဆိုးရွားပါတယ် ဘုရား) တကာတကာမတွေ အင်မတန်ဆိုးတယ်ဆိုတာပေါ်ကြ ပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် စင်ဗျားတို့ လွမ်းအောင် ဟောနေတဲ့ တရား မဟုတ်ပါဘူး၊ ဝမ်းမြောက်ဖို့အရေး အင်မတန် ပြီးနေပြီဆိုတာ အချိန်အခါကလေးကို အဖိုးတန်ကြောင်း ကိုယ့် အကြောင်း ကိုယ် အထိလေးပါး ညီနေတာကိုလဲ အပေါ်ကြီးပေါ်အောင် လို့ ပြောနေပါတယ်....(မှန်ပါ့)။

သာမည ဆိုလို့ရှိယင်ဖြင့် တရား စ လာတယ်ဆို ဩော်...., ငါ့ ဝတ္တရားက တရားပလ္လင်ပေါ်ရောက်ယင် ဟောဖို့ပဲ၊ တကာ တကာမတွေက နာဖို့တင် ပြောမှာပေါ့ဗျာ....(မှန်ပါ့)။

အခုတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ ကိုယ့်မှာ အထိလေးပါး ညီနေတာလဲသိတော့မှ ဩော်.... ဒါလဲ့သွားယင် ငါကိုယ်ကျိုး နည်းပြီ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါလွဲသွားယင်....(ကိုယ်ကျိုးနည်းပါပြီဘုရား) နို့....လွဲတဲ့ ပုဂ္ဂိုလ်တွေ အခုတွေ့ပြီမဟုတ်လား....(မှန်ပါ့) သမထသမားကြီး တွေ ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် မောဝ်နိုင် .... (မှန်ပါ့) သွားပြီလို့ ညည်းတာပဲ.... အရှုံးကြီး ရှုံးပြီကိုပြော တာပဲ....(မှန်ပါ့) ခုနက သီလသမားကြီး သန်းဖြစ်နေတာလဲ ဒီအတိုင်း ရှုံးသွားတာပဲ....(မှန်ပါ့) မရှုံးဘူးလား....(ရှုံးပါ တယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဟို....ဒါနသမားတွေ မလ္လိကာမိဖုရားတွေ (၇)ရက်အပါယ် ကျသွားတာလဲ ရှုံးတာပဲ....(မှန်ပါ့) မရှုံးဘူးလား....(ရှုံးပါ တယ်ဘုရား)။

သစ္စာသိပြီးယင် အခုပြောတဲ့ပုဂ္ဂိုလ် သုံးယောက်ဟာ ဒီနေရာတွေ ရောက်ဖို့ရှိသေးရဲ့လား.. (မရှိပါဘုရား)။

ဒါဖြင့် ဦးဘကလေး ကျေကျေ နပ်နပ်ပဲ သဘောကျပြီး သကာလ ငါတော့ဖြင့် သေပျော်ပြီဟေ့....ဆိုတဲ့ဥစ္စာ ကိုယ့်ဟာကို ဆုံးဖြတ်ချက်ချရမယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်း ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သစ္စာကိုတဲ့ ဘယ်နှစ်ဉာဏ်နဲ့တပည့်တော် တို့ သိရမှာတုံးဆိုတာတရားတပွဲလုံးကမေးရတော့မယ်.... (မှန်ပါ့ ဘုရား)။

သစ္စာကို တပည့်တော်တို့ သိချင်ပါပြီဘုရား၊ သမထသမား တွေလဲ ရှုံး၊ သီလသမားတွေလဲရှုံး၊ ဒါန သမားတွေလဲရှုံး အရှုံးကြီးရှုံးပြီးသကာလသွားတာတွေဟာကတိမမြဲသေးပဲကိုး ဗျ....(မှန်ပါ့)ကတိကသစ္စာသိမှ ကတိမြဲတာ....(မှန်ပါ့)။

သစ္စာမသိသေး၊ ဘာလုပ်နေနေ ကတိက....(မမြဲပါဘုရား) ကိုဝ....လားရာကတိဘယ့်နှယ်တုံး....(မမြဲသေးပါဘုရား)။

ဘာ့ကြောင့်တုံး....ဆိုတော့မှ ဝိနိပါတိကဘေး ပရမ်းပတာ ကျတဲ့ဘေးကို သစ္စာကမှ ကယ်နိုင်တာ....(မှန်ပါ့)ကျန်တဲ့ဟာက (မကယ်နိုင်ပါဘုရား) ကဲ....ကျေနပ်ပလား.... (ကျေနပ်ပါပြီ ဘုရား)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



အဝိန္နိပါတမမွှာ....ဆိုတာက သစ္စာ သိပြီးတဲ့ပုဂ္ဂိုလ်ကိုသာ ဟောတာ တခြားသောပုဂ္ဂိုလ်ကို ဟောကိုမဟောဘူး(မှန်ပါ့)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေ ဒီ သစ္စာသိအောင် ဖြင့် လုပ်ရတော့မယ်....(မှန်ပါ့) နောက်က တကာတကာမတွေ ဘာအရေးကြီးပါလိမ့် .... (သစ္စာသိဖို့ အရေးကြီး ပါတယ် ဘုရား)။

သစ္စာသိဖို့ အရေးကြီးတော့တယ်.... ဆိုတဲ့ ဥစ္စာကိုဖြင့် .. တဲ့ ခင်ဗျားတို့ ဒီ့ထက် အရေးကြီးတဲ့တရားဖြင့် ရှာလို့တော့မတွေ့ တော့ဘူး....(မှန်ပါ့)။

ရှာလို့မတွေ့ဘူး၊ ဘုန်းကြီးလဲ ပိဋကတ်သုံးပုံ အကုန်နှံ့နေ တာပဲ၊ သူ့အရေးအကြီးဆုံး၊ သူ့အရေးအကြီးဆုံးဆိုတာ ဘုရား သွားပြီး ကြည့်လိုက်ပြန်တော့လဲ သစ္စာမသိလို့ ရှုံးတာတွေ ချည်းပဲ သူကဟောတယ်....(မှန်ပါ့) ငါကိုယ်တိုင်လဲ ရှုံးခဲ့တယ် ကွာ....တဲ့၊ နောက်ကျတော့ သူပါလှည့်တာပဲ....(မှန်ပါ့)။

ငါကိုယ်တိုင်လဲကွာ .. သစ္စာမသိတာနဲ့ ရှုံးလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့... ရှည်လိုက်တဲ့သံသရာကွ....(မှန်ပါ့)။

ကြည့်ပါလားဗျ၊ ပါရမီ ရင့်ပြီးသားကြီးတွေတောင် နဂါး ကြီးတွေဖြစ်နေရတယ်.... စမ္ပေယျတို့ ဘူရိဒတ်တို့ မောင်နိုင် .... သစ္စာမသိလို့....(မှန်ပါ့) ဘုရားအလောင်းတဲ့ကွာ.... နဂါးကြီး ဖြစ်ရတယ်၊ စမ္ပေယျတို့ ဘူရိဒတ်တို့၊ ခင်ဗျားတို့ကတော့ ဖတ် လို့ကောင်းတယ်သာထင်တယ်... (မှန်ပါ့)။

http://www.dhammadownload.com



ဩော်....တယ်သည်းခံနိုင်ပါလား၊တယ်တော်ပါလား၊ဘုရား အလောင်းများ တယ်စွန့်ပါလား၊ မဟုတ်ဘူး သစ္စာမသိလို့ဖြစ် နေရရှာတာ....(မှန်ပါ့)။

တယ်တော်တယ်လို့ ခင်ဗျားတို့က ချီးမွမ်းမနေနဲ့၊ ကိုဝ.... တော်တာလား,...သစ္စာမသိလို့ ဖြစ်နေတာလား....(သစ္စာမသိ လို့ ဖြစ်နေတာပါ)။

အဲဒါ...ခင်ဗျားတို့က ဒီဇာတ်တော်တွေ ဖတ်ပြီးတဲ့သကာလ လွမ်းလိုက်တာနဲ့ ဆွေးလိုက်တာနဲ့၊ ဩော် ဘုရား အဖြစ် ရပေတာ မလွယ်ပါလား၊ ဒီလို သည်းခံနိုင်မှပါကလားဆိုတော့ ခင်ဗျားတို့က မရောင်ရာ ဆေးလိမ်းမိ.... ဖြစ်နေတယ်၊ ဒါဘယ့် နှယ်ကြောင့် ဒီကိုယ်တော်ကြီး ဇာတ်ကြီးဆယ်ဘွဲ့ ဖြစ်နေပါလိမ့် မတိုးလို့ မေးတဲ့အခါကျတော့မှ ဦးဘရှင်း အဖြေထွက်ပလား (ထွက်ပါပြီဘုရား)။

ဘယ်လိုထွက်သတုံး....(သစ္စာမသိလို့ ဖြစ်ရတာပါ) သစ္စာ မသိလို့ တိရစ္ဆာန်တွေ ဖြစ်ရတဲ့ဘဝတွေကိုးဗျ....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီ)။

သစ္စာသိပြီးတဲ့ပုဂ္ဂိုလ်မှာ "စတုဟာပါယေဟိစ ဝိပ္ပမုတ္တော" ဆိုတာက ရှိပြီးသား ဖြစ်နေတော့ လွတ်ပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ သစ္စာအသိ နောက်ကျ နေတာ တွေ့ဟာ အမျိုးမျိုး ထင်ရှားသွားတယ်ဆိုတာ အခုဟောနေတယ်....(မှန်ပါ့)။

ကဲ....ကျေကျေ နပ်နပ် သဘောကျပလား.... (ကျပါပြီ ဘုရား)။

http://www.dhammadownload.com



သစ္စာမသိတဲ့အပြစ်လောက်ကြီးတာဖြင့် ဦးဘရှင်း မြင်သေးလား....(မမြင်ပါဘုရား)။

ကဲ ဒါဖြင့် သစ္စာဘယ်နှစ်မျိုးနဲ့ သိရမှာတုံးဘုရား....ဆိုတာသာ ခင်ဗျားတို့ တရားတပွဲလုံးက လျှောက်ဖို့ပဲ လိုတော့တယ်....(မှန်ပါ့)။

ဟောပါတော့ဘုရား ...တပည့်တော်တို့အရေးကြီးမှန်း အင်မတန် သိပါပြီ၊ တပည့်တော်တို့ခန္ဓာကိုယ်ကလဲ အနတ္တပါ၊ အဲဒီတော့ ဒီနေ့လား ...နက်ဖြန်လား မသိဘူး၊ ယခုမိဖို့ပဲ အရေးကြီးပါတယ်ဆိုတာ တရားတပွဲလုံးက လျှောက်ဖို့သိပ်အရေးကြီးတယ်....(မှန်ပါ့)မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ခန္ဓာကိုယ်က အစိုးရကြရဲ့လား....(မရပါဘုရား) ဒီနေ့လာနိုင်ပေမယ့် နက်ဖြန်မလာနိုင်ဘူးဆိုတာလဲဒီထဲဖြစ်နိုင်တာချည်းပဲ (မှန်ပါ့)ရှင်းပြီနော် (မှန်ပါ့)။

ကဲ ...ဒါဖြင့် ယနေ့ အရေးကြီးတဲ့တရားဟာ ဦးဘကလေးဘာတရားဟောမယ် ..(ယနေ့ အရေးကြီးတဲ့တရားဟောပါလိမ့်မယ် ဘုရား)။

ယနေ့ အရေးကြီးတဲ့တရားကို ဟောလိမ့်မယ်ဆိုတာ နောက်ပိုင်းက တကာတကာမတွေ့လဲသေသေချာချာမှတ်ပါ (မှန်ပါ့) ဒါနဲ့ ပဋိသမ္ဘိဒါမဂ်က သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ကို မနေ့က အကျဉ်းဟောခဲ့တယ်၊ ဒီနေ့ အကျယ်ဟောလိမ့်မယ်လို့ မှတ်ပါနော်....(မှန်ပါ့)။

ဒီနေ့ အကျယ်ဟောလိမ့်မယ်ဆိုတဲ့ ဥစ္စာက သစ္စဉာဏ်ဆိုတာ သည် ၁–နံပါတ်ဉာဏ်၊ အောက်တန်းဉာဏ်၊ ကိစ္စဉာဏ်ဆိုတာ

http://www.dhammadownload.com



အလတ်စားဉာဏ်၊ မောင်နိုင်နော်....(မှန်ပါ့) ကတဉာဏ်ဆိုတာ အထွတ်ဆုံးဉာဏ်....(မှန်ပါ့)။

သစ္စဉာဏ်သည်ကား အညံ့စားဉာဏ်....(မှန်ပါ့)။

ကိစ္စဉာဏ်က....(အလတ်စားဉာဏ်ပါဘုရား)။

ကတဉာဏ်က....(အထွတ်ဆုံးဉာဏ်ပါဘုရား)။

ဒါဖြင့် ဒီဉာဏ်သုံးဆင့်ကို တကာတကာမတွေ ပြောတော့မယ် (မှန်ပါ့)။

သစ္စဉာဏ်ဆိုတာ တကာတကာမတွေ သစ္စာသိဖို့ဉာဏ်၊ ကိစ္စဉာဏ်ဆိုတဲ့ဥစ္စာက ဘယ်သူ့ကို ပိုင်းခြားသိရမယ်၊ ဘယ်သူ့ကို ပယ်ရမယ်၊ ဘယ်သူ့ကိုမျက်မှောက်ပြုရမယ်၊ ဘယ်သူ့ကိုပွားများရမယ်လို့ သိတဲ့ဉာဏ်က ကိစ္စဉာဏ်....(မှန်ပါဘုရား)။

ကတဉာဏ်ဆိုတာကခပ်ကျဉ်းကျဉ်းအခုစကားအကျယ်မပြောသေးပါဘူး၊ ခြောင်း ငါသည်ကားလို့ဆိုတာင် ပိုင်းလဲပိုင်းခြားပြီးပြီ၊ ပယ်လဲပယ်ပြီးပြီ၊ မျက်မှောက်ကလဲပြုနိုင်ပြီ၊ ပွားလဲ့ ပွားပြီးပြီလို့ သိတဲ့ဉာဏ်ဟာ ဘာဉာဏ်တဲ့..(ကတဉာဏ်ပါဘုရား) ကတဉာဏ်၊ ဒါ....အကျဉ်းပြောပါတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် အကျယ်ပြောကြစို့ တကာတကာမတွေ ဝေဖန်ဟောမှသိမည့် တကာတကာမတွေမို့ မောင်နိုင် ဝေဖန်လိုက်မယ်....(မှန်ပါ့)။

ဝေဖန်ရမယ်တဲ့၊ နောက်က တကာကကာမတွေ မပျင်းပဲနဲ့ ဒီဥစ္စာအထူးဂရုစိုက်ပါနော်....(မှန်ပါ့)ဂရုစိုက်ပြီးတော့ ခန္ဓာထဲ ဉာဏ်စိုက်ကြည့်တာပေါ့.... ပြောတာလဲ နားထောင် ခန္ဓာထဲ ဉာဏ်စိုက်တာပေါ့နော်... (မှန်ပါ့ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကဲ....ဒါဖြင့် သစ္စာဉာဏ် ဆိုတဲ့ဥစ္စာဘာပါလိမ့် မတုံးလို့မေးတဲ့ အခါကျတော့ ဒီခန္ဓာကိုယ်ကြီးထဲမှာ ရုပ်တွေ, ဝေဒနာတွေ, စိတ်တွေပေါ်မယ်၊ ဒီပေါ်တဲ့အထဲက လောဘမှတပါး ဘာစိတ် ပေါ်နေနေ၊ပေါ်သမျှ့သည် ဩော်... ဒုက္ခသစ္စာပဲလို့ ကိုပေါ် တို့ ကိုဝတို့က သိနေမယ်....(မှန်ပါ) ဒါ သစ္စာသိတာပဲ၊ ကိစ္စနဲ့ သိတာ မဟုတ်သေးပါဘူး....(မှန်ပါ)။

သစ္စာဉာဏ်နဲ့ သစ္စာသိတာပဲ ရှိသေးတယ်....(မှန်ပါ) ခန္ဓာထဲ ရုပ်တွေပေါ်တာ၊ ပူတဲ့, အေးတဲ့ ရုပ်တွေ တောင့်တဲ့ တင်းတဲ့ရုပ် တွေ လှုပ်တဲ့ ငြိမ်တဲ့ရုပ်တွေ၊ အင်း.... တော်တော်ကြာကျလို့ ရှိယင်ဖြင့် အိပ်ချင်တဲ့စိတ်တွေ သွားချင်လာချင်တဲ့စိတ်တွေပြော ချင်ဆိုချင်တဲ့စိတ်တွေ ကိုဝ....မလာပေဘူးလား....(လာပါတယ် ဘုရား) ဦးဘရှင်း လာတယ်နော်....(မှန်ပါ)။

လာလို့ရှိယင် ဩော်.... ဒါဒုက္ခသစ္စာတွေပါကလား....လို့ ဘာမှ အဖြစ်အပျက်ဆို မထည့်နဲ့ဦး၊ ဒါ.... ဒုက္ခသစ္စာတွေပဲလို့ သိတဲ့ဉာဏ်ဟာ....တဲ့ မောင်နိုင်....ပေါ်တိုင်း ပေါ်တိုင်း သိနေ လို့ ရှိယင် ဒါ.. ဒုက္ခတွေပေါ်နေတာပဲ၊ ဒုက္ခတွေ ပေါ်နေတာ ပဲ.... လို့ သိနေလို့ ရှိယင်ဖြင့် ဒါ.... သစ္စာဉာဏ်ပဲ.... (မှန်ပါ ဘုရား)။

ဒါက သစ္စာဉာဏ်ပဲ၊ ရှင်းပလား.... (ရှင်းပါပြီ) ဒီ....တလုံး တည်းနဲ့ မပြီးသေးပါဘူး.... တဲ့ သစ္စာဉာဏ်ကလဲ လေးခုသိရမှာ (မှန်ပါ)။

တခါတလေကျတော့ ဦးဘရှင်းတို့က ထမင်းဆာလာတယ် ကွာ....ဆေးလိပ်ကလေး ဆာလောင်မွတ်သိပ်လာတယ်ကွာ....ရေ

http://www.dhammadownload.com



ကလေး ဆာလောင်မှုတ်သိပ် လာတယ်ကွာ....လို့ အဲဒီအခါကျ တော့ သောက်ချင်တဲ့တဏှာ ကလေးလာတယ် (မှန်ပါ)။

သူလာပြန်လဲ သြော်.... ဒါ.... သမုဒယသစ္စာကလေး ပါ ကလားးလို့ချက်ချင်းဖမ်းလိုက် (မှန်ပါ) လာတိုင်း.... လာတိုင်း သူ့ကို ဘာဆိုကြမယ်....(သမုဒယသစ္စာပါဘုရား)။

အဲ....ဒါက သစ္စာဉာဏ်ပဲ သူလာတုန်း သိလိုက်တဲ့သစ္စာဉာဏ် ကလေး၊ သဘောကျပလား....(ကျပါပြီ)သူလာတုန်းသိတာ.... (သစ္စာဉာဏ်ပါဘုရား)။

သူကလဲ အမြဲလာတာမှမဟုတ်ပဲ.... (မှန်ပါ) ကိုဝ....အမြဲ လာရဲ့လား ...(မလာပါဘုရား)။

မလာဘူးတဲ့၊ အင်း .. သားကလေးခင်ချင်တယ်၊သမီးကလေး လွမ်းချင်တယ်၊ အစရှိသည်နဲ့ ဒါကလေး ပွေ့ချင်တယ်၊ ချီချင် တယ်ဆိုလို့ရှိယင်ဖြင့် ဘာသစ္စာကလေးပါလိမ့် (မုသဒယသစ္စာ ကလေးပါဘုရား)။

အဲ ... အဲဒီလို လာတုံးကို သိလိုက်တဲ့ ဥစ္စာကလေးဟာလဲ ဦးဘရှင်း မှတ်လိုက်တာပေါ့၊ သြော်....ဒါသမုဒယသစ္စာသိတဲ့ ဉာဏ်ပဲရှိသေးတယ်....(မှန်ပါ) ဒါဖြင့် သစ္စာဉာဏ်ပဲ ရှိသေးတယ် (မှန်ပါ)။

တဏှာကြီးလှိုင် ဘာဉာဏ်တဲ့.... ( သစ္စာဉာဏ်ပါဘုရား ) သစ္စာဉာဏ်ပဲ ရှိသေးတယ်နော်... (မှန်ပါ)။

ဘကိုယအကြိမ်

http://www.dhammadownload.com



တခါသြော်....ဒီသမုဒယကလေးချုပ်သွားတဲ့ အခါကျတော့ သြော်....ဒါဘာပါလိမ့်မတုံးလို့ ဆိုတော့ သြော်....“တဏှာနိရောဓော နိဗ္ဗာနံ”ပဲ၊တဏှာချုပ်ယင် နိဗ္ဗာန်ပဲကိုးလို့၊ တဏှာကလေး မရှိဘူး၊ မရှိမှန်းသိတဲ့ အခါကျလို့ရှိယင် သြော်.... တဏှာချုပ်တာ နိဗ္ဗာန်ဆိုတာ တခြားလား အောက်မေ့နေတယ်၊ တဏှာချုပ်တာကိုးလို့....ဆိုတော့ နိရောဓသစ္စာ သိလိုက်တယ်။တကယ် ပွားများမှုနဲ့သိတာ မဟုတ်သေးဘူး....(မှန်ပါ့)သစ္စာဉာဏ်နဲ့သိတာပဲ ရှိသေးတယ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

အင်း.. တဏှာကလေး ချုပ်သွားတဲ့အခါကျတော့ တဏှာချုပ်တာ ဘာခေါ်ကြမယ်(နိဗ္ဗာန်ပါဘုရား)“တဏှာနိရောဓော နိဗ္ဗာနံ၊ ခန္ဓနိရောဓော နိဗ္ဗာနံ” နော်....(မှန်ပါ့)။

အဲဒီတော့ တဏှာကလေး ချုပ်သွားတော့ ခန္ဓာထဲမှာ အခု အခါဖြင့် ကျုပ်လေ့ဘာ မရှိပါဘူးလို့ သိတဲ့ဉာဏ်ကလေးဟာ နိရောဓသစ္စာသိတဲ့ဉာဏ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

တခါတလေ ကျလာတဲ့အခါ တကာတကာမတွေ့မှာ သြော် မဂ္ဂသစ္စာဆိုတာလဲ ဘာပါလိမ့်မလဲ....လို့ မေးတဲ့အခါကျတော့ ကိုယ့်အထဲထဲမှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ... ဆိုတဲ့ ရုပ်နာမ်စမ္မကလေးတွေ ကြံလုံး စည်လုံး မြင်လုံးကလေးတွေရှိလာတဲ့အခါကျတော့ သြော်.... ဒါသည်ကားလို့ဆိုယင် ဘာပါလိမ့်မလဲလို့ ဆိုတော့ အခုပေါ်တဲ့ တို့ဉာဏ်ကလေးတွေဟာ သြော်....ဒါမဂ္ဂသစ္စာပဲ၊ ဉာဏ်ကလေး ပေါ်လာတိုင်း ပေါ်လာတိုင်းလဲ ဒါ...

http://www.dhammadownload.com



မဂ္ဂသစ္စာကလေးပါလား....လို့ ပေါ်တိုင်း ပေါ်တိုင်း သိပေး.... (မှန်ပါ့)။

ဒီလိုဆိုတော့ လေးချက်မပြည့်သေးဘူးလား.... (ပြည့်ပါပြီဘုရား) ဒါက ကိုဝ.... သာမညသိနေ၁်.... (မှန်ပါ့) ကိုပေါ်.... (သာမညသိပါဘုရား)။

သာမညသိ၊ ဒုက္ခပေါ်လို့ ဒုက္ခသိ၊ သမုဒယပေါ်လို့... (သမုဒယသိပါ) သမုဒယချုပ်လို့ နိရောဓသိ....(မှန်ပါ့)မဟုတ်ဘူးလား... (မှန်ပါ့)။

အဲဒီတော့ တခါတလေ ဉာဏ်ကလေးဘာကလေးပေါ်လာတဲ့အခါကျလို့ရှိယင်ဖြင့် ဆရာသမားဆီက နည်းရပြီး ဉာဏ်ကလေးမပေါ်တော့ဘူး....ဒီဉာဏ်ကလေးဟာ မဂ္ဂသစ္စာကလေးပေါ်တာပါကလား....လို့ ကိုယ့်ဟာကိုယ်ပဲ သိလိုက်....(မှန်ပါ့ဘုရား)။

ဒါ....ဘာဉာဏ်ခေါ်ကြမယ်....(သစ္စဉာဏ်ပါဘုရား)။

ဒါ့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာက "ဧတ္ထဉာဏံ ဒုက္ခံ၊ ဉာဏံ ဒုက္ခသမုဒယံ၊ ဉာဏံ ဒုက္ခနိရောဓံ၊ ဉာဏံ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါတိ ဉာဏံ သစ္စဉာဏံ နာမ" သူတို့ ပေါ်လာတိုင်း ပေါ်လာတိုင်း သိလိုက်လို့ရှိယင် ဒါ.... သစ္စဉာဏ်ရှိပါသေးတယ်ကွဲ့....တဲ့....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



လေးပါးစလုံး အလှည့်ကျနဲ့ ပေါ်လာတာ မောင်နိုင်ရ ဪ....ဒါ ဘာတုံး....ဒါဟာဒုက္ခ၊ ဒါကလေးဟာ အခုပေါ်လာတဲ့ သမုဒယ၊ အခု ချုပ်သွားတာက နိရောဓ၊ အင်း....အဲဒါကလေး သိလိုက်တာက မဂ္ဂ... ဆိုတော့ ဒါသိတဲ့ဉာဏ်ပဲ ရှိသေးတယ် .. (မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

ပေါ်တိုင်း ပေါ်တိုင်း သိလိုက်တဲ့ ဉာဏ်ကလေးကို ဘာဉာဏ်ခေါ်ကြမလဲ ... (သစ္စဉာဏ်ပါဘုရား) သဘောကျပလား .... (ကျပါပြီ)။

သစ္စဉာဏ်ကတော့ဖြင့် ရှင်းသွားပြီ၊ ပေါ်တိုင်း ပေါ်တိုင်း တပည့်တော်တို့ သမုဒယပေါ်လဲ အင်း ... ဒါ... သမုဒယသစ္စာ ပေါ်တယ်လို့ သိလိုက်တာပဲ၊ ဒုက္ခတွေ ပေါ်လာလဲ ဪ.... ဒါ ဒုက္ခတွေပဲ လို့ သိလိုက်တာပဲ၊ သမုဒယကလေး ချုပ်သွားတော့ ဪ ဒါကလေးဟာ နိဗ္ဗာန် ဆိုတဲ့ နိရောဓဟာ သူချုပ်တာကို ဆိုတာကိုး၊ အဲဒီ သူချုပ်တာ ဆိုတာကိုး... လို့ သိလုံးကလေးကျတော့ မောင်နိုင်က ဘယ်ဉာဏ် ဆိုပါ့မတုံး ... မဂ္ဂသစ္စာ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ လေးပါးစလုံး မသိဘူးလား(သိပါတယ်ဘုရား) သိတဲ့အခါကျလို့ရှိယင် ဒါ.... ဘာဉာဏ်ခေါ်ကြမလဲ (သစ္စဉာဏ်ပါဘုရား)။

သစ္စဉာဏ်ဆိုတဲ့ဉစ္စာ မနေ့ကနဲ့ မတူဘူးလို့မှတ်.... (မှန်ပါ့) မနေ့က အပေါင်းသိကို ပြောတယ်။ ယနေ့ အစိတ်သိကို ပြောပါတယ် .. (မှန်ပါ့)ရှင်းပြီနော် .. (ရှင်းပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒီလိုသိလို့ ရှိယင် သစ္စာဉာဏ်ရပြီလို့ နောက်က တရားနာတဲ့ တကာတကာမတွေ ရှင်းကြပလား....(ရှင်းပါပြီ)။

အခုတော့ တကာတကာမတွေက လောဘပေါ်လာလို့ရှိယင် ဖြင့် သမုဒယသစ္စာပါကလားလို့ တယ်ပြီးတော့ နှလုံးမသွင်းတဲ့ ဘူး... (မှန်ပါ) ချုပ်သွားပြန်လဲ ဩော် ဒါ နိရောဓကလေး ပေါ်နေတာပါကလားလို့ ....(နှလုံးမသွင်းပါဘုရား)။

အင်း....ချုပ်တာကလေး သိတာကလေးကလဲ ဩော်.... ငါ့ သန္တာန် မဂ္ဂသစ္စာကလေး ပေါ်နေတယ်လို့ကော ... (မသိပါ ဘုရား)။

မသိတော့ သစ္စာဉာဏ်ကို မသိမှာစိုးလို့ ယနေ့ အကျယ်တဝင့် ချဲ့ထွင်ပြောတယ်....(မှန်ပါ)။

ဒါဖြင့် ပေါ်တိုင်း ပေါ်တိုင်း ဤကား .. ဒုက္ခ၊ ဤကား.... သမုဒယ၊ ဤကား.... နိရောဓ၊ ဤကား.... မဂ္ဂ.... လို့ ခန္ဓာထဲ ပေါ်တိုင်း ပေါ်တိုင်း သိတာ ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စ ဉာဏ်ပါဘုရား)။

သစ္စဉာဏ်လို့ ဦးမူကြီးတို့ သေသေချာချာမှတ်ပါ (မှန်ပါ)၊ အသေမစောလို့ တွေ့တယ်ဆိုတာကော ရှင်းပလား(ရှင်းပါပြီ) ဒါဟာလဲ အခုပြောနေတယ် တကာတကာမတို့ ဒီဉာဏ်ကလေး ရဖို့ကိုလဲ ဦးဘရှင်း လူတိုင်း တွေးမိပါ့မလား.... (မတွေးမိပါ ဘုရား)။

ကဲ....ဒါဟာ ဒီဉာဏ် အညံ့ဉာဏ်ပဲ ရှိသေးတယ်.... (မှန်ပါ) ဒါကလေးတောင် ဒီတကာတကာမတွေ တွေးမိပါ့ရဲ့လားလို့ ဆိုတော့ မတွေးမိဘူး....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အခုဘုန်းကြီးတို့က သင်ထားလို့သာ ဖြစ်ပျက်က ဒုက္ခသစ္စာ မင်းတို့ရှုတာကလေ ဘာတဲ့.... (မဂ္ဂသစ္စာပါ) သေနေတာကလေးက....(သမုဒယပါ)အင်း....သူ သေလို့နောက်ခန္ဓာမလာတာက....(နိရောဓပါဘုရား)။

ဒါဟာ အခု ဘုန်းကြီးတို့ပေါ်လာမှ ဒီဟာ ရလာတာ.... (မှန်ပါ့) နဂိုက ရှိရဲ့လား (မရှိပါဘုရား)။

မရှိဘူး ကိုဝရဲ့...(မှန်ပါ့)နဂိုကရှိရဲ့လား.... (မရှိပါဘုရား) ဖြစ်ပျက်ကလေးတွေတော့ ခင်ဗျားတို့ရှုနေတယ်၊ ဖြစ်တာပျက်တာကလေး မြင်ပါတယ်၊ ဖြစ်ပျက်က ဘာတုံး....(ဒုက္ခသစ္စာပါဘုရား)မြင်တာကလေးက (မဂ္ဂသစ္စာပါဘုရား)အင်း သူလာတော့ သေတာကလေးက....(သမုဒယသစ္စာပါ)သူ သေတဲ့အခါကျတော့ကို နောက် ဒုက္ခခန္ဓာတွေ မလာတာက....(နိရောဓပါဘုရား)။

အခုပေါ်လာတာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါသည် ရှေးက ပေါ်သလားလို့မေးပြန်တော့လဲ ဦးဘာရှင်း.... မပေါ်ဘူး ( မပေါ်ပါဘုရား ) ခင်ဗျားတို့ အခုကံကောင်းလို့ တွေ့တာ....(မှန်ပါ့)။

ရှေးက ဒီဥစ္စာ သစ္စာလေးပါးပေါ်တယ်လို့ ကောမသိဘူး.... (မှန်ပါ့)သိကြရဲ့လား....(မသိပါဘုရား)။

မသိပဲဖြစ်ပြီးသကာလနေတော့ ဒါဖြင့် သစ္စာဉာဏ်တောင်ရမသွားကြဘူးဟေ့....(မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် သစ္စာဉာဏ်တောင် ရမသွားကြဘူးဆိုတော့ အာဠာရ တို့ သေသလို၊ ဥဒကတို့ သေသလိုဖြစ်သွားတယ်....(မှန်ပါ)မနစ် နာဘူးလား....(နစ်နာပါတယ်ဘုရား)။

အာဠာရ ဥဒကတို့မှာ အသေဆိုး မကျဘူးလား....(ကျပါ တယ်) ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ကိုဝ ဒုက္ခသစ္စာ နဲ့ နေရမယ်....(မှန်ပါ) ဘာမသိလို့ပါလိမ့်.... (သစ္စာမသိလို့ပါ ဘုရား)။

ကဲ....ဟောလိုက်ယင် တချက်တည်းနဲ့ သိမယ်တဲ့၊ ဒီလူတွေ တိဟိတ်တွေတဲ့၊ တိဟိတ်မှစျာန်ရတွေကွ....တဲ့....(မှန်ပါ)ဒီလိုဆို တော့ သူတို့လဲ အင်မတန် မထက်ဘူးလား .... (ထက်ပါတယ် ဘုရား)။

အဲဒီမှာ အရှုံးကြီး ရှုံးသွားပြီလို့ ဘုရားမညည်းဘူးလား.... (ညည်းပါတယ်ဘုရား) အဲ....သစ္စာဉာဏ်မျှလောက်တောင် ကိုဝ ကိုပေါ် ရမသွားရှာဘူး....(မှန်ပါ)ဘယ်လောက် နာသတုံး.... (နာပါတယ်ဘုရား)။

နို့....သူ ကမ္ဘာပေါင်း ဘယ်လောက်လည်ရမှာတုံးလို့ မေး လို့ရှိယင်လဲ နောက်အရေအတွက်မထည့်နိုင်ဘူး(မှန်ပါ)ဗြဟ္မာ ပြည်မှာ ရှစ်သောင်း လေးထောင် နေပြီးနောက် သူ.... ဘာ ဖြစ်မှန်းမသိသေးဘူး....(မှန်ပါ)။

ဘုရားက ပွင့်ချင်တိုင်း ပွင့်နေတယ်ထားပါတော့ ကိုဝ သူက အိရုပ္ပဈာန်ဘုံနေမယ်၊ အပါယ်နေမယ် ပစ္စန္တရာဇ် ရောက်နေမယ် တွေ့ပါဦးမလား....(မတွေ့ပါဘုရား)။

---

တတိယအကြိမ်.

http://www.dhammadownload.com



ဒါဖြင့် လဲ့ဖို့ရာနဲ့ ကြုံဖို့ရာ ဦးဘရှင်းပဲ ဆုံးဖြတ်ချက်ချပါ (လဲ့ဖို့ရာက များပါတယ်ဘုရား)။

လဲ့ဖို့ရာကများတော့ ဘယ်တော့မှမကျွတ်ဘူး....ဆိုကြပါစို့ (မှန်ပါ) ဘယ်တော့မှ ဒုက္ခဝဋ်မှ မကျွတ်တော့ဘူး ဆိုတဲ့ဥစ္စာ ဆုံးဖြတ်ချက်ချမယ် ဆိုလို့ရှိယင်လဲ အမှန်ပါပဲလို့ပဲ ပြောကြရမယ်....(မှန်ပါ)။

ဒါကြောင့် ဒီ တကာတကာမတွေကို အထိလေးပါးညီနေတာ မလဲ့စေနဲ့၊ မလဲ့စေနဲ့ဆိုတာ ခင်ဗျားတို့ သနားလို့ပြောတာပါ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ကဲ....သစ္စာဉာဏ်ဖြင့်ခန္ဓာထဲမှာ တို့ခန္ဓာထဲ ပေါ်လာသရွေ့ကလေးဟာ အင်း....လောဘမှတပါးကျန်တဲ့ရုပ်တွေ ဝေဒနာ—သညာစိတ်တွေ ကြည့်လိုက်တော့ မောင်နိုင်....ဒါတွေ ဘာတွေပါလိမ့်ကွာ... (ဒုက္ခသစ္စာတွေပါဘုရား)။

ဒုက္ခသစ္စာတွေဆိုတော့ ဒုက္ခသစ္စာပေါ်လို့ ဒုက္ခသစ္စာသိတာ သစ္စာဉာဏ်နော်....(မှန်ပါ)။

တခါတလေ စားချင်သောက်ချင်တဲ့စိတ်ကလေး ပေါ်လာပြန်တော့ ဘယ့်နှယ်ဆိုမလဲ....(သမုဒယသစ္စာပါဘုရား)။

ဒါ....သမုဒယသစ္စာ၊ ဩော်.... ဒီ..... သမုဒယ သစ္စာကလေး ပေါ်ပြန်ပြီလို့ မသိဘူးလား....(သိပါတယ်ဘုရား)။

ဝိပဿနာ မရှုပါနဲ့ဦးတဲ့၊ ရှုဖို့ မလိုသေးပါဘူး.... (မှန်ပါ) ပေါ်လာလို့ သိတာပဲ ထားလိုက်တော့နော်.... (မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါကလေးချုပ်သွားတော့ လောဘကလေးများ ချုပ်သွားတော့ ခြောင်... ဒါဘာပါလိမ့်....(နိရောဓပါ)နိရောဓကိုး၊တဏှာနိရောဓေါ နိဗ္ဗာနံ....ဆိုတာ ဟုတ်ပါလား....ဒီလိုပဲ ဆ,ပြီးသိဦး (မှန်ပါ့) ကတ်ဉာဏ်ကျမှ မြင်မှာကိုး.... (မှန်ပါ့) ဒီအချိန်မှာ ဆ,သိပဲရှိသေးတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဒီဉာဏ်ကလေးတွေ ဒါကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း သိနေတာကလေးဟာ ဒုက္ခပေါ်လဲသိ၊ သမုဒယကလေးပေါ်တာလဲသိ၊ဒုက္ခချုပ်သွားတာလဲသိ၊ သိဉာဏ်ကလေးက ဘာပါလိမ့်....(မဂ္ဂသစ္စာပါဘုရား)ဒါကလေးဟာ မဂ္ဂသစ္စာပေါ်တယ်လို့ပဲ သိပေး....(မှန်ပါ့) လောကီ မဂ္ဂသစ္စာပေါ်ပြီလို့လဲ သိပေးလိုက်....(မှန်ပါ့)။

ဒါဖြင့် လေးခုစလုံး ပေါ်တိုင်ပေါ်တိုင်း တကာတကာမတွေက သိနေတော့ ဒီဉာဏ်....ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စဉာဏ်ပါဘုရား)။

သစ္စဉာဏ်ပဲရှိသေးတယ် .. (မှန်ပါ့) မနေ့ကနဲ့ မတူဘူးနော် (မှန်ပါ့)။

မနေ့ကအကြမ်းဖျင်းပြီး သိလွယ်အောင်ပြောတာ—(မှန်ပါ့) ယနေ့ဟာကတော့ တကာတကာမတို့ မှတ်လိုက်ပါ၊ အရှင်....ကောဏ္ဍညတို့ ဒီလိုသိတာကို ပြောတာနော်....(မှန်ပါ့)။

အရှင်ကောဏ္ဍညတို့ ဤကဲ့သို့ ထူးထူးခြားခြား သိတာကို ပြောပါတယ်....(မှန်ပါ့)မောင်နိုင် နေရာကျပလား (ကျပါပြီ)။

ဒါဖြင့် မင်းတို့သည် ခြောင်....ပေါ်တိုင်း ပေါ်တိုင်း ဒုက္ခပေါ်.... ဒုက္ခသိ၊ သမုဒယပေါ်ယင်ကော....(သမုဒယသိပါတယ်

တတိယအကြိမ်

http://www.dhammadownload.com



ဘုရား....သမုဒယချုပ်ရင်....ချုပ်တယ်လို့သိပေါ့ကွာ.... (မှန်ပါ ဘုရား) ချုပ်တယ်လို့သိ၊ သိလုံးကလေးကိုလဲ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ... (မဂ္ဂသစ္စာပါဘုရား)။

အင်း....ဒါ မဂ္ဂသစ္စာကလေးပဲ ဆိုတာလဲ မသိနိုင်ဘူးလား (သိနိုင်ပါတယ်) ....ဒီလိုသိတဲ့ဉာဏ် ဘာဉာဏ် ခေါ်ကြမယ်.... (သစ္စဉာဏ်ပါ) သစ္စဉာဏ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် သစ္စဉာဏ်တော့ ရှင်းသွားပြီတဲ့၊ ဒါလောက်သိယင်ပဲ ဒါ... သစ္စဉာဏ်ပဲကွာဆိုတာ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆရာက....

> "ဧတ္ထ ဣဒံ ဒုက္ခံ၊ ဣဒံ ဒုက္ခသမုဒယံ၊ ဣဒံ ဒုက္ခနိရောဓံ၊ ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ဉာဏံ သစ္စဉာဏံ နာမ...."

ဒါ....သစ္စဉာဏ်ဆိုတာ ဒါပါပဲကွာဆိုတော့ ဒါကလေးဟာ လူသာမန်နဲ့ ခင်ဗျားတို့ ခုနက အထိလေးပါးမညီတဲ့ပုဂ္ဂိုလ်မှာ ပေါ်တိုင်း ပေါ်တိုင်း ဒါ....ဘာသစ္စာ ဘာသစ္စာလို့ မောင်နိုင်ဝေဖန်နိုင်ပါ့မလား....(မဝေဖန်နိုင်ပါဘုရား).... မဝေဖန်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

တကာကြီးလိုင်,... ကြားမှမကြားဖူးတော့ ပေါ်တာသိပါ့မလား....(မသိပါဘုရား)။

မသိတော့သူဟာအိမ်ထောင်ရယ်လို့ ကျသွားတယ်....၊စီးပွားလဲဖြစ်ရှာပါတယ်၊ကျောင်းတွေကန်တွေလဲ ဆောက်လုပ်သွားပါတယ်၊ သေတော့ သေသွားရှာပြီ။

---

တတိယအကြိမ်

http://www.dhammadownload.com



ဟာ သစ္စာမသိပဲနဲ့ သေသွားတယ်ဟော့....(မှန်ပါ့) ကိုဝ.... ဆိုနိုင်....မဆိုနိုင်....(ဆိုနိုင်ပါတယ်ဘုရား)။

သစ္စာမသိတာ ဘယ်သူတုံးလို့ တခါ လက်သည်ရှာလိုက် အဝိဇ္ဇာပဲ....(မှန်ပါ့)"အဝိဇ္ဇာ ဒုက္ခေ အညာဏံကို"။

သစ္စာမသိပဲနဲ့ သေသွားတော့ ဘာနဲ့ သေသွားသတုံး.... (အဝိဇ္ဇာနဲ့ သေသွားပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာလမ်း၊ သူလိုက်သွားတယ်.... (မှန်ပါ့) အဆုံးမှာ "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"သူ.... မလာဘူးလား....(လာပါတယ်ဘုရား)။

ဪ....ဒါဖြင့် လူတယောက်ဖြင့်မျက်လုံးမပွင့်ပဲနဲ့ပဲ ကိုဝ သေသွားလေရဲ့....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာနဲ့ သေသွားသတုံး.... မေးတဲ့အခါကျတော့ မောင်နိုင် ဘာနဲ့သေသလဲ....(အဝိဇ္ဇာနဲ့သေပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့သေတော့ကိုအဝိဇ္ဇာပစ္စယာသင်္ခါရာလမ်းလိုက်သွား လေရဲ့....ဆိုယင်ကော....(မလွဲပါဘုရား)။

သင်္ခါရာ လမ်းအဆုံးမှာ ကြည့်လိုက်တော့ ဘာတွေ့သတုံး ကိုပေါ်က....(ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိပါဘုရား)။

ဪ....ဒါ သူ့ပစ္စည်းတွေပါကလားဟေ့.... (မှန်ပါ့)အဲဒီ့ သေတဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတွေပါကလား....(မှန်ပါ့)။

ဒုက္ခအစုကြီးဟာ ဘယ်သူ့ပစ္စည်းတွေ ဆိုမလဲ.... (သေတဲ့ ပုဂ္ဂိုလ်၏ အစုကြီးတွေပါဘုရား)သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ပစ္စည်း..... (မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



တကာတကာမတို့ ဘယ်သူ့ပစ္စည်းတွေပါလိမ့်....(သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတွေပါဘုရား)။

သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတွေဆိုတာ ကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကိုင်း...,ဒါဖြင့်ကိုဝ....ရိုင်းရိုင်းပြောတော့ အကန်းတယောက်သေသွားပြီပော့....(မှန်ပါ့) ဆိုနိုင် မဆိုနိုင်... (ဆိုနိုင်ပါတယ်ဘုရား)။

အကန်းတယောက် သေသွားပြီပော့....ရှေ့ဆက်လိုက်ပါဦးမောင်နိုင်ရဲ၊ အကန်းတယောက် သေလဲသေတယ်၊ ရှုံးလဲရှုံးသွားပြီ....(မှန်ပါ့)။

ဘုရားက ညည်းတာကိုး၊ မဟာဇာနိယော....လို့ အာဠဝကရဲ့ဥဒကာအတွက် သိပ်ညည်းတော်မူတယ်၊ ဩော်....အကန်းကြီးရှုံးသွားရှာပြီ....(မှန်ပါ့)။

ဦးဘဲကလေး ဘယ့်နှယ်ဆိုမလဲ.... (အကန်းကြီး ရှုံးသွားပါပြီဘုရား)။

နောက်က တကာတကာမတွေ....(အကန်းကြီးရှုံးသွားပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ သနားတာ(မှန်ပါ့) ဒါကြောင့် သေသေချာချာ ပြောနေတယ်ဆိုတာကော ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကန်းလဲကန်းသေးတယ်၊ ရှုံးလဲရှုံးသေးတယ်ဆိုတော့ ဘယ်မှာတုံးဗျာ... အမြတ်ကိုပါသေးရဲ့လား....(မပါပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အေး....ဒါကြောင့် ဒီတရားကို နာတဲ့ တကာတကာမများ ဟာဖြင့် တွဲ အတော်ပဲ ဘုန်းရှိတယ်, ကံရှိတယ်ဆိုတာ ဇိုဝ.... မြှောက်ပြောတာလား....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးနော်... သစ္စာမသိပဲနဲ့ ဈာန်သမားကြီးတွေ သေသွားတာ ထောက်လိုက်တော့မှ အရှုံးကြီး ရှုံးသွားပဟော့ ဘုရားက ညည်းတာကိုး... နော်....(မှန်ပါ့) ဘုရားက ညည်းချင် လို့ ညည်းတာလား.... မောင်နိုင်....တကယ်ရှုံးလို့ ညည်းတာ လား ...(တကယ်ရှုံးလို့ညည်းတာပါဘုရား)။

အေး ...ဒါကြောင့် အရှုံး မခံကြပါနဲ့ဆိုတာ တပွဲလုံးပဲ ပြောလိုက်ပါတယ်....(မှန်ပါ့) ဒီဟာ ရှုံးသွားလို့ ရှိယင်ဖြင့် ကျောက်ရှုံးတာဟာ နောက်က ဖာနိုင်ပါသေးတယ်(မှန်ပါ့) မဖာနိုင်ဘူးလား....(ဖာနိုင်ပါတယ်ဘုရား)။

အင်း....တသိန်းကျောက် ဝယ်လိုက်တယ်....ရှုံးသွားတယ်၊ ဟာ....နောက် တို့....ကြည့်ရောင်းပေးပါဦးကွာ....မင်းရောင်းတဲ့ ကျောက်က ရှုံးသွားတယ်ဆိုတော့ ဟိုလူက သစ္စာရှိတဲ့ပုဂ္ဂိုလ် ဖြင့် မောင်နိုင်....နောက်လာဖေးလိမ့်ဦးမယ်....(မှန်ပါ့)ဒီဟာက ဖေးစရာ....( မရှိပါဘုရား ) ဒါဖြင့် ဒါ....အနာဆုံး....(မှန်ပါ့ ဘုရား)။

ဒါ....အနာဆုံးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

ကောင်းပြီ....ဒါဖြင့် ကိစ္စဉာဏ်ပြောကြစို့....။

သစ္စာ ပေါ်တိုင်း....ပေါ်တိုင်း သိတဲ့ဉာဏ်ဟာ ဘာဉာဏ်တဲ့ (သစ္စဉာဏ်ပါဘုရား) သစ္စဉာဏ်။

တတိယအကြိမ်

http://www.dhammadownload.com



နောက်တက်ရမည့် အသိက တကာတကာမတို့အရေးကြီးတဲ့ အသိလို့ ထားလိုက်ပါ....(မှန်ပါ့) အခုဟာက ဆရာသမား ပြောတာနဲ့ပဲ ခန္ဓာကိုယ်ထဲ ပေါ်တိုင်း.. ပေါ်တိုင်း သိသွား လိုက်လို့ ရှိယင် သစ္စာဉာဏ် ဖြစ်ပါတယ်...(မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီ)။

ကိစ္စဉာဏ် ပြောပါတော့မယ်... (မှန်ပါ့) တကာတကာမတို့ အခု ဘာပြောမယ်....(ကိစ္စဉာဏ် ပြောပါမယ်ဘုရား)။

ကိစ္စဉာဏ်ပြောပါတော့မယ်၊ နားကြီးကြီးနဲ့ထောင်ပါ၊ကိစ္စ ဉာဏ်ဆိုတာက ခန္ဓာကိုယ်ထဲမှာ ဥပမာ....ရုပ်ကလေးတခုဖြစ်စေ စိတ်ကလေးတခုဖြစ်စေ ပေါ်လာတယ်၊ ပေါ်လာတဲ့ အခါမှာ ဩော်....ဒီတရားကလေးဟာ ဖြစ်လဲဖြစ်တယ်၊ပျက်လဲပျက်တယ်၊ နှစ်ခုသိရမယ်... (မှန်ပါ့)။

ဖြစ်လဲ ဖြစ်တယ် (ပျက်လဲ ပျက်ပါတယ်)။

ဖြစ်လဲ ဖြစ်တယ်၊ ပျက်လဲ ပျက်တယ်လို့ သိတော့ ဩော်.... အဖြစ်အပျက်မှတပါးလဲ ဒုက္ခမရှိပါကလား....(မှန်ပါ့) ပေါ် ပလား....(ပေါ်ပါပြီ)။

အဖြစ်အပျက်မှ တပါးလဲ....(ဒုက္ခမရှိပါဘုရား)။

အဲ....ဖြစ်ပျက်ကို ပိုင်ပိုင်နိုင်နိုင် ဒုက္ခပဲလို့ သိတာက ကိစ္စ ဉာဏ်....(မှန်ပါ့)။

ဖြစ်ပျက်ကို ပိုင်ပိုင်နိုင်နိုင် သိတာသည် ဘာဉာဏ်ခေါ်ကြ မလဲ....(ကိစ္စဉာဏ်ပါဘုရား)။

**တထိယအကြိမ်**

http://www.dhammadownload.com



ဖြစ်ပျက်ဟာ ဘာမှမရောဘူး၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ.... (မှန်ပါ့)သဘောပါကြပလား... (ပါပါပြီ)။

ဒုက္ခဖြစ်၍....(ဒုက္ခပျက်တာပါဘုရား)။

ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲလို့ ဘယ်တရားလာလာ ပိုင်ပိုင် နိုင်နိုင်သိတာသည် ဒုက္ခသစ္စာကို ပရိညာဉ်ယျနဲ့သိတယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒုက္ခသစ္စာကို.... (ပရိညာဉ်ယျနဲ့ သိပါတယ်ဘုရား) ဒါက ခုနကထက် မထူးဘူးလား.... (ထူးသွားပါတယ်ဘုရား) ခုနက အပေါင်းသိလောက် ဖြစ်နေတယ်.... (မှန်ပါ့) ရှင်းပြီနော် ... (ရှင်းပါပြီ)။

ဒါဖြင့် ခန္ဓာထဲ ဝေဒနာကလေး ပေါ်လာလဲ....ဖြစ်တာလဲ ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား) ပျက်တာလဲ(ဒုက္ခသစ္စာပါ) ပျက်တာလဲ....(ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒုက္ခမှတပါး ခန္ဓာထဲ ပေါ်စရာ မရှိပါကလား.... (မှန်ပါ့)ဒီလိုသိတာက ဘာဆိုကြမယ်....(ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်၊ သြော်...သူ့ကိစ္စကို အကုန်သိတယ်....(မှန်ပါ့) သူ့မှာ ဒုက္ခကိစ္စရှိတာကို အကုန်မသိဘူးလား.... (သိပါတယ် ဘုရား)။

အဲဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (ကိစ္စဉာဏ်ပါဘုရား) အဲ....ဟိုက ပြတာက ဒုက္ခကိစ္စကိုပြတယ်.... (မှန်ပါ့) ကျုပ်မှာ ဒုက္ခကိစ္စသာရှိတယ်၊ ဒုက္ခနဲ့ကြုံရတဲ့ကိစ္စပဲရှိတယ်....(မှန်ပါ့) ဟိုက ဓမ္မက ပြောတာကို ဒီကဉာဏ်က သြော်....ဒီကိစ္စရှိတာကို ဒီကိစ္စ ရှိတယ်လို့ သိလိုက်တဲ့ဉာဏ်သည် ကိစ္စဉာဏ်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ကိုစ္စကတခြား၊ သိတဲ့ဉာဏ်က....(တခြားပါဘုရား)။ ဖြစ်မှုကိစ္စ ပျက်မှုကိစ္စက ဘာတဲ့တုံး (ဒုက္ခသစ္စာပါဘုရား) အဲ ဒါကလေးကို သူ့ ဒီကိစ္စမှတပါးဘာမှမရှိဘူးလို့သိတာက ဘယ်သူကသိတာတုံး....(ဉာဏ်ကသိတာပါ) ဉာဏ်က သိတယ်၊ သဘောကျပလား....(ကျပါပြီ)။

သူ့မှာ ဖြစ်မှုကိစ္စ ပျက်မှုကိစ္စမှတပါး ဘာမှမရှိဘူးလို့ဆိုတာ ဘယ်သိက သိတာတုံး ...(ဉာဏ်ကသိတာပါဘုရား)။

ဒါဖြင့် ဖြစ်မှုကိစ္စ ပျက်မှုကိစ္စက ရှုစရာအာရုံမှာ နေတယ်.... (မှန်ပါ) အဲဒီကိစ္စကို ဒီကနေ ဉာဏ်နဲ့ ဝေဖန်လိုက်တဲ့အခါ ဒီကိစ္စနှစ်ခုမှတပါး ဘာမှမရှိဘူးဆိုတော့ ပိုင်ပိုင်နိုင်နိုင် မသိကြဘူးလား....(သိပါတယ်ဘုရား)အဲဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ် (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်၊ နားကြီးကြီးနဲ့ထောင်ပါ တကာတကာမတို့၊ကိစ္စဉာဏ်က အလုပ်စခန်း....(မှန်ပါ)။

ကိစ္စဉာဏ်က....(အလုပ်စခန်းပါဘုရား)အလုပ်စခန်းပဲဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဒီဉာဏ်မရလို့ရှိယင်ဖြင့် ကိုယ်ကျိုးနည်းပြီ....(မှန်ပါ)။
ကိုပေါ် ဘယ့်နှယ်တုံး....( ကိုယ်ကျိုးနည်းပါတယ်ဘုရား ) ကိုယ်ကျိုးနည်းပြီတဲ့၊ ပိုင်ပိုင်သိမလာဘူး....(မှန်ပါ)။

ခုနကတော့ သာမညသိကိုး.... သစ္စဉာဏ်က.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အခုဟာကတော့ ပိုင့်ပိုင်နိုင်နိုင်သိတယ်၊ခုနက သာမညသိ.... (မှန်ပါ့)အခုဟာက ပိုင်ပိုင်နိုင်နိုင်သိ၊ ပိုင်းခြားသိဆိုတာပိုင်ပိုင်နိုင်နိုင်သိကို ဆိုပါတယ်....(မှန်ပါ့)။

ပိုင်းခြားသိဆိုတာ....(ပိုင်ပိုင်နိုင်နိုင်သိကိုဆိုပါတယ်) ပိုင်ပိုင်နိုင်နိုင်သိကို ဆိုပါတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဘာကလေးပေါ်လာ.. ပေါ်လာ....တခုတည်း မှတ်ပေတော့၊ ဩော်....ဖြစ်တာလဲဒုက္ခ၊ ပျက်တာလဲဒုက္ခပဲ၊ ခန္ဓာထဲကပေါ်သရွေ့ဖြင့် ဒုက္ခမှတပါး ဘာမှမပေါ်ဘူးလို့ ဉာဏ်ထဲမှာ ဆုံးဖြတ်ချက်ချလိုက်တာ ဒါ.. ကိစ္စဉာဏ်.. (မှန်ပါ့)။

ခန္ဓာကပေါ်လေသရွေ့ (ဒုက္ခချည်းပါ)ဒုက္ခချည်းပေါ်တာပဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ခန္ဓာက ပေါ်လေသရွေ့... (ဒုက္ခချည်းပေါ်တာပါဘုရား)။

ဒုက္ခချည်းပေါ်တယ်လို့သိတော့ ခန္ဓာက ဒုက္ခ၊ သဘောကျပလား....(ကျပါပြီ)ခန္ဓာက ခန္ဓကိစ္စကို ပြောတယ်....(မှန်ပါ့)။

ခန္ဓာက ဘာပြောလေ့ရှိသလဲ....(ခန္ဓကိစ္စကို ပြောပါတယ်ဘုရား)။

ကျုပ်ကိစ္စဟာဗျာ....ဒုက္ခရောက်တဲ့ကိစ္စပဲ ရှိတယ်....(မှန်ပါ့)။

ရှုပွားတဲ့ တကာတကာမတွေက ဒီဉာဏ်ကို ရလိုက်ပါတယ်၊ ဩော်...သူ့ကိစ္စဟာ ဒါပဲ....လို့ မသိဘူးလား.... (သိပါတယ်ဘုရား)။

http://www.dhammadownload.com



အင်း....လူတယောက်သွားတယ်၊ ဟိုနား တူးရှင်းကလေးနဲ့ ပေါက်ပြားကလေးနဲ့ သွားတော့.... ဩော်.... တွင်းတူးသွားတဲ့ ကိစ္စပဲ၊ ကိုယ့်ဉာဏ်က မသိဘူးလား....(သိပါတယ်ဘုရား)။

အဲ....ဟိုဟာက ကိစ္စ၊ ဒီက ဉာဏ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဟို.... တွင်းတူးသွားတာက.... (ကိစ္စပါဘုရား) သူ့ကိစ္စကို ကိုယ့်က သိလိုက်တာက....(ဉာဏ်ပါဘုရား)။

အဲ....ဟိုကကိစ္စနဲ့ ဒီက ဉာဏ်နဲ့ပေါင်းမှ ဘာခေါ်ကြမယ်.... (ကိစ္စဉာဏ်ပါဘုရား)။

အဲ....ကိစ္စဉာဏ် ရှင်းပြီ... မောင်နိုင်ရ....(မှန်ပါ့)။

ကိစ္စဉာဏ် ရှင်းပြီဆိုတော့ တကာတကာမတွေ လေးလေး စားစား မှတ်မိပလား....(မှတ်မိပါပြီ)။

အေး....ဒါဖြင့် ခင်ဗျားတို့ ရုပ်နာမ်တွေဟာ ဘာတွေများ လုပ်နေကြပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ မောင်နိုင် ရေ....ကိစ္စဉာဏ်လုပ်နေတယ်....(မှန်ပါ့)။

ဝေဒနာ ပေါ်လာယင် ဘာကိစ္စရှိသတုံး....မေးလိုက်တော့ ဒုက္ခကိစ္စပဲရှိတယ်...(မှန်ပါ့) သညာပေါ်လာယင်ကော.... (ဒုက္ခကိစ္စပဲရှိပါတယ်) စိတ်ကလေးပေါ်လာယင်.... (ဒုက္ခကိစ္စပဲရှိပါတယ်) သညာပေါ်လာယင်ကော.... (ဒုက္ခကိစ္စပဲရှိတယ်) စိတ်ကလေးပေါ်လာယင်....(ဒုက္ခကိစ္စပဲရှိပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒုက္ခရောက်ဖို့ ကိစ္စက....ကိုဝ.... သူ့အလုပ် မဟုတ်လား.... (မှန်ပါ့)ကျုပ်တို့က အဲဒီသူက ဒုက္ခရောက်တဲ့ကိစ္စကို ကျုပ်တို့က ဉာဏ်က မလှည့်မိမှာ စိုးရပါတယ်.. (မှန်ပါ့)။

ဉာဏ်က လှည့်မိတော့ ကိစ္စနဲ့ ဉာဏ်နဲ့ ပေါင်းလိုက်တာပေါ့.... (မှန်ပါ့) ပေါင်းလိုက်တော့ ဘာဖြစ်သတုံး.... (ကိစ္စဉာဏ် ဖြစ်ပါတယ်ဘုရား)။

အဲဒါမှာ တကာတကာမတွေမှာ မပေါင်းမိဘူး....(မှန်ပါ့)။

ဟိုက ကိစ္စတော့ပြောရဲ့၊ သူ့ကိစ္စ ဒ ါပဲလို့ ခန္ဓာကတော့ အချိန်မရွေးပြောတယ်.... (ပြောပါတယ်) ခင်ဗျားတို့က ဉာဏ် မလှည့်မိတော့ မပေါင်းမိဘူး....(မှန်ပါ့) မပေါင်းမိတော့ ကိစ္စ သာဖြစ်၍ ဉာဏ်မရလိုက်ဘူး....(မှန်ပါ့) သဘောကျပလား ... (ကျပါပြီ)။

ဒါဖြင့် ယနေ့ကစပြီး တကာ တကာမတွေက ကိစ္စနဲ့ဖြင့် ဉာဏ်နဲ့တွဲမဟ....(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (ကိစ္စနဲ့ ဉာဏ်နဲ့ တွဲရပါမယ် ဘုရား)။

ကိစ္စနဲ့ ဉာဏ်နဲ့ တွဲဖြစ်အောင် တွဲမယ်.... (မှန်ပါ့) သူကလဲ ကိုဝ ...ကိုပေါ .. တနေ့ ဘယ်နှစ်ကိစ္စပြမလဲ.... (မရေတွက်နိုင်ပါ ဘုရား)။

ဒါဖြင့် မရေတွက်နိုင်တဲ့ကိစ္စ သူပြတော့ ကျုပ်တို့မှာ ဉာဏ်နဲ့ တွဲမယ်ဆိုတော့ ဉာဏ်ပေါင်းလဲ ဘယ်လောက်ရမလဲလို့ မေးယင် (မရေတွက်နိုင်ပါဘုရား)မရေတွက်နိုင်တဲ့ဉာဏ်ရမယ်....(မှန်ပါ့) ပေါ ပလား....(ပေါပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် အဲဒီလိုဉာဏ်ရတော့ ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ် (ကိစ္စဉာဏ်ပါဘုရား) ဒါ.. ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိတဲ့ဉာဏ်ပဲ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ဉာဏ်ပဲဆိုတာ ကောင်းကောင်း ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဩော်....ဒါဖြင့် ခန္ဓာကိုယ်ထဲက နွားတကောင်လုံးပုပ်နေတဲ့ ဥစ္စာကို ဘယ်ကပဲ လှီးယူယူ ကိုဝ.... ဘာတွေရမတုံး.... (အပုပ် တွေပဲ ရပါမယ်ဘုရား)။

ဒါ....ခန္ဓာကိုယ်က ပင်ကိုက သစ္စဉာဏ်နဲ့ ဒုက္ခချည်းသိထား တဲ့ဥစ္စာပဲ၊ သူက ဘာကလေး တစွန်းတစ ထွက်လာလာ ကျုပ် တို့က ခုနက နွားလှီးယူတော့ အပုပ်ချည်းရသလို .. (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ဒုက္ခကိစ္စပဲ ထွက်မှာပဲ.... (မှန်ပါ့ ဘုရား)။

ဒုက္ခသစ္စာထဲက ပေါ်သရွေ့ဟာ.... (ဒုက္ခပဲ ထွက်ပါတယ်) ဒုက္ခပဲ ပေါ်ထွက်လာမှာပဲ.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ)။

သုခ ယောင်ယောင်ကလေးများ လာပါဦးမလား....(မလာ ပါဘုရား)။

အဲဒီလို မလာဘူးလို့ ပိုင်ပိုင်နိုင်နိုင် လာသရွေ့ကို ဒုက္ခသာ လာတာပဲဆိုပြီး တကာတကာမတွေက ဉာဏ်နဲ့သာရှု(မှန်ပါ့) ရှုလိုက်တော့ ဟိုကလဲအပုပ်မို့ အပုပ်ကိစ္စ ပြတာပဲ.... (မှန်ပါ့)

http://www.dhammadownload.com



ဒီကလဲ အပုပ်မှန်းသိတဲ့ဉာဏ်ပဲ မေ့ာင်နိုင် မရဘူးလား....(ရပါ တယ်ဘုရား)။

ဒါဖြင့် ဒုက္ခက ဒုက္ခကိစ္စပြတယ်....(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီ)။

ဉာဏ်ကလဲ သူ့ဘက်လှည့်လိုက်(မှန်ပါ)လှည့်လိုက်တဲ့အခါ ကျတော့ သူ့ကိစ္စကို ကိုယ်ကသိတယ် (မှန်ပါ)ဉာဏ်ကသိတယ် (မှန်ပါဘုရား)။

သူ့ကိစ္စကို.... (ဉာဏ်က သိပါတယ်ဘုရား) ပေါင်းလိုက်.... (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ဆိုတော့ ဩော် .. ဒါဖြင့် တို့လုပ်နေတဲ့အလုပ်ဟာ ဘာတွေပါလိမ့်မတုံးဆိုတာဟာ ခင်ဗျားတို့ အသားတက်မှန်း ကိုယ့်ဟာကိုယ်ပေါ်လာတယ် . (မှန်ပါ)။

ကဲ....ကိုဝ ဘာပေါ်လာသတုံး.... (ကိစ္စဉာဏ် ပေါ်လာပါ တယ်ဘုရား)။

ဩော်....တို့လုပ်နေတဲ့ဥစ္စာ သစ္စဉာဏ်တောင် မကပါကလား (မှန်ပါ) ဘယ်ဉာဏ်ရောက်နေသလဲ.... (ကိစ္စဉာဏ် ရောက်နေပါ တယ်ဘုရား)။

ကိစ္စဉာဏ်ရောက်အောင် တို့သည်ကားလို့ဆိုယင် အသား တက်နေပါကလားဆိုတာ မပေါ်လာဘူးလား....(ပေါ်လာပါ တယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် သေပျော်....မသေပျော်....ဟဉ်းစားပါ.... (သေပျော်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

သို့သော်....မသေပါနဲ့ဦး... တဲ့ ခင်ဗျားတို့ အချိန်ဆိုင်းလိုက်ပါဦး၊ ကကညာဏ်က အခုနာရီစေ့လို့ နက်ဖြန်မှ ဟောနိုင်မယ်(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....ဝဝ....

http://www.dhammadownload.com

**ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ**
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( သစ္စာဉာဏ် အကြောင်း )

# ညအလုပ်ပေးတရားတော်

## ( ၂၉ - ၆ - ၆၁ )

....၀၀....

တရားထဲမှာ ဦးဘဲရှင်းတို့ အရေးအကြီးဆုံးအချက် သိပြီနော်....(မှန်ပါ့) ဘယ်တရားပါလိမ့်.... (သစ္စာတရားပါဘုရား) သစ္စာတရားဆိုတာ မောင်နိုင် အရေးအကြီးဆုံးတရား (မှန်ပါ့) သူမပါပဲနဲ့ ဘုရားလဲမဖြစ်နိုင်ဘူးနော်.... (မှန်ပါ့) သောတာပန် သကဒါဂါမ်ကော.... (မဖြစ်နိုင်ပါဘုရား) အနာဂါမ် ရဟန္တာကော....(မဖြစ်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် ယနေ့တော့ ထူးထူးခြားခြားသိရအောင်ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာသူသောတာပန်တည်မည့်ပုဂ္ဂိုလ်ကို ဘယ်လိုစပြီး ဟောလေ့ရှိသတုံး ဆိုလို့ရှိယင်ဖြင့် ရှေးဦးစွာ ဃဉ်ကျေးသွားအောင် မောင်နိုင်....ဒါနကထာတွေ ဟောလိုက်တယ်(မှန်ပါ့)။

ဒါနကထာတွေဟောလိုက်တော့ ဒါနဆိုတာဟေ့....လူချမ်းသာ နတ်ချမ်းသာ ပေးစေနိုင်တယ်ကွ၊ လူ့ပြည်,နတ်ပြည် အစ

http://www.dhammadownload.com



ရှိသည့်တို့ကိုကွ....အခုချမ်းသာနေတဲ့ပုဂ္ဂိုလ်တွေ နတ်တွေ လူတွေ ကြည့်ကွ၊ဒါနကောင်းကြောင်းချည်းပဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဥပါလိကို ဟောပါတယ်နော်....(မှန်ပါ)။

နောက်တခါ အို... ဒါနချည်းမတော်သေးဘူးကွ.... အသက်ရှည်ခြင်း အကြောင်းမှာလဲ သီလကလဲ ရှိသေးတယ်ကွ....ဆိုပြီး သီလအမှမ်းတင်ပြီးသကာလ မောင်နိုင်....သီလကထာ ဟောပြန်တယ်....(မှန်ပါဘုရား)။

ဘယ်နှစ်ချက် ရှိသွားပလဲ.... (နှစ်ချက် ရှိသွားပါပြီဘုရား)၊ နှစ်ချက်ရှိသွားမြိနော်....။

အဲဒီ ဒါန တန်ခိုး သီလတန်ခိုးကြောင့်ဟေ့ .... နတ်ပြည်မှာ ဘုံတွေ ပေါက်ပြီးသကာလ ပဒေသာပင်တွေ ဆွတ်စားပြီးသကာလ ပျော်ချင်သလိုပျော်... ပါးချင်သလိုပါးရတယ်ကွ .... ဆိုပြီးတော့နတ်ပြည်ကောင်းကြောင်း ဟောလိုက်တယ်....(မှန်ပါဘုရား)။

နတ်ပြည် ကောင်းကြောင်းပဲ ဟောလိုက်တယ်....ပြီးတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘယ်လိုဖြစ်လာသတုံးဆိုတော့မှ ခြေ်....ဒါတွေသည်ကားလို့ဆိုယင်ကွာ တဲ့....အယုတ်တရားတွေပဲကွ.... အညစ်အကြေးတရားတွေပဲကွ ဆိုပြီးသကာလ စွန့်ပစ်အောင် ဟောတယ်....(မှန်ပါ)။

ဘာကြောင့်တုံးဆိုတော့ နတ်ပြည်ကောင်းကြောင်း ဟောလိုက်တဲ့အခါကျတော့ လောဘတွေ ဒေါသတွေ မောဟတွေ ကြွပြီးသကာလ လာတော့ အညစ်အကြေးတွေထွမလာဘူးလား. (ထွလာပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီအချိန်ကျတော့မှ သူ့ ဘာဟောသတုံးဆိုတော့ ဒါ…. သူဟောစဉ်လို့ မှတ်ကြစမ်းပါ ဦးဘရှင်တို့က….(မှန်ပါ့) ဒါန ဟောပြီး သီလဟောတယ်၊ သီလဟောပြီး နတ်ပြည် ကောင်း ကြောင်း သဂ္ဂကထာ ဟောလိုက်တယ် .. (မှန်ပါ့)။

နတ်ပြည်ကောင်းကြောင်း ဟောပြီးတော့မှ ဒီဟာတွေဟာ အပြစ်ချည်းပဲလို့ ဟောတယ်၊ ဒီဟာတွေမှ ထွက်ဖို့ကို နေက္ခမ ကထာ….ဆိုပြီးသကာလ တခါဟောရပြန်တယ်….(မှန်ပါ့)။

မောင်နိုင်–ဒါ….ဘုရားဟောစဉ်နော်….(မှန်ပါ့) ဘုရားဟော စဉ်လို့ တကာတကာမတွေ သေသေချာချာမှတ်ပါ။

အဲဒီလိုဟောပြီးသကာလနတ်ပြည်ကောင်းကြောင်းတွေဟော ပြီးမှ ကာမဂုဏ်အပြစ်တွေ နတ်ပြည်မှာ ခံစားရတဲ့၊ လူ့ပြည်မှာ ခံစားရတဲ့ ကာမဂုဏ်အပြစ်တွေကို တခါဟောရပြန်တယ်….။

ကိုပေါ….ဘယ့်နှယ်ကြောင့် ကောင်းတာဟောပြီး ဒါတွေ အပြစ်သင့်ပါတယ်လို့ ဆက်ဟောပြန်တော့ ခုနတုန်းက….တဲ့ တဏှာ မာန ဒိဋ္ဌိတွေ မောင်နိုင်….လွှမ်းမိုးလာတယ်….(မှန်ပါ့)။

ဒါနကထာ ဟောလိုက် သီလကထာဟောလိုက် နတ်ပြည် ရောက်ကြောင်း ဟောလိုက်တဲ့အခါကျတော့ကို တကာတကာမ တွေသိတဲ့အတိုင်း တယ်လုပ်ဖို့ ကောင်းပါကလား၊ တယ်နေရာ ကျပါကလား၊ ဒီဟာ ကြိုးစားကြမှာပါပဲ တို့ရအောင်၊ ဒါမှ တို့ခံစားရမှာပဲဆိုတော့ တဏှာတွေ မာနတွေ ဒိဋ္ဌိတွေ ကြွမလာ ဘူးလား….(ကြွလာပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီ ကြွလာတဲ့အချိန်ကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ကာမာနံ အာဒီနဝံ ကထာ" ဆိုပြီးသကာလ ကာမဂုဏ်တို့၏အပြစ်ကို ဟောလိုက်တယ်....(မှန်ပါ့)။

မင်းတို့နတ်ပြည်မှာ နတ်စည်းစိမ်ခံစားတယ်၊လူ့ပြည်မှာ လူ့စည်းစိမ်ခံစားတယ်ဆိုတာကွာ... တဲ့ခွေးတကောင်ရှိပါတယ်၊နွားသတ်နေတဲ့ ယောကျ်ား ဆရာတပည့်ရှိတယ်၊ အဲဒီနွားကို ခွေးတကောင်က သွားတယ်ကွာတဲ့၊ သွားတဲ့အခါကျလို့ရှိယင်ဖြင့်တဲ့ ဒီခွေးသည်ကားလို့....ဆိုလို့ရှိယင်ဖြင့် စားရမလားလို့ အနားသွားစောင့်တဲ့အခါမှာ နွားသတ်ယောကျ်ားနဲ့ တပည့်သားမြေးက အသားတွေ အကုန်ခြစ်ပြီး အရိုးတွေ အကုန်ပစ်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့်တဲ့၊ဒီခွေးဆီ ပစ်လိုက်တာပါပဲ ဒီအရိုးကို။

ခွေးက လျက်တယ်ကွာ....တဲ့၊ ထိုကဲ့သို့ လျက်တဲ့အခါကျလို့ရှိယင် ဝပါ့မလားလို့မေးယင် မောင်နိုင်....ဘယ့်နှယ်ဖြေပါ့မလဲ (မဝပါဘုရား)။

အဲ... ကာမဂုဏ်ဆိုတာကွာတဲ့ မောတာပဲ အဖတ်တင်တာပါပဲတဲ့၊ ဝတာမျိုး မဟုတ်ပါဘူး....(မှန်ပါ့)။

သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ပျော်တယ် ရွှင်တယ်ဆိုတာမျိုးဟာ ခဏကလေး ခွေးအမဲရိုးကို ပစ်လိုက်တာကလေးလျှာနဲ့ လျက်ပြီးသကာလ ဝတာမဟုတ်ပဲနဲ့ နေရတာ....(မှန်ပါ့)။

မောင်နိုင်....ဘယ်လိုနေရသလဲ....(ဝ–တာမဟုတ်ပဲနဲ့ နေရပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ ခင်ဗျားတို့ စည်းစိမ် ခံစားပြီးသကာလ နေကြတယ်၊ သားခင်၊သမီးခင်၊ဆွေခင်၊မျိုးခင်၊

http://www.dhammadownload.com



ခင်ပွန်းမ,ခင်,ခင်ပွန်းသည်ခင်နဲ့ ဒါတွေဟာ ဝ,တယ်လို့ရှိရဲ့လား (မရှိပါဘုရား)။

မရှိဘူးတဲ့၊ခုနက ပင်ပန်းရုံမျှပဲ၊ ဝ,တယ်လို့မရှိဘူး(မှန်ပါ့) သဘောကျကြပလား... (ကျပါပြီ)။

ပင်ပန်းရုံမျှဖဲ...(ဝ,တယ်လို့မရှိပါဘုရား)ကိုဝ....ကိုယ်ကိုယ်တိုင် တည်ထောင်ပြီးသကာလ လာခဲ့တာ အခုအချိန်ကျတော့ ဩော်....ပင်ပန်းတာ အဖတ်တင်တာပဲဟော့... သူ့ကို ခင်ရမင်ရတာ တော်ပြီတန်ပြီလို့ ဝ,တယ်လို့ရှိရဲ့လား....(မရှိပါဘုရား)။

ခုနက သွေးရဲရဲ သံရဲရဲနဲ့ အရိုးကို လျက်ရသလိုပါပဲ....၊ မဝ,ပဲနဲ့ပဲ ပြီးလိုက်ရတယ် ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မဝ,ပဲနဲ့သာလျှင် သုသာန်သို့ သွားလိုက်ရတာပဲ (မှန်ပါ့)။

ဒါ့ကြောင့်ကွာ....တဲ့၊ မင်းတို့ နှစ်ပြည်ဆိုတာ မကောင်းပါဘူး၊ ခွေး အမဲရိုးကို လျက်သလိုပါပဲတဲ့၊ ဘာမှ အသုံးမကျပါဘူးတဲ့၊ အပြစ်တွေပြတယ်....(မှန်ပါ့)။

အပြစ်တွေ ပြလိုက်တယ်ဆိုတော့ ကိုပေါ်တို့က ရိပ်မိပြီ၊ ဩော်....ဒါတွေဟာ ဟောမယ့် ဟောနေတာပါကလား၊နောက်ဆုံးဘိတ်တော့ ဖျက်ချရတာပါကလား....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လို သဘောရောက်သလဲ....(ဖျက်ချလိုက်တာပါဘုရား)။

ဖျက်ချလိုက်တာနော်၊ ဖျက်ချလိုက်တော့ ခုနက ဘုရားရှေ့မှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ဩော်....ဒါဖြင့် ဘာမှ အသုံးမကျပါကလားဆိုတော့ ခုနက သာယာတာတွေဟာ ဉာဏ်ထဲ

http://www.dhammadownload.com



မှာ.... စင်မသွားဘူးလား .... (စင်ပါတယ်ဘုရား) သဘောကျပလား ...(ကျပါတယ်ဘုရား)။

ဒါဖြင့် ဒီကာမဂုဏ် ငါးပါးမှ ထွက်မှတော်မယ်ဆိုတဲ့ စိတ်ကလေးကောပေါ်မလာဘူးလား....(ပေါ်ပါတယ်ဘုရား)ပေါ်လာတယ်။

အဲဒီ ပေါ်လာတဲ့ အချိန်ကျတော့ ကိုပေါ်တို့ ကိုဝတို့က စဉ်းစား ကိုယ့်ဝမ်းထဲမှာပဲ ကိလေသာတွေဟာ ဖြူစင်သွားတဲ့ အခိုက်ပွါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီအချိန် ကျလာတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဟောတယ်. (မှန်ပါ့) ဒါတွေ ခံနေယင် ဒီဟာဟောလို့မရဘူး (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝမ်းထဲမှာ ကိလေသာဖြူစင်ချိန်မှာ ကိုဝ.... ဘာဟောရမတုံး–(သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ် ဟောရပါတယ်ဘုရား)တိုတိုပြောတော့ ဒီအချိန်မှ သစ္စာဟောရတယ်(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

သစ္စာ စ,ယင်စခြင်း တကာတကာမတွေ လူတိုင်းမှာသွားမဟောနဲ့ကွတဲ့... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နို့ ဘုန်းကြီးမျှားတော့ ဘာဖြစ်လို့ သစ္စာက စဟောသတုံး ဆိုတော့ ဒီမှာ ယဉ်ကျေးပြီးသား ပုဂ္ဂိုလ်တွေဖြစ်လို့ ကိုဝ.... ဟောပါတယ်....(မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီ)။

အဲဒီတော့ဟိုဟာတွေသူကောင်းတယ်ဆိုလို့ရှိယင်အပြစ်ပြစရာကြားထဲမှာ အပြစ်ထိုးပြစရာဦးဘရှင်းလိုသေးတယ် (မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါနကြောင့် အကျိုးပေးတာတွေ ကောင်းတယ် .... လို့ ဆိုပြီး အကောင်းစစ်လို့ ဆိုပြီး ဘုရားဟောရဲ့လား....(မဟောပါ ဘုရား) မဟောဘူးတဲ့၊ မြက်မီးရှူးကလေး မီးရှို့ပြီးသကာလ လေလာတဲ့ဘက်လှည့်သလိုပါပဲကွာ၊ လွှတ်ယင်လွှတ် မလွှတ်ယင် ကိုယ့်လက် လောင်တာပါပဲ၊ ကာမဂုဏ် ငါးပါးဆိုတာလဲ လွှတ်ယင်လွှတ်၊ မလွှတ်ယင် ကိုယ့်လောင်တာပါပဲ.... ဆိုတော့ တကာကတာမတွေကိုယ်တိုင် သားပူ့ သမီးပူ့ ဆွေပူ့ မျိုးပူ ကိုယ့် မလောင်ကြဘူးလား....(လောင်ပါတယ်ဘုရား)။

ဒါ....လွှတ်လို့လား....မလွှတ်လို့ လောင်တာလား....(မလွှတ် လို့ လောင်တာပါ)မလွှတ်လို့ လောင်တာဆိုတာ မသေချာဘူး လား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ဒါ....ကာမဂုဏ်၏ အပြစ်တွေဆိုတာ ဘုရားက ပြောလိုက်တယ်....(မှန်ပါ)

ဒီ့ပြင် တခါပြောပြန်တယ်၊ ဒီ....ကာမဂုဏ်၏ အပြစ်ကို.... (မှန်ပါ) လူတယောက်ဟာကွာတဲ့....တောထဲ သရက်ပင်ကြီး တပင်ရှိတယ်၊ သရက်ပင်တပင်ရှိတော့ သရက်ပင်ကို ကြည့်လိုက် တယ်တဲ့၊ ဩော်–အသီးတွေကလဲ အပေါ်မှာ ပြည့်လို့ပဲဆိုပြီး သကာလ ဒီပုဂ္ဂိုလ်က စားချင်တာနဲ့ပဲ ငါသည် ဒီအပင်ပေါ် တက်ပြီးသကာလ သရက်သီးဆွတ်မယ်၊ ငါ့ခါးပိုက်နဲ့လဲ ပြည့် အောင်ထည့်မယ်၊ စားလဲစားမယ်ဆိုပြီး တက်သွားတယ် .... (မှန်ပါ) တက်သွားပြီး ခါးပိုက်ထဲလဲထည့် စားလဲစား.... ဒီလို နေတာပဲ၊ နောက်တယောက်လာပြန်တယ်....မောင်နိုင်ရ(မှန်ပါ ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နောက်တယောက်က လာပြီး သကာလ ငါတော့ဖြင့်....တဲ့ ဒီသရက်ပင်အပေါ်မှာ အသီးတွေလဲမြင်တယ်၊ စားလဲ စားချင်တယ်၊ တက်လဲမတက်နိုင်ဘူး၊ ဒီအပင် လှဲမှပဲ၊ သူက ခေါ်ပါလာတယ် (မှန်ပါ့)။

ဒီအပင်လှဲမှပဲဆိုပြီး လှဲလိုက်တော့ ဟိုပုဂ္ဂိုလ် အယင်တက်နေတဲ့ပုဂ္ဂိုလ်ဟာ ဧမောင်နိုင်ရေ... ဘာဖြစ်သွားမယ် ထင်သတုံး.... ဆင်းယင် ဆင်း၊မဆင်းယင်ခြေကျိုးလက်ကျိုးဖြစ်ရမယ်(မှန်ပါ ဘုရား) မိသေသောသ်လဲမလွှတပ....(ဖြစ်ရပါမယ်)ရှင်းကြပလား (ရှင်းပါပြီ)။

ဒီမှာလဲ ခင်ဗျားတို့ သားသမီး မြေးမြစ်နဲ့နေကြတဲ့ တကာ တကာမတွေတဲ့ ဒီခေါ်က ဆင်းယင်ဆင်းပါ....(မှန်ပါ့)မဆင်းယင် မရဏမင်းက အရင်းက လှဲပါလိမ့်မယ်.... (မှန်ပါ့)လှဲလို ရှိယင်ဖြင့် အိုခြင်းဆိုး....သေခြင်းဆိုးနဲ့အပါယ်သွားရမယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒီသားသမီး ဆွေမျိုးညာတကာဟာ အသီး... သီးတဲ့သရက်ပင်နဲ့ တူတယ် နော် .. (မှန်ပါ့)။

ပထမပုဂ္ဂိုလ်က ဆွတ်တာပဲ၊ ဒုတိယပုဂ္ဂိုလ်က အပင်လှဲတယ် ဆိုတော့ ဦးဘရှင်း ခံနိုင်ရည်ရှိပါ့မလား....(မရှိပါဘုရား)။

အဲဒါကြောင့် အဲဒီကာမဂုဏ်တွေဟာ ဒီလို သရက်ပင်ပေါ် တက်တဲ့ပုဂ္ဂိုလ်လိုပဲ ဆင်းယင်ဆင်း... မဆင်းယင် ဒုက္ခရောက်ကုန် မယ်ကွ ဆိုပြီးတော့ ကာမဂုဏ်ငါးပါးအပြစ်တွေ အကုန်ပြတယ် (မှန်ပါ့ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



မောင်နိုင် ရိပ်မိပလား၊ ကောင်းလို့ဟောတာလား....ဆိုးလို့ ဟောတာလား....(ဆိုးလို့ဟောတာပါဘုရား)။

အဲဒီလို ဆိုးတာဟောလိုက်တဲ့အခါကျတော့မှ ကိုပေါ်တို့.... ကိုဝတို့က ခုနကတရားနာနေတဲ့ ပုဂ္ဂိုလ်တွေက သြော်... ကာမဂုဏ်အပြစ်ဟာ အတော်ကြီးပါကလား .. ဆိုတာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ သူ့စိတ်ထဲ ရာဂ, ဒေါသ, မောဟ ကိလေသာတွေ မပါးဘူးလား .. ပါးသလား.... (ပါးပါတယ်ဘုရား) အဲဒီ ပါးတဲ့အချိန်ကျမှ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ဟောရပါတယ် .. (မှန်ပါ့)သဘောပါကြပလား....(ပါပါပြီ)။

ဘယ်အချိန် ဟောရပါလိမ့်.... (ကိလေသာ ပါးတဲ့အချိန် ဟောရပါတယ်) ကိလေသာ **ဝမ်းထဲ** ဖြူစင်နေတဲ့အချိန်.... (မှန်ပါ့)။

ဒါ....ကိုဝ မှတ်လိုက်စမ်း၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားဟောစဉ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ပထမ ဒါနမဟောဘူးလား ...(ဟောပါတယ်) နောက်ဘာ ဟောသတုံး.... (သီလဟောပါတယ်) အင်း.... သီလပြီးတော့ နတ်ပြည်ဟောတယ် ... (ဟောပါတယ်ဘုရား) ဒါတွေကြောင့် နတ်ပြည်ရောက်တယ်ကွ။

ပြီးတော့မှတခါ ဒီနတ်ပြည်၏ အပြစ်တွေကို ဘာပြောပြန် သတုံး....(အပြစ်ပြပါတယ်ဘုရား)။

အေး....ဒါတွေ ပြလိုက်တော့ ခုနက ခွေးအမဲရိုးလျက်ရသလို၊ အင်း....ခုနက မီးရှူးတိုင် ကိုင်သွားတဲ့ပုဂ္ဂိုလ် လွှတ်

http://www.dhammadownload.com



ယင့်လွတ်၊မလွတ် ကိုယ့်လော်သလို၊ သရက်ပင်ပေါ် တက်နေတဲ့ ပုဂ္ဂိုလ်ဟာ အောက်ပုဂ္ဂိုလ်က လှဲလိုက်လို့ရှိယင် ဆင်းယင်ဆင်း မဆင်းယင် သေမည့်ပုံ၊ အမျိုးမျိုး ဒုက္ခတွေ တွေ့ရမည့်ပုံတွေ ဟောလိုက်တော့ ဩော်....တို့သားသမီး မြေးမြစ် တည်းဟူသော အာရုံတွေပေါ်မှာ တက်ပြီးသကာလ နေတဲ့ တို့... ပုထုဇဉ်မိုက်တွေဟာ မဆင်းယင်တော့ ဒုက္ခရောက်မှာပဲဆိုတာ အပါယ်လေးပါးရောက်မယ်ပြောတာ....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါတွေ အကုန်ဟောပြီးတော့ ကဲ....ကိုပေါ် စိတ်ထဲဘယ့်နှယ်ဖြစ်သွားမယ်ထင်သတုံး.... နာတဲ့ပုဂ္ဂိုလ်မှာ.... (ဖြုန်းစင်သွားပါတယ်ဘုရား) ဖြုန်းစင်သွားတယ်။

ကိလေသာ ဖြုန်းစင်သွားတဲ့အချိန် ကျတော့မှ သစ္စကထာ ဟောရတယ်....(မှန်ပါ့)။

သစ္စာ အရမ်းဟောလို့မရဘူး....(မှန်ပါ့) ငါ....ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဥပမာပြမယ်၊ အဝတ်တခုကို ဖြုန်းစင်နေအောင် ဖွတ်လိုက်ပါတဲ့....(မှန်ပါ့) နောက်မှ ဒီပန်းဆိုးဆရာဖြစ်စေ၊ ပင်မင်းဖြစ်စေ ဦးဘရှင်း....အပ်လိုက် .. (မှန်ပါ့)။

အပ်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒီ....အဝတ်မှာ ကိုယ်လိုချင်တဲ့ ပန်းချက်ပန်းလက် ဆေးရောင်တွေ မစွဲပေဘူးလား.... (စွဲပါတယ်) ဘာဖြစ်လို့စွဲသတုံး.... မေးတဲ့အခါ.... (ဖြုန်းစင်နေလို့ပါဘုရား)။

အဲဒီမှာလဲ တကာတကာမတွေ ခင်ဗျားတို့ အခု တရားနာတဲ့ အခါမှာ ဘုန်းကြီးသစ္စာဟောတာ ခင်ဗျားတို့ တရားသက်သက်

http://www.dhammadownload.com



ပဲ၊ တို့ဖြင့် နည်းယူပါတော့မယ်၊ လုပ်ပါတော့မယ် ဆိုတော့ ဖြူစင်တဲ့ စိတ်နဲ့လာတာနဲ့ သစ္စာဟောရတယ်....(မှန်ပါ့) သစ္စာဟာ အညစ်အကြေးခံနေတဲ့ပုဂ္ဂိုလ်ကို ဟောကို ဟောလို့မရဘူး (မှန်ပါ့) အင်မတန် အရေးကြီးတဲ့ တရားဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် သစ္စာဘယ်အချိန် ဟောရမှာပါလိမ့်.... (ဖြူစင်တဲ့အချိန် ဟောရမှာပါဘုရား)။

ဖြူစင်တဲ့အချိန်မှာ သစ္စာတည်းဟူသောဆေး ဆိုးလိုက်လို့ရှိယင် ဝမ်းထဲက ကိလေသာ အညစ်အကြေး ဖြူစင်နေတဲ့အချိန်မှာ သစ္စာဘည်းဟူသော ဆေးကို ဆိုးလိုက်မယ်ဆိုယင် စွဲသွားတယ်....(မှန်ပါ့)။

အဲဒီ စွဲသွားလို့ မောင်နိုင် တခါတည်း သောတာပန်တည်တယ်ဆိုတာ ဒါကြောင့်တည်တာ....(မှန်ပါ့)။

သောတာပန်တည်တာက ကိုပေါ်....ပြင်ဘက်မှာ တည်တာလား ... ဝမ်းထဲမှာ မဂ်ဉာဏ်တည်တာလား....(ဝမ်းထဲမှာ မဂ်ဉာဏ်တည်တာပါဘုရား)။

ကိလေသာ အညစ်အကြေးခံနေယင် ဒီ....မဂ်ဉာဏ်က အဲဒီနေရာမှာသွားပြီး ကိန်းအောင်းနေလို့မရဘူး....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီး တကာတကာမတွေကို သတိပေးရပါတယ်၊ တရားနာတဲ့အခါကျလို့ရှိယင် သားရေး, သမီးရေး, စီးပွားရေး မိတ်ဆွေသင်္ဂဟနဲ့တွေ့ယင် ပျော်ရေး....ရွှင်ရေးတွေကိုဝ....ဒါတွေ စိတ်ထဲမှာမထားနဲ့....(မှန်ပါ့)။

---

ဘဂီယအကြိမ်

http://www.dhammadownload.com



မထားပါနဲ့၊ ဒါ....စိတ်ထဲမှာဖြူဖြူစင်စင်ထား၊အဲဒီဖြူဖြူစင်စင်ထားတဲ့အချိန်မှာ ဒီက သစ္စာဉာဏ်တွေ ဟောလိုက်၊ကိစ္စဉာဏ်တွေဟောလိုက်၊ ကတဉာဏ်တွေ ဟောလိုက်တဲ့အချိန်မှာ ဖြူစင်နေတာကိုဆေးဆိုးလိုက်တာနဲ့တူတယ်....(မှန်ပါ့)သေသေချာချာ စွဲသွားတယ်.. (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် အခု တရားနာတဲ့ တကာတကာမတွေ ဘုန်းကြီးသစ္စာဟောတော့မယ်တဲ့၊ခင်ဗျားတို့က စိတ်ထဲမှာ ဖြူဖြူစင်စင်ယားတာတောင်–မဖျောက်နဲ့တော့ တပါးစိတ်တွေ ဝင်လာမှာစိုးလို့ (မှန်ပါ့) ဒီလိုနာလို့ ရှိယင်ဖြင့်တဲ့၊ ဒီ....တရားပွဲထဲတွင်ကိုဝ သောတာပန် တည်နိုင်တယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီထဲမှာ ကိလေသာမရှိတုန်းကို သစ္စာကဉာဏ်ထဲဝင်အောင်းလိုက်တာကိုး....(မှန်ပါ့)။

အယင်တော့ သစ္စာက ဝမ်းထဲကလာပြီး ကိလေသာကခံနေလို့ရှိယင် လောဘ ဒေါသ မောဟ ပျော့မှုရှင်မှုတွေက ဝမ်းထဲကနေလို့ရှိယင် အညစ်အကြေးတွေက ဟဒယဝတ္ထုပေါ်မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီအချိန်မှာ သစ္စာသွားမဟောနဲ့ဟေ့....တဲ့၊ ဘာဖြစ်လို့တုံးဆိုလို့ရှိယင် အဝတ်က နဂိုက ဆီတွေ ရေနံတွေ ပေနေတဲ့အဝတ်ကြီးကို မင်းကသွားပြီး ဆေးဆိုးလိုက်လို့ရှိယင် ဘုရားကမစွဲပေဘူးတဲ့....(မှန်ပါ့)။

အဝတ်ကိုက အညစ်အကြေးပါနေတယ်....၊ အဲဒီတော့စွဲပါ့မလား....(မစွဲပါဘုရား) ဖြူစင်နေယင်တော့တကာတကာမတွေ

http://www.dhammadownload.com



(စွဲပါတယ်) စွဲမယ်ဆိုတာ သေချာပလား.... (သေချာပါပြီ ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးများလဲ ပင်ပန်းကျိုးနပ်အောင်ခင်ဗျား တို့လဲ အကျိုးရှိအောင် ဆိုပြီးသကာလ တရားနာတဲ့ အချိန်မှာ ဘယ်အာရုံတွေမှ မဝင်ဖဲနဲ့ ဩော်.... သစ္စာဟောတော့မှာပဲ၊ သစ္စာခန္ဓာကိုယ်ထဲမှာ....သစ္စဉာဏ် ခန္ဓာကိုယ်ထဲမှာ.... ကိစ္စဉာဏ် ခန္ဓာကိုယ်ထဲမှာ.... ကတဉာဏ် ခန္ဓာကိုယ်ထဲ ရောက်လို့ရှိယင် ကိုဝ....သောတာပန်တည်တာပဲ....(မှန်ပါ) သိပ်ဝေးသလား...., (မဝေးပါဘုရား)။

အဲဒီတော့ မဝေးတာက ဘာတုံး... လို့ မေးတော့မှ ယနေ့ ရှင်းရှင်းလင်းလင်း တကာတကာမတွေ ပြောရမှာက ဝမ်းထဲမှာ ဖြူစင်ဖို့ပဲ အရေးကြီးတယ် .. (မှန်ပါ)။

ဝမ်းထဲမှာ တရားနာရင်းမတ္တနဲ့ ဖြူစင်နေဖို့.... (အရေးကြီး ပါတယ်ဘုရား)။

အဲဒီ ဖြူစင်နေတဲ့ အချိန်ကျမှ ဒီက သစ္စဉာဏ်ကို ပေးလိုက် တော့တကာတကာမတွေ ဟဒယဝတ္ထုပေါ်မှာသစ္စဉာဏ်ကလေး သွားကိန်းတယ် ...(မှန်ပါ)။

ကိစ္စဉာဏ်ကလေး ပေးလိုက်တော့ကော.... (ကိန်းပါတယ် ဘုရား)။

ကိစ္စဉာဏ်ကလေး ပေးလိုက်တော့ ကိစ္စဉာဏ်ကလေးက သွား ကိန်းတယ်....(မှန်ပါ)။

ဘာဖြစ်လို့တုံး....(ဖြူစင်နေလို့ပါ)ဖြူစင်နေတော့ ဆိုးတဲ့ ဆေးဟာ စွဲသွားတယ်....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဖြူစင်နေတော့....(ဆိုးတဲ့ဆေးဟာ စွဲသွားပါတယ်ဘုရား)။

အဲ....သစ္စာတည်းဟူသော ဆိုးဆေးကို ခင်ဗျားတို့ ဟဒယဝတ္ထုပေါ်မှာ ကိုဝ....ကိုပေါ်....ဆိုးတော့မှာကိုးဗျ.... (မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က အညစ်အကြေး ခံနေယင် စွဲပါမလား....(မစွဲပါဘုရား)။

အဲဒါကြောင့် ဩော်....ဘုရားလက်ထက်က အရှင်ဥပါလိတို့ အရှင်ကောဏ္ဍညတို့ဘယ်လိုကြောင့် တည်ပါလိမ့်မတုံး....ဆိုတော့ ခုနက ဘုရားကြည်ညိုအောင် ဒါနတရားတွေဟော၊ သီလတရားတွေဟော၊နတ်ပြည်ရောက်ကြောင်းတွေဟော၊ ပြီးတော့မှ ဒီ.... ကိလေသာငါးပါး အာရုံ ကာမဂုဏ်တွေဟာကွာ အသီးသီးတဲ့ သရက်ပင်ပျက်စီးရသလို၊ မီးရှူးမလွှတ်တဲ့ ပုဂ္ဂိုလ် ခြေလက်အင်္ဂါတွေ လောင်ရသလို၊ ခွေးအမဲရိုး ကိုက်သလိုကွ... မဝပဲနဲ့ သေခြင်းဆိုး သေရသလို မင်းတို့အလုပ်ဟာ နေရာမကျပါဘူး ဆိုတော့ ဩော် ကိလေသာအလုပ်ဟာ အလကားပါလား ဆိုတော့ ဝမ်းထဲ ကိလေသာ ရှိသေးရဲ့လား .. (မရှိပါဘုရား)။

ဒီ....ကိလေသာမှ ထွက်ချင်တဲ့စိတ်ကလေးကော ပေါ်မလာဘူးလား....(ပေါ်လာပါတယ်) အဲဒီ ထွက်ချင်တဲ့ စိတ်ကလေး ပေါ်လာတော့ ဟဒယဝတ္ထုပေါ်မှာ ဖြူနေတယ်.... (မှန်ပါဘုရား)။

ဒါ... တကာတကာမတွေ ဝမ်းထဲမှာနော်....(မှန်ပါ) တကာတကာမတွေ ဝမ်းထဲ ဟဒယဝတ္ထုပေါ်မှာ ဖြူစင်ပြီးသကာလ

http://www.dhammadownload.com



အညစ်အကြေး မရှိပဲနဲ့ ဘဝင်စိတ်တွေသာ ရှိနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘဝင်စိတ်ကတော့ ဖြူဖြူစင်စင်ပေါ့... တဲ့....(မှန်ပါ)။

အဲဒီ ဘဝင်စိတ်နဲ့ ဖြူဖြူစင်စင်နေတုန်းမှာ ဒီက သစ္စဉာဏ်သွားပေါ့လိုက်လဲဟဒယဝတ္ထုပေါ် ရောက်သွားတာပဲ (မှန်ပါ) ကိစ္စဉာဏ် ပေါ့လိုက်လဲ....(ဟဒယဝတ္ထုပေါ် ရောက်သွားပါတယ်ဘုရား) ကတဉာဏ် ပေါ့လိုက်ယင်ကော....(ဟဒယဝတ္ထုပေါ်ရောက်သွားပါတယ်ဘုရား)။

ဟဒယဝတ္ထုပေါ် ရောက်သွားတော့ ဟဒယ ဝတ္ထုပေါ်မှာ ကတဉာဏ်တည်းဟူသောမဂ်က သွားနေတော့ အင်း ဒီအချိန်မှာ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သဘောပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် သောတာပန်တည်ဖို့ဟာ တရားနာနည်း နိဿရည်းကို ဆရာသမားက သေသေချာချာ ပြောပြီးလာတော့ ပေါ့မှာလဲ သစ္စ, ကိစ္စ, ကတ, သုံးဉာဏ်ကို ပေါ့တော့မယ်....ဆိုတော့ ဒီလိုနာနည်းနဲ့ ဒီလိုပေါ့နည်းနဲ့ ဒီလိုခန္ဓာကိုယ်ထဲမှာ သစ္စာတွေစွဲသွားမယ်ဆိုလို့ ရှိယင်ဖြင့် သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, ဝမ်းထဲမှာ စွဲသွားတယ်ဆိုလို့ရှိယင်ဖြင့်တဲ့ သောတာပန်တည်ဖို့ရာ ဝေးသလား....(မဝေးပါဘုရား)။

ဒါကြောင့် သေသေချာချာ နားလည်တဲ့ ဆရာသမားနဲ့ တွေ့လာတော့ ကိုဝရေ.... တရားနာနည်းကိုက လိုနေတယ်.... (မှန်ပါ)မလိုဘူးလား....(လိုပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



တရားနာနည်းက နဂိုက ကိုယ့်ဝမ်းထဲမှာ ကိလေသာ မရှိနိုင်ဖို့ကို အရေးကြီးတယ်....(မှန်ပါ)။

အညစ်အကြေးဘာတုံး(မရှိနိုင်ဖို့ အရေးကြီးပါတယ်ဘုရား)မရှိနိုင်ဖို့ အရေးကြီးတယ်ဆိုတာ မှတ်လိုက်စမ်းပါ... (မှန်ပါ)။

အဲဒီ မရှိနိုင်တဲ့အချိန်ကျမှ ဒီ...သစ္စာတွေကို ခင်ဗျားတို့ နားထဲကနေပြီး ဟဒယဝတ္ထုထဲ ရောက်အောင် သွင်းလိုက်တဲ့အခါကျတော့ ဖြူတာကို တခါတည်း တကာတကာမတွေ ဆေးဆိုးတဲ့အခါ လိုချင်တဲ့အရောင်, လိုချင်တဲ့ပန်းခက်, လိုချင်တဲ့ ပန်းရွက်ဆိုသလိုပဲ ဦးဘရှင်း.... သွားမစွဲပေဘူးလား.... (စွဲပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ တရားနာနည်းကိုပဲ အခုသင်ပြန်တယ်ဆိုတာကော ပေါ်မှုလား....(ပေါ်ပါပြီ)။

ကိုင်း တကာတကာမတွေ အခုအခါမှာ ကျောင်းထဲလဲရောက်နေကြတာကြောင့် ခင်ဗျားတို့နှစ်သက်တဲ့ အာရုံဟူသရွေ့လဲ ဒီကျောင်းထဲမှာလဲ ဘာမှမရှိဘူး....(မှန်ပါ)အိမ်ကလဲစွန့်ပစ်ပြီး သကာလ လာခဲ့ကြတဲ့ပုဂ္ဂိုလ်တွေ....(မှန်ပါ)နတ်ရွာ သုဂတိကိုလဲ ခုနက ပြောလိုက်တဲ့ အလကားဟာတွေပေါ့....ရွှေအမဲရိုးကိုက်တဲ့ အသွားမျိုးတွေ၊ သရက်ပင်အသီးသီးမိလို့ ပင်လုံးပါအလှဲခံရတဲ့ ကိစ္စတွေကွ.... မြက်မီးရှူးကြီး ကိုင်ပြီး သကာလလေရှိရာဘက်သွားတဲ့အခါ လွှတ်ယင်လွှတ်၊ မလွှတ်ယင် လက်လောင်တာပဲ၊ခန္ဓာကိုယ်ပါလောင်တာပဲ၊ မင်းတို့ ငါးပါးအာရုံကာမဂုဏ်တွေဟာ အလကားဟာတွေကွ....လို့ဆိုတော့ ဩော်....ဟုတ်သားပဲဆိုတာ မလာဘူးလား....(လာပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



လာတဲ့အခါကျတော့ ဩော်.... ဟုတ်သားပဲ....လို့ လာလိုက်တော့ ဟာဒယဝတ္ထုပေါ်ဘာဖြစ်သွားတယ်ထင်ကြသတုံး (ဖြူစင်သွားပါတယ်ဘုရား) ဖြူစင်သွားတယ်၊ ရှင်းကြပလား (ရှင်းပါပြီ)။

ဟာဒယဝတ္ထုပေါ်မှာ.... (ဖြူစင်သွားပါတယ်ဘုရား)။

အဲဒီဖြူစင်တဲ့အချိန်ကျမှ သစ္စဉာဏ်၊ ကိစ္စဉာဏ်နဲ့ ကတဉာဏ်ကို ကိုဝ.... ကိုပေါ်.... ပေးရတယ်.... (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။

အဲဒီလိုပေးလိုက်တော့ ခုနက ဥပါလိတို့လဲ ဒီတရားနာယင်းမှဲ သောတာပန် တည်တာပဲ.... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် အရှင်ကောဏ္ဍညတို့လဲ တရားနာယင်း တည်တာပဲဆိုတာ ဩော်....မြန်လိုက်တာနော်....သူတို့ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး....ပါရမီရှင်တွေမို့ထင်ပါရဲ့လို့ ခင်ဗျားတို့ကဝေးသောအကြောင်းတွေ သွားတွေးတယ်နော်....(မှန်ပါ့)။

ဝေးသောအကြောင်း မတွေးကြဘူးလား.... (တွေးပါတယ်ဘုရား)ဘဝများစွာက သူတို့က အတော်ပါရမီဖြည့်ခဲ့မှုကိုး....ဆိုတော့ ဘယ်လောက်ဖြည့်ဖြည့် ဝမ်းထဲမှာ အညစ်အကြေးခံနေယင် သစ္စာ စွဲကိုမစွဲဘူး....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လောက်ဖြည့်ခဲ့ဖြည့်ခဲ့ ဝမ်းထဲမှာ အညစ်အကြေး ခံနေယင်....(သစ္စာမစွဲပါဘုရား) သစ္စာမစွဲဘူးတဲ့....(မှန်ပါ့) မစွဲလို့

http://www.dhammadownload.com



ရှိယင် ဒီပါရမီတွေဟာ ဘာဖြစ်ရမတုံးမေးတော့ အဟောသိကံ ဖြစ်ရမယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီ)။

ဒါဖြင့် ကျုပ်တို့ ဝမ်းထဲမှာ တကာတကာမတွေ ဝမ်းထဲမှာ သစ္စာမဟောခင် ဘာဖြစ်နေနှင့်ဖို့ အရေးကြီးပါလိမ့်... မလဲလို့ ဆရာဘုန်းကြီးကမေးတယ်... (ကိလေသာ ဖြူစင်နေဖို့ အရေး ကြီးပါတယ်ဘုရား)။

ပေါ်ပြီ တကာတကာမတို့ ဩော်... ကိလေသာဖြူစင်နေဖို့ ဘယ်အာရုံမှ မလိုချင်ဖို့ ဘယ်နတ်ပြည်ကိုလဲ မလိုချင်ဖို့....။

ဒါဖြင့် နတ်ပြည်လိုချင်လို့ တရားနာတဲ့ပုဂ္ဂိုလ်မှာဖြင့် ကိုဝ မဂ်ဖိုလ်ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

သူ့မှာ လိုချင်တဲ့ ကိလေသာအညစ်အကြေးက ဟဒယဝတ္ထုမှာ ပေါ်ရောက်နေတယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါ တယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ဘယ်လိုပဲ ငါသိမ်းတော့မယ်ဟေ့ ဥုကား....အဘိဓမ္မာဒေသနာတော်မြတ် သည်ကား.... ဆိုပြီး ဒုက္ခသစ္စာ သမုဒယသစ္စာလို့ ဟောလိုက် ပြောသော်လဲ သူကား နတ်ပြည်ကြိုက်နေတော့ကြိုက်တဲ့ သစ္စာကလဲသစ္စာဉာဏ်,ကိစ္စဉာဏ် ကတဉာဏ်က မပါဘူး....(မှန်ပါ့) မပါတော့ ဒီတရားတွေနဲ့ဖြင့် ကိစ္စပြီးနိုင်ပါ့မလား....(မပြီးနိုင်ပါဘုရား)။

နောက်က တကာတကာမတွေ သဘောကျပလား(ကျပါပြီ ဘုရား)။

ဩော်....ဒါဖြင့် တရားမဟောခင် တရားနာတဲ့ ပုဂ္ဂိုလ်တွေ သင်မှုကိုလဲ မရှိယင် ကိုဝ....မတော်ဘူးဗျ....(မှန်ပါ့)ဟောမည့်

http://www.dhammadownload.com



ပုဂ္ဂိုလ်ကလဲ အရမ်းဟောနေယင်တဲ့ ပင်ပန်းရုံပဲရှိမယ်....(မှန်ပါ့) သဘောကျကြပလား... (ကျပါပြီ)။

ဒါဖြင့် တရားနာတဲ့ပုဂ္ဂိုလ်က ဝမ်းထဲမှာကိလေသာဖြူစင်နှင့်ဖို့ရာ ၁-နံပါတ်... (မှန်ပါ့)ဒီတရားဟောတဲ့ပုဂ္ဂိုလ်က ဟောပြီးသကာလထားတော့ ဖြူစင်အောင် အယင်လုပ်ထားရမယ် (မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီ)။

ဖြူစင်အောင် အယင်လုပ်ထားပြီးသကာလမှ အဲဒီဖြူစင်တဲ့အချိန်ကို တရားဟောတဲ့ ဘုန်းကြီးကလဲ ဒီ့ပြင်တရားမဟောရဘူး....(မှန်ပါ့) သစ္စာပဲ ဟောရမယ်...(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ ဘယ်မှာပဲ နာကြနာကြပြောကြပေါ့ဗျာ....ခင်ဗျားတို့ဝမ်းထဲကတော့ဖြင့် ဖြူဖြူစင်စင်ထားပါ....(မှန်ပါ့)သဘောပါကြလား....(ပါပါပြီဘုရား)။

အဲဒီတော့ တို့တရားနာတာ ကြာလှပြီ ဘာမှ မဖြစ်သေးဘူးဆိုတဲ့ ဆင်ခြေကိုလဲ မောင်နိုင်.... မသုံးပါနဲ့တော့.... (မှန်ပါ့ဘုရား)။

နဂိုက နာလာခဲ့ကြတာက ဘယ်လိုနာလာခဲ့ကြသတုံး မေးလို့ရှိယင် ကိုဝ.... အဖြေထွက်သွားပြီ....ဟုတ်လား....(မှန်ပါ့) ကွာ.... လူ့ပြည်ဆင်းရဲမယ်ကွာ.... နတ်ပြည် ရောက်ကြောင်းကလေးသွားပြီးသကာလ ဘယ်လိုနည်းယူဦးမှပဲ.... ဆိုလို့ရှိယင် ဘာကျာနဲ့ သွားနာနေတာ .. (မှန်ပါ့)။

ဒီလိုဆိုတော့ ဘေးကနေပြီးသကာလ တချို့ကလဲ သစ္စာကို မပါတော့ ကိုပေါ် ဘယ့်နှယ်တုံးဗျာ....နဂိုက အညစ်အကြေး

http://www.dhammadownload.com



ရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ အညစ်အကြေးနဲ့ပဲ ပြန်ပြီးသကာလ ဖိလိုက်သလိုဆိုတော့ ဖွပ်သထက် ညစ်သလို ဖြစ်သွားတယ်.... (မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် တရားနာနည်း နိဿရည်းကိုလဲ ယနေ့သင်တာနား လည်ပလား....(နားလည်ပါပြီ) ဘာမှ တကာ တကာမတွေ က မလိုချင်နဲ့၊ ယခုခန္ဓာဒုက္ခကြီး သိမ်းချင်လို့ နာတယ်ဆိုတဲ့ ဉာဏ်ကလေးနဲ့သာနာ....(မှန်ပါ့)။

ဒီလိုဆိုတော့ ခန္ဓာကြီး သိမ်းချင်တဲ့ ဉာဏ်နဲ့ နာနေတော့ ကိုပေါ်တို့ ကိုဝတို့က ခန္ဓာသိမ်းချင်တာသာ ရှိတော့တယ်ဘုရား ဒီ့ပြင် ဘာမှ တပည့်တော်တို့ အရေးတကြီး အလုပ်မရှိဘူး....ဆို တော့ ခန္ဓာသိမ်းချင်တဲ့ဉာဏ်ဆိုတော့ ခန္ဓာ ခင်တွယ်တဲ့စိတ် ပါ သေးလား...(မပါပါဘုရား)နောက်ခန္ဓာ ရချင်တဲ့စိတ်....(မပါ ပါဘုရား)ဟာ....ဒါဖြင့် ဖြူစင်နေပြီ....(မှန်ပါ့)။

တကာတကာမတို့ ဘယ့်နှယ်ဖြစ်သွားသတုံး.... (ဖြူနေပါပြီ ဘုရား)ဖြူနေပြီဆိုတာ သေချာပလား....(သေချာပါပြီ)ဒါဖြင့် ဖြူယင် ဆေးဆိုးယင် စွဲမစွဲ... (စွဲပါတယ်ဘုရား)။

စွဲယင် ဖြူတဲ့အချိန်မှာတဲ့ သစ္စာတည်းဟူသောဆေးကိုဆိုးရ ပါလိမ့်မယ်....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါက ရှေးက တရားနာယင်း ဥပါလိတို့သောတာပန်တည်ပုံ ဒီ့ပြင်တကာတကာမတွေ သောတာပန်တည်ပုံတွေထောက်လိုက် တော့ သူတို့တော့ မြန်လိုက်တာ ပါရမီရှင်တွေမို့ ထင်ပါရဲ့လို့ ဒီအသုံးကိုဖြတ်ပါ....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ပါရမီရှင်တွေမို့ မဟုတ်ပါဘူး၊ နာတုန်းက ဖြူစင်နေလို့ပါ (မှန်ပါ့)အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာကို နားပေါက်ကနေပြီးသကာလ ဟဒယဝတ္ထုပေါ် အရောက်သွင်းလိုက်တဲ့ အခါကျတော့ ဟိုမှာ ဟဒယဝတ္ထုထဲမှာ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြတ်တဲ့ မဂ်ဉာဏ်ကလေးသွားတည်တယ်....(မှန်ပါ့)သူ....နောက်ကျတော့ ဖိုလ်ဉာဏ်သွားတည်တယ်....(မှန်ပါ့)။

မဂ်ဉာဏ် ချုပ်သွားတော့ ဖိုလ်ဉာဏ် သွားတည်တယ်၊ ဖိုလ်ဉာဏ်ချုပ်သွားတော့မှ နိဗ္ဗာန် မြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်တွေသွားတည်တော့ ဒါ....သောတာပန်ဖြစ်ပြီလို့ ကိုပေါ်.... မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ပါရမီလိုရင်းလား....တရားနာယင်း ဖြူစင်နေဖို့ လိုရင်းလား....(တရားနာယင်း ဖြူစင်နေဖို့ လိုရင်းပါဘုရား)။

တကာကြီးလှိုင်ရေ....ဒါတွေက ဆရာရင်း.... သမားရင်းမို့ အသေအချာ ပြောနေတာနော်....(မှန်ပါ့)။

မင်းတို့ တရားနာနည်းကို မသင်တော့ပါဘူးဆိုလို့ရှိယင်ဖြင့် ကိုဝ....ခက်ပြီဗျာ....(မှန်ပါ့) မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

အဲဒါကြောင့် သစ္စဉာဏ်ကိစ္စဉာဏ်ကိုမဟောမီ ခင်ဗျားတို့က ဘယ်လိုတရားနာနေသတုံး....လို့ နဂိုက နာတာကို ဘုန်းကြီးရှင်းပြမယ်၊အရှင်သာရိပုတ္တရာဟောတယ်၊သူတို့နာနေပုံက မဟာန်

http://www.dhammadownload.com



ဘူးကွ၊ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရတာ.... (မှန်ပါ့ဘုရား)။

မောင်နိုင် တရားနာနေပြောသော်လဲ သူတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတာက သူတို့မှာ အညစ်အကြေး ရှိလျက်နဲ့ အညစ်အကြေးရှိမှန်း မသိဘူးကွ....(မှန်ပါ့)အဲဒီတော့ သူတို့ဆေးကြောချင်တဲ့စိတ် လာပါ့မလား.... (မလာပါဘုရား)။

ဥပမာ....ကိုပေါ်မှာ လမ်းက နွားကျင်ကြီး နင်းလာတယ်ဆိုပါတော့ နင်းမှန်းလဲမသိဘူး ညကြီးလဲဖြစ်နေတော့ဟုတ်လား (မှန်ပါ့) ဆေးချင်တဲ့စိတ် ဩော်.... ငါဒီချေ့ာင်းထဲဝင်ဆေးဦးမှ ဆိုတဲ့ စိတ်ကလေး ပေါ်ပါ့မလား....(မပေါ်ပါဘုရား)ဘာဖြစ်လို့ပါလိမ့် (မသိလို့ပါဘုရား)ဘယ်လိုမသိတာပါလိမ့်....(အညစ်အကြေးရှိမှန်း မသိပါဘုရား)။

အညစ်အကြေးရှိတာကို အညစ်အကြေးရှိမှန်းမသိတဲ့အတွက် သူဆေးကြောချင်စိတ် မလာဘူး... (မှန်ပါ့)။

မလာတော့ သူသည်ကားလို့ဆိုလို့ ရှိယင် လူမိုက်....(မှန်ပါ့) ဆိုထိုက်ပလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတာကို ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်ကျတော့ မောင်နိုင် ဘာဖြစ်လာသတုံး... (ဆေးသွားပါတယ်ဘုရား)ဆေးတယ်....(မှန်ပါ့)။

အဲဒီ ဆေးတဲ့ပုဂ္ဂိုလ်ကျတော့ လူလိမ္မာကွာ....(မှန်ပါ့)ဒါ- အရှင်သာရိပုတ္တရာက ဟောခဲ့တယ်.... မူလပဏ္ဏာသမှာ နော်.... (မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ ဒီမှာ ဘုန်းကြီးတို့က အခုတရားမဟောမီ ရှေးအဖို့ ကာလမှာ ခင်ဗျားတို့ကို ကာမဂုဏ်၏အပြစ်တွေ ငါးပါးအာရုံ ကာမဂုဏ်ဆိုတဲ့ သားရေး, သမီးရေး, စီးပွားရေးအပြစ်တွေကို ဒါတွေ ဆင်းယင်ဆင်း မဆင်းယင်....သရက်ပင်ပေါ်က နေပြီး အောက်လူခုတ်တာနဲ့ ခင်ဗျား ပင်လုံးကြီးပိပြီးသကာလ ကျွမ်း ထိုးမှောက်ခုန် အောက်ကျလိမ့်မယ်.... ဆိုတော့ ဩော်.... ငါတို့ သားသမီးအာရုံတွေဟာ အလကားဟာတွေပါကလား၊ နောက် ဆုံး မရဏမင်းက လှဲလိုက်တဲ့အခါ ဗိုင်းဗိုင်း လဲတာပါကလား ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာမှ အသုံးမကျဘူးဆိုတာ ရှင်းကြပလား....(ရှင်းပါပြီ)။

လွှတ်ယင်လွှတ်၊မလွှတ်ယင် လက်လောင်မယ်ဆိုတဲ့သဘောလဲ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဒီလိုအချိန်ကြီးမှာ အိမ်မှာမလွှတ်တာ ဘုန်း ကြီးတို့က ဆိုတာမဟုတ်ဘူး....(မှန်ပါ့)ဒီတရားနာတဲ့အချိန်လွှတ် လိုက်ရမယ်... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

တရားနာတဲ့အချိန် လွှတ်လိုက်တော့ ကိုဝတို့....ကိုပေါ်တို့က စဉ်းစားတာပေါ့၊ ဝမ်းထဲ ဘာဖြစ်သလဲ.... (စင်ကြယ်ပါတယ် ဘုရား)။

အဲဒီ့ ဖြူစင်တဲ့အချိန်မှာ ဘုရားက သူတပါး စိတ်ကိုလဲ သိတော့ ဦးဘရှင်းရေ ...ကဲ....ဒီအချိန်ဖြင့် ဖြူလဲဖြူစင်ပြီကွ....၊ သူ့စိတ်လဲ နူးညံ့သွားပြီကွ... နှစ်ချက်(မှန်ပါ့) သူ့စိတ်ထဲ ကြမ်း တာတွေ ရှိသေးရဲ့လား....(မရှိပါဘုရား) အဲ....ဖြူစင်တဲ့ အချိန် နူးညံ့သွားတဲ့အချိန်မှ သစ္စာ ဟောက်ဟောတယ်.... (မှန်ပါ့)

http://www.dhammadownload.com



ဟောသည်နဲ့ တပြိုင်နက်တည်း ဟဒယဝတ္ထုပေါ်မှာ ဒီမင်ညဏ်တွေ သွားစွဲတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

မင်ညဏ်တွေ သွားစွဲတော့ကို တကာတကာမတွေ့က ဒီမင်ညဏ်ကိန်းလို့.... မင်ပုဂ္ဂိုလ်၊ သဘောကျပလား.. (ကျပါပြီ) ဖိုလ်ညဏ်ကိန်းလို့.... (ဖိုလ်ပုဂ္ဂိုလ်ပါဘုရား) ဆိုတော့ ပုဂ္ဂိုလ်က ချိုပေါက်လာတာ မဟုတ်ပါဘူး၊ ဒီညဏ်ကလေး သွားစွဲတာ ဟဒယဝတ္ထုပေါ်မှာ.. (မှန်ပါ)ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

ဩော်... ဒါဖြင့် တော်တော် အရေးကြီးတဲ့ အချက်ကိုပဲ ဆရာသမားဆုံးမသွန်သင် ပြောဟောနေတယ်ဆိုတာဖြင့် ပေါ်လောက်ပါပြီ.... (ပေါ်ပါပြီ) နောက်က တကာတကာမတွေ ရှင်းကြပလား....(ရှင်းပါပြီ)။

ဒွေအး... ဒါကြောင့် အားထုတ်တဲ့အခါကျတော့ ဘုန်းကြီးတို့က အထူးပြောဖို့မလိုပါဘူး၊ ဖြူစင်ဖို့ကို ဟောတာ(မှန်ပါ)အားထုတ်တဲ့အခါကျတော့ မောင်နိုင်တို့ အားထုတ်နေတယ်၊ဖြစ်ပျက်မြင်နေကတည်းက ဝမ်းထဲမှာ ဝိပဿနာ မင်မှတပါး ဒီ့ပြင် မင်ရှိသေးရဲ့လား.... (မရှိပါဘုရား) ဒီ....မင် ရသွားလို့ရှိယင် လောကုတ္တရာမင် လာရုံပဲ....(မှန်ပါ)။

အဲဒီကျတော့ နဂိုက ဖြူစင်နေတာဆိုတော့ မလွယ်ဘူးလား (လွယ်ပါတယ်ဘုရား)။

အခုလို တရားနာတဲ့အချိန်ကျတော့ တရားဟောဘုန်းကြီးကလဲ အသံကောင်းကောင်းနဲ့ ဝတ္ထုသက်သေသာဓကတွေကလဲ လွမ်းလောက်အောင်, ဆွေးလောက်အောင်နဲ့ ဆိုတော့ ခုနက

http://www.dhammadownload.com



အညစ်အကြေးရှိတဲ့အထဲမှာ အညစ်အကြေးပဲ ပြန်ပြီးသကာလ တက်သလို မကျဘူးလား... (ကျပါတယ်ဘုရား)။

အဲဒီတော့ အရှင်သာရိပုတ္တရာကြီးက ပြောလိုက်တယ်၊ အညစ်အကြေးရှိတာ အညစ်အကြေးရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ ဆိုးပါ သကွာ.., ငါ.... ဥပမာ ပြောမယ်ဟေ့....ဈေးထဲက ရေသောက်ဖို့ ကြေးဖလားတခုဝယ်လာတယ်၊ ဝယ်လာပြီးသကာလ သူ့-အိမ်မှာပဲ တိုက်ခြင်း, ပွတ်ခြင်းလဲမရှိပဲနဲ့ အိမ်ကျတော့ ချောင်ထဲ ထိုးထားလိုက်တယ်. (မှန်ပါ့)။

နဂိုကလဲ မဆေးမကြောရသေးတာ၊ ချောင်ထဲထိုးထားလိုက်တော့ မောင်နိုင်...... ချေးတွေ ပိုတက်မလား... မတက်ဘူးလား (ပိုတက်ပါတယ်ဘုရား)။

နဂိုက သူယူလာတုန်းကလဲ ချေးပါတာ သူကောင်းကောင်း မသိဘူး....(မှန်ပါ့)။

ဒီကျတော့လဲ ဆေးကြောမှုအလုပ်မလုပ်တဲ့အပြင်မှာသူသည် ချောင်ထဲထိုးထား ဖုန်တွေ, မှုံတွေ ပေါတဲ့အထဲ ထိုးထားလိုက်တော့ ကိုဝ... ဘယ့်နှယ်နေသတုံး....(ပိုတက်ပါတယ်ဘုရား)ပိုပြီး သကာလ အညစ်အကြေး မများပေဘူးလား.... (များပါတယ်ဘုရား)။

အဲ... တရားနာပေမယ့်လဲ နဂိုက သူက ကိလေသာ အညစ်အကြေးက ပုထုဇဉ်က ရှိလျက်ကြီး.... (မှန်ပါ့) ဒီအထဲ အညစ်အကြေးရှိတဲ့တရားကို သူ့သာယာအောင် ထားလိုက်မယ်ဆိုလို့ ရှိယင် ခုနက ဈေးထဲက ဝယ်တုန်းကလဲ မသန့်ရှင်းတဲ့ အထဲမှာ တခါတည်း တကာတကာမတွေ့ကတဲ့ အညစ်အကြေးရှိတဲ့ဆီကို

http://www.dhammadownload.com



ပြန်ပြီးသကာလ ထည့်လိုက်သလိုမကျဘူးလား.... (ကျပါတယ်ဘုရား)။

ဘယ်တော့မှ နိဗ္ဗာန်မရဘူး ဒီတရားမျိုးက.... မရနိုင်ဘူး.... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ အလွန်အရေးကြီးတယ်.... ဆိုတဲ့ ဉစ္စာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ မနေ့က ပြောခဲ့ပါတယ်။ ဒီနေ့ သစ္စဉာဏ်, ကိစ္စဉာဏ်,ကတဉာဏ်ကို ဖြုစင်တဲ့အချိန်မှာ ဟောလို့ ရှိယင်ဖြင့် ကိစ္စပြီးပါတယ်ဆိုတဲ့ဉစ္စာ မှတ်ကြစမ်းပါ.... (မှန်လှပါ) မနေ့က ပြောတဲ့အတိုင်းနော် ...(မှန်ပါ့)။

ကဲ.... ဒါဖြင့် တကာတကာမတို့ သစ္စဉာဏ် ပြောတော့ကို ဒီခန္ဓာကိုယ်ကြီးသည် တကာတကာမတို့ ပူလိုက်, အေးလိုက်နော်....တခါတလေကျတော့ ချမ်းသာလိုက်၊ တခါတလေ ကျတော့ စိတ်ဆင်းရဲလိုက်၊မလာဘူးလား .. (လာပါတယ်ဘုရား)။

ဟ.... ဒါတွေ ဘာဖြစ်နေတာတုံး.... မေးတဲ့အခါကျတော့ အို....ဘာမှဖြစ်တာမဟုတ်ပါဘူးဘုရား့၊ ဒီခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာပြောနေတာဘုရား ...(မှန်ပါ့)။

ပူတာ,အေးတာတွေ ဘာတွေပြောနေတာတုံး ...(ဒုက္ခသစ္စာပြောနေတာပါ) ဒုက္ခသစ္စာမို့ ဘာတွေ သူဖော်ပြောနေသလဲ.... (ဒုက္ခကို ဖော်ပြောနေပါတယ်ဘုရား)။

ဒုက္ခတရားမို့ ဒုက္ခသစ္စာပဲလို့ ဖော်ပြောနေတယ် (မှန်ပါ့) ဒီလိုသိထားရမယ်....။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီ....ခန္ဓာကြီးပြောင်းလာတာ ရွေ့လာတာ၊ တကာတကာမ တွေ ဟောဒီလိုပြင်ရတာ, ဆင်ရတာ အင်း....အောက်က ပူလို နည်းနည်းကျဉ်းကျဉ်း ကြွရတာ မ,ရတာ....ဟုတ်လား၊လှုချင်းပဲ နည်းနည်းတိမ်းရတာ၊ ဟာ,...ဘာဖြစ်ကြတာတုံးမေးယင် ဘယ့် နှယ်ပြောကြမလဲ....(ဒုက္ခသဘော ပြောတာပါဘုရား)ဒုက္ခသစ္စာ မို့....ဒုက္ခသဘောပြောတာ....(မှန်ပါ)။

ကိုဝ....ဘာပြောသတုံး.... (ဒုက္ခသစ္စာမို့ ဒုက္ခသဘောပြော တာပါဘုရား) ဘယ်သူက ပြောနေတာတုံးဗျ.... (ခန္ဓာက ပြော နေတာပါဘုရား)။

အို...ဘုန်းကြီးကပြောတာ အတည်မပြုပါနဲ့၊ တကာတကာ မတို့ ဘယ်သူကပြောတာ အတည်ပြုမလဲ...(ခန္ဓာ....ပြောတာပါ ဘုရား)။

ခန္ဓာက ပင်ကိုက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ဒုက္ခ သစ္စာမို့ သူက ဘာတွေများပြောနေပါလိမ့်.... (ဒုက္ခတွေပြော ပါတယ်) ဒုက္ခပဲ သူပြောရမယ်၊ သုခမပြောဘူး.... (မှန်ပါ)ရှင်း ကြပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒီထဲမှာ တရားနာကြတယ်။ နည်းနည်းလူကျပ် တော့ အိုက်တော့ရွေ့ချင်တယ်။ ဩော်...ဒုက္ခသစ္စာမို့ ဒုက္ခက ပြောနေတယ်....(မှန်ပါ)။

ကိုမြင့် ဒုက္ခသစ္စာမို့ ဒုက္ခပြောပြန်ပြီလို့သာ သိနေရမယ် (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒုက္ခသစ္စာမို့.... (ဒုက္ခပြောပြန်ပါပြီ) ဒုက္ခအကြောင်းပြော ပြန်ပြီ.... (မှန်ပါ) ဒုက္ခသဘော သူပြောတာပဲ။ ကျုပ်တို့က

http://www.dhammadownload.com



ဉာဏ်က ဒီကသာလိုက်နေ....(မှန်ပါ့) အဲဒါ သစ္စဉာဏ်ပဲ(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒုက္ခသစ္စာ သဘောမှတပါးလဲ သူ့မှာ ပြောစရာဘာရှိသေးသတုံး.... (မရှိပါဘုရား)။

မရှိတော့ တကာယကာမတွေ ခန္ဓာက ဘာပြောလေ့ရှိသတုံး (ဒုက္ခပြောလေ့ရှိပါတယ်ဘုရား)။

ဒုက္ခပြောတာကို ကျုပ်တို့က ဒုက္ခလို့ သိနေလို့ရှိယင် ဒါ.... ဒုက္ခက ဒုက္ခသစ္စာ....(မှန်ပါ့) သိတာက ဉာဏ်၊ ဒါဖြင့် ဒုက္ခသစ္စာသိတဲ့ဉာဏ်ဆိုတော့ သစ္စဉာဏ် သွားဖြစ်တယ်.... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခန္ဓာကပြောတာကို သိတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စာဉာဏ်ပါဘုရား)။

ခန္ဓာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးက ရွေ့ချင်တယ်၊ ပြောင်းချင်တယ်၊ စောင်းချင်တယ် တည့်ချင်တယ်၊ ယပ်ခတ်ချင်တယ်။ အင်္ကျီကလေးထူလို့ ခွာချင်တယ်၊ မိုးမိလာလို့ စိုတဲ့အဝတ်ကလေးကိုပဲ အင်း သူသည်ကားလဲလို့ဆိုလို့ရှိယင်ဖြင့် မတော်ဘူး။ သူ့ကိုလဲပြီးသကာလ ဒီ့ပြင် ဟာကလေးနဲ့ချုပြီး ထိုင်ချင်တယ်။ ဟ.... ဘာပြောပြန်သတုံး.... ဒီခန္ဓာကြီးက.... (ဒုက္ခသစ္စာကို ပြောပါတယ်ဘုရား)။

အဲဒါကလေး ဉာဏ်က သိလိုက်တော့ ဒီဉာဏ်ကို ဘာဉာဏ်ခေါ်ကြမယ်.. (သစ္စဉာဏ်ပါဘုရား)။

သစ္စာသိတဲ့ဉာဏ်.... (မှန်ပါ့) ဒါ... ခန္ဓာက မပြောပါနဲ့လို့ ကိုဝ... ခင်ဗျားတို့ တောင်းပန်လို့ ရရဲ့လား.... (မရပါဘုရား)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



ဘယ်သူ တောင်းပန်လို့မှ မရဘူး....(မှန်ပါ့) ငါ့အမှန်လုပ်မယ်တဲ့....(မှန်ပါ့)။

တကာတကာမတို့ သူက ဘာတဲ့တုံး.... (သစ္စာပါဘုရား)။

သစ္စာတဲ့၊ မင်း....သမုတိသစ္စာ မဟုတ်ဘူးကွ၊ သမုတိသစ္စာလို ငါက ဖောက်ပြန်တာမဟုတ်ဘူးတဲ့....(မှန်ပါ့)။

သမုတိသစ္စာဆိုတော့ ကြေးပြားက ထုံးဗူးဖြစ်ချင်ဖြစ်တယ် (မှန်ပါ့) မဖောက်ပြန်ဘူးလား.... (ဖောက်ပြန်ပါတယ်ဘုရား)။

ကြေးပြားက.... (ထုံးဗူးဖြစ်ပါတယ်ဘုရား) ထုံးဗူးဖြစ်ချင်ဖြစ်တယ်။ ကွမ်းအစ်ကော....(ဖြစ်ပါတယ်ဘုရား)။

အဲဒီလို ငါဖောက်ပြန်တဲ့တရား မဟုတ်ဘူးကွ တဲ့၊ ပရမတ္ထသစ္စာက....(မှန်ပါ့) ငါက ထွက်လာတာဟူသရွေ့ ငါပြောမှာဟူသရွေ့ကိုဖြင့် ဒုက္ခအမှန်ချည်း ပြောမှာပဲ....(မှန်ပါ့)။

ဒီတော့ ရွှေ့ချင်တာလဲ ဒုက္ခအမှန်ပြောတာ... (မှန်ပါ့)။

တကာတကာမတွေ ရွှေ့ချင်တာကော.... (ဒုက္ခအမှန် ပြောတာပါဘုရား) ဒုက္ခအမှန်ပဲပြောတယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) ပြန်တည့်ချင်တာကော.... (ဒုက္ခပါဘုရား) ဒုက္ခရောက်လို့ တည့်ချင်တာ....(မှန်ပါ့)။

နည်းနည်းကလေး ကွေးချင် ဆန့်ချင် တာကော.... (ဒုက္ခရောက်လို့ပါ့ဘုရား)။

အဲဒါ သူက ပြောပြန်ပြီ၊ သူက ပြောပြန်ပြီလို့ သိနေတဲ့ ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမလဲ....(သစ္စဉာဏ်ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကြောင့် ခန္ဓာက ဒုက္ခသစ္စာမို့ သူက ဒုက္ခသစ္စာပဲနော်.... (မှန်ပါ့)ကျုပ်တို့က သိနေတဲ့ဉာဏ်ကလေးက ဘာတုံး....(ဉာဏ်ပါ ဘုရား) ဉာဏ်ကလေးပေါ့ဗျာ....(မှန်ပါ့)။

ပေါင်းလိုက်တဲ့အခါကျ တော့ ဒုက္ခနဲ့ ဉာဏ်နဲ့ တွဲလိုက်တော့ ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ တွဲလိုက်တော့ သစ္စဉာဏ် သွားဖြစ်တယ်.... (မှန်ပါ့)။

သစ္စဉာဏ်ကလေး သွားဖြစ်တော့ ကြောင့်....ဒါဖြင့်ခန္ဓာကိုယ် ထဲမှာ နဂိုကလဲ ကိလေသာကမရှိပဲနဲ့ တရားနာနေကြတော့ ဉာဏ်ကလေးဟာ ဟဒယဝတ္ထုပေါ် ရောက်လာတယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

သစ္စဉာဏ် အနုစား ရောက်လာတယ်၊မရောက်သေးဘူးလား (ရောက်ပါတယ်ဘုရား)။

သစ္စဉာဏ်အနုစားရောက်ပြီဆိုကတည်းက ကိုဝတ္တိ ကိုပေါ် တို့က စဉ်းစားလိုက်တာပေါ့"တဏှာပစ္စယာဥပါဒါနံ၊ဥပါဒါန ပစ္စယာ ကမ္မဘဝေါ..."ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်လာသေးသလား.... (မလာပါဘုရား)။

ဟာ....ဒါဖြင့် တကာတကာမတို့ ဒီဉာဏ်ကလေး ဝင်လိုက် ဘာနဲ့တပြိုင်နက်တည်း ကိလေသာတွေက ပြတ်ကုန်ပြီ..(မှန်ပါ့ ဘုရား)။

သို့သော်....ဒီဉာဏ်က နုတဲ့ဉာဏ်ဖြစ်နေတော့ အခု သူရှိတုန်း သာ မလာအောင်တားနိုင်တယ်.... (မှန်ပါ့) သူက အမြစ်ပြတ် အောင် ကိုဝ....မတားနိုင်ဘူး....(မှန်ပါ့)ဘာဖြစ်လို့တုံး ဉာဏ်နု

http://www.dhammadownload.com



တယ်၊သစ္စာဉာဏ်ဖြစ်နေတယ်....(မှန်ပါ့) သဘောပါကြပလား.... (ပါပါပြီ)။

ဘာဉာဏ်ဖြစ်နေသတုံး....(သစ္စာဉာဏ်, ဖြစ်နေပါတယ်ဘုရား) သစ္စာဉာဏ် ဖြစ်နေတယ်လို့ဆိုတာ သေသေချာချာ မှတ်ပါ..... (မှန်ပါ့)။

သစ္စာဉာဏ်ဖြစ်နေတော့ သူသည် ခဏပဲ ဒီပဋိစ္စသမုပ္ပါဒ်ပြတ်အောင်လုပ်နိုင်တယ် .. (မှန်ပါ့)တခါတည်း မင်းတို့နောက်ဘယ်တော့မှ မလာနဲ့တော့ဆိုတဲ့သဘောကို သူမတတ်နိုင်ဘူး–(မှန်ပါ့ ဘုရား)။

ဒါဖြင့် ကိုပေါ်တို့ ကိုဝတို့ ဒီ့ထက်ကြီးတဲ့ဉာဏ် လွတ်ရလိမ့်မယ်.. (မှန်ပါ့) ဒီ....ဟာဒယဝတ္ထုပေါ်ကို.... (မှန်ပါ့)ဒီ....ဉာဏ်လောက်နဲ့ မရဘူး (မှန်ပါ့)။

ဘာဖြစ်လို့တုံး.... ဒီဉာဏ်ဟာ နိုင်တော့နိုင်ရဲ့.... ခဏယာယီနိုင်တာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဒီ့ထက်ကြီးတဲ့ဉာဏ် မလွှတ်ရဘူးလား....(လွှတ်ရပါမယ်ဘုရား)။

ဒီ့ထက် ထက်တဲ့ဉာဏ်ဓားကို လွှတ်လိုက်ရလို့ရှိယင်ဖြင့်....တဲ့ ကျုပ်တို့နေရာကျမယ် (မှန်ပါ့)သဘောပါပလား.. (ပါပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် ခန္ဓာကိုယ်ကြီးက ပြောင်းပြန်တယ်၊ ရွှေ့ပြန်တယ် ဟုတ်လား၊ ပူပြန်တယ်....အိုက်ပြန်တယ် ဆိုတာ ခန္ဓာသဘော သစ္စာသဘော သူပြောတာ....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ကျုပ်ဟာ ဒုက္ခပါပဲ၊ ခင်ဗျားတို့လဲမလိမ်ပါဘူး–သစ္စာပါ၊ ခန္ဓာက မပြောဘူးလား(ပြောပါတယ်ဘုရား)ခန္ဓာက လိမ်တယ် လို့ရှိသေးသလား....(မရှိပါဘုရား)။

မရှိပါဘူးတဲ့၊ ခန္ဓာက ပြောင်းချင်တယ်...ဆိုကတည်းကဒုက္ခ သဘော သူမပြောဘူးလား....(ပြောပါတယ်ဘုရား) ဒုက္ခရောက် လို့ပါ...ဟုတ်လား.... (မှန်ပါ) အဟုတ် ရောက်တာလား....လို့ မေးနေဖို့လိုသေးသလား.... ( မလိုပါဘုရား ) သူကိုယ်တိုင်က သစ္စာပါ....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒုက္ခရောက်တဲ့အချိန်မှာ ဘယ်သဘောနဲ့ပြောင်းချင် ပါလိမ့်မတုံး....ဆိုလို့ရှိယင်ဖြင့်....တဲ့ အမှန်သဘော ပြောင်းချင် တာပါ၊ ပြက်ကယ်....ပြက်ကယ်....ပြောင်းချင်တဲ့သဘောမဟုတ် ပဲဘူး....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ပြက်ကယ်....ပြက်ကယ် ပြောင်းချင်တာလား–အမှန်ပြောင်း ချင်တာလား....(အမှန်ပြောင်းချင်တာပါဘုရား)။

ဒါဖြင့် ဒုက္ခအမှန်မို့ပြောင်းချင်တာ(မှန်ပါ)ဟာ....လူကြား ကောင်းအောင် လူကြည့်ကောင်းအောင် ပြောင်းလိုက် ဦးမယ် ဆိုတဲ့ အပြောင်းလား.. (မဟုတ်ပါဘုရား) ဒုက္ခ အမှန်မို့.... (ပြောင်းတာပါဘုရား)။

ဒုက္ခအမှန်မို့ ပြောင်းတယ်ဆိုတော့ ဒုက္ခက–ဒုက္ခ၊ အမှန်က သစ္စာ....(မှန်ပါ) ကိုဝ....ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ပြောင်းတိုင်း....ပြောင်းတိုင်း.... ငါဒုက္ခ အမှန်ပဲလို့သိပေး....(မှန်ပါ) ခန္ဓာက–ဒုက္ခအမှန်၊ သိတာက.... ဉာဏ်၊သဘောကျပလား....(ကျပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ခန္ဓာက....(ဒုက္ခအမှန်ပါ) သိတာက....(ဉာဏ်ပါ) ဒါဖြင့် သူသည် အမှန်ကိုသိတဲ့ဉာဏ်....(မှန်ပါ့)ပေါ်ကြပလား .. (ပေါ် ပါပြီဘုရား)။

ဘာတဲ့....(အမှန်သိတဲ့ဉာဏ်ပါဘုရား) အမှန်ကို သိတဲ့ဉာဏ် ဆိုတာ ကောင်းကောင်း ရှင်းသွားတော့....အင်း.... ဒါအမှန် ဆိုတာ သစ္စာပဲဟေ့၊ သဘောပါပလား....(ပါပါပြီ)။

ဒါဖြင့် အမှန်ကိုသိတဲ့ဉာဏ်က လာတော့ အမှန်က သစ္စာ၊ ဉာဏ်ကသိတာဆိုတော့ သစ္စဉာဏ်....(မှန်ပါ့-ပေါ်ပါပြီ)။

ဘယ်လိုပေါ်ကြပါလိမ့်.... (သစ္စဉာဏ်ပါဘုရား) သစ္စဉာဏ် ပေါ်သွားတယ်....(မှန်ပါ့)။

နောက်က တကာတကာမတွေရိပ်မိရဲ့လား.... (ရိပ်မိပါတယ် ဘုရား) မနေ့ကထက်....အကျယ်ချဲ့ပြီးသကာလ ကိုပေါ်....ကိုဝ ပြောနေတယ်....(မှန်ပါ့)။

ဒါဖြင့် ပြောင်းတိုင်း....ပြောင်းတိုင်း သူက ဒုက္ခအမှန်....လို့ ခင်ဗျားတို့သည်ကား....လို့ ဆိုလို့ရှိယင် သူ့ခင်တဲ့ပုဂ္ဂိုလ်ဟာ ပြောင်းပေးချင်တာ မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ပြောင်းပေးချင်တာကလေးကလဲ ဘယ့်နှယ်ကြောင့် ပြောင်းပေးချင်တာတုံးလို့ သူမေးလို့ရှိယင်ဖြင့် ခင်လို့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မင်းဟာ ခင်တာ အမှန်ပဲလား....ဆိုတော့ ပြောင်းချင်တဲ့ သဘောကလေးကို တကာ တကာမတို့က ကိုယ့်ကိုယ် ကိုယ်

http://www.dhammadownload.com



ခင်တော့ ပြောင်းချင်တဲ့ သဘောကလဲ ဝမ်းထဲ မလာဘူးလား (လာပါတယ်ဘုရား)။

ပြောင်းချင်တဲ့ သဘောကလေးက ဝမ်းထဲကလာတဲ့အခါကျ လို့ရှိယင်ဖြင့် ခင်တာက သမုဒယ....ဟုတ်လား....(မှန်ပါ့)အမှန် ပြောင်းချင်တာလား....ဟုတ်လား....၊ ပြက်ကယ်....ပြက်ကယ်.... ပြောင်းချင်တာလား....(အမှန်ပြောင်းချင်တာပါဘုရား)။

ဒါဖြင့် ပြောင်းချင်တဲ့ သဘောကလေးက သမုဒယအမှန်၊ သဘောကျပလား.... (ကျပါပြီ) ခန္ဓာက တကာထကာမတွေ့ ဒုက္ခအမှန်....(မှန်ပါ့)။

ပြောင်းချင်တဲ့ သဘောက....(သမုဒယ အမှန်ပါ) ခင်လို့ ပြောင်းတာ... (မှန်ပါ့)။

ဒီလိုထားလို့ရှိယင်ဖြင့်ကိုယ်ကျိုးနည်းချည်ရဲ့ဆိုတော့ ခင်ဗျား တို့....မခင်ပဲနဲ့ ပြောင်းတာလား....ခင်လို့ ပြောင်းတာလား.... (ခင်လို့ ပြောင်းတာပါ ဘုရား) ဒါဖြင့် ခင်တာလဲ အမှန်ပဲ မဟုတ်လား... (မှန်ပါ့)။

အဲဒီတော့ ခင်တာ အမှန်လာလို့ရှိယင် နောက်ဉာဏ်ကနေ ပြီး ဒါ...ခင်တာအမှန်ပဲလို့ သိပေး...(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

အဲဒါကသမုဒယသစ္စာကိုသိတဲ့သစ္စဉာဏ်(မှန်ပါ့)ပေါ်ပလား (ပေါ်ပါပြီ)။

ခင်တာ အမှန်ကိုလဲ သိရမယ်....(မှန်ပါ့) ဆင်းရဲတာအမှန် ကိုလဲ... (သိရပါမယ်) ဒါ.... နှစ်ချက် သိပြီနေဒ်.... (မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



ခင်တာအမှန်ကိုလဲ....(သိရပါမယ်) ဆင်းရဲတာ အမှန်ကိုလဲ (သိရပါမယ်ဘုရား)။

သေသေချာချာ ရှင်းကြပါ၊ သေသေ ချာချာ ရှင်းကြပါ၊ ဒီဥစ္စာ သာမည ပြောနေတဲ့တရားလို့ တကာကြီးလှိုင် မယူနဲ့ နော်....(မှန်ပါ့)။

ခန္ဓာထဲမှာ ဒီဉာဏ်ကလေး ပြန်ပြန် ကိန်းအောင် လုပ်နေတယ်....(မှန်ပါ့) ဆင်းရဲတာ အမှန်လို့ သိပြန်တော့လဲ ဉာဏ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)ပြောင်းချင်တာအမှန် ဆိုပြန်ယင်ကော....(ဉာဏ်ရောက်ပါတယ်ဘုရား)။

ဉာဏ်ရောက်သွားတော့ ခြေ၁်.... သူသည် ဒုက္ခသစ္စာကိုလဲ အမှန်သိတယ်.... (မှန်ပါ့) သမုဒယသစ္စာကိုလဲ.... (အမှန်သိပါတယ်ဘုရား)။

အမှန်သိသွားတော့ ဝမ်းထဲမှာ အမှန် ဘယ်နှစ်ချက်ရောက်သွားသတုံး–(နှစ်ချက်ရောက်သွားပါတယ်ဘုရား)နှစ်ချက်ရောက်သွားပြီဆိုတော့ ခြေ၁်....သစ္စဉာဏ် နှစ်ချက်ရောက်ပြီ....(မှန်ပါ့ဘုရား)။

ကိုဝ ဘယ်နှစ်ချက် ရောက်သွားပလဲ (နှစ်ချက်ရောက်သွားပါပြီဘုရား)။

ဒုက္ခသိတဲ့ သစ္စဉာဏ် အမှန်တချက်....(မှန်ပါ့)သမုဒယသိတဲ့ (သစ္စဉာဏ် အမှန်တချက်)သစ္စဉာဏ် အမှန်နှစ်ချက် မရသေးဘူးလား....(ရပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဪော်....ဒီလို သိရမှာပါကလား....၊ စာသိနဲ့တော့ ဝေးပါသေးရဲ့....(မှန်ပါ့)။

စာသိနဲ့တော့ ဝေးပါသေးရဲ့ ခန္ဓာက ပေါ်တဲ့အချိန် သိရမယ်....(မှန်ပါ့) မောင်နိုင်....ဘယ်အချိန်တုံး....(ခန္ဓာက ပေါ်တဲ့အချိန် သိရပါမယ်ဘုရား)။

ခန္ဓာက ပေါ်တဲ့အချိန် သိရမယ်ဆိုတာဖြင့် ယနေ့ ရှင်းရှင်းလင်းလင်းမှတ်ပါ.... (မှန်ပါ့)။

သိလိုက်တဲ့အခါကျတော့ တကာ တကာမတွေ နဂိုကလဲ ခန္ဓာထဲက ဖြူစင်နေတော့ ခန္ဓာထဲမှာ ဖြူစင်နေတဲ့ အချိန်မှာ ဒီ အမှန်တရားကလေးဟာ သိတဲ့ဉာဏ်မှန် ကလေးသည်ကားလို့ ဆိုယင် ဟဒယဝတ္ထုပေါ်မှာ ဘယ်အချိန်မဆို သွားစွဲတာပဲ.... (မှန်ပါ့) မစွဲဘူးလား....(စွဲပါတယ်ဘုရား)။

အဲဒီ သွားစွဲတဲ့ ဉာဏ်ကလေးဟာကတော့ ဪော်.... ဒီဉာဏ်ကလေးဟာ နောက်ကနေပြီး တွေးလိုက်တဲ့ အခါကျတော့.... ဪော်....ဒါ ဘာပါလိမ့်မတုံး ဆိုလို့ရှိယင် မဂ်ပေါ်တာပါကလား.... (မှန်ပါ့)။

ဒါကလေးဟာ ဘာပါလိမ့်.... (မဂ်ပေါ်တာပါ) မဂ် ပေါ်လာတာ....(မှန်ပါ့)။

ဦးဘကလေး.... ဘာပေါ်လာတာတုံး....(မဂ် ပေါ်လာတာပါ)မဂ်ပေါ်လာတာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ရှေးက ဒီထို မင်္ဂမှ မပေါ်ပဲကိုး....(မှန်ပါ) အခုတော့ မင်္ဂပေါ်လာတာ....(မှန်ပါ)။

ဆင်းရဲတာ အမှန်သိ၍ ဉာဏ်ကလေးကလဲ ဟဒယဝတ္ထုပေါ် ရောက်ပြီ.... (မှန်ပါ) မင်္ဂပေါ်လာတာ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ပြောင်းချင်တာ အမှန်ကိုသိတဲ့ ဉာဏ်ကလေးကလဲ.... (မင်္ဂပေါ်တာပါ) ဟဒယဝတ္ထုပေါ် ရောက်တယ်၊ အဲဒီ ရောက်တဲ့ အမှန်ကလေးကတော့ ဘာသစ္စာတုံး....မဂ္ဂသစ္စာ၊ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒီအမှန်ကလေးရောက်တာကိုလဲ နောက် ဉာဏ်နဲ့ သိပေးရမယ်....(မှန်ပါ)။

ဒါ ဘုန်းကြီးက စကားတတ်၊ ပညာတတ်လို့ တန်ဆာဆင်ပြောတာ မဟုတ်ဘူး။ နောက် ပါဠိ ကိုးပြလိမ့်မယ်၊ ပါဠိ ထွက်လာလိမ့်မယ် ဒီဥစ္စာ.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အခု သစ္စာဘယ်နှစ်ချက် သိသွားပလဲ...: (သုံးချက်သိသွားပါပြီဘုရား)ဆင်းရဲတာ အမှန်ကိုလဲ သိရမယ်....(မှန်ပါ) ခင်တာ အမှန်ကို.... (သိရပါမယ်ဘုရား)။

ဒါဖြင့် ဆင်းရဲတာ အမှန်ဆိုတဲ့ ဥစ္စာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ)ခင်တာ အမှန်က... (သမုဒယသစ္စာပါ)ဒါ နှစ်ခုကို သိတာက....(မဂ္ဂသစ္စာပါ)။

**ထေတိယအကြိမ်**

http://www.dhammadownload.com



ခင်ဗျားတို့သန္တာန် မင်္ဂမရောက်ပါနဲ့ဆိုလို့ ကိုဝ ရကို—မရဘူး (မရပါဘုရား)။

ဒါ့ကြောင့် ဒီတရားမျိုးကို နာရမှ ဩော်....မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်နိုင်တယ်ဆိုတာက ဟဒယဝတ္ထုပေါ် ဖြူပြီးသား အပေါ်မှာ ဉာဏ်ချည်း သွားကိန်းတယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကယ်မည့်, ယူမည့်သဘော ဘယ်သူ့ ပါလိမ့်မတုံးဆိုတာ မဂ္ဂင်ပဲ....(မှန်ပါ့) မဂ်ဉာဏ်ပဲ တကာ တကာမတို့ တခြားသော တရား ဟုတ်သေးရဲ့လား....(မဟုတ်ပါ ဘုရား)။

နဂိုတုန်းက အပါယ်ရောက်အောင် လုပ်နေတာတွေ ဟဒယ ဝတ္ထုပေါ် အမည်းက အညစ်အကြေးက ရောက်အောင်လုပ် နေတာ(မှန်ပါ့)အခု နိဗ္ဗာန်ရောက်အောင် ပို့မှာတော့ အဖြူက ပို့မှာ (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူက ပို့မယ်ထင်သတုံး.... (အဖြူက ပို့ပါမယ်) အဖြူက ပို့မယ်ဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါ့ဖြင့် ဩော် နဂိုတုန်းက အမည်းကလေးတွေ... တို့ အိမ်က လာတုန်းက သားတွေ ခွဲလာခဲ့ရ၊ သမီးတွေ ခွဲလာခဲ့ရ၊ ဆေးလိပ်ကလေး သောက်ချင်တဲ့ စိတ်နဲ့ လမ်းမှာ ညောင်းတာ ကလေးတွေကိုအင်း တရားမို့သာ လာရတယ်ဟော့၊မလွယ်ဘူး မိုးရေထဲမှာဆိုတဲ့ စိတ်ပျက်လုံးကလေးတွေ ဆိုတဲ့ သမုဒယ ကလေးတွေ အခု အချိန်မှာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ခုနက ဉာဏ်ရောက်နေတဲ့ အချိန်မှာ....(မရှိပါဘုရား)

http://www.dhammadownload.com



အဲဒီ သမုဒယ ချုပ်တာကလေးကလဲ ဪ....အခုအချိန်မှာ သမုဒယ ချုပ်နေတာပါကလား ဆိုပြီးသကာလ မဖြစ်ပဲနဲ့ ချုပ်နေတဲ့ သဘောက နိရောဓသစ္စာ....(မှန်ပါ့)။

မဖြစ်ပဲနဲ့ ချုပ်နေတဲ့ သဘောက.... (နိရောဓသစ္စာပါ ဘုရား)။

အဲဒီလိုသိတာ မှတ်လိုက်ကြစမ်းပါ တကာတကာမတို့တဲ့.... ဒီအချိန်မှာ သစ္စာလေးပါးသိတဲ့ သစ္စဉာဏ်ရပါတယ်.... (မှန်ပါ့ ဘုရား)။

သစ္စာလေးပါး ပြည့်သွားပြီ....(မှန်ပါ့) မပြည့်သေးဘူးလား (ပြည့်ပါပြီဘုရား)။

သစ္စာလေးပါးသိတာ ဘာတဲ့....(သစ္စဉာဏ် ရပါပြီဘုရား)။

ဒါဖြင့် ဆင်းရဲတာ အမှန်ကို သိတာက .... ဆင်းရဲတာ အမှန်က ဒုက္ခသစ္စာ၊ သိတာက....(မဂ္ဂသစ္စာပါ) သဘောကျ ပလား... (ကျပါပြီဘုရား)။

ခင်တာ အမှန်ကို သိတာက...ခင်တာ အမှန်က.... (သမုဒယ သစ္စာ)သိတာက....(မဂ္ဂသစ္စာပါ) သဘောကျပြီနော်.... (ကျပါ ပြီဘုရား)။

ရှေးက ခင်တာတွေဟာ ရှိတယ်၊ အခု အချိန်တော့ဖြင့် ခင်လုံးတွေ မရှိဘူးတို့ သိသွားတဲ့ ဥစ္စာကလဲ....ခင်လုံးတွေ အခုအချိန်မှာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။ မရှိတော့ ခင်လုံးချုပ်သွားတာက ဘာသစ္စာတုံး.... (နိရောဓ သစ္စာပါ ဘုရား)။

အဲဒါ သိလိုက်တာက....(မဂ္ဂသစ္စာပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



တခါတည်း တကာ တကာမတွေမှာတဲ့ သစ္စာလေးပါးကို တပြိုင်နက်ဉာဏ်ကသိသွားတယ် (မှန်ပါ့) ဉာဏ်ကသိသွားတယ် ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သို့သော်လဲတဲ့ ဒီဟာ သစ္စဉာဏ် ဖြစ်နေတော့ ဉာဏ်ခေါ်တိုး သေးတယ်လို့ မောင်နိုင်က မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘာတဲ့တုံး .. (ဉာဏ်ခေါ် တိုးပါသေးတယ်ဘုရား)။

ဉာဏ်ခေါ် တိုးသေးတော့ တကာ တကာမတို့ အဆုံး ကျအောင် သူမနိုင်သေးဘူး....(မှန်ပါ့)။

ဒါကြောင့် ပဋိသမ္ဘိဒါမဂ်က....“တ္တေ ဉာဒံ ဒုက္ခံ ဉာဒံ ဒုက္ခသမုဒယံ ဉာဒံ ဒုက္ခနိရောဓံ ဉာဒံ ဒုက္ခနိရောဓ ဂါမိနိ ပဋိ ပဒါတိ ယထာဘူတံ ဉာဏံ သစ္စဉာဏံ နာမ”၊ ယထာဘူတံ= ဟုတ်ကိုင်းမှန်စွာ ခန္ဓာထဲမှာ ဆင်းရဲတာ အမှန်ကိုလဲ ခန္ဓာ ထဲကပဲ သိရမယ်(မှန်ပါ့) စာသိ သိနေလို့တော့ မရဘူးကွ.... (မှန်ပါ့) ယထာဘူတ ပါနေတာကိုး....(မှန်ပါ့)။

“ဉာဒံ ဒုက္ခနိရောဓံ ဉာဒံ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါတိ အရိယသစ္စံ ယထာဘူတဉာဏံ သစ္စဉာဏံ နာမ”ယထာဘူတ ထည့်ဦးကွတဲ့၊ ဒီအကိုးအကားကို စာထဲ ရေးထားတာလောက် မယူနဲ့တဲ့ ၊ မင်းတို့သန္တာန် ပေါ်တုန်းကို သိဖို့ အရေး ကြီးတယ် . (မှန်ပါ့)။

အခုဟာ ပြောနေတာက ပေါ်တုန်းပြောနေတာ....(မှန်ပါ ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ခင်ဗျားတို့ ပြောင်းတယ်ဆိုလို့ရှိယင်ဖြင့် ဆင်းရဲတာ အမှန်ပဲ (မှန်ပါ့) မသိဘူးလား.... (သိပါတယ်) အဲဒီ ပေါ်တုန်း သိတယ်....(မှန်ပါ့) ဒါ ဟုတ်တိုင်းမှန်စွာ သိတာ....(မှန်ပါ့ ဘုရား)။

စောမှာသိတာက မှတ်ထားတာ သိတာ....(မှန်ပါ့) မကွာဘူး လား....(ကွာပါတယ်ဘုရား)။

ဒါက ဘာဉာဏ်တုံးလို့ မေးတော့ ယထာဘူတ ဟုတ်တိုင်း မှန်စွာ ဆင်းရဲတုန်းကို သိလိုက်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်အချိန် သိလိုက်တာတုံး....(ဆင်းရဲ တုန်းကို သိလိုက်ပါတယ်) ဆင်းရဲတုန်းကို သိရမယ်၊သဘောပါ ကြလား....(ပါပါပြီဘုရား)။

တခါ ပြောချင်တဲ့.... သဘောကလေးကလဲတဲ့.... တကာ တကာမတို့ တဏှာသမုဒယကလေးမဟုတ်ဘူးလားဗျာ(မှန်ပါ့) ဟ ဘယ့်နှယ်ကြောင့်တုံးလို့ ဆိုတော့ ဩော်....ခင်လွန်းလို့ပေါ့ ဘုရား ...(မှန်ပါ့)။

အဲဒီ့ ခင်တာ အမှန်ကလေးကိုလဲ ခင်ဗျားတို့က ဘာလုပ်ရ မလဲ....(သိရပါမယ်ဘုရား)။

ဒါဖြင့် ခင်တာ အမှန်ကဘာသစ္စာတုံး .. (သမုဒယသစ္စာပါ) သိတာက....(မဂ္ဂသစ္စာပါ)နေရာကျပြီ .. (မှန်ပါ့)

အဲဒီတော့ တကာတကာမတွေတဲ့... ခင်တာ အမှန်ကလေးလဲ သိသွားပြီတဲ့....အခု သိတဲ့ အချိန်မှာ ခင်တတ်တဲ့သဘောကလေး ဟာက မင်ဉာဏ်လာတော့ သူ ရှိသေးရဲ့လား.... (မရှိပါ ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



မရှိတော့ ခင်တဲ့ သဘောကလေး ချုပ်သွားတာကိုလဲ သိရဦးမယ်....(မှန်ပါ့) အဲဒီ ချုပ်သွားတာကလေးကဘာ သစ္စာတုံး (နိရောဓသစ္စာပါဘုရား) အဲ.. ချုပ်မှန်းသိတာကလေးက ဘာသစ္စာတုံး....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် သစ္စာလေးပါးကို ခင်ဗျားတို့ သစ္စဉာဏ်နဲ့ သိပါပြီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သစ္စာလေးပါး မသိသေးဘူးလား....(သိပါပြီဘုရား) ဒါ.... ဘာဉာဏ်ခေါ်ကြမလဲ... (သစ္စဉာဏ်ပါဘုရား)။

အဲဒီတော့ စာဖတ်တာနဲ့ ကိုယ့်ခန္ဓာ ဖြစ်စဉ် အတွေ့နဲ့.... ကိုပေါ်... ကိုဝ....အတော်ခြားနားတယ်.... (ခြားနားပါတယ်ဘုရား)။

စာဖတ်တာက ဟဒယဝတ္ထုပေါ် ဖတ်တာမှ မဟုတ်ပဲ .... (မှန်ပါ့) ဟဒယဝတ္ထုပေါ် ကိလေသာ အညစ်အကြေးနဲ့ ငါ သူများ မော်ရအောင်, ကြွားရအောင်, လူပုံအလယ်မှာ ပြောရအောင်ဆိုပြီး ဟန်နဲ့ ဖတ်ချင် ဖတ်နေတာ... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ကြွားလုံး, ဝါလုံးကို အလိုရှိလို့ ဖတ်ချင် ဖတ်နေတော့.... အညစ်အကြေးနဲ့ ဖတ်နေတာ....(မှန်ပါ့)။

ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား) ဒီလိုတော့ မဖြစ်နိုင်ဘူးတဲ့....၊ ဒါတော့ဖြင့် အညစ်အကြေး ဖြူတုန်းကို သစ္စာသွင်းရမယ်ဆိုတာကိုး....(မှန်ပါ့) သူ့ဟာက အညစ်အကြေးနဲ့သစ္စာ ရှာနေတာ....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ သစ္စာအစစ် တွေ့ပါ့မလား....(မတွေ့ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တော်တော်ကြာ ထပ်တောင်ငြင်းသေးတယ် .. ငါပြောတာ မဟုတ်ရမလား....ဆိုတော့ အညစ်အကြေး ထုရတဲ့အထဲ ထပ်ပြီး ငြင်းပြန်တော့ ကိုဝ....ဒီ့ထက် ဆိုးသွားတယ်....(မှန်ပါ့ဘုရား)။

ကြေးဖလားဈေးကဝယ်လာပြီးသကာလဖုန်တွေထဲထိုးထား တော့ ညစ်သထက်ညစ်တာပေါ့....(မှန်ပါ့)ဒီလိုမဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီနေ့ ဘယ်ဉာဏ်ရပါလိမ့်.... (သစ္စဉာဏ် ရပါတယ် ဘုရား) အဲ.... သစ္စဉာဏ်ဟာ အခု ပြောင်းတိုင်း ပြောင်းတိုင်း ခင်ဗျားတို့ လေးဉာဏ်....လေးဉာဏ် ရ,ရမယ်....(မှန်ပါ့)။

ဣရိယာပုတ် ပြောင်းတိုင်း ပြောင်းတိုင်း.. (လေးဉာဏ် ရ,ရ ပါမယ်ဘုရား)။

အထည်ကြီးက ဒုက္ခသစ္စာ(မှန်ပါ့)ပြောင်းချင်တဲ့သဘောက (သမုဒယသစ္စာပါဘုရား) ပြောင်းမှန်းသိတာက....(မဂ္ဂသစ္စာပါ ဘုရား)ပြောင်းမှန်းသိလို့ သမုဒယချုပ်သွားတာက.... (နိရောဓ သစ္စာပါ)။

ဒီလို....ဒီလို သိပေးလို့ရှိယင်ဖြင့် ဒီအသိလေးချက်ဟာ ခန္ဓာ ကိုယ်ထဲမှာ တခါတည်း ဖြူနေတုန်းကို သွားပြီး ဆေးစွဲတာပဲ (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)။

ဆေးစွဲတော့ တကာတကာမတို့ သစ္စဉာဏ်က ဆေးစွဲပြီ.... (မှန်ပါ့)။

ဘာဂီယအကြိမ်

http://www.dhammadownload.com



မောင်နိုင် ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်ဉာဏ်က ဆေးစွဲပါလိမ့်....(သစ္စာဉာဏ်က ဆေးစွဲပါတယ်ဘုရား)။

အဲ ...သစ္စာဉာဏ်က ဆေးစွဲပြီနော်.... ဘာကြောင့်တုံးဆိုတော့ စိတ်တွေဟာ ဘဝင်စိတ်ပဲ နဂိုက အခံရှိနေတယ်။ ဘဝင်စိတ်ပေါ်မှာ မဂ္ဂသစ္စာပဲ သွားပြီး ဆေးစွဲတယ်....(မှန်ပါ)။

ဘဝင်စိတ်ဆိုတာ ပင်ကိုက ဖြူစင်နေပါတယ်.... (မှန်ပါ) ခင်ဗျားတို့ အိပ်တဲ့စိတ်ပါ။ အိပ်တဲ့စိတ်ဟာ ကိုဝ....မဖြူစင်ဘူးလား ...(ဖြူစင်ပါတယ်ဘုရား)။

အိပ်ပျော်နေတဲ့ ဘဝင်စိတ်ဟာ တကာတကာမတို့ သူဟာ ရှူမှု ရှိုက်မှုအလုပ်ပဲ လုပ်တယ်.... (မှန်ပါ) ထမင်းစားချင်တဲ့ သဘောလာသေးလား.... (မလာပါဘုရား) သူတပါး ငွေချင် စောင်းချင်းတဲ့သဘော ...(မလာပါဘုရား)။

ဒါဖြင့် အဲဒီ ရှူတဲ့ ရှိုက်တဲ့ စိတ်ဟာ အိပ်တဲ့ ဘဝင်စိတ်က လုပ်နေတော့ ကိုဝ ဖြူမဖြူ (ဖြူပါတယ်ဘုရား)လောဘ, ဒေါသ မောဟ....အညစ်အကြေး လာသေးရဲ့လား....(မလာပါဘုရား) အဲဒီ ဖြူတဲ့အချိန်မှာ ဆေးဆိုးပါ.... (မှန်ပါ) ဖြူတဲ့အချိန်မှာ သစ္စာဉာဏ်သွင်းပေး.... (မှန်ပါ)။

ဒါဖြင့် ဖြူနေတုန်းကို ဉာဏ်နဲ့ဆေးဆိုး....(မှန်ပါ)။

မောင်နိုင် ဘယ်အချိန်မှာတုံး... (ဖြူတဲ့အချိန်မှာ ဆေးဆိုးရပါမယ်ဘုရား) ဖြူတဲ့အချိန်မှာ ဉာဏ်နဲ့ ဆေးဆိုးရမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲ.... တခေါက် ပြန်ပြောပါဦးမယ်တဲ့ ....၊ ခင်ဗျားတို့လဲ ထမင်းဆာလာတယ်ဆိုကြပါစို့ (မှန်ပါ့)။

ထမင်းဆာလာတော့ ထမင်းဆာလာတာ သုခလား....ဒုက္ခလား လို့ ကိုပေါ် မေးနေဖို့ မလိုပါဘူး.... (မလိုပါဘုရား)။

ဆာလောင်မွတ်သိပ်တဲ့ ဒုက္ခပဲ (မှန်ပါ့)ဩော် ... ဒါကလေးဟာ ခန္ဓာကိုယ်ထဲက ဘာသစ္စာပြသတုံး....(ဒုက္ခသစ္စာပြပါတယ်ဘုရား)။

အဲ....ဆာပြန်လို့ရှိယင် ဩော်.... ဒုက္ခသစ္စာပြပြန်ပြီဆို.... တဲ့ ဉာဏ်ကလေးနောက်ကလိုက်(မှန်ပါ့)သဘောကျပလား (ကျပါတယ်ဘုရား)။

ဆာတဲ့ရုပ်ကလေးဟာက တခါတည်း ညှိုးနွမ်းမလာဘူးလား (လာပါတယ်ဘုရား) အဲဒီ့ ညှိုးနွမ်းတဲ့ ရုပ်ကလေးသည်ကားလို့ ဆိုယင် ဘာသစ္စာတုံး .. (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပဲ ဆိုပြီးသကာလ သူက ဒုက္ခသစ္စာ၊ သိတာက.... (မဂ္ဂသစ္စာပါဘုရား)

အဲဒီတော့ တကာတကာမတွေက ဒီအချိန်မှာ ဆာပြီးသည်နှဲ့ တပြိုင်နက်တည်း ကျွေးဦးမှဆိုတဲ့ သမုဒယသစ္စာလာလဲ မြန်မြန် သိအောင်လုပ်ပေး....(မှန်ပါ့)။

ကျွေးဦးမှထင့်ပါရဲ့ဆိုတော့ ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ငါ့မှာ သမုဒယသစ္စာလာပြန်ပြီလို့ မဂ်ကသိပေး.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) သစ္စာ ဘယ်နှစ်ပါး ပိုင်သွားသလဲ....(နှစ်ပါးပိုင်သွားပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



သိနေတဲ့ အခိုက်အတန့်မှာပဲတဲ့၊သိနေတဲ့ အချိန်ကာလေးဟာ ဆာလောင်မွတ်သိပ်တဲ့ စိတ်ရှိသေးရဲ့လား.... (မရှိပါဘုရား)ဟာ ဒါကလေးဟာ ဘာပါလိမ့်... (နိရောဓသစ္စာပါဘုရား) နိရောဓ သစ္စာကိုလဲ သိပေးပါနေ့် ... ဩော် .. ဆာလောင် မွတ်သိပ်တဲ့ စိတ်ချုပ်သွားပြီလို့ သိပေး....(မှန်ပါ့)။

အဲဒီလို သိပေးတာက ဘာပါလိမ့်... (မဂ္ဂသစ္စာပါဘုရား) နိရောဓသစ္စာ၊ချုပ်သွားတာက နိရောဓသစ္စာ၊သိတာကမဂ္ဂသစ္စာ (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဟာ.... ခင်ဗျားတို့ ဣရိယာပုတ် တခုတခု ပေါ်တိုင်း၊ ပေါ်တိုင်းပေါ်ဗျာ (မှန်ပါ့)သိနေမယ်ဆိုလို့ ရှိယင် သစ္စာလေး ချက်ကို ပေါ်တိုင်း ပေါ်တိုင်းသိတယ် (မှန်ပါ့)။

ပေါ်တိုင်း ပေါ်တိုင်းသိတော့ ဒါ....သစ္စာကို သိနေသော ကြောင့် ဘာဉာဏ်ခေါ်ကြမယ် (သစ္စဉာဏ်ပါဘုရား)သစ္စာကို သိနေသောကြောင့်....(သစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ကို မတက်နိုင်ဘူး တကာတကာမတို့ သစ္စာသေချာ အောင်မြော်နေရတာနဲ့... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ) သစ္စာက <u>ပေါ်တိုင်း ပေါ်တိုင်းသိမှသာလျှင် သစ္စဉာဏ်ဖြစ်</u>မှာ ကိုးဗျ (မှန်ပါ့)စာထဲရှိတာကို သိနေလို့ သစ္စဉာဏ်က....(မဖြစ် ပါဘုရား)။

ဒါဖြင့် စာထဲမှာ ဒုက္ခသစ္စာရှိသလား... (မရှိပါဘုရား)စာထဲ မှာ သမုဒယသစ္စာ ရှိသလား....(မရှိပါဘုရား)စာထဲမှာ နိရောဓ သစ္စာရှိသလား....(မရှိပါဘုရား)စာထဲမှာ မဂ္ဂသစ္စာရှိသလား.... (မရှိပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



မရှိပါဘူး၊ ရှိတာ ဘာတွေတုံး.... ဆိုတော့ မှတ်တမ်းတွေပဲ ရှိလိမ့်မယ်၊ သစ္စာအမှန်တွေတော့မရှိဘူး....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲက ဒုက္ခသစ္စာ အမူအရာ ပြောင်းတိုင်း ပြောင်းတိုင်း ခင်ဗျားတို့ သိပေးနေလို့ ရှိယင်ဖြင့် ဒါ....သစ္စဉာဏ် ကေန် ရတာ ပဲဆိုတာ ဆုံးဖြတ်ချက်ချပါ .... (မှန်ပါ့)။

ဉာဏ်ကတော့ဖြင့် တကာတကာမတို့ သမုဒယသစ္စာ ပေါ် တိုင်း သိပြန်လဲ မဂ္ဂသစ္စာပဲ.... (မှန်ပါ့) ဒုက္ခသစ္စာ ပေါ်တိုင်း သိပြန်ကော....(မဂ္ဂသစ္စာပါဘုရား) သမုဒယ ချုပ်တိုင်း သိပြန် ကော.... (မဂ္ဂသစ္စာပါဘုရား) အဲ ...သစ္စာလေးပါး မပြည့်သေး ဘူးလား....(ပြည့်ပါတယ်ဘုရား)။

ချုပ်တိုင်းသိတာက – ချုပ်တာက နိရောဓသစ္စာ သိတာက မဂ္ဂသစ္စာ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒီလိုသိတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမလဲ.... (သစ္စဉာဏ်ပါ ဘုရား) သစ္စဉာဏ်ပဲ ရှိသေးတယ်....(မှန်ပါ့)ကိစ္စဉာဏ်အလုပ်ကို မလုပ်ရသေးဘူး....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....၀၀....

ကတိယအကြိမ်

http://www.dhammadownload.com

**ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ**
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( ကိစ္စညာဏ် ပိဋ္ဌနဋ္ဌသဘော )

# ညအလုပ်ပေးတရားတော်

( ၃၀ - ၆ - ၆၁ )

....၀၀....

အားလုံး တရားနာနေကြတဲ့ တကာတကာမတွေ ဆရာရင်း တကာရင်းပြော– ပြောရမယ်ဆိုလို့ရှိယင်ဖြင့် သစ္စာမသိလို့ရှိယင် အလကားပဲဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ)။

သစ္စာကို မသိသေးဘူးဆိုလို့ရှိယင်ဖြင့် ဩော်....လူ့ပြည်မှာ လာဖြစ်သွားတာ အင်မတန်မှ ကိုယ်ကျိုးနည်းသွားပြီ ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ.. (မှန်ပါ)၊

သစ္စာမသိတာ ဘယ်သူတုံးလို့ မေးတဲ့အခါကျယင်"ဒုက္ခေ အညာဏံ" ဒုက္ခေ=ဒုက္ခသစ္စာ၌၊ အညာဏံ=မသိခြင်းသည်၊အဝိဇ္ဇာ အဝိဇ္ဇာပဲလို့ မှတ်လိုက်တာပေါ့....(မှန်ပါ)။

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်များသေသွားတယ် ဆိုလို့ရှိယင်ဖြင့် အဝိဇ္ဇာနဲ့ သေသွားလေရဲ့....(မှန်ပါ) သဘောပါကြပလား (ပါပါပြီဘုရား)။

http://www.dhammadownload.com



ဘာနဲ့သေသွားသလဲ....(အဝိဇ္ဇာနဲ့ သေသွားပါတယ်ဘုရား) အဝိဇ္ဇာနဲ့ သေသွားတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကွာ....တဲ့၊ အကန်းလမ်းသွားတာဟေ့....(မှန်ပါ)။

ဘာတဲ့တုံး.... (အကန်းလမ်းသွားပါတယ်ဘုရား) တကာ တကာမတို့ အဝိဇ္ဇာနဲ့ သေသွားတဲ့ပုဂ္ဂိုလ်ဟာ အကန်းလမ်းသွား သဟေ့ ဆိုတဲ့ဥစ္စာ ဟောရှာတယ်..(မှန်ပါ)။

အကန်းဘာယ့်နှယ်ကြောင့်လမ်းသွားပါလိမ့်မတုံးမေးတဲ့အခါ ကျတော့ အကန်းဆိုတာသည် သူလုပ်ချင်တာလုပ်သောကြောင့် ခုနက နတ်ပြည်ရောက်ကြောင်း ကုသိုလ်လဲ သူလုပ်ချင်လုပ်သွား တယ်၊ အပါယ်ရောက်ကြောင်း အကုသိုလ်လဲ သူ လုပ်ချင်လုပ် သွားတော့ သူဟာ ရှေ့....ဒုက္ခသစ္စာလို့ ကန်းနေတဲ့ အဝိဇ္ဇာ ကြောင့် ဦးဘာရှင်း သိသလား....(မသိပါဘုရား)။

မသိတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုပြီး ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ....ဆိုတဲ့ သုဂတိရောက်ကြောင်းအပါယ်ရောက် ကြောင်းတွေ တည်းဟူသော ခြေထောက်နှစ်ခုနဲ့ လှမ်းပြီးသွား တော့မယ်(မှန်ပါ)။

အင်း....မမြင်တဲ့ ပုဂ္ဂိုလ်မှာ ပုညာဘိသင်္ခါရ – ခြေလှမ်းနဲ့ အပုညာဘိ သင်္ခါရ....ဆိုတဲ့ အကုသိုလ် ခြေလှမ်းနဲ့ တဘက်က အကုသိုလ်လှမ်း တဘက်က ကုသိုလ်လှမ်းလိုက်၊ လှမ်းတဲ့ကုသိုလ် ကာလ ဘာကုသိုလ်လို့ မဆိုနိုင်တဲ့ အဝိဇ္ဇာအုပ်ချုပ်တဲ့ကုသိုလ်လို့ ဆိုလိုက်ပါတယ်....(မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



အဝိဇ္ဇာအုပ်ချုပ်တဲ့ကုသိုလ်ကို သေသေချာချာ သိတော့မှ တကာတကာမတွေ့သည်....တဲ့ အဝိဇ္ဇာ ပစ္စယာသင်္ခါရဆိုတာ ပေါ်လာတယ်....(မှန်ပါ)။

ဒါ့ကြောင့် အလှူပေးတိုင်း တကာတကာမတွေ့ သတိပေးရ တယ်၊ အလှူပေးတိုင်း နိဗ္ဗာန်ရသလားလို့ မေးတော့ အဝိဇ္ဇာ အုပ်ချုပ်တဲ့အလှူဖြင့် နိဗ္ဗာန်မရဘူး....(မှန်ပါ)။

အဝိဇ္ဇာအုပ်ချုပ်တဲ့ အလှူကျတော့....(နိဗ္ဗာန်မရပါ)နိဗ္ဗာန် မရဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ဘာ့ကြောင့်တုံးဆိုတော့ ပုညာဘိ သင်္ခါရ လုပ်ပါတယ်....(မှန်ပါ)။

ပုညာဘိသင်္ခါရဆိုတာ ပုညက ကုသိုလ်၊ အဘိသင်္ခါရက ပြုပြင်တာ၊ ပြုပြင်မည့်ကုသိုလ်ကို သွားလုပ်တော့ကိုတဲ့ ခပ်မျှား တို့ပဲ စဉ်းစားကြည့်ပါတဲ့၊ ပြုပြင်တဲ့ ကုသိုလ်ကို သွားလုပ်တော့ ဒီခန္ဓာတွေ ပြုပြင်ဦးမှာပဲ....(မှန်ပါ) ခန္ဓာတွေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ....(မှန်ပါ) ဒါဖြင့် အကန်းလမ်းသွားတယ်ဆိုတာ မသေချာဘူးလား....(သေချာပါ တယ်ဘုရား) ကန်းတာက အဝိဇ္ဇာ၊ လမ်းသွားတာက ပုညာဘိ သင်္ခါရဆိုတဲ့ ကုသိုလ်....(မှန်ပါ) သားရေး, သမီးရေး, စီးပွား ရေးနဲ့ ပတ်သက်ပြီးသကာလ မလွတ်တမ်း လုပ်နေတဲ့ အကုသိုလ် မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီ... ဗယ်ခြေကလဲ ဒုက္ခရောက်ဖို့ လှမ်းတာပဲ၊ ညာခြေက ကော.... (လှမ်းတာပါပဲဘုရား) ဘယ့်နှယ်ကြောင့် လှမ်းတာ ပါလိမ့်မတုံးလို့ မေးတဲ့အခါ ဒုက္ခမြင်ပြီး လှမ်းတာလား၊ဒုက္ခဆီ

http://www.dhammadownload.com



ကိုပဲ သွားနေတာလား....လို့ မေးလို့ရှိယင် ကိုပေါ်....ဘယ့်နှယ်ဖြေပါ့မလဲ....(ဒုက္ခဆီကို လှမ်းတာပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံး....မေးတဲ့အခါကျတော့မှ အကန်းလမ်းသွားလို့....(မှန်ပါ့)။

အကန်းဆိုတာ အဝိဇ္ဇာလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့)အကန်းဆိုတာ....(အဝိဇ္ဇာပါဘုရား)သူက သစ္စာမှမသိပဲကိုး....(မှန်ပါ့) ဒုက္ခေ အညာဏံလို့ ဆိုထားတယ်....(မှန်ပါ့)။

သစ္စာမသိပါဘူး၊ မသိတော့ သူသည်ကား....လို့ ဆိုယင် ခြေထောက်နှစ်ခုနဲ့ လှမ်းတာပဲ၊ ပုညာဘိသင်္ခါရ....ဆိုတဲ့ မိဘရိုးရာ ကုသိုလ်နဲ့ပဲ ဦးဘရှင်း လှမ်းလိုက်ပြန်တာပဲ....(မှန်ပါ့)။

မိဘရိုးရာ ကုသိုလ်ကလဲ သူ့အမေ သင်ထားတဲ့အတိုင်းဒါမှနှင်....နောင်ဘဝကောင်းစားမှာပေါ့....ဆိုတဲ့နောင်ဘဝကောင်းစားရေးကို လုပ်ပြန်တာပဲ....(မှန်ပါ့)။

ဒီ့ထက် ကောင်းစားတာလဲ အမေက မသိတော့ သူကလဲ မသိဘူး၊ အမေကလဲမသိ....အဖေကလဲမသိဆိုတော့ တခါတည်းမောင်နိုင်.... ပုညာဘိ သင်္ခါရ လုပ်တာပဲ....(မှန်ပါ့) ပုညက ကုသိုလ်လို့ မှတ်လိုက်စမ်းပါ၊ အဘိသင်္ခါရ-က ခန္ဓာဖြစ်အောင် ပြုပြင်တာ....လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ပုညက ဘာပါလိမ့်....(ကုသိုလ်ပါဘုရား) အဘိသင်္ခါရက....(ခန္ဓာဖြစ်အောင် ပြုပြင်တာပါ)ခန္ဓာဖြစ်အောင် ပြုပြင်တဲ့တရားဆိုတော့ .. ဦးဘရှင်း....သွားရောပေါ့....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



သိပ်ကြောက်စရာ ကောင်းပါကလား တကာတကာမတို့.... (ကောင်းပါတယ်ဘုရား) အကန်း လမ်းသွားတာ ဆိုတဲ့ ဥစ္စာ မသိတဲ့ပုဂ္ဂိုလ် လှုတာကိုပြောတာ....(မှန်ပါ့)။

မသိတဲ့ပုဂ္ဂိုလ်လှူတာ ဦးဘကလေး တယ်ကြောက်စရာ ကောင်းပါကလား....(ကောင်းပါတယ်ဘုရား) တယ် ကြောက်စရာ ကောင်းတယ်နော်....(မှန်ပါ့)။

ကဲ....တခါ သွားပါဦး တကာတကာမတို့ မသိလို့ တခါ သားရေး, သမီးရေး, စီးပွားရေးကို ပရိယာယ် မာယာတွေနဲ့ ရောင်းကြ ဝယ်ကြပြန်တော့လဲ အပုညာဘိသင်္ခါရ.... (မှန်ပါ့) အပုညာ–က မကောင်းမှု....အကုသိုလ်၊အဘိ သင်္ခါရ–က ပြုပြင်တာ ပါပဲ၊ အပါယ်ကောင်ကြီး ဖြစ်အောင် ပြုပြင်ဦးမှာပါပဲ.... (မှန်ပါ့)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ် ဗယ်ရော ညာရော လှမ်းလိုက်တာ ဖြင့် ချောက်ကျဖို့ချည်းပဲ.... (မှန်ပါ့) မသိတဲ့ပုဂ္ဂိုလ် ဗယ်ရော ညာရော လှမ်းလိုက်တာ....(ချောက်ကျဖို့ချည်းပါပဲ ဘုရား)။

ကုသိုလ်နဲ့လှမ်းလဲ ချောက်ကျတာပါပဲ(မှန်ပါ့) အကုသိုလ်နဲ့ လှမ်းလိုက်ပြန်ကော.... (ချောက်ကျတာပါပဲဘုရား) ဘယ့်နှယ် ကြောင့် ချောက်ကျပါလိမ့်မတုံးလို့ ကိုပေါ်မေးတော့မှ အဝိဇ္ဇာ ပစ္စယာ....(သင်္ခါရာပါဘုရား)သဘောကျပလား....(မှန်ပါ့)။

အဝိဇ္ဇာပစ္စယာ=မသိမှု အဝိဇ္ဇာတည်းဟူသော အကြောင်း ကြောင့်၊သင်္ခါရာ... ခြေလှမ်းမှားတို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊ ခြေလှမ်းမှားကုန်ပြီတဲ့ကွာ....တဲ့....(မှန်ပါ့) တကာတကာမတွေ ဘာမှားကုန်ပလဲ....(ခြေလှမ်းမှားကုန်ပါပြီဘုရား)။

http://www.dhammadownload.com



ညာ—က....ဆိုပြီး ကုသိုလ်နဲ့ လှမ်းလိုက်တာလဲ မှားတယ်.... (မှန်ပါ့) ဘယ်ကနေပြီး အကုသိုလ်နဲ့ မှားတာတော့ ပင်ကို အမှားပေါ်မှာ ထပ်မှားတာ သူ့ကို ဖိထိုး အိုးမည်းသုတ်သလို မည်းလိမ့်မယ်လို့ ဆိုစရာမလိုတော့ပါဘူး....(မှန်ပါ့)။

ဒါဖြင့် တကာ့တကာမတို့ အင်မတန်လွဲကုန်ပြီ၊မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား) ဒီ့ပြင် အဝိဇ္ဇာပစ္စယာ=မသိမှုတည်းဟူသောအကြောင်းကြောင့်၊ သင်္ခါရာ=နောင်ခန္ဓာပွင့်ဖြစ်ဖို့ ဖြစ်ပေါ်လာတဲ့ ပုညာဘိ သင်္ခါရ၊ နောင်ခန္ဓာဖြစ်ဖို့ လုပ်တဲ့ အပုညာဘိ သင်္ခါရတရားတို့သည်၊ ဥပ္ပဇ္ဇန္တိ=ဖြစ်ကုန်၏။

မသိတဲ့ပုဂ္ဂိုလ် လမ်းသွားလိုက်တာ သိပ်နာတာပဲ.... (မှန်ပါ့ဘုရား) တကာ့တကာမတို့ ဘယ့်နှယ်ဆိုပါ့မလဲ....(မသိတဲ့ပုဂ္ဂိုလ် လမ်းသွားတာ သိပ်နာပါတယ်ဘုရား)။

ဒါဖြင့် အကန်းတော့ဖြင့် ဗယ်ခြေ ညာခြေနဲ့ လှမ်းပေါ့.... ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကဲ....တခါ ကိုပေါ်ကဖြစ်စေ၊မောင်နိုင်ကဖြစ်စေ ရှုတ်ကြည့်စမ်းပါဦး သင်္ခါရပစ္စယာ ... (ဝိညာဏံပါဘုရား) ဝိညာဏံ ဆိုတဲ့ဥစ္စာ တခါတည်းမှတ်လိုက်ပါတော့ .. တဲ့ ဒီဘဝ ပဋိသန္ဓေ နေတဲ့စိတ်ကို ဆိုပါတယ်....(မှန်ပါ့)။

ဒီဘဝ....(ပဋိသန္ဓေနေတဲ့စိတ်ကို ဆိုပါတယ်ဘုရား)ပဋိသန္ဓေ နေတဲ့စိတ်ဟာ ပဋိသန္ဓေဝိညာဏ်လို့ မှတ်လိုက်တာပေါ့ (မှန်ပါ့) ဒါဖြင့် ပဋိသန္ဓေလဲပါနေပြန်တယ်၊ ပဋိသန္ဓေစိတ်လို့ ဆိုလိုက်တဲ့ အခါကျတော့ ဇာတိသွားရတယ်....(မှန်ပါ့)။

http://www.dhammadownload.com



ပဋိသန္ဓေစိတ်ဆိုတော့... (ဇာတိသွားရပါတယ်) စ,ဖြစ်တာကိုး ဦးဘရှင်းရ....(မှန်ပါ)။

စ-ဖြစ်တော့ သင်္ခါရပစ္စယာ ဝိညာဏံ....ဆိုတော့ ဇာတိပြန်ရတယ်....(မှန်ပါ) ဇာတိကို တကာ တကာမတွေ့က သေသေချာချာ တွေးလိုက်တဲ့အခါကျတော့မှ အာသစ္စာ ဖြစ်သတုံး.... (ဒုက္ခသစ္စာ ဖြစ်ပါတယ်ဘုရား)။

ဟာ... အကာန်း လမ်းသွားလို့ လဲပဟ.... (မှန်ပါ) အကန်း လမ်းသွားလို့... (လဲပဟာပါဘုရား) ကြည့်စမ်း ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ခင်ဗျားတို့ ဆရာရင်း အရှာရှင်းမို့ ပြောနေတဲ့...ဒီဥစ္စာ အကန်းဆိုတာက အဝိဇ္ဇာ၊ လမ်းသွားတာက ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ ခြေလှမ်းကို ဆိုတယ်....(မှန်ပါ) သင်္ခါရပစ္စယာ ဝိညာဏံဆိုတာက အကန်း လမ်းသွားလို့ လဲတာကိုဆိုတယ်....(မှန်ပါ) လဲတယ်ဆိုတာ ဒုက္ခရောက်တာပဲ.... (မှန်ပါ) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဦးမူကြီးတို့ ဘယ်ကြောက်စရာကောင်းပါလား... (ကောင်းပါတယ်ဘုရား) သဘောပါကြရဲ့လား (ပါပါတယ်ဘုရား) ခင်ဗျား နည်းနည်းမှားတာလား... များများမှားတာလား ... (များများမှားတာပါဘုရား)။

သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သင်္ခါရနှစ်ခု ပေါ်လာတယ် (မှန်ပါ) သင်္ခါရ ၂ နှစ်ခုက လုပ်ချင်သလို လုပ်ချလိုက်တော့ ဇာတိဒုက္ခ ပေးချလိုက်တယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဘာဒုက္ခပေးလိုက်သလဲ (ဇာတိဒုက္ခပေးလိုက်ပါတယ်)ဇာတိဒုက္ခပေးချလိုက်တော့ ကျုပ်တို့မှာတဲ့၊ ဩော်....ကုသိုလ်လဲ ပြုရသေးရဲ့၊ ဒုက္ခလဲ ရောက်သေးရဲ့....(မှန်ပါ့)သဘောပါကြလား....(ပါပါပြီဘုရား)။

ကုသိုလ်လဲ ပြုသေးရဲ့....(ဒုက္ခလဲ ရောက်သေးရဲ့ပါ ဘုရား) ဒုက္ခလဲရောက်သေးရဲ့ဆိုသာ ဦးဘရှင်း ဒီအလှူမျိုး နည်းလှမယ် မဟုတ်ဘူး ...(မှန်ပါ့)နည်းပါ့မလား(မနည်းပါဘုရား)လူ့ဘဝ နတ်ဘဝ ဆုတောင်းလုပ်တာတွေ ဒီ ...ဇာတိပဲရတယ်....(မှန်ပါ့) အဲဒီ ဇာတိကိုပဲ ရတဲ့အခါကျတော့ ဘုန်းကြီးတို့ တကာတကာမတွေ ဇာတိပိ ဒုက္ခသစ္စံလို့ ခင်ဗျားတို့က သစ္စာသိထားတော့ ဩော်....ဒါ အကန်းလမ်းသွားလို့ လဲတာ....(မှန်ပါ့)။

စကားသုံးခု ပြီးသွားပြီ၊ အကန်းဆိုတာ ဘယ်သူပါလိမ့်....မောင်နိုင်...(အဝိဇ္ဇာပါ) လမ်းသွားတာက (သင်္ခါရပါ)လဲတာက၊ ဝိညာဏ်.... (မှန်ပါ့) ပဋိသန္ဓေဝိညာဏ် ပဋိသန္ဓေနေတာကို ဆိုပါတယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အကန်းက ဘယ်သူပါလိမ့်... (အဝိဇ္ဇာပါဘုရား) လမ်းသွားဘာက....(သင်္ခါရပါဘုရား)လဲတာက.... (ဝိညာဏ်ပါဘုရား)။

ကဲ....ဦးဘရှင်း လဲပြီ....(မှန်ပါ့)အကန်းလမ်းသွားလိုက်တာ ဘယ့်နှယ်နေသတုံး....(လဲပါတယ်ဘုရား)။

လဲပြီတဲ့၊ လဲ့ယင် ဘာဖြစ်မတုံး မေးတဲ့အခါကျတော့ကိုတဲ့ လဲ့ယင်တော့ အနာရဦးမှာပဲ....(မှန်ပါ့) မရပေဘူးလား....(ရပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



လဲယင် အနာရလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ ကကာတကာမတွေ ရှင်းရှင်းလင်းလင်း မှတ်ထားပါ....(မှန်ပါ့) ကဲ....ဒါဖြင့် ဝိညာဏပစ္စယာ နာမရူပံ....ဆိုတော့ နာမ်တွေ ရုပ်တွေ ပေါ် မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒါသည်ကားလို့ ဆိုယင်လဲလို့ အနာရတာ ဒုက္ခသစ္စာတွေပဲ....(မှန်ပါ့)။

ဒီ....နာမ်ရုပ် ဘာသစ္စာဖွဲ့မလဲ.... (ဒုက္ခသစ္စာပါဘုရား) နာမ်ကော ရုပ်ကော လောကီချည်းပဲကိုး.... (မှန်ပါ့) ဒါဖြင့် ဒုက္ခသစ္စာတွေပဲ မရဘူးလား... (ရပါတယ်)ဒုက္ခအနံ့ာတွေပဲ ပြန်ရတယ်....(မှန်ပါ့)။

သြော်....လဲလို့အနာရတာဟာ နာမ်ရုပ်ပေါ်တယ်.... ဆိုတာ အနာရတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

နာမ်ရုပ်ပေါ်တာ ဘယ့်နှယ်ဆိုကြမလဲ... (အနာရတာပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) တယ်ဆိုးရွားပါကလား.... (မှန်ပါ့)။

တကာတကာမတို့ သေသေချာချာ နားကြီးကြီးဉာဏ်နားနဲ့ ထောင်မှသာလျှင် သြော်.... တို့သည်ကားလို့ဆိုယင်ဖြင့် သစ္စာမသိတဲ့ အဝိဇ္ဇာ ဒဏ်ချက်ဟာဖြင့် လမ်းသွားမှားလို့ အခုဖြင့် လဲပါပေါ့လား၊ လဲလို့လဲ အနာတွေ ရပါပေါ့လား....မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)မောင်နိုင်....အကန်းလမ်းသွားတော့ လဲတယ်၊ လဲတော့ အနာရတယ်ကွ....(မှန်ပါ့)ကိုပေါ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အကန်းဆိုတာ ဘယ်သူပါလိမ့်(အဝိဇ္ဇာပါဘုရား) လမ်းသွားတာက ဘယ်သူပါလိမ့်....(သင်္ခါရပါ)လဲတာက ဘယ်သူပါလိမ့် (ဝိညာဏ်ပါဘုရား)။

ဝိညာဏ် နောက် သင်္ခါရပစ္စယာ ဝိညာဏံ....(မှန်ပါ) လဲလို့ ဒုက္ခနာတွေ ရတာက ဘယ်သူပါလိမ့်.... (နာမရူပံ) နာမ်ရုပ်၊ ပေါ်ကြပလား ...(ပေါ်ပါပြီ)။

နာမ်ရုပ် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဩော်.... ခင်ဗျားတို့ကလဲ တယ်....နာမ်ရုပ်တွေ ဖြစ်ချင်လိုက်တာ အနာရချင်လိုက်တာက လဲတဲ့အပြင်မှာ ရှိးရှိးလဲတာမဟုတ်ဘူး၊မတော်တဆလဲတာမဟုတ်ဘူး....မောင်နိုင်ရ....(မှန်ပါ) ကိုယ့်ပယောဂနဲ့ ကိုယ်လဲတာ ... (မှန်ပါ)ကိုယ့်ကိုယ်က လဲပါရစေဆိုပြီး ဇာတိချောက်ထဲမှာ သွားလဲတာ....(မှန်ပါ)။

လဲတဲ့အခါကျတော့ အားနဲ့သွန်ပြီးလဲလိုက်တဲ့အတွက် နာမ်ရုပ် နာမ်တွေ ရုပ်တွေဆိုတဲ့ ဒုက္ခသစ္စာတွေဟာ တခါတည်းဘွားကနဲပေါ်လာတယ် (မှန်ပါ) အနာတွေ တခါတည်း ရတယ် (မှန်ပါ)။

ဦးဘကလေး....ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကောင်းပါတယ်ဘုရား)။

ဒါကြောင့် သစ္စာဟောမယ်ဆိုတော့ ဒီအပြစ်တွေကို ပြောမှသာလျှင် ခင်ဗျားတို့ ဝမ်းထဲမှာ မနေ့ကပြောတဲ့အတိုင်း ဖြူစင်သွားပါတယ်....(မှန်ပါ)။

ဖြူစင်သွားတဲ့အချိန်ကျတော့ ဘုန်းကြီးကဒီနေ့ကိစ္စဉာဏ်ကို ရှင်းရှင်းလင်းလင်းပဲ တကာတကာမတွေ နာယင်းမတ္တနဲ့ သော

http://www.dhammadownload.com



တာပန် သကာဒါဂါမ် တည်နိုင်အောင်လို့ ခင်ဗျားတို့ကို အခု ခုသေသေချာချာ ပြောနေပါတယ်.. (မှန်ပါ)။

မောင်နိုင်....ရှင်းပလား....(ရှင်းပါပြီ) ကန်းတာက ဘယ်သူ တုံးဟေ့....(အဝိဇ္ဇာပါဘုရား) လမ်းသွားတာက ဘယ်သူတုံး.... (သင်္ခါရပါ)လဲတာက ဘယ်သူတုံး....(ဝိညာဏ်ပါ) အနာရတာ က ဘယ်သူတုံး....(နာမ်ရုပ်ပါဘုရား)။

ကဲ-ဦးဘရှင်းဘယ်လောက်ဆိုးသတုံး....(ဆိုးပါတယ်ဘုရား) နောက်က တကာတကာမတွေ ဒါ....သေသေချာချာ မှတ်ပါ.... (မှန်ပါ) တခါမှလဲ မပြောသေးတော့ ဩော်....တို့ဖြင့် အခု ဘာဖြစ်နေသတုံး.... လို့ မေးတဲ့ အခါကျတော့မှ နာမ်ရုပ်နဲ့ အလုပ်လုပ်နေတော့ ဩော်....ဒုက္ခသစ္စာအနာတွေနဲ့ပါကလား- ဆိုတာကို ကိုယ်ကိုယ်တိုင်ကြည့်လိုက်ယင် သိပါတယ်....(မှန်ပါ) အခု ဒုက္ခအနာတွေ ရှိမနေဘူးလား....(ရှိပါတယ်ဘုရား)။

ကဲ ...ဒါဖြင့် နာမရူပပစ္စယာ သဠာယတနံ....ဆိုပြီး "စက္ခု သောတ ဃာန ဇိဝှာ ကာယ မန" ဆိုတဲ့ အာယတနခြောက်ပါး မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါက ခုနက အနာတွေပေါက်ပြီးသကာလ အနာတွေက အိုင်းအမာတွေ ထ,လာတာပဲ.... (မှန်ပါ) အနာ....အိုင်းအမာ တွေ ထ,လာတာ၊ ဘယ်လောက်ဆိုးတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

ခုနကတော့ အနာတွင် ပေါ်သေးတာကိုး မောင်နိုင်ရ.... (မှန်ပါ) အခုတော့ အိုင်းအမာတွေပြည်ပုပ်ပြည်ညစ်တွေရောက်

http://www.dhammadownload.com



လာပြီ....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)ကိုပေါ်တယ်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

အားလုံး တကာ တကာမတွေ ခင်ဗျားတို့ အခု ဘယ်ထဲရောက်နေကြသတုံး... လို့ မေးတဲ့ အခါကျတော့ မျက်လုံးကလဲကြည့်ပျက်၊ နားကလဲထောင်ပျက်၊ နှာခေါင်းကလဲ ရှူပျက်ရှိုက်ပျက်၊ လျှာကလဲ စားပျက်ဆိုတာတွေ၊ ကိုယ်ပေါ်ကလဲအထည်အလိပ်တွေနဲ့ တွေ့ပျက်၊ မနောကလဲ ကြံစည်ပျက်တွေကရှိနေတော့ ဒါ၊တွေအိုင်းအမာတွေဖြင့် ထကုန်ပြီ(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

မသိတဲ့ပုဂ္ဂိုလ် လမ်းသွားတော့လဲတယ်၊ လဲတော့ အနာတွေရတယ်၊ အနာတွေရတော့ ရိုးရိုးအနာတွေမဟုတ်ဘူး၊ ဒီအတိုင်းချပ်သွားမည့်အနာ မဟုတ်ဘူး၊ အိုင်းအမာတွေတောင် ကြွလာပြီ(မှန်ပါ့)ပြည်တွေဘာတွေထွက်လာပြီ၊ မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ခင်ဗျားတို့က သင္ခါယတနဆိုတဲ့ ခြောက်ပါးဟာ မောင်နိုင်အိုင်းအမာတွေ တခါတည်း ပြည်တွေ ထွက်လာတော့ ကိုပေါ်သေသေချာချာမှတ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သဠာယတနပစ္စယာ ဖဿော—လို့ ခင်ဗျားတို့ မရကြဘူးလား....(ရပါတယ်ဘုရား) အဲဒီ ဖဿ—က တကာတကာမတို့....အိုင်းအမာထတဲ့ အထဲမှာ ဆူးတွေထဲ သွားမိလို့ ဆူးတွေကဝိုင်းထိုးကြတာ....(မှန်ပါ့)ဘယ်လောက်ဆိုးသလဲ—(ဆိုးပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အနာဆူးထိုးခံရတယ်ဆိုတော့ ရိုးရိုးအထိုးခံရတာနဲ့ အနာပေါ်မှာ ဆူးတွေ အများကြီး အထိုးခံရတာနဲ့ တကာတကာမတို့ ဘယ်ဟာက ပိုနာသလဲ....(အနာပေါ်မှာ ဆူးထိုးခံရတာက ပိုနာပါတယ်ဘုရား)။

အို ပြောနေကြတာပဲ တကာတကာမတွေ အနာပေါ်တုတ်ကျတာဆိုတော့ အင်မတန် ပြင်းထန်တဲ့သဘော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ဘာဖြစ်သွားသလဲ.... (အနာပေါ် တုတ်ကျပါတယ်ဘုရား)။

အနာပေါ်မှာတုတ်ကျတယ်၊ပြည်တွေထွက်နေတဲ့အနာပေါ်မှာ ဆူးတွေနဲ့ထိုးတယ်....(မှန်ပါ့) ဖဿခြောက်မျိုးနဲ့ ထိုးလိုက်တာ တကာတကာမတို့ ဒီအနာဟာ သက်သာခွင့် ရပါ့မလား (မရပါဘုရား)။

ဒါကြောင့် ဘာသစ္စာလို့ ဆိုကြမလဲ . (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဖဿ—ကလဲ ထိုးတတ် ကြိတ်တတ်တဲ့သဘောသတ္တိရှိတော့ တွေ့ထိတတ်တဲ့သဘောဆိုတာစာလိုပြောတာ၊စင်စစ်တော့အနာရှိတဲ့ဆီလျှောက်ထိုးတာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အနာရှိတဲ့ဆီလျှောက်ထိုးတော့ ဒီအနာရှင်ဟာ သက်သာခွင့်ရပါ့မလား....(မရပါဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ အနာတွေကလဲ ပြည်တွေတည်နေတဲ့အထဲ ဆူးထိုးခံရလို့ ရှိယင်ဖြင့် သက်သာရေးမြင်သေးရဲ့လား....(မမြင်ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါ အခုတွေ့နေတာ၊ ခင်ဗျားတို့ အခု ကိုယ်ပိုင်ရှိနေတာ လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)တကာတကာမတို့ ထခြားမှာ လား....ကိုယ်ပိုင်လား.... (ကိုယ်ပိုင်ပါဘုရား) ဖဿ....လဲ ခဏ ခဏ တွေ့နေရတာကိုး ... (မှန်ပါ့) တွေ့နေရတဲ့ အခါကျတော့ ငါ့မျက်လုံးထဲကွာ... မျက်မွေးစူးလိုက်တာ၊ ဖျပ်ဆို ဒေါသကို ဖြစ်လာတာပဲ၊ တွေ့ပကောဗျ... မတွေ့သေးဘူးလား....(တွေ့ပါ ပြီဘုရား)။

အင်း....ဒီသမီးနဲ့ဖြင့် ဒီသားနဲ့ဖြင့်ကွာ တွေ့ကို မတွေ့ချင် ဘူးဟေ့....ဆိုတဲ့ ဖဿ တွေက သူတို့နဲ့တွေ့တဲ့ဆူးတွေက စူးလိုက် ပြီးသကာလ ဖဿဆူးတွေက စူးလိုက်ပြီးသကာလ အမေမိဘ တွေမှာ တခါတည်း မျက်ရည်တွေဘာတွေ ကျပြီးသကာလ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဆူးစူးတဲ့အခါကျတော့ မျက်ရည်ကျတယ်....ဆိုတာ၊ ဒေါမနဿဝေဒနာတွေ(မှန်ပါ့)သဘောကျပလား– (ကျပါပြီ ဘုရား)။

အင်း....ဒါဖြင့် ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ကိုင်း.... တကာတကာမတို့ ဝေဒနာတွေဖြင့် အကြီးအကျယ် ကြွေပေါ့.... (မှန်ပါ့) ဆူးထိုးတဲ့ ဝေဒနာတွေ အကြီးအကျယ် ကြွကုန်ပြီဆို တာ ငြင်းဖို့လိုသေးသလား....(မလိုပါဘုရား)သဘောကျပလား (ကျပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) သြော်....ဒါဖြင့် တကာတကာမတွေမှာ နဂိုက အတိတ်ဘဝက လွန်ခဲ့တဲ့ဘဝက အကန်းလမ်းသွားမိလို့ ဒီဘဝ ဘယ်အချိန်ကစပြီး ဘာများ ဖြစ်ပါလိမ့်မတုံး....မမေးပါနဲ့၊ လဲတာပဲ စ,ရတာပဲ.... (မှန်ပါ့)

http://www.dhammadownload.com



ပဋိသန္ဓေ အမိဝမ်းထဲ ထိုးလဲလိုက်တာပဲ.... (မှန်ပါ့) တကယ့် ကျဉ်းမြောင်းတဲ့နေရာ ကျင်ကြီးကျင်ငယ် ကြားထဲမှာ သွားလဲ တယ် (မှန်ပါ့) နေရာကောင်းမှာလဲတာလား... ကျင်ကြီး ကျင် ငယ် ကြားထဲမှာ လဲတာလား.... (ကျင်ကြီးကျင်ငယ်ကြားထဲမှာ လဲတာပါဘုရား)။

သစ္စာမသိတော့ လူဖြစ်ချင်လိုက်တဲ့ တကာတကာမတွေ.... နတ်ဖြစ်ချင်လိုက်တဲ့ တကာတကာမတွေ အခုကြည့်စမ်း ပဋိသန္ဓေ ဆိုတာ လဲတာကွ၊ လဲတဲ့အခါလဲကြည့်စမ်း.... အပေါ်က ချေး အန်ဖတ်နဲ့တူတဲ့ အစာသစ်တွေ အောက်ကအအမေရဲ့ ကျင်ကြီးတွေ ကြားထဲမှာ သွားလဲတယ်....(မှန်ပါ့)။

လဲရတဲ့နေရာကလဲ ကြက်သရေတုံး၊ မင်္ဂလာတုံး ဟုတ်ပါရဲ့ လား(ဟုတ်ပါတယ်ဘုရား)အင်မတန် အညစ်အကြေးထူပြောတဲ့ နေရာဆိုတာလဲပြောဖို့ မလိုတော့ပါဘူး.... (မှန်ပါ့) ရှင်းကြ ပလား .. (ရှင်းပါပြီ)။

ဒါဖြင့် ဒီတကာတကာမတွေ ဘယ့်နှယ်ကြောင့် တပည့်တော် တို့ဘုရား....အနာတွေရပြီးသကာလ ဆူးထိုးခံရ၊ ဆူးထိုးခံရပြီး သကာလ ပြည်တွေပေါက်တဲ့သဘောတွေဆိုတဲ့ ဝေဒနာတွေဟာ ဖြင့်ဘုရား....လေထိမခံ နေထိမခံဝေဒနာတွေပေါ်ရတဲ့အဓိပ္ပာယ် ဟာ တပည့်တော်တို့ ဘာကြောင့် ပါလိမ့်မတုံးဆိုတော့ အို.... နောက်ဘဝက သစ္စာမသိမှု ကန်းခဲ့လို့ပေါ့.... (မှန်ပါ့) မပေါ် သေးဘူးလား....(ပေါ်ပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



သစ္စာမသိမှု.... (ကန်းခဲ့လို့ပါဘုရား) ကန်းခဲ့လို့ ဆိုတာဖြင့် ကိုယ့်အကြောင်း ကိုယ်သိကြပါပြီ....(မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

ဘယ့်နှယ်ကြောင့် ဝမ်းခေါင်းထဲ လဲရပါလိမ့်....(သစ္စာမသိမှုကြောင့်ပါ) ကန်းခဲ့လို့ပဲ... (မှန်ပါ့) ကန်းခဲ့လို့ပဲ ဆိုတာ သဘောကျပလား.. (ကျပါပြီ)။

အဲဒီတော့ သစ္စာမသိသေးသရွေ့ ကာလပတ်လုံး တော့ဖြင့် ဒီအကန်း လမ်းသွားနဲ့ ဒီအနာရပြီး ဒီ...လဲကွဲတဲ့ကိစ္စနဲ့ပဲ ဦးဘရှင်း ဇာတ်သိမ်းမှာပဲ....(မှန်ပါ့)။

သွားစရာ တကာတကာမတို့ ချမ်းသာကွက်မြင်သေးရဲ့လား (မမြင်ပါဘုရား) အဲ....ရှေ့ကိုမဟောသေးပါဘူး၊ တဏှာဥပါဒါန် ကံ....တွေ မဟောသေးပါဘူး၊ သြော်....သစ္စာမသိတဲ့ ဒဏ်ချက် ဟာဖြင့် လောကကြီးထဲမှာ အဆိုးရွား အကျည်းတန်ဆုံးပဲဆိုတာ ဆုံးဖြတ်ချက်ချလိုက်ပါတော့.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ အမိဝမ်းခေါင်းထဲ လဲပြီးသကာလ တကာတကာမတွေအနာဖြစ်ရသတုံး၊အနာရှိပြီး ဘယ့်နှယ်ကြောင့် ပြည်တွေထည့်ရသတုံး၊ ပြည်တွေ ရှိလျက်နဲ့ ဆူးထိုးခံရတာလဲ၊ တောတွင်း ဆူးတွေက ဝိုင်းပြီးထိုးလိုက်တဲ့ သဘော၊ ဆူးတွေထိုးလာလို့ အနာတွေ ကြလာတဲ့သဘောတွေ ဟာဖြင့် ဘယ့်နှယ်ကြောင့် ဒါလောက်တောင် တပည့်တော်တို့ မှာဘုရား....ဆိုးရွားရပါလိမ့်မလဲလို့ မေးတဲ့အခါ နောက်ဘဝက သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့်....(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် သစ္စာမသိသရွေ့ဖြင့် ဘဝတိုင်း ဘဝတိုင်း ဒီလိုသွား နေမှာပဲ... (မှန်ပါ)ဘဝတိုင်း ဘဝတိုင်း ...(ဒီလိုသွားနေရမှာပါ ဘုရား)။

ဒီလိုသွားနေမယ်ဆိုတော့ ဦးဘရှင်း....ကယ်မည့်သူ ယူမည့်သူ ရှိသေးရဲ့လား....(မရှိပါဘုရား) ကဲ.... သိကြပလား.... (မှန်ပါ ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီခန္ဓာ့အပေါ်မှာ ခင်တွယ်စရာ ကော ရှိသေးရဲ့လား....(မရှိပါဘုရား) တခြားသော ခန္ဓာကော ရချင်သေးရဲ့လား....(မရချင်ပါဘုရား)။

မရချင်တော့ပါဘူးဆိုတာ သေချာပလား....(သေချာပါပြီ) ဒါဖြင့် ခင်ဗျားတို့ဝမ်းထဲမှာ ဒီခန္ဓာလဲ မလိုချင်တော့ပါဘူး။ ဒီခန္ဓာ့အပေါ်၌လဲ ဖြစ်ပြီးသားမို့သာ အသာနေရတယ်၊ သူ့ အတွက်လဲ သာယာစရာမရှိပါဘူးဆိုတော့ သိသွားပြီ....(မှန်ပါ ဘုရား)။

သိသွားတော့ သိတဲ့အချိန် ဝမ်းထဲမှာ ဝိဇ္ဇာရောက်တယ်.... (မှန်ပါ)သဘောကျပလား .. (ကျပါပြီဘုရား)။

ဒီခန္ဓာမလိုချင်တော့ လောဘကသေပြီး အလောဘ....ဆိုတဲ့ ဖြူစင်တဲ့တရား ဝိဇ္ဇာဆိုတဲ့ ဖြူစင်တဲ့တရားက ဝမ်းထဲရောက် သွားတယ်....(မှန်ပါ)သဘောကျပလား... (ကျပါပြီ)။

ကဲ....ဒါဖြင့် ဝမ်းထဲမှာ တကာတကာမတွေ ယခုအချိန်မှာ တရားနာနေတဲ့အချိန်မှာ ခုနက ကာမဂုဏ်၏အပြစ်တွေ ပဉ္စ သမုပ္ပါဒ်၏အပြစ်တွေကို အကုန်ပြောလိုက်တဲ့အတွက် ဒီလက်ရှိ

http://www.dhammadownload.com



ခန္ဓာကြီးကော သာယာစရာ နှစ်သက်စရာ ရှိသေးရဲ့လား ....(မရှိပါဘုရား)။

လာလတ္တံ့ ခန္ဓာတွေကော... တကာတကာမတွေ အားကြီးမာန်တက် ရချင်သေးသလား....(မရချင်ပါဘုရား)ဒါဖြင့် ယခုဘဝမှာလဲ ဘဝတဏှာ သေပါတယ်.... (မှန်ပါ) လာလတ္တံ့ အနာဂတ်ဘဝမှာ တောင့်တတဲ့ဘဝတဏှာကော (သေပါတယ်ဘုရား)။

ဟာ....ဘယ့်နှယ်ကြောင့် သေပါလိမ့်မတုံး .... လို့ ဆိုတော့ ခန္ဓာအကြောင်းကို သစ္စာ ပဋိစ္စသမုပ္ပါဒ်ကြီးနဲ့ ပြောလိုက်တော့ ကောင်းကောင်း သိသွားလို့ဘုရား....လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့်....ဝမ်းထဲမှာ တကာတကာမတို့ မသိတဲ့ အဝိဇ္ဇာနဲ့ ဘုံဘဝ ခင်တွယ်တဲ့တဏှာ ရှိသေးသလား(မရှိပါဘုရား)မရှိယင် ဖြုတ်ပြီ....(မှန်ပါ)တကာတကာမတွေ ဝမ်းထဲမှာ အခုဖြုတ်သွားပြီ ဖြုတ်သွားပါပြီတဲ့ တရားတွေ....(မှန်ပါ)။

တကာတကာမတွေ ဝမ်းထဲမှာ ဘယ့်နှယ်နေကြသတုံး(ဖြူစင်သွားပါပြီဘုရား) တဏှာခမ္မာ.... ဆိုတဲ့ မည်းနက်တဲ့တရားတွေ ရှိသေးရဲ့လား.... (မရှိပါဘုရား) သုက္ကာခမ္မာ.... ဆိုတဲ့ ဖြူစင်တဲ့ သဘောတွေ ရောက်ပါပြီ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သုက္ကာခမ္မာ....ဆိုတဲ့ ဖြူစင်တဲ့သဘောတွေ ရောက်ပါပြီ၊အဲဒီ အချိန်မှာ ဘုန်းကြီးက သစ္စာသွင်းရမယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



ဒီအချိန်မှာ သစ္စာသွင်းမှုရမယ်၊ဦးဘကလေး မနေ့ကအတိုင်း ပဲနော်....(မှန်ပါ)ဒီနေ့တော့ ပဋိစ္စသမုပ္ပါဒ်ပြပြီး ဖြူစင်အောင် လုပ်ပါတယ်၊ ကဲ....မောင်နိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတွေ ကိုယ့်ခန္ဓာကြီးဟာလဲ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) အင်း....ဝိဇ္ဇာကလေးတွေ ဖြင့် ဝမ်းထဲရောက်ပြီ .. (မှန်ပါ)ဒီခန္ဓာကြီးကို ယခုကော ခင်စရာ အချိန် ရှိသေးသလား.... (မရှိပါဘုရား) နောက်ခန္ဓာကော တောင့်တချင်သေးသလား (မတောင့်တချင်ပါဘုရား)မတောင့် တချင်တော့ဘူးဆိုတော့ ဝမ်းထဲမှာ တကာတကာမတွေအယင် တုန်းက ဘဝ တဏှာ....က ကိုယ့်ဘဝကလေး ကိုယ်ခင်တဲ့တဏှာ၊ ကိုယ့်ခန္ဓာကြီးကို ကိုယ် အမွှမ်းတင်ချင်နေတဲ့သဘော မသိလို့ အဲဒီ အဝိဇ္ဇာတဏှာတွေက ယခုအချိန်မှာတဲ့ ပဋိစ္စသမုပ္ပါဒ်သစ္စာ ကြီးကိုနာကြားရသဖြင့်....တဲ့ လက်ရှိခန္ဓာကိုလဲ မခင်တော့ပါဘူး ဘာဖြစ်လို့ မခင်သတုံး....၊ သိလို့မခင်တာ....(မှန်ပါ) ဒါဖြင့် သိတာကဝိဇ္ဇာ၊ မခင်တာက အလောဘ၊ သဘောကျပလား.... (ကျပါပြီ)။

နောက်ဘဝကိုလဲ ဒါမျိုးပဲလာလိမ့်မယ်ဆိုတာ အမှန်အကန် သိနေသောကြောင့် သိတာက ဝိဇ္ဇာနော်....(မှန်ပါ)နောက်ဘဝ ကိုလှမ်းပြီး မတောင့်တတာက အလောဘ....(မှန်ပါ)။

ဒါဖြင့် ဝမ်းထဲမှာ တကာတကာမတွေ ဝိဇ္ဇာနဲ့ အလောဘ ရောက်သွားပြီ.... (မှန်ပါ) သဘောကျပလား.... ( ကျပါပြီ ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဝိဇ္ဇာနဲ့.... (အလောဘရောက်သွားပါပြီ) အင်း....အခုတရားနာနေကြတာ ဘာတွေနဲ့များ နာနေကြပါလိမ့်မတုံး....ဆိုတာကော သဘောပေါ်သွားပလား...(ပေါ်ပါပြီ)။

အင်း....ဘယ်သူနဲ့ နာကြသတုံး.... (ဝိဇ္ဇာနဲ့ အလောဘပါဘုရား)။

ဝိဇ္ဇာဆိုတာက သိတတ်တဲ့တရား အလောဘဆိုတာ ဘုံဘဝမလိုချင်တဲ့တရား၊ မလိုချင်တဲ့တရား....လို့ ဆိုလို့ရှိယင်ဖြင့် တဲ့ဒါ....ကုသိုလ်တရားပါပဲဆိုတော့ သုက္ကာဓမ္မာ....ဆိုတဲ့ ဖြူစင်တဲ့တရားတွေကို ခင်ဗျားတို့ ဖြူစင်တဲ့အချိန် ရောက်ပါပြီ (မှန်ပါဘုရား)။

တကာတကာမတွေဘာတုံး....(ဖြူစင်တဲ့အချိန် ရောက်ပါပြီဘုရား) ဖြူစင်တဲ့အချိန် ရောက်ပါပြီ....လို့နေ၁်....(မှန်ပါ) ဖြူစင်တဲ့အချိန်မှာ မောင်နိုင်ရေ....မနေ့က ပြောတဲ့ ဥပမာကလေးကော ဥပါလိကို ဘုရားဟောတဲ့ ဥပမာကလေးဟာလဲရိပ်မိတယ်မဟုတ်လား....(မှန်ပါ)။

အဝတ်တွေကို တခါတည်း ဆေးဆိုးမယ်....ဆိုလို့ရှိယင်ဖြင့် ပန်းရိုက်မယ်....ဆိုလို့ရှိယင်ဖြင့် ချေးတွေညှော်တွေ အကုန်လုံးဖြူစင်အောင်လုပ်ပြီးမှသာလျှင် ပန်းရိုက်တာကိုအဝတ်က လက်ခံမှာပေါ့..(မှန်ပါ) နို့မဟုတ်ယင် လက်ခံပါ့မလား....(မခံပါဘုရား)။

အေး.... ထို့အတူပဲလို့ အခုတော့ဖြင့် ဆရာဘုန်းကြီးကတကာတကာမတွေ ဝမ်းထဲမှာ ဖြူစင်တဲ့သဘောတွေကို ဆေးကြောပြီးပါပြီ(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဝိဇ္ဇာလဲ အခုခဏ ရှိသေးရဲ့လား....(မရှိပါဘုရား)ဘုံဘဝ ခင်တွယ်တဲ့တဏှာကော(မရှိပါဘုရား) ဒါဖြင့် ဝမ်းထဲမှာ ဘယ့် နှယ်နေသလဲ....(ဖြူစင်ပါတယ်ဘုရား)။

ဖြူစင်နေတဲ့အချိန်မှာ တကာတကာမတို့တဲ့ ဆိုးဆေးဆိုးရ သလို ပန်းရိုက်ရသလို ဒီအချိန်မှာ သစ္စာသင်္ဂလို့ရှိယင်ဖြင့်....တဲ့ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဆိုတာ ဝမ်းထဲရောက်သွားတယ် (မှန်ပါ့) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာဟောမယ်ကြံလို့ရှိယင်ဖြင့် ရှေ့က ရှင်းလင်းရမည့်အလုပ်တွေကော သိပါပလား....(သိပါ ပြီဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဖြူစင်နေအောင် အကုန် လုပ်ရဦးမယ်.... (မှန်ပါ့) ဖြူစင်အောင် အကုန်လုပ်ပြီးတော့ ဘုန်းကြီးက.... အင်း....တကာတကာမတွေ၏ စိတ်တွေ သည်ကား....လို့ဆိုယင် ငါးပါးအာရုံ ကာမဂုဏ်တွေဖြင့် မရှိတော့ဘူး မရှိတော့ဘူးခဏ ရပ်စဲသွားပြီ၊ ဘာဖြစ်လို့တုံး.... ယခု ခန္ဓာကြီးလဲ အခင်ဆုံး "အတ္တသမာ ပေမာ နတ္ထိ" ဆိုတဲ့ ခန္ဓာအခင်ဆုံးဟာလဲ ယခု အချိန်မှာသိနေပြီ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ သိနေတဲ့အတွက် ခင်စရာမရှိ ဘူး....(မှန်ပါ့)။

ဒီ ခန္ဓာမှ ခင်စရာမရှိလို့ရှိယင် နောက်ခန္ဓာလဲ ဒါမျိုးပဲ ဆိုတော့ ခင်ချင်တဲ့စိတ် လာသေးရဲ့လား.... (မလာပါဘုရား) ဟာ.... ဒီခင်ချင်တဲ့စိတ် ဘယ့်နှယ်ကြောင့် မလာပါလိမ့်မတုံး ဆိုတော့ သိလို့....(မှန်ပါ့)ဒါဖြင့် ဝိဇ္ဇာပေါ်နေတယ်....(မှန်ပါ့ ဘုရား) ဝိဇ္ဇာနဲ့ အလောဘ ပေါ်နေကြတယ်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဝမ်းထဲ ဘာပေါ်နေကြသလဲ.... (ဝိဇ္ဇာနဲ့ အလောဘ ပေါ်နေကြပါတယ်ဘုရား) ဝိဇ္ဇာနဲ့ အလောဘပေါ်နေတယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဝိဇ္ဇာနဲ့အလောဘပေါ်နေတော့၊ ဝိဇ္ဇာက အဝိဇ္ဇာကိုချုပ်စေတယ်... (မှန်ပါ့) အလောဘက လောဘကို ချုပ်စေတယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဝိဇ္ဇာက.... (အဝိဇ္ဇာကို ချုပ်စေပါတယ်) အလောဘက.... (လောဘကိုချုပ်စေပါတယ်)လောဘကို ချုပ်စေတယ်ဆိုတော့ ခင်ဗျားတို့အထဲမှာ အညစ်အကြေးကို မရှိတော့ဘူး....(မှန်ပါ့)၊ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲ....မရှိတဲ့အချိန်မှာ အဝတ် ဖြူနေတုန်း ဆေးဆိုးရသလို တကာတကာတွေ ဟဒယ ဝတ္ထုပေါ်မှာ ဖြူစင်နေတဲ့အချိန်မှာ ဒီကနေပြီး သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ထုံးတမ်းအတိုင်း ပေးရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ယခု ဘယ်ဉာဏ် ပေးရမှာပါလိမ့် မတုံး ဖြူစင်နေတုန်းကို....သစ္စဉာဏ်ပေးရမယ်....ဆိုတော့ သစ္စဉာဏ်ကို မနေ့က ရှင်းအောင် ပြောခဲ့ပြီ.... (မှန်ပါ့) နားလည်လောက်ပါတယ်နော်....(မှန်ပါ့)။

အဲ....ဒုက္ခသစ္စာပေါ်လဲ ခန္ဓာကိုယ်ထဲမှာသိရမယ်၊ သမုဒယသစ္စာပေါ်လဲသိရမယ်၊သဘောကျပလား....(ကျပါတယ်ဘုရား) နိရောဓဖြစ်သွားတာကိုလဲ(သိရပါမယ်) ကိုယ့်သန္တာန်မှာသိလုံးမဂ်လုံးကလေး ပေါ်တာလဲ....(သိရပါမယ်ဘုရား)။

**တတိယအကြိမ်**

http://www.dhammadownload.com



ဒီဟာ "ဧတ္တေ ဣဒံ ဒုက္ခံ၊ ဣဒံ ဒုက္ခသမုဒယံ၊ ဣဒံ ဒုက္ခနိရောဓံ၊ ဣဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါတိ အရိယသစ္စံ သစ္စဉာဏံနာမ" ဒါတွေ ပေါ်တိုင်း ပေါ်တိုင်း သြော်....ဒါက ဒုက္ခပါကလား၊ အခုပေါ်လာတာတွေက သမုဒယပါကလား၊ အဲဒီ သိလုံးကလေးက မဂ္ဂပါကလား၊ သိတဲ့အခါချုပ်သွားတာ ကလေးကလဲ တဏှာနိရောဓ....ပါကလား....ဆိုပြီးတော့ ပေါ်တိုင်း ပေါ်တိုင်း ခင်ဗျားတို့ကသိပေးနေတော့ သစ္စဉာဏ် ပြီးပါတယ် (မှန်ပါ)။

သစ္စဉာဏ် ပြီးပါပြီတဲ့၊ ယနေ့ ဘာဟောရမတုံး ...ဆိုတော့ ကိစ္စဉာဏ် ဟောရပါလိမ့်မယ်....(မှန်ပါ)။

တကာတကာမတို့ ဘာဟောရမလဲ (ကိစ္စဉာဏ်ဟောရပါမယ်ဘုရား) ကိစ္စဉာဏ် ဆိုတဲ့ဥစ္စာက တကာတကာမတွေ ရှင်းရှင်းလင်းလင်း မှတ်လိုက်စမ်းပါ .. တဲ့၊ခင်ဗျားတို့ ကိစ္စဆိုတာ ဘာတုံး ဆိုတော့ ဟော့ .. ဒုက္ခသစ္စာ ခန္ဓာကြီး မင်းဘာကိစ္စ ရှိသတုံးလို့ မမေးရဘူးလား (မေးရပါတယ်ဘုရား)။

ဟော့ .. သမုဒယ မင်းဘာကိစ္စရှိသတုံး မမေးရပေဘူးလား (မေးရပါတယ်ဘုရား) ဟော့–နိရောဓ ခင်ဗျားမှာ ဘာကိစ္စ ရှိသတုံးလို့ မမေးရပေဘူးလား....(မှန်ပါ)။

အို....မဂ္ဂ မဂ္ဂင်ရှစ်ပါး....ခင်ဗျား ဘာကိစ္စလုပ်တတ်သတုံးလို့ မမေးရပေဘူးလား (မေးရပါမယ်ဘုရား)။

မေးတော့ အဲဒီ သူတို့ကိစ္စတွေ သိတဲ့ဉာဏ်ဟာ ကိစ္စဉာဏ်ပဲ (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



သူတို့ ကိစ္စသိတဲ့ဉာဏ်ဟာ(ကိစ္စဉာဏ်ပါဘုရား) ဒုက္ခသစ္စာ၏ သူလုပ်တတ်တဲ့ကိစ္စကိုသိယင်.... (ကိစ္စဉာဏ်ပါဘုရား) သမုဒယ သစ္စာ၏ သူ့သဘော သူ့ကိစ္စကိုသိတဲ့ဉာဏ်ဟာ (ကိစ္စဉာဏ်ပါ ဘုရား)နိရောဓသစ္စာ၏ သူ့ကိစ္စကိုသိတဲ့ဉာဏ်ဟာ(ကိစ္စဉာဏ်ပါ) မဂ္ဂင်ရှစ်ပါး၏ သူ့ကိစ္စကိုသိတဲ့ဉာဏ်ဟာ(ကိစ္စဉာဏ်ပါ ဘုရား)။

ကိစ္စဉာဏ်ဆိုတော့...အဲဒီ ကိစ္စဉာဏ်ဟာ သစ္စဉာဏ်ထက် ပိုမိုပြီးသကာလ အရေးကြီးတယ်....ဆိုတာ မှတ်လိုက်စမ်းပါ.. (မှန်ပါ့)။

တကာတကာမတို့ မနေ့ကဟောခဲ့တဲ့ သစ္စဉာဏ်ထက် ယနေ့ ဟောမည့် ကိစ္စဉာဏ်သည် ယနေ့ဟာက ပိုမို အရေးကြီးတယ်... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)

မနေ့ကဟောတဲ့ သစ္စဉာဏ်နဲ့ ယနေ့ ဟောလတ္တံ့ ကိစ္စ ဉာဏ်နဲ့ကိုပေါ့..ဘယ်ဟာ အရေးကြီးသလဲ (ကိစ္စဉာဏ်အရေး ကြီးပါတယ်ဘုရား)။

ကိစ္စဉာဏ် အရေးကြီးပါတယ်ဆိုတဲ့ဥစ္စာ သေသေချာချာ တကာတကာမတွေ မှတ်မိအောင်မှတ်ပါ... (မှန်ပါ့) ဒါဟာ အင်မတန်လဲ နာရခဲပါတယ်၊ခင်ဗျားတို့ကိုလဲ ဟောတဲ့ဘုန်းကြီး ကလဲ ဖြူနေတုန်းဟောလို့ ဟောရင်း မတ္တနဲ့ ခင်ဗျားတို့.... သောတာပန်စခန်းကို တက်လှမ်းနိုင်ပါစေ....ဆိုတဲ့ စိတ်ထားနဲ့ ဟောနေတယ်....(မှန်ပါ့)။

ခင်ဗျားတို့ကလဲ အမည်းမရောစေပါနဲ့၊ အဖြူနဲ့ပဲ လက်ခံ ပါ (မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ခင်ဗျားတို့က ဘာနဲ့လက်ခံရမလဲ....(အဖြူနဲ့လက်ခံရပါမယ် ဘုရား)။

ခင်ဗျားတို့က အဖြူနဲ့ လက်ခံလို့ရှိယင် ဒီကလဲ ခင်ဗျားတို့ကို သစ္စာတည်းဟူသော ဆိုးရည်ကို ဆိုးလိုက်ရလို့ရှိယင် အဖြူပေါ်မှာ သစ္စာဆိုတဲ့ဥစ္စာဟာ တခါတည်း သွားထင်မှာပဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဖြူပေါ်မှာ သစ္စာထင်လို့ရှိယင်ဖြင့် အဲဒီ သစ္စာသည် တကာတကာမတို့ အတိတ်ကိုလေသာဖြတ်၊ အနာဂတ် ကိလေသာဖြတ်၊ ပစ္စုပ္ပန် ကိလေသာကို ရပ်စဲစေပါတယ်ဆိုတာကော ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အမည်းမရောစေပါနဲ့ဆိုတဲ့အရေးဟာ အလွန် အရေးကြီးတယ်.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

အမည်းမရောစေနဲ့ ဆိုတဲ့အရေးဟာ....(အလွန်အရေးကြီးပါတယ်ဘုရား)။

ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့က ဖြူပြီးသားကို ဆိုးရည်စွဲမည့်အချိန်ရောက်နေမှ အမည်းကလေးသွားပြီးသကာလ ခင်ဗျားတို့ တရားနာရင်းမတ္တနဲ့ ဟိုစိတ်ဒီစိတ်ဝင်မလာစေပါနဲ့....(မှန်ပါ့) အင်မတန် အရေးကြီးပါတယ်နော်....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ ခင်ဗျားတို့တရားနာတဲ့ပုဂ္ဂိုလ်တွေကို တခါတည်းကြည့်လိုက်တယ်၊ ဖြူနေပြီဟေ့ ဆိုတာ မြင်ပါတယ်....(မှန်ပါ့)ဟာ....ဖြူလို့ရှိယင် ငါ....သစ္စာ

http://www.dhammadownload.com



ဟောတော့မယ်၊ မဖြူသေးယင် မဟောသေးဘူးဗျ....(မှန်ပါ့) ဝမ်းထဲမှာ ဖြူနေလို့ရှိယင်... (ဟောမှာပါဘုရား) မဖြူသေးယင်.. (မဟောသေးပါဘုရား) မဟောသေးဘူး၊ သဘောကျပလား....(ကျပါပြီ)။

မဖြူသေးယင် မဟောသေးတာက "အဒ္ဓဇ္ဇဝစနံ ဗုဒ္ဓိ" ဆိုတဲ့ အတိုင်း ငါက ၂-သုံးလဲမဟောနိုင်ဘူးကွာ....ချွတ်စရာလူတွေက နည်းတာမဟုတ်ဘူးတဲ့၊ ငါ့စကား....အလကား အဖြစ်မခံနိုင်ဘူး ဆိုပြီး၊ မဖြူသေးယင် သစ္စာကို မစ-သေးဘူး....(မှန်ပါ့)။

ဝမ်းထဲဖြူတဲ့အချိန်ကျမှ ဘာစမယ်ထင်ကြသလဲ.... (သစ္စာ စပါမယ်ဘုရား) သစ္စာ စ-တယ်ဆိုတာ တကာ တကာမတွေ ကောင်းကောင်းရိပ်မိပလား....(ရိပ်မိပါပြီ)။

ကိုယ်ပေါ်....ဘယ်လောက် အရေးကြီးတယ်ဆိုတာပေါ်လာပလား.. (ပေါ်လာပါပြီ) ပေါ်ကြပြီနော် (မှန်ပါ့)။

ဩော်....ဒါဖြင့် သစ္စာ အရေးကြီးဆုံးပဲ (မှန်ပါ့)နည်းနည်း ကလေး ကြားညှပ်ပြီး တကာတကာမတွေမှာ သစ္စာအရေးကြီးပုံကလေး ထောက်ခံချက်ကလေးတခု ထည့်လိုက်ပါဦးမယ်နော် (မှန်ပါ့)။

ထောက်ခံချက်ကလေးတခုက မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ပေယ....ဆိုတဲ့ တကာဟာ ရှိတယ်၊ ပေယ....ဆိုတဲ့ တကာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကျောင်းလာတာနဲ့ တရား ဟောတယ်၊ တရားဟောတော့ ခုနက ပြောခဲ့တဲ့ ဒါနစခန်း တွေ သီလစခန်းတွေ သူ....အကုန်နာရပါတယ်။

**တတိယအကြိမ်**

http://www.dhammadownload.com



မောင်နိုင် ဒါနစခန်းတွေ၊ သီလစခန်းတွေ....(နာရပါတယ် ဘုရား) ဘုရားကိုက ဟောလို့ သူနာနေတာ.... (မှန်ပါ့)။

နောက်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာဟောချိန် ရောက်လာတယ်၊ ဟိုမှာလဲဖြူပြီ ဝမ်းထဲမှာ....(မှန်ပါ့)။

အဲဒီဝမ်းထဲမှာ ဖြူနေတုန်းမှ သူကလဲ ခနရှင်အလုပ်များတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ အိမ်က လာခေါ်တယ်....(မှန်ပါ့) တကာ တကာမတို့ ဘယ်ကလာခေါ်သလဲ....(အိမ်က လာခေါ်ပါတယ် ဘုရား)။

အိမ်က လာခေါ်တယ်၊ အိမ်ကလာခေါ်တာနဲ့ သူ ဘုရား လျှောက်ပြီးသကာလ အရေးကြီးတဲ့ကိစ္စထင်ပါရဲ့ဆိုပြီးသကာလ တကာတကာမတို့ အိမ်လိုက်သွားတယ်၊ အိမ်လိုက်သွားတော့ ဖြူနေတုန်းမှာ သစ္စာဆိုးရမှာ ဆိုးချိန်မရဘူး....(မှန်ပါ့)။

ဖြူနေတုန်းမှာ....(သစ္စာကိုဆိုးရမှာပါ)သစ္စာကို ဆိုးရေတပ် ပေးရမည့်ဥစ္စာကို ဦးဘရှင်းရေ... မရလိုက်ပဲ ဖြစ်သွားတယ်.... (မှန်ပါ့)။

အဲဒီကျတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပေယလဲ ထ—သွားပြီ၊ဒီနားမှာရှိတဲ့ ရဟန်းတွေနဲ့ တကွ.... ပရိဗိုဇ်တွေ.... ပေယဖြင့်ကွာ.... ဆိုးရည် ဆိုးခါနီးမှ ထွက်သွားတယ်ဟေ့.... သစ္စာဖြင့် လက်လွှတ်သွားပြီကွာ၊ သူ့အသား အရိုးတွေ ၁၃ မိုင်တိုင်တိုင် ရှိအောင် သေရဦးမယ်ကွာ သဘောကျပလား.... (ကျပါပြီဘုရား)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



သူ့အသားအရိုးတွေသည် ၁၃ မိုင်အမြင့်တက်ပြီးတော့သေရဦးမယ်ကွ....တဲ့....(မှန်ပါ) သစ္စာလွတ်သွားတယ်၊ ဘယ်လောက်ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ဘာလွတ်သွားသတုံး... (သစ္စာလွတ်သွားပါတယ် ဘုရား) ဒါဖြင့် တဲတဲကလေး မောင်နိုင်....ဝမ်းထဲဖြူနေတုန်းမှ အိမ်ကလာခေါ်တာ....(မှန်ပါ)။

တကာတကာမတွေ ဘယ်အချိန် လာခေါ်တာပါလိမ့်....(ဝမ်းထဲဖြူနေတုန်း လာခေါ်တာပါဘုရား)။

ဒါနစခန်း သီလစခန်းတွေ ဟောလို့ ကာမဂုဏ် အပြစ်တွေပြလို့ သူ ကြိုက်နေပြီ၊ အဲဒီအချိန်မှာ ဝမ်းထဲဖြူနေတုန်းကျမှ တကာတကာမတွေ ပေယကို အိမ်က လာခေါ်တယ်၊ အဲဒီ....ပေယအိမ်ကလာခေါ်တော့ ပေယကလဲ တပည့်တော်ဖြင့်ဘုရားလူဆိုတာကိစ္စသိပ်များပါတယ်၊သွားပါရစေဦး... ဆိုပြီးသကာလအိမ်လိုက်သွားတယ်....၊ သူမှ အိမ်မရောက်သေးဘူး.. .ဘုရားကရဟန်းတွေပြောပြီ၊ ပေယဖြင့် ရှုံးပဟေ့....

တကာတကာမတို့ ဘာတဲ့တုံး (ပေယဖြင့် ရှုံးပြီတဲ့)ပေယအရှုံးကြီးရှုံးပြီကွ ... ငါဘုရားလက်ထက် မကျွတ်တော့ဘူး....နောက်ဘုရားလက်ထက်မှ ကျွတ်တော့မှာပဲ... (မှန်ပါ)။

သူ့အရိုး သူ့အသားတွေသည်ကားလို့ ဆိုယင် နောက်ဘုရား မပွင့်ခင်ဟာတဲ့ .. မြေကြီး တယူဇနာ တက်ရဦးမယ်ကွ....သူ့အသား သူ့အရိုးတွေက မြေကြီးတယူဇနာ ဖြစ်ရဦးမယ်....(မှန်ပါ)။

ဘာကိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့မှ ကျွတ်တမ်းဝင်တော့မယ်ဆိုတော့ မောင်နိုင်.... မနာလားကွ....(နာပါတယ်ဘုရား)။

ကဲ....တကာတကာမတို့ အင်မတန် မဆိုးရွားဘူးလား.... (ဆိုးရွားပါတယ်ဘုရား)စဉ်းစားပြီးနားထောင်ပါ၊ သူ....သစ္စာ လွတ်သွားတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာလွတ်သွားသတုံး .. (သစ္စာလွတ်သွား ပါတယ်ဘုရား)။

ဒါဖြင့် ဒီ့ပြင်တရားတွေ မနာရဘူးလားမေးတော့....(နာရ ပါတယ်ဘုရား) ဒီ့ပြင် တရားတွေက တန်ဆာဆင်ပြီးထားတဲ့ တရားတွေ (မှန်ပါ့)တကယ်ဆိုးရည် တပ်နိုင်တဲ့ တရားမဟုတ်ဘူး (မှန်ပါ့)။

တကာတကာမတို့ ဟဒယဝတ္ထုပေါ်မှာ သစ္စာတည်းဟူသော ပန်းခက်တို့ ပန်းလက်တို့ကိုစွဲတဲ့သဘောမျိုးလာမှဖြစ်မှာ(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် အားလုံး တကာတကာမတွေ သြော် .. အရေးအကြီး ဆုံးတရား ဘယ်တရားပါလိမ့်မတုံး....ဆိုတာတော့ဖြင့် ကွင်းကွင်း ကွက်ကွက်ပဲ ကိုပေါ်....ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

တကာတကာမတွေ ဘယ်တရားပါလိမ့်.... (သစ္စာတရားပါ ဘုရား)သစ္စာတရားပဲဆိုတာဖြင့် ခင်ဗျားတို့ သံသယမရှိနဲ့တော့ နော်....(မှန်ပါ့)။

အခု ပေယမှာကော ဖြူအောင် လုပ်နေတုန်း ဖြူတုန်းမှ ကိစ္စပေါ်သွားတယ်....(မှန်ပါ့)မြေကြီး ၁၃–မိုင်တက်ရမယ် ဆို တော့ သူ့အသားတွေ သူ့အရိုးတွေ တကာတကာမတို့ သေ

http://www.dhammadownload.com



သလား....(မသေးပါဘုရား) သစ္စာကလေး တချက်တည်း လွတ်သွားတယ်....(မှန်ပါ့)။

မောင်နိုင်....ဘယ့်နှယ်တုံး.... (သစ္စာကလေး တချက်တည်း လွတ်သွားပါတယ်ဘုရား)။

သစ္စာတချက်တည်း လွတ်သွားလိုက်တာ တကာတကာမတို့ သိပ်နာသွားတယ်....(နာသွားပါတယ်ဘုရား) မနာဘူးလား.... (နာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အတွက်မှာဖြင့် ခုနက ဘုန်းကြီး ပိတ်လိုက်တဲ့စကားကလေးဟာ မှတ်မိပါလိမ့်မယ်နော်.. ခင်ဗျား တို့ ဖြူစင်အောင် ခုနက ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းလင်းပြီးပါပြီ .. (မှန်ပါ့)။

ရှင်းလင်းပြီးတဲ့အထဲမှာ သားစိတ်၊ သမီးစိတ်၊ ဆွေစိတ်၊ မျိုးစိတ် ခန္ဓာကိုယ်ငဲ့တဲ့စိတ်တွေ မလာပဲနဲ့ ဖြူဖြူစင်စင်နဲ့ ကိစ္စညာဏ်ကိုနာပါ....(မှန်ပါ့)နို့ မဟုတ်ယင် ပေယလို ဖြစ်ပါလိမ့် မယ်.... (မှန်ပါ့) မဖြစ်ပေဘူးလား.... (ဖြစ်မှာပါဘုရား) အင်-မတန် ကြောက်စရာ မကောင်းပေဘူးလား ...(ကောင်းပါတယ် ဘုရား)။

အေး ...ဒါကြောင့် အရေးအကြီးတကာ့ အကြီးထဲမှာ ဦးဘ ရှင်ရေ....အကြီးဆုံးအချိန်ဟာ ဒီအချိန်ပဲ.... (မှန်ပါ့) ကိုပေါ် (ဒီအချိန်ပါဘုရား)ဒီအချိန်ပဲဆိုတာ တကာတကာမတွေဝမ်းထဲ မှာ ဘာဖြစ်နေကြသလဲ....(ဖြူစင်ပါတယ်ဘုရား)။

ခုနက ပဋိစ္စသမုပ္ပါဒ်မှာ ဒီဘဝလဲ မခင်တွယ်၊ ဟိုဘဝလဲ မတောင့်တဘူးဆိုကတည်းက သစ္စာသိတဲ့ဝိဇ္ဇာလဲပါ.... (မှန်ပါ့)

http://www.dhammadownload.com



အညစ်အကြေးဖြစ်တဲ့ လောဘကလဲစင်.... (မှန်ပါ့) စင်နေတဲ့ အချိန်ကျတော့မှ ကိစ္စညာဏ်ကို ပြောရမယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဖြူစင်နေတဲ့အချိန် ဘာပြောရမယ်.... (ကိစ္စညာဏ် ပြောရပါမယ်ဘုရား)။

ကိစ္စညာဏ် ပြောရတော့မယ်ဆိုတော့ တကာတကာမတို့.... ညာဏ်နဲ့ ခန္ဓာကိုယ် အလုပ်လုပ်ရတော့မယ်....(မှန်ပါ့)။

ညာဏ်နဲ့ ခန္ဓာကိုယ်လှည့်ပြီး.... (အလုပ်လုပ်ရပါတော့မယ်) အဲ–ညာဏ်နဲ့ခန္ဓာကိုယ်လှည့်ပြီး အလုပ်လုပ်ရတော့မယ်.... ဆိုတာ တရားနာယင်း တခါတည်း ခန္ဓာသာညာဏ်လှည့်လိုက်ပါ(မှန်ပါ့) တရားနာယင်း ဘာတဲ့တုံး....(ခန္ဓာညာဏ်လှည့်ရမှာပါဘုရား)။

ခန္ဓာညာဏ်လှည့်လိုက်စမ်းပါဆိုတာ လေးလေးစားစား ပြောနေတယ် (မှန်ပါ့)။

အထိမခံ ရွှေပန်းကန်တရားပါပဲ၊ တခုတရားဟာ....(မှန်ပါ့) နည်းနည်းမှခင်ဗျားတို့ အာရုံတပါးသွားလို့ကို မရဘူး(မှန်ပါ့)။

ဘာ့ကြောင့်တုံး.... ဖြူစင်အောင် ဘုန်းကြီးတပါးတည်းက ဒီ တကာတကာမတွေ အများကြီးကို ဖြူစင်အောင်ဆေးထားတာကိုး....(မှန်ပါ့)။

ဆေးတဲ့သဘောနဲ့သာ ခင်ဗျားတို့ကနေပြီးသကာလ ဘုန်းကြီးက ပြောတဲ့အခါ ကိစ္စညာဏ်ကို ခင်ဗျားတို့က ကိုယ့်ညာဏ်နဲ့ ကိုယ် ခန္ဓာထဲမှာ သြော်....ဘုန်းကြီးက ဒါ....ကိုယ့်ခန္ဓာ ဘယ်လိုမြင်လို့ရှိယင် ကိစ္စညာဏ်တဲ့ဆိုပြီး ကိုယ့်ခန္ဓာ ကိုယ်ပြန်ပြီးကြည့်လိုက်စမ်းပါ၊ အခုခဏပေါ့လေ....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီလို ကြည့်လိုက်တဲ့အခါကျတော့ ကိစ္စညဏ် မရပေဘူးလား....(ရပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ကိစ္စဉာဏ်ဆိုတာ တကာတကာမတို့ တခြားမဟုတ်ပါဘူးတဲ့၊ ခင်ဗျားတို့သန္တာန်မှာ အခုအချိန်မှာ တကာတကာမတို့ အင်း....တရားနာတာက နာရီသုံးမတ် ရှိသွားတယ်၊ နာရီသုံးမတ် ရှိသွားတဲ့အခါကျတော့ ခန္ဓာကိုယ် ဣရိယာပုတ်တွေဟာ အပေါ်က အလေးနဲ့ အောက်က အမာခတ်နဲ့ဆိုယင်ညှပ်ပြီးသကာလ အပေါ်ကခန္ဓာကြီးကထိုင်ထားတာ အောက်က ပျဉ်ပေါ်မှာ ပျဉ်တည်းဟူသော အမာကလဲ အောက်ကခံ၊ အပေါ်က ခန္ဓာကိုယ်ကြီးကလဲလေးလံ၊ ကြားမှာရှိတဲ့အသားတွေပေါ်မှာတဲ့ တကာတကာမတွေ ဉာဏ်ကလေးနဲ့ ကြည့်လို့ရှိယင်ဖြင့် ဒုက္ခဝေဒနာပေါ်လိမ့်မယ်...(မှန်ပါ့)မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

အင်း— ဒီ ဒုက္ခ ဝေဒနာသည် ဝေဒနာက္ခန္ဓာ (မှန်ပါ့)ဝေဒနာက္ခန္ဓာပါပဲ တကာတကာမတို့နော်....(မှန်ပါ့)။

ဝေဒနာက္ခန္ဓာဆိုတာဘယ်သူ၏ ဝေဒနာက္ခန္ဓာတုံးလို့ မမေးနဲ့တော့ ဒီတကာတကာမတွေ သန္တာန်ပေါ်တဲ့ ဝေဒနာက္ခန္ဓာ (မှန်ပါ့)။

သူများဝေဒနာလား....မိမိသန္တာန်ပေါ်လို့မိမိဝေဒနာလား (မိမိဝေဒနာပါဘုရား)။

ဩော်....ဒီဝေဒနာက တကာတကာမတွေ ဘာများလုပ်ပါလိမ့်မလဲလို့ ဆိုတဲ့အခါကျတော့တကာတကာမတွေကိုစိတ်ကိုလဲ နှိပ်စက်တယ်....ရုပ်—ရုပ်ချင်းလဲ နှိပ်စက်တယ်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



စိတ်ကိုလဲ....(နှိပ်စက်ပါတယ်ဘုရား) စိတ်ကိုလဲ ဒေါမနဿ ဖြစ်အောင် နှိပ်စက်တယ် (မှန်ပါ့)။

ရုပ်–ရုပ်ချင်းလဲ သူကနေပြီးသကာလ တကာတကာမတို့.... နှိပ်စက်နေပါတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

နှိပ်စက်နေတော့ ဒီနည်းနည်းကလေး တကာတကာမတွေ အောက်ပိုင်းမှာ အင်မတန် အထိနာတဲ့ နေရာကလေးသွားပြီး သကာလ ကြော်....ဝေဒနာဟာ မိမိဝေဒနာက္ခန္ဓာလို့ သာ ဆိုရ တယ် ဒီဝေဒနာက္ခန္ဓာက မိမိကိုနှိပ်စက်နေပါပေါ့လား.... လို့ ဆိုတဲ့ဥစ္စာ ငြင်းဖို့လိုသေးသလား....(မလိုပါဘုရား)။

ဒီအထဲမှာ ဦးဘရှင်းကို ဦးဘရှင်း တကာမကြီးက ပြင်ကလာ ပြီးနှိပ်စက်တာမဟုတ်ဘူး....(မှန်ပါ့)မောင်နိုင်ကို မဥ....တို့ကလာ နှိပ်စက်တာမဟုတ်ဘူး။ ဒီခန္ဓာထဲက ပေါ်လာပြီး ဒီခန္ဓာက နှိပ်စက်တာ....(မှန်ပါ့)။

ဒီခန္ဓာထဲက ဝေဒနာကလေးက ပေါ်လာတယ်....(မှန်ပါ့) ဒီခန္ဓာကပဲ ကျန်တဲ့ဥစ္စာတွေ မနှိပ်စက်ဘူးလား.... (နှိပ်စက်ပါ တယ်ဘုရား)။

ကြော် .. ဒါဖြင့်ဟော့.... ဝေဒနာက္ခန္ဓာ မင်း.... ဘယ်ကိစ္စရှိ သတုံးမေးတဲ့အခါကျတော့ သူ အဖြေထွက်လာတယ် (မှန်ပါ့) ကျုပ်ဟာ နှိပ်စက်တတ်တဲ့ကိစ္စရှိတယ်....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သူ့မှာ ဘာကိစ္စရှိသတုံး.... (နှိပ်စက်တတ်တဲ့ကိစ္စ ရှိပါတယ် ဘုရား) နှိပ်စက်တတ်တဲ့ကိစ္စရှိတယ်၊ သဘောကျကြပလား ..... (ကျပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒုက္ခသာ ပိဋ္ဌနဋ္ဌေကိုး....၊ ဝေဒနာ.... ဆိုတဲ့ ဒုက္ခသစ္စာ၏၊ ပိဋ္ဌနဋ္ဌေ....ညှာတာမဖက် အမြဲနှိပ်စက်တယ်၊ ဩော်.... တရားနာနေတုံးမို့ သည်းခံပါဦးဆိုလို့ ရရဲ့လား ... (မရပါဘုရား) ဘာလုပ်နေသတုံး....(နှိပ်စက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် နှိပ်စက်တတ်တဲ့ တရားအစစ်ဟာ သူပဲလို့ ပိုင်ပိုင်နိုင်နိုင်သိတယ်....(သိပါတယ်ဘုရား)။

နှိပ်စက်တတ်တဲ့ တရားအစစ်ဟာ အခုပေါ်နေတဲ့ ဝေဒနာပဲဆိုယင် တကာတကာမတွေ ငြင်းဖို့လိုသေးသလား.... (မလိုပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သူက ဘာနှိပ်စက်သတုံးလို့ မေးတော့ သူက သူနဲ့အတူတကွဖြစ်တဲ့ သညာတို့ သင်္ခါရတို့ စိတ်တို့ကို မောင်နိုင် အတူတကွဖြစ်တာတွေကို အကုန်နှိပ်စက်တယ်(မှန်ပါ့ဘုရား)။

သူနဲ့ အတူတကွဖြစ်တဲ့ နာမက္ခန္ဓာ....သူပါ လေးပါးပေါ့လေ (မှန်ပါ့) သူက ဝေဒနာက္ခန္ဓာဖြစ်နေတော့ ကျန်တဲ့သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာတို့ကို ကိုပေါ်.... ဘာလုပ်လိုက်သလဲ(နှိပ်စက်ပါတယ်ဘုရား) နှိပ်စက်လိုက်တယ်။

တခါ သူသည် ရုပ်ပေါ်မှာ ပေါ်လာတဲ့ ဝေဒနာကရုပ်ကိုလဲ နီမြန်းလာအောင် ကျဉ်လာအောင် မနှိပ်စက်ဘူးလား.... (နှိပ်စက်ပါတယ်ဘုရား) ဝေဒနာက္ခန္ဓာက လုပ်လိုက်တယ် .... (မှန်ပါ့)ခင်ဗျားတို့ရှိတဲ့ ဝေဒနာက္ခန္ဓာက လုပ်လိုက်တယ်(မှန်ပါ ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



တခြားသောခန္ဓာက လာပြီးလုပ်တာလား.... (မဟုတ်ပါ ဘုရား) ရော....ဒါဖြင့် ဒုက္ခသ ပိဋ္ဌနဋ္ဌော... ဆိုတဲ့ ကိစ္စဉာဏ်ဟာ နှိပ်စက်တတ်တဲ့ ကိစ္စရှိတဲ့တရား သူပဲ.... သူပဲ.... သူပဲ.... လို့ ဉာဏ်ကလေးနဲ့ ကြည့်ပေးလိုက်စမ်းပါ.... (မှန်ပါ) နှိပ်စက်တတ်တဲ့ကိစ္စနဲ့ သူ....လုပ်မနေဘူးလား....(လုပ်နေပါတယ်ဘုရား)။

အင်း....ဒါဖြင့် ဒီ.... ခန္ဓာကြီးသည်ကား.... လို့ ဆိုယင်ဖြင့် ဝေဒနာက္ခန္ဓာကြီးသည်ကားလို့ ဆိုယင်ဖြင့်တဲ့ မိမိသန္တာန်ပေါ်လို့ မိမိဝေဒနာက္ခန္ဓာလို့ ဆိုချင်လဲဆိုတာပေါ့၊ သို့သော် ဘာလုပ်မလို့ပေါ်လာသတုံး....မေးတဲ့အခါကျတော့ ကျန်ခန္ဓာတွေ နှိပ်စက်မလို့ ကျူပ်လာတာ....(မှန်ပါ)။

ကျန်တဲ့ သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ,ရူပက္ခန္ဓာတွေ ဘာလုပ်မလို့ လာတာတုံး.... (နှိပ်စက်မလို့.... လာတာပါဘုရား)။

ဩော်... ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ သန္တာန်မှာဖြင့် ဒီတရားကလေးဟာ ကျက်သရေမင်္ဂလာရှိတဲ့တရားပဲလားတဲ့ ရထားတဲ့ ဝေဒနာက္ခန္ဓာကဖြင့် ကိုယ်ကျိုးနည်းအောင် လုပ်နေတာလား....(ကိုယ်ကျိုးနည်းအောင် လုပ်နေတာပါဘုရား)။

ဘယ်လို လုပ်နေပါလိမ့်ဗျာ.... (နှိပ်စက်နေပါတယ်ဘုရား) နှိပ်စက်နေတယ်၊အင်း သူတပါးကိုညာတာမဖက်အမြဲနှိပ်စက်နေတယ်၊ သညာကိုလဲ နှိပ်စက်တယ် မောင်နိုင်ရေ....(မှန်ပါ)စိတ်ကိုကော....(နှိပ်စက်ပါတယ်ဘုရား) စေတနာ သင်္ခါရတွေကော.... (နှိပ်စက်ပါတယ်ဘုရား) ရုပ်ပေါ်မှာကော.... (နှိပ်စက်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



မယုံယင်ကြည့်ပါ၊ အပ်ကလေးနဲ့ ထိုးကြည့်၊ ရုပ်တွေဟာ နီမြန်းထွက်လာတာပဲ....(မှန်ပါ့)ရုပ်လဲ ဝေဒနာကနိုပ်စက်တယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ကျန်တဲ့ ခန္ဓာလေးပါးစလုံးကို ဘာလုပ်နေသတုံး.... (နှိပ်စက်နေပါတယ်ဘုရား)။

အဲဒီ နှိပ်စက်နေတာကို တကာတကာမတွေက ဉာဏ်နဲ့ ကြည့်လိုက်တော့ ဩော်....သူ့ကိစ္စ ဒါကိုး....(မှန်ပါ့) သဘော ပါကြလား....(ပါပါပြီ)။

သူ့ကိစ္စဟာ.... (ဒါပါဘုရား) ဘာလုပ်တဲ့ကိစ္စပါလိမ့်.... (နှိပ်စက်တဲ့ကိစ္စပါဘုရား) နှိပ်စက်တတ်တဲ့ကိစ္စ (မှန်ပါ့)သဘော ပါကြပလား....(ပါပါပြီ)။

အင်း....ကိုယ့်သန္တာန်ပေါ်လာတဲ့ဝေဒနာက္ခန္ဓာက ကျန်ခန္ဓာ လေးပါးကို ဘာလုပ်မလို့လဲ.... ကောင်းကျိုးပေးမလို့လာတာ လား....ဆိုးကျိုးပေးမလို့ လာတာလားဆိုတာ အကဲခတ်စမ်း.... (ဆိုးကျိုးပေးမလို့ပါဘုရား) ဘယ်လိုများ ဆိုးကျိုးပေးလိုက် ပါလိမ့်....(နှိပ်စက်ပါတယ်ဘုရား)။

နှိပ်စက်မလို့လာတာ.... (မှန်ပါ့)တကာတကာမတို့ ပေါ်ကြ ပလား....(ပေါ်ပါပြီ)။

ဩော်....ဒါဖြင့် နှိပ်စက်တတ်တဲ့ကိစ္စဟာ သူ့ကိစ္စပဲ၊ ခန္ဓာ၏ ကိစ္စ....(မှန်ပါ့)။

နှိပ်စက်တတ်တဲ့ကိစ္စဟာ.... (ခန္ဓာ၏ကိစ္စပါဘုရား) ခန္ဓာ၏ ကိစ္စပဲဆိုတာ ငြင်းဖို့လိုသေးသလား....(မလိုပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နှိပ်စက်တတ်တဲ့ ကိစ္စဟာ.... (ခန္ဓာ၏ ကိစ္စပါဘုရား) ဘယ်ခန္ဓာ၏ကိစ္စတုံး....ဆိုတော့ ဝေဒနာက္ခန္ဓာ၏ကိစ္စ(မှန်ပါ)သဘောကျပလား.....(ကျပါပြီ) ဘာလို့တုံး.... ဆိုတော့ ဝေဒနာကို အဓိကထား ပြောနေလို့.... (မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတွေ ဒီအတိုင်းသာ ဉာဏ်ကလေးနဲ့ ကြည့်ကြည့်.... ကြည့်ကြည့်နေတော့ သူ....ဘာလုပ်နေသတုံး.... သူဘာလုပ်နေသတုံး.... နှိပ်စက်တဲ့ကိစ္စလုပ်နေတယ်၊ နှိပ်စက်တဲ့ ကိစ္စလုပ်နေတယ်ဆိုတာ ပေါ်တိုင်း ပေါ်တိုင်း သူလာလို့ရှိယင် နှိပ်စက်မလို့ လာတာချည်းမှတ်လိုက်... (မှန်ပါ)။

သူ....လာတိုင်း....လာတိုင်း.... (နှိပ်စက်မလို့ လာတာပါဘုရား)။

ခန္ဓာထဲက ဘယ်ခန္ဓာ ထူးထူးခြားခြား ပေါ်လာပေါ်လာ ဘာလုပ်မလို့ လာတာတုံး.... (နှိပ်စက်မလို့ လာတာပါဘုရား) အဲဒီလို ဉာဏ်ကလေးဟာ မြင်ပြီးသကာလနေတော့ အင်း.... နှိပ်စက်တတ်တဲ့ကိစ္စမှတပါး သူ့မှာ ဘာကိစ္စမှမရှိဘူး....(မှန်ပါ) ဒီလိုပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်ပါ....(မှန်ပါ)။

နှိပ်စက်တတ်တဲ့ကိစ္စမှ တပါး.... (ဘာကိစ္စမှ မရှိပါဘုရား) ဘာကိစ္စမှမရှိဘူး၊ မောင်နိုင်....(မှန်ပါ)။

ကျုပ်တို့ကို နတ်ပြည်ရောက်အောင် ပို့မလို့လဲ မဟုတ်ဘူး၊ ဗြဟ္မာ့ပြည် ရောက်အောင် ဆောင်မလို့လား.... (မဟုတ်ပါဘုရား) မဟုတ်ပါဘူး....တဲ့၊ ယခု အန္တရာယ်ကင်း–ဘေးရှင်းအောင်လို့ကော.... (မဟုတ်ပါဘုရား) စားသောက်ကောင်း

http://www.dhammadownload.com



အောင်လို့ကော....(မဟုတ်ပါဘုရား) မဟုတ်ပါဘူး၊ ဘာလုပ်နေတာတုံး....(နှိပ်စက်နေတာပါဘုရား)။

နှိပ်စက်တတ်တဲ့ ကိစ္စပဲ သူလုပ်နေတယ်လို့ တကာတကာမတွေ ဒီခန္ဓာကလေးကို စူးစူးစိုက်စိုက် ကြောင့် နှိပ်စက်တတ်တဲ့ကိစ္စမှတပါး သူ့မှာ ဘာမှမရှိဘူးဆိုတာကို သေသေချာချာ သိအောင်လုပ်တော့ သူ့ကိစ္စ၊ သူက နှိပ်စက်တတ်တဲ့ကိစ္စ၊ ခင်ဗျားတို့ဉာဏ်က သိတဲ့ကိစ္စ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သူက ဘာပါလိမ့်.... (နှိပ်စက်တတ်တဲ့ကိစ္စပါ) ဉာဏ်က....(သိတဲ့ကိစ္စပါဘုရား)။

ဉာဏ်က သိတတ်တဲ့ကိစ္စဆိုတော့ တကာတကာမတို့ ဟို....သမုဒယသစ္စာက တကာတကာမတို့ သန္တာန်၌ရှိတဲ့၊ သိတဲ့ကိစ္စနဲ့သိနေတော့ သမုဒယသစ္စာက တကာတကာမတို့ သန္တာန်၌မလာပဲနဲ့ သေနေတယ်....(မှန်ပါ့)။

သမုဒယသစ္စာက.... (မလာပဲနဲ့ သေနေပါတယ် ဘုရား) မလာပဲနဲ့သေတာလဲ ခင်ဗျားတို့သန္တာန်မှာ အထင်အရှားပါ....(မှန်ပါ့)။

ကိုပေါ်....ဘယ့်နှယ်တုံး.... (မလာပဲနဲ့ သေပါတယ်ဘုရား) မလာပဲနဲ့သေနေတယ်။

ဘယ့်နှယ်ကြောင့် မလာပဲနဲ့သေပါလိမ့်မတုံး.... မေးတော့ နှိပ်စက်တတ်တဲ့ကိစ္စကို တပည့်တော်တို့နှိပ်စက်မှန်းကို သိတဲ့ဉာဏ်ဆိုတဲ့ မဂ်ဉာဏ်က သူ့ကိုပဲ ပွားများနေတဲ့ကိစ္စက ရှိနေလို့၊

http://www.dhammadownload.com



ကိလေသာက ကြားခိုလို့ကို မရပဲနဲ့ ချုပ်မြဲတိုင်း ချုပ်နေတယ်(မှန်ပါ့)။

ချုပ်တဲ့အခါကျလို့ရှိယင် လာချုပ်လား....မလာချုပ်လား ဆိုတာ စဉ်းစားပါ....(မလာချုပ်ပါဘုရား)။

သြော်....ဒါဖြင့် အနုပ္ပါဒ နိရောဓ၊ အနုပ္ပါဒက .. မဖြစ်ဘူး၊ နိရောဓက....ချုပ်တယ်....(မှန်ပါ့) မလာပဲနဲ့ ချုပ်အောင်လုပ်နိုင်တာ မဂ္ဂသစ္စာ ထိုမဂ္ဂသစ္စာ၏ဒုက္ခသစ္စာကိုတကာတကာမတွေ့ သိတဲ့အတိုင်း အင်း.... နှိပ်စက်နေတဲ့ကိစ္စ၊ နှိပ်စက်နေတဲ့ကိစ္စ....လို့ သိလုံး တည်းဟူသော မဂ္ဂသစ္စာက ပယ်ပြီး ထားပါတယ်.... (မှန်ပါ့)။

သဘောကျပလား.... (ကျပါတယ်) တကာကြီးလိုင် .... သေသေချာချာ နားထောင်နော်....(မှန်ပါ့)။

သိလုံးကိစ္စက၊ ပယ်လုံးကိစ္စကော သူလုပ်မနေဘူးလား .... (လုပ်နေပါတယ်) သြော်....သမုဒယသစ္စာ ဒီအထဲကြားထိုးနိုင်သေးသလား....(မထိုးနိုင်ပါဘုရား)။

တကာတကာမတွေ့.... သမုဒယသစ္စာ ကြားထိုးလို့ရသေးရှိလား.... (မရပါဘုရား) သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် သမုဒယသစ္စာ ကြားထိုးလို့ မရတာသည်ကားလို့ ဆိုလို့ရှိယင် သြော်.... တို့ ကိစ္စဉာဏ်သည် တကာ တကာမတို့ဘာလုပ်နေတာတုံးလို့မေးတော့ အင်း... ဒါနိရောဓဖြစ်နေတာပဲ... (မှန်ပါ့) တဏှာနိရောဓ ဖြစ်မနေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



တကာတကာမတို့ ဘာနိရောဓ ဖြစ်နေသတုံး.... (တဏှာ နိရောဓဖြစ်ပါတယ်ဘုရား)။

တဏှာနိရောဓဖြစ်နေတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က နှိပ်စက်တတ်တဲ့ ကိစ္စကလေးကို အဖန်ဖန်ကြည့်နေတာက ဘာဝေဒနာကိစ္စ– (မှန်ပါ့) သဘောကျပလား .. (ကျပါပြီ)။

အဖန်ဖန်ကြည့်တာက....(ဘာဝေဒနာကိစ္စပါဘုရား)ဘာဝေဒနာကိစ္စ၊ အဖန်ဖန် ကြည့်ရမှာကိုးဗျ.... (မှန်ပါ့) ဒါက မဂ်တကြိမ်ပေါ်တာ မဟုတ်သေးဘူး၊ ဒါက ဝိပဿနာမဂ်ပဲဖြစ်နေတယ်....(မှန်ပါ့)။

ဘာဝေဒနာကိစ္စနဲ့ အဖန်ဖန် နှိပ်စက်နေပါကလား....ဆိုတဲ့ ဉာဏ်စွာ နှိပ်စက်တိုင်းနှိပ်စက်တိုင်း မောင်နိုင်က အဖန်ဖန်နှိပ်စက်နေပါကလား....လို့ သိအောင်လုပ်ပါ....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

ဝေဒနာကလေးဟာ အဖန်ဖန် မနှိပ်စက်ဘူးလား....(နှိပ်စက်ပါတယ်ဘုရား) တကြိမ်တည်းနှိပ်စက်သလား....,အကြိမ်များစွာပဲလား....(အကြိမ်များစွာပါဘုရား)။

အကြိမ်များစွာ နှိပ်စက်သလောက် ကျုပ်တို့က အကြိမ်များစွာ သိပေးလိုက်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် အကြိမ်များစွာ နှိပ်စက်တာက လဲတဲ့ ဒုက္ခသစ္စာ.... (မှန်ပါ့)အကြိမ်များစွာ သိတာကလဲ သူ့....ဘာဝေဒနာကိစ္စ၊

http://www.dhammadownload.com



သူ့မှာ နဂိုကရှိလို့ အကြိမ်များစွာသိတဲ့ကိစ္စဟာ ဘာဝေတဗ္ဗကိစ္စပဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အကြိမ်များစွာ သိတဲ့ကိစ္စဟာ.... (ဘာဝေတဗ္ဗကိစ္စပါ) ဒါဖြင့် မဂ္ဂသစ္စာ ဘာဝေတဗ္ဗကိစ္စ ရှိရမယ်ဆိုတဲ့ဥစ္စာ တကာတကာမတို့ ဩော်....အကြိမ်များစွာ နှိပ်စက်တာက ဒုက္ခသစ္စာ၊ အကြိမ်များစွာ နှိပ်စက်နေတယ်....လို့ သိတဲ့ဥစ္စာ မဂ္ဂသစ္စာ၏ ဘာဝေတဗ္ဗကိစ္စ....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

အကြိမ်များစွာ နှိပ်စက်နေတာက မည်သူမတာ နှိပ်စက်နေတာက သူ့ကိစ္စ....(မှန်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာကိစ္စကို မဂ္ဂသစ္စာက ပွားများပြီးသကာလ အကြိမ်များစွာသိခြင်းကြောင့် တကာတကာမတို့ ကိလေသာလဲ အကြိမ်များစွာ ချုပ်ရတယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

ကိလေသာသည်....(အကြိမ်များစွာ ချုပ်ရပါတယ်)အကြိမ်များစွာ ချုပ်ရတယ်ဆိုတာ ကျေနပ်ကြပလား....(ကျေနပ်ပါပြီ ဘုရား)။

ဘယ့်နှယ်ကြောင့် အကြိမ်များစွာ ချုပ်ပါလိမ့်မတုံးဆိုတော့ နှိပ်စက်တာ များတာကို မြင်တာများလို့....(မှန်ပါဘုရား) မြင်တာများလို့ ဟိုက ကိလေသာချုပ်တာများတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

နှိပ်စက်တာများတာကို.... (မြင်တာများပါတယ်ဘုရား ) မြင်တာ များလို့.... (ကိလေသာ ချုပ်တာများတယ်ဘုရား)

http://www.dhammadownload.com



ကိလေသာချုပ်တာ များရပါတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

အချုပ်များတော့ကို အချုပ်များတိုင်း များတိုင်း နိရောဓ ကော မများဘူးလား... (များပါတယ်ဘုရား)။

• ဩော်....ဒီလိုလေးချက် တပြိုင်နက်ဖြစ်တဲ့သဘောသည်ကိစ္စ ဉာဏ်ပဲ....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒီလေးချက်တပြိုင်နက်ခင်ဗျားတို့ ခန္ဓာထဲမှာဖြစ်တဲ့သဘော သည် တကာ တကာမတို့ဖြူတုန်းကို ဆေးဆိုးလိုက်တဲ့အတွက် ဘာဝေတဗ္ဗကိစ္စကလဲ နည်းသလား.... (မနည်းပါဘုရား)။

သမုဒယသစ္စာ ပယ်တဲ့ဥစ္စာလဲ သူပွားသလောက် ပယ်နေ တာပဲ....(မှန်ပါ) နိရောဓကလဲ ချုပ်သလောက် နိရောဓဖြစ်နေ တာပဲ....(မှန်ပါ)။

သမုဒယ ချုပ်သလောက် ...(နိရောဓ ဖြစ်ပါတယ်ဘုရား) နိရောဓ အကြိမ်များနေတယ်....ဆိုတာကော သေချာပလား.... (သေချာပါပြီ)။

အဲဒီတော့ ဘယ်မှာ တကာတကာမတို့ နှောင့်ယှက်တဲ့ သဘော ပါသေးသလား....(မပါပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

နှိပ်စက်တဲ့ ကိစ္စကလဲ မေ့ာင်နိုင်....ဘယ်လောက် နှိပ်စက် သတုံးဟော့....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်အောင် နှိပ်စက်တာကို ဒီက ဘုန်းကြီးမေးတဲ့ အတိုင်း တကာတကာမတွေ မရေတွက်နိုင်အောင် သူ့ကိစ္စကို

http://www.dhammadownload.com



ကြည့်ပေး....(မှန်ပါ) ကြည့်ပေးလိုက်တော့ သူက ကြည့်တဲ့ဥစ္စာက ဘာကိစ္စဖြစ်သွားသတုံး....(ပွားများတဲ့ကိစ္စပါဘုရား)။

ဘာဝေတဗ္ဗကိစ္စသွားဖြစ်တယ်၊ ပွားများတဲ့ကိစ္စ သွားဖြစ်တယ် တကာတကာမတို့....(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ပွားတဲ့ကိစ္စများသောကြောင့် နောက်က ကိလေသာချုပ်တဲ့ကိစ္စကော .. နည်းသလား... များသလား (များပါတယ်ဘုရား) ဒီက မဂ်များသလောက် ဟိုမှာ သူမလာရပဲကိုး....(မှန်ပါ) မဂ်များသလောက် ကိလေသာ မလာတာကလဲ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် ကိလေသာမလာတာကလဲ လာချုပ်လား .. မလာချုပ်လားလို့ မေးတဲ့အခါ ဘယ့်နှယ်ဖြေကြမလဲ....(မလာချုပ်ပါဘုရား)။

မလာချုပ်ဆိုလို့ရှိယင် တကာတကာမတို့ ကိလေသာနည်းနည်းမှမပါပဲနဲ့ ချုပ်တာ ဖြစ်လေသောကြောင့် အဲဒါ.... နိရောဓ....(မှန်ပါ)

ကိလေသာနဲ့ စပ်ချုပ်တာလား....ကိလေသာ မလာပဲနဲ့ ချုပ်တာလား....(မလာပဲနဲ့ ချုပ်တာပါဘုရား)။

ဒါဖြင့် အဲဒီမလာပဲနဲ့ ချုပ်တာက နိရောဓ၊ မလာတာက တကာတကာမတို့ ကိလေသာ အကြိမ်များများ မလာတာက ပဟာတဗ္ဗကိစ္စ ...(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

မလာပဲနဲ့ အကြိမ်များများ ချုပ်နေတာက နိရောဓရဲ့ကိစ္စ (မှန်ပါ) နိဿရဏဋ္ဌကိစ္စ....(မှန်ပါ)နိဿရဏဋ္ဌော ထွက်မြောက်

http://www.dhammadownload.com



ကြောင်းဖြစ်၍ကျေးဇူးပြုတော့မယ်(မှန်ပါ့) သဘောကျပလား (ကျပါပြီ) ထွက်မြောက်ကြောင်း ဖြစ်၍ ကျေးဇူးပြုတော့မယ် ဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဒီအချိန်မှာ အခုအောက်ပိုင်းမှာ ထိုင်ပြီး ကြားနေတဲ့အချိန်မှာ ဝေဒနာကလေးက ခန္ဓာထဲကပေါ်တဲ့ ဝေဒနာ .. (မှန်ပါ့) ဝေဒနာက္ခန္ဓာပဲ မဟုတ်ဘူးလား (မှန်ပါ့) သူများပေးတဲ့ခန္ဓာလား....ကိုယ်ရထားတဲ့ ခန္ဓာလား .. (ကိုယ်ရ ထားတဲ့ ခန္ဓာပါဘုရား)။

ကိုယ်ရထားတဲ့ ခန္ဓာက ကျန်ခန္ဓာလေးပါးကို နှိပ်စက်–မနှိပ် စက်....(နှိပ်စက်ပါတယ်ဘုရား) သဘောပါပလား.... (ပါပါပြီ ဘုရား)။

ကျန်ခန္ဓာလေးပါးကို.... (နှိပ်စက်ပါတယ်ဘုရား) နှိပ်စက် နေတယ်ဆိုတော့ ဩော်....သူနှိပ်စက်တတ်သောကြောင့် ဒုက္ခ သစ္စာ....(မှန်ပါ့) သူနှိပ်စက်နေတာကို ကျုပ်တို့က အဖန်ဖန် ကြည့်တာက မဂ္ဂသစ္စာ၏ ဘာဝေတဗ္ဗကိစ္စ... (မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

သူနှိပ်စက်နေခြင်းကြောင့် ကိလေသာကလဲ မလာပဲနဲ့ ချုပ် နေတာက ဩော်.... ဒါ သမုဒယသစ္စာကို ပယ်ရမည့် ကိစ္စကို ကျုပ်တို့က ပယ်ပြီးသားဖြစ်နေတယ် (မှန်ပါ့)။

သူမလာတဲ့အချိန် ကျလို့ ရှိယင် ကိလေသာတွေသည်ကား.... လို့ ဆိုယင် ချုပ်နေတယ်ဟေ့ ....မှတ်ပါး ဒီ့ပြင် ဘာပြောစရာ ရှိသေးသတုံး....(မရှိပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဘဲ့ဘမှ ပြောစရာမရှိတော့ တကျောနိုရောခေါ နိဗ္ဗာန်ကလဲ ပေါ်နေတယ်....(မှန်ပါ့)။

အဲဒီလို တပြိုင်နက် တခါတည်း လေးကိစ္စပေါ်လာအောင် လုပ်တဲ့အလုပ်ဟာ ကိစ္စဉာဏ်၏အလုပ်....(မှန်ပါ့)။

ဒါကို ၃–၄ ခါလောက် အိမ်မှာ တွေးပြီး လုပ်လို့ရှိယင် ခင်ဗျားတို့ သောတာပန် သကဒါဂါမ် အနာဂါမ် ဒီဘဝပါရမီ အလိုက်မဟုတ်ဘူး၊ အလုပ်အလိုက် ဖြစ်ပါလိမ့်မယ်.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

:...၀၀....

တတိယအကြိမ်

- http://www.dhammadownload.com

**ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ**
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( ကိစ္စညာဏ် သခ်ံတင္သသဘော )

# ညအလုပ်ပေးတရားတော်
( ၃၁ - ၆ - ၆၁ )

....oo....

သစ္စာတရား ဆိုတဲ့ဥစ္စာ တကာတကာမတို့ သစ္စာက မှန်ကန်တာ၊ တရားကလဲ မှန်ကန်တာပဲ၊ဒီတရားလောက်မှန်တာမရှိဘူး။

သစ္စာတရားဆိုတာ ဦးဘရှင်းရေ... သစ္စာလဲ မှန်ကန်တာပဲ (မှန်ပါ့)တရားကလဲ တရားတာပဲ....(မှန်ပါ့)မှန်ကန်တဲ့တရားလို့ မောင်နိုင်တို့ မှတ်ရလိမ့်မယ် .. (မှန်ပါ့)။

ဒါဖြင့် မှန်ကန်တဲ့တရားလို့ တကာတကာမတွေက သိထားတော့ ဒီ့ပြင်တရားတွေကောဘုရာ့.... အို.... ဒီ့ပြင်တရားတွေကကွာ....မမှန်ဘူးဟေ့....လို့ ဆိုကောင်းဆိုရတော့မယ်....(မှန်ပါ့) ဘယ့်နှယ်ကြောင့်တုံးဆိုတော့ သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တဲ့.... ဒါန ပြုလုပ်တယ်ဆိုပေမယ့်လဲ ဒါန ကုသိုလ်ကံကနေပြီး သကာလ ကောင်းကျိုးပေးတဲ့ အခါလဲပေး၊ တပါးသောကံက ဝင်ဖြတ်သွားယင်လဲ အကျိုးမပေးတော့ဘူး ... (မှန်ပါ့) မှန်ရဲ့လား....သူတို့... (မမှန်ပါဘုရား)။

http://www.dhammadownload.com



သီလဆောက်တည်လို့ အသက်ရှည်တယ်လို့ ဆိုကြသော်လဲ ကံတွေက ဝင်ဖြတ်လိုက်ယင် မောင်နိုင်....သက်တမ်းစေ့အောင် ဘယ့်နှယ်နေရပါ့မလဲ....(မနေရပါဘုရား)။

ဩော်...ဒါတွေကတော့ဖြင့် သူများအရှုပ်အယှက်ကိုခံနိုင်တဲ့ ခံရတဲ့တရားမျိုးတွေ ဖြစ်နေပါလားဆိုတာ ပေါ်သွားတယ် .... (ပေါ်ပါတယ်ဘုရား)။

သမထတွေ ဘယ်လိုပင် အားထုတ်ပြီးသကာလ ထားကြွား သော်လဲ တကာ တကာမတို့ ကမ္ဘာ ပျက်တွေနဲ့ ကြုံတဲ့အခါ အောက် ပထမဈာန်ဘုံတွေ ပါသွားပြန်တော့ မမှန်တဲ့တရားတွေ ဖြစ်နေတော့ မမှန်သလိုပဲ ပျက်စီးသွားတယ်... (မှန်ပါ့)။

ဒီသစ္စာကတော့ကိုတဲ့ နိရောဓသစ္စာ၊နိရောဓက ဒုက္ခချုပ်တာ သစ္စာကမှန်တယ်၊ ဒုက္ခတွေချုပ်တာ အမှန်ဖြစ်နေတော့ သုခ အမှန်ဟာဖြင့် ဘယ်သူဖျက်လို့မှ မရတော့ဘူး....(မှန်ပါ့)။

ဒုက္ခတော့ ချုပ်တာအမှန်ပဲ....(မှန်ပါ့) သုခအမှန် ကျန်နေ တာ ဘယ်သူဖျက်သို့ ရသတုံး....(မရပါဘုရား)။

အဲဒါကြောင့် တရားတကာ့တရားထဲမှာဖြင့် သူ့ကိုမနာရပဲ နဲ့....သူ့ကို အားမထုတ်ရပဲနဲ့ ကိုပေါ်တို့... ကိုဝတို့.... နိဗ္ဗာန် ရလိမ့်မယ်လို့ ဘယ်တော့မှမအောက်မေ့နဲ့....(မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီ)။

သူ့ကို အားမထုတ်ပဲနဲ့.... (ဘယ်တော့မှ နိဗ္ဗာန် မရနိုင်ပါ ဘုရား) နိဗ္ဗာန် မရနိုင်ဘူးဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါတဲ့။

---

တတိယအကြိမ်

⊰ ဟိန်—း—စိ—း—ေ—ဇ—ာ—င်—ဓ—ဉ် (–၂၆–) ⊱

http://www.dhammadownload.com



အဲဒီတော့ ခင်ဗျားတို့သူ့ကိုဟောမယ်ကြံတော့ ဦးဘရှင်းတို့ မောင်နိုင်တို့ သင်ထားတယ်၊ သူဟာ ဝမ်းထဲမှာ ဖြူစင်နေတဲ့ အခါမှ ဟောရတယ်....(မှန်ပါ)။

ဘယ်အချိန် ဟောရသလဲ.... (ဝမ်းထဲ ဖြူစင်နေတဲ့ အချိန် ဟောရပါတယ်ဘုရား)။

ဖြူစင်နေတဲ့အချိန်မှ ဟောရတယ်၊ဒီ့ပြင်အချိန် သွားဟော လို့ရှိယင် တရားဟာ မစွဲကို မစွဲဘူးတဲ့....(မှန်ပါ)။

အဲဒီတော့ ဖြူစင်နေတဲ့အချိန် ဟောမှသာလျှင် စွဲတယ်ဆို တော့ကို တကာတကာမတို့ကို ဟောမည် ကြံတိုင်း.... ကြံတိုင်း မောင်နိုင် ဖြူစင်အောင်လုပ်ပေးရမယ်....(မှန်ပါ)။

ဖြူစင်အောင် လုပ်ပေးတော့မယ်ဆိုတော့ တကာတကာမ တွေ မှတ်တာပေါ့တဲ့၊ မနေ့က ပဋိစ္စသမုပ္ပါဒ်မှာ တကာတကာမ တွေ တသံသရာလုံးဟာ သစ္စာမသိခဲ့တာ အဝိဇ္ဇာ.... (မှန်ပါ)။

သစ္စာမသိခဲ့တာ....(အဝိဇ္ဇာပါဘုရား) ဩော်....သစ္စာမသိခဲ့ တာ အဝိဇ္ဇာ၊ ဒုက္ခသစ္စာလို့လဲ မသိခဲ့ဘူး၊ လောဘ သမုဒယ သစ္စာ ဒုက္ခဖြစ်ကြောင်းလို့ မသိတာလဲ... (အဝိဇ္ဇာပါဘုရား) ဒုက္ခချုပ်ရာဟာ နိရောဓသစ္စာ နိဗ္ဗာန်ပဲလို့ မသိတာကော .... (အဝိဇ္ဇာပါဘုရား) မသိတာနော်....(မှန်ပါ)။

ဒုက္ခချုပ်ကြောင်း အကျင့်ဟူသရွေ့ဟာလဲ မဂ္ဂသစ္စာလို့မသိ တာကော....(အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် သူသိတာ ပါသေးရဲ့လား....(မပါပါဘုရား) ဒါဖြင့် ဘုန်းကြီးကပဲ သတိပေးပါတယ် တကာတကာမတွေ.... သူ့ကို

http://www.dhammadownload.com



မသိသေးတဲ့ပုဂ္ဂိုလ်ဟာတဲ့ ဒုက္ခေအညာဏ်၊ ဒုက္ခသမုဒယေညာဏ်လို့ ဘုရားဟောကြောင့် မျက်စိဖြင့် ကန်းပဟေ့....ဆိုတဲ့ အစိပ္ပါယ် ပြောရလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

တကာတကာမတို့ သစ္စာမသိယင်ဘာတဲ့.... (မျက်စိကန်း ပါတယ်ဘုရား)။

ဩော်....သစ္စာမသိယင် မျက်စိကန်းတယ်လို့ မှတ်ထားလိုက် စမ်းပါ၊ အဲဒီ့ မျက်စိကန်းသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် အာလောကော ဥဒပါဒိ... ဆိုတဲ့အလင်း မရတော့ဘူး၊ ရသေး ရဲ့လား (မရပါဘုရား)။

မရတော့ သူသည် အမှောင်ထဲမှာပဲ နေရတဲ့ အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ကဲ ...အမှောင်ထဲမှာ နေရတော့ နေရပင် နေရငြားသော်လည်း ပုထုဇဉ် ထိုးစိုက အငြိမ်မနေဘူး၊ လမ်းသွားချင်သေးတယ်.... (မှန်ပါ့)။

မှောင်ထဲမှာပဲ ဘာလုပ်ချင်သေးသတုံး.... (လမ်းသွားချင် ပါသေးတယ်ဘုရား)။

သစ္စာမသိတဲ့ အမှောင်ထဲကျနေတဲ့အထဲမှာ သူကလမ်းသွား ချင်တော့ အေး....နောက်ဘဝ ကောင်းရာကောင်းကြောင်းလုပ် ဦးမှပဲဆိုတဲ့ ပုညာဘိသင်္ခါရ ကုသိုလ်လဲ လုပ်လိုက်ပါတယ်.... (မှန်ပါ့) သားရေး,သမီးရေး,စီးပွားရေးအတွက် ပစ္စည်းတွေရှာ ပြီးသကာလ သီလပျက်ခံပြီးရှာတဲ့ အကုသိုလ် အပုညာဘိသင်္ခါရ တွေကော....မလုပ်လိုက်ဘူးလား....(လုပ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဘယ့်နှယ်ကြောင့်တကာတကာမတွေလုပ်ဖြစ်ပါလိမ့်မတုံး လို့....မေးဖို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

အင်း....ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ လုပ်ဖြစ်ပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ မျက်စိကန်း လမ်းသွားတာဟေ့။

တကာတကာမတို့ ဘာတဲ့တုံး.... (မျက်စိကန်း လမ်းသွားတာပါဘုရား) မျက်စိကန်း လမ်းသွားတယ်၊ သိပ်ကြောက်စရာကောင်းပါသလား....(ကောင်းပါတယ်ဘုရား)။

ကိုဝ....ဘယ်သူသွားတာတုံး(မျက်စိကန်းလမ်းသွားတာပါ) မျက်စိကန်း လမ်းသွားပြီ....(မှန်ပါ့)။

မျက်စိကန်းလမ်းသွားပြီ၊ တကာတကာမတို့ မျက်စိကန်းတာက အဝိဇ္ဇာ၊ လမ်းသွားတာက ကုသိုလ်နဲ့ အကုသိုလ်လုပ်တာ....(မှန်ပါ့)။

ကုသိုလ်လုပ်ပြန်တော့လဲ ဒုက္ခရောက်ကြောင်း ကုသိုလ်ပဲလုပ်တယ်၊ ကုသိုလ် လုပ်ပြန်တော့ကော....(ဒုက္ခရောက်ကြောင်း ကုသိုလ်လုပ်ပါတယ်ဘုရား)။

နောက်ဘဝ လူဖြစ်ချင် နတ်ဖြစ်ချင်ဆိုတဲ့ ကုသိုလ်လုပ်ပြန်တော့ တကာတကာမတို့ လူခန္ဓာ နတ်ခန္ဓာ ပေါ်တယ်ပဲထားလိုက်ပါဦးတော့ သစ္စာအားဖြင့် ဝေဖန်လိုက်တော့ ဒုက္ခသစ္စာပဲ ပေါ်လာတယ်....(မှန်ပါ့)။

**တတိယအကြိမ်**

http://www.dhammadownload.com



ဒါဖြင့် ဒီဥစ္စာ ကန်းတဲ့ပုဂ္ဂိုလ်လုပ်တာလား.... ကောင်းတဲ့ ပုဂ္ဂိုလ်လုပ်တာလား....အကဲခတ်ပါ...(ကန်းတဲ့ပုဂ္ဂိုလ် လုပ်တာ ပါဘုရား)။

ဒါ....မပြောလို့ရှိယင် အားလုံးတကာတကာမတွေ ကိုပေါ် တို့....ကိုဝတို့... မတော်လို့ ပြောနေရတယ်နော်.... (မှန်ပါ့)၊ အလဲ့ကို ပြင်ပေးမည့်သူ မရှိယင် တလဲ့တည်း လဲ့နေတော့မယ်၊ ဆိုတာ ကေန်ပါပဲ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မျက်စိကန်းလမ်းသွားတာ ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

မျက်စိကန်းတာက အဝိဇ္ဇာ၊ ဗယ်ခြေ၊ ညာခြေ လှမ်းတာက ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ.... (မှန်ပါ့) ညာခြေကလဲ လှမ်းလိုက်တာလဲ၊ တကာ တကာမတို့ ဒုက္ခရောက်ကြောင်း. ဗယ်ခြေက လှမ်းလိုက်တာလဲ အပါယ်ရောက်ကြောင်း(မှန်ပါ့) သုဂတိရောက်ကြောင်းလဲ ဒုက္ခရောက်ကြောင်းပါပဲ....(မှန်ပါ့) ဒုဂ္ဂတိ ရောက်ကြောင်းဟာကော.... (ဒုက္ခရောက်ကြောင်းပါ ဘုရား)။

ဒါဖြင့် ဒီအကန်း လမ်းသွားတာဖြင့် တကာတကာမတို့.... ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဒါဖြင့် သွားမိသွားရာ သွားတော့ ကိုပေါ်တို့ ကိုဝတို့ လဲပါရော....လဲတယ်ဆိုတဲ့ဥစ္စာ သင်္ခါရပစ္စယာ ဝိညာဏံ....ဆိုတာ ပဋိသန္ဓေနေရတဲ့ဒုက္ခ ရောက်သွားတယ်....(မှန်ပါ့)။

တစ်ခါသအကြိမ်

http://www.dhammadownload.com



ဘယ်နေရာ လဲသတုံးလို့မေးတဲ့အခါကျတော့ အစာဟောင်း ကျင်ကြီးနဲ့ အစာသစ်ဆိုတဲ့ကြားထဲ အညစ်အကြေး အလယ်မှာ သွားပြီးလဲတယ်.... (မှန်ပါ့)ပဋိသန္ဓေနေတော့ ဒီအထဲနေရတာ ကိုးဗျ....(မှန်ပါ့)။

အစာဟောင်းဆိုတဲ့ ကျင်ကြီးပေါ်မှာ အစာသစ်....ဆိုတဲ့ အပေါ် ကအုပ်ချုပ်ထားတဲ့ကြားထဲမှာသွားလဲတယ်....(မှန်ပါ့) ကောင်းတဲ့နေရာ လဲတာလား.... ဆိုးတဲ့နေရာ လဲတာလား.... (ဆိုးတဲ့နေရာ လဲတာပါဘုရား)။

ဟာ—ဘယ့်နှယ်ကြောင့် မောင်နိုင် ဒီဥစ္စာ အလဲဆိုးရွား ပါလိမ့်မလဲမေးရတော့ လမ်းသွားမိလို့ ဘုရား.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဘယ့်နှယ်ကြောင့် သူဒီလမ်းသွားဖြစ်ပါလိမ့်မတုံး.... ဒီလမ်း သွားဖြစ်ပါလိမ့်မလဲမေးတော့.... (မျက်စိကန်းပြီး သွားလို့ပါ ဘုရား) မျက်စိမမြင်ပဲသွားလို့၊ ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ဩော်....ခင်ဗျားတို့ ကုသိုလ် လုပ်နေတာတွေကို ဘုန်းကြီး များက မြင်ပေးနေတယ်....သစ္စာသိပြီးလုပ်ပါလို့ ပြောနေတာ (မှန်ပါ့)။

အခုတော့ဖြင့် အားလုံးလိုလိုပဲ ဆရာကောင်းနဲ့မတွေ့၊ မျက်စိ ဖွင့်ပေးမည့်လူမတွေ့တော့ စက္ခုံ ဥဒပါဒိဖြစ်အောင် အာလော ကော ဥဒပါဒိဖြစ်အောင် ပညာမျက်လုံး တပ်ပေးမည့်လူကမရှိ၊ ပညာအလင်းရောင် ပေးမည့်လူက မရှိတော့ ခင်ဗျားတို့ပြုတဲ့ ကုသိုလ် ခင်ဗျားတို့ တောင်းတဲ့ဆုတွေဟာ....တဲ့ တကာတကာမ

http://www.dhammadownload.com



တွေ့ မျက်စိကန်းလမ်းသွားလို့ ချော်လဲတဲ့ကိစ္စမှတပါး ဘာမှမရဘူး....(မှန်ပါ့)သိပ်ဆိုးပါကလား (ဆိုးပါတယ်ဘုရား)သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား)။

အင်မတန် အရေးကြီးတယ်ဆိုတာ ကိုဝတို့.... ရိပ်မိပါပြီ....(ရိပ်မိပါပြီဘုရား) နောက်က တကာတကာမတွေ ရိပ်မိကြရဲ့လား....(ရိပ်မိပါတယ်ဘုရား)။

မျက်စိကန်းလမ်းသွားတာနဲ့....ဘာဖြစ်ရသလဲ....(ချော်လဲပါတယ်ဘုရား) ချော်လဲတယ်။

ဒါဖြင့် ချော်....တို့သည်ကား....လို့ ဆိုယင် အဝိဇ္ဇာ တယ်ကြောက်စရာ ကောင်းပါကလား....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

သခ်ါရကော (ကြောက်စရာကောင်းပါတယ်ဘုရား) လမ်းမသွားတတ်ယင်လဲ ဒုက္ခကြီးပါကလား....(မှန်ပါ့)။

အင်း....ချော်လဲတဲ့ကိစ္စကောသက်သာပါ့မလား(မသက်သာပါဘုရား) ကျင်ကြီးကျင်ငယ် ကြားထဲမှာ ချော်လဲရတာ....(မှန်ပါ့)။

ဦးညိုတို့ ဘယ်မှာ ချော်လဲပါလိမ့်.... (ကျင်ကြီးကျင်ငယ်ကြားထဲမှာ ချော်လဲတာပါဘုရား) အင်း....လူ့ဘဝ ပြောတာနော်....(မှန်ပါ့)လူ့ဘဝချော်လဲပုံ ပြောလိုက်ပါတယ်(မှန်ပါ့)။

မောင်နိုင် သိပ်ဆိုးရွားပါကလား....(ဆိုးရွားပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါ ဘယ်နှယ်ကြောင့် ဒီနေရာချော်လဲရပါလိမ့်မတုံး....ဆို တော့ ဘုရား....မျက်စိကန်းဆိုတဲ့ သစ္စာမသိတဲ့၊ အဝိဇ္ဇာ၏ဒဏ် မိပြီးသကာလ သွားချင်သလိုသွားလို့ ကျွမ်းထိုးမှောက်ခုံလဲတာ ဘုရား....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုများ လဲလိုက်ပါလိမ့်.... (ကျွမ်းထိုးမှောက်ခုံ လဲတာ ပါဘုရား)။

နေရာကောင်း လဲသလား....အဆိုးဆုံးနေရာ သွားလဲသလား (အဆိုးဆုံးနေရာသွားလဲပါတယ်ဘုရား)။

ဦးဘရှင်းတို့ အဲဒီက လာခဲ့တာနော်....(မှန်ပါ့)တကာကြီး လှိုင်....အဲဒီက လာခဲ့တာဗျ....(မှန်ပါ့)။

လဲတော့ကို သက်သက်သာသာလားလို့ မေးဖို့လိုလာတယ် (မှန်ပါ့) ဝိညာဏပစ္စယာ နာမရူပံ–ဆိုတော့ တကာတကာမ တို့ လဲတော့ အနာတွေရတယ်....(မှန်ပါ့) ရုပ်နာ, နာမ်နာတွေ ရမလာဘူးလား....(ရလာပါတယ်ဘုရား)။

အင်း .. ရုပ်နာ,နာမ်နာတွေကလဲစဉ်းစားကြည့်ပါ၊ဒုက္ခသစ္စာ မှတပါး ဘာမှမပါပါဘူး.... (မှန်ပါ့) အနာ မရသေးဘူးလား (ရပါပြီ) ဒုက္ခအနာတွေဖြင့် ရပါပြီဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

ကဲ....ဒုက္ခနာတွေရတော့ "နာမရူပ ပစ္စယာ သဠာယတနံ" ဆို တော့ သဠာယတနဆိုတာ ခြောက်ခု၊ အနာခြောက်မျိုး တခါ တည်း တကာတကာမတို့ ပြည်တွေဘာတွေ ထည့်လာတယ်.... (မှန်ပါ့) ငန်းတွေဘာတွေ ပြည်တွေထည့်လာပြီဆိုတာ ကျေနပ် ပလား....(ကျေနပ်ပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



ဪ...သင်္ခါယတနဆိုတာ ကျုပ်တို့မျက်စိ,နား,နှာခေါင်း လျှာ,ကိုယ်,စိတ်ကို ဆိုပါတယ်၊ဒါတွေက ဘာတုံးဆိုတော့ ပြည် ထည့်တဲ့ကွ၊မျက်စိကန်းချောင်လဲတဲ့ အနာရပြီး အနာရရှိမကဘူး ကွ၊ ငန်းတွေ မန်းတွေ ပြည်တွေထည့်ကုန်ပြီကွ၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ဖြစ်စဉ်ဗျာ...(မှန်ပါ့) သစ္စာမသိတဲ့ အဝိဇ္ဇာ၏ စွမ်းရည်သတ္တိပေါ်ပလား.... (ပေါ်ပါပြီ) အင်မတန် မဆိုးဘူး လား (ဆိုးရွားပါတယ်ဘုရား)။

အခု ခင်ဗျားတို့ ဘယ်အထဲမှာ ရောက်နေသတုံးလို့ မေးတဲ့ အခါကျတော့....မျက်စိရှိတော့ တပည့်တော်တို့ကလဲ ကြည့်မိ တယ်ဘုရား ... နားရှိတော့လဲ ထောင်မိတယ်....ဆိုတော့ တကာ တကာမတို့ ဒီနေရာမှာ ဖဿဆိုတဲ့ဥစ္စာသည် မျက်စိနဲ့နားလာလာ ထိခိုက်တဲ့သဘော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ဟာ....ခုနက တကိုယ်လုံး ငန်းတွေ မန်းတွေကြွနေတဲ့ အနာကြီး ဆူးထိုးခံရတယ်.... (မှန်ပါ့) ဖဿ ဟည်းဟူသော ဆူးတွေက သင်္ခါယတနပစ္စယာ ဖဿောကိုး....(မှန်ပါ့)ဖဿတည်းဟူသော ဆူးတွေက တကိုယ်လုံး မထိုးဘူးလား....(ထိုးပါတယ်ဘုရား)။

အံမာလေး လဲချက်ကလဲနာသေး၊ အနာကလဲရ၊ ပြည်တွေ ကလဲထည့်၊ ဆူးချုံထဲမှာလဲသွားပြီး ဆူးမျိုးစုံ အထိုးခံရတယ် ဆိုတော့ ကိုပေါ်....ဘယ့်နှယ်တုံး....သက်သာခွင့် ရသေးလား.... (မရပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် အဆုံးကို ရှုတ်ကြည့် တော့ ဒုက္ခက္ခန္ဓသလို့ မလာဘူးလား.... (လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဘာတဲ့... (ဒုက္ခက္ခန္ဓသာပါဘုရား) ဒုက္ခ အစုကြီးပါကွာလို့ ဆိုတဲ့ဥစ္စာများ ဦးဘရှင်းတို့ ငြင်းဖို့လိုသေးသလား.... (မလိုပါဘုရား)။

မလိုတော့ပါဘူး၊ ဒုက္ခအစုကြီး၊ ရလာတယ်၊ မောင်နိုင်.... (မှန်ပါ့) ဒီ့ပြင်ဘာရသေးသတုံး....(မရပါဘုရား)။

အေး... ဒါ့ကြောင့် ဒီဟာဟောနေရတာ ဘာပါလိမ့်မတုံး ဆို၊ ဒုက္ခသစ္စာမသိတဲ့ဒဏ်ချက်မှာ တို့အတော်နာပါကလားဆိုတဲ့ ဥစ္စာ စိတ်ထဲမှာ ကိလေသာဖြူစင်အောင်လို့ သစ္စာသိချင်တဲ့ စိတ်တွေ များများကြီးပေါ်အောင်....လို့ ဟောနေပါတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဦးမူတို့ နားလည်တယ်နော် (နားလည်ပါတယ်ဘုရား)။

အေး သေသေချာချာ နားထောင်ပါ၊အင်း—ဒီဆူးထိုးလိုက်တဲ့အခါကျတော့ ကိုဝရေ....ဝေဒနာမှ ရပါ့မလား (ရပါတယ်ဘုရား) နာလိုက်တာ၊ ကျင်လိုက်တာ၊ ကိုက်လိုက်တာ၊ ခဲလိုက်တာ ဆိုတဲ့ အနာပေါ် တုတ်ကျတာကိုးဗျ.... (မှန်ပါ့) အနာပေါ်တုတ်ကျတယ်ဆိုတော့ ဝေဒနာမှ လာပါ့မလား....(လာပါတယ်ဘုရား)။

အဲ့ဒါကြောင့် အနာဆူးထိုးမိတဲ့အခါကျတော့ ဖဿပစ္စယာ (ဝေဒနာပါဘုရား)။

တကာတကာမတို့ ဝေဒနာရောက်ပြီ ခင်ဗျားတို့....(မှန်ပါ့) ဒါကြောင့် တနေ့လုံးမှာ ခင်ဗျားတို့ ဝေဒနာနဲ့ ကင်းပြီးနေတဲ့ အချိန်များ ပါကြရဲ့လား....(မပါပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



မျက်လုံးပေါက်က ဥပေက္ခာဝေဒနာပေါ်လိုက်၊ နားပေါက်က ဥပေက္ခာဝေဒနာပေါ်လိုက်၊ ကိုယ်ပေါက်ကနေ ဒုက္ခဝေဒနာတွေပေါ်လိုက်၊ အိုက်လိုက်တာ၊ ပူလိုက်တာနဲ့...ဟင်၊ ဝမ်းထဲကနေ ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာတွေပေါ်လိုက်၊ လေထိုးလိုက် ရင်ကျပ်လိုက်နဲ့ ဝေဒနာတွေက တကာ တကာမတွေ တကိုယ်လုံးဟာ ဘာခန္ဓာတဲ့တုံး... (ဝေဒနာက္ခန္ဓာပါဘုရား) ဝေဒနာက္ခန္ဓာတဲ့။

တကာတကာမတို့... ဘာခန္ဓာတဲ့တုံး.... (ဝေဒနာက္ခန္ဓာပါဘုရား)။

ဘုရားကကို ဟောချင်လို့ ဟောရတာလား....ခင်ဗျားတို့အရှိကြည့်ပြောတာလား.... (အရှိကြည့်ပြောတာပါဘုရား) ဟာ....ကိုပေါ်တို့ .. ကိုဝတို့.... ခင်ဗျားတို့ခန္ဓာ ဘာခန္ဓာ ပါလိမ့်.... (ဝေဒနာက္ခန္ဓာပါဘုရား)။

ဝေဒနာ ဘယ်နှစ်မျိုးရှိသတုံးလို့ မေးလို့ရှိယင်ဖြင့် အများကြီး မျိုးစုံရှိတယ်လို့ ဖြေကြပါ...(မှန်ပါ)။

ဝေဒနာ ဘယ်နှစ်မျိုး ရှိပါလိမ့်.... ( မျိုးစုံ ရှိပါတယ်ဘုရား)မျိုးစုံရှိပါတယ်ဆိုတာ တကာတကာမတွေ မငြင်းမဆန်နဲ့ မှန်ပါတယ်....ဆိုတာဖြင့် ပြောရတော့မယ်.... (မှန်ပါ) အဲဒီ....မျက်စိကန်း ဝေဒနာရပြီ (မှန်ပါ)။

တကာတကာမတို့ ဘာတဲ့တုံး....(မျက်စိကန်းဝေဒနာရပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



'မျက်စိကန်းဝေဒနာ ရပါပေါ့ဆိုတာဖြင့် သေချာပြီ....(သေချာပါပြီဘုရား) လဲချက်က နာသောကြောင့် ပြည်တွေထည့်၊ ပြည်တွေထည့်လို့ ဆူးတွေကထိုး၊ ဆူးတွေကထိုးလို့ ဝေဒနာရ တော့ ဒီ....မျက်စိကန်းသည်ကားလို့ဆိုယင်ဖြင့် အကန်းအဖြစ်နဲ့ပဲ ဝေဒနာမခံနိုင်တာနဲ့ပဲ ကိုဝ.... ဆေးရှာဦးမှာပဲ (မှန်ပါ့) သို့သော် အကန်းရှာတဲ့ဆေးဟာဖြင့် ဆေးကောင်းတော့ရမယ် မဟုတ်ပါဘူး....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး.... (ဆေးကောင်းရမှာမဟုတ်ပါဘုရား)ဘယ့်နှယ်ကြောင့်တုံး....(အကန်းကရှာတာပါဘုရား) အကန်းကရှာတာ၊ တကာတကာမတွေရ....နောက်က တကာတကာမတွေ ဘယ်သူက ဆေးရှာတာတုံး....(အကန်းကရှာတာပါဘုရား)။

အင်း.... ဝေဒနာပစ္စယာ တဏှာဆိုတာ ဆေးရှာတာ.... သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....ဝေဒနာတွေက ခက်လှချည်ရဲ့....အိုဘေး, နာဘေး, သေဘေး ဝေဒနာတွေကလဲများ၊ ၉၆–ပါး ဝေဒနာတွေကလဲ များလို့ ဆေးတော့ရှာဦးမှပဲ ဆိုပြန်တော့လဲ ရှာတော့ရှာကြတာပဲ၊ ဒါနပြုရှာ၊ သီလပြုရှာ၊ ရှာပင်ရှာငြားသော်လဲ နောက် ဘဝရဖို့ ရှာပြန်တော့ ကိုဝရေ....သွားပြန်ပြီ... (မှန်ပါ့) ဆေး ရှာတာ ဘယ့်နှယ်တုံး(လွဲသွားပါတယ်ဘုရား)တကာကြီးလှိုင်.... စဉ်းစားစမ်း....(လွဲပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဆေးရှာပုံ တည့်ရဲ့လား.... (မတည့်ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဪ....ဒါ ခင်ဗျားတို့ သစ္စာမသိတဲ့အတွက်ဟာကြည့်စမ်း၊ လဲလိုက်ကဲ့လိုက်ရတာလဲ မသက်သာ(မှန်ပါ့)လဲလိုက်ကဲ့လိုက်လို့ အနာရပြန်တော့လဲ ဆေးရှာချင်တဲ့စိတ်.... ဆိုတဲ့ ဝေဒနာ ပစ္စယာ တဏှာဆိုတာက ဟိုဟာကြိုက် ဒီဟာကြိုက် မောင်နိုင်.... ဆေးရှာတဲ့သဘော....(မှန်ပါ)။

ရှာပြန်တော့လဲ အကောင်းက ရှာတာလား.... အကန်းက ရှာတာလား.. ဝေဖန်ပါဦး.... (အကန်းက ရှာတာပါဘုရား) ဆေးကောင်းတော့ တွေ့မယ်မဟုတ်ပါဘူး.... (မှန်ပါ့) တကာ တကာမတို့ ဘယ်လိုပါလိမ့်.... (ဆေးကောင်းတော့ တွေ့မယ် မဟုတ်ပါဘုရား)။

ကြည့်စမ်း တကာတကာမတို့ ငါတို့နောက်တုန်းက ဘယ်လို နေခဲ့ရတဲ့ကိစ္စတွေနဲ့ လဲ့ခဲ့ကဲ့ခဲ့လို့ အကန်းဆေးရှာပြီးသကာလ လာခဲ့ရတဲ့ကိစ္စတွေနဲ့ အချိန်ကုန်ခဲ့ရတယ်ဆိုတာဖြင့် မငြင်းမဆန် နဲ့ မောင်နိုင်....(မှန်ပါ့) သဘောပါကြလား.... (ပါပါတယ်) တယ်လဲ ဆိုးပါလား....(ဆိုးပါတယ်ဘုရား)။

တကာတကာမတို့ ဒီတခါ ဆရာဘုန်းကြီးက သစ္စာမျက်လုံး ဖွင့်ပေးလို့မှ ခင်ဗျားတို့ ဆေးကောင်းအစစ်ကို မရှာတတ်တော့ ဘူး....ဆိုလို့ရှိယင်ဖြင့် အကန်းရေ သွားပေတော့လို့ ဆိုရုံမှ တပါး ဘာမှပြောစရာ မလိုပါဘူး.. (မလိုပါဘုရား) သိပ်နစ် နာသွားတယ်နော်....(မှန်ပါ့)။

တကာတကာမတို့သိပ်နစ်နာသွားမယ်ဆိုတာပေါ်ကြပလား (ပေါ်ပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါကြောင့် ဒီတရားကို လက်မလွှတ်စေနဲ့ မျက်လုံးဖွင့်ပေးတဲ့ ဆရာတွေနဲ့တွေ့တုန်းခင်ဗျားတို့....အကောင်းရှာရှာလို့ ရှိယင်ဖြင့် ကိုယ်နဲ့ တည့်တဲ့ဆေး, သင့်မြတ်တဲ့ဆေးဆိုတာ အအို, အနာ အသေလွှတ်တဲ့ဆေးဆိုတာ တွေ့ဦးမယ်....(မှန်ပါ) အကောင်းရှာ ရှာလို့ရှိယင်ဖြင့် ဘယ်နည်းနဲ့မှ မရပါဘူး....(မရပါဘုရား)သိပ် ကြောက်စရာ ကောင်းပါကလား (ကောင်းပါတယ်ဘုရား)။

တသံသရာလုံး တပည့်တော်တို့ဘယ်လိုနေခဲ့လို့ ဘယ်လိုထိုင် ခဲ့ပြီး ဘယ်လိုများ ခရီးသွားခဲ့ပါလိမ့်မတုံးမေးတော့ကွာ.... ခုန က နောက်က ပြောခဲ့တဲ့အတိုင်းပါပဲကွာ.... အကန်းလမ်းသွား ချော်လဲ အနာရပေါ့၊ ပြည်ထွက်ကွာ ဆူးထိုးခံရကွာ....ဝေဒနာ မျိုးစုံလာ။

ဝေဒနာကုချင်လို့ ဆေးရှာပြန်တော့လဲ အကန်းကရှာတာ ဖြစ်သောကြောင့် ခုနက လူ့ပြည်နတ်ပြည်ပဲ ရှာပြန်တယ်.... (မှန်ပါ) ကိုဝ....နိဗ္ဗာန်ရှာရဲ့လား....(မရှာပါဘုရား)။

မရှာတော့ အရှာက ဘယ့်နှယ်နေသတုံး (လွဲပါတယ် ဘုရား)။

နောက်က တကာတကာမတွေ့ အရှာကဖြင့် လွဲချက် ပြင်း ထန်လှချည်လား.... (မှန်ပါ) မဆိုထိုက်ဘူးလား.... (ဆိုထိုက် ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒီလောက်ထိအောင် နားလည်ထားမှ ဦးဘရှင်း၊ ဩော်....ဒုက္ခကုန္ဒဿဆိုတာ ဟုတ်တယ်ဟေ့ (မှန်ပါ ဘုရား)။

ဘဂိယအကြိမ်

http://www.dhammadownload.com



ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိ....ဆိုတာ မောင်နိုင်ဟုတ်ပြီ (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အင်မတန် အရေးကြီးပါတယ်ဆိုတာ သိလုံးမှာ ခင်ဗျားတို့ သန္တာန် ရှိပင်ရှိငြားသော်လဲ ကလေးအနာပေါက်သလို ဖြစ်နေတော့ မအောက မြင်မှသာလျှင် နင့်မှာ ဘာဖြစ်နေတာတုံး .... ကျွန်တော် မသိပါဘူးဆိုတဲ့အသွားမျိုး ခင်ဗျားတို့က ဖြစ်နေတယ် (မှန်ပါ့)။

မအေ—ဖအေနဲ့တူတဲ့ ဆရာသမားက ဟောဒီအနာကြီး နင့် အနာ သက်သာလှမယ် မဟုတ်ဘူးဆိုတာ ထုတ်ဖော် ပြောနေတာ (မှန်ပါ့)။

ဒါတောင် ခင်ဗျားတို့က ဆေးအရှာ လွဲမှာစိုးလို့ ရှာနည်း နိဿရည်းကို မောင်နိုင် ပြောရဦးမှာ....(မှန်ပါ့)သဘော ပါပလား .. (ပါပါပြီ)။

တကာကြီးလှိုင်ရေ... အင်မတန် အရေးကြီးတဲ့တရားဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)ပေါ်ပြီ၊ ပေါ်ကြပြီ.... ပေါ်ကြပြီ နော်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဆေးရှာတာကလဲ ဝေဒနာ ရောက်တာနဲ့ တကာတကာမတို့ ဝေဒနာပစ္စယာ... (တဏှာပါဘုရား)။

ဟာ .. မောင်နိုင် တဏှာက ဘာလုပ်တာတဲ့ (ဆေးရှာတာ ပါဘုရား) ဆေးရှာတယ်တဲ့၊ ကျုပ်ဖြင့် အနာမျိုးစုံပေါက်လာပြီ၊ မျက်စိကန်းက ညည်းတယ်....(မှန်ပါ့)၊

---

တတိယအကြိမ်

http://www.dhammadownload.com



မျက်စိကန်းက ဘာတဲ့.... (ညည်းပါတယ်ဘုရား) ကျုပ်မှာ အနာမျိုးစုံ ပေါက်နေလို့ ဆေးရချင်လိုက်တာလို့ ဦးဘရှင်း— ရှာပြန်တယ်.... (မှန်ပါ့)။

ရှာပြန်တော့လဲတဲ့ တကာတကာမတို့ လူ့ပြည်မှာ လူချမ်းသာဆိုတာ ပြောသံကြားဖူးတယ်၊ အဲဒါ ဆုတောင်းမှ ထင်ပါရဲ့ ဆိုတော့ ကိုဝ....သွားပြီ....(မှန်ပါ့)။

ဘာဖြစ်လို့ ဒီလောက်တောင် လူ့ပြည် ဆုတောင်းပါလိမ့် မတုံး....မေးတဲ့အခါကျတော့ ကန်းလို့... (မှန်ပါ့) ဆေးရှာ လိုက်တာ ဘယ့်နှယ်တုံး... ဒုက္ခတွေတော့မယ်....(မှန်ပါ့)

ဆေးရှာလိုက်တာ သုခရမှာလား....ဒုက္ခရမှာလား.... (ဒုက္ခ ရမှာပါဘုရား)။။

လွန်လှချည်လား....တကာတကာမတို့၊ နဂိုကလဲ မှားချက်ကို ပြင်ထန်တဲ့အထဲမှာ ထပ်မှားပြန်ပြီဆိုလို့ ရှိယင် တကာတကာမ တို့ ညည်းနိုင်ဖို့ရှိသေးသလား .. (မရှိပါဘုရား) အတော်ဆိုးပါ တယ်.... (ဆိုးပါတယ်ဘုရား)။

ဒါကြောင့် အားလုံးပဲ မိဘညာတကာ ဆွေမျိုးမတော်ဘူး သည် မည်သည်မရှိတော့ လမ်းကော းလမ်းမှန်ကြီး ပြနေတယ် သစ္စာမျက်လုံး တပ်ပေးတော့မယ်ဆိုတော့....ကိုယ်လာခဲ့တာတွေ ကိုယ့်အရုပ်ဆိုး ကိုယ်သံဝေဂဉာဏ်တွေနဲ့ ရပြီးနေလို့ ဝမ်းထဲဖြူ စင်နေတော့မှ ဒီနေ့ ကိစ္စဉာဏ်ကိုဟောမှာ....(မှန်ပါ့)။

အခုဟာက ဝမ်းထဲဖြူအောင် လုပ်နေတာ... (မှန်ပါ့)ကိုယ့် အဖြစ်ကဖြင့် တကယ်သံဝေဂ ရစရာကြီးပါပဲ၊ တကယ့်ကိုပဲ

http://www.dhammadownload.com



မလိမ်မာမှုကဖြင့် အလွန်ကိုပဲ ကြီးကျယ်ခဲ့ပါလားဆိုတာ ကိုဝတို့....မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား) ကိုယ့်အဖြစ်ဆိုး ကိုယ်သိပြီနော်....(မှန်ပါ)။

ကြည့်စမ်း မောင်နိုင်ရ ဝေဒနာရတော့ ဘာလုပ်သတဲ့ကွာ (ဆေးရှာပါတယ်ဘုရား)။

ဆေးရှာတော့လဲ.... ဆေးရချင်တဲ့ စိတ်ကလေး ပေါ်တော့ တခါတည်း ဝေဒနာပစ္စယာတဏှာ....ဆိုတဲ့ဥစ္စာက တကာတကာ မတို့.... တဲ့ ဆေးသောက်တာပါပဲ.... (မှန်ပါ) ဘာသောက်မိ သတုံး....ဆိုတော့ လူချမ်းသာ, နတ်ချမ်းသာ သွားသောက်မိတယ် (မှန်ပါ)။

မောင်နိုင် ... လွဲကုန်ပြီ.... (လွဲပါတယ်ဘုရား) နောက်က တကာတကာမတွေ....(လွဲပါတယ်ဘုရား)။

အနာရတာနဲ့ ဆေးသောက်လိုက်ပြန်တော့လဲ သူများပြော သံကြား လူချမ်းသာ၊ သူများပြောသံကြား နတ်ချမ်းသာနဲ့ပဲ ဦးဘရှင်း လမ်းဆုံးသွားတယ်....(မှန်ပါ)။

ဘယ့်နှယ်ကြောင့်တုံး.... လို့ မောင်နိုင် မေးဖို့မလိုတော့ဘူး (မလိုတော့ပါဘုရား) အကန်းဘုရာ့.... ဒါပဲ အဖြေထွက်ဖို့ရှိ တယ်....(မှန်ပါ)။

ဘယ်လိုဖြေကြပါ့မယ်.... (အကန်းပါဘုရား) အကန်းဖဲ့ဆို တာမှတပါး ဒီပြင် ဘယ်သူ့အတွက် ကဲ့ရဲ့စရာရှိသေးသတုံး..., (မရှိပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကဲ....ကိုဝတို့....ကိုပေါ်တို့ ဘယ်လောက်ဆိုးသတုံး....(ဆိုးပါတယ်ဘုရား) ခင်ဗျားတို့ ရှေးကဖြစ်စဉ် ပေါ်ကြပလား....(ပေါ်ပါပြီ) ရှေးတုံးက တပည့်တော်တို့ ဘယ်လိုစကြဝတေး မန္တာတ်မင်းတွေများ ဖြစ်ခဲ့သလားဘုရား....အဲဒါတော့ မပြောတတ်ဘူးကွ....အကန်းလမ်းသွားလို့ ဆေးမှားတာတွေတော့ဖြင့် တပုံကြီးပဲဟေ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အကန်းလမ်းသွားလို့ ဆေးမှားတာတွေဖြင့်.... (တပုံကြီးပါဘုရား) တပုံကြီးပဲဆိုတာ ငြင်းဖို့လိုသေးသလား (မလိုပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်တခုလုံးကိုပြောလာပါတယ် တကာတကာမတို့ အခုဆေးသောက်မိပြန်တယ်၊ သောက်မိပြန်တော့ တကာတကာမတို့ ခုနက ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဆိုပြီးသကာလ အဲဒီဆေးကိုလဲ ဆွဲယူပြီးသကာလ လိမ်းလိုက်ပြန်တယ်၊ လိမ်းလိုက်ပြန်တော့ ဒီ.... ကမ္မဘဝ ပစ္စယာဆိုတော့ ဇာတိပြန်လာတယ်....(မှန်ပါ့)။

ကြည့်စမ်း ကမ္မဘဝတည်းဟူသော ဆေးကို သုတ်လိမ်းလိုက်တာနဲ့ ဦးဘရှင်း....နောက်အနာပြန်ပေါ်တယ်....(ပေါ်ပါတယ်ဘုရား) နဂိုက အနာပျောက်သလား၊ အနာသစ် ထပ်လာသလား ...(အနာသစ် ထပ်လာပါတယ်ဘုရား)။

ဟာ.... တကာ တကာမတို့ ဘယ့်နှယ်ကြောင့် နဂိုအနာမပျောက်ပဲနဲ့ အနာသစ်ပဲ ထပ်ရောက်ပါလိမ့်မတုံး.... မေးတဲ့အခါကျတော့ ဘယ့်နှယ်ဖြေကြမလဲ... (ကန်းလို့ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီအကန်းကို မလျှော့ပါနဲ့.... (မှန်ပါ့) အကန်းမလျှော့ပါနဲ့ ဆိုတာ သစ္စာမသိသေးသရွေ့ ဦးဘရှင်း .. ဘာတဲ့(ကန်းပါတယ် ဘုရား) ဒါဖြင့် မဟောသင့်ဘူးလား.... (ဟောသင့်ပါတယ် ဘုရား)။

ဒီလိုကော တကာတကာမတွေကို ဘုန်းကြီးများက ကိုယ် တတ်သလောက် ကိုယ်သိတာတွေကို ကိုဝတ္တိလူစု ကိုပေါ်တို့လူစု တွေ ပစ်ထားမယ် .... ဆိုလို့ရှိယင် ဒီအကန်းလမ်းသွားပဲသွား နေမှာပဲ .. (မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်လိုများ သွားမယ်ထင် ကြသလဲ....(အကန်းလမ်းသွားမှာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က အကန်းလမ်းသွားပြင်ပေးနေ တာကို မလဲမချော်ရအောင်လို့ အနာသစ် နောက်ထပ်မရ အောင်လို့ ပြင်ပေးနေတာကို ခင်ဗျားတို့က ချော်....အချိန်က မရလို့ တရားမနာလိုက်ရဘူးလို့ ခင်ဗျားတို့က ကိုယ်လဲကွဲနေ တဲ့ ဒုက္ခကြီးကိုယ်မသိတော့ တရားနာရမှာ ပျင်းသလိုလို အား ထုတ်ရမှာ ပျင်းသလိုလို နာရမှာ ခက်သလိုလို ဦးဘရှင်း....ဖြစ် တတ်သေးတယ်....(မှန်ပါ့)။

အကန်းလမ်းသွား ချော်လဲတာ သူမသိတော့ ကိုယ့်ဟာ ကိုယ်ဟုတ်တယ်.... (မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ် ဘုရား)။

ခင်ဗျားတို့ဖြစ်စဉ်က မျောက်အနာရသလို ဖြစ်နေတယ်.... (မှန်ပါ့)မျောက်အနာရတော့ကို ပျောက်အောင် ကုရသလား....

http://www.dhammadownload.com



ဖဲ့နေသလား....လို့မေးယင်....(ဖဲ့နေပါတယ်ဘုရား) ဒီလိုဖြစ်နေတယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

မျှောက်အနာရတဲ့အခါကျတော့ အနာရတဲ့ မျှောက်သည် တကာတကာမတို့ ပျောက်ခြင်းငှာလုပ်နေသလား.... အနာ ကြီးပွားရေး ကြိုးစားနေသလား....(အနာကြီးပွားရေး ကြိုးစားနေပါတယ်ဘုရား)။

ဒီမှာ ဆရာကောင်းနဲ့သာမတွေ့ယင် ခင်ဗျားတို့ သေသေချာချာမှတ်ပါ၊ အနာကြီးပွားရေးမှတပါး....ဘာမှ မလုပ်တတ်ဘူး (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ကိုယ်တိုင် စဉ်းစားကြည့်ပါ....တဲ့ဘုရားသွားကြတယ်၊ ကျောင်းတက်ကြတယ်.... ဆိုငြားသော်လဲ သစ္စာမသိပဲနဲ့ တက်နေတဲ့ပုဂ္ဂိုလ်၏ ဘုရားရှိခိုးသံနဲ့ သူကြည်ညိုသံနဲ့ သူ့ပါးစပ်က ထွက်တဲ့အသံတွေဟာ အနာရှာနေတာများတယ်....(မှန်ပါ့)မများဘူးလား....(များပါတယ်ဘုရား)။

ဘာတွေ များပါလိမ့်.... (အနာရှာနေတာ များပါတယ်ဘုရား)။

အနာရှာနေတာ များတယ်....ဆိုတဲ့ဥစ္စာ ဩြော်.... အနာရှိလျက်နဲ့ အနာရှာတာဆိုတော့ ခင်ဗျားတို့မွေးထားတဲ့ ကလေးကလေး ဒိုင်းဒိုင်းပြေးသွားတဲ့အရွယ် ၃–၄ နှစ်အရွယ်မှာ ပြေးတိုင်းလဲလို့ ဒူးမှာလဲအနာမပျောက်သေးဘူး....(မှန်ပါ့)ဒီအထဲကနေပြီး သူက နောက်ထပ် ပြေးချင်သေးတယ်ဆိုတော့ ဒီကလေးကို ဘယ်လိုဆိုကြမယ်....အနာရှိလျက်နဲ့ အနာရှာပြန်ပြီ (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အနာရှိလျက်နဲ့.... (အနာရှာပါတယ်) ခင်ဗျားတို့လဲ ယခု ခန္ဓာနာကြီး မပျောက်ခင်က နောက်ခန္ဓာနာကြီးကို ဆုတောင်း ယူတာ ကလေးမိုက်....မိုက်နေတယ်....(မှန်ပါ)။

ကိုထွန်းလှိုင်.... ရိပ်မိရဲ့လား.... (ရိပ်မိပါတယ်) ဘာမိုက် မိုက်နေကြသလဲ....(ခလေးမိုက် မိုက်နေကြပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ ဆံပင်ဖြူတာနဲ့ ခင်ဗျားတို့ သွားကျိုး တာကို လူကြီးလို့.... ကိုဝ.... ဆိုလိုက်ရမှာလား.... ခလေးမိုက် မိုက်တုန်းပဲလားလို့ ဆိုရမှာလား.... (ခလေးမိုက် မိုက်တုန်း ပဲလို့ ဆိုရမှာပါဘုရား)။

ဒါ....မနာပါနဲ့ တကာတကာမတွေ.... (မှန်ပါ) ကိုယ့်ဖြစ် စဉ် ဒီအတိုင်းပါ....(မှန်ပါ)။

ဦးတကလေး.... (ကိုယ့်ဖြစ်စဉ် ဒီအတိုင်းပါဘုရား) ကိုယ့် ဖြစ်စဉ် ဒီအတိုင်းပဲဆိုတာ ကောင်းကောင်း ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

အင်း....ခင်ဗျားတို့ ဒီဆရာကောင်း သမားကောင်းနဲ့ မတွေ့ တော့ပါဘူး....ဆိုလို့ရှိယင် မောင်နိုင်... အနာရှိလျက်နဲ့ဒီကလေး အနာရှာပြန်ပလား....ဆိုတဲ့ မြည်လုံး တွန်လုံးတွေ အမေမိဘက ပြောသလို ခင်ဗျားတို့မှာ အနာရှိလျက်နဲ့ အနာရှာနေတယ်.... (မှန်ပါ)။

အင်း....ဒီဘဝတော့ကွာ....တွင်းကလဲ အကျိုးမပေးဘူး.... အရောင်းအဝယ်ကလဲ နေရာမကျဘူးကွ....နောက်ဘဝချမ်းသာ အောင်တော့ လုပ်မှပဲဆိုပြီး ဘဝပါလာကတည်းက ဇာတိ ပါတယ်....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



နောက်ဘဝ ချမ်းသာအောင် လုပ်ယင် ဇာတိပါ....မပါ....(ပါပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝ ဆင်းရဲလက်စမသတ်ခင်ကပဲ ဟိုဘဝဆင်းရဲကို နှုတ်ဆက်ထားတဲ့ အဓိပ္ပါယ်....(မှန်ပါ့)။

ကိုဝ....လွန်သွားပြီ....(မှန်ပါ့)မလွန်သေးဘူးလား (လွန်ပါပြီဘုရား) ခုနက အနာဂ္ဂရှိလျက်နဲ့ ဘာတုံး....(အနာဂ္ဂရှာပါတယ်ဘုရား)။

အနာဂ္ဂရှိလျက်နဲ့ အနာဂ္ဂရှာတဲ့ အဓိပ္ပါယ်ဟာ ချေြာ်....တို့သည်ကားလို့ဆိုယင် မသိတာ ပြင်းထန်လှချည်လား....ဆိုတော့မှ လက်သည် ဘယ်သူပါလိမ့်မတုံး....လို့ ဦးဘရှင်းက ရှာစမ်း....(အဝိဇ္ဇာပါဘုရား)။

ကိုင်း....ပေါ်ကြပလား.... (ပေါ်ပါပြီ) တကာတကာမတို့ ဒီအဝိဇ္ဇာက ဝိဇ္ဇာဖြင်အောင် လုပ်ပေးမည့် ဆရာသမားနဲ့လဲ မတွေ့ဘူး၊ ကိုယ်ကလဲ မလုပ်ချင်ဘူး....ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ တခါတလေလဲ အကန်းလမ်းသွားလို့ အပါယ် ရောက်မယ်....(မှန်ပါ့) တခါတလေ.... အကန်းလမ်းသွားလို့ သူများပါးစပ်ထဲ လမ်းဆုံးမယ်....(မှန်ပါ့)။

ကြွက်ကလေး ဖြစ်တဲ့ဘဝကျတော့ ကြောင်ရှိရာသွားမိလို့ ကြောင်ပါးစပ်ထဲ လမ်းဆုံးတယ်....(မှန်ပါ့) မဆုံးပေဘူးလား (ဆုံးပါတယ်) အကန်းတွေ လမ်းသွားနေတာကိုး....(မှန်ပါ့)။

အင်း....နတ်ပြည်မှာ အိုဘေး၊ သေဘေး၊ နာဘေးတွေကရှိပါလျက်သားနဲ့ ကိုဝ....အဲဒီသွားတဲ့ပုဂ္ဂိုလ်လဲ အကန်းလမ်းသွားပဲ (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ဟာ....

http://www.dhammadownload.com



ဖြုတ်ပြီးသွားပါဦးမယ်ဆိုပြီး သွားလိုက်ပြန်တော့လဲ ဘာ သွားတာတုံး.... (အကန်းလမ်းသွားတာပါဘုရား) အကန်း လမ်းသွားချည်းပဲဆိုတာ ကျေနပ်ကြပလား (ကျေနပ်ပါပြီ ဘုရား)။

အဲဒါကို ယနေ့ တကာတကာမတို့ သစ္စာဉာဏ်၊ကိစ္စဉာဏ်မရ ရအောင်ဟောရမှာ အင်မတန်မှ ခက်ခဲတဲ့အဓိပ္ပါယ်ကို ပြောရ မှာ နည်းနည်းကန်းလာတဲ့ မျက်လုံးလား၊ အကန်းတာရှည် ကြီးဗျ....(မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုဆိုကြမယ်.... (အကန်းတာရှည် ကြီးပါဘုရား) နည်းနည်းနောနော ကန်းလာတာလား အကန်း တာရှည်ကြီးလား....(အကန်းတာရှည်ကြီးပါဘုရား)။

အကန်းတာရှည်ကြီး ဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့.... တော်တော် ကုရလိမ့်မယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက် ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အခုအချိန်မှာတော့ဖြင့် ခင်ဗျားတို့ကိုက အင်း....ဒီအကန်းပျောက်ချင်တဲ့ စိတ္တုပ္ပါဒ်နဲ့ လာကြတဲ့အတွက် ကိုယ့်ကိုယ်က ကန်းမှန်းသိတဲ့ ပုဂ္ဂိုလ်မို့ ဆေးရှာလာကြတာမို့ တော်ပါသေးရဲ့....(မှန်ပါ့)။

ဒါ....ဆေးရှာလာကြတာပဲ....(မှန်ပါ့) အခု ဘုန်းကြီးဆီ တရားနာလာကြတာ ကို၀....ဘာလုပ်တာလဲ.... (ဆေးရှာလာ တာပါဘုရား)။

ဒါ...တော်သေးတယ်နော်....(မှန်ပါ့)တရားလဲမနာ အားလဲ မထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ကဲ....မောင်နိုင် ဦးဘရှင်းတို့က

http://www.dhammadownload.com



ဆုံးဖြတ်ချက်ချလိုက်တာပေါ့၊အကန်းဟာကွာ၊ ကန်းမှန်းမသိလို့ ဆေးတောင် မရှာတော့ပါဘူးဟေ့....(မှန်ပါ့)ဖြစ်ချင်သလိုဖြစ် ပစေဆိုတဲ့အမိပ္ပါယ် သူ့မှာ အကုန်မရောက်ဘူးလား (ရောက် ပါတယ်ဘုရား)။

ကဲ....ဘယ်လောက်ဆိုးသွားသတုံး(ဆိုးသွားပါတယ်ဘုရား) တကာကြီးလှိုင်....ပေါ်ပလားဗျာ....(ပေါ်ပါပြီဘုရား)အေး.... ဒါကြောင့် တကာတကာမတို့ ခင်ဗျားတို့ ဆေးရှာတဲ့အမိပ္ပါယ် ကလေးဟာ အကု လွယ်သေးတယ်....ဆိုတဲ့ဥစ္စာ သက်ရောက် ပါတယ်....(မှန်ပါ့)။

ဆေးရှာလာတာသည်ကား....လို့ ဆိုယင် ရှာတဲ့ပုဂ္ဂိုလ်မို့ ပျောက်ချင်တဲ့ စိတ္တုပ္ပါဒ်ရှိသေးလို့ အကုလွယ်တဲ့အထဲမှာ အခု တရားနာတဲ့ပုဂ္ဂိုလ်တွေ အပါအဝင်ပဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

သားရေး သမီးရေး စီးပွားရေးနဲ့ နစ်မွန်းနေတဲ့ပုဂ္ဂိုလ်တွေ ကျတော့ မောင်နိုင်....ဘယ့်နှယ်ဆိုပါ့မလဲ....ကန်းသထက် ကန်း အောင် လုပ်နေပြန်ပြီ(မှန်ပါ့) အနာရသထက်ရအောင် လုပ်နေ ပြန်ပြီတဲ့....(လုပ်နေပါတယ်ဘုရား)။

သူ....ဘာတွေ ရှာနေပါသတုံးဆိုတော့ အို....သေရာဌာန ပျောက်ရှာနေတယ်.... (မှန်ပါ့) တကာတကာမတို့ ဘယ့်နှယ် ဖြေကြမလဲ....(သေရာဌာန ပျောက်ရှာနေပါတယ်ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



သေရာဌာန လျှောက်ရှာနေကြတယ်ဆိုယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

အေး... ဒါ့ကြောင့် ရှာပေးမှာပဲ၊ ဦးဘရှင်းရေ....အကန်ကိုး (မှန်ပါ့) လမ်းမှန်သိရဲ့လား....(မသိပါဘုရား) ဦးဘကလေး .... ပေါ်ပလားဗျာ....(ပေါ်ပါပြီ)။

အဲဒီတော့ လမ်းမှန်သိချင်လို့ရှိယင်ဖြင့် သစ္စဉာဏ် ကိစ္စဉာဏ် မရသေးသရွေ့ ကာလပတ်လုံးဘယ်အခါကာလမှမသေရာကိုဖြင့် သူမြင်မှာ မဟုတ်ပါဘူး.... ( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီ)။

ကိုင်း....ဒါဖြင့် ကိုယ့် အရေးဟာ တကာတကာမတို့ သာမည ကြီးသလား.... အလွန့်အလွန် ကြီးသလားဆိုတဲ့ အဓိပ္ပာယ်ဖြင့် ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

ဩော်... တို့အဖြစ်တွေ အတော်ဆိုးပါကလား ဆိုတာကော တကာတကာမတို့ ဉာဏ်ထဲရောက်ပလား .. (ရောက်ပါပြီဘုရား)၊ ကြည့်လေ....ဆေးရှာပြန်တော့လဲအကန်းကရှာတယ်... (မှန်ပါ့) ဆေးရချင်တာလဲ အကန်းကရချင်တယ်....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)။

ရလို့တခါ ဆေးကို သုတ်လိမ်းပြန်တော့လဲ တကာတကာမ တို့ အနာပြန်ရတယ် . (မှန်ပါ့)။

ခုနက ကမ္မဘဝတည်းဟူသော ဆေးတွေနဲ့ ပြန်ပြီးသုတ်လိမ်း လိုက်ပြန်တော့ ကမ္မဘဝပစ္စယာ ဇာတိဆိုတဲ့အနာရပြန်တယ်.... (မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကိုင်း....တကာတကာမတွေ ဆေးကိုလိုချင်တယ်၊ လိုချင်လို့ ရပြန်တယ်၊ ရပြန်တော့ လိမ်းလိုက်ကျ လိုက် ပြန်တော့လဲဇာတိ ပဲပြန်ရတယ်,...(မှန်ပါ့) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဆေးလိုချင်တာက တဏှာ၊ ဟုတ်လား....(မှန်ပါ့)ဆေးကိုလက် ထဲ ရောက်အောင်လုပ်တာကဥပါဒါန်၊တကယ်သုတ်လိမ်းတာက ဘာတုံး....(ကံပါဘုရား)။

ကမ္မဘဝနဲ့ သုတ်လိမ်းလိုက်တဲ့ အခါကျတော့ ဆေးမှားပြီး သုတ်လိမ်းလိုက်တဲ့အတွက် တကာတကာမတို့ဘာတွေပြန်ရသလဲ (ဇာတိပြန်ရပါတယ်ဘုရား)။

ဟ–ဇာတိဆိုတော့.... အယင်အနာလား၊ နောက်အနာလား (နောက်အနာပါဘုရား) အို....သွားပြီကွာ....အနာပေါ် အနာ ဆင့်ပြီ....(မှန်ပါ့) တကာတကာမတို့.... ဘယ်လိုဆုံးဖြတ်ချက်ချ မလဲ....(အနာပေါ်အနာဆင့်ပါတယ်ဘုရား)။

အနာပေါ် အနာဆင့်ပေါ့ဆိုတာ ဘုန်းကြီးက ကြံဖန်ပြော တာလား....ဖြစ်စဉ်လား....(ဖြစ်စဉ်ပါဘုရား) တကာကြီးလှိုင်.... မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ကိုင်း....ဒါဖြင့် သေ ခါနီးတဲ့အချယ်ကြီးကျမှ အခုလိုလာပြီးသကာလကြားကြကြုံကြ ရတဲ့အတွက်, ဩော် .. သေခါနီး ပွင့်သေးတယ်ကွနော်....တော် သေးတယ်လို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့) တော်သေးတယ် မောင်နိုင်ရ.... (မှန်ပါ့) မတော်ဘူးလား.... (တော်ပါတယ် ဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့မှာ ဘယ်လို ဖြစ်နေသတုံးဆိုတော့ အမှားတွေချည်းပဲ ဆက်ကြုံနေတယ်ဆိုတာကဖြင့် ပဋိစ္စသမုပ္ပါဒ်,

---

တတိယအကြိမ်

http://www.dhammadownload.com



တခုလုံး မရသေးဘူးလား.... (ရပါပြီဘုရား) အဲဒီနောက် ဆေးမှားလိုက်တော့ ကမ္ဘာဝ....ဆိုတဲ့ နောက်ဆေးမှားပြီ လိမ်းလိုက်တဲ့အတွက် ဇရာမရဏနဲ့ ကိုဝ....အသက်ထွက်ရတယ်....(မှန်ပါ) ဒုတိယ သေရတယ်....မနာဘူးလား....(နာပါတယ်ဘုရား)။

ဆေးမှားပြီးသကာလ ဒုတိယကံတွေ လုပ်လိုက်တဲ့အတွက်တဲ့ အိုမှု့သေမှုနဲ့ သွားကြုံတော့ နာနေရတာက တော်သေးတယ်၊ ဆေးမှားလိုက်တာက သိပ်ဆိုးတယ်....(မှန်ပါ)။

နာနေတာက....(တော်ပါသေးတယ်ဘုရား) ဆေးမှားလိုက်တာက . (သာဆိုးပါတယ်ဘုရား) ကဲ....ပဋိစ္စသမုပ္ပါဒ် ၁၂–ပါး မပြည့်သေးဘူးလား (ပြည့်ပါတယ်ဘုရား)။

ကိုင်း.... ဒါကြောင့် ဒုက္ခက္ခန္ဓာ.... ဆိုတာများ ကောင်းကောင်း သဘောကျကြပါတော့(ကျပါပြီဘုရား)ဦးဘကလေး ကျေနပ်ပလား....(မှန်ပါ)။

အဲဒါ စာထဲသွားကြည့်လို့ တော့မရဘူး၊ ကိုယ့်ဖြစ်စဉ်ကြည့်လိုက်မှပေါ်လာတယ်....(မှန်ပါ)မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား)။

အဲ....စာက စာပဲ... လို့ ကိုပေါ် ကိုဝ... က မှတ်နေဘ်.... (မှန်ပါ) ကိုယ့်ဖြစ်စဉ်က တကယ်ရှိလို့ မှတ်လိုက်.... (မှန်ပါဘုရား)။

ဒါဖြင့် တကယ်ရှိနဲ့ စာကို ဘယ်ဟာ အတည်ပြုကြမယ် (တကယ်ရှိကို အတည်ပြုရပါမယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



တကယ်ရှိအတည်ပြုရမှာဖြစ်နေသောကြောင့် ဩော်....မျက်စိကန်းလမ်းသွားတာဖြင့် လဲမှုကွဲမှုနှင့်ကိုတော့ ဆေးရှာ၊ ဆေးရှာတော့လဲ ဆေးမှားနဲ့တွေ့၊ ဆေးမှားနဲ့ တွေ့သောကြောင့် အင်း အနာပေါက်နေတာက တော်သေးတယ်၊ သေပွဲရောက်တာက ဒီ့ထက် နစ်နာပါပေါ့လား....ဆိုတဲ့ဥစ္စာ အဓိပ္ပါယ်ကဒီရောက်တယ်....(မှန်ပါ့) ဦးဘကလေး.... သိပ်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

နောက်က တကာတကာမတွေ့ပေါကြရဲ့လား.... (ပေါပါတယ်ဘုရား)။

အင်း....ဒီလိုချည်းပဲ ဘုန်းကြီးကလဲ မျက်လုံးဖွင့်မပေးဘူးခင်ဗျားတို့ကလဲ ဒီအတိုင်းပဲ ရိုးရာနဲ့အိမ်ထောင်ကျပြီးသကာလတို့....လွတ်လပ်သွားပဲ၊ စားဖို့သောက်ဖို့လာ လိုက်လာခဲ့၊ပြည့်စုံသွားပဲ၊ ကျောက်ကလေးကလဲ အသင့်အသင့်ရှိသွားပဲ၊ တွင်းကလေးကလဲ ထိုက်တန်သလောက် အကူအညီပေးသွားပဲ . ဆိုပြီး ကိုယ့်ဟာနဲ့ကိုယ် တင်းတိမ်နေတာတော့ ကန်းနေလို့ အနာပေါက်တာလဲ မသိပါဘူး....(မှန်ပါ့) နောက်ထပ် ဆေးမှားတာကော....(မသိပါဘုရား) နောက်ထပ် ဧသေမှာကော....(မသိပါဘုရား)။

အဲဒါကျတော့ဖြင့် သစ္စာဉာဏ် လုံးဝမရှိလို့ (မှန်ပါ့)ပြောထိုက်ပလား....(ပြောထိုက်ပါတယ်ဘုရား)။

သစ္စာဉာဏ် လုံးဝမရှိတဲ့အတွက် တကာတကာမတွေ့ အကြီးအကျယ်ကိုယ်ကျိုးနည်းတယ်....(မှန်ပါ့)ဒီအထဲကဆေးမှားချက်ကလဲ ဦးဘရှင်းတို့ ပြင်းထန်လိုက်တာ....(မှန်ပါ့) ဘဝတိုင်း

http://www.dhammadownload.com



ဘဝတိုင်း ဒီလင်....ဒီမယား....ဒီသား....ဒီသမီး....ဒီမြေး....ဒီမြစ်နဲ့ မခွဲရပါလို၏ဆိုတဲ့ဆေးကိုသောက်တယ်....(မှန်ပါ့)။

ဘဝတိုင်း....ဘဝတိုင်း ကျုပ်တို့သည်ကား....ဆိုလို့ရှိယင်ဖြင့် နောက်ကံတွေနဲ့ ဆုတောင်းလိုက်ပြန်တော့ တခါတည်း ဒုက္ခမျိုးစုံနဲ့အကုန်တွေ့ရပါလို၏ဆိုတာနဲ့ကော....(အတူတူပါဘုရား) နိဗ္ဗာန်ကို ဘယ်တော့မှမရောက်ရပါလို၏ဆိုတာနဲ့ကော(အတူတူပါဘုရား)ဘယ်လောက်မျှားဆိုးသွားသတုံး (ဆိုးသွားပါတယ်ဘုရား)။

ဒုတိယဆေး မှားလိုက်တာ၊ ကမ္မဘဝ....ကမ္မဘဝ....(မှန်ပါ့) ကိုပေါ်....ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ....ခင်ဗျားတို့ ရှေ့တွင်ပဲ တောင်းနေတဲ့ ပုဂ္ဂိုလ်တွေ တပုံကြီးပါပဲ....(မှန်ပါ့) ငါတော့ အယင်မသေချင်ဘူး၊ သေတောင်မှ အင်း....ဒီလင်....ဒီမယား....ဒီသား ဒီသမီး....ဒီမြေးနဲ့ ဖြင့် သေလဲငှက်ဖြစ်တောင် တကိုင်းတည်းဆိုသလိုပဲ နေချင်သေးတာပဲ....(မှန်ပါ့ဘုရား)။

အံမာလေး ကြီးကျယ်လိုက်တဲ့ဥစ္စာဆေးမှားသောက်လိုက်တဲ့ ဖြစ်ခြင်း၊ နောက်ထပ် အနာတွေ အများကြီး ရဖို့ရာကို တခါတည်း ပေါ်လာတော့တာပဲ....(မှန်ပါ့) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ဒီလောက်ထိအောင်တော့ဖြင့် တကာတကာမတို့ မိုက်နေတာဟာ ဘယ်သူ့ သတ္တိတုံးမေးတော့ ဘယ့်နှယ်ဖြေကြမလဲ....(အဝိဇ္ဇာသတ္တိပါဘုရား)သူကအကန်းကိုးဗျ....(မှန်ပါ့ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ကိုဝ ဘာတဲ့…(အကန်းပါဘုရား) အကန်းလုပ်တာဟူသရွေ့ တလုံးမှမမှန်ဘူးလို ဆုံးဖြတ်ချက်ချပါ. (မှန်ပါ့) ရှင်းပလား… (ရှင်းပါပြီဘုရား)။

အကန်းလုပ်တာဟူသရွေ့….(တလုံးမှ မမှန်ပါဘုရား) အဲဒီတော့ ခင်ဗျားတို့ တရားနာတဲ့ အရင်းအချာတွေ အကုန်ပြောပါတယ်၊ ခင်ဗျားတို့ချင်း….နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပြီးတော့ တော်ရောပေါ့ကွာ….မင်းမှာ ဒါနသီလတွေလဲ စုံနေပေါ့၊ သေချင်သေပျော့ပြီကွ….အံမာ ကိုဝ…. ဒီလိုပြောတဲ့လူလဲ ရှိသေးတယ် (မှန်ပါ့) မရှိဘူးလား….(ရှိပါတယ်ဘုရား)။

ပြောတဲ့လူကလဲ ဘာပါလိမ့်(အကန်းပါဘုရား) နားထောင်တဲ့လူကလဲ….(အကန်းပါဘုရား)။

အံမာ….အကန်း အကန်းချင်း ပြုံးများနေလိုက်သေးတယ် (မှန်ပါ့) အတော်မဆိုးဘူးလား… (ဆိုးပါတယ်ဘုရား)။

ကိုင်း… တကာတကာမတို့ ဘယ်သူမှ ဖွင့်ပေးမည့်လူမရှိယင်ဖြင့် နှုတ်ခမ်းပဲ့ချင်း မီးမှုတ်၊ အကန်းချင်း ခေါင်းညိတ်နေမှာပဲ (မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုံး (မရှိပါဘုရား)။

ဒါဖြင့်နှုတ်ခမ်းပဲ့ချင်းမီးမှုတ်၊အကန်းချင်း ခေါင်းညိတ်လာခဲ့ကြတာဖြင့် အတူတူချောက်ကျလာခဲ့ကြတာ ချောက်ပေါင်းဘယ်လောက်များပြီတုံး….မေးလို့ရှိယင်ဖြင့်…. (မရေမတွက်နိုင်ပါဘုရား)။

ဒီတခါ ပွင့်ယင် ပွင့်ပါတော့ ဦးဘရှင်းရဲ့….(မှန်ပါ့)ဒီတခါ မပွင့်ယင်ဖြင့်သွားပြီ….(မှန်ပါ့) မောင်နိုင် ရိပ်မိပလား….(ရိပ်မိပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



နောက်က တကာတကာမတွေ ဘာပါလိမ့်... (ဒီတခါပွင့် ယင် ပွင့်ပါဘုရား)။

ဒီတခါ ပွင့်ယင်ပွင့်တော့....(မှန်ပါ့)နောက် ခင်ဗျားတို့ကို ဖွင့်ပေးမည့်လူလဲ မလွယ်ပါဘူး.... (မှန်ပါ့) လွယ်ပါ့မလား.... (မလွယ်ပါဘုရား) နောက်ဖွင့်ပေးမည့်လူကလဲ မွေးချင်မှမွေးဦး မှာကိုး....(မှန်ပါ့)ခင်ဗျားတို့ကလဲ ရှိချင်မှရှိတော့မှာ....(မှန်ပါ့) သဘောပါပလား... (ပါပါပြီ)။

အဲဒီတော့ ဒီအချိန်ကလေး အကောင်းဆုံးပဲဆိုပြီး သကာလ ကို ဝ ကြိုးစားရမှာပဲ.... (မှန်ပါ့) မောင်နိုင်.... ရှင်းပလား ... (ရှင်းပါပြီ)။

အဲဒီတော့ တကာတကာမတို့ ဒီနေ့တော့ ခင်ဗျားတို့ခန္ဓာ ကြီးကို မျက်လုံးပွင့်အောင် လုပ်ပြီးသကာလ ဝိဇ္ဇာဆေးနဲ့မျက် လုံးဖွင့်ပေးရတော့မယ်....(မှန်ပါ့)။

ဝိဇ္ဇာဆေးနဲ့ မျက်လုံး ဖွင့်ပေးတဲ့... အခါကျတော့ ခုနက ပဋိစ္စသမုပ္ပါဒ်ခန္ဓာထဲမှာ ကန်းနေတာတွေဟာ တကာတကာမတို့ အခု မြင်စိတ်ကလေး ပေါ်တယ်ဆိုကြပါစို့၊ မီးကြည့်လိုက်တဲ့ အခါ မြင်စိတ်ကလေးမပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား)။

အင်း....မြင်စိတ်ကလေးဟာ ဘာပါလိမ့်မတုံး.... ဆိုတော့ သဠာယတနပေါ့....မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) မြင်စိတ်ကလေးဟာ ဘာပါလိမ့်....(သဠာယတနပါဘုရား)။

အင်း....သဠာယတနပေါ်ပြီ၊သဠာယတနဆိုတာ ဘာပါလိမ့် မလဲ မေးတဲ့အခါကျတော့မှ တကာတကာမတို့ ခုနက ပဋိစ္စ

http://www.dhammadownload.com



သမုဒ္ဒါ်ဒ် ပြန်ကြည့်တော့ အနာ ပြည့်ထည့်တာပေါ့.... (မှန်ပါ ဘုရား)။

ဘာတဲ့တုံး (အနာပြည်ထည့်တာပါ)အနာပြည်ထည့်တာတဲ့ တကာတကာမတို့ ရိပ်မိကြပလား....(ရိပ်မိပါပြီ,အနာပြည်ထည့် တာကို ခင်ဗျားတို့ သိတဲ့အခါကျလို့.... ရှုယင်ဖြင့် ဩော်.... ဒါကြောင့်ပဲ ဒုက္ခသစ္စာကိုး၊ ပြည်ထည့်တာကိုး၊ လဲလို့အနာရ၊ အနာရတော့ ငန်းတွေမန်းတွေတည်းဟူသော ပြည်တွေထည့်လာ တာ ဘာဖြစ်တာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ....မြင်စိတ်ကလေးကို ခင်ဗျားတို့က ဩော် ပြည်ထည့် လာတဲ့ ဒုက္ခသစ္စာကလေးပါလား (မှန်ပါ)မြင်စိတ် ပေါ်တိုင်း ပေါ်တိုင်း၊ ကြားစိတ် ပေါ်တိုင်း ပေါ်တိုင်း ဘာတုံး....(ဒုက္ခ သစ္စာပါဘုရား) ပြည်ထည့်တဲ့ ဒုက္ခသစ္စာပဲ.... (မှန်ပါ)သဘော ကျပလား....(ကျပါပြီ)။

နံစိတ် ပေါ်တိုင်း ပေါ်တိုင်း.... (ဒုက္ခသစ္စာပါဘုရား)ပြည် ထည့်တဲ့ ဒုက္ခသစ္စာပဲဆိုတော့ ဝမ်းထဲကြံစိတ်စည်စိတ်ပေါ်တိုင်း ပေါ်တိုင်း....ပြည်ထည့်တဲ့....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါတွေကို ခင်ဗျားတို့....ပေါ်တိုင်း ပေါ်တိုင်း ဩော်.... ဒါကလေးဟာဒုက္ခသစ္စာပဲ၊ ဒါကလေးဟာဒုက္ခသစ္စာပဲ၊ သူ့ကို ပြည်တွေက နှိပ်စက်နေတာပဲ၊ ဒီအနာကတော့ဖြင့်မသက်သာတဲ့ အနာပဲ၊ ဟုတ်လား....(မှန်ပါ)။

သက်သာတဲ့အနာလား မသက်သာတဲ့အနာလား....(မသက် သာတဲ့ အနာပါဘုရား) ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးက တခါတလေကျတော့ ရောဂတောဟော့၊ အနာကွ.... အနာကွလို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ရောဂတောကွ၊သလ္လတောကွ၊ရောဂါစုမြားစုကြီးကွ....ဆိုတဲ့ ညစ္စာ တကာတကာမတွေ့ ရောဂါမှတပါး ဘာပါသေးသတုံး (ဘာမှမပါပါဘုရား)။

ရောဂါမှတပါး ဘာမှမပါဘူးဆိုတဲ့ဉာဏ်ကလေး ခင်ဗျားတို့ မြင်စိတ်ကလေးကို ရှုလိုက်သည်နဲ့ တပြိုင်နက် ရောဂါမှတပါး ဘာမှမပါဘူးလို့ သေသေချာချာ ပိုင်ပိုင်နိုင်နိုင်သိတာ ကိစ္စ ဉာဏ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ရောဂါမှတပါး ဘာမှမပါဘူးလို့ သိတာဖြင့်... (ကိစ္စဉာဏ် ပါဘုရား)။

သူ့ကိစ္စသိပြီ၊ သူဟာ ရောဂါဖြစ်တဲ့ကိစ္စ၊ ပြည်ထည့်တဲ့ကိစ္စမှ တပါး ဒီ့ပြင်ကိစ္စ သူ့မှာရှိသေးရဲ့လား.... (မရှိပါဘုရား)ပေါ် ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် အဲဒါကလေး ဒီရောဂါကလေးကို ကြည့်ကြည့်ပြီး သကာလ ဖြစ်ပြီး ပျက်သွားတဲ့ ရောဂါကလေး ကြည့်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဩော်....ပြည်ပေါက်ပြီးသကာလ ပြည် နဲ့ပဲ ဒုက္ခရောက်နေတာပဲဆိုတာ မသိဘူးလား.... (သိပါတယ် ဘုရား)။

ဒါဖြင့် ဒီအထဲမှာ သုခပါသေးလား.... (မပါပါဘုရား) ဒါဖြင့် ပြည်ထည့်နေတဲ့ သဘောကလေးမြင်လိုက်သည်နဲ့ တပြိုင် နက်တည်း ဒုက္ခက တကာတကာမတို့ ဆင်းရဲတာလဲ အမှန်ပဲ (မှန်ပါ့)ဆင်းရဲတာလဲ ကေန်ပဲမဟုတ်လား....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ဆင်းရဲတာကို တခြားသုခကလေးများ ရောသေးသလား.... (မရောပါဘုရား)မရောလို့ရှိယင်ဒုက္ခအမှန်ပဲဖြစ်ရမယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒုက္ခအမှန်ပဲဆိုတာ သဘောကျပလား.... (ကျပါပြီ) အင်း သူသည်ကားလို ဆိုလို့ရှိယင်ဖြင့် ဘာပါလိမ့်မတုံး....ဆိုတော့ တဏှာယောကျ်ား လက်သမား၏ ဆိုးရွားယုတ်မာ ပြုပြင်ရာကို ရခါမြဲသွေ့ အမြဲခံနေရတဲ့သဘောပဲ။ သူ့ကို တဏှာလုပ်လိုက်တာဟေ့... နောက်ဘဝက အဝိဇ္ဇာနဲ့တဏှာ လုပ်လိုက်တာ.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာနှိပ်စက်လိုက်ခြင်းကြောင့် ဇာနာရအောင် အနှိပ်စက်ခံရတဲ့ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိပါ(မှန်ပါ့)ဒါ.... ကိစ္စညာဏ်ပါ... (မှန်ပါ့) တော်တော် အရေးကြီးတယ်နော် ... (မှန်ပါ့)။

နောက်ကြောင်းကိုလဲ ငဲ့ကြည့်ရတယ် (မှန်ပါ့) ဒီမြင်စိတ်ကလေးဟာ"ကုသလဝိပါကံ စက္ခုဝိညာဏံ၊ အကုသလဝိပါကံ စက္ခုဝိညာဏံ...."ဆိုကတည်းက အင်း....နောက်ဘဝ တဏှာကံတွေက ထင်သလို စီချလိုက်တယ်....(မှန်ပါ့)။

နောက်ဘဝ ကဏှာကံတွေက ထင်သလို စီမံချလိုက်တော့ တခါတည်း ပြည်ထည့်တဲ့အနာတခု ကျုပ်တို့မှာ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

အင်း... ဒါဖြင့် ညာတာမ...က်အမြဲနှိပ်စက်တာက ဒုက္ခသစ္စာ တဏှာယောကျ်ား လက်သမား၏ ဆိုးရွားယုတ်မာ ပြုပြင်ရာကို

http://www.dhammadownload.com



ရံခါမသေ့ အမြဲခံနေရတဲ့ မြင်စိတ်..(မှန်ပါ့) တဏှာက အကူ အညီမပါဘူးလား....(ပါပါတယ်ဘုရား)။

အဲ..အဝိဇ္ဇာနဲ့တဏှာ အကူအညီ ပါပြီးသကာလ နေသော ကြောင့် သူတို့နှိပ်စက်သလို တခါတည်းပြည်တွေ ဘာတွေပေါ် ပေါက်ပြီးသကာလ လာခဲ့ရတာမေ့ဝ်နိုင်ရေ.... (မှန်ပါ့)ရိပ်မိ ပလား....(ရိပ်မိပါပြီ)

ဒါဖြင့် တကာတကာမတို့ တဏှာပူပြင်သလို ခံနေရသော ကြောင့်လဲ သူသည်ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)ဩော်.... သူ့မှာတဏှာပူပြင်ခြင်းကိုခံခြင်းကိစ္စရှိတယ်....(မှန်ပါ့)သဘော ကျပလား....( ကျပါပြီ) သခ်တဋ္ဌောကိုး....(မှန်ပါ့) မနေ့က ဝိဋ္ဌနဋ္ဌော ဟောခဲ့တယ်....(မှန်ပါ့)။

သန်တဋ္ဌော..တဏှာယောကျ်ား လက်သမား၏ ဆိုးရွား ယုတ်မာ ပူပြင်ရာကို ရံခါမသေ့ အမြဲခံနေရတဲ့ သဘောဟာ ဒါပဲ...(မှန်ပါ့) ဒီမြင်စိတ်ကလေးပဲ....(မှန်ပါ့) ရှေ့ဘဝက တဏှာစီမံသလို မခံရဘူးလား (ခံရပါတယ်ဘုရား)။

ကုသလဝိပါက် စက္ခုဝိညာဏ် အနာပေါက်လိုက်ဆို၊ပေါက် လိုက်ရတာပဲ....(မှန်ပါ့) အကုသလဝိပါက် စက္ခုဝိညာဏ်အနာ ပေါက်လိုက်ဆိုယင်ကော ...(ပေါက်ရပါတယ်ဘုရား)။

ပေါက်လိုက်ရတာပဲဆိုတော့ တကာ တကာမတို့ ကျုပ်တို့ မှာဖြင့် ခန္ဓာထဲက ပေါ်ပေါက်လာတာကဖြင့် အနာမှတပါး ဘာများပေါ်ပေါက်သေးသတုံး.... (ဘာမှ မပေါ်ပေါက်ပါ ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် ဒီကိစ္စဟာဖြင့်တဏှာ စိမ်တဲ့ကိစ္စပဲ....(မှန်ပါ့) မြင်စိတ်ကလေးဟာ တဏှာစိမ်တဲ့ကိစ္စပဲ.... (မှန်ပါ့) တကာတကာမတွေ့ မြင်စိတ်ကလေးဟာ ဘယ်သူစိမ်တဲ့ကိစ္စပါလိမ့်....တဏှာစိမ်တဲ့ကိစ္စပါဘုရား)။

တဏှာစိမ်တဲ့ကိစ္စဖဲဆိုတာ ကောင်းကောင်း ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာ စိမ်တဲ့ကိစ္စကလေး ဒီမြင်စိတ်ကလေးဟာဖြစ်ပြီး ပျက်သွားတဲ့ သဘောကလေးဟာ ကိုယ့်သဘောလား၊ တဏှာစိမ်လို့ ဒုက္ခရောက်သွားတာလား.... (တဏှာစိမ်လို့ ဒုက္ခရောက်သွားတာပါဘုရား)။

အနာပေါက်ပြီး ဒုက္ခရောက်သွားတာကိုးဗျ....(မှန်ပါ့)အဲဒီတော့ ဒီလို တဏှာစိမ်တဲ့ သဘောတည်းဟူသော တရားတွေကိုကျုပ်တို့ကသိတော့ ဩော်.... တဏှာစိမ်သလို ခံနေရတဲ့ကိစ္စပါကလား....ဒီမြင်စိတ်ကလေး ပျက်သွားတဲ့ကိစ္စဟာ တဏှာစိမ်သလို ခံနေရတဲ့ကိစ္စပါကလားလို့ သိတော့သူ့ ကိစ္စကိုလဲကျုပ်တို့ကသိတော့ သူ့ ကိစ္စက....သူ့ ကိစ္စထားပါတော့ ကျုပ်တို့ကသိတာကဉာဏ်....(မှန်ပါ့) သဘောကျပလား .. (ကျပါပြီ)။

တဏှာစိမ်သလို ခံနေရတာက မြင်စိတ်၏ကိစ္စ၊ အဲဒီကိစ္စကိုကျုပ်တို့က လှမ်းပြီးသကာလ မသိလိုက်ဘူးလား.... သိလိုက်သလား(သိလိုက်ပါတယ်) သိလိုက်တော့ မောင်နိုင်က ကိစ္စနဲ့ဉာဏ်နဲ့ပေါင်းပါ.... (ကိစ္စဉာဏ်ပါဘုရား) ဩော်.... ကိစ္စဉာဏ်ရပြီ....(မှန်ပါ့)။

**တတိယအကြိမ်**

http://www.dhammadownload.com



တကာတကာမတို့ ဒါ...မြင်စိတ်ကလေး ပေါ်လာတိုင်း.... လာတိုင်းဟာ ခင်ဗျားတို့ ဖြစ်ပျက် ရှုပြီးသကာလ နေတာဟာ တခြားမဟုတ်ပါဘူး၊ ဒါ....ကိစ္စညာဏ်ပဲ....(မှန်ပါ့)။

သို့သော် ဘုန်းကြီးက ဖြည့်စွက် ထည့်ပေးတာက တကာ တကာမတို့ ဒီမြင်စိတ်ဟာ ပေါ်ချင်လို့ ပေါ်တာလား၊ တဏှာ စီမံသလို ခံရတာလား.... (တဏှာစီမံသလို ခံရတာပါဘုရား)၊ တဏှာက ကုသလဝိပါက် စက္ခုဝိညာဏ် ပေါ်လိုက်ဆိုလဲ ပေါ် လိုက်ရတာပဲ....(မှန်ပါ့)အကုသလဝိပါက် စက္ခုဝိညာဏ် ပေါ် လိုက်ဆိုယင်ကော....(ပေါ်ရပါတယ်ဘုရား)။

ပေါ်လိုက်ရတာ ထောက်လိုက်တဲ့အခါကျတော့မှ ခြော်.... တဏှာစီမံသလို ခံနေရတဲ့ကိစ္စဟာ မြင်စိတ်၏ကိစ္စပဲ.... (မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သူ့ကိစ္စကို ခင်ဗျားတို့ကျုပ်တို့ မသိဘူးလား (သိပါ တယ်ဘုရား) တဏှာစီမံသလို ခံနေရတဲ့ကိစ္စ.... (မှန်ပါ့) အဲဒီ ကိစ္စကို ကျုပ်တို့က ဉာဏ်နဲ့လှမ်းပြီး ကြည့်လိုက်ပါ.... (မှန်ပါ့) ကြည့်လိုက်တဲ့အခါကျတော့ ဒါကလေးဟာ ပျောက်ပျက် မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဟာ....ဒါဖြင့် သူ့ကိစ္စ သူဇာတ်သိမ်းသွားပြီဆိုတော့ သူ့ ကိစ္စကို ကျုပ်တို့က ဇာတ်သိမ်းတာ မြင်လိုက်တယ်....(မှန်ပါ့)၊ သူ့ကိစ္စက ကိစ္စဇာတ်သိမ်းတာ မြင်တာကဉာဏ်.... (မှန်ပါ့) ဒါဖြင့် မောင်နှံကပေါင်းလိုက်... (ကိစ္စညာဏ်ပါဘုရား) တကာ တကာမတို့ ကိစ္စညာဏ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါ....ပေါ်ပေါ်လွင်လွင် ပြောဖို့ လွယ်လှတယ်မဟုတ်ဘူး နော်....(မှန်ပါ) ဟိုက အတိတ်အကြောင်း, ကုသလဝိပါက် စက္ခုဝိညာဏ်၊ အကုသလဝိပါက် စက္ခုဝိညာဏ်နဲ့လာမှ သူ့ကိစ္စက ထင်ရှားတာ....(မှန်ပါ့ဘုရား) နို့မဟုတ်ယင် ထင်ရှားပါ့မလား (မထင်ရှားပါဘုရား)။

အေး....ဒါ့ကြောင့် ပဋ္ဌာနသမ္ဘိဒါမဂ် ပါဠိတော်ကြီးများမှာ သခ်တဋ္ဌေ....တဏှာယောကျ်ားလက်သမား၏ ဆိုးရွားယုတ်မာ ပြုပြင်ရာကို ရံခါမသွေ အမြဲခံနေရတဲ့ဥစ္စာ ခင်ဗျားတို့စိတ်တွေပဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ခင်ဗျားတို့စိတ် တွေဟာ တဏှာစီမံသလို ခံနေရတယ် .. (မှန်ပါ့) မခံရဘူးလား (ခံရပါတယ်ဘုရား)။

ဒါတွင်လားလို့မေးတော့ မကသေးပါဘူးကွာတဲ့.... တော် တော်ကြာ မျက်လုံးက နီလာပြန်ပြီ၊ တော်တော်ကြာ မျက်လုံး က မှဲ့ပြန်ပြီဆိုတော့ အင်း....ကံစီမံရာကိုလဲ မျက်လုံးက ခံနေ ရတယ်....(မှန်ပါ့)။

တဏှာစီမံတာသာ ခံရသလား....ကံစီမံတာကော.... (ခံရပါ တယ်ဘုရား)။

အင်း....မျက်လုံးကလေးက ကြောင်သွားပြီတဲ့၊ မျက်လုံး ကလေးက ကြောင်တောင်ကွယ်သွားပြီ....တဲ့၊ တကာတကာမတို့ မျက်လုံးကလေး တုတ်နဲ့ ထိုးမိလို့တဲ့.... မတော်တဆ၊ ကံက မကောင်းပဲကိုဗျ....အစရှိသည်နဲ့ မပြောကြဘူးလား.... (ပြော ပါတယ်ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီ....ကိစ္စတွေလဲ မျက်လုံးက မခံရဘူးလား.... (ခံရပါတယ်ဘုရား) ၉၆–ပါးရောဂါတို့၏ နှိပ်စက်မှုကိုကော မခံရဘူးလား....(ခံရပါတယ်ဘုရား)။

ဒါဖြင့် ခံရတဲ့အတွက် သူသည်ပျောက်ပျက် သွားတဲ့သဘောကော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သူများစီမံသလို ခံရတဲ့ကိစ္စဟာ မျက်လုံး၏ကိစ္စ....(မှန်ပါ့)။

အဲဒီကိစ္စကို ကျုပ်တို့က ပျောက်ပျက်သွားတဲ့အခါ ဉာဏ်ကလေးနဲ့ ကြည့်ပေးလိုက်(မှန်ပါ့) ဩော်....သူ့ကိစ္စဟာ ဒါပဲကိုးလို့ မသိပေဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့် သူက သူ့ကိစ္စကို ပြောသွားတယ်....(မှန်ပါ့) ကျုပ်တို့က ဉာဏ်နဲ့သိလိုက်ပြီ....(မှန်ပါ့) ကိစ္စဉာဏ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့....(ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ်တဲ့ တကာတကာမတွေ သူ့ကိစ္စကို ကျုပ်တို့က သိလိုက်တဲ့ဉာဏ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် သူ့ကိစ္စကို ကျုပ်တို့က သိလိုက်တဲ့ဉာဏ်လို့....ဆိုသဖြင့် ဒီဉာဏ်ကဖြူနေတုန်းကို ခင်ဗျားတို့ ပေးတဲ့ဉာဏ် ဖြစ်နေသောကြောင့် တကာတကာမတို့ ကိစ္စကလေးကို သိလိုက်တဲ့ ဉာဏ်လဲလာပါရော ကိစ္စက ဒုက္ခသစ္စာ၊ ဉာဏ်က မဂ္ဂသစ္စာ၊ မောင်နိုင်....ဒီမျိုးစေ့မျိုး နောက်လိုချင်တဲ့တဏှာ လာသေး

http://www.dhammadownload.com



သလား....(မလာပါဘုရား) အဲ....သေတာက သမုဒယချုပ်တာ (မှန်ပါ) သဘောကျပလား... (ကျပါပြီ)။

သမုဒယ ချုပ်သွားတဲ့ အခါကျလို့ရှိယင် တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သမုဒယဆိုတဲ့ တဏှာချုပ်ယင် ဥပါဒါန်ကလဲ ချုပ်တာပဲ...(မှန်ပါ) ကံက မချုပ်ပါနဲ့ဆိုလို့ (မရပါဘုရား) မရတော့ ဇာတိ၊ ဇရာ၊ မရဏတွေကော မလာဘူးလား....(မလာပါဘုရား) မလာတာက ဘာဆိုကြမယ်....(နိရောဓပါဘုရား)။

ဩော်....ဒါဖြင့် <u>ကိစ္စဉာဏ်တခုတည်းဟာ လေးချက်ပြီးသွား</u>တယ်....(မှန်ပါ)။

ကိစ္စဉာဏ် တခုတည်းဟာ....(လေးချက် ပြီးသွားပါတယ်ဘုရား)။

သေသေချာချာ မှတ်ပါ၊ ကိစ္စဉာဏ်တခုတည်း ဘယ်နှစ်ချက်ပြီးသတုံး....(လေးချက်ပြီးပါတယ်ဘုရား)။

သူ၏မြင်စိတ်ကိစ္စကိုလဲ ဒုက္ခသစ္စာလို့ သိလိုက်ပါတယ်.... (မှန်ပါ) သိတဲ့ဉာဏ်ကလဲ မဂ္ဂသစ္စာလို့ပေါ်ပါတယ်.... (မှန်ပါဘုရား) သမုဒယ သစ္စာကလဲ သေထိုက်ပါတယ်.... (မှန်ပါ) နိရောဓသစ္စာကလဲ နောက်ပေါ်ပါတယ်....(မှန်ပါ) မပေါ်ပါနဲ့ဆိုလို့....(မရပါဘုရား) မရဘူး၊ တဏှာချုပ်ပေါ့ပဲ (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် <u>တချက်တည်းရှုလိုက်တာ</u> တကာတကာမှတို့ <u>သစ္စာလေးချက်တပြိုင်နက် ပေါ်လာတာ</u> <u>ကိစ္စဉာဏ်</u>....(မှန်ပါ)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



တချက်တည်း ရှုလိုက်တာနဲ့.... (သစ္စာလေးချက် တပြိုင်နက်ပေါ်လာတာ ကိစ္စဉာဏ်ပါဘုရား) တပြိုင်နက်ပေါ်လာတဲ့ ကိစ္စဉာဏ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

အေး....ဒါကြောင့် ကိစ္စတခုကို ပိုင်ပိုင်နိုင်နိုင်သိလို့ ရှိယင်ဖြင့် သမုဒယက နှင်သေတော့လို့ ဆိုစရာလိုသေးသလား.... (မလိုပါဘုရား) နိရောဓ ကြွခဲ့ပါလို့ ခေါ်ဖို့လိုသေးသလား.... (မလိုပါဘုရား)။

ဒါဖြင့် ကျုပ်တို့ အလုပ်က ကိစ္စကို သိဖို့အလုပ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

တကာတကာမတို့ ဘာတဲ့(ကိစ္စကိုသိဖို့အလုပ်ပါဘုရား)မြင်စိတ်ကလေး၏ကိစ္စကို သိဖို့အလုပ်....(မှန်ပါ့)။

မြင်စိတ်ကလေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အနာနာမှုကိစ္စလဲ သူ့ကိစ္စပဲ... (မှန်ပါ့) နာချင်လို့ နာရတာလား.... တဏှာ စိမ်သလို ခံရလို့လား.... (တဏှာစိမ်သလို ခံရလို့ပါဘုရား)။

ကံစီမံခြင်းကိစ္စကို သူခံမနေရဘူးလား....(ခံရပါတယ်ဘုရား) ၉၆–ပါးသော ရောဂါဝေဒနာတို့၏ နှိပ်စက်ခြင်းကိစ္စကော.... (ခံရပါတယ်ဘုရား)။

ဒါဖြင့် သူပျောက်ပျက်သွားတာဟာ ပျောက်ပျက်စရာ ကိစ္စကြောင့် ပျောက်ပျက်သွားတာ... (မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် သူ့မှာ ဘာကိစ္စရှိသတုံးဆိုတော့ ပျောက်မှုပျက်မှုကိစ္စရှိတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) မြင်စိတ်ကလေးမှာ ဘာကိစ္စရှိပါလိမ့်.... (ပျောက်မှုပျက်မှုကိစ္စရှိပါတယ်ဘုရား)။

အဲဒါကို ပျောက်ပျက်တိုင်း ပျောက်ပျက်တိုင်း သိတဲ့ဉာဏ်ကိုဘာဉာဏ်ခေါ်ကြမယ်....(မဂ်ဉာဏ်ပါဘုရား)ကိစ္စဉာဏ်၊ သဘောကျပလား (ကျပါပြီ)။

ကိစ္စကို သိလို့ ကိစ္စဉာဏ်.... (မှန်ပါ့) ကိစ္စဉာဏ်ဆိုဆို၊ မဂ်ဉာဏ်ဆိုဆို၊ သို့သော်.. ဒီနေ့တော့ ကိစ္စဉာဏ်နဲ့ ကိစ္စကိုသိလို့ကိစ္စဉာဏ်ဆိုတာက ဦးဘရှင်း.... ပိုရှင်းတယ်.... (မှန်ပါ့) မရှင်းကြဘူးလား....(ရှင်းပါတယ်ဘုရား)။

သူ့ကိစ္စသိတော့ ကိစ္စဉာဏ်မလာဘူးလား.... (လာပါတယ်ဘုရား) သူ့ကိစ္စ ငါသိတယ်ကွာ.... လို့ လောကကော မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒီကျတော့ ခင်ဗျားတို့က သူ့ကိစ္စ ငါသိပါတယ်ဆိုတော့ခင်ဗျားတို့ဉာဏ်က သူ့ကိစ္စတောင် သိသကိုးလို့ မပြောကြဘူးလား.... (ပြောပါတယ်ဘုရား) အဲဒါ ဘာဉာဏ် ခေါ်မယ်....(ကိစ္စဉာဏ်ပါဘုရား)။

အဲဒီမှာလဲ မြင်စိတ်ကလေး၏ကိစ္စကို သိတဲ့ဉာဏ်ဟာ ဘာဉာဏ်ခေါ်ကြမယ်....(ကိစ္စဉာဏ်ပါဘုရား) အဲဒီ့ ကိစ္စဉာဏ်သည်

http://www.dhammadownload.com



တကာတကာမတို့ တပြိုင်နက် လေးချက်ပေါ်ပါတယ်....(မှန်ပါ့ဘုရား)။

မြင်စိတ်၏ကိစ္စ သိခြင်းကြောင့်လဲ ကိစ္စ၊ သိခြင်းကြောင့်လဲ ဉာဏ်၊ မြင်စိတ်၏ကိစ္စသည် သူ့ဟာသူ လုပ်နေခြင်းကြောင့်လဲ ကိစ္စ၊ သူ့သဘောနဲ့သူ စီမံတာ ခံနေရတဲ့ကိစ္စ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

တဏှာပူပြင်ရာကို.... (ခံရတဲ့ကိစ္စပါ) ခံရတဲ့ကိစ္စ၊ ၉၆–ပါး ရောဂါဝေဒနာ ပူပြင်ရာကို (ခံရတဲ့ကိစ္စပါဘုရား) ကံဆိုး ကြမ္မာဆိုးတို့၏ ပူပြင်ရာကို ခံနေရတဲ့ မြင်စိတ်ကော ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် မြင်စိတ်ကလေးသည်ကားလို့ ဆိုယင်ဖြင့် အနှိပ်စက် ခံခြင်းကိစ္စမရှိဘူးလား (ရှိပါတယ်ဘုရား)ကဲ....ဒါဖြင့် သူ့မှာ အနှိပ်စက်ခံခြင်းကိစ္စကြောင့် သူ့ကို ကိစ္စလို့မှတ်လိုက်....(မှန်ပါ့) အဲဒီကိစ္စကို ပျောက်ပျက်သွားသည့်တိုင်အောင် ကြည့်လိုက်တော့ ဩော်...သူ့ကိစ္စ သူဇာတ်သိမ်းသွားတာပဲလို့ ဉာဏ်က မသိဘူးလား.... (သိပါတယ်) ဘာဉာဏ်ခေါ်မလဲ.... (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်လာတယ် သမုဒယ သေတာပေါ့ သမုဒယကိုလဲ ပယာတဗ္ဗနဲ့ ပယ်ခြင်းကိစ္စ မဂ်ပေါ်ကတည်းက ပြီးသွားတယ် (မှန်ပါ့) မပြီးသေးဘူးလား.... (ပြီးပါတယ်ဘုရား) ကိစ္စဉာဏ် လာကတည်းက သမုဒယပေါ်သေးသလား....(မပေါ်ပါဘုရား) ဒါဖြင့် ပယ်ခြင်းကိစ္စလဲ တို့ပြီးတယ်ဟေ့....လို့ ကိုယ့်ဟာကိုယ် သိလိုက်....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



ပယ်ခြင်းကိစ္စကော (ပြီးပါတယ်ဘုရား)နိရောဓလောလိမ့်မယ် ဆိုတဲ့ ကျုပ်တို့၏ ဉာဏ်မျက်မှောက်ပြုမည့် ကိစ္စကော... (လာပါ တယ်ဘုရား) ကေန်ကော မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား)။

ဒါက တောင့်တရတာလား တကာတကာမတို့ ဓမ္မနိယာမ သဘောနဲ့ ပေါ်လာတာလား (ဓမ္မနိယာမ သဘောနဲ့ပေါ် လာတာပါဘုရား)။

အဲ.... ကျုပ်တို့က ကိစ္စဉာဏ်နဲ့ တွဲဖို့အရေးဟာ ကျုပ်တို့ အရေး....(မှန်ပါ့) ကိစ္စဉာဏ်နဲ့....(တွဲဖို့အရေးဟာ တပည့်တော် တို့ အရေးပါဘုရား)။

အဲဒါကို သမုဒယ သေဖို့အရေးကလဲ ဒီထဲပါသွားတယ်..... (မှန်ပါ့) နိရောဓ နိဗ္ဗာန်ရဖို့ အရေးကကော....(ဒီထဲပါသွားပါ တယ်ဘုရား)။

ကိုဝ....ရှင်းပလား.. (ရှင်းပါပြီ) တခုတည်းလုပ်လိုက်တာနဲ့ အကုန်ပြီးသွားတယ်.... (မှန်ပါ့) မပြီးဘူးလား.... (ပြီးပါတယ် ဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်က တပြိုင်နက် လေးချက် ပြီးတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ) ကိုင်း....ဒါဖြင့် တကာတကာမ တို့ မြင်စိတ်ကလေး ခင်ဗျားတို့ရှုနေတာ မြင်စိတ်၏ ကိစ္စလဲကိစ္စ ပဲ၊ ဉာဏ်ကနေ သိလိုက်တာကတော့ ဉာဏ်ပဲ .. (မှန်ပါ့) သို့သော် ဒီဉာဏ်သည် ရိုးရိုးဉာဏ်လား....ကိစ္စသိတဲ့ဉာဏ်လား....(ကိစ္စသိတဲ့ ဉာဏ်ပါဘုရား) ဒါဖြင့် ပေါင်းလိုက်တော့ မောင်နှိုင်ရေ .... (ကိစ္စဉာဏ်ပါဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီ ကိစ္စဉာဏ်ဆိုတော့ ဒီကိစ္စတွင်သိသလား... သမုဒယပယ်တဲ့ ကိစ္စကော.... (သိပါတယ်) ဩော် တို့ဒီဉာဏ် လာကတည်းက သမုဒယ မလာဘူးဟေ့ . ဒီ ဉာဏ်ပယ်တာပဲဆိုတာလဲ .. ကိုဝ ဗေဒင်မေးနေဖို့လိုသေးသလား....(မလိုပါဘုရား)။

အင်း....ဒီတဏှာမလာလို့ရှိယင်ဖြင့် ဇာတိ ဇရာ မရဏချုပ်တဲ့ ဥစ္စာ နိရောဓပဲဆိုတာကော သူများမေးရဦးမှာလား... (မမေး ရပါဘုရား)ကိုယ့်ဟာကိုယ် မသိဘူးလား...(သိပါတယ်)ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ကြိုးစားတာသည် တခုတည်းနဲ့ အကုန် သစ္စာလေးချက် တပြိုင်နက်ပါပါတယ်၊ မပါဘူးလား.... (ပါတယ်ဘုရား)။

သစ္စာလေးချက် တပြိုင်နက်ပါတယ်၊ ဒါကြောင့် ရှုသာရှုပါ ဆိုတာ အားမပေးထိုက်ဘူးလား....(ပေးထိုက်ပါတယ်) ခင်ဗျား က မသိပြားသော်လဲ အလုပ်ကသိတယ်....(မှန်ပါ) အလုပ်မှာ အကုန်ပါသွားတယ်....(မှန်ပါ)။

ဖြစ်ပျက်က ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) အေး... ဒုက္ခ သစ္စာနော်၊ ဒုက္ခသစ္စာကလဲ ရိုးရိုးဒုက္ခသစ္စာလား....အနှိပ်စက်ခံ ရတဲ့ ဒုက္ခသစ္စာလား....(အနှိပ်စက်ခံရတဲ့ဒုက္ခသစ္စာပါ)ဩော်.... သူ့မှာ အနှိပ်စက်ခံခြင်းကိစ္စရှိတယ်....(မှန်ပါ)။

မြင်စိတ်ကလေးမှာ....(အနှိပ်စက်ခံခြင်းကိစ္စရှိပါတယ်ဘုရား) ဒါကြောင့် အနှိပ်စက်ဘယ်လောက် ခံလိုက်ရတယ်ဆိုတော့ ဦးဘ ရှင်း....ပျောက်ပျက်သွားအောင် ခံလိုက်ရတယ်(မှန်ပါ) သဘော ကျပလား....(ကျပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ကံဆိုး ကြမ္မာဆိုးတို့ကြောင့် ကံကုန်လို့ ချုပ်ရတာ ရိပ်မိပလား– (ရိပ်မိပါပြီ) ကြမ္မာတွေနှိပ်စက်လို့ချုပ်ရတာ....(မှန်ပါ့) သဘောကျပလား.. (ကျပါပြီ) တဏှာက ချုပ်ဆိုလို့.... (ချုပ်ရတာပါ) ချုပ်ရတာတဲ့ သူ့ဩဇာ ဘာပါသေးသတုံး ... (ဘာမှမပါပါဘုရား)။

ဩော်....သူ့ကိစ္စသည်ကားလို့ ဆိုယင် အနှိပ်စက်ခံခြင်းကိစ္စပါလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

မြင်စိတ်ကလေးမှာ ဘာကိစ္စရှိသတုံး .. (အနှိပ်စက်ခံခြင်းကိစ္စရှိပါတယ်ဘုရား) အဲ....သိတဲ့ဉာဏ်က ဘာဉာဏ်ခေါ်ကြမလဲ.... (ကိစ္စဉာဏ်ပါဘုရား)။

သူ့ကိစ္စ သိတဲ့ဉာဏ်....(မှန်ပါ့) မြင်စိတ်ကလေး၏ ကိစ္စကို သိတဲ့ဉာဏ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) ဒီဉာဏ် ဘာဉာဏ်ခေါ်မလဲ.... (မြင်စိတ်ကလေး၏ကိစ္စကို သိတဲ့ဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ပေါ်ပြီနော်....(မှန်ပါ့) ကိစ္စဉာဏ်လဲ လာပါရော ကိုဝ ရေ.... တဏှာကို ပယ်ရသေး သလား.... (မပယ်ရပါ) အင်း....ဒီဉာဏ်သည် ဒါဖြင့် ပယ်ခြင်းကိစ္စပဲ သမုဒယသစ္စာကို ပဟာတဗ္ဗကိစ္စနဲ့လဲ ပယ်လေရဲ့....(မှန်ပါ့)။

နိရောဓသစ္စာကိုလဲ တဏှာမလာလို့ မျက်မှောက်ပြုနိုင်တယ် ဆိုတာလဲ **ကောန်** မမှန်းနိုင်ဘူးလား.... ( မှန်းနိုင်ပါတယ် ) ဒါဖြင့် ကိစ္စဉာဏ်တခုတည်းနဲ့ သစ္စာလေးချက် မပြီးဘူးလား.... (ပြီးပါတယ်ဘုရား)။

---

ဘာကိယအကြိမ်

http://www.dhammadownload.com



ကိစ္စနဲ့ဉာဏ်နဲ့တွဲလိုက်ယင် နှစ်ခုပြီးသွားပြီ(မှန်ပါ့)နောက်က နှစ်ခုက အလိုလိုမပြီးဘူးလား.... (ပြီးပါတယ်) ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် ကြားစိတ်ကလေးရှုတော့လဲ ကိစ္စဉာဏ်နဲ့ရှု (မှန်ပါ့) နံစိတ်ကလေး ရှုပြန်ယင်လဲ... (ကိစ္စဉာဏ်နဲ့ ရှုရပါမယ်)စားစိတ် ကလေးရှုပြန်ယင်လဲ....(ကိစ္စဉာဏ်နဲ့ရှုရပါမယ်) ယားစိတ်, ယံ စိတ်, နာစိတ် ရှုပြန်ယင်ကော... ( ကိစ္စဉာဏ်နဲ့ ရှုရပါမယ် ) ကိစ္စဉာဏ်နဲ့ပဲရှု၊ ဝမ်းထဲမှာ လောဘ, ဒေါသ, မောဟပေါ်ယင် ကော.... (ကိစ္စဉာဏ်နဲ့ပဲ ရှုရပါမယ်ဘုရား) ကိစ္စဉာဏ်နဲ့ချည်း ရှုရှု–ရှုရှုသွားယင် သစ္စာဟာ ဘယ်နှစ်ချက်မြင်မတုံး....(လေး ချက်မြင်ပါတယ်ဘုရား)။

လေးချက် တပြိုင်နက်တည်း ကိစ္စပြီးနိုင်တယ်.... (မှန်ပါ့) အဲဒါခင်ဗျားတို့ နက်ဖြန်သန်ဘက်ကျလာတော့ဒီကိစ္စတွေအကုန် ပြီးတယ်ဆိုလို့ရှိယင် နောက်က ဉာဏ်ရောက်ပုံကျတော့ ဒီကိစ္စ ဉာဏ်ကို နက်ဖြန်လဲ ရှင်းပေးဦးမယ်၊ရှင်းပြီးတော့မှ ကတဉာဏ် ရောက်ပုံကိုလဲ တကာတကာမတို့ သေသေချာချာ သိရမယ်.... (မှန်ပါ့)။

ကတဉာဏ် ရောက်ပြီးတဲ့ပုဂ္ဂိုလ်၏ စိတ်ထားစိတ်နေ သဘော သွားကိုလဲ နောက်ပြောလိမ့်မယ်... (မှန်ပါ့)ကဲ....တရားနာမပျက် စေနဲ့ ဒီ....နှစ်ရက် သုံးရက်ပဲ ကျန်တော့တယ်....(မှန်ပါ့)ရှင်းကြ ပလား....(ရှင်းပါပြီ)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု... သာဓု.... သာဓု

---

တတိယအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( ကိစ္စညာဏ် သန္တာပဋ္ဌသဘော )

# ညအလုပ်ပေးတရားတော်

( ၃၁ - ၆ - ၆၁ )

....၀၀....

တကာတကာမတို့ သန္တာန်မှာ ကိန်းအောင်းနေတဲ့ အဝိဇ္ဇာ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တကာတကာမတွေဟာ ဘယ်လို စီမံပါလိမ့်မလဲ ဆိုတဲ့ညစ္စာ ဦးဘရှင်းတို့ မေးဖို့ လိုတယ်နော်.... (မှန်ပါ့)။

ဒီ....တကာတကာမတွေကို သစ္စာမသိတဲ့ အဝိဇ္ဇာကကွာ .. တဲ့ မင်းသည်ကား ဆိုလို့ရှိယင်ဖြင့် ဒီချောက်ထဲ ဆင်းလို့ရှိယင် ခုန်ချနိုင်လို့ရှိယင်ဖြင့် အောက်ရောက်ယင် နတ်သမီးရလိမ့်မယ် လို့ အဝိဇ္ဇာက တရားဟောတော့ ပုထုဇဉ်တွေကလဲ အဝိဇ္ဇာ မပယ်နိုင်သေးတော့ ခုန်ချတာနဲ့တူတယ်....(မှန်ပါ့) ဟိုကျတော့ မောင်နိုင်....နတ်သမီးရရဲ့လား....သေပွဲရသလား.... (သေပွဲရပါ တယ်ဘုရား)။

ဒီမှာလဲတဲ့ ကိုပေါ်တို့လူစု ကိုဝတို့လူစု....အဝိဇ္ဇာက သစ္စာ မသိတော့လူ့ပြည်နတ်ပြည်ဟာ ဒုက္ခသစ္စာတွေကွာ....ဆိုတာမသိ

http://www.dhammadownload.com



တော့ တခါတည်း တကာ တကာမတွေက လူ့ပြည်ရောက်ကြောင်း နတ်ပြည်ရောက်ကြောင်းတွေကို ခုန်ချလိုက်တာပဲ.... (မှန်ပါ့)။

ခုန်ချလိုက်တဲ့အခါကျတော့ လူကောင် နတ်ကောင် ဖြဟ္မာကောင်တွေဖြစ်ပြီးသကာလ သေပွဲတွေ မရဘူးလား....(ရပါတယ်ဘုရား)။

အင်း .. ဘယ်သူက ခုန်ချခိုင်းတာပါလိမ့်မတုံး....ဆိုယင်ကော သိကြပလား .. ( သိပါပြီ ) ဘယ်သူပါလိမ့်.... ( အဝိဇ္ဇာပါဘုရား)။

ခုန်ချလိုက်တာ တကာတကာမတို့ ပုညာဘိသင်္ခါရ....ဆိုတဲ့ ဘုံဘဝတောင်လုပ်တဲ့ ကုသိုလ်မျိုး၊ အပါယ် သွားစေတတ်တဲ့ အကုသိုလ်မျိုး၊ အဲဒီကုသိုလ် အကုသိုလ်နှစ်ခုက ခုန်ချလိုက်တာပဲ....(မှန်ပါ့)။

ခုန်ချတဲ့ဟာ အကုသိုလ်နဲ့လဲ တူပါတယ်၊ ကုသိုလ်နဲ့လဲတူပါတယ်....(မှန်ပါ့) အဲဒီတော့ တကာတကာမတွေသည် သစ္စာ မသိသေးလို့ ရှိယင်ဖြင့် လူ့ပြည်နတ်ပြည် အပါယ်လေးပါးဆိုတာကို ခုန်ချည်းချနေတာပဲ .. (မှန်ပါ့)။

ဘာဖြစ်လို့ ခုန်ချတာတုံး....ဆိုတော့ အကုသိုလ်နဲ့ ခုန်ချတာကလဲ သားတွေ မယားတွေ စားဖို့သောက်ဖို့ဆိုတော့ အကုသိုလ် မရှောင်နိုင်ပဲကိုး....(မှန်ပါ့)။

မရှောင်နိုင်တော့ အကုသိုလ် သင်္ခါရတွေ လုပ်မိတာပေါ့.... (မှန်ပါ့) ဩြော်....ငါသည် ဒုက္ခရောက်လိမ့်မယ်ဆိုတာကို မသိအောင်ဖုံးထားထာကအဝိဇ္ဇာ၊ သားသမီးအရေးနဲ့၊စီးပွားရေးနဲ့

http://www.dhammadownload.com



မှုသားမရှောင် ဘာမရှောင်နဲ့ ပရိယာယ်မရှောင်နဲ့ လုပ်ကြ ကိုင်ကြတာက ခုန်ချတာ၊ အပုညာဘိသင်္ခါရ...ဆိုတဲ့ အကုသိုလ် က ခုန်ချလိုက်တာ အပါယ်ရောက်တယ်.... (မှန်ပါ) မရောက်ပေ ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဩော်....ဒါဘယ်သူပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့် ခုန်ချတာ ကတော့ အကုသိုလ်ကခုန်ချတာပဲ၊ သိလို့ခုန်ချတာလား....မသိ လို့ ခုန်ချတာလား... (မသိလို့ ခုန်ချတာပါဘုရား)ဒါဖြင့် မသိ တာက အဝိဇ္ဇာ၊ ခုန်ချတာက အကုသိုလ်ပေါ့ဗျာ (မှန်ပါ) တခါ အလှူကြီးအတန်းကြီး သားကလေးကြီးလာလို့ သမီး ကလေးနားဖောက်ချင်လို့ လုပ်တဲ့ကုသိုလ်တွေ ကြည့်လိုက်ပြန် တော့လဲကွာ....တို့ မိုလာတာပဲ။ သူတို့လဲ အရွယ် ရောက်ကုန်ပြီ ကွ..၊ ထဘဝ တနပ်စာနဲ့လဲမပြီးသေးတော့ ကုသိုလ်ရေးကလေး ဘာလေးလဲ နောင်ဘဝချမ်းသာရေးကလေး လုပ်ကြဦးစို့ကွယ် ဆိုပြီး လင်နဲ့ မယား တိုင်ပင်ကြပါတယ်၊ လင်နဲ့ မယားတိုင်ပင် ပြီး ကိုဝတို့....မဏ္ဍပ်ထိုးပြီးသကာလ၊ ကုသိုလ် လုပ်ကြမယ်.... (မှန်ပါ)။

ဒီဘဝ ဆင်းရဲတော့ နောက်ဘဝ ချမ်းသာချင်တာကိုးဗျ.... (မှန်ပါ)အဲဒီတော့ သူနောက်ဘဝ ဒုက္ခသစ္စာလို့ သိသေးရဲ့လား (မသိပါဘုရား)။

နတ်သမီး ရမယ်၊ နတ်သားရမယ်လို့သာ သူ သိတယ်.... (မှန်ပါ) နတ်သမီး၊ နတ်သားရမယ်လို့ သူသိတဲ့အတွက်တဲ့.... ကုသိုလ်ကလဲ ခုန်ချလိုက်တာပဲ... (မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



သိလို့ ခုန်တာလား....မသိလို့ ခုန်တာလား....(မသိလို့ ခုန်တာပါ)မသိလို့ ခုန်ချတာဆိုတာ ရိုပ်မိကြရဲ့လား .. (ရိုပ်မိပါပြီ ဘုရား)ဒါဖြင့် အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရဆိုတာ မောင်နိုင်သဘောကျပလား....(ကျပါပြီဘုရား)။

မသိလို့ ခုန်ချလိုက်တာ နတ်ပြည်ရောက်သွားတယ်။(မှန်ပါ) ခုန်လဲ ချမိပါရော နတ်ပြည်ရောက်တဲ့ အခါကျတော့ ဦးဘရှင်းသေပွဲ တွေ့ရတယ်....(မှန်ပါ) မတွေ့ချင်ပါဘူးဆိုလို့....(မနေရပါဘုရား)။

မတွေ့ချင်ပါဘူး ဆိုလို့တော့....( မရပါဘုရား ) အဲဒါသူများ သစ္စာ မသိတဲ့ပုဂ္ဂိုလ်၏ အလှူပွဲလားလို့ ကိုပေါ်တို့....ကိုဝတို့ .. မေးယင် ဘယ့်နှယ်ဖြေပါ့မယ်....(သစ္စာမသိတဲ့ ပုဂ္ဂိုလ်၏ အလှူပွဲပါဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ ပုဂ္ဂိုလ်၏ အလှူပွဲသည် နတ်သမီးရလိမ့်မယ်၊ နတ်သား ဖြစ်လိမ့်မယ်ဆိုပြီး ခုန်ချလိုက်တာ.... (မှန်ပါဘုရား)။

ဟိုကျတဲ့ အခါကျတော့ နတ်ပြည်ရောက်တဲ့အခါ ကောင်းကောင်းနေရသလား....အိုပွဲ နာပွဲ သေပွဲတွေပဲ ခင်းရသလားဆိုတာ အကဲခတ်ပါ....(အိုပွဲ နာပွဲ သေပွဲတွေပဲ ခင်းရပါတယ်ဘုရား)။

အိုပွဲ နာပွဲ သေပွဲတွေပဲ ခင်းထားရတယ်ဆိုတာ မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘယ့်နှယ်ကြောင့် အိုပွဲနာပွဲသေပွဲရှိတဲ့ဆိ ခုန်ချပါလိမ့်မလဲ လို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် သစ္စာမသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်တာနဲ့ တကာတကာမတွေကလဲ ကုသိုလ်နဲ့ ခုန်ချလိုက် ရလို့ရှိယင် အိုပွဲ နာပွဲ သေပွဲ လွတ်လိမ့်မယ်၊နတ်သမီးနတ်သား ဖြစ်လိမ့်မယ်ဆိုပြီး ခုန်ချလိုက်တာ ဟိုကျတော့ ကိုဝ....သေပွဲ သွားတွေ့တယ်....(မှန်ပါ့) ဘယ်သူ့သတ္တိဆိုတာ ပေါ်ကြပလား (အဝိဇ္ဇာသတ္တိပါဘုရား)။

နောက်က တကာ၊တကာမတွေ ဘယ်သူ့ သတ္တိပါလိမ့်.... (အဝိဇ္ဇာသတ္တိပါဘုရား) အဲဒါကြောင့် အလှူပင်လှူငြားသော် လဲ ဦးဘရှင်းရေ....ကြောက်စရာကြီး....(မှန်ပါ့)။

ဘယ်လိုပုဂ္ဂိုလ် ကြောက်စရာ ကောင်းပါလိမ့်မတုံးဆိုတော့ ဒီ တရားတပွဲလုံးပဲ အဖြေထွက်ကြပါတော့တဲ့....သစ္စာ မသိတဲ့ အဝိဇ္ဇာနဲ့ လှူတဲ့အလှူ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါ ပြီဘုရား)။

ဘာနဲ့လှူတဲ့အလှူပါလိမ့်....(သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့လှူတဲ့ အလှူပါဘုရား)။

သစ္စာမသိတော့ အဝိဇ္ဇာအုပ်ချုပ်ပြီးသကာလ မင်း ခုန်သာချ အောက်ချောက်ထဲ ရောက်ယင် နတ်သမီး နတ်သား ရလိမ့် မယ်ဆိုပြီး ခုန်ချလိုက်တာ ကုသိုလ်ပုညာဘိသင်္ခါရက ခုန်ချလိုက် တာ....(မှန်ပါ့)။

တတိယအကြိမ်

http://www.dhammadownload.com



ခုန်ချလိုက်တဲ့ အခါကျတော့ ဟိုမှာ.... နတ်ပြည်မှာလဲ အိုပွဲ သေပွဲ နာပွဲ ဆွေးပွဲ မျက်ရည်ကျပွဲတွေ မရှိဘူးလား..... (ရှိပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလောက် ခုန်ချရပါလိမ့်မလဲလို့ ကိုပေါ် တို့....ကိုဝတို့....မေးလို့ရှိယင် ဘယ့်နှယ်ပြောကြမယ်.... (မသိလို့ ခုန်ချတာပါ) မသိလို့၊ မသိတာ ဘယ်သူပါလိမ့်—(အဝိဇ္ဇာပါ ဘုရား) ခုန်ချတာက သင်္ခါရ.... (မှန်ပါ့)။

မသိတာက—(အဝိဇ္ဇာပါဘုရား) ခုန်ချတာက....(သင်္ခါရပါ ဘုရား)။

သင်္ခါရဆိုတော့ ဒါဖြင့် ဒီထဲမှာလဲ အားလုံး အရင်းအချာ တွေ ဖြစ်နေတော့ ချောင်....ငါတို့ပြုတဲ့ ကုသိုလ်သည်ကားလို့ ဆိုယင်ဖြင့် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ခုန်ချလိုက်တာပဲ၊ အသေရှိတဲ့ဆီ ခုန်ချလိုက်တာ....(မှန်ပါ့) အသေလွတ်တဲ့ဆီကို အဝိဇ္ဇာက အသိမှမပေးပဲကိုး....(မှန်ပါ့)။

"ဒုက္ခနိရောဓေ အညာဏံ" ဒုက္ခနိရောဓေ=ဒုက္ခ၏ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်၌၊ အညာဏံ=မသိတာသည်၊ အဝိဇ္ဇာ=အဝိဇ္ဇာ ပဲဆိုတော့ နိဗ္ဗာန်ကို သူမသိဘူး....(မှန်ပါ့)။

မသိတော့ ဒီချောက် ခုန်ချလိုက်လို့ရှိယင်ဖြင့် အောက်ကျ ယင်ဖြင့် နတ်သမီး နတ်သား ဖြစ်လိမ့်မယ်—ရလိမ့်မယ်ဆိုပြီး ခုန်ချလိုက်တော့ ဟိုကျတော့ အိုပွဲ နာပွဲ သေပွဲ ဆွေးပွဲတွေနဲ့ပဲ မတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား)။

ကိုဝ....ဒါ ဘယ်သူ့ သတ္တိပါလိမ့်မတုံး....(အဝိဇ္ဇာသတ္တိပါ ဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် အားလုံး တကာတကာမတွေ ဒီလို ခုန်ချတဲ့ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက် များသတုံးလို့ မေးလို့ ရှိယင် ဘယ့်နှယ်ဖြေကြမလဲ .. (မရေတွက်နိုင်ပါဘုရား) တကာကြီးလှိုင်....ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီအလှူတွေကို ဘယ်လို အလှူတွေလို့ ကဲ....ဒီအထဲကပဲ ဆုံးဖြတ်ချက် ချပါတော့....ဆိုတော့ သစ္စာမသိတဲ့ အလှူတွေ....(မှန်ပါ့) မသေရာတော့ မသွားတတ်ဘူး၊ သေရာတော့ ခုန်ချရဲတယ်....(မှန်ပါ့) အတော် ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဒီ....တကာတကာမတွေတော့ သစ္စာ သိအောင်ဘုန်းကြီးက ခင်ဗျားတို့ နတ်ပြည်ရောက်လဲ ဒုက္ခသစ္စာပဲနော်....ဗြဟ္မာပြည်ရောက်လဲ...(ဒုက္ခသစ္စာပါပဲဘုရား)။

ဒုက္ခသစ္စာပဲ၊ ဒုက္ခက ဆင်းရဲတာ၊ သစ္စာကမှန်တာ၊ ဆင်းရဲအမှန်ပဲ ရမယ်....(မှန်ပါ့) ဒါဖြင့် ခင်ဗျားတို့ ဋ္ဌကုန် လုပန်းမလုပ်ပါနဲ့....၊ ဋ္ဌကုန်လို့ ရှိယင် လူချမ်းသာပါစေ... (မှန်ပါ့) ပြောထိုက်-မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား)။

ဋ္ဌကုန်လို့ ရှိယင်....(လူချမ်းသာပါစေ) လူချမ်းသာပါစေ၊ အခု သစ္စာမသိတဲ့ ပုဂ္ဂိုလ်များ လှူကြ တန်းကြ ပေးကြ ကမ်းကြတာဖြင့် ဋ္ဌကုန်ပြီးသကာလ နောက်ဘဝ ဒုက္ခသစ္စာရလို့ ပန်းရပါတယ်....(မှန်ပါ့)မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်) အင်မတန် မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား)။

တဓိယအကြိမ်

http://www.dhammadownload.com



ဒါကလဲ အခု ဆရာကောင်း သမားကောင်းက ကိုယေါ်.... ကိုဝတို့... အင်မတန် ရှင်းအောင် ပြောလို့နေဘ်.... (မှန်ပါ) ရှင်းအောင်သာ မပြောဘူးဆိုလို့ရှိယင်ဖြင့် တို့ကွာ....နိဗ္ဗာန်လဲ ရမှာ မဟုတ်တော့ နိဗ္ဗာန်မရမီ စပ်ကြား ချမ်းသာကို လူ့ပြည် နတ်ပြည် အစုန်အဆန် ခံစားချင်သေးတယ်ကွာ... ဆိုတဲ့ အဓိပ္ပါယ်ကော မလာဘူးလား....(လာပါတယ်ဘုရား)။

အစုန်အဆန် ခံစားတာလား.... အစုန်အဆန် သေနေရတာ လား .. (အစုန်အဆန် သေနေရတာပါဘုရား) အစုန်အဆန် သေနေရတာ ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဩော်....ဒါဖြင့် သစ္စာမသိတဲ့ ဒဏ်ချက်လောက် ဦးဘရှင်း ပြင်းထန်တာ ရှိသေးရဲ့လား .. (မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေဘာကလေး လှူလှူ၊ ဘာကလေး တန်းတန်း လူမဖြစ်ချင်ပါနဲ့၊ လူဖြစ်ချင် ယင် အသေရပါလိမ့်မယ်.... (မှန်ပါ)နတ်မဖြစ်ချင်ပါနဲ့....(နတ် ဖြစ်ယင် အသေရမှာပါဘုရား)ဗြဟ္မာမဖြစ်ချင်ပါနဲ့ (ဗြဟ္မာဖြစ် ယင် အသေရမှာပါဘုရား)။

အသေရမှာဆိုတော့ ဒါ ကိုဝ....ငြင်းဖို့ လိုသေးသလား.... (မလိုပါဘုရား) ဒါ ဘယ်လို ပုဂ္ဂိုလ်၏ အလှူတဲ့ဗျာ....(သစ္စာ မသိတဲ့ ပုဂ္ဂိုလ်၏ အလှူပါ) နိဗ္ဗာန် ရသလား....ဒုက္ခရသလား (ဒုက္ခရပါတယ်ဘုရား)။

ဒါကြောင့်တဲ့ ခင်ဗျားတို့ အဝိဇ္ဇာ၏ ဒဏ်ချက် အတော် ပြင်းထန်တယ်ဆိုတာ ကျုပ်တို့ သံသရာ ရှည်တာ အမှုဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်စဉ်နဲ့ ဘုရားဖြစ်ခါနီးကျတော့ ငါသည်သတ္တဝါဖြစ်ကြောင်းလဲ သိပြီကွ....၊ သတ္တဝါ ချုပ်ကြောင်းလဲ သိပြီကွာ....ဆိုတာ နှစ်ချက်သိမှ သူ့ခမျာ ဘုရားဖြစ်တယ် (မှန်ပါ့)။

သတ္တဝါဖြစ်ကြောင်းလဲ သူ သိပြီ... (မှန်ပါ့) အဝိဇ္ဇာက စ—တယ်ဟေ့....ဆိုတာ သူ သိတဲ့အတွက် ဘုရားဖြစ်ရတာပဲ.... (မှန်ပါ့) သတ္တဝါချုပ်ကြောင်း သြော်....အဝိဇ္ဇာချုပ်မှ ချုပ်မှာပါကလားဆိုတာလဲ မသိဘူးလား....(သိပါတယ်)အဲဒီ သိတဲ့ အချိန်မှာ ကိုဝ....ဘုရားဖြစ်တယ်....(မှန်ပါ့)။

ဘုရား—ဘယ်အချိန်ဖြစ်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ခင်ဗျားတို့က သိထားတာက အရှဏ်တက် ဘုရား....ဖြစ်တယ်သာ သိနေတယ်....(မှန်ပါ့)။

မောင်နိုင်တို့ သိထားတာက ဘာပါလိမ့်.... (အရှဏ်တက် ဘုရားဖြစ်ပါတယ်ဘုရား)။

အရှဏ်တက် ဘုရား ဖြစ်တယ်ဆိုပြီး မိုးမလင်းခင် အနေကဇာတင်ရအောင် ဒါလောက်သာ သိနေတာကိုး.... (မှန်ပါ့ ဘုရား)။

စင်စစ်တော့ အဲဒါက ဘုရားဖြစ်တဲ့ အချိန်ကို သိတာပါတဲ့၊ ဘုရားဖြစ်ခြင်း၏ အကြောင်းက အဝိဇ္ဇာ ချုပ်တဲ့ အချိန်မှာ ဘုရားဖြစ်တာ....(မှန်ပါ့) မောင်နိုင် ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အဝိဇ္ဇာ ဘယ်အချိန် ချုပ်သတုံး.... ဆိုတဲ့ အခါကျ လို့ရှိယင်ဖြင့် နံနက်လင်းခါနီးမှာ အဝိဇ္ဇာ ချုပ်သွားတယ်.... အဝိဇ္ဇာ ဖြစ်ကြောင်းကိုလဲ.... အဝိဇ္ဇာကြောင့် ဒုက္ခရောက်ရတဲ့ အကြောင်းကိုလဲ ဘုရားက အစ, သိတယ်နော်... (မှန်ပါ)။

နောက်ကျတော့ အဝိဇ္ဇာ ချုပ်သွားတော့ ဘုရား မဖြစ်ဘူး လား. (ဖြစ်ပါတယ်ဘုရား)။

အဲဒီတွင်မှ ငါ ဘုရားဖြစ်ပြီဆိုပြီး....“ဝိဓူပယံ တိဋ္ဌတိ မာရ သေနံ”....ဆိုတဲ့ ကိလေသာ မာရ်အောင်ပွဲ ယူပက္ခာ.... ဆိုပြီး သကာလ ဘုရားဖြစ်တဲ့ အကြောင်းကို ခင်ဗျားတို့.... နံနက် အနေကဇာ တင်တော့ ပါပါတယ်.... (ပါပါတယ်ဘုရား) မပါကြဘူးလား....(ပါပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်သိလို့....ဖြစ်ကြောင်း သိသို့လဲ.... ဘုရားဖြစ်တယ်..၊ ချုပ်ကြောင်း သိလို့လဲ.... (ဘုရားဖြစ်ပါ တယ်ဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့... သောတာပန် သကဒါဂါမ်, အနာ ဂါမ် တည့်ချင်ကြလို့ရှိယင်လဲ အဝိဇ္ဇာ၏ ဖြစ်ကြောင်း၊ ဒုက္ခ ပေးကြောင်းကိုလဲသိပါမှ–(မှန်ပါ)အဝိဇ္ဇာချုပ်မှ ဒုက္ခဟူသရွေ့ ချုပ်မယ်ဆိုတာလဲ သိပါမှ သောတာပန် တည်မယ်.. (မှန်ပါ ဘုရား) နို့မဟုတ်ယင် တည်နိုင်ကြပါမလား.... (မတည်နိုင်ပါ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဩော်....ဒီအရေးဟာဖြင့်သာမည အရေးမဟုတ်ပါလား၊ကြီးကျယ်ခမ်းနားတဲ့အရေးပါလားဆိုပြီး ဒီတရားကို ဂရုစိုက်ပါ.../(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ခင်ဗျားတို့ ရေလဲ၊ ပန်းတွေ မီးတွေ ပူဇော်ကြပြီး သကာလ ဝဋ္ဋဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖို ရရပါလို၏ ဆိုလို့ရှိယင် အဝိဇ္ဇာက မချုပ်ယင် ကို၀ ရ, မရ....(မရပါ) အဝိဇ္ဇာ ဖြစ်နေယင်ကော (မရပါ) မချုပ်သေးယင်ကော.... (မရပါ) မရသေးပါဘူး ဆိုတာ သေချာပလား.... (သေချာပါပြီ) သဘောပါကြပလား (ပါပါပြီဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါသည် အဝိဇ္ဇာကို ဒုက္ခဖြစ်ကြောင်းလို့ မသိသေးဘူး၊ ထိုအခါမှာ ငါ့ကိုယ်ငါ ဘုရားဖြစ်ပြီလို့ ဝန်မခံသေး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဝိဇ္ဇာသည် ဒုက္ခဖြစ်ကြောင်းလို့ ငါ့ဉာဏ်ထဲမှာဖြင့် ကိစ္စဉာဏ်နဲ့ မသိသေး၊ ထိုအခါ ငါသည် ဘုရားဖြစ်ပြီလို့ လောကကြီးထဲမှာ ကြော်ငြာမပေးသေးဘူး....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

အကြင်အခါ၌ အဝိဇ္ဇာချုပ်သွား၏၊ ခန္ဓာထဲမှာ အဝိဇ္ဇာ ချုပ်တဲ့ အကျင့် ငါကျင့်လိုက်လို့ ချုပ်သွား၏၊ ထိုအခါ၌ ငါသည် ဘုရားဖြစ်ပြီဟု သုံးလောကဓာတ်မှာ ကြော်ငြာပေး လိုက်၏....(မှန်ပါ့)။

ကဲ....ဘယ်သူ လိုရင်းဆိုတာ မောင်နိုင်.... ပေါ်ရောပေါ့.... (ပေါ်ပါပြီဘုရား)နောက်ကတကာတကာမတွေ့ပေါ်ကြပလား (ပေါ်ပါပြီ)ဘာပေါ်ပါလိမ့်မျာ....(အဝိဇ္ဇာချုပ်မှုပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အဝိဇ္ဇာချုပ်မှ ဘုရားဖြစ်တယ်... (မှန်ပါ့)သဘောကျပလား (ကျပါပြီ)အဝိဇ္ဇာဖြစ်ကြောင်းသိမှလဲ ဘုရားဖြစ်တယ်(မှန်ပါ့)။

အဝိဇ္ဇာချုပ်ကြောင်းလဲ....(သိမှဘုရားဖြစ်ပါတယ်) ကိုင်း.... ဒါဖြင့် အဝိဇ္ဇာချုပ်အောင် မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် ဦးဘရှင်းရေ ဘယ်နည်းနဲ့ နိဗ္ဗာန်ရမလဲ....(မရနိုင်ပါ) မရနိုင်ဘူးဆိုတာကော သေချာပလား....(သေချာပါပြီ)။

အေး....ဒါကြောင့် ဒီနေ့ည ကိစ္စဉာဏ်ကို သေသေချာချာ ပြောပါ့မယ် တကာတကာမတို့ ကြိုးကြိုးစားစားနဲ့ နားထောင်ပြီး သကာလ ဪ....ဒါရှုယင် ဒီလိုရှုရမှာပါကလား ဆိုတာ မှတ်ရတော့မယ် (မှန်ပါ့)။

ပီဠနဋ္ဌောကို အယင်ရက်က ဟောခဲ့ပြီ၊ သင်္ခတဋ္ဌော ဆိုတဲ့ ကိစ္စဉာဏ်ကိုလဲ မနေ့က ဟောခဲ့ပါပြီ၊ ဒီနေ့တော့ သန္တာပဋ္ဌော ဆိုတဲ့ ကိစ္စဉာဏ်ကို ဟောလိမ့်မယ်....(မှန်ပါ့)။

သန္တာပဋ္ဌောဆိုတဲ့ ကိစ္စဉာဏ် ဟောလိမ့်မယ်လို့ တကာတကာမတွေ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

သန္တာပဋ္ဌောဆိုသာ ပူလောင်တာ၊ ဒုက္ခသစ္စာကြီးရှိနေလို့ ရှိယင် အမြဲပူလောင်တာပဲ တကာတကာမတွေ။

ဒီ... ဒုက္ခသစ္စာကြီး ခန္ဓာကြီးရှိနေယင် အမြဲပူလောင်နေမှာပဲ.... (မှန်ပါ့) ဘယ်နှယ် ပူလောင်သတုံးလို့ မေးတဲ့ အခါကျတော့မှ တကာတကာမတို့ ကိလေသာမီးက ခန္ဓာကြီးလောင်နေတာကိုး...(မှန်ပါ့)။

ကိလေသာမီးက.... (ခန္ဓာကြီး လောင်နေပါတယ် ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ကိလေသာမီးက ခန္ဓာကြီး လောင်တော့ အိပ်လို့မပျော်၊ စားလို့မဝင် တွေးလုံးတွေနဲ့ ဆွေးလုံးတွေကလာ၊ အင်း....ဘယ့်နှယ်ကြောင့် ဒီခန္ဓာကြီး ဖောက်ပြန်နေပါလိမ့်မတုံးလို့ ကိုဝ.... မေးလို့ရှိယင် ကိလေသာမီးလောင်လို့ အပူခေတ်တွေ လောင်နေလို့ဆိုယင် လွဲပါ့မလား....(မလွဲပါ)။

ဒါဖြင့် သန္တာပဋ္ဌော – ကိလေသာမီး ဒုက္ခမီးတို့ဖြင့် ညီးညီးတောက်ပြောင် အမြဲလောင်ကျွမ်း၍ နေတာကိုလဲ ခင်ဗျားတို့မြင်ရမယ်....(မှန်ပါ့)။

ကိလေသာမီးကလဲ (အမြဲလောင်ပါတယ်) ဒီခန္ဓာပဲ လောင်တယ်....(မှန်ပါ့)။

ကာယိကဒုက္ခစေတသိကဒုက္ခမီးတွေကကော....(အမြဲလောင်ပါတယ်ဘုရား) ဒီခန္ဓာပဲ လောင်နေတာကိုတဲ့ အရိယာ မျက်လုံးတပ်ပေးမည့် သူမရှိယင် မြင်ကိုမမြင်ပါဘူး... (မှန်ပါ့)။

အရိယာမျက်လုံး တပ်ပေးမည့်သူ ရှိတဲ့အခါ ကျတော့မှ ဩော် ခန္ဓာကြီး ဉာဏ်နဲ့ စိုက်လိုက်တဲ့ အခါကျတော့မှ ကိုဝရေ....ဟိုနေရာက နာပြန်တာလဲ အင်း . ဒုက္ခမီးလောင်ပြန်ပြီ.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)။

အခု ပြောမယ်လို့ဆိုကာရှိသေးတယ်။ မေ့သွားပြန်ပြီဆိုတဲ့ ဥစ္စာ စဉ်းစားကြည့်လေ အဝိဇ္ဇာဆိုတဲ့ ကိလေသာမီးက ခင်ဗျားတို့ ပြောချင်တဲ့စိတ်ကလေး လောင်ပစ်လိုက်တာ .. (မှန်ပါ့)၊

ပြောချင်တဲ့ စိတ်ကလေးကို.... ( လောင်ပစ်လိုက်တာပါ ) အဝိဇ္ဇာက လောင်ပစ်လိုက်တာ....(မှန်ပါ့) အဲဒီတော့ မောင်နိုင်တို့က အသံထွက်လာတယ်။ ကျုပ်ပြောမလို့ မေ့သွားတယ်။

တတိယအကြိမ်

http://www.dhammadownload.com



မောင်နိုင်ပြောချင်တဲ့ စိတ်ကလေးကို ဘယ်သူက လောင်ပစ်လိုက်သတုံး .. (အဝိဇ္ဇာက လောင်ပစ်လိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာဆိုတဲ့ ကိလေသာမီးက လောင်ပစ်လိုက်တယ် .... (မှန်ပါ့)။

တော်တော်ကြာ ကျလို့ရှိယင် ဘာကလေး ယူခဲ့မလို့၊ ဘာကလေးလှူမလို၊ ဘာကလေးတန်းမလို့ စိတ်ကူးလိုက်တယ် မောင်နိုင် .. (မှန်ပါ့) တော်တော်ကြာ ကျလို့ရှိယင် မေ့ပစ်ခဲ့တယ်.... (မှန်ပါ့)လှူချင်တန်းချင်တဲ့စိတ်ကလေးကို အဝိဇ္ဇာဆိုတဲ့ ကိလေသာမီးက လောင်ပစ်လိုက်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ကိလေသာမီးဟာ မေ့တိုင်း မေ့တိုင်း လောင်နေတယ်....(မှန်ပါ့)။

ဒါ ခင်ဗျားတို့ကလဲ ကျက်သရေယူတယ်၊ တကာတကာမတွေက ကျက်သရေယူတယ်၊ ကျုပ်က မေ့တတ်တယ်၊ ဗွေမယူပါနဲ့၊ ကိုဝ ဒီလိုပြောလေ့ရှိတယ်....(မှန်ပါ့)။

ကျုပ်ကဘာတဲ့....(မေ့တတ်ပါတယ်) ပြီးတော့ ဘယ်လိုဖုံးလိုက်သတုံး....(ဗွေမယူပါနဲ့တဲ့)။

ဗွေမယူပါနဲ့ အံမာလေး....ကြောက်စရာကြီးပါလား သူ့ဟာပြောယင်လဲ တကာတကာမတွေ ဒီလိုပြောလိုက်စမ်းပါ၊ ကျုပ်က ကိလေသာပေါ်တယ်၊ ဒါ့ကြောင့် ကိလေသာမီးတွေက လောင်လောင်ပစ်သောကြောင့် သန္တာပဋ္ဌမီးက ကျုပ်ကို အမြဲလောင်နေသောကြောင့် ကျုပ်အတွက်ဖြင့် ဘယ်လိုမှ မစဉ်းစားကြပါနဲ့

http://www.dhammadownload.com



ကိလေသာ ပေါများလွန်းလို့ လောင်တတ်တဲ့ တရားတွေက လောင်လွန်းလို့ ပြောလိုက်သော်လဲ ကျက်သရေမရှိလို့ ကိုဝ—မသုံးဘူးဗျ....(မှန်ပါ)။

စင်စစ်တော့ မေ့တယ်ဆိုတာ ဘယ်သူလောင်တာတုံး .... ( ကိလေသာမီးလောင်တာပါ ) အဝိဇ္ဇာဆိုတဲ့ ကိလေသာမီး လောင်တာ....(မှန်ပါ)။

တဏှာဆိုတဲ့ ဒီ့ပြင်ကိစ္စတွေကို လုပ်နေရတာနဲ့ သူတော် ကောင်းအလုပ် မေ့တယ် ဆိုတာလဲ ဦးဘရှင်း ဒါ လောကီ အရောင်းအဝယ် လောဘကိစ္စတွေကလဲ ကုသိုလ် စိတ်တွေကို ဘာလုပ်ပစ်သလဲ....(လောင်ပစ်ပါတယ်)။

လောင်ပစ်လိုက်တယ်၊ လောင်ပစ်လိုက်တဲ့ အခါကျတော့ သတိရသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတွေမှာ ဒီလိုသွားမယ်ကြံလို့ ဆင် မည့် ပြင်မည့်အလုပ်တွေ ကိစ္စတွေ ဟိုဟာအချိုးမကျ၊ ဒီဟာ အချိုးမကျ ဟာ—ကိုဝ ဘာဖြစ်တာတုံး (ကိလေသာမီးလောင် တာပါဘုရား)။

အဲဒါ ဘယ်သူမှမသိဘူး.... (မှန်ပါ) ဘယ်သူ့ကို လောင် သတုံး မေးတဲ့အခါကျတော့ ခုနက ကောင်းတဲ့စိတ်ကလေးတွေ ကို လောင်လိုက်တာ....(မှန်ပါ)သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကောင်းတဲ့ စိတ်ကလေး လောင်တော့ မောင်နိုင်ရေ ရုပ် ကော မလောင်ဘူးလား.... (လောင်ပါတယ်) စိတ်နဲ့ ရုပ်နဲ့ဟာ တွဲလျက်ပါလား .. (မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် စိတ်ရော ရုပ်ရော ဘယ့်နှယ်နေသတုံး.... (လောင်ပါတယ်ဘုရား)။

ကြော်....ဒါဖြင့် တကာတကာမတွေ အခုလိုသစ္စဉာဏ် ကိစ္စဉာဏ်နဲ့ ပြောလိုက်တော့မှ ကြော် ကိလေသာမီးဟာ တယ်လောင်ချက်ပြင်းပါကလား ဆိုတဲ့ဥစ္စာ သူက လောင်ခြင်းကိစ္စရှိတာကို....(မှန်ပါ့)။

ကိလေသာမီးဟာ ဘာလုပ်သလဲ.... (လောင်ခြင်းကိစ္စရှိပါတယ်ဘုရား)။

လောင်ခြင်းကိစ္စရှိတာနဲ့ပဲတဲ့ တကာတကာမတွေတဲ့ ဟိုဟာမေ့ ဒီဟာအချိုးမကျ၊ အလုံးစုံ အကုန်ဖြစ်နေတာမောင်နိုင်ပေါ်လောက်ပါပြီ..(ပေါ်ပါပြီဘုရား) ဘာလောင်တာတုံး.... (ကိုလေသာမီးလောင်တာပါ)။

ကိလေသာမီးလောင်လိုက်တာ တကာတကာမတွေ ပစ်ထားခဲ့၊ ဘယ်လိုဖြစ်နေခဲ့ ဗရမ္ဗကျဲနေရစ် ထံခါးမပိတ်မိ ကိုဝ.... ဘာတွေ ဖြစ်နေတာတုံး.... (ကိလေသာမီး လောင်နေတာပါဘုရား)။

ကိလေသာမီး လောင်နေတာနော်....အခု ၊ ပြောမည့်ဥစ္စာကလေး ကိုဝ....ပြောမည့် ဟိုဟာကလေး မပြောဖြစ်၊ဟိုဘက်ရောက်သွားလိုက်၊ ဘာဖြစ်တာတုံး မေးယင် ဘယ့်နှယ်ပြောကြမလဲ....(ကိလေသာမီး လောင်တာပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ဩော်....ဒါဖြင့် ကိလေသာမီးဟာ ဘာကို လောင်ပါလိမ့် မတုံး မေးတဲ့အခါကျတော့ စိတ်ကိုလဲလောင်တယ်၊ ရုပ်ကို ကော....(လောင်ပါတယ်ဘုရား)။

ရုပ်ကို လောင်တာများ သိသာလိုက်တာ ဟိုဘက်သွားမယ် လို့ လုပ်နေတဲ့ဥစ္စာ ဒီဘက်ပြန်လှည့်ချင်လှည့်လာတာ....(မှန်ပါ ဘုရား)။

ဟိုဘက်သွားတဲ့ရုပ်ကို လောင်ပစ်လိုက်တာ ဒီဘက်ပြန်တဲ့ရုပ် ပြန်ဖြစ်မလာဘူးလား.... (လာပါတယ်) ဒါ ဘယ်သူလောင် လိုက်တာပါလိမ့်....(ကိလေသာမီးလောင်တာပါ)။

တချို့များ အထဲဝင်အပြင်ထွက်ကိုပဲ ပြီးနိုင်သေးရဲ့လား.... (မပြီးနိုင်ပါဘုရား)။

ဟာ .. ဘာဖြစ်နေတာတုံးမေးယင် ဘယ့်နှယ်ပြောပါ့မလဲ.... (ကိလေသာမီးလောင်တာပါဘုရား)။

မေ့လိုက်၊ မေ့လိုက်လို့ ကိလေသာကလောင်လိုက်၊လောင် ပြီးသကာလ တခါသတိရတဲ့စိတ်ကလေး ပေါ်လာလိုက်၊ သတိ ရပြန် အတွင်းကျပြန်လို့ရှိယင် မေ့လိုက်ဆိုတော့ ထဲဝင် ပြင်ထွက်ကို မောင်နိုင်ငံ အားသေးရဲ့လား....(မအားပါဘုရား)။

ဒါဘာဖြစ်ကြတာတုံး မေးယင်.... (ကိလေသာမီးလောင် တာပါဘုရား)။

ဒါဖြင့် သန္တာပဒွေ ကိလေသာမီး ဒုက္ခမီးတို့ဖြင့် ညီးညီး တောက်ပြောင်အမြဲအလောင်ခံနေရတဲ့ ခန္ဓာကြီးပါလား(မှန်ပါ ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီခန္ဓာကြီးဟာ တကာတကာမတို့ သေသေချာချာစဉ်းစား ကြည့်တဲ့အခါကျတော့မှ အမြဲအလောင်ခံနေရတာ.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဟာ–ဒုက္ခမီးကလဲ ဟိုနေရာကလောင်လာပြီးသကာလ ကျန်တဲ့ နာမ်တွေ ရုပ်တွေ မလောင်ဘူးလား .... (လောင်ပါတယ်ဘုရား)။

သုခမီးကလဲ တကာတကာမတွေ ဝမ်းသာသလိုလိုနဲ့ သောမနဿကလေးပေါ်တာ သူ့ဝမ်းသာသလိုလိုနဲ့ သူ့တော်ကောင်းစိတ်တွေမျှား ပျောက်သွားလိုက်တာ....(မှန်ပါ့) အင်း....သုခမီး မလောင်ဘူးလား .. (လောင်ပါတယ်ဘုရား)။

သုခမီးက အေးအေးနဲ့လောင်တယ်....(မှန်ပါ့)ဒုက္ခမီးက ပူပူနဲ့လောင်တယ်....(မှန်ပါ့) မောဟမီးက အလုံးစုံသတိမရအောင် လောင်ပစ်တယ်....(မှန်ပါ့)။

တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ မီးဆယ့်တစ်မီး ရှိတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ကိုဝရေ မီးလောင်ခြင်းကိစ္စ ရှိ–မရှိ....(ရှိပါတယ်ဘုရား)။

ဒါဖြင့် မီးလောင်ခြင်းကိစ္စ ရှိသောကြောင့် ဤခန္ဓာကြီးကို ဘာသစ္စာဖွဲ့ကြမယ်.... (ဒုက္ခသစ္စာပါဘုရား)။ ကိုင်း....တကာတကာမတို့ ခန္ဓာရှိယင်ဖြင့်မီးဆယ့်တစ်မီးလောင်မှာပဲ....(မှန်ပါ့) သဘောပါကြလား....(ပါပါပြီဘုရား)။

တတိယအကြိမ်

< ယိန်—း—နိုး—ေ—ေ—ာ—င်—စ—ဥ် (-၃၀-) >

http://www.dhammadownload.com



ဆယ့်တစ်မီးလောင်ခံနေရတဲ့ ဥစ္စာဟာအချိန်ဘယ်အချိန်တိုး မေးလို့ရှိယင်ဖြင့်....တဲ့၊ အချိန်တိုင်းပါပဲ....(မှန်ပါ)။

မောင်နိုင် ဘယ့်နှယ်ဆိုပါမယ်.... (အချိန်တိုင်းပါပဲဘုရား) အချိန်တိုင်း လောင်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား)။

ကိုင်း .. ဒါဖြင့် ကိလေသာမီးကများ လောင်လိုက်တဲ့ အခါ ကျလို့ရှိယင်ဖြင့် ဟိုပြေးရတော့မလို–ဒီသွားရတော့မလို၊ ဟိုလဲ စိတ်မချ၊ ဒီလဲစိတ်မချနဲ့ အင်း.... လှေကားထစ်များ ချော်ကျ၊ လမ်းမှာ ခလုတ်ကြီးတွေမမြင်၊ ဟပ်ထိုးလဲ၊ ဟာ... ဘာဖြစ် တာ တုံးလို့ ကိုပေါ် မေးယင် ဘယ့်နှယ်ဖြေမယ်.... (ကိလေသာမီး လောင်တာပါဘုရား)။

ကိလေသာမီး လောင်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် တခါ တည်း အိပ်လို့ကော ပျော်သေးရဲ့လား (မပျော်ပါ) လမ်း သွားလို့ကော လမ်းက အတိုကလေးတောင်မှ အမောများ ဆိုက်နေလိုက်သေးတယ်....(မှန်ပါ) ဘာ ဖြစ်ကြတာတုံးမေးယင် ဘယ့်နှယ်ဖြေပါ့မလဲ.... (ကိလေသာမီး လောင်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ အလောင်ခံခြင်းကိစ္စရှိ တယ်... (မှန်ပါ)။

ခန္ဓာကိုယ်ကြီးဟာ (အလောင်ခံခြင်းကိစ္စရှိပါတယ်ဘုရား)။

အလောင်ခံခြင်းကိစ္စရှိတယ်ဆိုတာ ဝိပဿနာရှုလိုက်တဲ့အခါ ကျတော့ စိတ်ကလေးတခု ပျောက်သွားယင် ဩော်.... လောင် လို့ ပျောက်သွားတယ်... (မှန်ပါ) ရုပ်ကလေးတခု ပျောက်သွား ယင်ကော....(လောင်လို့ပျောက်သွားတာပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



လောင်လို့ ပျောက်သွားတာပဲဆိုတာ မောင်နိုင်....ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အဲ... ပျောက်တိုင်း ပျောက်တိုင်း ဩော်....လောင်ခြင်းကိစ္စကြောင့် လောင်သွားပြီ လောင်သွားပြီ၊ သန္တာပဋ္ဌောဆိုတဲ့ ကိလေသာမီး, ဒုက္ခမီးတို့ဖြင့် ညီးညီးတောက်ပြောၝ် အမြဲလောင်ခံနေရတဲ့ သဘောဟာ ဒီခန္ဓာပဲ....(မှန်ပါ)။

ဒါဖြင့် ဒွန်းစဏ္ဍားပျော်ဆိုတာ နာစရာရှိရဲ့လား....(မရှိပါဘုရား)။

နောက်ကျတော့ကတညာဏ်ဘက်ကူးသွားတော့တကာတကာမတို့ နန်းတော် အိမ်တော်ကြီးကို သူမျက်စိလည်ပြီး ရောက်သွားတဲ့အခါကျတော့မှ သူ တလားပျက် လောင်တိုက် ပျက်တွေကိုသူရုပ်ဆိုးမှန်း သူမသိပေဘူးလား .. (သိပါတယ်) မြို့ထဲ နန်းတော် အိမ်တော်ထဲရောက်သွားတဲ့ အချိန်ကျတော့လေ....(မှန်ပါဘုရား)။

သူ့မှာ စားရတာလဲ ကုတ္တိုခန့် စားရတယ် မြေတူးစားရတယ်၊ ကွမ်းဆေးလက်ဖက်ကလဲ အကျန်အကြွင်းတွေစားရတယ် အိမ်ဆောက်နေရပြန်လဲ တလားပျက် လောင်တိုက်ပျက်တွေနဲ့ဆိုတာ ခုနက နန်းတော် အိမ်တော်ရောက်သွားတော့မှ ကိုယ်ကျိုးနည်းပဟော့ဆိုတာ သူ့ဟာသူသိတယ်....(မှန်ပါ)။

ဒီမှာလဲ ကိစ္စညာဏ်ကနေပြီး ခုနက လောင်စာမီး ငြိမ်းတာမြင်လိုက်တဲ့အခါကျတော့မှ ကိုဝရေ နန်းတော်အိမ်တော်ရောက်သွားတာကို....(မှန်ပါ) သူနေခဲ့တာတွေ ကျက်သရေရှိတယ်လို့ ယူသေးရဲ့လား....(မယူပါဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



ခုနက ငိုသံကြားနဲ့ ပျော်သေးရဲ့လား.... ( မပျော်ပါ ) ပြောင်းမသွားသေးဘူးလား.... (ပြောင်းသွားပါပြီဘုရား)။

ဒါဖြင့် ဘယ်ဉာဏ်က ဘယ်ဉာဏ်ပြောင်းပုံကို ဥပမာပေးတာလဲဆိုတာကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်ဉာဏ်က ဘယ်ဉာဏ်ပါလိမ့်....(ကိစ္စဉာဏ်က ကတဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်တုန်းကတော့ အလောင်ခံနေရတဲ့ ကိစ္စသာသူသိတယ်၊ ဒါထုံးစံပဲ ခုရမှာပဲ ဆိုတာသာ သိတယ် ....( မှန်ပါ ) မသိဘူးလား....(သိပါတယ်ဘုရား)။

လောင်ခြင်းကိစ္စကို မြင်အောင် ကြည့်နေရတာကိုးဗျ .... (မှန်ပါ)နောက်တော့ ဒီမြင်ဖန်များလာတဲ့အခါ ကျလို့ရှိယင် ဒီအဖြစ်ကိုဖြင့် လိုပဲမလိုချင်ပါဘူး။ ဒီကိစ္စလောက် ဆိုးရွားတာလဲ ရှာမတွေ့ပါဘူး၊ ဒီကိစ္စမျိုးဖြင့် မကြုံချင်တော့ပါဘူး ဆိုတဲ့ ဉာဏ်လာတော့ ခုနက လောင်စာသိမ်းမီးငြိမ်းတဲ့ဆီကို ဉာဏ်က မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ရောက်သွားတဲ့ အခါကျတော့မှ နန်းတော်အိမ်တော်ရောက်သွားတော့ ကိုယ့်ဟာတွေ ပြန်လွမ်းသေးရဲ့လား.... (မလွမ်းပါဘုရား)။

အဲ....ကိစ္စဉာဏ်တုန်းက အသိနည်းသေးလို့....(မှန်ပါ)ကတဉာဏ်ကျမှ အဖိုးတန်သွားတယ်....(မှန်ပါ) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

## တတိယအကြိမ်

http://www.dhammadownload.com



ကိစ္စဉာဏ်တုန်းကတော့.... (အသိနည်းပါသေးတယ်) ကတဉာဏ်ကျတော့.... (အဖိုးတန်ပါတယ်)အသိဆုံးပြီကိုးဗျ.... (မှန်ပါ့)တကာကြီးလှိုင် ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ကိစ္စဉာဏ်မပါပဲနဲ့လဲ ကတဉာဏ်ဆိုတာ မပေါ်နိုင်ဘူး....(မှန်ပါ့) ပေါ်နိုင်မလား....(မပေါ်နိုင်ပါဘုရား)။

ကိုယ်လုပ်နေတဲ့အလုပ်ကို မီးလောင်ခံနေရတဲ့ ကိစ္စကြီးကိုတကာတကာမတွေ့ ဖြိုင်ဖြိုင်သိပါမှ မီးလောင်တာသည် ကားလို့ဆိုယင် ဒုက္ခအစစ်ကို ပိုင်ပိုင်နိုင်နိုင် သိတော့မှ ဒီအဖြစ်ဟာဖြင့် အဆိုးရွားဆုံး ဒုက္ခပဲလို့ ဉာဏ်ထဲမှာရင့်လာတော့မှ မီးလောင်တဲ့ကိစ္စက ရုပ်သိမ်းသွားတယ်....(မှန်ပါ့)။

ရုပ်သိမ်းသွားတော့ ဘာဖြစ်သတုံးမေးတော့ ဘာမြင်ရသတုံးမေးတော့ လောင်စာသိမ်း မီးလဲငြိမ်းတာ မြင်သွားတယ်....(မှန်ပါဘုရား)။

လောင်စာလဲသိမ်း မီးလဲငြိမ်းတာ သွားမြင်တာက ကိုယ့်ခန္ဓာသွားမြင်တယ်....(မှန်ပါ့) ကိုယ့်ခန္ဓာထဲမှာ လောင်စာတွေကောတွေ့သေးရဲ့လား....(မတွေ့ပါ)မီးကော....(မတွေ့ပါဘုရား)။

အဲ-မီးသိမ်းတာက နောက်ကကိလေသာသေတာ၊လောင်စာသိမ်းတာတွေက ရုပ်ရှုယင် ရုပ်ချုပ်တာ....(မှန်ပါ့) နာမ်ရှုယင် (နာမ်ချုပ်ပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီ)။

မီးသိမ်းတာက နောက်က မဂ္ဂသစ္စာက ဒိဋ္ဌိဝိစိကိစ္ဆာ ဆိုတဲ့ မီးတွေသိမ်းပစ်လိုက်တာ....(မှန်ပါ့) သဘောကျပလား ....(ကျပါပြီဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



အင်း....ရှေ့မှာ ဖြစ်ပျက်ဒုက္ခတွေ မတွေ့တာက လောင်စာသိမ်းတာ....(မှန်ပါ) ရှေ့မှာ ဖြစ်ပျက်မတွေ့တာက....(လောင်စာသိမ်းတာပါဘုရား)။

နောက်က တဏှာဒိဋ္ဌိမလာတာက.... (ကိလေသာငြိမ်းတာပါ) မီးသိမ်းတာ၊ မီးငြိမ်းတာ၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ရှေ့ပိုင်း ဖြစ်ပျက်မရှိတာက ...( လောင်စာသိမ်းတာပါ ) လောင်စာသိမ်းတာဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အင်း....ကိလေသာ မီးတွေကကော နောက်ပိုင်းက ငြိမ်းတာဆိုတာကကော သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါ ဘယ်ဉာဏ်ကျမှ ဒီ....လောင်စာသိမ်း၍ မီးငြိမ်းတာဆိုတာ မြင်ရမလဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘယ်ဉာဏ်ကျမှလဲ....(ကတဉာဏ်ကျမှပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်က လောင်စာမီးနဲ့ လောင်နေတာကိုမြင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး....(ကိစ္စဉာဏ်ပါဘုရား)။

ရှင်းကြပြီနော်...(မှန်ပါ) လောင်စာနဲ့ မီးလောင်နေတာမြင်ရတာသည်....(ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်၊ သို့သော်လဲ သူလဲ တဏှာတော့ သတ်ပါတယ်၊ ဒိဋ္ဌိကော....(သတ်ပါတယ်) သူ့ဟာသူ လောင်နေတာ သေသေချာချာ မြင်ပေါ့ကိုးဗျ....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ သူ ရင့်လာတဲ့ အခါကျလို့ရှိယင် ဒီအဖြစ်မျိုး ကြုံချင်သေးရဲ့လား....(မကြုံချင်ပါဘုရား)။

အဲ....မကြုံချင်တဲ့ အချိန် ဉာဏ်ရင့်လာလို့ မကြုံချင်တာသည် ကိစ္စဉာဏ် ရင့်တယ်....(မှန်ပါ)။

ရင့်နိုင်သရွေ့ ရင့်လို့ ရှုဖန်များလို့ ရင့်သွားတဲ့အခါကျတော့ လောင်စာကကော မြင်ရသေးရဲ့လား....(မမြင်ရပါဘုရား) ဖြစ်ပျက်လဲ ရှာမတွေ့ဘူး....(မှန်ပါ)နောက်က ဒိဋ္ဌိဝိစိကိစ္ဆာကကော (ငြိမ်းပါတယ်ဘုရား)။

ဒါဖြင့်.... အဲဒါကတော့ ဘယ်လိုဆိုကြမတုံးလို့ မေးတော့ ကိုယ့်သန္တာန်မှာ လောင်စာလဲ သိမ်း၍ ကိုယ့်ကိလေသာမီး ငြိမ်းတာ....(မှန်ပါ)။

ကိုယ့်သန္တာန်မှာ.... ( လောင်စာသိမ်း၍ မီးငြိမ်းပါတယ် ) လောင်စာသိမ်းပြီး....(မှန်ပါ) ဒီ ဉာဏ်က နေပြီး ဖြတ်လိုက်တာ နောက်ပိုင်းက မီးတွေကကော....(ငြိမ်းသွားပါတယ်ဘုရား)။

ရှေ့ပိုင်းက လောင်စာသိမ်းတယ်၊ နောက်ပိုင်းက....(မီးငြိမ်းသွားပါတယ်ဘုရား) မီးငြိမ်းတာကိုတဲ့ တကာတကာမတွေ့ ခုနက ဉာဏ်ကလေးက မမြင်ရဘူးလား.... (မြင်ရပါတယ်ဘုရား)။

မြင်ရတဲ့ အခါကျတော့ ဖြစ်ပျက်တွေ မရှိဘူးဘုရား.... ချုပ်သွားပြီ၊ ဘာမှကို တပည့်တော်ဖြင့် မတွေ့ဘူးဆိုတော့မှ ဒွန်းစဏ္ဍားဘ၀ ကျွတ်သွားတယ်....(မှန်ပါ) နန်းတော်, အိမ်တော် မြင်ရပြီကွ....(မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



တကာတကာမတွေ ကိန်းရာဌာနဖြစ်တဲ့နိဗ္ဗာန်ကြီးကို....(မြင်ရပါပြီဘုရား)။

အဲဒါကြောင့် ယနေ့ ဟောတဲ့တရားမှာ နိဗ္ဗာန်ဆိုတာ ဘာတုံးလို့ မေးတဲ့အခါကျမှ လောင်စာသိမ်း၍ မီးငြိမ်းတာ(မှန်ပါ့)၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ မြို့ကြီးလား... ပြကြီးလား.... မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား)။

ဒါဖြင့် လောင်စာနဲ့မီး လောင်နေတာမှ ကိစ္စဉာဏ်မရပဲနဲ့ ကိုပေါ်... ကိုဝတို့က လောင်စာသိမ်း၍ မီးငြိမ်းတာကို ဘယ့်နှယ်နည်း ရောက်မလဲ....(မရောက်ပါဘုရား)။

သူ့ကို ရှုမှန်းပြီး သကာလ မလိုချင်မှ ဟိုတက်ရမှာ(မှန်ပါ့)၊ ကတဉာဏ်က ပေါ်မှာ....(မှန်ပါ့)။

ဒါဖြင့် ကိစ္စဉာဏ်မပေါ်ပဲနဲ့ ငါ နိဗ္ဗာန်ရခဲ့တယ် ဆိုလို့ရှိယင်ဖြင့် ကိုပေါ် ကိုဝ....ယုံကြမလား....(မယုံပါဘုရား)သဘောပါကြပလား....(ပါပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အလုပ်လုပ်နေတဲ့ ဖြစ်ပျက်ရှုနေတာ ကိစ္စဉာဏ် လုပ်တယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ခင်ဗျားတို့ အလုပ် လုပ်နေတာ.... (ကိစ္စဉာဏ် လုပ်နေတာပါဘုရား)။

ကိစ္စဉာဏ်လုပ်နေတာ....(မှန်ပါ့)တနေ့လဲဘုရား....ဒီဖြစ်ပျက်ပဲ.... ဖြစ်လိုက် ပျောက်သွားတာပဲ မြင်နေတာပဲ၊ ဖြစ်လိုက် ပျောက်သွားတာပဲ မြင်တာပဲ၊ ဒီ ဖြစ်ပျက်ပဲ ဉာဏ်အောက်

http://www.dhammadownload.com



ကကို မထွက်သေးပါဘူးဆိုတဲ့ ဥစ္စာ ကိစ္စဉာဏ်မရင့်သေးဘူး ... (မှန်ပါ) ကိစ္စဉာဏ်ကို မြင်နေတာပဲ....(မှန်ပါ)။

နောက်ကျလာတော့ မြင်ဖန်များပြီးသကာလ လာတဲ့အခါ ကျတော့ ဦးဘရှင်းရေ.... ဒီလောင်စာသိမ်း၍ မီးငြိမ်းချင်တဲ့ စိတ်ဟာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတဲ့ အချိန်ကျတော့ ခုနက လောင်စာနဲ့ မီးတွေ သည် ငြိမ်းချင်တဲ့ သဘောလဲ ပေါ်ပါရော ဖျပ်ဆို ဖြစ်ပျက် ချုပ်တာပဲ....(မှန်ပါ)။

ဖြစ်ပျက် ချုပ်သွားတာကို သူ မမြင်ရဘူးလား....(မြင်ရပါ တယ်) ရှုတဲ့ ဉာဏ်ကတော့ အစဉ်အတိုင်း မြင်ရမှာပဲ....(မှန်ပါ ဘုရား)။

အဲဒီ မြင်တဲ့ ဉာဏ်သည် ကတဉာဏ်....(မှန်ပါ)မီးလောင်နေ တာ မြင်တဲ့ဉာဏ်က....(ကိစ္စဉာဏ်ပါ)လောင်စာသိမ်း၍ မီးငြိမ်း တာ မြင်တဲ့ဉာဏ်က....(ကတဉာဏ်ပါဘုရား)။

ဒါဖြင့် တရားတပွဲလုံးပဲ ယနေ့ အင်မတန် အဖိုးတန်တဲ့.... စကားနှစ်လုံးတည်းပဲ သုံးပါတယ်.... (မှန်ပါ) ဖြစ်ပျက် မြင်တာ သည်....(ကိစ္စဉာဏ်ပါ) ဖြစ်ပျက် ဆုံးသွားတာ မြင်တာသည် (ကတဉာဏ်ပါဘုရား)။

သြော်....ဒါဖြင့် ကိစ္စဉာဏ် ရှေ့သွားရှိမှ ကို၀... ကတဉာဏ် လိုက်မယ် (မှန်ပါ)နောက်က တကာတကာမတွေ....(ကိစ္စဉာဏ် ရှေ့သွားပြီးမှ ကတဉာဏ်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကိစ္စနဲ့ ကတ ဝေးသလားလို့မေးတော့ ဦးဘရှင်း က ဘယ်နှယ်ဖြေမလဲ....(အနီးပါဘုရား) အနီးကလေး။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါကြောင့် ဘုရားက သံယုတ်ပါဠိတော်ကျတော့....
ယဿာ စေတဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿဝါ။
သဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

နိဗ္ဗာနဿေဝ=နိဗ္ဗာန်၏သာလျှင်၊သန္တိကေ=ကိစ္စဉာဏ် ရလို့ ရှိယင်ဖြင့် အနီးကလေးကွာ.... (မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ကိစ္စဉာဏ်ရယင်....(အနီးကလေးပါဘုရား)ဒါဖြင့် ကိစ္စဉာဏ် ဆိုတာ ခင်ဗျားတို့ ရှုနေတဲ့ဖြစ်ပျက်.... (မှန်ပါ့)ကတဉာဏ် ဆို တာသည် ခင်ဗျားတို့ ရှုနေတဲ့ ဖြစ်ပျက် ဆုံးတာကို မြင်တဲ့ ဉာဏ်ဟာ ...(ကတဉာဏ်ပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကဲ.... နက်ဖြန်မှ ဆက်ကြဦးစို့....။

သာဓု....သာဓု....သာဓု

....ဝဝ....

တတိယအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ
မိုးကုတ်မြို့ မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
( မဟာပစ္စဝေက္ခဏာ ၇–ချက် )

# ညအလုပ်ပေးတရားတော်

( ၃၁ - ၆ - ၆၁ )

....၀၀....

ဒီနေ့တရားက တကာတကာမတွေ ဒုက္ခချုပ်အောင် လုပ်ပါ ဆိုတာ တိုက်တွန်းလိုက်တယ်နော်....ဒုက္ခချုပ်တဲ့ပုဂ္ဂိုလ်၏စိတ်နေ စိတ်ထား သဘောသွားကိုပြောမယ်၊ ဒုက္ခလဲ ချုပ်အောင်လုပ်ကြပါ၊ ကိုယ်ဒုက္ခချုပ်တယ် မချုပ်တယ်ဆိုတာကိုလဲ အခုပြောမည့် ခုနစ်ချက် ကိုယ့်စိတ်ထဲမှာ ပေါ်လာလို့ရှိယင်ဖြင့် သြော် ငါဟာ ဘယ်သူ့ကိုမှ မမေးနေနဲ့တဲ့၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ငါ သောတာပန်တည်လို့ပဲ.... လို့ ဆုံးဖြတ်ချက် ချပါ။

ဒါဖြင့် ဒီဥစ္စာ သောတာပန်နဲ့ ပုထုဇဉ်ထူးအောင် စိတ်နေ စိတ်ထားသဘောထားထူးတာကို ဟောတဲ့၊ ကောသမ္ဗိယသုတ် လို့မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား) မူလပဏ္ဏာသ ပါဠိတော် ကောသမ္ဗိယသုတ်လို့ ကိုယ်ပေါ်ထို့ ကိုဝတ္ထိမှတ်ပါနော်(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သို့သော် ဒီဥစ္စာက ပုထုဇဉ်ပုဂ္ဂိုလ်နဲ့သောတာပန်ပုဂ္ဂိုလ်များ ကိုယ့်ဟာကိုယ် တည်နေတယ်မသိဘူး၊ မသိပေမယ့်လဲ အခုဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောဒါ ပုထုဇဉ်တို့နဲ့ကွာခြားတဲ့ အမျိုးခုနစ်ချက်ရှိတယ်ကွာ.... ဆိုပြီးသကာလ ဟောထားတာ ဖြစ်ပါတယ်....(မှန်ပါ)။

ဒါကြောင့် ဒုက္ခချုပ်တဲ့ပုဂ္ဂိုလ်လဲပါတယ်၊ ဒီအထဲမှာမချုပ်သေးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါကြတယ်၊ ပါကြတော့ ဒီ ဥစ္စာ... ကိုယ့်ဟာကိုယ် ဝေဖန်ပြီးသကာလ သိဖို့ရာ သူများမေးမနေနဲ့တော့ ဒီခုနစ်ချက် စိတ်ထဲမှာ ပေါ်လို့ရှိယင်ဖြင့် ငါသည် အပါယ်လေးပါး တံခါးပိတ်ပြီးသကာလ အထက်မဂ်, အထက်ဖိုလ်သာတက်ပြီးသကာလ သွားဖို့ရှိတော့တယ်၊မဖြစ်ကောင်းတဲ့ ခြောက်ဌာနလဲ မဖြစ်တော့ဘူး ဆိုတာကို ကိုယ့်ဟာကိုယ် ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချ (မှန်ပါဘုရား) ဒါဖြင့် အင်မတန်အရေးကြီးတဲ့ စစ်တမ်းပဲဆိုတာ ပေါ်လာလိမ့်မယ်....(ပေါ်လာပါတယ်ဘုရား)။

ဒါ...ဘယ်အကြောင်းပြု ပြောပါလိမ့်မတုံး.... ဆိုတော့ ကောသမ္ဗီပြည်ဆိုတာ ရှိပါတယ်၊ ကောသမ္ဗီပြည်မှာ ရဟန်းတပါးက ကုဋီတက်တယ်....(မှန်ပါ) ကုဋီတက်တော့ ကုဋီထဲမှာဆိုတော့ တကာတကာမတွေ သန့်သက်ရေဆိုတာ ဆေးကြရတယ်....ကျင်ကြီးသွားပြီးယင် ဆေးကြရတယ်။

တပါးက အဘိဓမ္မာနိုင်တဲ့ ဘုန်းကြီးက ဆေးပြီးသကာလ ရေကလေးတဝက် ချန်ပစ်ခဲ့တယ်....ခွက်ထဲမှာ ဆေးတဲ့ခွက်ထဲ

http://www.dhammadownload.com



မှာ၊ ထွက်လာခဲ့ရော... နောက် သုတ္တန်ဝိနည်း ဘုန်းကြီးက တက်တဲ့အခါမှာ ရေကျန်ကလေး တွေ့တယ်....(မှန်ပါ့)။

ရေကျန်ကလေးတွေ့တော့ အရှင်ဘုရား ဒီဥစ္စာအရှင်ဘုရား ထားခဲ့တဲ့ ရေကျန်လား....တဲ့၊ ဟုတ်တယ်....မေ့ပြီး ထားခဲ့ပါတယ်၊ ဟာ....အရှင်ဘုရား ဝိနည်းနားမလည်ဘူး၊ ဟာ.... တပည့်ဘော် မေ့တာပဲ ဘာအပြစ်မှ မရှိပါဘူး၊ ဒီလိုနဲ့ပဲ မေ့တာ အပြစ်မရှိဘူး၊ အရှင် ဝိနည်းနားမလည်လို့ ဒီဥစ္စာ အာပတ်သင့်တယ်ဆိုပြီး ငြင်းကြခုံကြတာ ကိုပေါ်နှယ် သူ့ဆရာ ငါ့ဆရာနဲ့ သုတ္တန်ဝိနည်းဆရာနဲ့ အဘိဓမ္မာဆရာ ငြင်းလိုက်ကြတာ တခါတည်း သံဃာနှစ်သင်း ကွဲသွားတယ်.... (မှန်ပါ့)။

သံဃာနှစ်သင်း ကွဲသွားတော့ သံဃာနှစ်သင်း ကွဲသွားတဲ့ အပြင်မကတော့ဘူး၊ ကိုယ်စောင့်နတ်ချင်းလဲကွဲ, ရွာစောင့်နတ် ချင်းလဲကွဲ, တခါတည်း နတ်ပြည်ခြောက်ထပ်ပါ အကွဲတွေ ဖြစ်ကုန်တယ်....(မှန်ပါ့ဘုရား) ဘယ်လောက်များ ဆိုးသွား သတုံး....(ဆိုးပါတယ်ဘုရား)။

အဲဒီလို အကွဲဖြစ်ပြီးသကာလ သွားတော့ ခုနကအ ဘိဓမ္မာ ခေါင်းဆောင်နဲ့ သုတ္တန်ဝိနည်းခေါင်းဆောင်တို့ တပည့်တွေပါ တခါတည်း ဆူကြ,ပူကြဖြစ်နေတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးဆီကို ရဟန်းတပါးက သွားလျှောက်တယ်၊ အရှင် ဘုရား... ရဟန်းတွေဖြင့် နှုတ်လှံထိုးနေကြပြီဆိုတော့ နှုတ်လှံ ဆိုတာက တခြားမဟုတ်ပါဘူး၊ တယောက်တယောက် မခံ သာအောင် ပြောနေကြတယ်....(မှန်ပါ့ဘုရား)။

**တတိယအကြိမ်**

http://www.dhammadownload.com



မခံသာအောင် ပြောပြီးသကာလနေကြတော့ ရဟန်းတပါး ကသွားလျှောက်တယ်၊ ဒီလို....ဒီလိုပဲ ရဟန်းတွေ ပဋိပက္ခဖြစ်ကုန်ပြီဘုရား....မခံသာအောင် ပြောကုန်ကြပြီဘုရား... ဆိုတဲ့ အခါကျတော့မှ ကိုင်း... ဒီရဟန်းတွေ ခေါ်ချေကွာ....ခေါ်င်းဆောင် ခေါ်ခဲ့ကြ၊ ခေါ်ခိုင်းလိုက်လို့... ခုနက ရဟန်းကသွားပြီးခေါ်တော့ လာတော့ လာကြပါတယ်၊ လာကြပေမယ့် လဲ နားမထောင်ဘူး ဘုရားစကားကို (မှန်ပါ့)မင်းတို့ကွာ.... ဒီလိုပြောဆိုပြီး ငြင်းခုန်နေကြလို့ ရှိယင်ဖြင့် ဘယ်မှာသာလျှင် မင်းတို့၏ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ ဆိုတဲ့ သာရဏီယသဘောတွေဟာ အလုံးစုံ ပျက်စီးကုန်မှာပေါ့ကွ....အကုန် အပါယ်ကျကုန်ကြမှာပေါ့ကွာ.... ဒါကိုရပ်ကြပါ မပြောကြပါနဲ့၊ မဆိုကြပါနဲ့....သည်းခံကြပါလို့ ဘုရားကဖျန်တယ်....(မှန်ပါ့ဘုရား)။

ဖျန်ပင် ဖျန်ငြားသော်လဲ ကိုပေါ်....ကိုဝ... ရှေးက ဝိပါက အကြောင်းကြီးကလဲ ပါလာကြတော့ အရှင်ဘုရား... အရှင်ဘုရားကိစ္စသာ ဖလသမာပတ် ဝင်စားပြီး နိဗ္ဗာန်အာရုံပြုနေပါ တပည့်တော်တို့ကိစ္စကို တပည့်တော်တို့ ရှင်းပါ့မယ်တဲ့၊ ဇွတ်ဖြစ်လာတယ်....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သြော်....ဒီဥစ္စာ သိပြီးပြောရရှာတာ၊ မကွဲယင်မဖြစ်ဘူး... ဒါ....ကွဲဖို့ ဝဋ္ဋတရားကြီးကို ပေါ်လာတာ....(မှန်ပါ့) ငါ့လက်ထက်မှာ ကွဲရမယ်... ဆိုပြီး ဝိပါကဝဋ္ဋတရား သင့်တာဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြော်.. မင်းတို့တတွေဟာ ဒီလိုသာ

http://www.dhammadownload.com



လုပ်နေကြမယ်ဆိုယင် သေမင်းနိုင်ငံ အကုန်လိုက်ရမယ်၊နိဗ္ဗာန် ရောက်မည့်လူ မင်းတို့မပါတော့ဘူးဆိုပြီး ကိုယ်တော်မြတ်ကြီးက သပိတ်လွယ်ပြီး ရပ်ပြီး ဒီရဟန်းတွေ ဆုံးမပြီးသကာလ ဆွမ်းခံသွားပြီးဆွမ်းခံရာက ကျောင်းတိုက်မပြန်ပဲနဲ့ ပလဲလဲတောထွက်သွားတယ်....(မှန်ပါ့)။

ပလဲလဲ တောထွက်သွားပြီး ပလဲလဲဆင်ကြီးက လုပ်ကျွေးတာကို ဘုရားက ခံနေတယ်၊ ပလဲလဲ ဆင်ကြီးကလဲ သူကလဲ ကိုပေါ်....ကို၀....ဆင်တွေနဲ့နေရတာ သူ့ကို ကျောနဲ့ပွတ်သွား၊ ရှေ့က သစ်ကိုင်းတွေချိုးသွား၊ သစ်ခက်တွေချိုးသွား၊ ခါချဉ်ထုပ်တွေချသွား ဩော်....အပေါင်း အဖော်နဲ့ နေရတာများတယ်ဆိုးရွားပါကလား.... တကိုယ်ရေ တကာရနဲ့ နေရတာကောင်းပါတယ်လို့ သူကလဲ တောထွက်လာတယ်၊ ဘုရားကလဲ သံဃာတွေဆုံးမလို့မရတော့ တောထွက်လာတာသွားဆုံကြတယ် (မှန်ပါ့)။

ဆုံကြပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီပလဲလဲ ဆင်ကြီးကလဲ ကြံတွေ ခြေထောက်နဲ့နင်း လက်မောင်းနဲ့လိမ် ကြိတ်ပြီး အရည်တွေထွက်လာတဲ့အခါ ဘုရားသပိတ်ယူပြီးထည့်၊ ထည့်ပြီး သူ့ကဆည်းကပ်နံနက်မျက်နှာသစ်ရေ၊ဝါးတွေကို လက်မောင်းနဲ့ပွတ် မီးဖြစ်အောင်လုပ်၊ လုပ်ပြီး ခုနက ရေအိုးတို့ဘာတို့ရှာပြီးထည့်၊ ထည့်ပြီး ရေနွေးတွေကပ်ပေါ့လေ ဆင်ပဲ အလုပ်အကျွေးရှိတယ်... (မှန်ပါ့)ဒီလိုပဲဖြစ်သွား ရတယ်။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်ကြီးကလဲ ဒီလိုဖြစ်ပြီး သကာလနေတော့ ဘုရားတရား မနာကြရတော့ဘူး၊ အားလုံး

http://www.dhammadownload.com



တကာတကာမတွေက ကောသမ္ဘီပြည်မှာ ရှိတာတွေ အကုန် တရားမနာရတော့ ဝါတွင်းသုံးလစလုံး ကိုယ်တော်တွေလဲမနာရ တကာတကာမတွေလဲမနာရတော့ ဘယ်အကြောင်းကြောင့်တုံး စစ်ဆေးတော့ ဟောဒီ ကိုယ်တော်နှစ်ပါး ခေါင်းဆောင်ပြီးကွဲ တာနဲ့ ဘုရားထွက်သွားတယ်၊ဘုရားကတော့ ဘယ်စိတ်ပျက်တယ် ရှိမတုံး၊ဘုရားမှာ ဒေါသချုပ်ပြီးသား စိတ်ပျက်တာတော့မဟုတ် ပါဘူး....(မှန်ပါ့)။

ဒါနဲ့ ထွက်သွားရတယ် ဆိုတော့ ဟာ....ဒီကိုယ်တော်တွေ ကိုယ်တော်တို့ ပြန်ပြီးလုံးယင်လုံး စေ့စပ်ယင်စေ့စပ်၊ မစေ့စပ် ယင် ကိုယ်တော်တို့ကိုဆွမ်းကိုမလောင်းတော့ဘူး....ဆိုပြီးသကာ လ တပြည်လုံးက ဆွမ်းမလောင်းဘူး.... (မှန်ပါ့ဘုရား) ဆွမ်း မလောင်းတော့ မောင်နိုင်....အကျပ်တွေ့တယ်... (တွေ့ပါတယ် ဘုရား)။

ကိုယ့်မှာ လယ်လဲရှိတာမဟုတ်၊ ယာလဲရှိတာမဟုတ်၊ ဝတ္ထု ပစ္စည်းလဲရှိတာမဟုတ်လို့ ဝယ်လို့လဲ ဘယ်တော့မှ ရမှာမဟုတ် တော့ အဲဒီတွင် ရှင်အာနန္ဒာက ကိုယ်တော်တို့တော်ကြတန်ကြ ကိုယ်တော်တို့အတွက်နဲ့ ကိုယ်တော်တို့ ဆွမ်းငတ်ကုန်ပြီ....ဆိုပြီး ပြောလို့ သူတို့လဲ လုံးသွားတဲ့အချိန်မှာ အရှင်အာနန္ဒာက သွား ပင့်တယ်၊သွားပင့်ပြီး ကောသမ္ဘီပြည် ပြန်လာပြီးတော့မှကွာတဲ့ ပုထုဇဉ်အဖြစ်မျှား တယ်....ကြောက်စရာကောင်းသဟေ့....တဲ့ မောင်နိုင်....သေမင်းနိုင်ငံ လိုက်ဖို့အလုပ်ချည်း လုပ်နေတယ်တဲ့၊ ရန်ဖြစ်တယ်ဆိုတာ သေမင်းနိုင်ငံ လိုက်ဖို့ အလုပ်—လုပ်တာ....

တတိယအကြိမ်

http://www.dhammadownload.com



(မှန်လှပါဘုရား) တယောက်နဲ့ တယောက် မတည့်ဘူးဆိုတာ ကော... (သေမင်းနိုင်ငံလိုက်ဖို့ အလုပ်ပါဘုရား)။

သေမင်းနိုင်ငံလိုက်ဖို့ အလုပ်တွေ လုပ်ပြီးသကာလ နေကြ တော့ကွာ....အဲဒါကြောင့် ပုထုဇဉ်နဲ့သောတာပန်ဟာ တယ်ထူး သဟေ့.... ဆိုပြီး သောတာပန် စိတ်စဉ်ကို ဟောမှာကိုး.... (မှန်ပါ့ဘုရား)အခြေအမြစ် ပါကြပလား ... (ပါပါပြီဘုရား)။

သောတာပန် စိတ်အစဉ်ဆိုတော့ ယနေ့ တကာတကာမ တွေ တရားကလဲ ထီးတင်တဲ့နေ့ အပြီးသတ်တဲ့နေ့ ဖြစ်နေတော့ သေသေချာချာ တကာတကာမတွေကမှတ်ပြီး သြော်.... ကိုယ် ဖြင့် ဒီစိတ်ခုနစ်ချက် ပေါ်လို့ရှိယင် ဝမ်းမြောက်ပြီ၊ ကိုယ့် အတွက်တော့ဖြင့် အပါယ်လေးပါး တံခါးပိတ်ပြီ၊ အထက်သာ တက်ပြီး နိဗ္ဗာန်သာ ကူးစရာရှိတော့တယ်လို့ဆိုပြီး ဝမ်းမြောက် ကြဖို့ပါပဲ....(မှန်ပါ)။

ဒုက္ခမချုပ်သေးတဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိယင်လဲ မချုပ်ချုပ်အောင် လုပ်မယ်၊ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ ဖြစ်ပျက်တွေပဲ၊ ဒုက္ခဆုံး အောင်ဖြင့်လိုက်ပါတော့မယ် ဒုက္ခဆုံးယင်ဖြင့် နိဗ္ဗာန်ပဲ၊ ဒုက္ခဿ အန္တံ ကရိဿတိ....လို့ ဘုရားဟော ထားလို့ ဒုက္ခအဆုံးကို မျက်မှောက်ပြုနိုင်လျှင် သောတာပန်ဖြစ်၏ဆိုတော့ ဒုက္ခအဆုံး ကို မြင်ယင်လဲ သောတာပန်တည်တာပဲ....(မှန်ပါ့ဘုရား)။

ဒါတွေကို တကာတကာမတွေက သေသေချာချာ မှတ်ပါ နော်....(မှန်ပါ့) ဒုက္ခအဆုံးကို မြင်ကြယင်.... (သောတာပန်ပါ ဘုရား) သောတာပန် တည်တာပဲဆိုတာ မှတ်တော့၊ မရသေး တဲ့ ပုဂ္ဂိုလ်ကလဲ သစ္စာတရားတွေ နာရတော့ ရ,ရမှာ ဧကန်ဖြစ်

http://www.dhammadownload.com



နေသောကြောင့် ရအောင်လုပ်ကြပါ... (မှန်ပါ့) ရပြီးသား ပုဂ္ဂိုလ်များကလဲ ကိုယ့်ဟာကိုယ် မသေချာသေးယင်လဲ သေချာ အောင်လုပ်ပါ (မှန်ပါ့) သေချာတဲ့ပုဂ္ဂိုလ်လဲ အခုဘုန်းကြီးက အခုပြောမည့် ခုနစ်ချက်နဲ့ ညီလို့ရှိယင် ခင်ဗျားတို့ဟာ ခင်ဗျား တို့ သေချာပြီလို့ ဆုံးဖြတ်ချက်ချတာပေါ့....(မှန်ပါ့ဘုရား)။

ဒီနေ့ဟောမည့်တရားသည် ဘုရားထီးတင်ဖြစ်နေတော့ဘုရား ပြီးတော့ ထီးတင်တယ်ဆိုယင် ဘုရားပြီးတာကိုးဗျ .. (မှန်ပါ့) ဒီမှာလဲ ထို့အတူပဲ တကာတကာမတို့ ကိုယ့်ကိစ္စ ပြီးတယ်မပြီး တယ်ဆိုတာ သိရအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇဉ်နဲ့ သောတာပန် ထူးပုံကိုဟောလိုက်တယ်(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ယနေ့ဟောမည့်တရား ဘယ်သူနဲ့ဘယ်သူ ထူးတာ ဟောမှာပါလိမ့်....(ပုထုဇဉ်နဲ့ သောတာပန် ထူးတာဟောမှာပါ ဘုရား)။

အဲ....သောတာပန်ဆိုတာသည် တကာတကာမတို့ကိုယ့်ကိုယ် ကို ဆိုင်းဘုတ်ဆွဲလာတာမဟုတ်ဘူး၊ ဝမ်းထဲမှာ ကိလေသာတွေ က ပါးရှားတာ၊ အဲဒီတော့ ပါးရှားတဲ့အခါကျလို့ရှိယင် ဘယ် လို ပါးရှားတယ်ဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူကိုယ်တိုင် ဒီလမ်းကလာလို့ အားလုံးသော ပုဂ္ဂိုလ်တွေလဲ ဒီလမ်းကို ဒီလိုစိတ်ရှိလို့ရှိယင် သောတာပန်ပဲကွ.... ပုထုဇဉ်တို့ နဲ့ မဆက်ဆံ သောတာပန်တို့၏ဉာဏ်စခန်းပဲကွ... ဆိုပြီးသကာလ ရန်ဖြစ်ငြင်းခုန်ကြလို့ ဒီတရား ထွက်လာတာဆိုတာ မောင်နိုင် ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



အဲဒါကြောင့် အားလုံး တကာ့တကာမတို့ အရေးတကာ့ အကြီးထဲမှာ အကြီးဆုံးကို ပြောတော့မှာပဲ (မှန်ပါ့ဘုရား)။ အကြီးဆုံး အခုပြောတော့မယ် ဆိုတော့ တကာကြီးလှိုင်တို့က အဘိုးအရွယ်၊ အဘွားအရွယ် ဖြစ်နေတဲ့အတွက် ငါတော့ဖြင့်.... ဒီနေရာရောက်အောင် လုပ်မဟော့....ဆိုတာကိုလဲ အားလုံးပဲ.... တပွဲလုံးပဲ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါ့)မရောက်ယင် ဖြစ်ကို မဖြစ်ဘူး....(မှန်ပါ့)။

မရောက်လို့ရှိယင်ဖြင့်တဲ့၊ ဝမ်းထဲမှာ ဒိဋ္ဌိဝိစိကိစ္ဆာငရဲမျိုးစေ့ ရှိတယ်....(မှန်ပါ့) ဒီမျိုးစေ့ ရှိနေလို့ရှိယင်ဖြင့် ခင်ဗျားတို့ဒါန လုပ်နေလဲ ဒါနအကျိုးကြောင့် သုဂတိရောက် ငြားသော်လဲ မျိုးစေ့က ငရဲပင်ပေါက်ဦးမှာပဲ....(မှန်ပါ့) သီလဆောက်တည်နေပြန်လဲ သီလတန်ခိုးကြောင့် အသက်ရှည် နတ်ရွာသုဂတိရောက် အဲဒီကဆင်းပြန်တော့ ငရဲမျိုးစေ့က အပါယ်ပို့၊ မျိုးစေ့မကုန်ယင် ဘယ်အပင်မဆို ပြန်ပေါက်နိုင်တယ်....(မှန်ပါ့)။

ဒါကြောင့် ငရဲမျိုးစေ့ဆိုတာလဲ ကိုပေါ်....ကိုဝ ကြည့်.... ဘာပါလိမ့်မတုံးဆိုတော့ ဒိဋ္ဌိထားပါတော့....(မှန်ပါ့) ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာပြုတ်တာပဲ....(မှန်ပါ့)။

အဲဒါကြောင့် အားလုံး တကာ့တကာမတွေ စေ့စေ့စပ်စပ်နားထောင်ပြီးသကာလ ဩော် ဒါဟာ ပုထုဇဉ်နဲ့ သောတာပန်တို့ စိတ်ထားစိတ်နေ သဘောသွား ထူးခြားတာကို ဘုရားဟောတာကိုး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ်သူနဲ့ဘယ်သူ ထူးတာကို ဟောမှာပါလိမ့်....(ပုထုဇဉ်နဲ့ သောတာပန် ထူးတာကို ဟောမှာပါဘုရား)အင်း သကာဒါဂါ

http://www.dhammadownload.com



အနာဂါမ် မပါဘူးနော်.... (မှန်ပါ) ပုထုဇဉ်နဲ့ သောတာပန် တွင် ထူးပုံကိုဟောတာ....(မှန်ပါ)။

ဘာဖြစ်လို့ ဒီအကြောင်း ဟောရပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ဟိုမှာ ရန်ဖြစ်တဲ့ပုဂ္ဂိုလ်တွေကြောင့် အကြောင်း ခံပြီး ဟောရခြင်းဖြစ်ပါတယ်ဆိုတာကိုလဲ သဘောကျကြပါ.... (မှန်ပါဘုရား) ကောသမ္ဗီပြည်မှာ သံဃာနဲ့တကွ နတ်တွေပါ ကဲ့သွားတာ ကိုဝ....သေချာတယ်....(မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် စပြီးပြောပါတော့မယ်တဲ့၊တကာတကာမတို့ သေသေချာချာ နားထောင်ပါနော်....(မှန်ပါ)။

ဥပမာ မနေ့ကဟောလိုက်တယ်၊ မနေ့က ဘယ်လိုဟောလိုက် သတုံး–ခန္ဓာကိုယ်ထဲမှာဝေဒနာကလေးဖြစ်လဲဝိပရိဏာမဖေါက် ပြန်သွားတာပဲ၊ ဖေါက်ပြန်ပျက်စီးသွားတယ်ဆိုတာ မသေချာ ဘူးလား....(သေချာပါတယ်ဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကလဲ ဝေဒနာကလေးတွေက ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ သူ့သဘောသူ စွန့်စွန့်မသွား ဘူးလား....(သွားပါတယ်ဘုရား) သုခလဲ သုခသဘော စွန့်တယ် (မှန်ပါ) ဒုက္ခကကော.... ( ဒုက္ခ သဘော စွန့်ပါတယ် ) ဥပေက္ခာကကော....(ဥပေက္ခာသဘော စွန့်ပါတယ်)ကဲ....လောဘစိတ် ကကော.... (လောဘသဘော စွန့်ပါတယ်) လောဘ သဘောစွန့်ပြီး အနိစ္စသဘောချည်း ပြပါတယ်၊ ဖြစ်ပြီးပျက်တာ ချည်း ပြတယ်....(မှန်ပါ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒီလိုချည်းပဲပြတော့ ဩော်....ဒါတွေဟာ ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စပါကလားလို့.... တကာတကာမတွေကို ရှုနည်းကို ရှေး-ဦးစွာ သင်လိုက်ပါတယ်....(မှန်ပါ့)။

အဲဒီ ဝိပရိဏာမ လက္ခဏာတွေချည်း ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ကို ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စံ ဆိုတဲ့အတိုင်း ဝိပရိဏာမဋ္ဌော... လို့ သစ္စာအနက် တဆယ့်ခြောက်ချက်မှာလဲ ပါသောကြောင့် ဝိပရိဏာမဋ္ဌောဆိုတဲ့ ဖေါက်ပြန်တာကလေး သည် ဖေါက်ပြန်ဆိုတာ အထည် ကျန်တာ မဟုတ်ဘူးနော်.... ( မှန်ပါ့ဘုရား ) ဖောက်ပြန်ဆိုတာ.... ( အထည်မကျန်ပါ ဘုရား)။

အထည်မကျန်ဘူး....တဲ့ဒီနေရာမှာဝေဒနာပေါ်ယင်ဝေဒနာ ကလေးကို ရှာမတွေ့တာ.... (မှန်ပါ့) လူသေတယ်.... ဆိုတော့ အလောင်းပစ်စရာကျန်သေးတယ်။ ခန္ဓာကိုယ်ထဲမှာ ပျက်နေတဲ့ ဝေဒနာပျက်ပျက်၊ စိတ်ပျက်ပျက် ရုပ်ပျက်ပျက်ဆိုတာ ကိုပေါ် ကိုဝတို့ မောင်နိုင်တို့ မှတ်လိုက်၊ အလောင်းမကျန်ဘူး....(မှန်ပါ့ ဘုရား)အလောင်းမကျန်အောင် ဖောက်ပြန်ပျက်စီးတဲ့တရားကို တကာတကာမတွေက မြင်အောင်ကြည့်ရမယ်....(မှန်ပါ့)။

ထိုကဲ့သို့ မြင်အောင်ကြည့်လိုက်တဲ့အခါကျတော့ ဩော်.... ဒါဟာ ဒုက္ခသစ္စာပါကလား.... ဖောက်ပြန်ပျက်စီးတာ တတို့ တစ တပိုင်းတတစ်မှရှာမတွေ့ပါကလား....ဆိုပြီး ပထမရှေးဦးစွာ ဟုတ်တိုင်းမှန်စွာ မြင်ရမယ်....(မှန်ပါ့)မြင်ပြီးသကာလ ဩော်— မိမိခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိယင် ဖောက်ပြန်ပျက်စီးမှုကြီးမှ တပါး ဘာမှမရှိတော့တကယ် ရွံစရာ မုန်းစရာခန္ဓာပါကလားလို့

http://www.dhammadownload.com



ဉာဏ်တက် လာလိမ့်မယ်.... (မှန်ပါ) ဉာဏ်တက် ပြီးသည့်၏ အခြားမဲ့၌ ရှုစရာ, မှန်းစရာကြီးမို့ ဒီခန္ဓာကြီးဖြင့် သိမ်းချင်တာပဲ၊ သိမ်းမှ အေးမှာပဲ ရချင်စရာ တကွက်မှ မရှိဘူးဆိုတဲ့ဉာဏ်လဲ တက်လာလိမ့်မယ်....(မှန်ပါ)ထိုကဲ့သို့ တက်လာတဲ့အခါ ရှေဒုက္ခတွေ ကို....ချုပ်သွားလိမ့်မယ်....(မှန်ပါ)။

ဝိပရိဏာမဒုက္ခတွေ ကို....ဘာဖြစ်သွားမလဲ ... (ချုပ်သွားမှာပါဘုရား) ဒါဖြင့် အဝိပရိဏာမ နိဗ္ဗာန်ပေါ်လာလိမ့်မယ် ... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဝိပရိဏာမ ဒုက္ခချုပ်သွားတဲ့အခါကျလို့ရှိယင်ဖြင့် ဘာပေါ်လာမတုံး.... (နိဗ္ဗာန် ပေါ်လာပါမယ်) အဝိပရိဏာမ သုခပေါ်လာလိမ့်မယ်၊ အဝိပရိဏာမ....ဆိုတာက ဖောက်ပြန်ခြင်းမရှိတာ၊ သုခ ...ဆိုတာက ချမ်းသာတာ၊ ဖောက်ပြန်ခြင်းမရှိတဲ့သုခ၊ သန္တိသုခ....ဆိုတဲ့ နိဗ္ဗာန် ပေါ်လာလိမ့်မယ်.... (မှန်ပါဘုရား)။

အဲဒါကို မောင်နိုင်တို့က ဉာဏ်နဲ့မြင်တော့ ဩော် .. ဝိပရိဏာမတွေ ရှေ့မှာ မရှိတော့ဘူး၊ အခုမှပဲ ဖောက်ပြန်မှုကြီးဇာတ်သိမ်းတာ တွေ့ရပေတော့တယ်လို့ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဖောက်ပြန်မှု ဇာတ်သိမ်းတာက နိရောဓသစ္စာ.... (မှန်ပါ) တွေ့ရပေတယ် ဆိုတာက မဂ္ဂသစ္စာ....ဆိုတော့ သောတာပန်တည်ရော၊ မဂ်ရ,ဖိုလ်ရတာပဲ.... (မှန်ပါ) ဖိုလ်ရယင်ပစ္စဝေက္ခဏာရတာပဲ၊ ဒါက ဝီထိနိယာမ ဓမ္မနိယာမဖြစ်နေလို့ ဘုန်းကြီးပြောဖို့ မလိုတော့ဘူး၊ မဂ်ရဖို့သာ ပြောဖို့လိုတယ်.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် မဂ်သည် ဘယ်အချိန်ကျမှ ရသတုံး.... ဝိပရိဏာမ ဒုက္ခသစ္စာ မြင်နေတုန်းက ကိစ္စဉာဏ်၊ သဘောပါကြပလား.... (ပါပါပြီ)ဝိပရိဏာမ ဆုံးသွားတာ မြင်လိုက်တော့ ကတဉာဏ်၊ ကတဉာဏ်ဆိုတာ ဩော်....ငါ.... သောတာပန်တည်ပြီလို့ သိတဲ့ ဉာဏ်....(မှန်ပါ့)။

မဂ်ဉာဏ်က တက်ပြီး ငါ.... သောတာပန်တည်ပြီလို့ သိတဲ့ ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမလဲ....(ကတဉာဏ်ပါဘုရား)ဖောက် ပြန်နေတဲ့ ကိစ္စမြင်တဲ့ ဉာဏ်က.... ( ကိစ္စဉာဏ်ပါဘုရား ) ဖောက်ပြန်နေတဲ့ ကိစ္စတွေ မမြင်တော့ပါဘူး၊ ဖောက်ပြန်တဲ့ ကိစ္စဟူသည် ရှာမတွေ့တော့ပါဘူး ဆိုပြီးသကာလ ဖောက်ပြန် ခြင်းကင်းတာကို မြင်တဲ့ဉာဏ်က ဘာဉာဏ်တဲ့တုံး.... (ကတဉာဏ် ပါဘုရား)။

ဒါဖြင့် ဒီ....သစ္စဉာဏ်ဆိုတာက တကာတကာမတွေ့ သိပြီး သားအတိုင်း ပေါ်လာတာကလေးတွေဟာ ခန္ဓာကိုယ်ထဲ ဘာ ပေါ်ပေါ် ဒုက္ခသစ္စာချည်းပေါ်တာပဲ.... (မှန်ပါ့) သူ့ဖောက် ပြန်တဲ့ကိစ္စ သိပြန်တော့ ကိစ္စဉာဏ်....(မှန်ပါ့)သူပေါ်လာတာ သိပြန်တော့ သစ္စဉာဏ်.... (မှန်ပါ့) ဖောက်ပြန်တဲ့ကိစ္စ သိပြန် တော့....(ကိစ္စဉာဏ်ပါဘုရား) ဖောက်ပြန်တဲ့ကိစ္စ မမြင်ပြန်တော့ (ကတဉာဏ်ပါဘုရား)။

ဒီဉာဏ် သုံးဉာဏ်နဲ့ တက်လိုက်ကြပါလို့ ဆိုတာကို ဘုန်းကြီး များ သေသေချာချာ မေတ္တာရှေ့ထားပြီးသကာလ ကိုဝ.... အရေးတကြီးပြောတာပဲ ... (မှန်ပါ့) ပြောဖို့လွယ်ကြပါ့မလား (မလွယ်ပါဘုရား)မလွယ်ဘူးတဲ့။

တတိယအကြိမ်

http://www.dhammadownload.com



ခန္ဓာထဲက ဘာပေါ်လာလာ တကာတကာမတွေက ဘြော်—ပေါ်လာတာဟူသရွေ့ ဒုက္ခသစ္စာသာ ဆုံးဖြတ်ချက်ချ (မှန်ပါ့)၊ အဲဒါက ဘာဉာဏ်ခေါ်ကြမယ် ... (သစ္စဉာဏ်ပါဘုရား)။

ပေါ်လာတာကလေးဟာ ပေါ်လာတဲ့သဘောတွေ အကုန်စွန့်သွားပြီ မောင်နိုင်တို့...ဦးဘရှင်းတို့ရ.... ရှိကို.... မရှိတော့ဘူး၊ ဖောက်ပြန်တဲ့ သဘောကလေးပဲ ဖောက်ပြန် ဖောက်ပြန်သွားတာကလေးတွေ ဆက်မြင်နေယင် ဘာဆိုကြမလဲ ...(ကိစ္စဉာဏ်ပါဘုရား)။

အဲဒီ ဖောက်ပြန်တဲ့သဘောတွေ (ဆုံးသွားပြီဘုရား) တပည့်တော်တို့ဖြင့် မဖောက်ပြန်တဲ့ ချမ်းသာကလေး တခုပဲ မြင်နေတော့တယ်ဆိုယင် ဘာဆိုကြမလဲ....(ကတဉာဏ်ပါဘုရား)။

အဲဒီ ကတဉာဏ်ဆိုယင် သောတာပန်တည်ပြီ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)ဒါ့ကြောင့် ဓမ္မစကြာမှာ တရားဦးဟောကတည်းက သစ္စ, ကိစ္စ, ကတ... ဆိုတာ ဟောပါတယ်နော် (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်ကိုလဲယနေ့သိမ်းလို့ တကာ တကာမတွေ သောတာပန်တည်ပုံလဲ သိပါပြီ,.... သောတာပန်တည်တယ်ဆိုတာ သိတော့ကို ဆိုင်းဘုတ်ဆွဲလာသလား....အသားအရေ လှလာသလားဘုရာ့.... မဟုတ်ပါဘူးကွာ....တဲ့ သောတာပန်စိတ် ပေါ်တာပဲ ရှိတာပါပဲ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



ဘာပေါ်တာတုံး.... (သောတာပန်စိတ် ပေါ်တာပါဘုရား) သောတာပန်စိတ် ပေါ်တာရှိတာပဲဆိုတာ တကာတကာမတွေ မှတ်ပါနော်....(မှန်ပါ့)။

အဲဒီ ပေါ်တော့ကွာတဲ့ သောတာပန်စိတ်ဆိုတာက ပုထုဇဉ်နဲ့ မတူတာ ခုနစ်မျိုးရှိတယ်တဲ့....(မှန်ပါ့)။

ဘယ်နှစ်မျိုးတဲ့တုံး .. (ခုနစ်မျိုးပါဘုရား) ပုထုဇဉ်နဲ့မတူတာ ခုနစ်မျိုးရှိတယ်လို့ တကာတကာမတွေက လေးလေးစားစား မှတ်ပါနော်....(မှန်ပါ့)ပြီးတော့မှ ကိုယ်အလုပ်လဲ လုပ်တာပေါ့။ ပြီးတော့မှ ချိန်တာပေါ့ မေ့ခင်နိုင်ရာ.... (မှန်ပါ့) သိထားနှင့် တော့ သူများမေးဖို့ လိုသေးသလား....(မလိုပါဘုရား)။

ဘယ်သူက ဝေဖန်တာပါလိမ့်....(ဘုရားကဝေဖန်တာပါ) သြော် ဘုရားက ဝေဖန်တာဖြင့် ကိုယ်က မမှားတော့ဘူး.... (မှန်ပါ့)။

ဘုရားက ဝေဖန်တာကို ကိုယ့်စိတ်ထဲမှာ ဒုက္ခချုပ်တာကို မြင်တော့မြင်ပြီ၊ ဒီခုနစ်ချက်မပေါ်သေးယင် ပြန်လုပ်တာပေါ့ (မှန်ပါ့) လမ်းကတော့ သစ္စ၊ ကိစ္စ၊ ကတနဲ့သာတက်... (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ)။

လမ်းကတော့....(သစ္စ၊ ကိစ္စ၊ ကတနဲ့ တက်ရပါမယ်) အဲ.... သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်နဲ့သာ တက်လိုက်ပါ ဆိုတာ ကိုဖြင့်ဆရာဘုန်းကြီးကလေးစားစွာနဲ့မှာတယ်....(မှန်ပါ့ဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကတဉာဏ် ရောက်ပြီးသား ပုဂ္ဂိုလ်များမှာ ပုထုဇဉ်နဲ့ ဘာထူးသတုံးကွာ....ဆိုတော့ ဘုရားသခင် ကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးက ပုထုဇဉ်တွေ ရန်ဖြစ်နေတာ မြင်တာနဲ့ ဩော်.... ပုထုဇဉ်များ၊ တယ်ဆိုးပါကလား ရဟန်းတို့.... ကတဉာဏ်ရောက်ပြီးသား ပုဂ္ဂိုလ်များ စိတ်ထားကတော့ကွာ....ဒီလိုထားပါတယ် ဆိုတာ ဘုရားကဖော်ပြောတာ(မှန်ပါ့)ဆိုတော့ ဒါကို ခင်ဗျား တို့ထိပ်ကို သံမှိုစွဲသလို လေးစားစွာနဲ့ မှတ်ရတော့မည့်တရား ဆိုသာ မသေချာဘူးလား(သေချာပါတယ်ဘုရား)။

သေချာတယ်....သေချာတယ်....ဒါကြောင့် တကာတကာမ တို့ နိဗ္ဗာန်ဟာ ဝေးတာလဲမဟုတ်ပဲနဲ့ ဆရာကောင်း သမား ကောင်းတွေ ကိုယ်လဲအသက်ရှင် ဒီ....ဉာဏ်တွေကိုလဲ ကိုယ်က နားလည်ပြီးသကာလထားတော့ ပွားများပြီး လုပ်ယူလိုက်မယ် ဆိုလို့ရှိယ ဖြင့် ကိုယ့်ကိုယ်အပါယ်လေးပါးရောက်မှာ သနား လို့ရှိယင်ဖြင့် ဒီအလုပ်ကို လုပ်ဖြစ်အောင်လုပ်ပါ... (မှန်ပါ့)။

သစ္စာသိယင် သစ္စဉာဏ်....(မှန်ပါ့) ဖောက်ပြန်တာသိယင် (ကိစ္စဉာဏ်ပါဘုရား) ဖောက်ပြန်တာတွေ မတွေ့တော့ပါဘူး ဆိုလို့ရှိယင်.... (ကတဉာဏ်ပါဘုရား) ဆိုတော့ ကိုဝ....ဒါဟာ သိပ်ဝန်လေးသလား....(မလေးပါဘုရား)။

မလေးပါဘူး၊ တနေ့ နာရီကလေး အချိန်ကလေးထားပြီး တကာတကာမတွေက ငါ...အပါယ်လေးပါး သွားစရာတွေ ရှိသေးတယ်၊ သားနဲ့.... သမီးနဲ့ ... ဆွေနဲ့....မျိုးနဲ့.... အရောင်းနဲ့ အဝယ်နဲ့ နေကြတာတွေ ဖြစ်နေတော့ မဟုတ်မတရားတွေက တို့များ အများကြီး ပဋိစ္စသမုပ္ပါဒ်က တနေ့ကို ဘယ်နှစ်ကြိမ် အပါယ်ပို့နေတယ် မသိဘူး၊ အဲဒီတော့ ဒီဉာဏ် သုံးဉာဏ်ဖြင့် အစဉ်အတိုင်း တက်လို့ရှိယင်ရတယ်၊ ရလို့ရှိယင် ဒီပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



ဟာ အပါယ် ပဋိစ္စသမုပ္ပါဒ် ပြတ်ပြီးသကာလ သုဂတိ ပဋိစ္စသမုပ္ပါဒ်ယင်လဲကျန်မယ်၊ ဆိုမဟုတ်ယင်လဲ ပဋိစ္စသမုပ္ပါဒ်ဆုံးတဲ့ နိဗ္ဗာန်ယင်လဲရောက်မယ်.... (မှန်ပါ့) ဆိုတော့ သုဂတိ ပဋိစ္စသမုပ္ပါဒ်ကျန်လဲအထက်ဉာဏ်တွေရတော့မှာပဲ....(မှန်ပါ့)ဟာ.... အခါတည်းမဂ်လေးတန် တက်သွားပါတယ်ဆိုလို့ ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ် အကုန်ပြတ်မှာပဲ....(မှန်ပါ့) အရှုံးပါသေးရဲ့လား.... (မပါပါဘုရား)။

ဒါဖြင့် ဒီဉာဏ်သုံးခုသည် တကာတကာမတို့ အလွန်အရေးကြီးတယ်ဆိုတာကိုလဲ ဦးဘရှင်းတို့က သေသေချာချာမှတ်ပြီး သကာလ ဩော်....ဒီဥစ္စာကိုဖြင့် ရအောင်လဲလုပ်မယ်၊ ဒီ....အသိကလေးလဲ ကိုယ့်သန္တာန် ပေါ်ပြီးသား ဖြစ်ခဲ့လို့ ရှိယင်လဲ ရင်အေးသဟ (မှန်ပါ့) မပေါ်သေးလို့ ရှိယင်လဲ ရင်အေးတဲ့ အလုပ်ကို တိုလုပ်ဦးမယ်ဟ .. (မှန်ပါ့)ဆိုတော့ တကာတကာမတွေ ဘာမှ အားငယ်စရာ မရှိပဲနဲ့ ကိုယ့်အရေးကိုယ်ကြီးကြပါ ဆိုတာ သတိပေးတယ်....(မှန်ပါ့ဘုရား) မောင်နိုင်.. မပေးသင့်ဘူးလား....(ပေးသင့်ပါတယ်ဘုရား)။

ဒါ....တရားကို ဆွဲဟောနေတာမဟုတ်ဘူး၊အလွန်သနားလို့ တကယ့်ကိုတကာတကာမတွေကို မိဘဆွေမျိုးညာတကာမတော်ဘူးသည် မည်သည်မရှိလို့ အကုန်ကယ်တင်ဆိုတဲ့ အဓိပ္ပါယ်သာယူတော့....(မှန်ပါ့)။

ကဲ....ဒါဖြင့် ပြောပါတော့မယ်တဲ့ ပုထုဇဉ်နဲ့ သောတာပန် ဒီလို ထူးသွားတဲ့.... (မှန်ပါ့)သူကလဲတဲ့ လောဘဖြစ်တာပဲ သောတာပန်လဲ၊ဒေါသလဲ ဖြစ်သေးတာပဲ၊ မောဟလဲ ဖြစ်သေး

http://www.dhammadownload.com



တာပဲကွာတဲ့၊ ထိနမိဒ္ဓဆိုတဲ့ ငိုက်မျဉ်းတဲ့ စိတ်တွေလဲ ဖြစ်သေးတာပဲတဲ့....(မှန်ပါ့) ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီပရဏ ဆိုတာလဲ မောင်နိုင် ဖြစ်သေးတာပဲတဲ့.... (မှန်ပါ့) ဥဒ္ဓစ္စဆိုတဲ့ စိတ်ပျံ့လွင့်မှုလဲ သောတာပန်မှာ ရှိပါသေးတယ်ကွာတဲ့(မှန်ပါ့)ကုက္ကုစ္စဆိုတဲ့ ဥစ္စာလဲ ရှိပါသေးတယ်ကွာတဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ပုထုဇဉ်နဲ့ ဒီနေရာမှာ ကိုဝကစဉ်းစား၊ မောင်နိုင်ကစဉ်းစားပေါ့ဗျာ၊ ဒီနေရာ တူနေသေးတယ်ဆိုတဲ့ အခိပ္ပါယ်တော့ မပါဘူးလား ...(ပါပါတယ်) သောတာပန်ဆိုပြီး ဒါတွေဖြစ်သေးတယ်လို့ ဘုရားက ဟောပြန်တယ်....(မှန်ပါ့)။

ကာမစ္ဆန္ဒနီဝရဏဆိုတဲ့ လောဘ ဖြစ်သေးတာပဲတဲ့ (မှန်ပါ့) ဗျာပါဒနီဝရဏဆိုတဲ့ ဒေါသကော ...(ဖြစ်ပါတယ်ဘုရား)ထိနမိဒ္ဓနီဝရဏဆိုတဲ့ ငိုက်မျဉ်းခြင်း တွေကော.... (ဖြစ်ပါတယ်ဘုရား)။ ဥဒ္ဓစ္စကုက္ကုစ္စဆိုတဲ့ ပျံ့လွင့်မှုတွေကော....(ဖြစ်ပါတယ်ဘုရား)။

နို့....ဘာထူးသတုံးလို့ မေးတဲ့အခါကျတော့မှ ပုထုဇဉ်လဲ ဒါတွေ ဖြစ်တာပဲ သောတာပန်တည်ပြီးသား ကတညာဏ်ရပြီးသား ပုဂ္ဂိုလ်လဲ ဒါတွေ ဖြစ်တာပဲဆိုတော့ လောကီအလိုပြောလို့ရှိယင်ဖြင့် ဟိုက ဖြစ်ကြောရှည်နေတယ် ပုထုဇဉ်က(မှန်ပါ့) သူက ဖြစ်ကြောမရှည်ဘူးတဲ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အကြမ်းမှတ်ထားပါ....အကြမ်းမှတ်ထားပါပုထုဇဉ်ကသော့ (ဖြစ်ကြောရှည်ပါတယ်)ဖြစ်ကြောရှည်နေတယ်ဆိုတာတနေ့လုံး

http://www.dhammadownload.com



ဒီဟာ လောဘဖြစ်နေတယ်ဆိုယင် လောဘချည်းပဲ၊ ဒေါသဖြစ်နေတယ်ဆိုယင် မကျေမချမ်းနိုင်ဘူး.... (မှန်ပါ့)ဖြစ်ကြောမရှည်ဘူးလား.... (ရှည်ပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ....ဒုက္ခချုပ်ပြီးသား ပုဂ္ဂိုလ်ကတော့ ဒီလိုမလာဘူးကွတဲ့.... ဖြစ်တယ်ဆိုယင် ဩော်....ဖြစ်သွားပြီလို့ နောက်က တခါတည်း ဉာဏ်လိုက်တယ်တဲ့.. (မှန်ပါ့)ဖြစ်ကြောရှည်သေးရဲ့လား (မရှည်ပါဘုရား)ဖြစ်ယင် ချက်ခြင်းသိတယ်တဲ့....(မှန်ပါ့)နောက်ကနေသိတာပဲတဲ့ ဩော်....ငါသည် လောဘဖြစ်သွားပါပေါ့... ဒီဥစ္စာဖြင့် လောဘ ဖြစ်သွားပဟ... ဆိုတာ နောက်ကနေပြီးသကာလ ဉာဏ်အသိကလေးက ချက်ချင်း လိုက်တယ်....(မှန်ပါ့) ဒေါသဖြစ်လဲ (ဉာဏ်အသိလိုက်ပါတယ်) ဉာဏ်အသိကလေးက ချက်ချင်းလိုက်တယ် ထိနမိဒ္ဓဖြစ်ကော....(ဉာဏ်အသိကလေးကချက်ချင်း လိုက်ပါတယ်ဘုရား)။

ဉာဏ်အသိကလေးက ချက်ချင်းလိုက်တယ်၊ သူက မသိတာမရှိဘူး....(မှန်ပါ့) လောဘဖြစ်ဖြစ်၊ ဒေါသဖြစ်ဖြစ်၊ ထိနမိဒ္ဓဖြစ်ဖြစ်၊ဥဒ္ဓစ္စဖြစ်ဖြစ်၊ ကုက္ကုစ္စဖြစ်ဖြစ် ကိုဝ....ဖြစ်တော့ဖြစ်တာပဲတဲ့....(မှန်ပါ့)သူ မပယ်နိုင်သေးလို့ဖြစ်တာကိုး၊ သူ့မဂ်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာပယ်နိုင်သေးတာကိုး....(မှန်ပါ့)လောဘ, ဒေါသ မောဟတွေ အကုန်ပယ်ပလား....(မပယ်သေးပါ) မပယ်နိုင်သေးတော့ မပယ်နိုင်သေးလို့ လာတာပဲဆိုတာလဲ တကာတကာမတွေက မှတ် (မှန်ပါ့) လာပင် လာငြားသော်လဲ ချက်ချင်း နောက်က ပြန်သိတယ်....(မှန်ပါ့)။

---

**တတိယအကြိမ်**

http://www.dhammadownload.com



ပုထုဇဉ်ကတော့ဖြစ်ကြောင်းရှည်ကွတဲ့....(မှန်ပါ)သောတာပန်က ဖြစ်ကြောင်းတိုကွတဲ့.... (မှန်ပါ) ထူးပလား.... (ထူးပါတယ်ဘုရား)။

အဲ....သောတာပန်ဆိုယင်ဖြင့် ဖြစ်ကြောင်း တိုတာချည်းပဲ.... (မှန်ပါ)ခင်ဗျားတို့က သောတာပန်တဲ့ဗျာ လိုချင်, ရချင်လိုက်တာ မျှားလိုက်တာ....(မှန်ပါ)ဒေါသကြီးလိုက်တာ၊ သူတို့ကိုယ်သူတို့တော့ ဘဝင်မြင့်နေလိုက်တာ သောတာပန်တဲ့ (မှန်ပါ) အစရှိသည်နဲ့ ပြောချင်လဲ ပြောကြလိမ့်မယ်....(မှန်ပါ) သို့သော်အတွင်းမှာ အခု ဆရာဘုန်းကြီးက ရှင်းပေးတော့ ဦးဘရှင်းတို့က လင်းသွားပါလိမ့်မယ် (မှန်ပါ)ဖြစ်ကြောင်းရှည်နဲ့ (ဖြစ်ကြောင်းတိုပါဘုရား) ဒါ ကွာတာပါပဲကွာ....တဲ့....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဖြစ်ကြောင်းရှည်နဲ့ဖြစ်ကြောင်းတို ကွာတယ်ကွတဲ့... ဘာဖြစ်လို့တုံးဆိုတော့ ဟိုက ပဋိစ္စသမုပ္ပါဒ်ဉာဏ်က နောက်က ဖြတ်ဖြတ်လိုက်တယ် (မှန်ပါဘုရား)။

ပုထုဇဉ်ကတော့မဖြတ်တော့ဘူး ဒီပဋိစ္စသမုပ္ပါဒ်က တောက်လျှောက်သွားတာပဲ.... (မှန်ပါ)တနေ့လုံး ဒီပဋိစ္စသမုပ္ပါဒ်သွားချင်လဲ သွားနေတာပဲ (မှန်ပါ)။

ဥပမာ....သားတယောက်က အိမ်က ပစ္စည်းကို ခိုးဝှက်ပြီး သကာလ ကစားပစ်လိုက်တယ်ဆို မင်းကို မကျေသေးဘူးကွာ ဆိုတဲ့ဥစ္စာ ဘယ်တော့ ကျေတယ်လို့ ရှိသတုံး....(မရှိပါ) ဖြစ်ကြောင်း ဘယ်လောက်ရှည်သတုံး....(ရှည်ပါတယ်ဘုရား)။

တတိယအကြိမ်

သောတာပန်ကတော့ ဘယ်လိုတဲ့တုံး.... (ဖြစ်ကြောတိုသွားပါတယ်ဘုရား) ဖြစ်ကြောတိုသွားတယ်၊ ဟော မင်းယူသွားတုံးက ငါ အတော် ဒေါသဖြစ်တယ်ဟေ့....ဟော....ငါ မှားသွားပြီဟေ့....ဆိုတဲ့ဥစ္စာ ချက်ချင်းနောက်က အသိလိုက်တယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဟိုက အသိလိုက်သေးရဲ့လား.... (မလိုက်ပါဘုရား) မလိုက်တော့ဘူးတဲ့.... တကာတကာမတို့....။

ဒါဖြင့် ၁–နံပါတ်အချက်မှာ ဖြစ်ကြောရှည်နဲ့ ဖြစ်ကြောတိုကွာပါတယ်....(မှန်ပါ့ဘုရား) ဖြစ်ကြောတိုယင် သောတာပန်.... (မှန်ပါ့) ဖြစ်ကြောရှည်ယင် ပုထုဇဉ် (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အံမာလေး....ဒီဥစ္စာ တော်တော်ပြောရမယ်နော်.... တကာတကာမတို့ တချက်ပြီးပြီဆိုကြစို့....(မှန်ပါ့ဘုရား) တချက်ပြီးပြီတဲ့....ဦးဘရှင်း ဒီဥစ္စာ မမေ့စေနဲ့နော်.. (မှန်ပါ့) ခင်ဗျားတို့ ရီကော်ဒါရှိယင် ရီကော်ဒါနဲ့ ကူးထားပါ.... ကိုယ့်ဟာကိုယ် စစ်ဆေးဖို့ကိုး .... (မှန်ပါ့) သူများ စစ်ဆေးဖို့ မလိုပါဘူး .... (မှန်ပါ့)။

ဒါ့ကြောင့် အဆင်းလှလာလိမ့်မယ် ဆိုင်းဘုတ်ဆွဲလာလိမ့်မယ်လို့ သောတာပန်မှာ မရှိပါဘူး၊ ဖြစ်ကြောရှည်နဲ့ ဖြစ်ကြောတို ကွာတယ် ...(မှန်ပါ့)။

ဒိဋ္ဌိ ဝိစိကိစ္ဆာတော့ မလာပါဘူး မောင်နိုင်ရေ.... (မှန်ပါ့) မလာပင် မလာငြားသော်လဲ ဒီ့ပြင် လောဘ,ဒေါသ,မောဟ ထိနမိဒ္ဓတွေကတော့.... (လာပါတယ်) လာပေမယ့်လဲ ပုထုဇဉ်နဲ့ ဘာထူးသလဲ (ဖြစ်ကြောတိုပါ) တိုပါတယ်၊ ဖြစ်ကြောရှည်

http://www.dhammadownload.com



တာနဲ့ ဖြစ်ကြောတိုတာ ဒါက္ခာသွားတယ်ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ၁–နံပါတ်ကိုဖြင့် ကိုယ့်ဟာကိုယ် အကဲခတ်လိုက်.... (မှန်ပါ့)သိလောက်ပြီမဟုတ်လား (မှန်ပါ့ဘုရား)။

ဒီ့ပြင် လောဘ, ဒေါသ, မောဟတွေ ပါးတာတွေတော့ အသက်ကြီးလို့လဲပါးတတ်တယ်.... (မှန်ပါ့) အတွေ့အကြုံ ဒုက္ခတွေကများလို့လဲ"ဩော်... တယ်မရှာချင်တော့ပါဘူး" ဆိုတာ ရှိတတ်တယ်.... (မှန်ပါ့)အဲဒါက သံဝေဂတွေ.... (မှန်ပါ့ဘုရား) အခုဟာက သောတာပန်နဲ့ ပုထုဇဉ် ထူးတာကို ဟောနေတာ (မှန်ပါ့)။

သံဝေဂ....က တမျိုး၊ တကယ့်ဉာဏ်ထက်တာက(တမျိုးပါဘုရား)ဉာဏ်ထူးလာတာကတမျိုး၊ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါကြောင့် လေးလေးစားစား မှတ်ပါလို့ မူလကနေ တရားခင်းခဲ့တယ်ဆိုတာ ကိုဝ သာမညမှတ်လိုတော်ပါ့မလဲ့ား(မတော်ပါဘုရား)။

ကိုယ်လဲ ဒီအဖြစ်ရောက်အောင် လုပ်ရမယ်....(မှန်ပါ့ဘုရား) ဖြစ်ကြောရှည်နေလို့ရှိယင် ဖြစ်ကြောတိုရောက်အောင် လုပ်ရမယ်....(မှန်ပါ့) မလုပ်ရ ပေဘူးလား.... (လုပ်ရပါမယ်ဘုရား) အေး....ဒါဖြင့် ၁–နံပါတ်ကို ကျေနပ်ပလား....(ကျေနပ်ပါပြီ) ကောင်းပြီ....ဒါ ၁–နံပါတ်ကို အကဲခတ်နိုင်ပြီဆိုတာဖြင့်မှတ်ပါ၊ အပါယ်လေးပါးတံခါးဆိုတာတော့အစောကြီးက ပိတ်နေတယ်၊ ကတဉာဏ် ရကတည်းကပိတ်နေတယ်....(မှန်ပါ့)ကျန်တဲ့ကိုလေ

http://www.dhammadownload.com



သာတွေ သူ့ဟာသူ စဉ်းစားလိုက်တဲ့ အခါမှာ....တဲ့...ဩော်.... မပယ်သေးလို့ ပေါ်လာတာပဲလို့လဲသိတယ်(မှန်ပါ့) လောဘ, ဒေါသ,ဣဿာမစ္ဆရိယ ထိန်မိဒ္ဓတွေဟာ ကိုဝ....မပယ်နိုင်သေးပဲကိုးဗျ.... (မှန်ပါ့) မပယ်နိုင်သေးတော့ အကြောင်းရှိယင် အားရှိကတိုက်တော့ဘယ်နှယ်နေသတုံး (ပေါ်ပါတယ်ဘုရား) ပေါ်ပင် ပေါ်ပြားသော်လဲ ဘာထူးခြားသလဲ....(ဖြစ်ကြောတိုပါတယ်ဘုရား)။

ပုထုဇဉ်ကဖြစ်ကြောရှည်တယ်....(မှန်ပါ့) သောတာပန်က.... (ဖြစ်ကြောတိုပါတယ်) ဩော်....ဒီလိုထူးပါကလား... ဆိုတာ ဘုရားက ကော၁သမ္ဗိယသုတ်မှာ ဟောပါတယ်....(မှန်ပါ့ဘုရား) မောင်နိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

၁–နံပါတ်ဘယ်နှယ်တုံး.... တကာတကာမတွေ.... ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

၂–နံပါတ် စတော့မယ်၊ ၂–နံပါတ်ကတော့ကို ခုနတာပြော ခဲ့တဲ့ လောဘတွေ ဒေါသတွေ ဣဿာတွေ အကြောင်းတိုက်ဆိုင်လို့ ပေါ်တဲ့ မပယ်သေးတဲ့ ကိလေသာတွေကတော့ ကိုပေါ်ကိုဝ.... လာမှာပဲ... (လာမှာပါဘုရား) လာပင်လာငြားသော်လဲ နဂိုကတည်းက ဖြစ်ကြောတိုလာမှန်း သိထားတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုင်း....ငါငြိမ်းအေးအောင် လုပ်လိုက်မကွ....ဆိုတဲ့ စိတ် တခါတည်း ပေါ်လာတယ်....(မှန်ပါ့)။

ဒီဟာတွေ ငြိမ်းအောင်လုပ်မယ်၊ ဒီနေ့ ကမ္မဋ္ဌာန်းပိုထိုင်လိုက်မယ်၊ သဘောကျပလား....(ကျပါပြီ)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဖြင့် အဲဒီ ကမ္မဋ္ဌာန်း ပိုထိုင်လိုက်တဲ့အခါကျတော့ ဘဝဆုံးပြီးသား ဖြစ်နေတော့ ဒုက္ခဆုံးတဲ့ဆီ ရောက်သွားတော့ ငြိမ်းအေးမသွားဘူးလား (ငြိမ်းအေးပါတယ်ဘုရား)။

အဲဒီတော့ ငြိမ်းအေးအောင် ငါသည်ကားလို့ ဆိုယင် သိရုံတွင်မဟုတ်ဘူး၊ ငြိမ်းအေးအောင်ကို လုပ်ဦးမယ်ဆိုတဲ့ ဒုတိယစိတ်လဲ ပေါ်လာပြန်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် လောဘ ဒေါသ မောဟတွေ ပုထုဇဉ်လိုပဲဖြစ်တာပဲ၊ သို့သော် သူကဖြစ်မှန်းသိတဲ့အတွက် ငြိမ်းအေးအောင်လုပ်လိုက်ဦးမယ်ဆိုပြီး ကမ္မဋ္ဌာန်း ဝင်ထိုင်တယ် (မှန်ပါ့) တနည်းအားဖြင့်လဲ ထိုင်ယင်းပဲ ဒီဥစ္စာတွေကို ကိုယ့်ခန္ဓာဖြစ်ပျက်ရှုပြီး သကာလ ငြိမ်းအေးအောင် လုပ်လိုက်ဦးမယ်ဆိုလဲ ငြိမ်းသွားတာပဲ....(မှန်ပါ့) ဝမ်းထဲ အလုံးကြီးရှိသေးတယ်၊ ဆန်ကွဲကျနေသေးတယ်ဆိုတဲ့ ခင်များတို့အသုံးမျိုး မရှိဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

မောင်နိုင်.... တချို့က ဒီလိုမပြောဘူးလား.... (ပြောပါတယ်) မင့်တော့ မကြေသေးဘူးကွ၊ အလုံးမကြေသေးဘူး.... တော်တော်ကြေပြန်တော့လဲ ဆန်ကွဲကျ ကျန်သေးတယ် ပြောချင် ပြောနေတာ(မှန်ပါ့) လူထုံးစံက မလာဘူးလား (လာပါတယ်ဘုရား) အဲဒါတွေတော့ မရှိဘူးတဲ့ တခါတည်း ငြိမ်းအေးသွားတာပဲ (မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

ဒါဖြင့် လွန်ကျူးတဲ့ ကိလေသာတွေတော့ ရှိတာပဲ....တဲ့ ရှိမှန်းသိတဲ့အတွက် ငြိမ်းအေးအောင် လုပ်ချင်တဲ့စိတ် ငြိမ်းအေး

http://www.dhammadownload.com



အောင်ကိုပဲ လုပ်ပစ်လိုက်တယ်....(မှန်ပါ) ဒါဟာ ပုထုဇဉ်နဲ့ မထူးဘူးလား (ထူးသွားပါတယ်ဘုရား)။

ပုထုဇဉ်ကတော့ဖြင့် မင်းပြန်လာပလားဆိုပြီး အယဉ်ထက် ဒေါသကြီးချင် ကြီးသွားတယ်....(မှန်ပါ) ဒီကောင် အိမ်ပေါ် မတက်စေနဲ့ကွဆိုတော့ သူ့မျက်နှာမြင်ရယင် ထမင်းစားပျက် တယ်....အစရှိသည်နဲ့ပိုပြီးလာချင်မလာဘူးလား....(လာပါတယ် ဘုရား) သောတာပန်ကတော့ ငြိမ်းအေးအောင် လုပ်ပစ်လိုက် တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးဘကလေး သဘောပါပလား....(ပါပါပြီဘုရား) ဒီက တကာတကာမတွေ ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)၊ ဩော် ဒီဥစ္စာ တော်တော်အရေးကြီးအောင်ပဲ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတ ဉာဏ်တော်နဲ့ ပုထုဇဉ်နဲ့ သောတာပန် ချိန်ထိုးပြနေတာပါကလားဆိုတော့ အတော်ကို အဖိုးတန်တဲ့တရား....(မှန်ပါဘုရား) သဘောကျကြပလား.... (ကျပါပြီဘုရား) ဒီအတိုင်း လုပ်ရလိမ့်မယ်ဆိုတာလဲ ကျေနပ်ကြ ပါနော်....(မှန်ပါ) သဘောပါပလား (ပါပါပြီ)။

အဲ....ဒါဖြင့် ၂–နံပါတ်က မှားမှန်းသိယင် နေ့လယ်မှားမှန်း သိယင် ချက်ချင်းသိတယ်၊ ညငြိမ်းအောင် လုပ်ပစ်လိုက်တယ်.... (မှန်ပါ)။

ညကျလို့ရှိယင်ဖြင့် ဒီခန္ဓာကြီးကို တခါတည်း ဖြစ်ပျက်တွေ ရှုပြီး သကာလ ဒုက္ခချုပ်တဲ့ဆီ ငြိမ်းအောင်ပဲ လုပ်ပစ်လိုက် တယ် (မှန်ပါ) ကဲ... ဒါတော့ မစဉ်းစားတော့ဘူးကွာ.... မင်းလဲ အနတ္တပဲ၊ အလုံးစုံ အနတ္တတွေပဲ ဆိုပြီးသကာလ ကိုဝ....

---

တတိယအကြိမ်

http://www.dhammadownload.com



ငြိမ်းအေးအောင် လုပ်ပစ်လိုက်တယ်....(မှန်ပါ့) သူက ဆန့်ကျင့်ကျုံ အလုံးကြီး ကျန်သေးရဲ့လား....(မကျန်ပါဘုရား)။

အဲဒီလို မကျန်အောင် ငြိမ်းအေးသွားလို့ရှိယင် တကာ တကာမတွေ ပုထုဇဉ်နဲ့ ထူးတဲ့သဘောပဲ....(မှန်ပါ့)ဒါ.... သော တာပန်မှ ဒီလိုဖြစ်တယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား) ဘယ်နှစ်ချက်ရှိသွားပလဲ.... (နှစ်ချက်ရှိသွားပါပြီ)။

ကိုင်း.... တကာတကာမတို့ နာရိနဲ့ ဟောနေတာဖြစ်တော့ ၁-နံပါတ်ကို ဟောပါတော့မယ်၊ ၂-နံပါတ်ကျေနပ်ပလား.... (ကျေနပ်ပါပြီ) မပျောက်စေနဲ့နော်.... (မှန်ပါ့) မပျောက်စေနဲ့ တဲ့....၃-နံပါတ်ပြောမယ် တကာတကာမတို့ ဝမ်းမြောက်စရာ ရှိတဲ့ ပုဂ္ဂိုလ်လဲ ဝမ်းမြောက်ကြပေတော့၊ ဝမ်းမမြောက်ရသေးတဲ့ ပုဂ္ဂိုလ်လဲ မြောက်အောင်လုပ်မယ့်၊ ဒီစိတ်တွေပေါ်ယင် အပါယ် လေးပါးတံခါးက သေသေချာချာပိတ်တယ်....(မှန်ပါ့)ဘယ်လို လုပ်လုပ်မကျတော့ဘူး၊ ကျနိုင်သေးရဲ့လား.. (မကျပါဘုရား) အဲဒါကြောင့် ဒီအရေးဟာ မောင်နိုင်....သာမညအရေးလား.... အလွန့်အလွန်ကြီးတဲ့အရေးလား....(အလွန့်အလွန်ကြီးတဲ့အရေး ပါဘုရား)။

အလွန့်အလွန်ကြီးတဲ့ ဓမ္မသဘော ဖြစ်လေသောကြောင့် ဘုန်းကြီးလဲ ခပ်အေးအေးနဲ့ နားရှင်းရှင်းဖြစ်အောင် သေသေ ချာချာပြောနေပါတယ်....(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ အဲရေးကြုံလို့ကို ဟော ခဲ့တယ်....(မှန်ပါ့)။

**တတိယအကြိမ်**

http://www.dhammadownload.com



ရဟန်းချင်း ရန်ဖြစ်ကြလို့ဟောတယ်....(မှန်ပါ) ရဟန်းချင်း တွင် ကိုဝ....မကာပါဘူး၊ နုတ်တွေပါ သွားဖြစ်တယ်.... (မှန်ပါ)၊ အထက် အကျန်ကွဲသွားတယ်၊ နုတ်ပြည်ခြောက်ထပ်ပါကွဲတယ်.... (မှန်ပါ)။

သူ့ဆရာငါ့ဆရာနဲ့ ကွဲသွားတာ ဒီအောက်တွင်ကွဲတာလား မောင်နိုင်... (မဟုတ်ပါဘုရား) သိပ်ကြီးကျယ်တဲ့ အကွဲပဲ.... (မှန်ပါ)။

ဩော်... ပုထုဇဉ်တွေ သောတာပန် မတည်သေးတော့ ဒီလို ဖြစ်ကြတယ်ဆိုတဲ့အဓိပ္ပါယ်မျိုး၊ ဖြစ်ကြောရှည်တွေ အဝ်မထန် သနားတယ် (မှန်ပါ)။

ကဲ...ဒါဖြင့် တကာတကာမတို့ ဘယ်နှစ်ချက် ပြီးသွားပလဲ (၂–ချက်ပြီးသွားပါပြီဘုရား)။

နောက်ကျတော့ ၃–နံပါတ်ကတော့ တကာတကာမတွေ ဒီအတိုင်းမှတ်ပါ၊ ၃–နံပါတ်ကတော့ လွယ်ပါတယ်၊ ၃–နံပါတ် ဟာ ကိုယ့်ဟာကိုယ် နဖူးပေါ် လက်တင်ပြီး စဉ်းစားပြီးနေတော့ ဩော်....ဒီဘုရားသာသနာမှတပါး တခြားသောသာသနာများ မှာဖြင့် သောတာပန် သကဒါဂါမ် အနာဂါမ်ဆိုတာဖြင့် ဘယ် တော့မှ မရှိဘူးဆိုတာလဲ ကိုယ်ဟာကိုယ်ယုံကြည်တယ် (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒီ....ဘုရားသာသနာတော်မှာသာ သောတာပန် သကဒါ ဂါမ် အနာဂါမ် ရဟန္တာရှိတယ်... (မှန်ပါ) တပါးသာသနာ မှာဖြင့် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဟာဖြင့် မရှိနိုင်ဘူးဆိုတာ သူ့ဟာသူသိတယ်....(မှန်ပါဘုရား)။

တရားတော်ပြီး

http://www.dhammadownload.com



တွေးလိုက်လို့ရှိယင် ကြောင့်... ဒါတွေဟာ မရှိနိုင်ပါဘူး။ ဒါတွေဟာ.... ပေါ်ကြပလား.... (ပေါ်ပါပြီ) ဒီလိုသိတယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဒါကြောင့် ၃–နံပါတ်က လွယ်တယ်....(မှန်ပါ့)။

ပေါ်ကြပြီနော်... (ပေါ်ပါပြီ) ဒီဘုရားသာသနာမှ တပါး တခြားသာသနာ၌ ထွက်ရပ်လမ်းမရှိဘူး....(မှန်ပါ့) ဒီလိုသိတာဟာ ဘယ်သူ၏အသိပါလိမ့်....(သောတာပန်၏အသိပါဘုရား)။

ပုထုဇဉ် ဆိုလို့ရှိယင် ကြောင့်...သူတို့အယူမျိုးက ဟုတ်ထင်ပါရဲ့၊ ဒီလိုလာသေးတာကိုး.... (မှန်ပါ့) သူတို့အယူက ထွက်ရပ်လမ်းထင်ပါရဲ့၊ဒီလိုဝိစိကိစ္ဆာက ရှိသေးတယ်....(မှန်ပါ့)သဿတသမား၊ ဉစ္ဆေဒဝါဒီသမားက ဟုတ်ထင်ပါရဲ့၊ အမရာဝိက္ခေပကလဲ ဟုတ်ထင်ပါရဲ့၊ ဣဿရနိမ္မာန အယူသမားတွေကလဲ ဟုတ်ထင်ပါရဲ့ .. လာသေးတာကိုး....(မှန်ပါ့) ကဲ....ဒါတွေ သောတာပန်မှာ လာသေးရဲ့လား....(မလာပါဘုရား)။

ဒီ....ဘုရား သာသနာတော်မှတပါး တခြားသော သာသနာမှာ ထွက်ရပ်လမ်း မရှိတော့ဘူး.... (မှန်ပါ့) ဘာဖြစ်လို့တုံး.... သောတာပန် သကဒါဂါမ် အနာဂါမ်က ဒီသာသနာမှာသာ ရှိနိုင်တယ်....(မှန်ပါ့) ဒီပြင် နေရာမှာ....(မရှိပါဘုရား)။

အဲဒီလို သိတဲ့အသိဟာလဲ မယောင်တဲ့အသိဟာလဲ ကိုဝ.... ကိုပေါ် မှတ်လိုက်စမ်း.... သောတာပန်တို့၏ စိတ်နေစိတ်ထား သဘောသွားပဲ....(မှန်ပါ့) ဘယ်နှစ်ချက်ရှိသွားပလဲ....(သုံးချက်ရှိသွားပါပြီဘုရား)။

---

တတိယအကြိမ်

http://www.dhammadownload.com



သုံးချက် ရှိသွားပြီနော်.... ခုနစ်ချက် ဟောရမှာ တကာ တကာမတို့ ...။

ကဲ....ကိုပေါ် ဘယ်နှစ်ချက် ပြီးသွားပလဲ.... (သုံးချက် ပြီးသွားပါပြီဘုရား) ၄–နံပါတ်ပြောပါတော့မယ် တကာတကာမ တို့နော်....(မှန်ပါ့)။

ရဟန်းမှာ ဆိုလို့ရှိယင် အာပတ်သင့်တယ် ဆိုတာရှိတယ်။ မြက်ပင်ကလေး သွားပြီးသကာလ မိမိပရောဂနဲ့ ဆိတ်လိုက်မယ် ဆွဲလိုက်မယ်၊ သစ်ပင်ကလေး ဓားကလေးနဲ့ ခုတ်လိုက်မယ်၊ စိတ်ပါပြီး ခုတ်လိုက်မယ်.... ထစ်လိုက်မယ်ဆိုယင် အာပတ်သင့်တာ ရှိသေးတာကိုးဗျ.... (မှန်ပါ့)အဲဒီလို.... အာပတ်သင့်လာတဲ့အခါ ကိုပေါ် .. ကိုဝ.... မှတ်လိုက်စမ်း.... သောတာပန် ရဟန္တာတို့ ဒီလိုခုတ်မိ ထစ်မိမယ်ဆိုလို့ရှိယင် ချက်ချင်း ငါသည်ကားဆိုလို့ ရှိယင် အာပတ်သင့်ပြီ၊ ချက်ချင်းပဲ ညပူမိလို့ ရှိယင် ညပဲတပါး သော ပုဂ္ဂိုလ်ထံ တပည့်တော် လွန်ကျူးမိပြီဘုရား.... ဒေသနာ ကြားချင်တယ်....(မှန်ပါ့)ဒါ....ပျောက်သွားအောင် ရှင်းပလား (ရှင်းပါပြီ) အချိန်ဆိုင်းသေးသလား.... (မဆိုင်းပါဘုရား)။

ဒါကြာ ရဟန်းဟောပါတယ်၊ လူကျတော့ကို နေ့လယ်က ငါ... အပြစ်သင့်သွားသကွာ.... အဲသည်အပြစ်ကို ငါသည်ကား လို့ ဆိုလို့ရှိယင်ဖြင့် ဝန်ချတောင်းပန်ပြီးသကာလ ပြေအောင် လုပ်မယ်ဟာ၊ ဒီစိတ်ပေါ်လာတယ်....(မှန်ပါ့)။

ကိုယ်ကမှားတယ်၊ အဲ....မှားတဲ့ဥစ္စာ ချက်ချင်း ပြေအောင် လုပ်ချင်တဲ့စိတ်ဟာ တခါတည်း ပေါ်လာတယ်.... (မှန်ပါ့)

တတိယအကြိမ်

http://www.dhammadownload.com



ရှင်းပလား...(ရှင်းပါပြီဘုရား) အနာပေါက်တယ်ဆို ချက်ချင်း ကုချင်တဲ့စိတ် ပေါ်သလိုပေါ့... (မှန်ပါ့)။

ချက်ချင်း လွန်ကျူးတာကလေးသိတယ်ဆို ချက်ချင်းဘုရား ရှေ့သွားပြီး ကမ္မဋ္ဌာန်းယင်လဲ ထိုင်ပေးလိုက်တယ်(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ) ထိုင်ပစ်လိုက်ပြီးတော့ မြေ မျှောက်အောင် လုပ်ပစ်လိုက်တယ်.... (မှန်ပါ) ဒါ.. ဘယ်သူ၏ စိတ်ထားပါလိမ့်.... (သောတာပန်၏ စိတ်ထားပါဘုရား)။

ပုထုဇဉ်ကတော့ဟော့ ၊မင်းအတွက်ကြောင့် ခါးစည်းခံမယ်ကွ မလျော့ဘူး....(မှန်ပါ) ဒီလိုမရှိဘူးလား.... (ရှိပါတယ်ဘုရား) မင်းကို ဒီဘဝမဟုတ်ဘူးကွ... ဟိုဘဝကို မကျေဘူးကွ.. တယ်လဲ မြင်းထန်ပါကလား... (ပြင်းထန်ပါတယ်ဘုရား) ဒါ.... ခိုးလို့ အပါယ်ကျမယ်ဆိုယင် ခါးစည်း ခံမယ် ပြောချင် ပြောနေတာ (မှန်ပါဘုရား)။

ဒါမို့ ဘုန်းကြီးကတောင် ပြောရသေးတယ်၊ မင်းတို့ ခါး စည်းကြိုး ပေးမည့်လူ ရှိသေးယင် တော်သေးရဲ့ကွာ၊ဘယ်...ဘယ် သူက ခါးစည်းကြိုးပေးမှာတုံး... သူတို့ကို... (မှန်ပါ)။

ကဲ... ဒါဖြင့် ပုထုဇဉ်ဟာ မရှည်လားဗျ၊ အခုကြည့်လေ.... သူတို့ပြောတာပဲကြည့်တော့ ဒီအတွက်ကြောင့် အပါယ်ရောက် မယ်ဆိုယင် ခါးစည်းခံမယ်တဲ့....(မှန်ပါ) စင်စစ်တော့ သူတပါး မတရားလုပ်တယ်ဆိုယင် အပြစ်တော့ မသင့်ဘူးလား... (သင့်ပါ တယ်ဘုရား) အဲဒီအပြစ်ကို သူတို့က ခါးစည်းခံမယ်တဲ့(မှန်ပါ) ဒီလိုပြောတဲ့လူတွေ— (မှန်ပါ) ပုထုဇဉ်က မထူးခြားဘူးလား.... (ထူးခြားပါတယ်ဘုရား)။

ထက်ဆိုသဖြင့်

http://www.dhammadownload.com



ခုနက သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ကတော့ မဟုတ်ဘူး.... ဒါကို မြန်မြန်ကုလိုက်မှအေးမယ်၊ ငါးလွန်သွားပြီ....မြန်မြန်ကုမယ် ဆိုဖြီးသကာလ ဒီဟာ ငြိမ်းအေးအောင် တခါတည်း တရားသွား ထိုင်လိုက်တယ်၊ လူဖြစ်ခဲ့လို့ရှိယင် ...(မှန်ပါ့)ဘုန်းကြီးဖြစ်ခဲ့လို့ရှိ ယင်တော့ ဒေသနာ သွားကြားလိုက်တယ် ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ချက်ချင်း ပြေပျောက်အောင် လုပ်ပစ်လိုက် တယ်....(မှန်ပါ့) ဒါ.. ဘယ်သူ၏စိတ်ထားပါလိမ့်.... (သောတာ ပန်၏ စိတ်ထားပါဘုရား)။

တကာတကာမတို့ ဘယ်နှစ်ချက် ရှိသွားပလဲ... (လေးချက် ရှိသွားပါပြီ) လေးချက်ရှိသွားပြီ... သုံးချက်ကျန်သေးတယ်နော် (မှန်ပါ့)။

ကဲ ...တကာတကာမတို့ ဂရုစိုက်နားထောင်ပါဦးတဲ့၊ကျန်တဲ့ သုံးချက်ကို ပြောပါတော့မယ်ဆိုတော့ အခု ငါးချက်မြောက် ပြောရတော့မှာပေါ့ မောင်နိုင် (မှန်ပါ့)

ငါးချက်မြောက်က တကာတကာမတို့ မှတ်ထားစမ်းပါ... ဥပမာမယ်၊ တကာတကာမတွေက သောတာပန်တည်ပြီးသား ဆိုပါတော့...(မှန်ပါ့) ခင်ဗျား....သက်သေခံကလေး လိုက်ခဲ့ စမ်းပါ၊ ကျုပ်အမှုက ခင်ဗျားလိုက်မှလဲ ခိုင်လုံမလိုဖြစ်နေတယ် နည်းနည်းတော့ဖြင့် ဝေ့ ထည့် ချောင်ပတ် သုံးမှပဲ ရမယ်၊ ဥပမာမယ် အမှုသည်က ပြောထားတယ်ဆိုပါတော့.... (မှန်ပါ့) ရှေ့နေကလည်းလဲ သင်ထားတယ်ဆိုပါတော့....(မှန်ပါ့) သဘော ကျပလား...(ကျပါပြီ)။

---

တတိယအကြိမ်

http://www.dhammadownload.com



သူဟာတဲ့... ဒီလူသနားလို့ လိုက်တော့ လိုက်ပါတယ်တဲ့ ရှုံးပြင်ကနားကို၊ လိုက်ပင် လိုက်ငြားသော်လဲ သူ့သီလပျက်မှာ သူ့သမာဓိပျက်မှာနဲ့ သူ့ပညာပျက်မှာကိုတော့ အထိခိုက်မခံဘူး....(မှန်ပါ့)။

လိုက်တော့လိုက်တယ်၊ သူတပါးကိစ္စ ရွက်ဆောင်ဖို့ လိုက်တော့လိုက်တယ်၊ သို့သော် သီလပျက် သမာဓိပျက် ပညာပျက် မခံဘူး....(မှန်ပါ့ဘုရား) ဘယ်သူ၏ စိတ်ထားပါလိမ့်....(သောတာပန်၏ စိတ်ထားပါဘုရား)။

ကိစ္စကြီးငယ်ရှိယင်တော့ ကူပါဦး ယူပါဦးဆိုယင် ကူချင် ယူချင်တဲ့စိတ်တော့ ပေါ်တာပဲ၊ ပေါ်ပင် ပေါ်ငြားသော်လဲ သူ့မှာ ရထားတဲ့သီလသူရထားတဲ့သမာဓိ သူရထားတဲ့ဝိပဿနာမဂ် ပညာတွေတော့ ပျက်စီးဖို့ရာကို တခါတည်းဘယ်တော့မှ စိတ်မကူးဘူး .. (မှန်ပါ့)အကြောင်းအကျိုးတော့ဖြင့်ရွက်ဆောင်ပေးမယ်၊ ဒီဟာတော့ အထိမခံနိုင်ဘူး .. (မှန်ပါ့)ရိပ်မိပလား ... (ရိပ်မိပါပြီ) ဒါ ..ဘယ်သူ့ စိတ်ထားပါလိမ့် (သောတာပန်၏ စိတ်ထားပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဩော်....သောတာပန် စိတ်ထားက ဒီလိုထူးခြားပါလားလို့ ဆိုတော့ ဘုရားက ငါ....ဥပမာကလေးပါထည့်ပြောပါမယ်ကွာ မင်းတို့သိရအောင်တဲ့ ဒီ .. ကောသမ္ဗီယသုတ်မှာပဲ.... (မှန်ပါ့)။

နွားမကြီးဟာကွာ....တဲ့ နွားကလေးပေါက်စနဲ့ မွေးစနွားနဲ့ နွားရှင်က....တနေရာမှာချည်ထားတယ်တဲ့ မြက်ခင်းတခုမှာမြက်ပေါတဲ့နေရာမှာ.... (မှန်ပါ့) သူမြက်ပဲ စားတာပဲ၊ မြက်တွင် စားနေတယ်လို့ မင်းတို့ မအောက်မေ့နဲ့တဲ့ သူ့နွားကလေးကိုလဲ

http://www.dhammadownload.com



မျက်ခြည်မပြတ် ကြည့်လျက်ပဲတဲ့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

မြက်ချည်း စားနေသလား....(မဟုတ်ပါဘုရား) သူ့နွား အငယ်ကလေးကော ..(ကြည့်လျက်ပါဘုရား)။

အဲဒီအတိုင်းပဲဟေ့....တဲ့ တယောက်က သက်သေလိုက်ခဲ့ပါ၊ အမှုလိုက်ခဲ့ပါဆိုယင် တရားတဲ့လမ်းဖြစ်စေ၊ မတရားတဲ့လမ်းဖြစ်စေ၊ ခေါ်လို့ အားနာလို့တော့ လိုက်တာပဲ....(မှန်ပါ့)လိုက်ပင် လိုက်ငြားသော်လဲ သီလ သမာဓိ ပညာ....ဆိုတဲ့ နွားငယ်တော့ ကြည့်လျက်ပဲတဲ့ (မှန်ပါ့ဘုရား)။

ဒီမှာလဲ နွားမကြီးက စားလျက်ပဲတဲ့၊ ဟိုမှာ နွားကလေးကို မျက်ခြည်မပြတ်....(ကြည့်လျက်ပါဘုရား)။

အဲဒီ ဥပမာနဲ့ မှတ်ထားစမ်းပါကွာတဲ့၊ ငါဘုရား ဒီအတိုင်းမင်းတို့ကို သတိပေးပါတယ်တဲ့ (မှန်ပါ့) သောတာပန်စိတ်ဟာ ဒီစိတ်ပါပဲတဲ့(မှန်ပါ့)အမှုကြီးငယ် ခေါ်လို့ရှိယင်ဖြင့် ဦးဘရှင်ပေါ်တယ်၊ ဥပမာ ကိုဝ....ခေါ်တယ်၊ လူကြီး လူကောင်းတွေဖြစ်နေတော့....(မှန်ပါ့)ကွာ ...လိုက်တော့ လိုက်ရတာပေါ့ကွာ မကောင်းတရားကိုးကွ (မှန်ပါ့) လိုက်ပင် လိုက်ငြားသော်လဲ မှသားသုံးပါဆိုတော့ သူမသုံးဘောဘူး၊ သီလအပျက်မခံတော့ဘူး .. (မှန်ပါ့)သူ့သမာဓိ ပျက်မှာဆိုလို့ရှိယင်ကော....(မခံပါ) သူ့ပညာ ပျက်သွားမယ်ဆိုယင်ကော.... (မခံပါ) အဲဒါတော့ ငဲ့တယ်....(မှန်ပါ့) နွားကလေး ကြည့်သလို ကြည့်တာပဲတဲ့.... (မှန်ပါ့) ဒီ လူ့ကိစ္စလဲ နွားမကြီး စားသလို....စားပြီးတော့ ရှက်ဆောင်နေတာပဲတဲ့....(မှန်ပါ့)။

---

တတိယအကြိမ်

http://www.dhammadownload.com



နွားကလေး ကြည့်မှုကတော့ မလျှော့နိုင်ဘူးတဲ့....(မှန်ပါ) သီလ သမာဓိ ပညာ ကြည့်မှုကတော့....(မလျှော့နိုင်ပါဘုရား) အဲဒါ ဘယ်သူ၏ စိတ်နေစိတ်ထားတုံး (သောတာပန်၏စိတ်ထားပါ)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘုရားကိုက ပေးတဲ့ဥပမာ....၊ ဘုန်းကြီးက ပေးတဲ့ ဥပမာလို့ မယူလိုက်ပါနဲ့(မှန်ပါ)ကောသမ္ဗိယသုတ်မှာ ဟောပါတယ်.... (မှန်ပါ)။

တကာတကာမတို့ ဘယ်နှစ်မျိုး ရပလဲ....(ငါးမျိုးရပါပြီ) ငါးမျိုးရတော့ နှစ်မျိုးကျန်သေးတာပေါ့ကွာ....နော်....(မှန်ပါ ဘုရား)

ကိုင်း....ဒါဖြင့် တကာတကာမတို့ နွား ဥပမာနဲ့ ပြောလိုက်သဖြင့် ခင်ဗျားတို့လဲ ဒုက္ခချုပ်ငြိမ်းတဲ့ နေရာ ရောက်ခဲ့လို့ရှိလို့ရှိယင် လူဆိုတာကတော့ဖြင့် မခေါ်မည့်လူလဲမရှိဘူး၊ မပြောမည့်လူလဲ မရှိဘူး၊အရေးရှိယင် ကူပါဦး၊ယူပါဦးဆိုတာတွေကတော့ဖြင့် တပုံကြီးလာကြမှာပဲ ...(မှန်ပါ)မလာပေဘူးလား.... (လာပါတယ်ဘုရား)။

သောတာပန် တည်ပြီးသားပုဂ္ဂိုလ် ဖြစ်ခဲ့လို့ရှိယင် မလိုက်ဘူးလို့တော့ မငြင်းပါဘူး.... (မှန်ပါ) သူ့ဆီ ငဲ့တော့လိုက်တာပါပဲ.... (မှန်ပါ) လိုက်ပင် လိုက်ငြားသော်လဲ ကိုယ့်သီလ ပျက်အောင်တော့....(မလုပ်ပါဘုရား)။

ကိုယ့်သီလ မပျက်မှုကိုတော့ အမြဲကြည့်တယ်.... (မှန်ပါ) သမာဓိ ပညာမပျက်မှုကို....(အမြဲကြည့်ပါတယ်) အဲဒါ ပုထုဇဉ်တို့နဲ့ မတူတဲ့ စိတ်ထား....(မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



ပုထုဇဉ်ကတော့ဖြင့် သက်သေလိုက်လိုက်တယ်ဆိုယင် ဒီဘက်က ခင်ဗျားသာ လိုက်လိုက်လို့ ရှိယင်ဗျာ၊ ဒီအမှုဟာ ချော်သွားမှာပါပဲဆိုလို့ရှိယင် ရော့...တထောင်ယူဆိုလို့ ရှိယင် တထောင်တန်ကို အမြါယ်ကျအောင် ပြောချလိုက်တာပဲ.... (မှန်ပါ) ရိုပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သောတာပန်က ဒီလိုပြောလေ့ ဆိုလေ့ရှိရဲ့လား.... (မရှိပါ) သီလ သမာဓိ ပျက်မယ်ဆိုယင်တော့.... (မပြောပါ) အမှန်ပြောမယ်ဆိုယင်တော့....(ပြောပါတယ်ဘုရား) ဒါ ကွာတယ်.... (မှန်ပါ)။

တဏှာ တဏှာမတို့ ဘယ်နှစ်ချက် ရှိသွားပလဲ.... (ငါးချက်ရှိသွားပါပြီဘုရား)။

ကဲ...ခြောက်ချက်မြောက်တဲ့....၊ ခြောက်ချက်မြောက်ကတော့ ဘာတဲ့တုံးလို့ မေးတဲ့အခါကျတော့ တဏှာတဏှာမတို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားတွေကို ဘုန်းကြီးများက ဟောနေတယ်၊ သစ္စာတရားတွေ ဟောနေတယ် ဆိုပါတော့ ကိုပေါ်ရာ....(မှန်ပါ)။

အို...ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာပဲ၊ ခန္ဓာကိုယ်ကြီးထဲမှာ ခင်မှု မင်မှုတွေက သမုဒယသစ္စာ၊ ခန္ဓာကိုယ်ကြီး ဖြစ်ပျက်ရှုနေတာက မဂ္ဂသစ္စာ၊ ဒီခင်မှု မင်မှုတွေ ချုပ်သွားတာကလဲ နိရောဓသစ္စာဆိုတဲ့ တရားတွေများ ဟောနေလို့ရှိယင် အနက်အဓိပ္ပာယ်ကလေး သိပြီးသကာလ စိတ်ဟာ ဘယ်မှ မသွားပဲနဲ့ နာလော့ရှိသတဲ့....(မှန်ပါ)။

တတိယအကြိမ်

http://www.dhammadownload.com



ဒါဟာ ပုထုဇဉ်နဲ့မတူဘူးတဲ့ (မှန်ပါ့)ရိပ်မိပလား....ရိပ်မိပါပြီဘုရား)။

သစ္စာတရားတွေများ ဟောနေမယ်၊ မြတ်စွာဘုရားဒေသနာတော်များ ဟောနေမယ်ဆိုယင် သူက ဘယ်မှ မသွားဘူးတဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်မှ မသွားတော့ပါဘူးတဲ့ တကာ တကာမတို့၊ ရိပ်မိပလား....( ရိပ်မိပါပြီ ) ဘယ်မှ မသွားတော့ဘူး၊ သဘောပါပလား....(ပါပါပြီဘုရား)။

လောကီဥပမာ ငါပြောမယ်ဆိုလို့ရှိယင် တကာတကာမတို့ကလေးကလေး တယောက်ရှိကယ်....ကွာတဲ့....၊ ကလေးကလေးတယောက်က လေးဘက်သွားကလေး မီးခဲသွားကိုင်တယ်ဆို...ကလေးက နုသကိုးဗျ....( မှန်ပါ့ )နုတဲ့အခါကျတော့ ရှဲရှဲ ရှဲရှဲနဲ့သူ့အသားကလေး လောင်လိုက်မယ်ဆိုယင် ကိုပေါ်... ကိုဝ....ကြာပါ့မလား (မကြာပါ)ချက်ချင်း နောက်ပြန်ဆုတ်တယ်....(မှန်ပါ့ဘုရား)။

ဒီ့ပြင်စိတ်တွေ ဘာတွေ အပြင်ထွက်မယ်ဆိုယင် အထွက်ကိုမခံဘူး....(မှန်ပါ့) တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)ဒီ့ပြင်စိတ်တွေ အပြင်ထွက် ခံသေးရဲ့လား....( မခံပါ ) တခါတည်း နောက်ပြန်ပြီးဆုတ်တယ်....၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မြတ်စွာဘုရား တရားတော် နာရတဲ့အခါကျလို့ရှိယင် ပီတိသောမနဿတွေဖြစ်ပြီးသကာလ ဒီ့ပြင်စိတ်မလာခဲ့နဲ့....ဒီ့ပြင်စိတ်မလာခဲ့နဲ့....ဆိုတဲ့ သဘောမျိုးလိုပဲ....ဒီ တရား အာရုံပဲ

http://www.dhammadownload.com



သဘောကျနေတာပဲ....( မှန်ပါ့ဘုရား ) သဘောကျပြီနော် ... (ကျပါပြီဘုရား)။

ဒါဖြင့် မြတ်စွာဘုရား တရားတော် နာရတဲ့အခါ အာရုံ တပါးသို့ မသွားပဲနဲ့ စူးစူးစိုက်စိုက် နာနိုင်ခြင်းသည် ပုထုဇဉ်နဲ့ သောတာပန် ဒါ ထူးခြားသကွတဲ့....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)ဒါက ခြောက်ချက်မြောက်ကိုဟောလိုက်ပါ တယ်....(မှန်ပါ့)။

ခုနစ်ချက်မြောက် တကာတကာမတွေ မှတ်ဖို့ရာကတော့.... မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတဲ့ တရား၊ဘုရား ဟောတဲ့ အတိုင်း တပည့် သာဝကတွေကဟောတဲ့ တရား....၊ ဒီတရားတွေ နာပြီးနေရတဲ့ အခါကျတော့ အို....ပြောလို့ဆိုလို့ လဲမပြီးနိုင်ဘူး၊ ဝမ်းမြောက်လို့လဲ မပြီးနိုင်ဘူး... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)။

ပြောလို့ဆိုလို့လဲ... (မပြီးနိုင်ပါဘုရား) ဝမ်းမြောက်လို့လဲ ( မပြီးနိုင်ပါဘုရား )အင်မတန် စိတ်ထဲမှာ ခန္ဓာဉာဏ် ရောက် သွားတဲ့အခါမှာ သိပ်ပြီး သဘောကျလေ့ရှိတယ်....( မှန်ပါ့ ) ဒီ ပီတိ သောမနဿဟာက တော်တော်နဲ့ မပျောက်ခဲ့ဘူး .... (မှန်ပါ့)ပုထုဇဉ်ကတော့ ထ, သွားယင်ပျောက်တာပဲ....(မှန်ပါ့ ဘုရား)။

ထ,သွားတယ်ဆိုလို့ရှိယင်ဖြင့် ဒီနေရာမှာပဲသူဝမ်းသာသလို လိုနဲ့ ဟိုနေရာထ,သွားယင် (ပျောက်သွားပါတယ်ဘုရား)။

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်ကတော့ ပြောစရာရှိလို့ သာ ပြောလိုက်တယ်၊ ဒီ ဝမ်းမြောက်နေတာ ကလေးဟာက

http://www.dhammadownload.com



တော်တော်နေယင်း ကိုယ့်ဟာကိုယ်ဝမ်းသာနေယင်းတော်တော်ကြာယင်း ကိုယ့်ဟာကိုယ် သဘောကျနေယင်း၊ ကိုယ့်စိတ်ကလေးနဲ့ကိုယ်ပဲကြည်နူးနေယင်း၊ကို၀ ဒီလိုနေတာဗျ...(မှန်ပါ့ဘုရား)။

အနက်သဘောတွေ သိပြီးသကာလတယ်ကောင်းပါကလား တယ်ဟုတ်ပါလား....တယ် မှန်ပါကလား....တယ် သဘောကျစရာအစစ်ပဲ၊ မျက်လုံးဖွင့်ပေးတဲ့ ပုဂ္ဂိုလ်ကြီးဟာ .. အလွန်ကိုဝမ်းမြောက်စရာကောင်းတယ်....ဆိုပြီးသကာလ အနက်အဓိပ္ပာယ်ကိုသိပြီး ဝမ်းမြောက်သက် အင်မတန် ရှည်လေ့ရှိတယ်...(မှန်ပါ့ဘုရား)သဘောကျပလား....( ကျပါပြီ )အဲဒါ....ပုထုဇဉ်တို့နဲ့ မတူဘူးကွတဲ့(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ နိဂုံးချုပ်ပြီး ၁–နံပါတ်ကစပြီး အကျဉ်းပြောမယ်....ခုနစ်ချက်ရှိသွားပြီ.. (မှန်ပါ့)။

(၁) ၁–နံပါတ်က လောဘ,ဒေါသ, မောဟထ,တိုင်းထ,တိုင်းပေါ်တိုင်း ပေါ်တိုင်း နောက်က ချက်ချင်း သိတာ သောတာပန်တို့၏အသိ.... ( မှန်ပါ့ ) ချက်ချင်းသိတာသည်....(သောတာပန်တို့၏ အသိပါဘုရား)။

(၂) ၂-နံပါတ်က ချက်ချင်းသိလို့ သိသည်နဲ့ တပြိုင်နက်တည်း ငြိမ်းအေးအောင် လုပ်နိုင်ခြင်းသည်... (သောတာပန်တို့၏ အသိပါဘုရား) သောတာပန်၏ ဒုတိယအသိ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

(၃) ဤ ... ဘုရားသာသနာတော်မှ တပါး တခြားသောသာသနာမှာ ထွက်ရပ်လမ်း မရှိဘူးလို့ .... သိနေတဲ့....

http://www.dhammadownload.com



အသိဟာလဲ.... ( သောတာပန်တို့၏ အသိပါဘုရား ) ဘယ်နှစ်ချက် ရှိသွားပလဲ....(သုံးချက်ပါဘုရား) သုံးချက် ရှိသွားပြီနော်....။

(၄) တခါ ကိစ္စကြီးငယ်ရှိတဲ့ အခါကျတော့ အင်မတန်ကုသ လိုတဲ့.... ဥပမာ ကိုယ့်မှာ လွန် ကျူး ထား တဲ့ အပြစ် ကလေးတွေ ရှိနေတယ်၊ မပယ်နိုင်သေးတဲ့ ကိလေသာက ထကြွ သောင်းကျန်းလာတဲ့ အခါမှာ ချက်ချင်းပဲ ကုသ လိုတဲ့ စိတ္တုပ္ပါဒ် ပေါ်တာလဲ ဘယ်သူ၏ အသိပါလိမ့် ( သောတာပန်၏ အသိပါဘုရား )သောတာပန်တို့၏ အသိဆိုတာ ပေါ်ပလား.... ( ပေါ်ပါပြီဘုရား )ချက် ချင်းပဲ၊ ကုသချင်တဲ့ သဘောဟာလေ.... (မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

(၅) ကိစ္စကြီးငယ် ရှိလို့ သူတပါး အတွက် လိုက်ရငြား သော်လဲ သီလ သမာဓိ ပညာ အပျက်မခံပဲနဲ့လိုက်ခြင်း သည်သောတာပန်၏ စိတ်ထား .. (မှန်ပါ့) ဘယ်နှစ်ချက် ရှိသွားပလဲ .. (ငါးချက် ရှိပါပြီ ဘုရား) ငါးချက် ရှိသွားပြီနော်....(မှန်ပါ့)။

(၆) မြတ်စွာဘုရား တရားတော်တွေကို ဘုန်းကြီးများက ဟောဟော.... ဘုရားက ဟောဟော.... ကိုယ်တော် ကြီး ဟောတဲ့ တရားကို ဆက်ဟောနေလို့ ရှိယင် အာရုံတပါးသို့ မသွားပဲနဲ့ အနက် အဓိပ္ပါယ် သိပြီး သကာလ အာရုံတပါး မသွားပဲနဲ့ နာပြီး နေနိုင်ခြင်း

http://www.dhammadownload.com



သည်လည်း....တဲ့ ပုထုဇဉ်နဲ့ မတူတဲ့ တရားနာမှုပဲ.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

(၇) ခုနစ်ချက်မြောက်က မောင်နိုင်ရေ....နာပြီးသည်၏ အခြားမဲ့၌ ကိုယ့်ခန္ဓာဉာဏ်ရောက်တဲ့ တရားတွေ နာရတော့ ဝမ်းမြောက်လို့ မဆုံးနိုင်ပဲ အိမ်ရောက် လဲ ပြောလို့ မပြီး....နှလုံးသွင်းပြန်လဲ ဝမ်းမြောက် လို့ မပြီး.... ကြည်ညိုလို့ မပြီး.... ကျေးဇူးတင်လို့ မပြီး....၊ဒီလို မပြီးတဲ့ သတ္တဝါတွေဟာလဲ သောတာ ပန်ကွတဲ့....၊ (မှန်ပါ)ပုထုဇဉ်ကတော့ ပြီးကပစ်ဖဲတဲ့ (မှန်ပါဘုရား)။

ပြောတော့ ပြောရှာပါရဲ့၊ ပြောတဲ့အတိုင်းလဲ ဟုတ်ပါရဲ့၊ ကိုယ်ကမနေနိုင်ဘူး၊ အင်း....ပြီးကပစ် သူကတော့....(မှန်ပါ) ပြီးယင်ပစ်တာပဲ....(မှန်ပါ ဘုရား)။

သောတာပန်ကတော့ ဒီလို ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) မဟုတ်ဘူးတဲ့၊ ဝမ်းမြောက်လို့ ကို ဘယ့်နှယ်တုံး....(မဆုံးနိုင်ပါဘုရား)ဝမ်းမြောက် လို့ကို တကာတကာမတို့ မဆုံးနိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ) အဲဒါ....ဘယ်သူနဲ့ မတူတာပါလိမ့်....(ပုထုဇဉ်နဲ့ မတူတာပါ)ပုထုဇဉ်နဲ့ မတူတာ သောတာပန်စိတ်ထားက....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီတော့ကို(၅)နံပါတ်မှာ သူများကိစ္စလိုက်တဲ့ အခါမှာလဲ နွားမကြီးသည် နွားကလေးလဲကြည့် အစာလဲစားသလို သူများကိစ္စကိုရွက်ဆောင်ရပြီးသော်လဲ သီလ သမာဓိ ပညာအပျက် မခံတာလဲ ဘယ်သူတို့၏ ထူးခြားမှုလဲ.... (သောတာပန်တို့၏ ထူးခြားမှုပါဘုရား) ၅-နံပါတ်မှာ, ၅-နံပါတ်မှာ အဲဒါ ဒီအတိုင်းလာလိမ့်မယ်နော်....(မှန်ပါ)။

(၆) နံပါတ်ကျလာတဲ့ အခါကျတော့ တကာတကာမတွေ တရားနာပြီးသကာလ စိတ်တွေ အပြင်သွားမယ်ဆိုတာ အသွားခံရဲ့လား....(မခံပါဘုရား) ချက်ချင်းနောက်ဆုတ်တယ် (မှန်ပါ)၊ ဟော့... မင်းမလာခဲ့နဲ့၊ မင့်ကိစ္စမဟုတ်ဘူး၊ အရောင်းကိစ္စမဟုတ်ဘူး၊ အဝယ်ကိစ္စမဟုတ်ဘူး၊ သားရေး သမီးရေး ကိစ္စမဟုတ်ဘူး ဆိုပြီးသကာလ တခါတည်း ကလေးကလေးမသိလို့ မီးခဲကိုင်မိပြီးသော်လဲ ကလေးဆိုတော့ ပိုပူတယ်၊ မြန်မြန် နောက်ဆုတ်တယ်၊ မဆုတ်ဘူးလား....(ဆုတ်ပါတယ်ဘုရား)။

ဒီမှာလဲ တရားတွေဘာတွေ နာနေတဲ့အခါကျလို့ ရှိယင်ဖြင့် ဘယ်ကိစ္စဖြစ်ဖြစ်၊ ဘယ်ဟာဖြစ်ဖြစ် မလိုက်ဘူးဟော့.... ဆိုပြီး ချက်ချင်း နောက်ဆုတ်တယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ) တရားထဲ ဒီ့ပြင်ဟာ အဝင်ခံသေးရဲ့လား....(မခံပါဘုရား)။

အဲဒီလို ကလေးကလေး မီးခဲကိုင်တဲ့သဘောသည် မီးခဲမှန်၊ သိယင် ချက်ခြင်း အသားနုကလေးမို့ နောက်ပြန်ဆုတ်သလို ဒီမှာလဲ ကိစ္စကြီးငယ် ဝင်လာလို့ရှိယင် ချက်ခြင်း နောက်ပြန်

http://www.dhammadownload.com



ဆုတ်တယ်.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ ဘုရား)။

နောက်(၇) နံပါတ်ကတော့ကို ခန္ဓာဉာဏ်ရောက်တရားတွေ နာရတဲ့အချိန်မှာ ဒီမှာလဲ ဝမ်းမြောက်လို့ မပြီးဘူး....(မှန်ပါ့) လမ်းသွားယင်လဲ....(မပြီးပါဘုရား) ပြောဆိုပြီး ဝမ်းမြောက် သွားတာပဲ....(မှန်ပါ့) အိမ်ရောက်ပြန်လဲ ဘယ့်နှယ်နေသတုံး.... (ဝမ်းမြောက်လို့ မပြီးပါဘုရား)။

အဲ....အနက် အဓိပ္ပါယ်သိပြီး ဝမ်းမြောက်လို့ မဆုံးနိုင်တဲ့ သဘောဟာလဲ ပုထုဇဉ်တို့နဲ့ ခြားနားတဲ့သဘောပါပဲ(မှန်ပါ့) ဒါဖြင့် ဘယ်နှစ်ချက်ပါလိမ့်....(ခုနစ်ချက်ပါဘုရား)။

အဲဒါ သောတာပန် တည်ပြီးသောပုဂ္ဂိုလ်မှာ ပုထုဇဉ်တို့နဲ့ ဒီလို ခုနစ်မျိုး ထူးခြားသကွတဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဥပမာ ရန်တော့ သောတာပန်လဲ ဖြစ်တာပဲ၊ ဖြစ်ယင် ဖြစ်မှန်း နောက်ကသိတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)ဖြစ်.... ဖြစ်ချင်း ဒါတော့ လွန်သွားပဟော့ဆိုတာ နောက်ကမသိဘူးလား....(သိပါတယ်) အဲ....နောက်က သိလိုက် ခြင်းသည်လည်း သောတာပန်၏ ၁–နံပါတ်....(မှန်ပါ့) သိလို့ ငြိမ်းအောင် လုပ်ခြင်းသည်လည်း သောတာပန်၏ ၂-နံပါတ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သိလို့ ကုသချင်ခြင်း သည်လည်း (၃–နံပါတ်ပါဘုရား) ၄–နံပါတ် ဆိုလိုက်ပါတော့၊ ၄–နံပါတ်နေ၁်....(မှန်ပါ့ဘုရား)။

တတိယအကြိမ်

http://www.dhammadownload.com



၃-နံပါတ်ကတော့ ဟိုဟာကိုးမောင်နိုင်ရ ဒီဘုရားသာသနာ မှတပါး တခြားသောသာသနာမှာ သောတာပန် သကဒါဂါမိ မရှိ....(မှန်ပါ့) အဲဒါကတော့ ယုံကြည်လုံးသန်တာကိုဆိုပါတယ် (မှန်ပါ့)။

သူများကိစ္စတော့ ဆောင်ရွက်တဲ့အခါမှာလဲ ဘာငဲ့လေ့ရှိပါ လိမ့်....(သီလ သမာဓိ ပညာကို ငဲ့လေ့ရှိပါတယ်ဘုရား) သီလ သမာဓိ ပညာငဲ့ပြီးသကာလ ရွက်လဲရွက်ဆောင်တယ်တဲ့၊ ကိုယ့် အကျိုးယုတ်လဲ....(မခံပါဘုရား) ဒါ... ထူးခြားတယ်၊ သဘော ကျပလား....(ကျပါပြီ)။

တရားတို့ဘာတို့ နာရတဲ့အခါမှာကော တပါးသောစိတ်တွေ အဝင်ခံသေးသလား (အဝင်မခံပါဘုရား) ကလေးကလေးလို ပဲတဲ့ မီးခဲကိုင်မိတယ်ဆို ချက်ချင်း နောက်ဆုတ်တာပဲ....(မှန်ပါ့ ဘုရား) တပါးစိတ်ကို အဝင်ခံလေ့ မရှိဘူးတဲ့... (မှန်ပါ) သဘောပါပလား....(ပါပါပြီ)။

၇-နံပါတ်ကျတော့တကာတကာမတို့ခန္ဓာဉာဏ်ရောက်တရား တွေ နာရတော့ မှန်လိုက်တာ.... ဟုတ်လိုက်တာ.... သဘောကျ လိုက်တာ ပြောလို့ဆိုလို့လဲ အဖော်တွေနဲ့တွေ့လဲ ပြောလို့ မဆုံးနိုင်ဘူးတဲ့....(မှန်ပါ့) ကိုယ့်ဟာကိုယ်လဲ ဝမ်းသာလို့(မဆုံး ပါဘုရား) ပီတိသောမနဿတွေ ဖြစ်နေတယ်.... (မှန်ပါ့) အဲဒါ ဟာလဲ ပုထုဇဉ်တို့နဲ့ မတူတဲ့ဖြစ်တွေပဲဆိုတာ သဘောကျပလား (ကျပါပြီ)။

အဲဒါက ယနေ့တရားထိုးတင်မို့ ကိုယ့်ဟာကိုယ် ချုပ်ငြိမ်းသွား ပုဂ္ဂိုလ်များ စဉ်းစားဖို့....(မှန်ပါ့) မချုပ်သေးတဲ့ ပုဂ္ဂိုလ်က ချုပ်

http://www.dhammadownload.com



လာပြန်လို့ရှိယင်လဲ ဒီခုနစ်ချက်နဲ့ ညီယင် ဘယ်သူ့မှ မမေးနဲ့ တော့ သောတာပန်တဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒီ့ပြင် အပါယ်လေးပါး တံခါးပိတ်တာတွေ ဒါတွေကတော့ ပြီးပြီးသားအကြောင်းတွေမို့ ဘုန်းကြီးက အထူးမပြောပါဘူး၊ အပါယ်လေးပါးတံခါးဟာ ဒုက္ခချုပ်တယ်ဆိုယင် ပိတ်တာပါပဲ (မှန်ပါ့) ပိတ်တယ် ဆိုငြားသော်လဲ ပိတ်တဲ့ပုဂ္ဂိုလ်၏ စိတ်စဉ် ဒီအတိုင်းပေါ်မှ.... (မှန်ပါ့) ဒီအတိုင်းပေါ်မှ သောတာပန် အစစ်ကိုး....(မှန်ပါ့) ဒီအတိုင်းမပေါ်သေးယင်....(သောတာပန် မဟုတ်သေးပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ....တရားပွဲလဲသိမ်းပြီ၊ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ဤတွင် အမှတ်စဉ် ၁၂-ပြီးဆုံးပါပြီ။

....oo....